လူမကြိုက်တာခံရဲတဲ့ သတ္တိ
အိချိရို ကိရှိမိ
ဖူမိတာကိ ကိုဂါ

------------------------------

ကက်စပါဇော် ဘာသာပြန်သည်။

**စာရေးသူများ၏ မှတ်စု**

------------------------

ဆစ်ဂမန်ဖရွိဒ်၊ ကားလ်ယွန်းဂ်နဲ့ အဲဖရက်အက်ဒလာတို့ဟာ စိတ်ပညာနယ်ပယ်က ဂုရုကြီးတွေဖြစ်ကြပါတယ်။ ဒီစာအုပ်ဟာ အက်ဒလာရဲ့ ဒဿနဗေဒနဲ့ စိတ်ပညာဆိုင်ရာ အတွေးအမြင်တွေနဲ့ သင်ကြားချက်တွေ၊ အဆီအနှစ်ထုတ်ယူထားတာ ဖြစ်ပါတယ်။ စာအုပ်ကိုတော့ ဒဿနပညာရှင်တစ်ယောက်နဲ့ လူငယ်တစ်ယောက် အပြန်အလှန်ဆွေးနွေးကြတဲ့ ပုံစံနဲ့ ရေးသားထားပါတယ်။

အက်ဒလာစိတ်ပညာဟာ ဥရောပနဲ့ အမေရိကန်ပြည်ထောင်စုမှာ လူအများရဲ့အခြေခံအတွေးအမြင်အဖြစ် ရှိနေပြီး ဒဿနဗေဒဆိုင်ရာမေးခွန်းဖြစ်တဲ့ လူတစ်ယောက်ဟာ ဘယ်လိုပျော်ရွှင်အောင်လုပ်ရမလဲ ဆိုတဲ့မေးခွန်းကို ရိုးရှင်းပြီး တိုက်ရိုက်ကျတဲ့အဖြေတွေနဲ့ ဖြေဆိုပေးထားပါတယ်။ အက်ဒလာစိတ်ပညာဟာ အဓိကသော့ချက်ကို ဆုပ်ကိုင်ထားပါတယ်။ ဒီစာအုပ်ကိုဖတ်ခြင်းက ခင်ဗျားရဲ့ဘဝကို ပြောင်းလဲပေးနိုင်ပါလိမ့်မယ်။ အခု ခင်ဗျားကို လူငယ်လေးတစ်ဦးနဲ့ မိတ်ဆက်ပေးပါရစေ။ ပြီးတော့ သူနဲ့အတူ “တံခါး” တွေရဲ့အလွန်ကို စွန့်စားခန်းဖွင့်ကြည့်လိုက်ကြရအောင်။

နစ်တစ်ထောင်လောက်သက်တမ်းရှိတဲ့ မြို့တော်ကြီးတစ်ခုရဲ့ဆင်ခြေဖုံးရပ်ကွက်တစ်ခုမှာ ကမ္ဘာလောကကြီးဟာ ရိုးစင်းပြီးတော့ ပျော်ရွှင်မှုဆိုတာဟာလည်းလူတိုင်းအလွယ်တကူချက်ချင်းရနိုင်တဲ့ အခြေအနေမှာရှိတယ်ဆိုတာ ကိုသင်ကြားပေးနေတဲ့ ဒဿနပညာရှင်တစ်ဦးနေထိုင်ပါတယ်။ သူ့ဘဝကိုမကျေမနပ်ဖြစ်နေတဲ့ လူရွယ်တစ်ဦး ဟာအဲ့ဒီပြဿနာကိုအရင်းအမြစ်ကျကျ ဖြေရှင်းဆွေးနွေးနိုင်ဖို့ရာအတွက် အဲ့ဒီဒဿနပညာရှင်ရှိရာဆီကို လာခဲ့ ပါတယ်။ လောကဟာဝရုန်းသုန်းကားဆန်တဲ့ ပဋိပက္ခတွေနဲ့ပြည့်နက်နေပြီး သူ့ရဲ့စိတ်ရှုပ်ထွေးနေတဲ့မျက်လုံးထဲ မှာတော့ ပျော်ရွှင်မှုလို့သိထားတဲ့အရာမှန်သမျှဟာ လုံးဝအဓိပ္ပါယ်ကင်းမဲ့နေတယ်လို့ ဒီလူငယ်ကမှတ်ယူထား ပါတယ်။

**နိဒါန်း**

------

လူငယ် - ကျွန်တော်တစ်ခါလောက်ထပ်မေးချင်ပါတယ် .. ကမ္ဘာလောကဟာ ဘယ်ရှုထောင့်ကကြည့်ကြည့် ရိုးရှင်းတဲ့နေရာတစ်ခုဖြစ်တယ်လို့ ခင်ဗျားယုံကြည်ပါသလား

ဒဿနပညာရှင် - အင်း .. ဒီလောကဟာ အံ့သြစရာကောင်းလောက်အောင်ကို ရိုးရှင်းပါတယ် .. ပြီးတော့ ဘဝကိုယ်တိုင်ကိုကလည်း ရိုးရှင်းနေပါတယ်

လူငယ် - ဒါဖြင့်အဲ့ဒီယုံကြည်ချက်ဟာ မဖြစ်နိုင်တဲ့လုံးဝပြီးပြည့်စုံမှုကိုစံထားပြီးမှတ်ယူနေတဲ့ ခင်ဗျားရဲ့ ထင်မြင်ချက်တစ်ခုလား တကယ်ပဲအလုပ်ဖြစ်နိုင်တဲ့သီအိုရီတစ်ခုလား .. ကျွန်တော်ဆိုလိုတာက ခင်ဗျား ဒါမှမဟုတ် ကျွန်တော် ဘဝမှာကြုံတွေ့နေရတဲ့ပြဿနာတွေဟာလည်းပဲ ရိုးရှင်းတယ်လို့ ခင်ဗျားပြောနေတာလား

ဒဿနပညာရှင် - အေး .. ဟုတ်တာပေ့ါ

လူငယ် - ဒါဖြင့်ရင်လဲကောင်းပြီလေ .. ဒါပေမယ့်ဒီနေ့ကျွန်တော် ခင်ဗျားဆီကိုဘာကြောင့်ရောက်လာခဲ့သလဲ ဆိုတဲ့အကြောင်းရင်းကိုရှင်းပြခွင့်ပြုပါ .. ပထမဆုံးအနေနဲ့ ကျွန်တော်ကျေနပ်မှုရသည်အထိခင်ဗျားနဲ့ငြင်းခုံ ဆွေးနွေးချင်တယ် .. ပြီးတော့ ဖြစ်နိုင်မယ်ဆိုရင် ခင်ဗျားရဲ့ဒီသီအိုရီကိုစွန့်လွှတ်စေချင်တယ်

ဒဿနပညာရှင် - ဟားဟား

လူငယ် - ဘာကြောင့်လဲဆိုတော့ ခင်ဗျားရဲ့ဂုဏ်သတင်းအားလုံးကိုကျွန်တော်ကြားခဲ့ပြီးပါပြီ .. ဒီနေရာမှာ ထူးခြားတဲ့ဒဿနပညာရှင်တစ်ယောက်ရှိတယ် .. သူ့ရဲ့သင်ကြားချက်တွေဟာလည်း လျစ်လျူရှုဖို့ရာခက်တယ် .. သူ့သင်ကြားချက်တွေက .. လူတွေဟာပြောင်းလဲနိုင်တယ် .. ကမ္ဘာလောကဟာရိုးရှင်းပြီး လူတိုင်းဟာပျော်ရွှင်နိုင် တယ်ဆိုတဲ့အချက်တွေဖြစ်တယ်လို့ ကျွန်တော်ကြားခဲ့ပါတယ် .. ဒါကကျွန်တော်ကြားတဲ့အချက်တွေ .. ဒါပေမယ့်

ကျွန်တော့်အမြင်မှာတော့ အဲ့ဒီအချက်တွေကလုံးဝလက်မခံနိုင်စရာတွေပါပဲ .. ဒါကြောင့်အဲ့ဒါတွေကို သေချာအောင်လုပ်ဖို့ကျွန်တော်ဒီကိုလာခဲ့တာပါ .. ခင်ဗျားပြောတဲ့အချက်တွေထဲမှာ လုံးဝမှားယွင်းနေတာတွေကို တွေ့ရင် ကျွန်တော်ထောက်ပြပြီးခင်ဗျားကိုတည့်မတ်ပေးမယ် .. အဲ့သလိုလုပ်တာကခင်ဗျားကို စိတ်အနှောက်အယှက်ဖြစ်စေလိမ့်မလား

ဒဿနပညာရှင် - မဖြစ်ပါဘူး .. ဒီအခွင့်အလမ်းကိုငါလက်ခံကြိုဆိုပါတယ် .. မင်းလိုငယ်ရွယ်တဲ့လူတစ်ယောက်ဆီကနေဒီလိုစကားတွေပြောလာမှာကို ငါအမြဲတမ်းမျှော်လင့်နေခဲ့တာပါ .. ပြီးတော့မင်းဘာတွေထောက်ပြမလဲဆိုတာကို မင်းပြောနိုင်သလောက် ငါလေ့လာသင်ယူချင်ပါတယ်

လူငယ် - ကျေးဇူးတင်ပါတယ် .. ခင်ဗျားကိုကူကယ်ရာမဲ့ဖြစ်အောင် ကျွန်တော်မလုပ်ချင်ပါဘူး .. ခင်ဗျားရဲ့အမြင်ကိုကျွန်တော်စဉ်းစားသုံးသပ်ပြီး အဲ့ဒါဟာဖြစ်နိုင်မဖြစ်နိုင်ဆိုတာကို ကျွန်တော်ကြည့်ပါမယ် .. "ကမ္ဘာလောကဟာရိုးရှင်းပါတယ် .. ဘဝလည်းအလားတူပဲရိုးရှင်းပါတယ်" ဆိုတဲ့အဆိုဟာမှန်တယ်ဆိုရင်အဲ့ဒါဟာ ကလေးငယ်တစ်ယောက်ကဘဝကိုရှုမြင်တဲ့အမြင်မျိုးပဲ ဖြစ်နေပါလိမ့်မယ် .. ကလေးတွေမှာ ဘာတာဝန်ဝတ္တရားမှမရှိဘူး .. ဥပမာအားဖြင့် အခွန်ဆောင်ရတာမျိုးတွေ .. အလုပ်သွားရတာမျိုးတွေပေါ့ .. သူတို့ကိုသူတို့မိဘတွေနဲ့ လူ့အဖွဲ့အစည်းကအကာအကွယ်ပေးထားပါတယ် .. ပြီးတော့သူတို့ဟာ သူတို့ရဲ့နေ့တွေကိုအပူအပင်မရှိ နေထိုင်နိုင်ကြပါတယ် .. သူတို့ဟာအနာဂတ်ကိုထာဝရတည်ရှိလိမ့်မယ်လို့ရှုမြင်နေကြပြီး သူတို့အလိုရှိတာကို လုပ်နိုင်ကြပါတယ် .. သူတို့ဟာရက်စက်ကြမ်းကြုတ်တဲ့အရှိတရားကို မြင်ကြည့်စရာမလိုကြပါဘူး .. သူတို့ဟာ မျက်စိကိုဖုံးကွယ်ခံထားကြရပါတယ်.. ဒါကြောင့်သူတို့အဖို့ရာမှာတော့ ကမ္ဘာလောကဟာရိုးရှင်းလို့နေပါတယ် .. ဒါပေမယ့်ကလေးတစ်ယောက်လူလားမြောက်လာတဲ့အချိန်မှာတော့ ကမ္ဘာလောကဟာသူ့ရဲ့သရုပ်မှန်ကို လှစ်ဟပြပါတော့တယ် .. မကြာခင်မှာပဲကလေးဟာလောကရဲ့တကယ့်အစစ်အမှန်ပုံစံဟာ ဘာလဲဆိုတာနဲ့ သူ့ကိုဘယ်လောက်ပဲလုပ်ခွင့်ပေးထားသလဲဆိုတာကိုသိလာပါလိမ့်မယ် .. သူ့ရဲ့ထင်မြင်ချက်တွေပြောင်းလဲလာပြီးသူမြင်သမျှအရာအားလုံးဟာမဖြစ်နိုင်မှုတွေသာဖြစ်လာပါလိမ့်မယ် .. သူ့ရဲ့ကြည်နူးဖွယ်ကောင်းတဲ့ လောကအမြင်ဟာအဆုံးသတ်သွားပြီး ရက်စက်ကြမ်းကြုတ်တဲ့အရှိတရားနဲ့အစားထိုးလဲလှယ်လိုက်ခြင်းကို ခံရပါလိမ့်မယ်

ဒဿနပညာရှင် - အင်း ဟုတ်ပြီ .. ဒါဟာစိတ်ဝင်စားစရာကောင်းတဲ့ အမြင်တစ်ခုပါပဲ

လူငယ် - ဒါအကုန်မဟုတ်သေးပါဘူး .. ကြီးပြင်းအရွယ်ရောက်လာတဲ့အခါမှာ ရှုပ်ထွေးတဲ့လူမှုဆက်ဆံရေးတွေနဲ့ သူ့အပေါ်ပိလာတဲ့တာဝန်ဝတ္တရားတွေကြောင့် ကလေးငယ်ဟာရှုပ်ထွေးဝေဝါးလာပါမယ် .. အဲ့ဒါကဘဝရဲ့ပုံသဏ္ဌာန်အမှန်ပါပဲ .. သူဟာအိမ်မှာနဲ့အလုပ်မှာအပြင် လူမှုဘဝမှာသူယူထားတဲ့အခန်းကဏ္ဍတွေရှိလာပါလိမ့်မယ် .. ဒါကြောင့်သူဟာ လူမှုပတ်ဝန်းကျင်မှာ ကလေးငယ်အနေနဲ့တုန်းကသူနားမလည်ခဲ့တဲ့ ခွဲခြားဆက်ဆံမှုတွေ၊ စစ်ပွဲတွေ၊ မညီမျှမှုတွေ အစရှိတဲ့ပြဿနာရပ်တွေရှိတယ်ဆိုတာကို သတိပြုမိလာပါလိမ့်မယ် .. ပြီးတော့အဲ့ဒီပြဿနာတွေကိုသူဟာ လျစ်လျူရှုထားလို့မရပါဘူး .. ကျွန်တော်မှားနေပါသလား

ဒဿနပညာရှင် - အင်း .. အဲ့ဒါတွေငါလက်ခံပါတယ် .. ဆက်ပါဦး

လူငယ် - ကောင်းပါပြီ .. ဘာသာရေးကကျွန်တော်တို့ကို လွှမ်းမိုးချုပ်ကိုင်ထားတဲ့အချိန်အခါတွေမှာ နေထိုင်နေရဆဲပဲဖြစ်နေတဲ့အခါ ကယ်တင်ခြင်းခံရဖို့ဟာ ကျွန်တော်တို့ရွေးချယ်စရာလမ်းတစ်ခု ဖြစ်လာပါလိမ့်မယ် .. ဘာကြောင့်လဲဆိုတော့ ဘုရားသခင်တွေရဲ့သင်ကြားချက်တွေဟာ ကျွန်တော်တို့အတွက်အရာရာမှာလိုက်နာရမယ့် အရာတွေဖြစ်လာမှာမို့လို့ပါ .. ကျွန်တော်တို့လုပ်ဖို့လိုတာက သူတို့ပြောတာတွေကိုနာခံရမှာဖြစ်ပြီး စဉ်းစားဝေဖန်မှုကိုအနည်းအကျဉ်းပဲလုပ်နိုင်တော့မှာ ဖြစ်ပါတယ် .. ဒါပေမယ့်ဘာသာတရားဟာ သူ့ရဲ့စွမ်းအားတွေဆုံးရှုံးလာပြီးဘုရားသခင်ကိုအမှန်တကယ်ယုံကြည်တာမျိုးဆိုတာ ရှိမနေကြတော့ပါဘူး .. သူ့အပေါ်မှာမှီခိုစရာဘာမှမရှိတော့တာကြောင့် လူတိုင်းဟာစိတ်ရှုပ်ထွေးပြီးသံသယတွေ ပြည့်နှက်လာပါတယ်။ လူတိုင်းဟာကိုယ့်အတွက် ကိုယ်ပဲရှင်သန်နေထိုင်ကြပါတော့တယ်.. ဒါဟာဒီနေ့လူ့အဖွဲ့အစည်းရဲ့ ဖြစ်နေတဲ့ အနေအထားဖြစ်နေပါတယ် .. ဆိုတော့ .. ကျွန်တော့်ကိုပြောစမ်းပါ .. ဒီလိုအခြေအနေမှာ ကမ္ဘာလောကဟာရိုးရှင်းပါတယ်လို့ ခင်ဗျားပြောဦး မလား

ဒဿနပညာရှင် - ငါပြောတဲ့စကားမှာ အပြောင်းအလဲမရှိပါဘူး .. ကမ္ဘာလောကဟာ ရိုးရှင်းပြီး ဘဝဟာလည်းပဲ ထိုနည်းလည်းကောင်း ရိုးရှင်းပါတယ်

လူငယ် - ဘယ်လိုပါလိမ့်.. ဒါဟာဝရုန်းသုန်းကားဆန်တဲ့ ပဋိပက္ခတွေပြည့်နှက်နေတဲ့အရာတွေဆိုတာကို လူတိုင်းမြင်နေတာပဲကို

ဒဿနပညာရှင် - ဒါတွေဟာကမ္ဘာလောကက ရှုပ်ထွေးပွေလီနေလို့မဟုတ်ပါဘူး .. မင်းကကမ္ဘာလောကကို ရှုပ်ထွေးအောင် လုပ်နေတာကြောင့်ပါပဲ

လူငယ် - ကျွန်တော်က အဲ့သလိုလုပ်နေတယ်လား

ဒဿနပညာရှင် - ငါတို့အားလုံးဟာ ဓမ္မဓိဌာန်ကျတဲ့ကမ္ဘာလောကမှာ နေထိုင်မနေကြဘူး .. အဲ့ဒီအစားမှာ ငါတို့ကိုယ်တိုင် အနက်အဓိပ္ပါယ်တွေပေးထားတဲ့ ပုဂ္ဂလဓိဌာန်လောကထဲမှာနေထိုင်နေကြတယ် .. မင်းမြင်တဲ့ကမ္ဘာလောကဟာ ငါမြင်တဲ့ကမ္ဘာလောကနဲ့ခြားနားနေတယ် .. ပြီးတော့မင်းရဲ့ကမ္ဘာလောကကို အခြားသူတွေကို ပြောပြဖို့ရာက မဖြစ်နိုင်ဘူး

လူငယ် - အဲ့ဒါကဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ .. ခင်ဗျားနဲ့ကျွန်တော်က တူညီတဲ့တိုင်းပြည်တစ်ခုမှာ၊ တူညီတဲ့အချိန်တစ်ခုမှာ အတူနေထိုင်နေကြပြီး တူညီတဲ့အရာတွေကိုပဲ မြင်နေကြတာလေ .. မဟုတ်ဘူးလား ..

ဒဿနပညာရှင် - မင်းဟာဝါ့ထက်အတော်ကလေး ငယ်ရွယ်ပုံရပါတယ် .. ဒါပေမယ့်ရေတွင်းထဲကနေငင်ပြီး သောက်ရတဲ့တွင်းရေကို မင်းသောက်ဖူးလား

လူငယ် - တွင်းရေ ဟုတ်လား .. အား .. အချိန်အတော်တော့ကြာခဲ့ပါပြီ .. ရွာကကျွန်တော့်အဖွားရဲ့အိမ်မှာ ရေတွင်းတစ်တွင်းရှိခဲ့ဖူးတယ် .. နွေရက်တစ်ရက်မှာ သန့်ရှင်းကြည်လင်ပြီးအေးမြတဲ့တွင်းရေကို အဲ့ဒီရေတွင်းထဲ ကနေငင်ပြီးသောက်ခဲ့ဖူးတာကို ကျွန်တော်မှတ်မိတယ်

ဒဿနပညာရှင် - မင်းအဲ့ဒီကိစ္စကို သိကောင်းသိလိမ့်မယ် .. တွင်းရေဟာတစ်နှစ်တာပတ်လုံးရဲ့ ဘယ်အချိန်မှာ တိုင်းတိုင်း အတော်လေးတူညီတဲ့အပူချိန်မှာပဲရှိလိမ့်မယ် .. ခြောက်ဆယ်ဒီဂရီလောက်ပေါ့ .. အဲ့ဒါဟာ ဓမ္မဓိဌာန် ကျတဲ့ကိန်းဂဏန်းတစ်ခုပဲ.. ဘယ်သူတိုင်းတိုင်းအဲ့ဒီအပူချိန်ကိုရမှာပဲ.. ဒါပေမယ့်မင်းအဲ့ဒီရေကိုနွေရာသီမှာ သောက်ရင် အဲ့ဒီရေကအေးနေမှာဖြစ်ပြီး ဆောင်းရာသီမှာသောက်ရင် အဲ့ဒီရေကနွေးနေလိမ့်မယ် .. အဲ့ဒါဟာ တူညီတဲ့ရေဖြစ်ပေမယ့်၊ သာမိုမီတာနဲ့တိုင်းကြည့်ရင် တူညီစွာပဲခြောက်ဆယ်ဒီဂရီရှိနေမှာဖြစ်ပေမယ့် သူ့ကိုခံစား ရပုံက အဲ့ဒါဟာနွေရာသီဖြစ်နေသလား ဆောင်းရာသီဖြစ်နေသလားဆိုတာအပေါ် မှီခိုနေလိမ့်မယ်

လူငယ် - ဒါဖြင့်ရင် အဲ့ဒါကပတ်ဝန်းကျင်ပြောင်းလဲမှုကြောင့်ဖြစ်ရတဲ့ ထင်ယောင်ထင်မှားဖြစ်မှုတစ်ခုပဲလား

ဒဿနပညာရှင် - မဟုတ်ပါဘူး .. အဲ့ဒါကထင်ယောင်ထင်မှားဖြစ်မှုတစ်ခု မဟုတ်ပါဘူး .. မင်းအတွက်တော့ အဲ့ဒီအခိုက်အတန့်လေးမှာကြုံရတဲ့တွင်းရေရဲ့အေးမြမှု ဒါမှမဟုတ် နွေးထွေးမှုဟာ ငြင်းဆိုလို့မရနိုင်တဲ့ အချက် အလက်တစ်ခုပါပဲ .. အဲ့ဒါဟာမင်းရဲ့ပုဂ္ဂလိကဘဝမှာနေထိုင်နေတဲ့ နည်းလမ်းတစ်ခုပဲ .. မင်းရဲ့ကိုယ်ပိုင် ပုဂ္ဂလဓိဌာန်ဖြစ်မှုကနေ ရှောင်ပြေးလို့မရနိုင်ဘူး .. လက်ရှိအချိန်မှာကမ္ဘာလောကဟာ မင်းအတွက်ရှုပ်ထွေးပြီး ထူးခြားဆန်းကြယ်ပုံရနေလိမ့်မယ် .. ဒါပေမယ့် မင်းပြောင်းလဲလိုက်ရင် ကမ္ဘာလောကဟာ ပိုပြီးရှင်းလင်းပုံရလာ ပါလိမ့်မယ် .. ပြဿနာကကမ္ဘာလောကက ဘယ်လိုပုံဖြစ်နေသလဲဆိုတာမဟုတ်ဘူး .. မင်းကကမ္ဘာလောကကို ဘယ်လိုရှုမြင်နေသလဲဆိုတာပဲဖြစ်တယ်

လူငယ် - ကျွန်တော်ဘယ်လိုရှုမြင်နေတာလဲဆိုတာက ပြဿနာ .. ဟုတ်လား

ဒဿနပညာရှင် - အမှန်ပဲ .. အဲ့ဒါကမင်းကကမ္ဘာလောကကို မျက်မှန်အမည်းကြီးတပ်ပြီးကြည့်နေတာနဲ့ တူနေတယ် .. ဒါကြောင့်သဘာဝကျစွာပဲ မင်းမြင်သမျှအားလုံးက အမည်းရောင်ပုံစံပေါက်နေတာပေါ့ .. အဲ့သလို ဖြစ်နေတယ်သာဆိုရင် ကမ္ဘာလောကရဲ့မည်းမှောင်နေမှုကို အပြစ်တင်နေမယ့်အစား မင်းမျက်မှန်ကြီးကိုချွတ်ပစ် လိုက်သင့်တာပေါ့ .. ကမ္ဘာလောကဟာ မင်းအတွက်ဆိုးဆိုးရွားရွားစူးရှတောက်ပလွန်းနေတယ်ဆိုရင် မင်းဟာ မင်းမျက်လုံးတွေကို အလိုလိုမှိတ်ပစ်လိုက်လိမ့်မယ် .. အဲ့သလိုအချိန်မှာ မင်းရဲ့မျက်မှန်ကိုမင်းပြန်လိုချင်လာလိမ့် မယ် .. ဒါပေမယ့် မင်းမျက်မှန်ကိုချက်ချင်းဆွဲချွတ်ပစ်ရဲလား .. ကမ္ဘာလောကကို ဘာမှမခံဘဲတိုက်ရိုက်ကြည့်ရဲ သလား .. မင်းမှာသတ္တိရှိလား

လူငယ် - သတ္တိ ဟုတ်လား

ဒဿနပညာရှင် - ဟုတ်တယ် .. ဒါဟာ သတ္တိရှိ၊ မရှိနဲ့ဆိုင်တဲ့ကိစ္စပဲ

လူငယ် - ဟုတ်ကဲ့ .. ကောင်းပါပြီ .. ကျွန်တော်ကန့်ကွက်ဆွေးနွေးချင်တာတွေ အများကြီးရှိတယ် .. ဒါပေမယ့် အဲ့ဒါတွေကိုနောက်မှမေးတာကောင်းမယ်လို့ ကျွန်တော်ခံစားရတယ် .. လူတွေဟာပြောင်းလဲနိုင်တယ်လို့ ခင်ဗျား ပြောခဲ့တယ်ဆိုတာကို ကျွန်တော်သေချာအောင်အတည်ပြုချင်တယ် .. ခင်ဗျားအဲ့သလိုပြောခဲ့တာ ဟုတ်ပါတယ် နော်

ဒဿနပညာရှင် - ဟုတ်တယ် .. လူတွေဟာပြောင်းလဲနိုင်တာပေါ့ကွာ .. သူတို့ဟာပျော်ရွှင်မှုကိုလည်း ရှာတွေ့နိုင် ပါတယ်

လူငယ် - ချွင်းချက်မရှိ လူတိုင်းလား

ဒဿနပညာရှင် - ဘယ်လိုအခြေအနေမှာဖြစ်ဖြစ် ချွင်းချက်မရှိပါပဲကွာ

လူငယ် - ဟားဟား .. အခုခင်ဗျားအကြီးကြီးတွေပြောနေပြီ .. ဒါကအတော်လေး စိတ်ဝင်စားဖို့ကောင်းလာပြီ .. အခုကျွန်တော်ခင်ဗျားနဲ့ ချက်ချင်းငြင်းဆိုဆွေးနွေးတော့မယ်

ဒဿနပညာရှင် - ငါဘယ်ကိုမှထွက်မပြေးပါဘူး .. ဘာကိုမှလည်းမကွယ်ဝှက်ပါဘူး .. ဒါကိုငြင်းခုံဆွေးနွေး ကြရအောင် .. မင်းအဆိုပြုချက်က "လူတွေဟာမပြောင်းလဲနိုင်ဘူး" .. ဟုတ်တယ်နော်

လူငယ် - ဟုတ်ပါတယ် .. လူတွေဟာမပြောင်းလဲနိုင်ကြပါဘူး .. တကယ်တော့ ကျွန်တော်ဟာ ကိုယ့်ကိုယ်ကိုယ် မပြောင်းလဲနိုင်မှုကြောင့် ဆင်းရဲဒုက္ခကိုခံစားနေရတဲ့သူပါ

ဒဿနပညာရှင် - တစ်ချိန်ထဲမှာပဲ မင်းပြောင်းလဲချင်စိတ်တော့ရှိနေတယ် .. ဟုတ်သလား

လူငယ် - အမှန်ပါပဲ .. ကျွန်တော်ပြောင်းလဲနိုင်တယ်ဆိုရင်၊ ဘဝကိုအသစ်တစ်ဖန် ပြန်စလို့ရနိုင်မယ်ဆိုရင် ကျွန်တော်ခင်ဗျားရှေ့မှာ ဒူးထောက်လိုက်ဖို့အသင့်ပါပဲ .. ဒါပေမယ့် ခင်ဗျားပဲကျွန်တော့်ရှေ့မှာ ဒူးထောက်လိုက်ရ လိမ့်မယ် ထင်ပါတယ်

ဒဿနပညာရှင် - မင်းဟာ ငါအမှန်တရားကိုရှာဖွေခဲ့တဲ့အချိန်တွေကို ပြန်အမှတ်ရမိအောင် လုပ်နေတယ် .. ငါဟာ သွေးဆူလွယ်တဲ့လူငယ်လေးဘဝတုန်းက အမှန်တရားကိုရှာဖွေခဲ့တာတွေ၊ ပင်ပင်ပန်းပန်းရှာဖွေစူးစမ်းခဲ့ရတာတွေ၊ ဒဿနပညာရှင်တွေဆီကို လှည့်လည်သွားရောက်ဆွေးနွေးခဲ့တာတွေကို ပြန်အမှတ်ရမိစေတယ်

လူငယ် - ဟုတ်ပါတယ် .. ကျွန်တော်အမှန်တရားကိုရှာဖွေနေတာပါ .. ဘဝရဲ့အမှန်တရားပေ့ါ

ဒဿနပညာရှင် - ငါဟာတပည့်သာဝကအဖြစ်ခံယူဖို့လိုအပ်တယ်လို့တော့ ဘယ်တုန်းကမှမခံစားခဲ့ရဖူးသလို ဘယ်သူ့ဆီမှာမှလည်း တပည့်မခံခဲ့ပါဘူး .. ဒါပေမယ့်လည်း ဂရိအတွေးအခေါ်ကိုစတင်လေ့လာကတည်းက အခြားသောဒဿနတွေကိုလည်း ချိတ်ဆက်လေ့လာခဲ့ပါတယ် .. မင်းလိုမျိုးလူငယ်တစ်ယောက် ငါ့ဆီကို ရောက်လာဖို့ကိုလည်း ငါအချိန်အတော်ကြာကြာမျှော်လင့်စောင့်စားနေခဲ့တာပါ ..

လူငယ် - တခြားဒဿန ဟုတ်လား .. အဲ့ဒါကဘာလဲ

ဒဿနပညာရှင် - ငါ့စာကြည့်ခန်းကဟိုမှာလေ .. အဲ့ဒီအထဲကိုသွားပါ .. ဒီအကြောင်းကိုငါတို့ ရှည်လျားတဲ့ညတွေ အတော်များများသုံးပြီးဆွေးနွေးကြရလိမ့်မယ် .. ငါ ကော်ဖီပူပူလေး သွားဖျော်လိုက်ဦးမယ်

## ပထမည
## စိတ်ဒဏ်ရာတွေကို ငြင်းပယ်ပါ

--------------------------------

*လူငယ်ဟာစာကြည့်ခန်းထဲကိုဝင်လာပြီး ကုလားထိုင်တစ်ခုမှာ ပျော့တီးပျော့ဖတ်ကလေးဝင်ထိုင်လိုက်ပါတယ်။ ဒဿနပညာရှင်ရဲ့သီအိုရီတွေကို ငြင်းပယ်ဖို့ရာအတွက် သူဘာကြောင့်ဒီလောက်စိတ်အားထက်သန်နေရတာလဲ။ အကြောင်းရင်းကအတော်လေး ရှင်းပါတယ်။ သူ့ရဲ့ကလေးဘဝကတည်းက သူဟာကိုယ့်ကိုယ်ကိုယ်ယုံကြည်မှု နည်းပါးခဲ့ပါတယ်။ အဲ့ဒီအချက်က သူ့ရဲ့ပုဂ္ဂိုလ်ရေးနဲ့ပညာရေးနောက်ခံမှာသာမက သူ့ရဲ့သွင်ပြင်လက္ခဏာတွေနဲ့ သက်ဆိုင်တဲ့ သူ့အတွင်းစိတ်မှာနက်နက်ရှိုင်းရှိုင်းဖွဲ့တည်နေတဲ့ အငုံ့စိတ်နဲ့ပေါင်းစပ်မိနေပါတယ်။ အဲ့ဒါတွေကြောင့်ပဲလူတွေသူ့ကိုကြည့်တဲ့အချိန်မှာ သူဟာကိုယ့်ကိုယ်ကိုယ် အလွန်အမင်းသတိထားနေမိတာ ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ အများအားဖြင့်သူဟာ အခြားသောသူတွေရဲ့ပျော်ရွှင်မှုကို ဝမ်းမြောက်မပေးနိုင်ဘဲဖြစ်နေပြီး ကိုယ့်ကိုယ်ကိုယ်လည်း အမြဲမပြတ်သနားစိတ်ဝင်နေပါတယ်။ သူ့အမြင်မှာတော့ ဒဿနပညာရှင်ရဲ့ပြောဆိုချက်ဟာစိတ်ကူးယဉ်အတွေးတစ်ခုထက် ဘာမှပိုမနေပါဘူး။*

**လူသိပ်မသိကြတဲ့ တတိယ အကျော်ဒေးယျတစ်ဦး**
---------------------------------------------------

လူငယ် - စောစောနက ခင်ဗျား "တခြားသောဒဿန" ဆိုတဲ့စကားကို သုံးလိုက်တယ်နော် .. ဒါပေမယ့်ခင်ဗျား အထူးပြုပြီးလေ့လာခဲ့တာက ဂရိဒဿနလို့လည်း ကျွန်တော်ကြားလိုက်တယ်
ဒဿနပညာရှင် - ဟုတ်တယ် .. ဂရိဒဿနဟာ ငါလူရွယ်ဘဝကတည်းက ငါ့ဘဝရဲ့ဗဟိုချက်မှာရှိနေခဲ့တယ် .. ဆိုကရေးတီး၊ ပလေတို၊ အရစ္စတိုတယ်တို့ဟာ ဒဿနနယ်ပယ်မှာကြီးကျယ်ထင်ရှားတဲ့သူတွေပေါ့ .. ငါအခု လတ်တလောမှာပဲ ပလေတိုရဲ့ကျမ်းတစ်ခုကိုဘာသာပြန်နေတယ်.. ပြီးတော့ငါ့ဘဝရဲ့ကျန်တဲ့အချိန်တွေအားလုံး ကိုဂရိဂန္ထဝင်အတွေးအခေါ်တွေကို လေ့လာရင်းကုန်ဆုံးချင်တယ်

လူငယ် - ကောင်းပါပြီ .. တခြားသောဒဿနဆိုတာကရော ဘာလဲ

ဒဿနပညာရှင် - အဲ့ဒါကတော့ ဩစတေးလျစိတ်ကုပညာရှင် အဲဖရက်ဒ်အက်ဒလာ နှစ်ဆယ်ရာစုအစမှာ ထူထောင်ခဲ့တဲ့ စိတ်ပညာရပ်အသစ်တစ်ခုပါပဲ .. အဲ့ဒါကိုလူအများကတော့ အက်ဒလာစိတ်ပညာ (Adlerian psychology) လို့ခေါ်ကြတယ် ..

လူငယ် - အင်း .. ဂရိဒဿနကိုအထူးပြုကျွမ်းကျင်သူတစ်ယောက်ဟာ စိတ်ပညာကိုစိတ်ဝင်စားလိမ့်မယ်လို့ ကျွန်တော်တစ်ခါမှတွေးတောမြင်ယောင်မကြည့်ခဲ့မိဘူး

ဒဿနပညာရှင် - တခြားသောစိတ်ပညာရပ်တွေက လက်ခံကျင့်သုံးကြတဲ့အယူအဆတွေနဲ့တော့ ငါသိပ်အကျွမ်းတဝင်မရှိလှပါဘူး .. ဒါပေမယ့် အက်ဒလာစိတ်ပညာဟာ ဂရိဒဿနနဲ့ ရှင်းရှင်းလင်းလင်းကိုကိုက်ညီနေတယ်လို့ ပြောလို့ရတယ်လို့ ငါထင်တယ်လေ .. ပြီးတော့ အဲ့ဒါကအခြေအမြစ်ရှိတဲ့ လေ့လာမှုနယ်ပယ်တစ်ခုဖြစ်တယ်

လူငယ် - ကျွန်တော်ကတော့ ဖရိုဒ်နဲ့ယွန်းတို့ရဲ့စိတ်ပညာနဲ့ပတ်သက်ပြီး အနဲအကျင်းတီးမိခေါက်မိရှိတယ် .. အဲ့ဒါက အံ့အားသင့်ဖွယ်ရာကောင်းတဲ့ နယ်ပယ်တစ်ခုပဲ

ဒဿနပညာရှင် - ဟုတ်တယ် .. ဖရိုဒ်နဲ့ယွန်းနှစ်ယောက်စလုံးဟာ ထင်ရှားကျော်ကြားတယ် .. အက်ဒလာ ဟာလည်းဖရိုဒ်ဦးဆောင်တဲ့ ဗီယင်နာစိတ်ခွဲခြမ်းလေ့လာရေးအသိုက်အဝန်းရဲ့ မူလသန္ဓေအဖွဲ့ဝင်တွေထဲက တစ်ယောက်ပါပဲ .. သူ့ရဲ့အတွေးအမြင်တွေဟာ ဖရိုဒ်နဲ့ဆန့်ကျင်တာတွေရှိခဲ့ပြီး အဲ့ဒီအဖွဲ့ကနေခွဲထွက်ကာ သူ့ကိုယ်ပိုင်သီအိုရီတွေကိုအခြေခံလို့ ပုဂ္ဂလိကစိတ်ပညာ (individual psychology) ဆိုတာကိုဖေါ်ထုတ်တင်ပြခဲ့တယ်

လူငယ် - ပုဂ္ဂလိကစိတ်ပညာ ဟုတ်လား .. နောက်ထပ်ထူးခြားတဲ့ ဝေါဟာရတစ်ခုပဲ .. ဒါဖြင့် အက်ဒလာဟာ ဖရိုဒ်ရဲ့တပည့်လား

ဒဿနပညာရှင် - မဟုတ်ပါဘူး .. သူဟာဖရိုဒ်ရဲ့တပည့်မဟုတ်ဘူး .. လူတွေကတော့အဲ့သလို အမြင်မှားနေခဲ့ကြတာပါ .. ငါတို့အဲ့ဒီအမြင်မှားကို စွန့်လွှတ်ရမယ် .. အက်ဒလာနဲ့ဖရိုဒ်ဟာ သက်တူရွယ်တူတွေဖြစ်ကြတယ် .. သူတို့နှစ်ယောက်အကြားကဆက်ဆံရေးက အတူတကွသုတေသနလုပ်ကြတဲ့ သုတေသနသမားတွေ အဖြစ်ပါပဲ .. အက်ဒလာက ဖရိုဒ်ကိုဖခင်လိုရိုသေလေးမြတ်တဲ့ ယွန်းနဲ့တော့အတော်လေးခြားနားတယ် .. စိတ်ပညာဟာ အဓိကအားဖြင့် ဖရိုဒ်တို့ယွန်းတို့နဲ့တွဲပြီးအမြင်ခံရလေ့ရှိပေမယ့်လည်း ကျန်တဲ့ကမ္ဘာခြမ်းကလူတွေက အက်ဒလာကိုလည်းဖရိုဒ်တို့ ယွန်းတို့နဲ့တန်းတူအလေးအမြတ်ပြုကြတယ် .. သူတို့သုံးယောက်ကို စိတ်ပညာနယ်ပယ်က အကျော်ဒေးယျသုံးယောက်လို့ သိကြတယ်

လူငယ် - ဟုတ်ကဲ့ သဘောပေါက်ပါပြီ .. အဲ့ဒီအကြောင်းတွေ ကျွန်တော်ပိုလေ့လာရမယ်

ဒဿနပညာရှင် - အက်ဒလာကို မင်းသိပ်မသိတာသဘာဝကျတယ်လို့ ငါထင်တယ် .. သူကိုယ်တိုင်ပြောခဲ့တာတစ်ခုက "ငါ့နာမည်ကို လူတွေမမှတ်မိတော့တဲ့အချိန်တစ်ခု ရောက်လာလိမ့်မယ် .. ငါလေ့လာခဲ့တဲ့ပညာရပ်နယ်ပယ်လုံးဝမရှိခဲ့ဘူးလို့ လူတွေထင်ပြီးမေ့လျော့သွားလိမ့်မယ်" ဆိုတဲ့စကားပဲ .. အဲ့ဒါတွေက သိပ်လည်းအရေးမကြီးပါဘူးလို့ သူဆက်ပြောခဲ့သေးတယ် .. သူ့ပညာရပ်နယ်ပယ်ကို လူတွေမေ့လျော့ပျောက်ကွယ်သွားလိမ့်မယ်ဆိုတာကဘာကြောင့်လဲဆိုတော့ သူ့အတွေးအမြင်တွေဟာ ပညာရပ်နယ်ပယ်တစ်ခုအတွင်းမှာသာမနေဘဲ အဲ့ဒီထဲကနေကျော်ထွက်သွားပြီး လူအများအသုံးပြုကြတဲ့အတွေးအမြင်တွေဖြစ်လာကာ လူတွေအားလုံးအကြားပျံ့နှံ့သွားမှာဖြစ်တာကြောင့်ပဲ .. ဥပမာအနေနဲ့ပြောရရင် နိုင်ငံတကာအရောင်းရဆုံးစာအုပ်တွေဖြစ်တဲ့ "မိတ်ဆွေတိုးပွားဖို့နဲ့လူတွေကိုလွှမ်းမိုးမှုရအောင်ဘယ်လိုလုပ်ရမလဲ" ဆိုတဲ့စာအုပ်နဲ့ "စိုးရိမ်ပူပန်မှုကိုရပ်တန့်ပြီးရှင်သန်နေတဲ့ဘဝတစ်ခုကို ဘယ်လိုအစပြုမလဲ" ဆိုတဲ့စာအုပ်တွေကိုရေးခဲ့တဲ့ ဒေးလ်ကာနက်ဂျီက အက်ဒလာကို "သူ့ဘဝတစ်ခုလုံး လူတွေနဲ့သူတို့ရဲ့ငုပ်နေတဲ့စွမ်းရည်တွေကိုသုတေသနပြုဖို့အတွက် မြှုပ်နှံခဲ့တဲ့ မဟာစိတ်ပညာရှင်ကြီး" လို့ညွှန်းဆိုခဲ့တယ်။ သူ့အရေးအသားတွေအားလုံးမှာ အက်ဒလာရဲ့လွှမ်းမိုးမှုတွေပါဝင်နေတာကိုတွေ့ရလိမ့်မယ်။ ပြီးတော့ စတီဖင်ကိုဘေးရဲ့ "ထူးထူးကဲကဲထိရောက်စွမ်းဆောင်နိုင်ကြသူတွေရဲ့အမူအကျင့် ၇ ရပ်" ဆိုတဲ့စာအုပ်ထဲက အကြောင်းအရာတွေဟာလည်း အက်ဒလာရဲ့ အိုင်ဒီယာတွေနဲ့အတော်လေးနီးနီးစပ်စပ်ကိုတူညီနေတယ် .. တနည်းပြောရရင်တော့ ပညာရှင်တွေသာကျက်စားကြတဲ့ကျဉ်းမြောင်းတဲ့နယ်ပယ်တစ်ခုအဖြစ်ရှိနေမယ့်အစားမှာ အက်ဒလာစိတ်ပညာဟာ အမှန်တရားနဲ့လူ့နားလည်မှုကိုအထွဋ်အထိပ်ရောက်အောင်သိမြင်နိုင်တဲ့ ပညာရပ်တစ်ခုအဖြစ် လူအများကအသိအမှတ်ပြုလက်ခံခဲ့ကြတယ် .. ဒါပေမယ့် အက်ဒလာရဲ့အတွေးအမြင်တွေဟာ သူရောက်နေတဲ့ခေတ်ထက် နှစ်ပေါင်းတစ်ရာလောက်စောနေတယ်.. ဒီနေ့ခေတ်အခါမှာတောင်မှ အက်ဒလာရဲ့အတွေးအမြင်တွေကို ငါတို့ပြည့်ပြည့်ဝဝနားလည်နိုင်ဖို့ရာကြိုးစားနေကြရတုန်းပဲ.. သူ့ရဲ့အတွေးအမြင်တွေဟာ အဲ့သလောက်တောင်ဆန်းသစ်ပြီးခေတ်ရှေ့ပြေးနေတယ်

လူငယ် - ဒါဖြင့် ခင်ဗျားရဲ့သီအိုရီတွေဟာ ဂရိဒဿနကနေအစပြုလာတာမဟုတ်ဘဲ အက်ဒလာစိတ်ပညာရဲ့ အမြင်ကနေအခြေခံပြီး ဖွဲ့စည်းထားတာလား

ဒဿနပညာရှင် - ဟုတ်တယ် .. အမှန်ပါပဲ

လူငယ် - ကောင်းပါပြီ .. ခင်ဗျားရဲ့အခြေခံရပ်တည်ချက်ကို မေးပါရစေ .. ခင်ဗျားဟာ ဒဿနပညာရှင်တစ်ယောက်လား .. စိတ်ပညာရှင်တစ်ယောက်လား ..

ဒဿနပညာရှင် - ငါက ဒဿနပညာရှင်တစ်ယောက်ပါ .. ဒဿနနဲ့နေတဲ့လူတစ်ယောက်ပါ .. ငါ့အဖို့ရာမှာတော့ အက်ဒလာစိတ်ပညာဟာ ဂရိဒဿနနဲ့ သဟဇာတဖြစ်နေတဲ့အတွေးအမြင်တစ်ခုပါ .. အဲ့ဒါဟာ ဒဿနပညာရပ်တစ်ခုပဲ

လူငယ် - ဒါဖြင့်လည်း ကောင်းပါပြီ .. စဆွေးနွေးကြရအောင်

## **လူတွေဘာကြောင့်ပြောင်းလဲနိုင်ကြတာလဲ**

---------------------------------------------

လူငယ် - ပထမဦးဆုံးအနေနဲ့ ဆွေးနွေးမယ့်အချက်တွေကိုကြိုတင်ပြင်ဆင်ကြရအောင် .. လူတွေဟာပြောင်းလဲနိုင်ကြတယ်လို့ ခင်ဗျားပြောတယ် .. ပြီးတော့ခင်ဗျားနောက်တစ်ချက်ပြောသေးတယ် .. လူတိုင်းဟာ ပျော်ရွှင်မှုကို ရှာဖွေတွေ့ရှိနိုင်တယ်ဆိုတာ

ဒဿနပညာရှင် - ဟုတ်တယ် .. လူတိုင်းပဲ .. ချွင်းချက်မရှိဘူး

လူငယ် - ပျော်ရွှင်မှုအကြောင်းကိုနောက်မှဆွေးနွေးပြီး ပြောင်းလဲနိုင်တဲ့ကိစ္စကို အရင်ဆွေးနွေးကြရအောင် .. လူတိုင်းဟာပြောင်းလဲနိုင်ချင်ကြတာပါပဲ .. ကျွန်တော်လဲပြောင်းလဲချင်တာပါပဲ .. လမ်းပေါ်မှာတွေ့တဲ့လူတိုင်းကို ခင်ဗျားလိုက်မေးကြည့်ရင်လည်း အားလုံးကသဘောတူကြမှာပါပဲ .. ဒါပေမယ့် လူတိုင်းဟာဘာလို့ပြောင်းလဲချင်တဲ့စိတ်ဖြစ်နေကြတာလဲ .. အဖြေကတစ်ခုထဲရှိပါတယ် .. ဘာကြောင့်လဲဆိုတော့သူတို့မပြောင်းလဲနိုင်ကြလို့ပါ .. ပြောင်းလဲဖို့ရာကလူတွေအတွက် လွယ်ကူတယ်ဆိုရင် သူတို့ဟာငါပြောင်းလဲချင်တယ်ဆိုတဲ့စိတ်ကြီးနဲ့ အချိန်ကြာကြာနေဖို့မှမလိုတာ .. သူတို့ပြောင်းလဲချင်တဲ့စိတ်ဘယ်လောက်ပဲရှိရှိ လူတွေဟာမပြောင်းလဲနိုင်ကြပါဘူး .. ပြီးတော့အဲ့ဒါကြောင့်ပဲ လူတွေအများကြီးဟာ ဘာသာတရားအသစ်တွေထဲရောက်ကုန်တာ၊ ကိုယ့်ကိုယ်ကိုယ်

ပြောင်းလဲရေးဟောပြောပွဲတွေလိုက်တက်ကြတာ၊ လူတိုင်းပြောင်းလဲနိုင်ပါတယ်လို့ ဟောပြောတဲ့သူတွေနောက်ကို စုပြုံလိုက်နေတာမျိုးတွေ ဖြစ်နေကြတာပါပဲ .. ကျွန်တော်ပြောတာတွေမှားလားဗျာ

ဒဿနပညာရှင် - ကောင်းပြီ .. မင်းပြောတာကိုတုန့်ပြန်တဲ့အနေနဲ့ မင်းကိုတစ်ခုမေးကြည့်မယ် .. လူတွေမပြောင်းလဲနိုင်ဘူးလို့ မင်းဘာကြောင့်တပြားသားမှမလျှော့ဘဲ တင်းခံငြင်းဆန်နေရတာလဲ

လူငယ် - ဘာကြောင့်လဲဆိုတာကို ကျွန်တော်ပြောပြမယ် .. ကျွန်တော့်မှာသူငယ်ချင်းတစ်ယောက်ရှိတယ် .. သူဟာသူ့အခန်းထဲမှာနှစ်အတော်ကြာအောင် သူ့ကိုယ်သူပိတ်လှောင်ပြီးနေခဲ့တယ် .. သူဟာအပြင်ထွက်နိုင်ဖို့ဆန္ဒရှိနေခဲ့ပြီး ဖြစ်နိုင်မယ်ဆိုရင်သူဟာအလုပ်တစ်ခု ရချင်နေခဲ့တယ် .. ဒါကြောင့်သူဟာ သူ့ပုံစံကိုပြောင်းလဲချင်ခဲ့တယ် .. သူဟာအလုပ်တစ်ခုကို အလေးအနက်ထားပြီးလုပ်တတ်တဲ့သူတစ်ဦးဖြစ်ပြီး လူ့အဖွဲ့အစည်းအတွက်လည်းတန်ဖိုးရှိအသုံးဝင်တဲ့လူတစ်ယောက်ဖြစ်ပါတယ် .. ဆိုးတာတစ်ခုက သူဟာသူ့အခန်းထဲကနေအပြင်ကိုထွက်ဖို့ကြောက်ရွံ့တဲ့စိတ်ဖြစ်နေတာပါပဲ .. အခန်းအပြင်ကိုခြေတစ်လှမ်းလောက်ထွက်လိုက်ရုံနဲ့ပဲ ရင်တုန်ပန်းတုန်ဖြစ်လာပြီး သူ့ခြေလက်တွေတုန်လှုပ်ယိမ်းယိုင်လာတော့တာပါပဲ .. အဲ့ဒါဟာ စိတ်စံလွဲမှု ဒါမှမဟုတ် အကြောက်လွန်ရောဂါတစ်ခုဖြစ်လိမ့်မယ်လို့ ကျွန်တော်ထင်တယ် .. သူပြောင်းလဲချင်တယ် .. ဒါပေမယ့် သူမပြောင်းလဲနိုင်ဘူး

ဒဿနပညာရှင် - သူအခန်းပြင်မထွက်နိုင်ရခြင်းရဲ့အကြောင်းရင်းက ဘာဖြစ်မယ်လို့မင်းထင်သလဲ

လူငယ် - ကျွန်တော်သေချာမသိဘူး .. သူ့မိဘတွေနဲ့ဆက်ဆံရေးကြောင့်ဖြစ်နိုင်သလို ကျောင်း၊ အလုပ်တွေမှာအနိုင်ကျင့်ညှဉ်းပန်းခံရတာကြောင့်လဲ ဖြစ်နိုင်တယ် .. သူဟာအဲ့သလိုအနိုင်ကျင့်ညှဉ်းပန်းခံရမှုတစ်ခုခုကြောင့်စိတ်ဒဏ်ရာခံစားနေရတာလည်း ဖြစ်ကောင်းဖြစ်ပါလိမ့်မယ် .. ဒါမှမဟုတ် အဲ့ဒါနဲ့ဆန့်ကျင်ဖက်လည်း ဖြစ်ကောင်းဖြစ်နိုင်ပါတယ်.. ကလေးဘဝတုန်းကသူဟာအလွန်အမင်းအလိုလိုက်ခံရပြီး လက်ရှိအချိန်မှာ တကယ့်အရှိတရားကိုရင်မဆိုင်နိုင်တာကြောင့်လဲဖြစ်နိုင်ပါတယ် ..ကျွန်တော်မသိဘူး.. ကျွန်တော်သူ့အတိတ်နဲ့ မိသားစုအခြေအနေကိုကျွန်တော်မသိဘူး

ဒဿနပညာရှင် - ဆိုတော့ မင်းသူငယ်ချင်းရဲ့အတိတ်မှာ ဆိုးရွားတဲ့ဖြစ်ရပ်တစ်ခုဖြစ်ခဲ့ပြီး အဲ့ဒီဖြစ်ရပ်ကစိတ်ဒဏ်ရာ ဒါမှမဟုတ် အလားတူကိစ္စတစ်ခုဖြစ်စေတဲ့အကြောင်းအရင်းတစ်ခု ဖြစ်လာခဲ့တယ် .. ပြီးတော့အကျိုးဆက်အနေနဲ့ သူဟာအခန်းအပြင်ကိုမထွက်နိုင်တော့ဘူး .. မင်းဒီလိုပြောချင်တာလား

လူငယ် - မှန်ပါတယ် .. အကျိုးတရားတစ်ခုမဖြစ်ခင်မှာ အကြောင်းတရားတစ်ခုရှိတယ် .. ဒါဟာမထူးဆန်းတဲ့ကြောင်းကျိုးကွင်းဆက်တစ်ခုပါပဲ

ဒဿနပညာရှင် - ဒါဖြင့်ရင် သူ့အခန်းအပြင်ကိုလုံးဝမထွက်နိုင်တော့ခြင်းရဲ့အကြောင်းရင်းဟာ သူ့ကလေးဘဝက မိသားစုပတ်ဝန်းကျင်ကြောင့်ဖြစ်ကောင်းဖြစ်နိုင်တာပေါ့ .. သူဟာသူ့မိဘတွေရဲ့ နှိပ်စက်ညှဉ်းပန်းမှုကိုခံရပြီး ချစ်ခြင်းတရားကိုဘယ်တုန်းကမှမခံစားခဲ့ရဘဲ လူလားမြောက်လာခဲ့ရလို့ဖြစ်မယ် .. အဲ့ဒီအကြောင်းတရားတွေကြောင့်သူဟာလူတွေနဲ့ ဆက်ဆံရမှာကိုကြောက်လာပြီး အခန်းပြင်မထွက်နိုင်တော့ဘူး .. အဲ့ဒါကဖြစ်နိုင်ချေရှိတယ် .. ဟုတ်တယ်မဟုတ်လား

လူငယ် - ဟုတ်ကဲ့ .. အဲ့ဒါဟာလုံးဝ ဖြစ်နိုင်ချေရှိတယ် .. အဲ့သလိုအနေအထားဟာ သူ့အတွက်အတော်စိန်ခေါ်မှုပြင်းထန်တဲ့အနေအထားတစ်ခုလို့ ကျွန်တော်စိတ်ကူးကြည့်လို့ရတယ်

ဒဿနပညာရှင် - ပြီးတော့ "အကျိုးတရားတစ်ခုမဖြစ်ခင်မှာ အကြောင်းတရားတစ်ခုရှိတယ်" လို့မင်းပြောခဲ့တယ်နော် ဒါမှမဟုတ်တနည်းပြောရရင် လက်ရှိငါဆိုတဲ့လူ (အကျိုးတရား) ဟာ ငါ့အတိတ်ကဖြစ်ရပ်တွေ (အကြောင်းတရားတွေ) ရဲ့ပြဋ္ဌာန်းမှုကိုခံနေရတာပေါ့ .. ငါနားလည်တာ မှန်ရဲ့လား

လူငယ် - မှန်ပါတယ်

ဒဿနပညာရှင် - ဆိုတော့မင်းစကားအရ ကမ္ဘာလောကထဲကလူတိုင်းရဲ့လက်ရှိအချိန်လက်ရှိနေရာကအနေအထားဟာ သူတို့အတိတ်ကဖြစ်ရပ်တွေကြောင့် ဖြစ်နေရတာဖြစ်မယ် .. အရာရာဟာအလွန်ထူးဆန်းစွာနဲ့ ရုတ်တရက်ဖြစ်ပျက်သွားတာမျိုး မရှိနိုင်ဘူးလား .. မင်းမမြင်ဖူးဘူးလား .. သူ့မိဘတွေရဲ့ညှဉ်းပန်းနှိပ်စက်မှုကို ခံရပြီး မင်းသူငယ်ချင်းခံစားသလိုခံစားရပြီး ကြီးပျင်းလာကြတဲ့လူတိုင်းဟာ တကိုယ်တော်ဇေစာကျင့်တဲ့ သူတွေဖြစ်ကုန်ကြတာမျိုးမင်းမြင်ဖူးသလား .. ဒါမှမဟုတ် မင်းရဲ့အယူအဆတစ်ခုလုံးဟာ သက်သေမခိုင်လုံဘူးဖြစ်နေမလား .. ဆိုလိုတာက အတိတ်ဟာတကယ်ပဲအနာဂတ်ကိုပြဋ္ဌာန်းသလား .. အကြောင်းတရားဟာ အကျိုးတရားကို တကယ်ပဲထိန်းချုပ်သလား

လူငယ် - ခင်ဗျား ဘာကိုဆိုလိုချင်တာလဲ .. ပြောချင်တာကို ရှင်းရှင်းလင်းလင်း ပြောပါလား

ဒဿနပညာရှင် - ငါတို့ဟာ အတိတ်အကြောင်းတစ်ခုထဲအပေါ်မှာပဲ အာရုံစူးစိုက်ပြီး အရာရာကို အဲ့ဒီအကြောင်း အကျိုးတစ်ခုထဲနဲ့သာရှင်းပြနေမယ်ဆိုရင် ငါတို့ဟာ "ပြဋ္ဌာန်းခံဝါဒ" (determinism) ထဲကိုရောက်သွားလိမ့်မယ် .. ဘာကြောင့်လဲဆိုတော့ အဲ့ဒီဝါဒက ငါတို့ရဲ့ပစ္စုပ္ပန်နဲ့ အနာဂတ်ဟာ အတိတ်ဖြစ်ရပ်တွေရဲ့ပြဋ္ဌာန်းမှုကို ခံနေကြရပြီးလုံးဝပြောင်းလဲလို့မရတော့ဘူးလို့ ပြောနေတယ် .. ငါပြောတာ မှားသလား

လူငယ် - ဒါဖြင့် အတိတ်ကအရေးမပါဘူးလို့ ခင်ဗျားဆိုလိုချင်တာလား

ဒဿနပညာရှင် - ဟုတ်တယ် .. ဒါက အက်ဒလာစိတ်ပညာရဲ့ ရပ်တည်ချက်ပဲ

လူငယ် - ဟုတ်ပါပြီ .. ပဋိပက္ခဖြစ်နေတဲ့အချက်က နဲနဲတော့ရှင်းလင်းလာပြီ .. ဒါပေမယ့် ခင်ဗျားအလိုအရဆိုရင် ကျွန်တော့်သူငယ်ချင်း အခန်းပြင်ထွက်မရခြင်းဟာ လုံးဝအကြောင်းပြချက်မရှိဘူးလို့ ခင်ဗျားယတိပြတ်ပြောချင်တာလား .. ဘာကြောင့်လဲဆိုတော့ အတိတ်ဖြစ်ရပ်တွေဟာအရေးမပါဘူးလို့ ခင်ဗျားပြောခဲ့တယ်လေ .. ပြောရတာတော့ဝမ်းနည်းပါတယ်.. အဲ့ဒါဟာလုံးဝအဓိပ္ပါယ်မရှိဘူး.. သူ့ရဲ့အခန်းထဲမှာတစ်ယောက်ထဲ အထီးကျန်နေခြင်းရဲ့နောက်ကွယ်မှာ အကြောင်းရင်းတချို့ရှိကိုရှိရမယ် .. ရှိကိုရှိရမယ် ဒါမှမဟုတ်ရင်အဲ့ဒီအကြောင်းကို ဘယ်လိုမှရှင်းပြနိုင်မှာမဟုတ်ဘူး

ဒဿနပညာရှင် - တကယ်တော့ရှင်းပြချက်မရှိပါဘူး .. အက်ဒလာစိတ်ပညာမှာ ငါတို့ဟာ အတိတ် "အကြောင်းတရား" ကိုမစဉ်းစားဘူး .. ဒါပေမယ့်အဲ့ဒါထက် ပစ္စုပ္ပန် "ရည်ရွယ်ချက်တွေ" ကိုပဲစဉ်းစားတယ်

လူငယ် - ပစ္စုပ္ပန် ရည်ရွယ်ချက်တွေ ဟုတ်လား

ဒဿနပညာရှင် - မင်းသူငယ်ချင်းဟာ စိတ္တဇမလုံခြုံမှုဖြစ်နေတယ် .. ဒါကြောင့်သူအပြင်မထွက်နိုင်တာ .. အဲ့ဒီအကြောင်းကို တစ်မျိုးလှည့်တွေးကြည့်စမ်းပါ .. သူဟာအပြင်မထွက်ချင်ဘူး .. ဒါကြောင့်သူဟာ စိတ်ရှုပ်ထွေးမှုအခြေအနေတစ်ခုကို ဖန်တီးနေတာပဲ

လူငယ် - ဟမ်

ဒဿနပညာရှင် - အဲ့ဒီကိစ္စကိုဒီလိုစဉ်းစားကြည့် .. မင်းသူငယ်ချင်းမှာ အခန်းပြင်ကိုမထွက်ချင်ဘူးဆိုတဲ့ ရည်ရွယ်ချက်က အရင်ကြိုတင်ပြီးရှိနှင့်နေတယ် .. ပြီတော့အဲ့ဒီရည်ရွယ်ချက်ကို ပြည့်ဝဖို့ရာနည်းလမ်းအဖြစ် သူဟာ စိတ်ရှုပ်ထွေးမှုအခြေအနေတွေနဲ့ အကြောက်တရားတွေကို ဖန်တီးထုတ်လုပ်လိုက်တယ် .. အက်ဒလာစိတ်ပညာမှာ ဒီအချက်ကို "အကျိုးအတွက်ဖန်တီးထားသောအကြောင်း" (teleology) လို့ခေါ်တယ်

လူငယ် - ခင်ဗျားနောက်နေတာပဲ .. ကျွန်တော့်သူငယ်ချင်းဟာ သူစိတ်ရှုပ်ထွေးဖို့နဲ့ကြောက်ဖို့ကို သူကိုယ်တိုင်တွေးတောဖန်တီးနေတာလား .. ကျွန်တော့်သူငယ်ချင်းဟာ မကျန်းမာချင်ယောင်ဆောင်နေတာလို့ ပြောချင်တာလား

ဒဿနပညာရှင် - သူမကျန်းမာချင်ယောင်ဆောင်နေတာမဟုတ်ပါဘူး .. မင်းသူငယ်ချင်းခံစားနေရတဲ့ စိတ်ရှုပ်ထွေးမှုနဲ့အကြောက်တရားဟာ အမှန်ပါပဲ .. မကြာခဏဆိုသလိုပဲ သူဟာခေါင်းတခြမ်းကိုက်တာနဲ့ ဗိုက်အလွန်အမင်းအောင့်တာတွေတောင် ခံစားရပါလိမ့်ဦးမယ် .. ဒါပေမယ့် အဲ့ဒါတွေဟာလည်းပဲ အပြင်မထွက်ချင်တဲ့ရည်မှန်းချက်ပြည့်ဝအောင် သူကိုယ်တိုင်ဖန်တီးထားတဲ့ ရောဂါလက္ခဏာတွေပါပဲ

လူငယ် - မဟုတ်ဘူး .. အဲ့ဒါအမှန်မဟုတ်ဘူး .. ဘယ်လိုမှမဖြစ်နိုင်ဘူး .. အဲ့ဒီအပြောက အတော်စိတ်ပျက်စရာကောင်းတယ်

ဒဿနပညာရှင် - မဟုတ်ဘူး .. ဒါဟာ အကြောင်းရင်းကိုလေ့လာတဲ့ပညာရပ် (etiology) နဲ့ အကျိုးအတွက်ဖန်တီးထားသောအကြောင်းတို့အကြားက ခြားနားချက်ပဲ .. မင်းငါ့ကိုပြောသမျှအကြောင်းအရာတွေဟာအကြောင်းရင်း အပေါ်မှာအခြေခံနေတယ် .. အကြောင်းတရားပေါ်မှာပဲ နေထိုင်နေသမျှကာလပတ်လုံးမှာတော့ ငါတို့ဟာရှေ့ကို ခြေတလှမ်းမှတိုးနိုင်မှာ မဟုတ်ဘူးကွ

## စိတ်ဒဏ်ရာဆိုတာ မရှိပါဘူး

------------------------------

လူငယ် - ခင်ဗျားအဲ့သလိုပဲအတင်းကာရောပြောနေမယ်ဆိုရင် စေ့စပ်တဲ့ရှင်းလင်းချက်ကို ကျွန်တော်လိုချင်တယ် .. အကြောင်းရင်းကိုလေ့လာတဲ့ပညာရပ်နဲ့ အကျိုးအတွက်ဖန်တီးထားသောအကြောင်းတို့ရဲ့ခြားနားချက်ဆိုတာ ခင်ဗျား ဘာကိုဆိုလိုတာလဲဆိုတာနဲ့ စလိုက်ကြရအောင်

ဒဿနပညာရှင် - မင်းအအေးမိပြီးအဖျားတက်နေတယ်ဆိုကြပါစို့ .. အဲ့ဒီတော့မင်း ဆရာဝန်နဲ့သွားပြတယ် .. အဲ့ဒီမှာဆရာဝန်ကမင်းကိုပြောတယ် .. ခင်ဗျားဖျားနာရခြင်းအကြောင်းရင်းက မနေ့ကခင်ဗျားအပြင်သွားတဲ့အချိန်မှာခင်ဗျားအဝတ်အစားလုံလုံခြုံခြုံ မဝတ်ဘဲသွားခဲ့လို့ဖြစ်ရတာပဲဗျလို့ ပြောလိုက်တယ်ဆိုကြပါစို့ .. အဲ့သလိုလေးပဲပြောလိုက်တာကို မင်းကျေနပ်နိုင်ပါ့မလား

လူငယ် - ဘယ်ကျေနပ်နိုင်မှာလဲ .. ကျွန်တော့်အတွက် ကျွန်တော်ဘယ်လိုဝတ်စားခဲ့တယ် ဒါမှမဟုတ် မိုးရွာနေခဲ့တယ် ဒါမှမဟုတ် တခြားဘယ်လိုအကြောင်းရင်းကမှ အရေးမကြီးဘူးလေ .. ကျွန်တော်အဖျားတက်နေတာနဲ့ကျွန်တော့်ရဲ့ရောဂါလက္ခဏာတွေကိုရှင်းပြပြီးကုသပေးဖို့ကမှ ကျွန်တော့်အတွက်အရေးကြီးတာလေ .. သူကဆရာဝန်တစ်ယောက်ပဲ .. သူ့ဆီကကျွန်တော်လိုအပ်တာက သောက်ဆေး၊ ထိုးဆေးတွေပေးတာ ဒါမှမဟုတ်တခြားအထူးပြုကုသပေးရမယ့် လိုအပ်တဲ့ကုသမှုတွေပဲလေ

ဒဿနပညာရှင် - ဒါပေမယ့် ဆွေးနွေးအကြံပေးသူတွေနဲ့ စိတ်ကုသမှုပညာရှင်တွေအပါအဝင် အကြောင်းရင်းကိုလေ့လာသူတွေဟာ မင်းအခုလိုခံစားနေရတာက အတိတ်ကဒီအကြောင်းဒီအကြောင်းတွေကြောင့်ဖြစ်တယ်လို့ပြောကြမယ် .. ပြီးတော့ "ဒါဟာ မင်းအမှားကြောင့်မဟုတ်ပါဘူးကွာ" ဆိုတဲ့စကားကိုပြောပြီး မင်းကိုနစ်သိမ့်ပေးလိုက်တာနဲ့ပဲအဆုံးသတ်သွားလိမ့်မယ် .. စိတ်ဒဏ်ရာတွေလို့ခေါ်နေကြတဲ့ဟာတွေနဲ့ ပတ်သက်တာအားလုံးဟာအကြောင်းရင်းကိုလေ့လာတဲ့ဝါဒရဲ့ ပုံမှန်ပုံစံတစ်ခုပါပဲ

လူငယ် - နေပါဦး .. ခင်ဗျားက စိတ်ဒဏ်ရာဆိုတာလည်းမရှိဘူးလို့ ငြင်းဆိုနေတာလား

ဒဿနပညာရှင် - ဟုတ်ပါတယ် .. စိတ်ဒဏ်ရာဆိုတာမရှိဘူးလို့ ငါငြင်းဆိုတယ် .. အခိုင်အမာပဲ ငြင်းဆိုတယ်

လူငယ် - ဘာ .. ခင်ဗျားဒါမှမဟုတ် အက်ဒလာကိုပဲပြောရမလား .. သူဟာ စိတ်ပညာနယ်ပယ်က ဩဇာကြီးတဲ့ သူတစ်ယောက်လေ

ဒဿနပညာရှင် - အက်ဒလာစိတ်ပညာမှာ စိတ်ဒဏ်ရာဆိုတာကိုလုံးဝ ငြင်းပယ်တယ် .. ဒါဟာလုံးဝအသစ်ဖြစ်ပြီး စိတ်ပညာနယ်ပယ်မှာတော်လှန်ပြောင်းလဲပစ်လိုက်သလိုဖြစ်သွားစေတဲ့ အချက်တစ်ချက်ပဲ .. ဖရိုဒ်ဝါဒီတွေရဲ့စိတ်ဒဏ်ရာပေါ်အမြင်ကတော့ ထူးခြားဆန်းပြားတာပေါ့ .. ဖရိုဒ်ရဲ့အတွေးအမြင်က လူတစ်ယောက်ရဲ့ စိတ်ပိုင်းဆိုင်ရာဒဏ်ရာ (စိတ်ဒဏ်ရာ) တွေဟာ သူ့ရဲ့ပစ္စုပ္ပန်မှာမပျော်ရွှင်မှုကိုဖြစ်စေတယ်လို့ပဲ .. လူတစ်ယောက်ရဲ့ဘဝကို ကျယ်ပြန့်တဲ့နောက်ကြောင်းပြန်ဇာတ်လမ်းကြီးတစ်ခုအဖြစ် ရှုကြည့်တဲ့အခါမှာ အကြောင်းရင်းတွေနဲ့ ခိုင်မြဲတဲ့ထင်မြင်ချက်တွေကိုဖန်တီးပေးတဲ့ တဖြည်းဖြည်းချင်းဖွံ့ဖြိုးတိုးတက်လာမှုကို အလွယ်တကူနားလည်နိုင်မှာဖြစ်တယ် .. ပြီးတော့ အဲ့သလိုရှုမြင်ကြည့်ရတာကလည်း လုံးဝဆွဲဆောင်မှုရှိနေတယ် .. ဒါပေမယ့် အက်ဒလာစိတ်ဒဏ်ရာကိုငြင်းဆိုရာမှာ ဒီလိုပြောခဲ့တယ် .. "ကျွန်တော်တို့ဟာ ကျွန်တော်တို့ရဲ့အတွေ့အကြုံတွေကြောင့် ထိတ်လန့်တုန်လှုပ်မှုဖြစ်ပြီး စိတ်ဒဏ်ရာလို့ခေါ်နေကြတဲ့အရာကို ခံစားကြရတာမဟုတ်ပါဘူး .. ကျွန်တော်တို့ရဲ့ ရည်မှန်းချက်တွေကို ပြည့်ဝစေဖို့ရာအတွက်သာ အဲ့ဒီစိတ်ဒဏ်ရာဆိုတာတွေကို ဖန်တီးယူလိုက်ကြတာ ဖြစ်ပါတယ် .. ကျွန်တော်တို့ဟာကျွန်တော်တို့အတွေ့အကြုံတွေရဲ့ ပြဿနာန်းခံမဟုတ်ကြပါဘူး .. အဲ့ဒီအတွေ့အကြုံဆိုတာတွေထဲကို ကျွန်တော်တို့ဘာသာပြဋ္ဌာန်းထားတဲ့ အနက်အဓိပ္ပါယ်တွေကို ထည့်သွင်းပေးလိုက်ကြတာသာဖြစ်ပါတယ်"

လူငယ် - ဒါဖြင့်ရင် ကျွန်တော်တို့ရည်မှန်းချက်တွေကို ပြည့်ဝစေဖို့ရာဆိုရင် ကျွန်တော်တို့ဘာမဆိုလုပ်မှာလား

ဒဿနပညာရှင် - အတိအကျပါပဲ .. ဒီနေရာမှာ အက်ဒလာထောက်ပြခဲ့တဲ့အချက်ကို အာရုံစိုက်ပါ .. ငါတို့ဟာ ငါတို့အတွေ့အကြုံတွေကြောင့် ပြဋ္ဌာန်းခံဖြစ်နေကြရတာမဟုတ်ဘူး .. အဲ့ဒီအရာတွေအထဲကို ငါတို့ထည့်သွင်းပေးလိုက်တဲ့အနက်အဓိပ္ပါယ်တွေကြောင့်ပြဋ္ဌာန်းခံဖြစ်ကြရတာပါ.. ကလေးဘဝကကြောက်မက်ဖွယ်ရာအတွေ့အကြုံတွေ ဒါမှမဟုတ် တခြားသောဖြစ်ရပ်ဆိုးတွေက လူတစ်ယောက်ရဲ့ကိုယ်ရည်ကိုယ်သွေးဖွံ့တည်မှုမှာ လွှမ်းမိုးမှုရှိမနေဘူးလို့ သူပြောခဲ့တာမဟုတ်ပါဘူး .. အဲ့ဒါတွေရဲ့လွှမ်းမိုးမှုက ပြင်းထန်အားကောင်းပါတယ် .. ဒါပေမယ့် အဓိကအချက်က အဲ့ဒီလွှမ်းမိုးမှုတွေကြောင့်ပြဋ္ဌာန်းခံဖြစ်လာတာ ဘယ်အရာမှမရှိပါဘူး .. မင်းရဲ့ဘဝဟာ တစ်ယောက်ယောက်က ချမှတ်ပေးလိုက်တဲ့အရာမဟုတ်ဘူး .. မင်းရဲ့ဘဝဟာ မင်းကိုယ်တိုင်ရွေးချယ်ပြီး ဖွဲ့တည်ခဲ့တဲ့အရာတစ်ခုပဲ .. ပြီးတော့ မင်းဘယ်လိုဘဝနဲ့နေထိုင်မလဲဆိုတာ ဆုံးဖြတ်တဲ့သူဟာ မင်းကိုယ်တိုင်ပါပဲ

လူငယ် - ကောင်းပါပြီ .. ဆိုတော့ ကျွန်တော့သူငယ်ချင်းသူ့အခန်းထဲမှာပိတ်လှောင်ပြီးနေနေတာဟာ သူကိုယ်တိုင်အဲ့သလို နေချင်လို့ရွေးချယ်ခဲ့တာလား .. ကျွန်တော့်ကိုယုံပါ .. အဲ့ဒါဟာ သူနေချင်တဲ့ဘဝမျိုး မဟုတ်ပါဘူး .. အဲ့ဒါဟာ အခြေအနေတွေကြောင့် ရွေးချယ်ဖို့ရာသူဖိအားပေးခံလိုက်ရတဲ့ အနေအထားတစ်ခုပါ .. သူအဲ့သလိုအနေအထားနဲ့နေဖို့ကအပြင် အခြားရွေးချယ်စရာသူ့မှာ ရှိမနေလို့ပါ

ဒဿနပညာရှင် - မဟုတ်ဘူး .. မင်းသူငယ်ချင်း အဲ့သလိုတကယ်ပဲစဉ်းစားခဲ့တယ် ဆိုပါဦးတော့ .. ငါဟာ ငါ့မိဘတွေရဲ့နှိပ်စက်မှုကြောင့် လူ့အဖွဲ့အစည်းထဲမှာအံမဝင်တော့ဘူးလို့ သူတကယ်တွေးတောခဲ့ရင်တောင်မှ အဲ့သလိုတွေးတောဖို့ရာဟာ သူ့ရဲ့ ရည်ရွယ်ချက်ပဲ

လူငယ် - အဲ့ဒါက ဘယ်လိုရည်ရွယ်ချက်မျိုးကြီးလဲ

ဒဿနပညာရှင် - အနီးဆုံးရည်ရွယ်ချက်ကတော့ "အခန်းပြင်မထွက်ဘူး" ဆိုတဲ့ရည်ရွယ်ချက်ဖြစ်မှာပေါ့ .. ဒါကြောင့်အခန်းအတွင်းထဲမှာပဲနေနိုင်ဖို့ရာအတွက် သူဟာစိတ်ရှုပ်ထွေးမှုနဲ့အကြောက်တရားကို အကြောင်းပြချက်တစ်ခုအဖြစ်နဲ့ ဖန်တီးလိုက်တာပေါ့

လူငယ် - ဒါပေမယ့် သူဘာလို့အပြင်မထွက်ချင်ရတာလဲ .. ဘယ်နေရာမှာပြဿနာရှိနေလို့လဲ

ဒဿနပညာရှင် - ကောင်းပြီ .. အဲ့ဒါကို မိဘတွေရဲ့ရှုထောင့်ကနေကြည့်ကြည့်.. မင်းရဲ့ကလေးအခန်းထဲမှာပိတ်ပြီး နေနေမယ်ဆို မင်းဘယ်လိုခံစားရမလဲ

လူငယ် - ကျွန်တော်စိတ်ပူမှာပေါ့ .. သူ့ကိုလူ့အဖွဲ့အစည်းထဲပြန်ဘောင်ဝင်လာအောင် ကူညီမှာပေါ့ .. ကျွန်တော် သူ့ကိုကောင်းစေချင်တယ် .. ကျွန်တော်သူ့ကိုကောင်းကောင်းမပျိုးထောင်ခဲ့မိရင် ကျွန်တော်စိတ်ကောင်းမှာ မဟုတ်ဘူး .. သူပုံမှန်အနေအထားကိုပြန်ရောက်လာအောင် ဖြစ်နိုင်သမျှနည်းလမ်းတွေအကုန်လုံးသုံးပြီး ကျွန်တော်ကြိုးစားမှာပဲ

ဒဿနပညာရှင် - အဲ့ဒီနေရာမှာ ပြဿနာရှိနေတာပဲ

လူငယ် - ဘယ်နေရာလဲ

ဒဿနပညာရှင် - ငါ ငါ့အခန်းထဲမှာပဲ တချိန်လုံးနေနေပြီး ဘယ်တော့မှအပြင်ထွက်မလာဘူးဆိုရင် ငါ့မိဘတွေ စိတ်ပူကြမှာပဲ .. အဲ့ဒီအချိန်မှာ ငါဟာ ငါ့မိဘတွေရဲ့အာရုံစိုက်မှုအားလုံးကို ရနေမှာပဲ .. သူတို့ငါ့ကို အဆုံးစွန်ဆုံး အထိဂရုစိုက်ကြပြီး ငြင်ငြင်သာသာဆက်ဆံကိုင်တွယ်ကြမှာပဲ .. တခြားတစ်ဖက်မှာလဲ ငါအခန်းထဲက ခြေတစ်လှမ်းထွက်လိုက်ပြီဆိုတာနဲ့ ငါဟာဘယ်သူကမှဂရုစိုက်မှာမဟုတ်တော့တဲ့သူတစ်ယောက် ပြန်ဖြစ်သွား

မှာပဲလေ .. အပြင်ထွက်ပြီးလူ့အဖွဲ့အစည်းထဲသွားတဲ့အခါ ငါဟာငါမသိတဲ့လူတွေအများကြီးကြားကို ရောက်သွားပြီး သာမန် ဒါမှမဟုတ် သာမန်ထက်နိမ့်ကျတဲ့သူတစ်ယောက်အနေနဲ့ စခန်းသိမ်းသွားရမှာပဲ .. ဘယ်သူမှငါ့ကို အကြာကြီးအထူးဂရုစိုက်နိုင်မှာမဟုတ်ဘူး .. အဲ့သလိုတစ်ယောက်ထဲ ဇာစာလုပ်နေသူတွေရဲ့ ဇာတ်လမ်းတွေကို ငါတို့အများကြီးကြားနေရတာပဲ

လူငယ် - ဒီကိစ္စမှာ ခင်ဗျားရဲ့ကြောင်းကျိုးဆင်ခြင်ပုံအရကြည့်မယ်ဆိုရင် ကျွန်တော်သူငယ်ချင်းဟာ သူ့ရဲ့ ရည်မှန်းချက်ပြည့်ပြီး လက်ရှိအနေအထားကိုကျေနပ်နစ်သိမ့်နေတယ်ပေါ့

ဒဿနပညာရှင် - သူကျေနပ်နစ်သိမ့်နေတယ်ဆိုတာကိုတော့ ငါသံသယရှိတယ် .. ပြီးတော့သူပျော်လည်းနေမှာ မဟုတ်ဘူးဆိုတာလည်းသေချာတယ်.. ဒါပေမယ့် ဒီအရာတွေကိုသူ့ရည်မှန်းချက်ပြည့်ဖို့ရာအတွက် သူကိုယ်တိုင် လုပ်နေတယ်ဆိုတာကတော့ သံသယရှိစရာမလိုဘူး .. ဒါဟာ မင်းသူငယ်ချင်းတစ်ယောက်ထဲမှ ထူးပြီးဖြစ်နေတဲ့ ကိစ္စတစ်ခုတော့မဟုတ်ဘူး .. ငါတို့အားလုံးဟာ ရည်မှန်းချက်တချို့ ပြည့်ဝအောင်လုပ်ဆောင်နေထိုင်နေကြတဲ့ သူတွေချည်းပဲ .. ဒါဟာ အကျိုးအတွက်ဖန်တီးထားသောအကြောင်း သဘောတရားက ငါတို့ကိုပြောပြနေတဲ့ အချက်ပဲ

လူငယ် - မဟုတ်တာဗျာ .. အဲ့ဒါကိုလုံးဝလက်မခံနိုင်တဲ့အချက်အဖြစ် ကျွန်တော်ကန့်ကွက်တယ် .. ကြည့် .. ကျွန်တော့်သူငယ်ချင်းက .......

ဒဿနပညာရှင် - နားထောင်ဦး .. မင်းသူငယ်ချင်းအကြောင်းကိုပဲ တည်ပြီးပြောနေမယ်ဆိုရင် ငါတို့ရဲ့ဆွေးနွေးမှု ဟာ ဒီနေရာမှာပဲလည်နေပြီး ဘယ်ကိုမှရောက်တော့မှာမဟုတ်ဘူး .. တရားခံလို့စွပ်စွဲခံရသူ မလာတဲ့တရားခွင် တစ်ခုကို စစ်ဆေးနေရသလိုပဲဖြစ်နေလိမ့်မယ် .. ဒါက အချည်းနှီးပဲ .. နောက်ထပ်ဥပမာတစ်ခုကို သုံးကြရအောင်

လူငယ် - ကောင်းပြီလေ .. ဒီတစ်ခုဆိုရင်ရောဘယ်လိုနေမလဲ .. ကျွန်တော်မနေ့က ကြုံခဲ့ရတဲ့ကျွန်တော့်ကိုယ်ပိုင် အတွေ့အကြုံပဲ

ဒဿနပညာရှင် - အိုး .. ငါနားထောင်နေပါတယ်

## လူတွေက ဒေါသကိုဖန်တီးကြတယ်

---------------------------------------

လူငယ် - မနေ့နေ့လည်က ကျွန်တော်ကော်ဖီဆိုင်မှာထိုင်ပြီးစာဖတ်နေတုန်း ဖြတ်သွားတဲ့စားပွဲထိုးက ကျွန်တော့် ဂျာကင်အကျႌပေါ်ကို ကော်ဖီတွေမှောက်ချလိုက်တယ် .. အဲ့ဒီဂျာကင်ကိုကျွန်တော်ဝယ်ထားတာမကြာသေးဘူး ..

ပြီးတော့ကျွန်တော့်မှာရှိတဲ့အဝတ်အစားတွေထဲမှာ အဲ့ဒီဂျာကင်ကအမိုက်စားပဲ .. ကျွန်တော်ဘယ်လိုမှမထိန်းနိုင်ဘဲ စိတ်ဆိုးဒေါသထွက်သွားမိတယ် .. ကျွန်တော်သူ့ကိုအတော်လေးအော်ဟစ်ပစ်လိုက်တယ် .. ပုံမှန်ဆိုရင်ကျွန်တော်ဟာ လူထူတဲ့နေရာမှာစကားတောင်သိပ်ပြောလေ့ရှိတဲ့သူမဟုတ်ဘူး .. မနေ့ကတော့ ဆိုင်ထဲမှာကျွန်တော့်ရဲ့ဆူပူအော်ဟစ်သံတွေနဲ့ဖုံးလွှမ်းသွားတယ်.. ကျွန်တော်ခပ်ကြမ်းကြမ်းဖြစ်သွားပြီး ဘာလုပ်လို့လုပ်လိုက်မိမှန်းမသိတော့ဘူး .. ဆိုတော့ အဲ့ဒါကဘယ်လိုဖြစ်တာလဲ .. အဲ့ဒီဖြစ်ရပ်ထဲမှာရည်မှန်းချက်ဆိုတာမျိုးများပါသွားလို့လား .. ခင်ဗျားဘယ်ရှုထောင့်ကပဲကြည့်ကြည့် ဒီဖြစ်ရပ်ဟာအကြောင်းရင်းတစ်ခုကနေအစပြုပြီးပေါ်ပေါက် လာတဲ့ဖြစ်ရပ်တစ်ခုပဲ မဟုတ်လား

ဒဿနပညာရှင် - ဆိုတော့မင်းဟာ ဒေါသဆိုတဲ့စိတ်ခံစားမှုရဲ့လှုံ့ဆော်တာကိုခံလိုက်ရပြီး အော်ဟစ်သောင်းကျန်းလိုက်မိတာမျိုးဖြစ်သွားတယ်ပေါ့.. ပုံမှန်အားဖြင့်မင်းဟာသိမ်မွေ့တဲ့သူတစ်ဦးဖြစ်ပေမယ့် မင်းဟာဒေါသထွက်လာတာကိုမခုခံမတွန်းလှန်နိုင်လိုက်ဘူး .. အဲ့ဒါဟာရှောင်လွှဲမရတဲ့ ဖြစ်ရပ်တစ်ခု .. ပြီးတော့ အဲ့ဒါအတွက်မင်းဘာမှမတတ်နိုင်ခဲ့ဘူး .. မင်းအဲ့သလိုပြောချင်တာလား

လူငယ် - ဟုတ်ပါတယ်.. အဲ့ဒါဟာမရည်ရွယ်ဘဲ ရုတ်တရက်ဖြစ်သွားတဲ့ကိစ္စပါ.. ကျွန်တော်စဉ်းစားဖို့အချိန်မရခင်မှာပဲစကားလုံးတွေက ကျွန်တော့်ပါးစပ်ထဲက ထွက်လာကြတာပါ

ဒဿနပညာရှင် - ဒါဖြင့်ဆိုကြပါစို့ .. မနေ့ကမင်းမှာဓါးတစ်လက်ရှိနေခဲ့ရင် မင်းဒေါသထွက်သွားတဲ့အချိန်မှာအဲ့ဒီစားပွဲထိုးကိုဓားနဲ့ထိုးလိုက်မှာလား .. အဲ့သလိုထိုးပြီးတော့ "ဒါဟာရှောင်လွှဲလို့မရတဲ့ ဖြစ်ရပ်တစ်ခု .. ပြီးတော့ အဲ့ဒါအတွက်ကျွန်တော်ဘာမှမတတ်နိုင်ခဲ့ဘူး" လို့ပြောပြီး ဖြေသိမ့်မလား

လူငယ် - ဒါ.. ဒါ .. အား .. အဲ့ဒါကြီးကတော့ အဆုံးရောက်အောင် တမင်ကပ်ပြီးပြောနေတာကြီးပဲ

ဒဿနပညာရှင် - အဲ့ဒါကအဆုံးရောက်အောင်ပြောတာ မဟုတ်ပါဘူး .. မင်းရဲ့ကြောင်းကျိုးဆင်ခြင်မှုအတိုင်းဆက်ပြောကြရင် .. ဒေါသကြောင့်ဖြစ်သွားတဲ့ကိစ္စရပ်တိုင်းမှာ ဒေါသကိုပဲအပြစ်တင်ရမှာဖြစ်ပြီး လူရဲ့အပေါ်ကိုအပြစ်တင်စရာမရှိဘူးမဟုတ်လား .. ဘာကြောင့်လဲဆိုတော့ လူတွေဟာသူတို့ရဲ့စိတ်ခံစားမှုကို မထိန်းချုပ်နိုင်ဘူးလို့မင်းက ပြောနေတာကိုး

လူငယ် - ကောင်းပြီလေ .. ဒါဖြင့် ကျွန်တော်ဒေါသထွက်သွားတာကို ခင်ဗျားဘယ်လိုရှင်းပြနိုင်မလဲ

ဒဿနပညာရှင် - ဒါကလွယ်ပါတယ် .. မင်းကြမ်းကြမ်းတမ်းတမ်းဖြစ်သွားပြီး အော်ဟစ်ဆူပူသောင်းကျန်းမိတာမဟုတ်ဘူး .. မင်းဟာအော်ချင်လို့ကို ဒေါသကိုဖန်တီးလိုက်တာပါ .. တနည်းပြောရရင် အော်ချင်တယ်ဆိုတဲ့ရည်မှန်းချက်ပြည့်စေဖို့ရာအတွက် ဒေါသဆိုတဲ့စိတ်ခံစားမှုတစ်ခုကို မင်းဖန်တီးလိုက်တာပဲ

လူငယ် - ခင်ဗျားဘာကိုဆိုလိုတာလဲ

ဒဿနပညာရှင် - အော်ချင်တယ်ဆိုတဲ့ရည်ရွယ်ချက်က တခြားအရာတွေမဖြစ်ခင် အရင်ပေါ်လာတာပဲ .. ပြောရမယ်ဆိုရင် အော်လိုက်ခြင်းအားဖြင့် မင်းဟာစားပွဲထိုးအပေါ်အာဏာသက်ရောက်အောင်လုပ်လိုက်ပြီး မင်းပြောတာကိုစားပွဲထိုးနားထောင်အောင် လုပ်လိုက်တာပဲ .. အဲ့သလိုလုပ်ဖို့ရာအတွက်နည်းလမ်းအဖြစ် မင်းဟာ ဒေါသဆိုတဲ့စိတ်ခံစားမှုကို ဖန်တီးလိုက်တာပါ

လူငယ် - ကျွန်တော်က ဒေါသကိုဖန်တီးလိုက်တယ် ဟုတ်လား .. ခင်ဗျားနောက်နေတာပဲ

ဒဿနပညာရှင် - ဒါဖြင့် မင်းဘာလို့အသံမြှင့်ပြီး အော်ခဲ့သလဲ

လူငယ် - ကျွန်တော်ပြောပြီးပြီလေ .. ကျွန်တော်ဒေါသထွက်သွားပါတယ်ဆို .. ကျွန်တော်အတော်လေး စိတ်ပျက်လက်ပျက်ဖြစ်သွားတာလေ

ဒဿနပညာရှင် - မဟုတ်ဘူး .. မင်းမအော်ဘဲနဲ့လည်း ပြဿနာကိုရှင်းပြလို့ရတယ်လေ .. ပြီးတော့ စားပွဲထိုးကလည်းမင်းကို ရိုးရိုးသားသားနဲ့ပြန်တောင်းပန်မှာပဲမဟုတ်လား .. မင်းဂျာကင်ကိုအဝတ်သန့်သန့်တစ်ခုနဲ့ သုတ်ပေးမယ် .. ပြီးတော့လိုအပ်သလိုတောင်းပန်ပြီး မင်းကျေနပ်အောင်တစ်ခုခုလုပ်ပေးမှာပဲလေ .. ပြီးတော့ အခြောက်လျှော်တာတွေဘာတွေတောင် လုပ်ပေးကောင်းလုပ်ပေးနိုင်တာပဲ .. ပြီးတော့မင်းစိတ်ရဲ့တစ်နေရာရာမှာစားပွဲထိုးဆီကအဲ့သလိုလုပ်ပေးတာမျိုးတွေကို မျှော်လင့်နေတယ် .. အဲ့သလိုဖြစ်နေပေမယ့်လည်း မင်းအော်လိုက်တယ် .. ပုံမှန်စကားလုံးတွေနဲ့ စားပွဲထိုးကိုရှင်းလင်းပြောပြနေတာက ကရိကထများလိမ့်မယ် .. အဲ့သလိုရှင်းပြနေရတဲ့အခြေအနေမျိုးကိုလည်း မင်းမလိုချင်ဘူး .. ဆိုတော့ခုခံနိုင်စွမ်းမဲ့နေတဲ့ လူတစ်ယောက်အပေါ်မှာ မင်းကအာဏာနဲ့ထပ်ဖိလိုက်တယ် .. ဒီနေရာမှာမင်းအသုံးပြုလိုက်တဲ့ လက်နက်ကိရိယာက ဒေါသဆိုတဲ့စိတ်ခံစားမှုပေါ့

လူငယ် - အဓိပ္ပါယ်မရှိလိုက်တာဗျာ .. ကျွန်တော့်ကိုအရူးမလုပ်ချင်ပါနဲ့ .. သူကျွန်တော့်ကိုနာခံလာအောင် ကျွန်တော်ကဒေါသကိုထုတ်လုပ်လိုက်တာ ဟုတ်လား .. ကျွန်တော်ကျိန်ပြောဆိုပြောပါတယ် .. အဲ့သလိုတွေ စဉ်းစားရလောက်အောင်အထိ ကျွန်တော်အချိန်တစ်စက္ကန့်လေးတောင် မရခဲ့ပါဘူး.. စဉ်းစားပြီးမှဒေါသထွက်ခဲ့တာမဟုတ်ပါဘူး .. ဒေါသဆိုတာ အလိုအလျောက်ဖြစ်လာတဲ့ စိတ်ခံစားမှုပါ

ဒဿနပညာရှင် - မှန်ပါတယ် .. ဒေါသဆိုတာချက်ချင်းထွက်လာတဲ့ စိတ်ခံစားမှုပါ .. ဒါပေမယ့် နားထောင်စမ်းပါဦး .. ငါ့မှာဇာတ်လမ်းလေးတစ်ပုဒ်ရှိတယ် .. တစ်ရက်မှာ အမေတစ်ယောက်နဲ့သမီးတစ်ယောက် ကျယ်ကျယ်လောင်လောင်အော်ဟစ်ပြီး စကားများနေကြတယ် .. အဲ့ဒီအချိန်မှာပဲ ရုတ်တရက်တယ်လီဖုန်းသံမြည်လာတယ် .. အမေလုပ်သူက ဖုန်းကိုအမြန်ကောက်ကိုင်လိုက်ပြီး "ဟယ်လို" လို့ပြောလိုက်တယ် .. သူ့အသံကဒေါသနဲ့

ခပ်ဆတ်ဆတ်ဖြစ်နေတုန်းပဲ .. ဖုန်းခေါ်တဲ့သူက သူ့သမီးရဲ့အတန်းပိုင်ဆရာမ .. ဖုန်းခေါ်နေတာက ဘယ်သူလဲ ဆိုတာသိသွားတဲ့အချိန်မှာပဲ အမျိုးသမီးရဲ့လေသံကပြောင်းသွားပြီး အင်မတန်ယဉ်ကျေးတဲ့အသံဖြစ်သွားတယ် .. ပြီးတော့နောက်ထပ် ငါးမိနစ်လောက် သူဟာအယဉ်ကျေးဆုံးလေသံနဲ့ ဆရာမကိုစကားပြောနေခဲ့တယ် .. ဖုန်းကိုချလိုက်ပြီးတဲ့ အခိုက်အတန့်မှာပဲ သူမရဲ့လေသံနဲ့ အမူအယာတွေ တဖန်ပြန်ပြောင်းသွားပြီး သူ့သမီးကို ပြန်အော်နေပြန်ပါလေရော

လူငယ် - အင်း .. ဒီဇာတ်လမ်းက ဖြစ်နေကျဇာတ်လမ်းမျိုးမဟုတ်ဘူး

ဒဿနပညာရှင် - မင်းမမြင်ဘူးလား .. ပြောရမယ်ဆိုရင် ဒေါသဆိုတာလိုအပ်ရင်လိုအပ်သလို ဆွဲယူအသုံးချ နိုင်တဲ့လက်နက်ကိရိယာတစ်ခုပဲ .. ဖုန်းပြောနေတဲ့အချိန်မှာ ဒေါသကိုခဏလေးဆိုင်းထားလိုက်လို့ရတယ် .. ဖုန်းပြောပြီးတဲ့အချိန်မှာ ဒေါသကိုပြန်ဆွဲယူလိုက်တာပဲ .. အမေလုပ်သူဟာ သူမထိန်းချုပ်နိုင်တဲ့ဒေါသနဲ့ အော်ဟစ်နေတာမဟုတ်ဘူး.. သူ့စကားအောင်ဖို့ရာအတွက် သူ့သမီးကိုအသံပြဲကြီးနဲ့အော်ပြီး သူ့အာဏာလွှမ်းမိုး အောင်လုပ်လိုက်တာပဲ

လူငယ် - ဆိုတော့ ဒေါသဆိုတာ ရည်ရွယ်ချက်အောင်ဖို့ရာအတွက် အသုံးပြုလိုက်တဲ့ နည်းလမ်းတစ်ခုပေ့ါ

ဒဿနပညာရှင် - ဟုတ်တယ် .. အဲ့ဒါက အကျိုးအတွက်ဖန်တီးထားသောအကြောင်း သဘောတရားက ရှင်းပြတဲ့ အချက်ပဲ

လူငယ် - အား .. ကျွန်တော်အခုသဘောပေါက်ပြီ .. ခင်ဗျားဝတ်ထားတဲ့ သိမ်မွေ့တဲ့အဲ့ဒီမျက်နှာဖုံးအောက်မှာ ခင်ဗျားဟာ ဆိုးဆိုးရွားရွားကိုနတ္ထိကဝါဒီ (nihilistic) ဆန်နေတာကိုး .. ခင်ဗျားဒေါသအကြောင်းကိုပြောတာ ဖြစ်ဖြစ်၊ ကျွန်တော့်ရဲ့ အခန်းပိတ်နေတဲ့သူငယ်ချင်းအကြောင်းပြောတာဖြစ်ဖြစ် ခင်ဗျားရဲ့အတွေးအမြင်တွေဟာ လူတွေကိုမယုံသင်္ကာဖြစ်နေတဲ့ ခံစားချက်တွေနဲ့ ပြည့်နှက်နေတာကိုး

**အတိတ်ရဲ့ထိန်းချုပ်မှုကိုမခံဘဲ ဘယ်လိုနေထိုင်မလဲ**

------------------------------------------------------

ဒဿနပညာရှင် - ငါက ဘယ်လိုများ နတ္ထိကဝါဒီဆန်နေလို့တုန်း

လူငယ် - စဉ်းစားကြည့်လေ .. ရှင်းရှင်းလေးပဲ .. ခင်ဗျားကလူ့စိတ်ခံစားမှုကို ငြင်းပယ်တယ် .. စိတ်ခံစားမှုဆိုတာ လက်နက်ကိရိယာတစ်ခုထက်မပိုဘူး .. အဲ့ဒါတွေက ရည်မှန်းချက်တွေပြည့်ဝဖို့ရာအသုံးချတဲ့ နည်းလမ်းတစ်ခု သာပဲ လို့ပြောခဲ့တယ်လေ .. ဒီမှာနားထောင်ပါဦး .. ခင်ဗျားအနေနဲ့စိတ်ခံစားမှုကိုငြင်းပယ်တယ်ဆိုရင် ခင်ဗျား

ဟာလူ့ဖြစ်တည်မှုကိုပါ ငြင်းဆန်နေတာပဲ .. ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ကိုလူသားဖြစ်စေတာ ကျွန်တော်တို့ရဲ့စိတ်ခံစားမှုတွေပဲ .. ကျွန်တော်တို့ဟာ ကျွန်တော်တို့ရဲ့ခံစားချက်တွေအလျောက် ယိမ်းနွဲ့လှုပ်ရှားနေတယ်ဆိုတဲ့အချက်က ကျွန်တော်တို့ကိုလူသားအဖြစ်ရှိနေစေတာပဲ .. စိတ်ခံစားမှုတွေကိုငြင်းပယ်ခဲ့ရင် လူသားဆိုတာဟာ သနားစရာကောင်းတဲ့စက်ပစ္စည်းတစ်ခုထက် ဘာမှပိုမှာမဟုတ်တော့ဘူး .. အဲ့ဒါက နတ္ထိကဝါဒမဟုတ်ရင် ဘာများဖြစ်ရဦးမှာလဲ

ဒဿနပညာရှင် - စိတ်ခံစားမှုတွေရှိတယ်ဆိုတဲ့အချက်ကို ငါမငြင်းပါဘူး .. လူတိုင်းမှာစိတ်ခံစားမှုတွေ ရှိပါတယ် .. အဲ့ဒါကသိသာထင်ရှားလွန်းပါတယ် .. ဒါပေမယ့် လူတွေဟာစိတ်ခံစားမှုကိုမတွန်းလှန်နိုင်ကြဘူးလို့ မင်းငါ့ကိုပြောမယ်ဆိုရင်တော့ အဲ့ဒါကိုငါဆန့်ကျင်ပြီး ငြင်းဆိုရလိမ့်မယ် .. အက်ဒလာစိတ်ပညာဆိုတာဟာ နတ္ထိကဝါဒကို လုံးလုံးဆန့်ကျင်တဲ့ ဒဿနတစ်ခု၊ အတွေးအမြင်ပုံစံတစ်ခုပါပဲ .. ငါတို့ဟာစိတ်ခံစားမှုတွေရဲ့ ထိန်းချုပ်မှုကိုခံနေကြရတာမဟုတ်ဘူး .. အဲ့ဒီအမြင်အရဆိုရင် လူတွေဟာစိတ်ခံစားမှုတွေရဲ့ထိန်းချုပ်ခြင်းကို ခံနေရတာမဟုတ်ရုံသာမက ငါတို့ဟာ အတိတ်ရဲ့လွှမ်းမိုးမှုကိုခံနေကြရတာလဲ မဟုတ်ဘူး

လူငယ် - ဆိုတော့ လူတွေဟာ စိတ်ခံစားမှုရော၊ အတိတ်ရောရဲ့ လွှမ်းမိုးမှုကို ခံနေကြရတာမဟုတ်ဘူးပေါ့

ဒဿနပညာရှင် - ကောင်းပြီ .. ဥပမာတစ်ခုကြည့်ရအောင် .. သူ့ရဲ့မိဘတွေအတိတ်မှာကွာရှင်းပြတ်စဲခဲ့ကြတဲ့ လူတစ်ယောက်ရှိတယ် ဆိုကြပါစို့ .. ဒါဟာ ဓမ္မဓိဋ္ဌာန်ကျတဲ့ဖြစ်ရပ်တစ်ခုမဟုတ်ဘူးလား .. တွင်းရေက အမြဲတမ်း အပူချိန်ခြောက်ဆယ်ဒီဂရီဝန်းကျင်မှာ ရှိနေသလိုပေါ့ .. ဒါပေမယ့် အဲ့ဒီကွာရှင်းပြတ်စဲမှုက အေးတယ်လို့ခံစားရလား နွေးတယ်လို့ခံစားရလား .. ဆိုတော့အဲ့ဒီကိစ္စကတော့ အခုလတ်တလောကိစ္စဖြစ်သွားပြီ .. ပုဂ္ဂလဓိဋ္ဌာန်ကျတဲ့ကိစ္စဖြစ်သွားပြီ .. အတိတ်မှာဘာတွေပဲဖြစ်ခဲ့သည်ဖြစ်စေ အဲ့ဒါတွေဟာ လူတစ်ယောက်ရဲ့လက်ရှိပစ္စုပ္ပန်ကိုပြဋ္ဌာန်းတဲ့အရာတွေထဲကို အဲ့ဒီလူကိုယ်တိုင် အနက်အဓိပ္ပါယ်တွေဆွဲယူထည့်သွင်းခဲ့လို့ပဲဖြစ်တယ်

လူငယ် - မေးခွန်းက "ဘာတွေဖြစ်ခဲ့တာလဲ" မဟုတ်ဘူး .. "အဲ့ဒါ ဘယ်လိုပြန်ပြေလည်သွားတာလဲ" ဆိုတာပဲ

ဒဿနပညာရှင် - ဟုတ်တာပေါ့ .. ငါတို့ဟာကာလယဉ်ယာဉ်သုံးပြီး အတိတ်ကိုပြန်သွားလို့မရဘူး .. အချိန်လက်တံတွေကိုနောက်ပြန်လှည့်လို့မရဘူး .. မင်းအတိတ်ရဲ့ပြဋ္ဌာန်းခံအဖြစ်နဲ့ပဲနေမယ်ဆိုရင် မင်းဟာအတိတ်ရဲ့ ရစ်ပတ်မှုကိုခံနေရမှာဖြစ်ပြီး ပျော်ရွှင်မှုကိုဘယ်တော့မှ ရှာတွေ့မှာမဟုတ်ဘူး

လူငယ် - ဒါမှန်ပါတယ် .. ကျွန်တော်တို့ဟာအတိတ်ကို မပြောင်းလဲနိုင်ပါဘူး .. အဲ့ဒါကြောင့်လဲဘဝဟာ အလွန်အမင်းခက်ခဲနေတာပေါ့

ဒဿနပညာရှင် - ဘဝဟာ ခက်ခဲရုံမကဘူး .. အတိတ်ကအရာရာတိုင်းကိုပြဋ္ဌာန်းနေရင် ပြီးတော့ ပြောင်းလဲဖို့ မဖြစ်နိုင်ဘူးဆိုရင် ဒီနေ့အချိန်အခါမှာနေထိုင်နေတဲ့ ငါတို့ဆိုတာဟာငါတို့ရဲ့ဘဝမှာရှေ့ ဆက်ဖို့ ထိရောက်တဲ့

ခြေလှမ်းတွေကိုလှမ်းနိုင်တော့မှာမဟုတ်ဘူး .. အဲ့ဒီအခါမှာရလဒ်ကဘာတွေဖြစ်လာမလဲ .. နတ္တိကဝါဒနဲ့ အဆိုးမြင်ဝါဒတွေဖြစ်လာပြီး မျှော်လင့်ချက်တွေဆုံးရှုံးပြီး ဘဝကိုလက်မြှောက်အရှုံးပေးချင်တဲ့စိတ်တွေဖြစ်လာမှာပဲ .. ဖရိုဒ်ရဲ့အတိတ်အကြောင်းတွေက ပစ္စုပ္ပန်ကိုပြဌာန်းနေတယ်ဆိုတဲ့ဝါဒဟာ ဘဝကိုစိတ်ဒဏ်ရာတွေနဲ့ သရုပ်ဖော်နေပြီး ပြဌာန်းခံဝါဒရဲ့ မတူညီတဲ့အမျိုးအစားခွဲတစ်ခုဖြစ်နေတာပဲ .. အဲ့ဒီအမြင်ဟာ နတ္တိကဝါဒဆီကို သွားတဲ့လမ်းကြောင်းတစ်ခုပဲ .. အဲ့သလိုတန်ဖိုးနှုန်းစံတွေကို မင်းလက်ခံနိုင်ပဲ့မလား

လူငယ် - အဲ့ဒါတွေကိုကျွန်တော်လက်မခံနိုင်ပါဘူး .. ဒါပေမယ့် အတိတ်ဆိုတာကတော့ အင်မတန်စွမ်းအားကြီးတယ်

ဒဿနပညာရှင် - ဖြစ်နိုင်ချေတွေကို စဉ်းစားကြည့်ပါ .. တစ်ယောက်ယောက်က လူတွေဟာပြောင်းလဲနိုင်တဲ့သတ္တဝါတွေလို့ယူဆခဲ့ရင် အတိတ်ပြဌာန်းခံဝါဒရဲ့တန်ဖိုးတွေဟာ ယုတ္တိမကျဘူးဖြစ်သွားပြီး အကျိုးအတွက်ဖန်တီးထားသောအကြောင်းကို လက်ခံသူတစ်ယောက်အလိုလိုဖြစ်သွားမှာပဲလေ

လူငယ် - ဆိုတော့ "လူတွေဟာပြောင်းလဲနိုင်တယ်" ဆိုတဲ့အယူအဆကို လူတိုင်းကလက်ခံထားရမှာလား

ဒဿနပညာရှင် - ဒါပေါ့ .. ပြီးတော့တစ်ခုနားလည်ထားဖို့က ဖရိုဒ်ရဲ့အတိတ်ပြဌာန်းခံဝါဒက ငါတို့ရဲ့လွတ်လပ်စွာရွေးချယ်လုပ်ကိုင်နိုင်မှု (free will) ကိုငြင်းပယ်ပြီး လူတွေကိုစက်ယန္တယားတစ်ခုလို့မြင်နေတဲ့အယူအဆသာဖြစ်တယ်

+++

*လူငယ်ဟာဆွေးနွေးတာကိုရပ်တန့်ပြီး ဒဿနပညာရှင်ရဲ့စာကြည့်ခန်းတစ်ခုလုံးကိုလှည့်ပတ်ကြည့်နေပါတယ်။ ကြမ်းပြင်ကနေမျက်နှာကျက်အထိ စာအုပ်စင်တွေမှာစာအုပ်တွေပြည့်နေပါတယ်။ သစ်သားစာကြည့်ခုံငယ်လေးတစ်ခုမှာတော့ ဖောင်တိန်တစ်ချောင်းချထားပြီး တစ်ဝက်တစ်ပျက်ရေးထားတဲ့ စာမူတစ်ခုကိုတွေ့ရပါတယ်။ အဲ့ဒီမှာရေးထားတာက .. "လူတွေဟာ အတိတ်အကြောင်းတရားတွေရဲ့ ပြဌာန်းခံမဟုတ်ပါဘူး ဒါပေမယ့် သူတို့ကိုယ်တိုင်ချမှတ်ထားတဲ့ရည်မှန်းချက်တွေနဲ့ ရှေ့ဆက်နေကြသူတွေဖြစ်ပါတယ်" ဆိုတဲ့စာကြောင်း ဖြစ်ပါတယ်။ ဒါက ဒဿနပညာရှင်စွဲကိုင်ထားတဲ့ အဆိုပြုချက်လဲဖြစ်ပါတယ်။ သူကိုင်စွဲထားတဲ့ အကျိုးအတွက်ဖန်တီးထားသောအကြောင်းတရားအယူအဆဟာ အကြောင်းတရားကိုအခြေခံထားတဲ့စိတ်ပညာရပ် အယူအဆတွေကို အမြစ်ကနေဆွဲလှန်သလိုဖြစ်နေပြီး အဲ့ဒါကိုလူငယ်က လက်မခံနိုင်ဘူးဖြစ်နေပါတယ်။ ဒါကြောင့်သူဟာသူ့ရှုထောင့်ကိုကာကွယ်ပြီး စတင်ငြင်းခုံဆွေးနွေးရပါတော့မယ်။ လူငယ်ဟာ အသက်ကိုလေးလေးနက်နက်ရှူသွင်းလိုက်ပါတော့တယ်။*

**ဆိုကရေးတီးနဲ့ အက်ဒလာ**

----------------------------

လူငယ် - ကောင်းပြီ .. ခင်ဗျားကို ကျွန်တော့်သူငယ်ချင်းနောက်တစ်ယောက်အကြောင်းပြောခွင့်ပြုပါ .. ဝိုင်လို့ ခေါ်တဲ့လူတစ်ယောက်ပေါ့ .. သူဟာအမြဲတစေ ထက်မြက်တဲ့ကိုယ်ရည်ကိုယ်သွေးရှိပြီး လူတိုင်းနဲ့အလွယ်တကူ လေပေးဖြောင့်တတ်တဲ့သူတစ်ယောက်ပေါ့ .. သူဟာနေကြာပန်းတစ်ပွင့်လိုပဲ .. လူတိုင်းကသူ့ကိုချစ်ခင်နှစ်သက် တယ် .. သူ့အနီးနားမှာရှိနေရင်လူတွေ ပြုံးပျော်ရွှင်ကြရတယ် .. သူနဲ့ဆန့်ကျင်ဖက်ပဲ .. ကျွန်တော်ဟာဆိုရင် လူတွေနဲ့သိပ်ဓာတ်မတည့်တဲ့သူတစ်ယောက်ပဲ .. နည်းလမ်းမျိုးစုံနဲ့ ဝွတီးဝွကျဖြစ်နေတဲ့သူတစ်ယောက် .. အခု ခင်ဗျားကအဲ့သလိုလူတွေဟာ အက်ဒလာရဲ့အကျိုးအတွက်ဖန်တီးထားသောအကြောင်း သဘောတရားနဲ့အညီ ပြောင်းလဲ နိုင်တယ်လို့ပြောနေတာပဲ

ဒဿနပညာရှင် - ဟုတ်တယ် .. မင်းနဲ့ငါအပါအဝင် လူတိုင်းဟာပြောင်းလဲလို့ရတယ်

လူငယ် - ဆိုတော့ ကျွန်တော်ဟာ ဝိုင်လိုမျိုးလူတစ်ယောက် ဖြစ်လာနိုင်လား .. ကျွန်တော့်နှလုံးသားရဲ့ အနက်ရှိုင်း ဆုံးနေရာကနေပြီးတော့ ကျွန်တော်ဟာသူ့လိုမျိုးလူတစ်ယောက် ဖြစ်ချင်နေပါတယ်

ဒဿနပညာရှင် - ဒီနေရာမှာတော့ .. ဒါဟာဘောင်မဝင်တဲ့ မေးခွန်းတစ်ခုလို့ ငါပြောရပါလိမ့်မယ်

လူငယ် - အဟား .. ခင်ဗျားအခု ခင်ဗျားရဲ့သရုပ်မှန်ကိုဖော်ပြနေပြီ .. ဆိုတော့ခင်ဗျားသီအိုရီကို ရုပ်သိမ်းတော့ မလား

ဒဿနပညာရှင် - မဟုတ်ပါဘူး .. ငါမရုပ်သိမ်းပါဘူး .. ကံမကောင်းအကြောင်းမလှစွာနဲ့ပဲမင်းဟာ အက်ဒလာ စိတ်ပညာကို လုံးဝသဘောမပေါက်သေးဘူးပဲ .. ပြောင်းလဲဖို့အတွက်ပထမအဆင့်က သိခြင်းပဲ

လူငယ် - ဒါဖြင့် အက်ဒလာစိတ်ပညာကို ကျွန်တော်နားလည်သဘောပေါက်ခဲ့ရင် ကျွန်တော်ဟာ ဝိုင်လိုလူမျိုး ဖြစ်လာနိုင်မလား

ဒဿနပညာရှင် - မင်းအဖြေရဖို့ပဲ ဘာလို့တွန်းမေးနေရတာလဲ .. အဖြေကမင်းကိုယ်တိုင်ရှာရမှာ .. အခြား တစ်ယောက်ဆီကနေရတဲ့အရာတွေအပေါ်မှာ မှီခိုရမှာမဟုတ်ဘူး .. တခြားသူဆီကရတဲ့အဖြေတွေဆိုတာ အဓိပ္ပါယ်မရှိတဲ့အရာတွေပဲ .. ဘာတန်ဖိုးမှမရှိဘူး .. ဆိုကရေးတီးကိုကြည့် .. သူဟာသူကိုယ်တိုင်ရေးတဲ့စာအုပ် တစ်အုပ်တောင်မချန်ထားခဲ့ဘူး .. သူဟာသူ့ရဲ့နေ့ရက်တွေကို အေသင်မြို့သား လူအများနဲ့ငြင်းခုံဆွေးနွေးမှုတွေ လုပ်ရင်းနဲ့ကုန်ဆုံးနေခဲ့တာပဲ .. အထူးသဖြင့် လူငယ်တွေနဲ့သူ့တပည့်ပလေတိုနဲ့ပေါ့ .. ပလေတိုဟာ ဆိုကရေးတီး ရဲ့ဒဿနတွေကို နောက်မျိုးဆက်တွေအတွက် စာပေအနေနဲ့မှတ်တမ်းတင်ရေးသားခဲ့တယ် .. အက်ဒလာလည်း

အလားတူပါပဲ .. စာပေရေးသားမှုမှာ သိပ်စိတ်ဝင်စားမှုမပြဘဲ ဗီယင်နာမြို့က ကဖေးဆိုင်တွေမှာ လူတွေနဲ့စကား စမြည်ပြောဆိုတာတွေ ဆွေးနွေးပွဲအသေးစားလေးတွေ လုပ်နေတာပဲများတာ .. သူဟာ ကုလားထိုင်မှာပဲ ထိုင်နေပြီးလူတွေနဲ့ ထိတွေ့မှုမရှိတဲ့ ပညာရှင်မျိုးမဟုတ်ဘူး

လူငယ် - ဆိုတော့ ဆိုကရေးတီးနဲ့ အက်ဒလာ နှစ်ယောက်စလုံးဟာ သူတို့ရဲ့အတွေးအမြင်တွေကို အပြန်အလှန် ဆွေးနွေးမှုတွေနဲ့ပဲ ချပြကြတာလား

ဒဿနပညာရှင် - အမှန်ပဲ .. မင်းရဲ့သံသယတွေအားလုံး ငါနဲ့ဆွေးနွေးမှုလုပ်ရင်းနဲ့ပဲ ပြေလည်သွားလိမ့်မယ် .. ပြီးတော့ မင်းစပြီးပြောင်းလဲလာလိမ့်မယ် .. စကားလုံးတွေကြောင့်ပြောင်းလဲမှာတော့မဟုတ်ဘူး .. မင်းကိုယ်တိုင် လုပ်ဆောင်ခြင်းအားဖြင့် ပြောင်းလဲလာမှာ .. ဆွေးနွေးငြင်းခုန်ခြင်းအားဖြင့် နောက်ဆုံးအဖြေရလာမယ့် ဖြစ်စဉ်ကြီးကို အလွယ်တကူအဖြေတွေပေးလိုက်ခြင်းအားဖြင့် ငါမဖျက်ဆီးပစ်ချင်ဘူး

လူငယ် - ဆိုတော့ခင်ဗျားက ဆိုကရေးတီးနဲ့ အက်ဒလာတို့လုပ်ခဲ့တဲ့ အပြန်အလှန်ဆွေးနွေးမှုမျိုးကို ပြန်အသက် သွင်းမလို့ပေါ့လေ .. ဒီစာကြည့်ခန်းလေးထဲမှာပေါ့

ဒဿနပညာရှင် - ဒါက မင်းအတွက် မလုံလောက်ဘူးလား

လူငယ် - ဒါကကျွန်တော်ရှာဖွေဖို့ မျှော်လင့်ထားတဲ့အရာပဲ .. ဆိုတော့ နက်နိုင်သမျှနက်နက် ကျွန်တော်တို့ ဆွေးနွေးကြရအောင်.. ခင်ဗျား ခင်ဗျားရဲ့သီအိုရီကို ခင်ဗျားပြန်မရုပ်သိမ်းမချင်း ဒါမှမဟုတ် ကျွန်တော်ခင်ဗျားရှေ့မှာ ဒူးမထောက်မချင်းပေါ့

**မင်းရဲ့အရှိအတိုင်းနဲ့ မင်းအဆင်ပြေရဲ့လား**

---------------------------------------------

ဒဿနပညာရှင် - ကောင်းပြီ .. မင်းရဲ့မေးခွန်းဆီကိုပြန်သွားကြရအောင် .. ဆိုတော့ မင်းဟာပိုင်လိုမျိုး ပိုမိုပျော်ရွှင်တတ်တဲ့လူတစ်ယောက်ဖြစ်ချင်တယ် .. ဟုတ်စ

လူငယ် - ဒါပေမယ့် အဲ့ဒီမေးခွန်းက ဘောင်မဝင်တဲ့မေးခွန်းလို့ ခင်ဗျားကန့်ကွက်ထားတယ်လေ .. ဟုတ်တယ် .. အရာရာဟာသူ့အတိုင်းတိုင်းရှိနေမှာပဲ .. တကယ်က ခင်ဗျားဖြေရခက်အောင် ကျွန်တော်အဲ့ဒီမေးခွန်းကို တမင်မေးလိုက်တာ .. ကျွန်တော်ကိုယ့်ကိုယ်ကိုယ် ကောင်းကောင်းသိတယ် .. ကျွန်တော်ဟာ အဲ့သလိုလူမျိုး ဘယ်တော့မှ ဖြစ်လာမှာမဟုတ်ဘူး

ဒဿနပညာရှင် - ဘာလို့မဖြစ်နိုင်ဘူးလို့ထင်ရတာလဲ

လူငယ် - အသိသာကြီးပါဗျာ .. ကျွန်တော်တို့မှာမတူညီတဲ့ ကိုယ်ရည်ကိုယ်သွေးတွေရှိတယ် .. ဒါမှမဟုတ် ပင်ကိုယ်စရိုက်တွေမတူဘူးလို့ ပြောမယ်ဆိုလည်း ခင်ဗျားပြောနိုင်တယ်

ဒဿနပညာရှင် - အင်း ......

လူငယ် - ဥပမာအားဖြင့် ခင်ဗျားဟာ ဒီစာအုပ်တွေနဲ့ လွှမ်းခြုံပြီးနေထိုင်တယ် .. ခင်ဗျားစာအုပ်အသစ်တစ်အုပ် ဖတ်ပြီးဗဟုသုတအသစ်တစ်ခု ရလာတယ်.. အခြေခံအားဖြင့်ပြောရရင်တော့ ခင်ဗျားဗဟုသုတတွေ စုပုံစုဆောင်း မိလာတာပေါ့ .. ခင်ဗျားပိုဖတ်လေလေ ခင်ဗျားရဲ့အသိပညာကတိုးလာလေလေပေါ့ .. တန်ဖိုးဆိုတာရဲ့ အယူအဆ အသစ်တစ်ခုကိုခင်ဗျားရှာတွေ့တဲ့အချိန်မှာ အဲ့ဒီအရာတွေကခင်ဗျားကို ပြောင်းလဲပေးလိုက်သလို ဖြစ်သွားတာ ပေါ့ .. ဒီမှာကြည့် .. ခင်ဗျားစိတ်မကောင်းဖြစ်အောင်တော့ မပြောချင်ပါဘူး .. ဒါပေမယ့် ခင်ဗျားအသိပညာ ဗဟုသုတတွေ ဘယ်လောက်တိုးပွားလာသည်ဖြစ်ပါစေ ခင်ဗျားရဲ့ပင်ကိုယ်စရိုက်နဲ့ ကိုယ်ရည်ကိုယ်သွေးတွေဟာ အရင်းအမြစ်ကနေပြောင်းလဲလာတာမျိုး ဘယ်တော့မှဖြစ်လာနိုင်မှာမဟုတ်ပါဘူး .. ခင်ဗျားရဲ့အခြေခံ အရင်းအမြစ်ကသာပြောင်းလဲသွားခဲ့ရင် ခင်ဗျားသင်ယူလေ့လာခဲ့တာတွေအားလုံးဟာ အချည်းနှီးဖြစ်သွားမှာပဲ .. ဟုတ်တယ် .. ခင်ဗျားသင်ယူလေ့လာခဲ့တဲ့ အသိပညာတွေအားလုံး ခင်ဗျားပတ်ဝန်းကျင်မှာ ကျေမွလွင့်ကျလာမှာ ပဲ .. ပြီးတော့ ခင်ဗျားသိလာတဲ့အရာနဲ့အတူ ခင်ဗျားဟာ အစအနေအထားကို ပြန်ရောက်သွားလိမ့်မယ် .. အက်ဒလာရဲ့အယူအဆဟာလည်း အဲ့သလိုပါပဲ .. ကျွန်တော်သူ့အကြောင်း အချက်အလက်တွေ ဘယ်လောက် များများစုဆောင်းလေ့လာသည်ဖြစ်စေ ကျွန်တော့်ရဲ့ကိုယ်ရည်ကိုယ်သွေးကို ပြောင်းလဲပေးနိုင်မှာ မဟုတ်ပါဘူး .. ဗဟုသုတဟာ ဗဟုသုတအနေနဲ့ပဲ စုပုံလာမှာပါ .. ပြီးတော့ အနေးနဲ့အမြန်ဆိုသလိုပဲ အဲ့ဒါတွေက လွှင့်ပါးသွားမှာ ပါ

ဒဿနပညာရှင် - ဒါဖြင့် မင်းကိုငါတစ်ခုမေးပါရစေ .. မင်းဟာ ဘာကြောင့်ဝိုင်လိုလူမျိုးဖြစ်ချင်ရတာလဲ .. ငါထင်တာကတော့ မင်းဟာအခြားသောလူတစ်ယောက်ဖြစ်ချင်တာပဲ .. အဲ့ဒါဟာ ဝိုင်မဟုတ်လည်း အခြားသော သူတစ်ယောက်ယောက်ပေါ့ .. ဒါပေမယ့် အဲ့သလိုဖြစ်ချင်ရခြင်းရဲ့ ရည်ရွယ်ချက်က ဘာလဲ

လူငယ် - ခင်ဗျားရည်ရွယ်ချက်ဆိုတာအကြောင်း ထပ်ပြောပြန်ပြီလား .. ကျွန်တော်ပြောခဲ့သလိုပဲ ကျွန်တော် သူ့ကိုလေးစားလို့ဖြစ်တယ် .. ပြီးတော့ ကျွန်တော်သူ့လိုလူမျိုးဖြစ်ရင် ပိုပြီးပျော်ရွှင်ရမယ်လို့ ကျွန်တော်ထင်တယ်

ဒဿနပညာရှင် - မင်းသူ့လိုလူမျိုးဖြစ်လာရင်မင်းပိုပျော်ရွှင်ရမယ်လို့ မင်းထင်တယ် .. ဆိုတော့ကာ မင်းက အခုလက်ရှိအခြေအနေမှာ မပျော်နေဘူးဆိုပါတော့ .. ဟုတ်တယ်နော်

လူငယ် - ဘာရယ်

ဒဿနပညာရှင် - အခုလက်ရှိအခြေအနေမှာ .. တကယ့်ပျော်ရွှင်မှုကို ခံစားရဖို့မစွမ်းဆောင်နိုင်ဘူး ဖြစ်နေတယ် .. အဲ့ဒါက ဘာကြောင့်လဲဆိုတော့ မင်းကိုယ့်ကိုယ်ကိုယ်ချစ်ဖို့ မသင်ယူရသေးလို့ပဲ .. ပြီးတော့ မင်းကိုယ်မင်းချစ်ဖို့ ကြိုးစားဖို့ရာအတွက် မင်းဟာမတူညီတဲ့လူတစ်ဦးအဖြစ် ပြန်လည်မွေးဖွားနိုင်ဖို့ဆန္ဒရှိနေတယ် .. မင်းဟာ ဝိုင်လိုမျိုးဖြစ်ဖို့မျှော်လင့်ပြီး လက်ရှိမင်းဘယ်သူလဲဆိုတဲ့အဖြစ်ကို ဖယ်ရှားပစ်ချင်နေတယ် .. မှန်ရဲ့လား

လူငယ် - မှန်ပါတယ် .. အဲ့ဒါမှန်တယ်လို့ ကျွန်တော်ထင်တယ် .. ဒဲ့ပဲပြောရအောင် .. ကျွန်တော်ကိုယ့်ကိုယ်ကိုယ် မုန်းနေတယ် .. ခေတ်အောက်နေတဲ့ ဒဿနပညာရှင်အဖိုးကြီးတစ်ယောက်နဲ့ ဒါတွေဆွေးနွေးနေပြီး ဒါမျိုးတွေကို မလုပ်ရမနေနိုင်ဖြစ်နေတဲ့ ကျွန်တော်ဆိုတဲ့ကောင်ဟာ .. ဟုတ်တယ် .. ကိုယ့်ကိုယ်ကိုယ် တကယ်ပဲမုန်းနေတယ်

ဒဿနပညာရှင် - ကောင်းပြီ..ကိုယ့်ကိုယ်ကိုယ်ကြိုက်နှစ်သက်မှု၊ အားရတင်းတိမ်ရောင့်ရဲမှု ရှိသလားလို့ လူတွေကိုလိုက်မေးကြည့်မယ်ဆိုရင် "ကိုယ့်ကိုယ်ကိုယ်ကြိုက်တာပေါ့ .. ကိုယ့်ဘဝကိုယ် ကျေနပ်နှစ်သိမ့်နေတာ ပေါ့" လို့ရင်ကော့ပြီးဂုဏ်ယူဝံ့ကြွားစွာပြောတဲ့သူကို မင်းအတော်ခက်ခက်ခဲခဲ ရှာဖွေရလိမ့်မယ်

လူငယ် - ခင်ဗျားကရော .. ခင်ဗျားကိုယ့်ကိုယ်ကိုယ် ကျေနပ်နှစ်သိမ့်သလား၊ ကြိုက်သလား

ဒဿနပညာရှင် - အနည်းဆုံးတော့ ငါဟာ အခြားမတူညီတဲ့လူတစ်ယောက်ဖြစ်ချင်တယ်လို့ မစဉ်းစားခဲ့ဘူး .. ငါဟာ ငါ့အရှိကိုပဲ လက်ခံထားပါတယ်

လူငယ် - ခင်ဗျားဟာ ခင်ဗျားအရှိကို လက်ခံတယ် .. ဟုတ်လား

ဒဿနပညာရှင် - ဒီမှာ .. မင်းဘယ်လောက်ပဲ ဝိုင်ဖြစ်ချင်နေသည်ဖြစ်စေ မင်းဟာသူအဖြစ်နဲ့ဘယ်တော့မှ ပြန်လည်မွေးဖွားလာမှာမဟုတ်ဘူး .. မင်းက ဝိုင်မဟုတ်ဘူး .. မင်းအတွက်ကမင်းဖြစ်နေခြင်းဟာ အဆင်ပြေပါ တယ် .. ဒါပေမယ့် "မင်းလက်ရှိအနေအထားလေးအတိုင်း ဖြစ်နေတာ" ဟာ အဆင်ပြေပါတယ်လို့တော့ ငါမပြော ဘူးနော် .. မင်းအမှန်တကယ်ပျော်ရွှင်ဖို့ရာအတွက် မစွမ်းနိုင်ဖြစ်နေရင် အဲ့ဒါက ရှင်းပါတယ် .. မင်းလက်ရှိအနေ အထားလေးဟာ မှန်မနေလို့ပါပဲ .. မင်းဟာရှေ့ဆက်လျှောက်ဖို့လိုနေသေးတယ် .. ရပ်တန့်လို့မရသေးဘူး

လူငယ် - ခင်ဗျားဒုတ်ထိုးအိုးပေါက်ပြောချလိုက်တာပဲ .. ဒါပေမယ့် ခင်ဗျားပြောချင်တာကို ကျွန်တော်နားလည် တယ် .. ကျွန်တော်ဟာ လက်ရှိကျွန်တော့်အနေအထားလေးအတိုင်းနေဖို့ဟာက မမှန်ကန်သေးဘူး .. ကျွန်တော် ရှေ့ဆက်လျှောက်လှမ်းရဦးမယ်

ဒဿနပညာရှင် - အက်ဒလာပြောခဲ့တာကိုပဲ ပြန်ကိုးကားရဦးမှာပဲ .. "အရေးကြီးတဲ့အရာက လူတစ်ယောက် ဘာနဲ့အတူမွေးဖွားလာသလဲဆိုတာ မဟုတ်ဘူး .. အဲ့ဒီသူနဲ့အတူမွေးဖွားလာတဲ့ အရာကို သူဘယ်လိုအသုံးပြု သလဲဆိုတာပဲဖြစ်တယ်" တဲ့ .. မင်းဟာ ဝိုင် ဒါမှမဟုတ် အခြားသူတစ်ယောက်ယောက် ဖြစ်ချင်နေတယ် ..

ဘာကြောင့်လဲဆိုတော့ မင်းဟာ မင်းနဲ့အတူမွေးဖွားလာတဲ့အရာကြီးအပေါ်မှာ အတော်လေးအာရုံစူးစိုက်လွန်းနေလို့ပဲ .. အဲ့ဒီအစားမှာ အဲ့ဒီအရာကို မင်းဘယ်လိုအသုံးချမလဲဆိုတာအပေါ်မှာပဲ အာရုံစိုက်ဖို့လိုလိမ့်မယ်

**မပျော်ရွှင်မှုဆိုတာ မင်းကိုယ်တိုင်ရွေးချယ်ထားတဲ့ အရာပါ**

**------------------------------------------------------------**

လူငယ် - မဖြစ်နိုင်တာဗျာ .. အဲ့ဒါက အဓိပ္ပါယ်မရှိဘူး

ဒဿနပညာရှင် - အဲ့ဒါက ဘာကြောင့်အဓိပ္ပါယ်မရှိရတာလဲ

လူငယ် - ဘာကြောင့်လဲဆိုတော့ တချို့သူတွေဟာ ချမ်းသာကြွယ်ဝပြီး စိတ်သဘောထားကောင်းမွန်တဲ့ မိဘတွေဆီမှာ မွေးဖွားလာကြတယ် .. တချို့တွေကတော့ ဆင်းရဲပြီးဆိုးသွမ်းတဲ့မိဘတွေဆီမှာ မွေးဖွားလာကြရတယ် .. ဘာကြောင့်လဲဆိုတော့ လောကကြီးကိုကအဲ့သလိုဖြစ်နေလို့ပဲ .. ပြီးတော့ ကျွန်တော်အဲ့ဒီလိုမျိုး အကြောင်းအရာတွေကို တကယ်ပဲမဆွေးနွေးချင်ဘူး .. ဒါပေမယ့် ဒီလောကကြီးထဲမှာ အရာရာဟာ ညီမျှမှု ရှိမနေဘူး .. မျိုးနွယ်၊ နိုင်ငံ၊ လူမျိုးစုအတွေအကြား ကွဲပြားခြားနားမှုတွေဟာ အမြဲတမ်းနက်နက်ရှိုင်းရှိုင်းကို ရှိနေတယ် .. ဆိုတော့ ခင်ဗျားနဲ့အတူမွေးဖွားလာတဲ့အရာအပေါ်မှာ အာရုံစူးစိုက်ရမှာပဲ .. ခင်ဗျားပြောခဲ့တာတွေက ပညာရပ်ဆန်တဲ့ သီအိုရီတွေပါပဲ .. ခင်ဗျားဟာ အရှိလောကကို ပစ်ပယ်ထားတယ်

ဒဿနပညာရှင် - အရှိတရားကို ပစ်ပယ်တာက မင်းပဲ .. မင်းနဲ့အတူမွေးဖွားလာတဲ့အရာအပေါ်မှာ အလွန်အမင်းဖက်တွယ်နေတာက အရှိတရားကိုပြောင်းလဲပေးနိုင်မှာမို့လို့လား .. ငါတို့ဟာ မကောင်းတာကိုဖယ်ထုတ်လဲလှယ်ပစ်လိုက်လို့ရတဲ့ စက်ယန္တယားတွေမဟုတ်ဘူး .. ငါတို့လိုအပ်တာ လဲလှယ်ဖယ်ထုတ်မှုမဟုတ်ဘူး .. ငါတို့လိုအပ်တာက အသစ်တဖန်ပြန်ဖြစ်အောင် ပြုပြင်ခြင်းပဲ

လူငယ် - ကျွန်တော့်အတွက်ကတော့ ဖယ်ထုတ်လဲလှယ်ခြင်းနဲ့ အသစ်တဖန်ပြုပြင်ခြင်းဟာ တစ်ခုထဲပါပဲ .. အတူတူပါပဲ .. ခင်ဗျားက အဓိကအချက်ကို ရှောင်ဖယ်နေတာပဲ .. ဒီမှာ .. မွေးရာပါမပျော်မရွှင်ဖြစ်မှုဆိုတာမျိုး ရှိတယ် .. ပထမဆုံးအနေနဲ့ အဲ့ဒီအချက်ကို လက်ခံဖို့လိုတယ်

ဒဿနပညာရှင် - အဲ့ဒီအချက်ကို ငါ လက်မခံဘူး

လူငယ် - ဘာလို့လဲ

ဒဿနပညာရှင် - တစ်ခုပြောရရင် အခုလက်ရှိအချိန်မှာ မင်းဟာ စစ်မှန်တဲ့ပျော်ရွှင်မှုကို ခံစားနိုင်စွမ်းမရှိဘူးဖြစ်နေတယ် .. နေထိုင်ရတာ မင်းအတွက်ခက်ခဲနေတယ် .. ပြီးတော့ မင်းဟာမတူညီတဲ့အခြားလူတစ်ယောက်

အဖြစ်ပြန်လည်မွေးဖွားချင်နေတယ် .. ဒါပေမယ့် မင်းအခုမပျော်မရွှင်ဖြစ်နေတယ်ဆိုတာက မပျော်ရွှင်မှုဆိုတာကို မင်းကိုယ်တိုင်ရွေးချယ်ထားလို့သာဖြစ်တယ် .. မင်းဟာ မပျော်ရွှင်မှုဆိုတဲ့ ဂြိုလ်နက္ခတ်တွေနဲ့ယှဉ်ပြီးမွေးဖွားလာတာကြောင့်မဟုတ်ဘူး

လူငယ် - မပျော်ရွှင်မှုကို ကျွန်တော်ကရွေးချယ်ထားတာ ဟုတ်လား .. ဒီအချက်ကို ကျွန်တော်ကဘယ်လိုလက်ခံရမှာလဲ

ဒဿနပညာရှင် - အဲ့ဒါနဲ့ပတ်သက်လို့ကတော့ ထူးခြားဆန်းပြားတာတွေ မရှိပါဘူး .. အဲ့ဒီကိစ္စက ရှေးဟောင်းဂရိခေတ်ကတည်းက ထပ်တလဲလဲဆွေးနွေးခဲ့ကြတဲ့ ကိစ္စကြီးပါ .. "ဘယ်သူမှ မကောင်းမှုကိုမလိုလားဘူး" ဆိုတဲ့ဆိုရိုးစကားကို မင်းကြားဖူးလား .. အဲ့ဒါက ဆိုကရေးတီးရဲ့ ဝိရောဓိလို့ လူသိများတဲ့ အဆိုတစ်ခုပဲ

လူငယ် - မကောင်းမှုကိုလိုလားတဲ့သူတွေအများကြီးပါပဲ .. ရှိတာပေါ့ .. သူခိုးတွေ၊ လူသတ်သမားတွေမှအများကြီးပဲ .. ပြီးတော့ နိုင်ငံရေးသမားတွေနဲ့ လာဘ်စားတဲ့အစိုးရအရာရှိတွေကိုလည်းမေ့ထားလို့မရဘူး .. တကယ်ကောင်းမွန်၊ ဖြောင့်မတ်ပြီး မကောင်းမှုကိုမလိုလားဘူးဆိုတဲ့ လူတစ်ယောက်ကို ရှာတွေ့နိုင်ဖို့က ခက်ခဲပါတယ်

ဒဿနပညာရှင် - သံသယရှိစရာမလိုပါဘူး .. မကောင်းတဲ့အပြုအမူတွေလုပ်နေတဲ့လူတွေ အများကြီးပါပဲ .. ဒါပေမယ့် အရက်စက်အကြမ်းကြုတ်ဆုံးအရာဇဝတ်ကောင်တွေ အပါအဝင် ဘယ်သူမှမကောင်းမှုတွေကိုလုပ်လိုက်ဦးမယ်ဆိုတဲ့ စိတ်ဆန္ဒနဲ့ တမင်ရည်ရွယ်လုပ်ပြီး ရာဇဝတ်မှုတွေမှာ ပါဝင်လာကြတာမဟုတ်ပါဘူး .. ရာဇဝတ်ကောင်တိုင်းဟာ ရာဇဝတ်မှုတွေမှာပါဝင်လာဖို့ရာအတွက် သူတို့စိတ်အတွင်းမှာလွန်ဆွဲချိန်ညှိမှုတွေလုပ်ကြရတယ် .. ဥပမာအားဖြင့် ငွေရေးကြေးရေးအငြင်းပွားမှုတစ်ခုဟာ လူတစ်ယောက်ကို လူသတ်သမားအဖြစ်ကို ရောက်သွားစေတယ် .. ပြစ်မှုကျူးလွန်သူအနေနဲ့ တစ်စုံတစ်ခုအတွက် စိတ်တွင်းလွန်ဆွဲဆုံးဖြတ်ရမှုတွေရှိနေပြီး အဲ့ဒီရာဇဝတ်မှုကို ကျူးလွန်လိုက်ခြင်းဟာ "ကောင်းတာ" တစ်ခုခုကို အကောင်အထည်ဖော်လိုက်ခြင်းဖြစ်တယ်လို့ စိတ်တွင်းမှာဆုံးဖြတ်ချက်ကျမိလို့သာ ပြစ်မှုတွေကိုကျူးလွန်ကြတာပါ .. မှန်ပါတယ် .. ကျင့်ဝတ်ရှုထောင့်ကနေကြည့်ရင်တော့ အဲ့ဒါဟာကောင်းတဲ့အရာ မဟုတ်ပါဘူး .. ဖြစ်တည်မှုရှုထောင့်ကနေ ကြည့်ရင်တော့ အဲ့ဒါဟာ ကောင်းတယ်လို့ သူမြင်လို့ပါ .. "တစ်စုံတစ်ယောက်အတွက် တစ်စုံတစ်ခုသော ကောင်းကျိုး" ရှိနေတယ်လို့မြင်လို့သာ အဲ့ဒီပြစ်မှုကို သူတို့ကျူးလွန်ကြတာပါ

လူငယ် - တစ်စုံတစ်ယောက်အတွက် တစ်စုံတစ်ခုသော ကောင်းကျိုး ဟုတ်လား

ဒဿနပညာရှင် - "ကောင်းတာ" ဆိုတာကို ဂရိဘာသာစကားနဲ့ (agathon) လို့ခေါ်ပြီး အဲ့ဒီစကားလုံးထဲမှာ ကျင့်ဝတ်အရကောင်းတာဆိုတဲ့ အနက်မျိုးမပါဘူး .. အဲ့ဒီစကားလုံးက "အကျိုးအမြတ်အရကောင်းတာ" မျိုးအနက်ပဲရတယ် .. အပြန်အလှန်အားဖြင့် "မကောင်းတာ" (kakon) ဆိုတဲ့စကားမှာလည်း "အကျိုးအမြတ်

မရတာ" ဆိုတဲ့အနက်မျိုးပဲရတယ် .. ငါတို့ရဲ့ ကမ္ဘာလောကဟာ မတရားမမျှတမှုတွေ၊ ဆိုးညစ်တဲ့အပြုအမူတွေနဲ့ ပြည့်နှက်နေတာပေါ့ .. ဒါပေမယ့် စကားလုံးရဲ့ ဘာဂယက်အနက်မှမထွက်တဲ့ အနက်အဓိပ္ပါယ်နဲ့ပြောတဲ့ ကောင်းတာ၊ မကောင်းတာ ဆိုတဲ့အနက်အရဆိုရင် ဘယ်သူမှ မကောင်းတာကို မလုပ်ချင်ကြပါဘူး

လူငယ် - အဲ့ဒါက ကျွန်တော်နဲ့ ဘယ်လိုပတ်သက်လို့လဲ

ဒဿနပညာရှင် - မင်းဘဝရဲ့ အချိန်တစ်ခုမှာ မင်းဟာ "မပျော်ရွှင်ဖို့" ကိုရွေးချယ်ခဲ့တာဖြစ်တယ် .. အဲ့ဒါက မင်းဟာ မပျော်ရွှင်ရတဲ့အနေအထားနဲ့ မွေးဖွားလာခဲ့လို့ ဒါမှမဟုတ် မပျော်ရွှင်ရတဲ့ အနေအထားနဲ့ အဆုံးသတ်ဖို့ ဆိုတာတွေကြောင့်မဟုတ်ဘူး .. "မပျော်ရွှင်ခြင်း" ဟာ မင်းအတွက်ကောင်းကျိုးတစ်ခုရှိတယ်လို့ မင်းစိတ်အတွင်းမှာ မင်းဆုံးဖြတ်ချက်ချထားလို့သာဖြစ်တယ်

လူငယ် - ဘာကြောင့်လဲ .. ဘာအတွက်လဲ

ဒဿနပညာရှင် - မင်းအဲ့ဒါကို ဘယ်လိုဆုံးဖြတ်ထားသလဲ .. မင်းဘာလို့မပျော်ရွှင်ဖို့ကို ရွေးချယ်ထားသလဲ .. တိကျတဲ့ အသေးစိတ်အကြောင်းရင်းတွေကိုတော့ ငါသိနိုင်စွမ်းမရှိပါဘူး .. ငါတို့ဆက်ဆွေးနွေးသွားကြရင်းနဲ့ အဲ့ဒီကိစ္စတွေရှင်းလင်းသွားလိမ့်မယ်လို့တော့ ငါထင်ပါတယ်

လူငယ် - ခင်ဗျားဟာ ကျွန်တော့်ကို အရူးလုပ်ဖို့တကယ်ကြိုးစားနေတာပဲ .. ဒါက ဒဿနိကဗေဒက အချက်အလက် တွေလို့ ခင်ဗျားပြောဦးမလား .. ကျွန်တော်ကတော့ အဲ့ဒါတွေအားလုံးကို လုံးဝလက်မခံဘူးဗျာ

+++

*လူငယ်ဟာအသိစိတ်မဲ့စွာနဲ့ ဒဿနပညာရှင်ကိုစိန်းစိန်းကြီးစိုက်ကြည့်ပြီး စိတ်ထဲကနေ ရေရွတ်ပြောဆိုနေပါတယ်။ ငါက မပျော်ရွှင်တဲ့ဘဝကိုရွေးချယ်ခဲ့တယ် ဟုတ်လား။ အဲ့ဒါကငါ့အတွက် ကောင်းကျိုးရှိလို့ ဟုတ်လား။ ဘယ်လောက်အဓိပ္ပါယ်မဲ့တဲ့ စကားလဲ။ သူငါ့ကို ဘာကြောင့်ဒီလောက်ပြက်ရယ်ပြုရတာလဲ။ ငါဘာအမှားလုပ်မိလို့လဲ။ ဘာပဲလုပ်ရလုပ်ရ သူပြောတာတွေကို ငါစနစ်တကျ ဖြိုဖျက်ရမယ်။ သူ ငါ့ရှေ့မှာဒူးထောက်စေရမယ်။ လူငယ်ရဲ့မျက်နှာဟာ စိတ်လှုပ်ရှားမှုနဲ့ သွေးရောင်လွှမ်းနေပါတယ်။*

**လူတွေဟာ အမြဲတမ်းပဲ မပြောင်းလဲဖို့ကိုရွေးချယ်ကြတယ်**

-----------------------------------------------------------

ဒဿနပညာရှင် - ထိုင်ပါဦး .. လက်ရှိအခြေအနေမှာ ငါတို့ရဲ့အမြင်တွေပဋိပက္ခဖြစ်နေကြတာက သဘာဝကျပါတယ် .. အက်ဒလာစိတ်ပညာမှာ လူတွေဘယ်လိုနားလည်ကြသလဲဆိုတာကို ဖော်ပြထားတာကို ငါမင်းကို ရိုးရိုးလေးရှင်းပြပေးပါမယ်

လူငယ် - ကောင်းပြီလေ .. ဒါပေမယ့် လိုတိုရှင်းပဲလုပ်ပါ

ဒဿနပညာရှင် - ဘယ်သူမှ သူ့ရဲ့စရိုက်နဲ့ကိုယ်ရည်ကိုယ်သွေးကို မပြောင်းလဲနိုင်ဘူးလို့ စောစောကမင်းပြောခဲ့တယ် .. အက်ဒလာစိတ်ပညာမှာ ကိုယ်ရည်ကိုယ်သွေးနဲ့စရိုက်ကို "ဘဝနေထိုင်မှုဟန်ပန်" ဆိုတဲ့စကားနဲ့ ဖော်ပြလေ့ရှိတယ်

လူငယ် - ဘဝနေထိုင်မှုဟန်ပန် .. ဟုတ်လား

ဒဿနပညာရှင် - ဟုတ်တယ် .. ဘဝနေထိုင်မှုဟန်ပန်ဆိုတာဘဝမှာလူတစ်ယောက် တွေးတောမယ့်၊ လုပ်ဆောင်မယ့် အလားအလာပဲ

လူငယ် - အတွေးနဲ့အလုပ်ရဲ့ အလားအလာ ဟုတ်လား

ဒဿနပညာရှင် - လူတစ်ယောက်လောကကို ဘယ်လိုမြင်သလဲ .. ပြီးတော့ သူ့ကိုယ်သူဘယ်လိုမြင်သလဲ .. ဘဝနေထိုင်မှုဟန်ပန်ကို အနက်အဓိပ္ပါယ်ကိုရှာဖွေတဲ့နည်းလမ်းတွေကို ပေါင်းစုပေးတဲ့အတွေးအမြင်တစ်ရပ် အဖြစ်စဉ်းစားကြည့်ပါ .. ခပ်ကျဉ်းကျဉ်းပြောရရင်တော့ ဘဝနေထိုင်မှုဟန်ပန်ဟာ လူတစ်ယောက်ရဲ့ ကိုယ်ရည်ကိုယ်သွေးကို သတ်မှတ်ပေးနိုင်တယ် .. ကျယ်ကျယ်ပြန့်ပြန့်ပြောမယ်ဆိုရင်တော့ အဲ့ဒါဟာလူတစ်ယောက်ရဲ့ လောကအမြင်နဲ့ ဘဝအပေါ်မြင်တဲ့အမြင်ကို လွှမ်းခြုံမိစေတဲ့ ဝေါဟာရတစ်ခုပဲ

လူငယ် - လူတစ်ယောက်ရဲ့လောကအမြင် ဟုတ်လား

ဒဿနပညာရှင် - ကိုယ့်ကိုယ်ကိုယ်အတွက် စိုးရိမ်ပူပန်နေတဲ့လူတစ်ယောက်က "ငါဟာအဆိုးမြင်သမားတစ်ယောက်ဖြစ်တယ်" လို့ပြောတယ်ဆိုကြပါစို့ .. အဲ့ဒါကို "ငါဟာလောကအပေါ် အဆိုးမြင်ရှုထောင့်က မြင်တဲ့အမြင်ရှိနေတယ်" လို့ပြောနေတာလို့နားလည်လိုက်ဖို့လိုတယ် .. ပြဿနာက ကိုယ်ရည်ကိုယ်သွေးမဟုတ်ဘူး၊ လောကအပေါ်မြင်တဲ့အမြင်သာဖြစ်တယ်ဆိုတာကို မင်းနားလည်ဖို့လိုတယ် .. "ကိုယ်ရည်ကိုယ်သွေး" ဆိုတဲ့

စကားလုံးမှာက ပြောင်းလဲလို့မရဘူးဆိုတဲ့ဂယက်အနက်တွေပါနေပုံပေါက်နေတယ် .. ဒါပေမယ့် လောကအပေါ် မြင်တဲ့အမြင်လို့ ငါတို့ပြောမယ်ဆိုရင်တော့ အဲ့ဒါဟာပြောင်းလဲလို့ရတဲ့အရာဖြစ်သွားပြီ

လူငယ် - ဟင်း .. ဒါကရှုပ်ထွေးတဲ့ဟာပဲ .. ခင်ဗျား ဘဝနေထိုင်မှုဟန်ပန်လို့ပြောတာက ဘဝနေနည်းကို ဆိုလိုတာလား

ဒဿနပညာရှင် - ဟုတ်တယ် .. မင်း အဲ့သလိုပြောမယ်ဆိုလည်း ပြောနိုင်ပါတယ် .. ပိုပြီးတိတိကျကျဖြစ်သွား အောင်ပြောရမယ်ဆိုရင် လူတစ်ယောက်ရဲ့ဘဝမှာဖြစ်သင့်တာဖြစ်ဖို့ နည်းလမ်းလို့ပြောရလိမ့်မယ် .. စရိုက်နဲ့ ကိုယ်ရည်ကိုယ်သွေးဆိုတာကို မင်းစိတ်ဆန္ဒမပါဘဲ မင်းဆက်ခံရရှိခဲ့တဲ့အရာတစ်ခုလို့ မင်းထင်ကောင်းထင်နေ လိမ့်မယ် .. အက်ဒလာစိတ်ပညာမှာတော့ ဘဝနေထိုင်မှုဟန်ပန်ဆိုတာဟာ တစ်စုံတစ်ခုအတွက် မင်းကိုယ်တိုင် ရွေးချယ်ခဲ့တဲ့အတွေးတွေပါပဲ

လူငယ် - ခင်ဗျားရော ခင်ဗျားဟာခင်ဗျား ရွေးချယ်ခဲ့တာလား

ဒဿနပညာရှင် - ဟုတ်တယ် .. အဲ့ဒီအတိုင်းပါပဲ .. မင်းဟာလည်း မင်းဘဝနေထိုင်မှုဟန်ပန်ကို မင်းဟာမင်း ရွေးချယ်ထားတာပါ

လူငယ် - ဆိုတော့ ကျွန်တော်က မပျော်ရွှင်ဖို့ကိုရွေးချယ်ထားရုံသာမက ဒီလိုဆိုးရွားတဲ့ ကိုယ်ရည်ကိုယ်သွေးရှိဖို့ ကိုလည်းပဲ ရွေးချယ်ထားတာလား

ဒဿနပညာရှင် - လုံးဝ မှန်ကန်ပါတယ်

လူငယ် - ဟ .. ခင်ဗျားအခု ဖိပြီးပြောနေပြီ .. ကျွန်တော်သိတတ်တဲ့အရွယ်ရောက်ကတည်းက ကျွန်တော့်မှာ ဒီကိုယ်ရည်ကိုယ်သွေးက ရှိနှင့်ပြီးနေပြီပဲ .. ကျွန်တော်အဲ့ဒါကို ရွေးချယ်ခဲ့တာမဟုတ်တာကတော့ လုံးဝသေချာ တယ် .. ခင်ဗျားလည်း အဲ့သလိုပါပဲ .. မဟုတ်ဘူးလား .. လူတစ်ယောက်ဟာ ကိုယ့်ကိုယ်ရည်ကိုယ်သွေးကို ကိုယ့်စိတ်ဆန္ဒအလျောက်ရွေးချယ်နိုင်တယ်ဆိုရင် ခင်ဗျားဟာလူတစ်ယောက်အကြောင်းကို ပြောနေတာ မဟုတ်ဘူး .. စက်ရုပ်တစ်ရုပ်အကြောင်းကို ပြောနေတာပဲ ဖြစ်လိမ့်မယ်

ဒဿနပညာရှင် - မှန်ပါတယ် .. "ဒီလိုမျိုး အတ္တဘာဝ" ကို မင်း သိစိတ်နဲ့ရွေးချယ်ခဲ့တာတော့ မဟုတ်ပါဘူး .. မင်း ဦးဆုံးရွေးချယ်ခဲ့တာက မသိစိတ်နဲ့ပါ .. မင်းအထဲကိုထည့်သွင်းပေးခံရတဲ့ ပြင်ပအချက်အလက်တွေဖြစ်တဲ့ လူမျိုး၊ နိုင်ငံသား၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းနဲ့ နေအိမ်ပတ်ဝန်းကျင်ကအရာတွေနဲ့ ပေါင်းစပ်ပြီးမင်းရွေးချယ်ခဲ့တာပေါ့ .. အဲ့ဒီအရာတွေဟာမင်းရဲ့ရွေးချယ်မှုအပေါ်မှာ အားကောင်းကောင်းနဲ့ကိုလွှမ်းမိုးမှုရှိနေခဲ့တယ် .. ဘာပဲဖြစ်ဖြစ် "ဒီလိုမျိုး အတ္တဘာဝ" ကိုရွေးချယ်ခဲ့တာကတော့ မင်းကိုယ်တိုင်ပါပဲ

လူငယ် - ခင်ဗျားပြောနေတာကို ကျွန်တော်သဘောမပေါက်ဘူး .. ကျွန်တော်က ဘယ့်နယ့်ရွေးချယ်နိုင်မှာတုန်း

ဒဿနပညာရှင် - အက်ဒလာစိတ်ပညာရဲ့ ရှုထောင့်ကနေဆိုရင်တော့ အဲ့ဒါမျိုးတွေဟာ ဆယ်နှစ်သားဝန်းကျင်မှာ ဖြစ်တတ်တာပဲ

လူငယ် - ကောင်းပြီလေ .. ကျွန်တော်အခုမကြားဖူးတာတွေကြားနေရတယ်.. ငြင်းခုံဆွေးနွေးဖို့အတွက်တော့ ဆိုကြပါစို့ .. ကျွန်တော်က ဆယ်နှစ်သားအရွယ်မှာ ဒီလိုဘဝနေထိုင်မှုဟန်ပန်ဖြစ်ဖြစ် ဘာပဲဖြစ်ဖြစ်ကို မသိစိတ်နဲ့ ရွေးချယ်မိလိုက်တယ်ထားပါ .. အဲ့ဒါက အရေးပါလို့လား .. အဲ့ဒါကို ကိုယ်ရည်ကိုယ်သွေးဖြစ်ဖြစ်၊ စရိုက်ဖြစ်ဖြစ်၊ ဘဝနေထိုင်မှုဟန်ပန်ပဲဖြစ်ဖြစ် ခေါ်ချင်သလိုခေါ်ပါ .. အဲ့သလိုမသိစိတ်နဲ့ ရွေးချယ်လိုက်ကတည်းက ကျွန်တော်က "အဲ့သလိုမျိုးလူ" ဖြစ်သွားခဲ့ပြီမဟုတ်လား .. အဲ့ဒါကို ပြန်ပြောင်းလဲလို့ လုံးဝမရတော့ဘူးလေ

ဒဿနပညာရှင် - အဲ့ဒါကမမှန်ဘူး .. မင်းရဲ့ဘဝနေထိုင်မှုဟန်ပန်ဆိုတာ မင်းမွေးကတည်းက ပါလာတဲ့အရာ မဟုတ်ဘူး .. မင်းဖာသာမင်း ရွေးချယ်လိုက်တဲ့အရာတစ်ခုပဲ .. ဆိုတော့ အဲ့ဒါကို နောက်ထပ်တစ်ဖန်ပြန် ရွေးချယ်ဖို့ ဖြစ်နိုင်တယ်

လူငယ် - အခု ခင်ဗျားက ကျွန်တော့်ကို တဖန်ပြန်ရွေးချယ်နိုင်တယ်လို့ ပြောနေတာလား

ဒဿနပညာရှင် - မင်းဟာ မင်းရဲ့ဘဝနေထိုင်မှုဟန်ပန်ကို အခုအချိန်မတိုင်မီအထိ သတိမပြုမိခဲ့တာဖြစ်လိမ့်မယ် .. ပြီးတော့ ဘဝနေထိုင်မှုဟန်ပန်ဆိုတဲ့ သဘောတရားကိုလည်းမင်းမသိခဲ့တာဖြစ်လိမ့်မယ် .. ဘယ်သူမှ သူ့မွေးဖွားမှုကို နောက်တစ်ဖန်ပြန်ပြီးမရွေးချယ်နိုင်ဘူးဆိုတာကတော့ ဟုတ်ပါတယ် .. ဒီနိုင်ငံမှာ၊ ဒီခေတ်မှာ၊ ဒီမိဘတွေဆီမှာ မွေးဖွားလာတာမျိုးဆိုတာက မင်းရွေးချယ်လို့မရတဲ့ကိစ္စပဲ .. ပြီးတော့ အဲ့ဒီအရာတွေအားလုံး ဟာ မင်းအပေါ်မှာ လွှမ်းမိုးမှုကြီးကြီးမားမားရှိတဲ့အရာတွေဆိုတာလည်း ဟုတ်တယ် .. မင်းဟာ စိတ်ပျက်ဖွယ်ရာ တွေကိုရင်ဆိုင်ခဲ့ရတာ၊ အခြားသူတွေကိုကြည့်မြင်ခဲ့ရတာတွေကိုအခြေခံပြီး ငါလည်းသူလို့အနေအထားနဲ့ မွေးဖွားလာချင်လိုက်တာ ဆိုတဲ့ခံစားချက်ဖြစ်နေတာဖြစ်လိမ့်မယ် .. ဒါပေမယ့် အဲ့ဒီခံစားချက်ကို မင်းဟာ အဲ့ဒီနေရာမှာတင် ရပ်မထားခဲ့နိုင်ဘူး .. ပြဿနာက အတိတ်မဟုတ်ဘူး .. ပြဿနာက ဒီမှာပဲ .. လက်ရှိပစ္စုပ္ပန်မှာ ပဲ .. မင်းအခု ဘဝနေထိုင်မှုဟန်ပန်ဆိုတာကို နားလည်နေပြီ .. အဲ့ဒီအရာနဲ့ပတ်သက်ပြီး မင်းရှေ့ဆက်ဘာလုပ် မလဲဆိုတာက မင်းရဲ့ကိုယ်ရည်ကိုယ်သွေးဖြစ်လာမှာပဲ .. မင်းအတိတ်ကရွေးချယ်ခဲ့တဲ့ ကိုယ်ရည်ကိုယ်သွေးနဲ့ မင်းရှေ့ဆက်သွားမလား ဒါမှမဟုတ် ကိုယ်ရည်ကိုယ်သွေးအသစ်တစ်ခုကို ရွေးချယ်မလားဆိုတာက မင်းအပေါ် မှာပဲ လုံးလုံးတည်မှီနေတဲ့အရာပါပဲ

လူငယ် - ဒါဖြင့် ကျွန်တော်က ဘယ်လိုနောက်တစ်ခါပြန်ရွေးချယ်ရမှာလဲ .. "မင်းရဲ့ဘဝနေထိုင်မှုဟန်ပန်ကို မင်းကိုယ်တိုင်ရွေးချယ်ခဲ့တယ် .. ဘဝနေထိုင်မှုဟန်ပန်အသစ်တစ်ခုကို မင်းအခု ချက်ချင်းရွေးချယ်တော့လေ"

လို့ခင်ဗျား ကျွန်တော့်ကိုပြောနေတယ် .. ဒါပေမယ့် ကျွန်တော်အခုချက်ချင်း ဘယ်လိုမှပြောင်းလဲနိုင်စွမ်းရှိမှာ မဟုတ်ဘူး

ဒဿနပညာရှင် - မင်း ပြောင်းလဲနိုင်ပါတယ် .. လူတွေဟာ ဘယ်ပတ်ဝန်းကျင်မှာပဲရှိနေပါစေ အချိန်မရွေး ပြောင်းလဲနိုင်ကြပါတယ် .. မင်းမပြောင်းလဲနိုင်ဘူးဆိုတာက မပြောင်းလဲဘူးဆိုတဲ့ဆုံးဖြတ်ချက်ကိုပဲ မင်း ကိုင်စွဲထားလို့ပါ

လူငယ် - ခင်ဗျား ဘာကိုဆိုလိုချင်တာလဲ

ဒဿနပညာရှင် - လူတွေဟာအမြဲမပြတ် သူတို့ရဲ့ဘဝနေထိုင်မှုပုံစံတွေကို ရွေးချယ်နေကြတာပါပဲ .. အခု ငါတို့စကားစမြည်ပြောနေတဲ့ အခိုက်အတန့်အတွင်းမှာကိုပဲ ငါတို့ဟာ ငါတို့ရဲ့ဘဝနေထိုင်မှုပုံစံတွေကို ရွေးချယ်နေကြတယ် .. မင်းက မင်းကိုယ်မင်း မပျော်ရွှင်တဲ့လူတစ်ယောက်လို့ ဖော်ပြတယ် .. ဒီအချိန်အတွင်းမှာ ပဲ မင်းပြောင်းလဲချင်တယ်လို့ပြောတယ် .. မင်း အခြားသူတစ်ယောက်အဖြစ်တောင် ပြန်မွေးဖွားချင်တယ်လို့ ပြောတယ် .. အဲ့သလိုတွေပြောပြီးတော့တောင်မှ မင်းဘာလို့အခုထိမပြောင်းလဲနိုင်ဘဲ ဖြစ်နေသေးတာလဲ .. ဘာကြောင့်လဲဆိုတော့ မင်းဟာ မင်းဘဝနေထိုင်မှုပုံစံကို မပြောင်းလဲဘူးဆိုတဲ့ မြဲမြံခိုင်တဲ့ဆုံးဖြတ်ချက်တစ်ခု ကိုချထားခဲ့လို့ပဲ

လူငယ် - မဟုတ်ဘူး .. အဲ့ဒါက လုံးဝယုတ္တိမကျဘူးဆိုတာ ခင်ဗျားမမြင်နိုင်ဘူးလား .. ကျွန်တော်တကယ် ပြောင်းလဲချင်ပါတယ် .. ဒါကျွန်တော့်ရဲ့ရိုးသားတဲ့စိတ်ဆန္ဒပါ .. ဆိုတော့ ကျွန်တော်က ဘာကြောင့်မပြောင်းလဲဘူး လို့ဆုံးဖြတ်ချက်ချထားရမှာလဲ

ဒဿနပညာရှင် - မပြောပလောက်တဲ့ အဆင်မပြေမှုနဲ့ ကန့်သတ်ချက်လေးတွေ အနည်းအကျဉ်းရှိနေပေမယ့် လည်း မင်းအခုရယူထားတဲ့ ဘဝနေထိုင်မှုပုံစံဟာ လက်တွေ့အကျဆုံးဖြစ်တယ်လို့ မင်းထင်ကောင်းထင်နေ လိမ့်မယ် .. ပြီးတော့ အရာရာကိုသူ့အတိုင်းတိုင်းရွေ့လျားနေစေတာက ပိုပြီးလွယ်ကူတယ်လေ .. မင်းအဲ့သလိုပဲ နေမယ်ဆိုရင် လူတစ်ယောက်ရဲ့ လုပ်ဆောင်ချက်ရဲ့ ရလဒ်တွေကိုခန့်မှန်းရာမှာ မင်းရဲ့အတွေ့အကြုံအရ သူတို့ကို ကောင်းကောင်းခန့်မှန်းပြီး တုန့်ပြန်နိုင်လိမ့်မယ် .. ဆိုလိုတာက မင်းနဲ့ရင်းနှီးကျွမ်းဝင်ပြီးသာ ကားဟောင်းကြီးကို မင်းမောင်းနေရသလိုပဲ သက်တောင့်သက်သာ ရှိနေလိမ့်မယ် .. ကားဟောင်းကြီးက နဲနဲတော့ဒုက္ခပေးမှာပဲ .. ဒါပေမယ့် မင်းကကားအထာသိနေတော့ လွယ်လွယ်ကူကူပဲ ထိန်းကျောင်းမောင်းနှင်လို့ရနေသလိုဖြစ်နေတာ ပေါ့ .. တခြားတစ်ဖက်မှာတော့ ဘဝနေထိုင်မှုပုံစံအသစ်တစ်ခုကို ရွေးချယ်လိုက်တဲ့အခါမှာ ဖြစ်လာတဲ့ အတ္တဘာဝအသစ်အပေါ်မှာ ဘာတွေဖြစ်လာနိုင်သလဲဆိုတာကို ဘယ်သူမှမခန့်မှန်းနိုင်ကြဘူး .. ဒါမှမဟုတ် ကိစ္စတွေဖြစ်လာတဲ့အခါမှာ အဲ့ဒီကိစ္စတွေကို အတ္တဘာဝအသစ်နဲ့ ဘယ်လိုတုန့်ပြန်ရမလဲဆိုတာကို မသိကြဘူး ဖြစ်နေတတ်တယ် .. အနာဂတ်ကို ကြိုတင်မှန်းမျှော်ကြည့်ဖို့ ခက်ခဲနေမယ် .. ရှင်းရှင်းပြောရရင်တော့ လူတွေဟာ

အဆင်မပြေတဲ့ဘဝနေထိုင်မှုပုံစံအပေါ် စောဒကတချို့တက်တတ်ကြပေမယ့် နည်းလမ်းဟောင်းကြီးနဲ့ နေနေရတာက ပိုလွယ်ကူပြီး ပိုပြီးလုံခြုံစိတ်ချမှုရှိနေသလို ခံစားနေကြရတယ်

လူငယ် - တစ်စုံတစ်ယောက်ဟာ ပြောင်းလဲချင်ပေမယ့် .. ပြောင်းလဲရတာက ကြောက်စရာကောင်းတယ် .. ဒီလိုလား

ဒဿနပညာရှင် - ငါတို့ရဲ့ဘဝနေထိုင်မှုပုံစံတွေကို ပြောင်းလဲဖို့ကြိုးပမ်းတဲ့အချိန်မှာ ငါတို့ဟာကြီးမားတဲ့ သတ္တိရှိဖို့လိုတယ် .. ပြောင်းလဲနေတဲ့အချိန်မှာ စိတ်ရှုပ်ထွေးမှုတွေဖြစ်တတ်တယ် .. ပြီးတော့ မပြောင်းလဲတဲ့ အတွက်ကိုလည်း စိတ်ဓာတ်ကျဆင်းမှုတွေပေါ်လာတတ်တယ် .. သေချာပါတယ် .. မင်းက မပြောင်းလဲဖို့ကို ရွေးချယ်မိတဲ့ စိတ်ဓာတ်ကျဆင်းနေသူတစ်ယောက်ပါ

လူငယ် - နေပါဦး .. အခုခင်ဗျား သတ္တိဆိုတဲ့ စကားလုံးကို သုံးခဲ့တယ်နော်

ဒဿနပညာရှင် - ဟုတ်တယ် .. အက်ဒလာစိတ်ပညာဆိုတာ သတ္တိရှိရတဲ့ စိတ်ပညာတစ်ခုပဲ .. မင်းရဲ့မပျော်ရွှင်မှု အတွက် မင်းရဲ့အတိတ်နဲ့ ပတ်ဝန်းကျင်အခြေအနေတွေအပေါ် အပြစ်ပုံချလို့မရဘူး .. ပြီးတော့ အဲ့သလိုဖြစ်ရတာ ဟာ မင်းစွမ်းဆောင်ရည်မပြည့်ဝလို့လဲ မဟုတ်ဘူး .. မင်းသတ္တိနည်းနေလို့သာဖြစ်တယ် .. မင်းဟာ ပျော်ရွှင်ဖို့ရာ အတွက် သတ္တိမရှိဘူးလို့ ပြောရလိမ့်မယ်

**မင်းရဲ့ဘဝဆိုတာ ဒီနေရာ ဒီအချိန်မှာပဲ ဆုံးဖြတ်တဲ့အရာ**

----------------------------------------------------------

လူငယ် - ပျော်ရွှင်ဖို့အတွက်သတ္တိ .. ဟုတ်လား

ဒဿနပညာရှင် - နောက်ထပ် အကျယ်ထပ်ရှင်းပြဖို့ လိုဦးမလား

လူငယ် - မလိုပါဘူး .. နေပါဦး .. ဒါကတဖြည်းဖြည်းရှုပ်ထွေးလာပြီ .. ပထမဆုံး ကမ္ဘာလောကဟာရိုးရှင်းတဲ့ နေရာတစ်ခုဖြစ်တယ်လို့ ခင်ဗျားကျွန်တော့်ကိုပြောတယ် .. ကျွန်တော်ကရှုပ်ထွေးအောင် မြင်နေလို့သာရှုပ်ထွေး နေတာ .. ကျွန်တော့်ရဲ့ပုဂ္ဂလိကအမြင်ကြောင့်သာ ရှုပ်ထွေးနေတာလို့ ခင်ဗျားပြောတယ် .. ပြီးတော့ ကျွန်တော်က ရှုပ်ထွေးအောင်လုပ်နေလို့သာ ဘဝဟာရှုပ်ထွေးတဲ့ပုံဖြစ်နေတာလို့လည်းပြောသေးတယ် .. အဲ့ဒါတွေအားလုံး ကြောင့် ကျွန်တော်ဟာပျော်ပျော်ရွှင်ရွှင်နေဖို့ အခက်အခဲဖြစ်နေတာလို့ခင်ဗျားပြောတယ် .. နောက်တော့ ဖရိုဒ်ပြောတဲ့ ငယ်ဘဝကအကြောင်းရင်းတစ်ခုကြောင့် လက်ရှိမှာအကျိုးတရားတစ်ခု လာဖြစ်တယ်ဆိုတဲ့အမြင် အစားမှာ လူတွေဟာအကျိုးတရားတစ်ခုလုပ်ချင်တာကြောင့် အကြောင်းရင်းကိုဆွဲယူလိုက်တာ ဆိုတဲ့အမြင်မျိုး

မြင်ကြဖို့ခင်ဗျားပြောတယ် .. စိတ်ဒဏ်ရာတွေကိုငြင်းပယ်ဖို့ပြောတယ် .. လူဟာအတိတ်ရဲ့ပြဌာန်းခံသတ္တဝါအဖြစ်နေတာမဟုတ်ဘဲ ရည်မှန်းချက်တွေပြည့်ဝဖို့ဆိုတဲ့ရည်ရွယ်ချက်နဲ့ နေထိုင်နေတာဖြစ်တယ်လို့လဲ ပြောခဲ့တယ် .. ဟုတ်ပါတယ်နော်

ဒဿနပညာရှင် - ဟုတ်တယ်

လူငယ် - ဒ့ါအပြင် အကျိုးအတွက်ဖန်တီးထားသောအကြောင်း သဘောတရားအရ လူတွေဟာပြောင်းလဲနိုင်ကြတယ်လို့ ခင်ဗျားပြောတယ် .. လူတွေဟာ သူတို့ရဲ့ကိုယ်ပိုင်ဘဝနေထိုင်မှုပုံစံကို အမြဲတမ်းရွေးချယ်နေကြတယ်လို့ ပြောခဲ့တယ်

ဒဿနပညာရှင် - အမှန်ပါပဲ

လူငယ် - ဆိုတော့ ကျွန်တော်မပြောင်းလဲနိုင်ရတာက ကျွန်တော်ဟာမပြောင်းလဲဘူးဆိုတဲ့ဆုံးဖြတ်ချက်ကို ထပ်ခါတလဲလဲလုပ်နေလို့ဖြစ်တယ် .. ကျွန်တော်ဟာ ဘဝနေထိုင်မှုပုံစံအသစ်တစ်ခုကို ရွေးချယ်ဖို့အတွက် လုံလောက်တဲ့သတ္တိရှိမနေဘူး .. တနည်းပြောရရင် ကျွန်တော်ဟာပျော်ရွှင်ဖို့ရာအတွက် လုံလောက်တဲ့သတ္တိရှိမနေဘူး .. ဒါကြောင့်ပဲကျွန်တော်ဟာ မပျော်နိုင်မရွှင်နိုင်ဖြစ်နေရတာ .. ကျွန်တော်ပြောခဲ့တာတွေထဲမှာ မှားတာပါသလား

ဒဿနပညာရှင် - မမှားပါဘူး

လူငယ် - ကောင်းပြီ .. ဒါဆိုရင် ကျွန်တော်မေးချင်တာက ကျွန်တော်တကယ်တမ်းပြောင်းလဲဖို့ ဘာတွေလုပ်ရမလဲ .. ကျွန်တော့်ဘဝကိုပြောင်းလဲနိုင်ဖို့ရာ ဘာတွေလုပ်ဖို့လိုအပ်မလဲ.. ဒါတွေကိုခင်ဗျားလုံးဝ မရှင်းပြရသေးဘူး

ဒဿနပညာရှင် - မင်းပြောတာ မှန်ပါတယ် .. မင်းအခုလုပ်သင့်တာက မင်းရဲ့လက်ရှိဘဝနေထိုင်မှုပုံစံကို ရပ်တန့်ပစ်လိုက်တော့မယ်ဆိုတဲ့ ဆုံးဖြတ်ချက်ကိုချဖို့ပါပဲ .. ဥပမာအားဖြင့် "ကျွန်တော် ဝိုင်လိုလူမျိုးဖြစ်မှပဲ ကျွန်တော်ပျော်ရွှင်နိုင်လိမ့်မယ်" လို့မင်းစောစောကပြောခဲ့တယ် .. အဲ့သလိုတွေးနေသရွေ့ .. "အဲ့သလိုဖြစ်မှသာ ဒါကဖြစ်နိုင်မယ်" ဆိုတဲ့နယ်ပယ်အတွင်းမှာနေနေသရွေ့ မင်းဘယ်လိုမှပြောင်းလဲနိုင်စွမ်းရှိမှာမဟုတ်ဘူး .. ဘာကြောင့်လဲဆိုတော့ "ကျွန်တော် ဝိုင်လိုမျိုးဖြစ်မှပဲ" ဆိုတဲ့စကားဟာ မပြောင်းလဲဖို့ရာအတွက် မင်းကိုယ်မင်းပေးနေတဲ့ ဆင်ခြေတစ်ခုဖြစ်နေတာကြောင့်ပါပဲ

လူငယ် - မပြောင်းလဲဖို့ပေးတဲ့ ဆင်ခြေတစ်ခု .. ဟုတ်လား

ဒဿနပညာရှင် - ဟုတ်တယ် .. ဝတ္ထုရေးဆရာဖြစ်ချင်တဲ့ လူငယ်မိတ်ဆွေတစ်ဦး ငါ့မှာရှိခဲ့ဖူးတယ် .. ဒါပေမယ့် သူဟာသူ့အလုပ်ကိုဘယ်တော့မှပြီးမယ့်ပုံ မပေါက်ဘူး .. သူ့အပြောအရ သူဟာအလုပ်တွေအရမ်းရှုပ်နေပြီး သူ့ဝတ္ထုကိုရေးဖို့ရာအတွက်လုံလောက်တဲ့အချိန်ကို သူဘယ်တော့မှရှာမတွေ့ခဲ့ဘူး .. အဲ့ဒါကြောင့်သူဟာ ဘယ်တော့မှဝတ္ထုကိုပြီးအောင်မရေးနိုင်ခဲ့ဘူး ဖြစ်နေတယ် .. ဒါပေမယ့် ဒါကတကယ့်အကြောင်းပြချက်လား .. မဟုတ်ဘူး .. တကယ်တော့သူက "ငါမရေးသေးလို့ပါ .. ရေးရင်ဖြစ်ပါတယ်" ဆိုတဲ့ဖြစ်တန်စွမ်းကို အမြဲပြောဆို အသုံးချနေချင်နေတာ .. အဲ့ဒါကြောင့် သူရေးဖို့မကြိုးပမ်းဘဲ ရှောင်ဖယ်ရှောင်ဖယ်လုပ်နေတာ .. သူ့အလုပ်အပေါ် ဘယ်သူကမှ မဝေဖန်စေချင်ဘူး .. သူရေးတဲ့ဝတ္ထုကမစွံပါဘူးလို့ပြောခံရနိုင်တဲ့ အရှိတရားကိုသေချာပေါက် သူရင်မဆိုင်ရဲဘူး .. ငြင်းပယ်ခံရမှာကိုလည်း သူမလိုလားဘူး .. ဖြစ်နိုင်ပါတယ်ဆိုတဲ့ နယ်ပယ်ရဲ့အတွင်းထဲမှာပဲ သူပျော်မွေ့နေချင်တယ် .. အဲ့ဒီလိုနေခြင်းအားဖြင့် အချိန်ရလို့ငါရေးလိုက်ရင်ဖြစ်မှာပါ ဒါမှမဟုတ် ပိုကောင်းတဲ့ ပတ်ဝန်းကျင်ကိုရရင်ရေးနိုင်မှာပါ .. ငါ့မှာက ပင်ကိုယ်ပါရမီအရည်အချင်းရှိပါတယ် ဆိုတဲ့ဆင်ခြေကိုသူအမြဲ ပေးနေလို့ရနေတယ် .. နောက်ငါးနှစ် ဒါမှမဟုတ် ဆယ်နှစ်လောက်ကြာတဲ့အချိန်မှာတော့ "ငါ့အသက်လည်း မငယ်တော့ဘူးလေ" ဒါမှမဟုတ် "ငါ့မှာထည့်စဉ်းစားစရာ မိသားစုကရှိနေပြီ" စတဲ့ဆင်ခြေတွေ သူပေးကောင်း ပေးလာနိုင်တယ်

လူငယ် - သူဘယ်လိုခံစားနေရမလဲဆိုတာကို ကျွန်တော်ကောင်းကောင်း စာနာနားလည်နိုင်ပါတယ်

ဒဿနပညာရှင် - သူဟာရေးရခြင်းမှာ သာယာပျော်ရွှင်တဲ့စိတ်နဲ့ ရေးသင့်တယ် .. အပယ်ခံရရင်လည်း အပယ်ခံ ရပါစေပေါ့ဆိုတဲ့စိတ်မျိုးရှိသင့်တယ် .. အဲ့သလိုစိတ်ထားပြီးရေးခဲ့ရင် သူတိုးတက်လာနိုင်တယ် .. ဒါမှမဟုတ် သူအခြားအလုပ်တစ်ခုခုကိုရွေးသင့်တယ်ဆိုတဲ့ အမြင်မျိုးလည်းရလာနိုင်တယ် .. နည်းလမ်းနှစ်ခုစလုံး ဘာပဲ ဖြစ်လာဖြစ်လာ သူဟာရှေ့ဆက်တိုးနိုင်တယ် .. မင်းရဲ့လက်ရှိဘဝနေထိုင်မှုပုံစံကို ပြောင်းလဲတယ်ဆိုတာ အဲ့သလိုမျိုးကိုပြောတာပဲ .. ဘာမှမလုပ်ဘဲနဲ့တော့ သူဘယ်မှရောက်နိုင်မှာမဟုတ်ဘူးလေ

လူငယ် - ဒါပေမယ့် သူ့အိပ်မက်ကလေး ပျက်စီးသွားနိုင်တယ်လေ

ဒဿနပညာရှင် - ကောင်းပြီ .. ငါသိချင်တာက အမျိုးမျိုးသောအကြောင်းပြချက်တွေနဲ့ ရောက်လာတဲ့ ပြီးမြောက် ရမယ့် ရိုးရှင်းတဲ့အလုပ်ကလေးတွေကို လူတစ်ယောက်က အသက်ရှင်ရပ်တည်ဖို့အလုပ်လုပ်သလို ဘာကြောင့် အားစိုက်ထုတ်ပြီးမလုပ်နိုင်ရတာလဲ .. ဆိုတော့ ဝတ္ထုရေးဆရာဖြစ်ဖို့ရည်မှန်းထားတဲ့ ငါ့မိတ်ဆွေရဲ့ကိစ္စမှာ သူ့ရဲ့ "ငါ" ဒါမှမဟုတ် "အတ္တ" ဟာသူ့ရဲ့ဘဝကို ရှုပ်ထွေးအောင်လုပ်နေပြီး သူပျော်ရွှင်ဖို့အတွက်ကိုလည်း အလွန်အမင်း ခက်ခဲအောင်လုပ်နေတာဖြစ်တယ်

လူငယ် - ဒါပေမယ့် .. ဒါက အလျှင်စလိုနိုင်လွန်းတယ် .. ခင်ဗျားရဲ့အတွေးအမြင်က ကြမ်းတမ်းရက်စက်လွန်းတယ်

ဒဿနပညာရှင် - တကယ်တမ်းတော့ .. အဲ့ဒါက အစွမ်းအင်မတန်ထက်တဲ့ ဆေးတစ်ခွက်ပါပဲ

လူငယ် - အစွမ်းထက်တဲ့ ဆေးတစ်ခွက် .. ဟုတ်တယ် .. ကျွန်တော်သဘောတူပါတယ်

ဒဿနပညာရှင် - ဒါပေမယ့် လောကနဲ့မင်းကိုယ်တိုင်ကို အနက်အဓိပ္ပါယ်ဖွင့်ဆိုပေးတဲ့ နည်းလမ်းဖြစ်တဲ့ မင်းရဲ့ ဘဝနေထိုင်မှုပုံစံကို မင်းပြောင်းလဲလိုက်ရင် မင်းလောကနဲ့တုန့်ပြန်ဆက်ဆံတဲ့နည်းလမ်းနဲ့ မင်းရဲ့အပြုအမူ နှစ်ခု စလုံးဟာလည်း ပြောင်းလဲသွားလိမ့်မယ် .. လူတစ်ယောက်ဟာ ပြောင်းလဲရမယ်ဆိုတဲ့အချက်ကို မေ့မပစ်လိုက်နဲ့ .. မင်းဟာ မင်းအရှိအတိုင်းနဲ့ပဲ မင်းရဲ့ဘဝနေထိုင်မှုဟန်ပန်ကို ရွေးချယ်ရမယ် .. အဲ့ဒါက ခက်ခဲတဲ့ပုံပေါက်ပေမယ့် တကယ်တမ်းမှာတော့ အတော်လေးရိုးရှင်းပါတယ် ..

လူငယ် - ခင်ဗျားပြောခဲ့တာက စိတ်ဒဏ်ရာဆိုတာမရှိဘူး .. ပတ်ဝန်းကျင်ကလည်းပဲ အရေးမပါဘူး .. အဲ့ဒါတွေ က အပိုတွေ .. ပြီးတော့ ကျွန်တော်မပျော်မရွှင်ဖြစ်နေရတာကလည်း ကျွန်တော်ကိုယ်တိုင်ရဲ့အမှားပဲ .. ဟုတ်တယ်နော် .. ကျွန်တော်ဟာ အရာအားလုံးအတွက် ဝေဖန်ပစ်တင်တာကိုခံနေရပြီး ကျွန်တော့်ဘဝလည်း လမ်းဆုံးသွားပြီလို့ စပြီးခံစားလာနေရတယ်

ဒဿနပညာရှင် - မဟုတ်ပါဘူး .. မင်းဟာ ဝေဖန်ပစ်တင်ခံနေရတာ မဟုတ်ပါဘူး .. အဲ့ဒီအစားမှာ အက်ဒလာ စိတ်ပညာက "အခုလက်ရှိအချိန်အထိ မင်းဘဝမှာဘာတွေပဲ ဖြစ်ခဲ့ဖြစ်ခဲ့ ဒီအချိန်ကနေစပြီး ရှေ့ဆက်ရမယ့် ဘဝခရီးလမ်းမှာ အဲ့ဒါတွေကိုဆက်သယ်ဆောင်လာစရာမလိုဘူး" လို့ငါတို့ကို ပြောနေပါတယ် .. လက်ရှိနေရာ လက်ရှိအချိန်မှာ နေထိုင်နေတဲ့မင်းဟာ မင်းရဲ့ကိုယ်ပိုင်ဘဝကို အဆုံးအဖြတ်ပေးရမယ့်သူပါပဲ

လူငယ် - အခုလက်ရှိ အခိုက်အတန့် အတိအကျလေးမှာပဲ ကျွန်တော့်ဘဝကို ဆုံးဖြတ်ရမှာလား

ဒဿနပညာရှင် - ဟုတ်တယ် .. ဘာကြောင့်လဲဆိုရင် အတိတ်ဆိုတာ အရှိတရားမဟုတ်လို့ဘဲ

လူငယ် - ကောင်းပြီလေ .. ခင်ဗျားရဲ့သီအိုရီကိုကျွန်တော် တစ်ရာရာခိုင်နှုန်းတော့သဘောမတူဘူး .. ကျွန်တော် မကျေလည်တဲ့အချက်တွေအများကြီးရှိတယ် .. အဲ့ဒါတွေကိုကျွန်တော် ဆန့်ကျင်ငြင်းခုံရမယ် .. တစ်ချိန်ထဲမှာပဲ ခင်ဗျားရဲ့သီအိုရီတွေဟာ ဆက်လက်တွေးတောဖို့ထိုက်တန်လို့ ကျွန်တော်မြင်တယ် .. ပြီးတော့ အက်ဒလာ စိတ်ပညာကို ဆက်လက်လေ့လာသင်ယူဖို့လည်း ကျွန်တော်လုံးဝစိတ်ဝင်စားပါတယ် .. ဒီညတော့ ဒီလောက်နဲ့ တော်သင့်ပြီလို့ထင်တယ် .. ဒါပေမယ့် နောက်တစ်ပတ်မှာ ကျွန်တော်ထပ်လာခဲ့မယ်ဆိုရင် ခင်ဗျားအတွက် အနှောက်အယှက်မဖြစ်လောက်ဘူးလို့ ကျွန်တော်မျှော်လင့်ပါတယ် .. ကျွန်တော်တို့ဒီမှာရပ်ပြီး မနားရင် ကျွန်တော့်ခေါင်း ပေါက်ထွက်သွားတော့မယ်

ဒဿနပညာရှင် - အခုပြောခဲ့တာတွေကို မင်းသေသေချာချာပြန်စဉ်းစားဖို့ အချိန်လိုလိမ့်မယ်ဆိုတာကတော့ အမှန်ပဲ .. ငါအမြဲတမ်း ဒီမှာရှိနေမှာပါ .. မင်းကြိုက်တဲ့အချိန်လာနိုင်ပါတယ် .. ဒီလိုဆွေးနွေးရတာကိုလည်း ငါကြိုက်တယ် .. မင်းကိုကျေးဇူးတင်ပါတယ် .. နောက်တော့ထပ်ပြောကြတာပေါ့

လူငယ် - ကောင်းပါတယ် .. ပြောခွင့်ပြုမယ်ဆို နောက်ဆုံးတစ်ခုပြောချင်ပါတယ် .. ဒီနေ့ ကျွန်တော်တို့ရဲ့ဆွေးနွေးမှုဟာ အတော်လေးကြာပြီး အတော်လေးအငြင်းအခုန်ပြင်းထန်ခဲ့တယ် .. ကျွန်တော့်အပြောအဆိုတွေလည်း အတော်လေးရိုင်းစိုင်းခဲ့တယ်လို့ ကျွန်တော်ထင်တယ် .. အဲ့ဒါအတွက် ကျွန်တော်တောင်းပန်ပါတယ်

ဒဿနပညာရှင် - ကိစ္စမရှိဘူး .. မစိုးရိမ်နဲ့ .. မင်း ပလေတိုရဲ့ ကထာကျမ်းတွေကိုဖတ်သင့်တယ် .. ဆိုကရေးတီးရဲ့ တပည့်တွေရဲ့ဟန်ပန်အမူအရာနဲ့ စကားအပြောအဆိုအသုံးအနှုန်းတွေဟာလည်း ကြမ်းတမ်းတာပါပဲ .. အပြန်အလှန်ဆွေးနွေးတယ်ဆိုတာမျိုးကလည်း အဲ့သလိုမှကောင်းတာပဲ

## ဒုတိယည
## ပြဿနာအားလုံးဟာ လူအချင်းချင်းအပြန်အလှန်ဆက်ဆံရေးနဲ့ လူမှုဆက်ဆံရေးဆိုင်ရာ ပြဿနာတွေချည်းပါပဲ

----------------------

*လူငယ်ဟာသူပြောခဲ့တဲ့စကားအတိုင်းတည်ခဲ့ပါတယ်။ တစ်ပတ်တိတိကြာပြီးတဲ့နောက်မှာ ဒဿနပညာရှင်ရဲ့ စာကြည့်ခန်းဆီပြန်ရောက်လာခဲ့ပါတယ်။ ပထမဆုံးအကြိမ်လာရောက်ဆွေးနွေးအပြီး နှစ်ရက်၊ သုံးရက်လောက် အကြာမှာပဲ ဒီကိုသူအလွန်အမင်းပြန်လာချင်နေခဲ့တယ်လို့ ဖွင့်ပြောခဲ့ပါတယ်။ သူဟာဆွေးနွေးခဲ့တဲ့ကိစ္စတွေကို သူ့စိတ်ထဲမှာ ဂရုတစိုက်နဲ့တွေးတောစဉ်းစားခဲ့ပြီး သူ့ရဲ့သံသယတွေဟာလည်း သေချာခိုင်မာမှုအဖြစ်ပြောင်းလဲခဲ့ပါတယ်။ တိုတိုပြောရရင် အကြောင်းရင်းထက် ရည်ရွယ်ချက်ကိုအသားပေးတဲ့ အကျိုးအတွက်ဖန်တီးထားသောအကြောင်း သဘောတရားဟာ ဆင်ခြေဆင်လက်တစ်ခုသာဖြစ်ပြီး စိတ်ဒဏ်ရာတွေရဲ့ရှိမှုဟာ မေးခွန်းထုတ်စရာမလိုလောက်အောင်ကို သေချာနေပါတယ်။ လူတွေဟာ အတိတ်ကိုမမေ့နိုင်ကြပါဘူး။ ပြီးတော့ သူတို့ဟာ အတိတ်ကနေလည်း လွတ်မြောက်နိုင်ကြမှာ မဟုတ်ပါဘူး။*

*ဒါကြောင့် ဒီနေ့မှာတော့ ဒဿနပညာရှင်အဓိကစွဲကိုင်ထားတဲ့ သီအိုရီတွေကို တစ်ခါထဲအမြစ်ကလှန်ပစ်မယ်လို့ သူဆုံးဖြတ်ထားခဲ့ပါတယ်။*

**မင်း ကိုယ့်ကိုယ်ကိုယ် ဘာကြောင့်မနှစ်သက်ရတာလဲ**

**-------------------------------------------------------**

လူငယ် - ဆိုတော့ အရင်တစ်ခေါက်ဆွေးနွေးပြီးတဲ့အချိန်မှာ ကျွန်တော်ကိုယ့်ကိုယ်ကိုယ် တည်ငြိမ်အောင်လုပ်ခဲ့ပါတယ် .. သေချာအာရုံစူးစိုက်ပြီးဆွေးနွေးခဲ့တဲ့ကိစ္စတွေကို ပြန်သုံးသပ်ခဲ့ပါတယ် .. ဒါပေမယ့် ခင်ဗျားရဲ့ သီအိုရီတွေကို ကျွန်တော်သဘောမတူနိုင်သေးဘူးလို့ပဲ ပြောရပါလိမ့်မယ်

ဒဿနပညာရှင် - အိုး .. အဲ့ဒီသီအိုရီတွေထဲမှာ ဘာထောက်ပြစရာအချက်တွေများ မင်းတွေ့ခဲ့သလဲ

လူငယ် - ကောင်းပြီ .. ဥပမာအနေနဲ့ အဲ့ဒီနေ့က ကျွန်တော်ကိုယ့်ကိုယ်ကိုယ်မနှစ်သက်ဘူးလို့ ပြောခဲ့တယ် .. ကျွန်တော်ဘယ်လိုပဲလုပ်လုပ် အားနည်းချက်၊ ချို့ယွင်းချက်တွေပဲကျွန်တော်မြင်နေတယ် .. ကျွန်တော်ကိုယ့်ကိုယ်ကိုယ်ဘာကြောင့်စတင်ပြီး ကြိုက်နှစ်သက်ရမလဲဆိုတဲ့ အကြောင်းပြချက်ကိုကျွန်တော် ရှာမရဘူး .. ဒါပေမယ့်လည်းကျွန်တော်ကိုယ့်ကိုယ်ကိုယ်ချစ်ချင်စိတ်ရှိနေတုန်းပါပဲ.. ခင်ဗျားက အရာအားလုံးမှာရည်ရွယ်ချက်တွေရှိတယ်ဆိုပြီးရှင်းပြခဲ့တယ် .. ဒါပေမယ့် အခုအခြေအနေမှာ ကျွန်တော်ကဘာရည်ရွယ်ချက်ကြောင့်ကိုယ့်ကိုယ်ကိုယ်မုန်းနေရတာလဲ .. ဆိုလိုတာက ကျွန်တော်ကိုယ့်ကိုယ်ကိုယ်မုန်းနေတာဟာ ကျွန်တော့်အတွက်ဘာအကျိုးကျေးဇူးရှိမှာမို့လို့လဲ .. အဲ့ဒီအချက်ကနေ အကျိုးကျေးဇူးရစရာ ကျွန်တော်နည်းနည်းလေးမှ မမြင်မိဘူး

ဒဿနပညာရှင် - ဟုတ်ပြီ .. မင်းဘာအကြောင်းရင်းကိုမှ မတွေ့ဘဲ မင်းရဲ့ချို့ယွင်းချက်ကိုပဲ တွေ့နေတဲ့အတွက်မင်းဆီမှာဘာအားသာချက်မှမရှိဘူးလို့ မင်းခံစားနေရတယ် .. အကြောင်းရင်းတွေကို မတွေ့ရတာကမင်းဘယ်လိုခံစားသလဲဆိုတာအပေါ် မူတည်နေလို့ပါ .. တနည်းပြောရရင်တော့ မင်းဟာကိုယ့်ကိုယ်ကိုယ် လေးစားနိုင်မှုအတော်လေးနိမ့်ကျနေတယ် .. ဆိုတော့ ဒီနေရာမှာမေးရမှာက မင်းကဘာလို့ကိုယ့်ကိုယ်ကိုယ်ကံမကောင်းအကြောင်းမလှ၊ သနားစရာကောင်းတဲ့သူလို့ခံစားနေရတာလဲဆိုတာပဲ .. ပြီးတော့ ကိုယ့်ကိုယ်ကိုယ်လေးစားနိုင်မှုနည်းတဲ့အမြင်နဲ့ ကိုယ့်ကိုယ်ကိုယ်ဘာကြောင့် ရှုမြင်နေရတာလဲ

လူငယ် - ဘာကြောင့်လဲဆိုတော့ ဒါကတကယ်ဖြစ်နေတဲ့ အချက်တစ်ခုပဲလေ .. ကျွန်တော့်မှာ ဘာအားသာချက်မှ မရှိဘူး

ဒဿနပညာရှင် - မင်းမှားနေပြီ .. မင်းရဲ့အားနည်းချို့ယွင်းတဲ့အချက်တွေကိုပဲ မင်းသတိပြုမိနေတယ်ဆိုတာကမင်းကိုယ့်ကိုယ်ကိုယ်မနှစ်သက်ဖို့ ဆုံးဖြတ်ထားလို့ပဲ .. မင်းကိုယ်မင်းမနှစ်သက်မိစေဖို့ရာအတွက် မင်းဟာမင်းရဲ့အားသာချက်တွေကိုမကြည့်ဘဲ မင်းရဲ့ချို့ယွင်းချက်တွေအပေါ်ကိုပဲ အာရုံစူးစိုက်ထားလို့ဖြစ်တယ် .. ပထမဆုံးအနေနဲ့ ဒီအချက်ကို မင်းနားလည်ထားရမယ်

လူငယ် - ကျွန်တော်က ကိုယ့်ကိုယ်ကိုယ်မကြိုက်နှစ်သက်မိဖို့ ဆုံးဖြတ်ထားတယ် .. ဟုတ်လား

ဒဿနပညာရှင် - အဲ့ဒါအမှန်ပဲ .. မင်းအတွက်တော့ မင်းကိုယ်မင်းမကြိုက်နှစ်သက်ဖို့ဆိုတာ မင်းစွဲကိုင်ထားတဲ့ ကောင်းမြတ်တဲ့တရားပဲ

လူငယ် - ဘာကြောင့်လဲ .. ဘာအတွက်လဲ

ဒဿနပညာရှင် - ဒါကမင်းကိုယ်တိုင်စဉ်းစားရမယ့်အချက်တစ်ခု ဖြစ်ပါလိမ့်မယ် .. မင်းမှာဘယ်လိုချို့ယွင်းချက်တွေရှိနေတယ်လို့ မင်းထင်လို့လဲ

လူငယ် - ခင်ဗျားသတိပြုမိပြီးသားလို့ ကျွန်တော်ထင်ပါတယ် .. ဦးဆုံးအနေနဲ့ ကျွန်တော့်ကိုယ်ရည်ကိုယ်သွေးပေါ့ .. ကျွန်တော်ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုမရှိဘူး .. ပြီးတော့ အရာရာမှာကျွန်တော်အဆိုးမြင်တတ်တယ် .. ပြီးတော့ ကျွန်တော်ဟာကိုယ့်ကိုယ်ကိုယ်သတိထားလွန်းတယ် .. ဘာကြောင့်လဲဆိုတော့ တခြားသူတွေ ကျွန်တော့်ကိုဘယ်လိုမြင်ကြမလဲဆိုပြီး ကျွန်တော်စိတ်ပူနေတယ် .. နောက် ကျွန်တော်ဟာ အခြားသူတွေရဲ့ အနောက်အယှက်ပြုခြင်းနဲ့ အမြဲတစေနေထိုင်နေရတယ် .. ကျွန်တော် ဘယ်တော့မှ သဘာဝကျကျမပြုမူနိုင်ဘူး .. ကျွန်တော်ပြောသမျှနဲ့လုပ်သမျှမှာ အမြဲဆိုသလိုပဲ ပလ္လားဝင့်ကြွားမှုတွေပါနေတယ် .. ပြီးတော့ အဲ့ဒါက ကျွန်တော့်ကိုယ်ရည်ကိုယ်သွေးတင်မကပါဘူး .. ကျွန်တော့်မျက်နှာနဲ့ ကိုယ်ခန္ဓာမှာတောင်မှ ဘာတစ်ကွက်မှ နှစ်သက်စရာမရှိပါဘူး

ဒဿနပညာရှင် - မင်းရဲ့ဒီလိုမျိုးချို့ယွင်းချက်တွေအကြောင်း နားထောင်ရတဲ့အချိန်တွေမှာ ဘယ်လိုမျိုးစိတ်ခံစားချက်တွေ မင်းထဲကိုဝင်လာသလဲ

လူငယ် - အား .. မနှစ်မြို့စရာကြီးပေါ့ဗျာ .. ပုံမှန်အားဖြင့် မသာယာတဲ့ခံစားချက်ကြီးဖြစ်တာပေါ့ .. ဘယ်သူမှ ကျွန်တော့်လိုစိတ်ပျက်စရာကောင်းတဲ့ကောင်နဲ့ ပေါင်းသင်းဆက်ဆံချင်မှာမဟုတ်ဘူးဆိုတာ သေချာပါတယ် .. ကျွန်တော့်အနီးဝန်းကျင်မှာ အဲ့သလိုစိတ်ပျက်စရာကောင်းပြီး၊ ဒုက္ခတွင်းဆုံးကျနေတဲ့သူမျိုးကိုတွေ့ရင် ကျွန်တော်ဆိုလည်း ရှောင်ဖယ်ပြီး ခပ်ဝေးဝေးမှာနေမိမှာပဲလေ

ဒဿနပညာရှင် - အင်း နားလည်ပြီ .. ဒီလောက်ဆိုရပါပြီလေ

လူငယ် - ခင်ဗျားဘာကို ဆိုလိုတာလဲ

ဒဿနပညာရှင် - မင်းရဲ့ကိုယ်ပိုင်ဥပမာကနေဆိုရင် နားလည်ဖို့ခက်ကောင်းခက်နေလိမ့်မယ် .. ဒါကြောင့် ငါ တခြားဥပမာတစ်ခုကိုသုံးမယ်..ငါဒီစာကြည့်ခန်းကို ရိုးရှင်းတဲ့ဆွေးနွေးအကြံပေးမှုလေးတွေ လုပ်ဖို့အတွက်လည်း သုံးတယ် .. အဲ့ဒါက နှစ်အနည်းငယ်တော့ကြာခဲ့ပြီကွ .. အဲ့ဒီတုန်းက ငါ့ဆီရောက်လာတဲ့ တပည့်မိန်းကလေး

တစ်ယောက်ရှိခဲ့တယ် .. သူက အခုမင်းထိုင်နေတဲ့နေရာ မင်းထိုင်နေတဲ့ ကုလားထိုင်မှာပဲထိုင်ခဲ့တယ် .. သူ့ရဲ့ ပြဿနာက ရှက်ပြီးမျက်နှာရှက်သွေးဖြန်းသွားမှာကို စိုးရိမ်ထိတ်လန့်နေတဲ့ ပြဿနာပဲကွ .. သူဟာ လူကြားထဲ ထွက်လိုက်တာနဲ့ကိုပဲ ရှက်ပြီးမျက်နှာတွေနီလာတယ်လို့ ငါ့ကိုပြောတယ် .. အဲ့သလိုဖြစ်နေတာကိုလဲ ဘယ်လိုမှ ပြုပြင်လို့မရဘူးလို့ ငါ့ကိုပြောတယ် .. ဆိုတော့ ငါသူ့ကိုမေးလိုက်တယ် .. "ကောင်းပြီ .. ဒါကိုကုသလို့ပျောက်ကင်း သွားရင် .. မင်းက ဘာလုပ်ချင်တာလဲ" လို့ပေါ့ .. သူကပြောတယ် သူလိုချင်တဲ့ အမျိုးသားတစ်ယောက်ရှိတယ် တဲ့ .. သူဟာ အဲ့ဒီလူကို ကြိတ်ပြီးချစ်ကြိုက်နေပေမယ့် အဲ့ဒီခံစားချက်ကို ဖွင့်ထုတ်ပြဖို့ အဆင်သင့်မဖြစ်သေးဘူး ဖြစ်နေတယ် .. သူ့ရှက်ပြီးမျက်နှာနီလာတတ်တဲ့ ဝေဒနာကိုကုသနိုင်တဲ့အခါ သူ့သဘောထားကို အဲ့ဒီလူကို ဖွင့်ပြောမယ်တဲ့

လူငယ် - ဟမ် .. အဲ့ဒါက ကျောင်းသူလေးတွေ အကြံဉာဏ်တောင်းခံလေ့ရှိတဲ့ ကိစ္စမျိုးပါပဲ .. သူ့ခံစားချက်တွေကို ဟိုလူကိုဖွင့်ပြောဖို့ရာအတွက် သူ့ရဲ့ရှက်ပြီးမျက်နှာနီလာတတ်တဲ့ ပြဿနာကိုအရင်ဖြေရှင်းရမှာပေါ့

ဒဿနပညာရှင် - ဒါပေမယ့် အဲ့ဒါက တကယ့်ပြဿနာအပြည့်အစုံလား .. ငါ့မှာမတူညီတဲ့ ထင်မြင်ချက်တစ်ခု ရှိတယ် .. သူဘာကြောင့် ရှက်သွေးဖြန်းပြီးမျက်နှာနီလာတာကို ကြောက်တဲ့စိတ်ဖြစ်လာတာလဲ .. ပြီးတော့ အဲ့ဒါက တဖြည်းဖြည်းနဲ့သက်သာလာတာရော ဘာကြောင့်မဖြစ်ရတာလဲ .. ဘာကြောင့်လဲဆိုတော့ သူဟာ အဲ့ဒီမျက်နှာနီလာတဲ့ ရောဂါလက္ခဏာကို လိုအပ်နေလို့ပဲ

လူငယ် - ခင်ဗျားဘာကို ဆိုလိုချင်တာလဲ .. သူက အဲ့ဒါကိုပျောက်ကင်းအောင်လုပ်ပေးဖို့ ခင်ဗျားကိုပြောတယ် လေ .. မဟုတ်ဘူးလား

ဒဿနပညာရှင် - သူ့အကြောက်ဆုံးအရာက ဘာဖြစ်မယ်လို့ မင်းထင်သလဲ .. အားလုံးထဲမှာ သူ့အရှောင်ရှားချင် ဆုံးကိစ္စတစ်ခုပေါ့ .. အဲ့ဒါကတော့ အဲ့ဒီလူကသူ့ကို ငြင်းပယ်လိုက်မှာကိုပေါ့ .. သူ့ရဲ့အချစ်ဟာ တုန့်ပြန်မခံရဘူး ဆိုတဲ့အချက်ဟာ သူ့အတွက်တော့ အရာအားလုံးပျောက်ဆုံးသွားသလိုဖြစ်သွားမှာပဲ .. အဓိကအားဖြင့် "ငါ" ဆိုတဲ့ သူ့ရဲ့အတ္တလေးဟာ အဲ့သလိုအငြင်းခံလိုက်ရရင် ပျောက်ဆုံးထိခိုက်သွားလိမ့်မယ် .. ဒီအနေအထားက ဆယ်ကျော်သက်တွေသူတို့ရဲ့အချစ်ကို တုန့်ပြန်မခံရတဲ့အခါမှာ ဖြစ်လေ့ရှိတယ် .. ဒါပေမယ့် သူအဲ့သလိုရှက်သွေး ဖျန်းတာကိုကြောက်တဲ့စိတ်ရှိနေသမျှမှာ "သူနဲ့ငါ ချစ်သူအဖြစ်ရှိခွင့်မရတာဟာ ငါ့မှာရှက်သွေးဖျန်းတာကို ကြောက်ရွံ့ နေတဲ့စိတ်ရှိနေလို့သာဖြစ်တယ်" လို့သူတွေးပြီး ဆင်ခြေပေးနေနိုင်ဦးမှာဖြစ်တယ် .. အဲ့ဒါက ကောင်လေးကိုချစ်တဲ့စိတ်ကိုဝန်ခံနိုင်လောက်တဲ့ သတ္တိဖြစ်မလာစေဘဲနဲ့ အဲ့သလိုမရေမရာအနေအထားနဲ့ပဲ အဆုံးသတ်သွားရမှာဖြစ်တယ် .. ပြီးတော့ ငါဖွင့်ပြောလိုက်ရင်လည်း သူကငြင်းကောင်းငြင်းနိုင်တာပဲလေ ဆိုတဲ့ ဆင်ခြေ မိန်းကလေးဆီမှာဖြစ်သွားလိမ့်မယ် .. နောက်ဆုံးမှာတော့ ငါ့မှာရှက်သွေးဖျန်းတာကို မကြောက်တော့တဲ့ စိတ်ဖြစ်မှပဲ အခြေအနေတွေကပိုကောင်းလာတော့မှာဆိုတဲ့ ဆင်ခြေကြီးနဲ့ပဲ သူတသက်လုံးနေထိုင်သွားရတော့ မှာဖြစ်တယ်

လူငယ် - ဟုတ်ပြီလေ..ဆိုတော့ သူ့ရဲ့ခံစားချက်ကိုဖော်ပြနိုင်စွမ်းမရှိမှုကို ဆင်ခြေပေးဖို့ရာအတွက် မိန်းကလေးက ရှက်သွေးဖျန်းတာကိုကြောက်ရွံ့ စိတ်ကြီးကို သူ့ဟာသူဖန်တီးထားတာလား .. ဒါမှမဟုတ် အငြင်းခံလိုက်ရတဲ့ အချိန်မှာ သက်သာရာရဖို့ရာအတွက် အာမခံတစ်ခုအနေနဲ့ ဖန်တီးထားတဲ့အရာလား

ဒဿနပညာရှင် - ဟုတ်တယ် .. နစ်မျိုးစလုံးပဲ .. အဲ့သလိုစဉ်းစားတာက မှန်တယ်

လူငယ် - ကောင်းပြီ .. အဲ့ဒါက စိတ်ဝင်စားစရာကောင်းတဲ့ အနက်ဖွင့်ဆိုမှုတစ်ခုပဲ .. ဒါပေမယ့် တကယ်တမ်း အဲ့သလိုသာဆိုရင် သူ့ကိုကူညီဖို့ရာ ဖြစ်နိုင်တဲ့နည်းလမ်း မရှိတော့ဘူးလား .. သူဟာ အဲ့သလိုရှက်သွေးဖျန်းမှာကို ကြောက်တဲ့စိတ်ကြီးကို ချက်ချင်းလက်ငင်းလိုအပ်နေပြီး အဲ့ဒီစိတ်ကြောင့်သူ ဒုက္ခခံစားနေရတယ်ဆိုတော့ သူ့အတွက် အဲ့ဒီဒုက္ခက အဆုံးမရှိတော့ဘူးလား

ဒဿနပညာရှင် - အင်း .. သူ့ကို ငါဒီလိုပြောခဲ့တယ် .. "ရှက်သွေးဖျန်းမှာကိုကြောက်တဲ့စိတ်ကို ကုသရတာက အလွယ်လေးပါ" .. သူက "တကယ်လားရှင်" လို့ပြန်မေးတယ် .. ငါက "ဒါပေမယ့် ငါ အဲ့ဒါကို ကုသပေးမှာ မဟုတ်ဘူးလို့ပြန်ပြောလိုက်တယ်" .. သူက "ဘာလို့လဲ" လို့ပြန်မေးတယ် .. ငါ သူ့ကိုရှင်းပြလိုက်ပါတယ် .. "ဒီမှာ မိန်းကလေး .. မင်းကိုယ့်ကိုယ်ကိုယ် မကျေမနပ်ဖြစ်နေမှုနဲ့ မင်းပတ်ဝန်းကျင်ကလောကကို မကျေမနပ်ဖြစ်နေမှု တွေရှိတယ်၊ ကောင်းကောင်းမွန်မွန်ရှေ့ ဆက်မသွားနိုင်တဲ့မင်းဘဝကိုလက်ခံနိုင်စေဖို့ရာအတွက် မင်းရဲ့ ရှက်သွေးဖျန်းမှာကိုကြောက်တဲ့စိတ်ကို ကျေးဇူးတင်ရမယ် .. ပြီးတော့ အဲ့သလိုဖြစ်နေတာတွေက မင်းရဲ့ရှက်သွေး ဖျန်းမှာကိုကြောက်တဲ့စိတ်ကြောင့် ဖြစ်နေရတာတွေပဲ" .. သူက ငါ့ကိုပြန်ပြောတယ် .. "အဲ့ဒါက ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ" .. ငါ ဆက်ပြောလိုက်တယ် "ငါ မင်းကိုကုသပေးလိုက်လို့ မင်းရဲ့ရှက်သွေးဖျန်းမှာကြောက်တဲ့ စိတ်ကြီးပျောက်ကင်းသွားခဲ့ပြီး မင်းရဲ့အခြေအနေတွေဘာမှပြောင်းလဲမှု ရှိမလာခဲ့ရင် မင်းဘာဆက်လုပ်မလဲ .. ငါ့ဆီကိုနောက်တစ်ခေါက်ထပ်လာပြီး ကျွန်မရဲ့ ရှက်သွေးဖျန်းမှာကိုကြောက်တဲ့စိတ်ကြီးကို ပြန်ပေးပါလို့ မင်းပြန် လာပြောကောင်းပြောလိမ့်မယ် .. အဲ့ဒီအခါကျရင် အဲ့ဒါက ငါ့လုပ်နိုင်စွမ်းရဲ့ဘောင်အပြင်ကိုရောက်သွားပြီ"

လူငယ် - ဟမ်

ဒဿနပညာရှင် - သူ့အဖြစ်က ပုံမှန်ဖြစ်နေကျဖြစ်ရပ်မဟုတ်တာတော့ အသေအချာပဲ .. စာမေးပွဲအတွက် ပြင်ဆင်နေတဲ့ကျောင်းသားတွေဟာ ငါသာစာမေးပွဲအောင်ခဲ့ရင် ဘဝကတော့ ပန်းခင်းလမ်းမှာလျှောက်ရသလို ဖြစ်ပြီလို့ ထင်ကြတယ် .. ကုမ္ပဏီအလုပ်သမားတွေက ငါသာပြောင်းရွှေ့မိန့်ကျလာခဲ့ရင် အရာအားလုံးအဆင်ပြေ သွားပြီလို့ထင်ကြတယ် .. ဒါပေမယ့်သူတို့မျှော်မှန်းတဲ့အရာတွေ ပြည့်ဝသွားခဲ့ပေမယ့်လည်း သူတို့ရဲ့အနေအထား တွေလုံးဝပြောင်းလဲမသွားတာကို ငါအများအပြားတွေ့ခဲ့တယ်

လူငယ် - တကယ်တော့ ..

ဒဿနပညာရှင် - ဝေဒနာရှင်တစ်ယောက်က သူ့ရဲ့ရှက်သွေးဖျန်းတာကိုကြောက်တဲ့စိတ်ကို ကုသပေးပါဆိုပြီး ပြောလာခဲ့ရင် တိုင်ပင်ဆွေးနွေးမှုပြုလုပ်ပေးမယ့်သူဟာ ရောဂါလက္ခဏာကိုပဲ ကုသပေးလိုက်တာမျိုး မလုပ်ရဘူး .. အဲ့သလိုပဲ လုပ်လိုက်တယ်ဆိုရင် သူတကယ့်ဝေဒနာကနေ ပြန်လည်သက်သာကောင်းမွန်လာဖို့ရာက ပိုပြီး ခက်ခဲသွားပြီ .. ဒါဟာ အက်ဒလာစိတ်ပညာက အဲ့သလိုအခြေအနေမျိုးတွေမှာ စဉ်းစားတဲ့ စဉ်းစားပုံစဉ်းစားနည်းပဲ

လူငယ် - ဆိုတော့ .. ခင်ဗျားဘယ်လို လုပ်သလဲ .. သူတို့ဘာကိုစိုးရိမ်နေသလဲဆိုတဲ့အကြောင်းကိုမေးပြီး အဲ့ဒီအတိုင်းတိုင်းပဲ ထားထားခဲ့တာလား

ဒဿနပညာရှင် - သူက သူ့ကိုယ်သူယုံကြည်မှုမရှိဘူးဖြစ်နေတာ .. သူကဖြစ်နေတဲ့အခြေအနေအပေါ်မှာ တအားစိုးရိမ်ထိတ်လန့်နေတာ .. သူဖွင့်ပြောလိုက်တာနဲ့ ကောင်လေးဖက်ကငြင်းလိုက်မှာကိုကြောက်နေတာ .. အဲ့သလိုသာ အငြင်းခံလိုက်ရရင် သူဟာ သူ့ကိုယ်သူယုံကြည်မှုပိုလျော့နည်းသွားပြီး နာကျင်ခံစားရလိမ့်မယ် .. အဲ့ဒါကြောင့်သူက ရှက်သွေးဖျန်းမှာကိုကြောက်တဲ့စိတ်ဆိုတဲ့ ရောဂါလက္ခဏာကို ဖန်တီးထားတာ .. ငါလုပ်နိုင်တာကလူတစ်ယောက်ကို "ငါ့ရဲ့လက်ရှိဖြစ်တည်မှု" ဆိုတာလေးကို ပထမဦးဆုံးအနေနဲ့ လက်ခံနိုင်ဖို့ရာ လုပ်ပေးတာပဲ .. ပြီးတဲ့နောက်မှာတော့ ရလဒ်ကဘယ်လိုရှိလာသည်ဖြစ်စေ ရှေ့ဆက်မယ်ဆိုတဲ့ သတ္တိမျိုးရှိလာအောင် လုပ်ပေးတာပါပဲ .. အက်ဒလာစိတ်ပညာမှာ ဒီနည်းလမ်းကို "အားပေးမှု" လို့ခေါ်တယ်

လူငယ် - အားပေးမှု ဟုတ်လား

ဒဿနပညာရှင် - ဟုတ်တယ် .. ငါတို့ရှေ့ဆက်ပြီး နည်းနည်းထပ်ဆွေးနွေးလိုက်ရင် အဲ့ဒီနည်းလမ်းကို ဘာတွေနဲ့ ဖွဲ့စည်းထားသလဲဆိုတာ မင်းကို စနစ်တကျလေးရှင်းပြနိုင်လိမ့်မယ် .. ငါတို့အခု အဲ့ဒီအဆင့်ကိုမရောက်သေးဘူး

လူငယ် - ဒါက ကျွန်တော့်အတွက် အလုပ်ဖြစ်လိမ့်မယ် .. အခုအချိန်မှာတော့ အားပေးမှု ဆိုတဲ့ဝေါဟာရကို ကျွန်တော် စိတ်ထဲမှာမှတ်ထားလိုက်ပါမယ် .. ဆိုတော့ သူဘာဆက်ဖြစ်သွားသလဲ

ဒဿနပညာရှင် - ငါသိရသလောက်ကတော့ မိန်းကလေးဟာ သူငယ်ချင်းတွေနဲ့ သွားသွားလာလာရှိလာပြီး အဲ့ဒီကောင်လေးနဲ့လည်း အတူတူဟိုသွားဒီသွားလုပ်လာခဲ့တယ် .. နောက်ဆုံးမှာတော့ ကောင်လေးဖက်ကပဲ စပြီးဖွင့်ပြောလာခဲ့တယ် .. သူ ငါ့စာကြည့်ခန်းဆီဘယ်တော့မှာ နောက်တစ်ကြိမ်ထပ်မရောက်လာခဲ့ တော့ဘူး .. သူ့ရဲ့ ရှက်သွေးဖျန်းမှာကိုကြောက်တဲ့စိတ် ဘာဖြစ်သွားသလဲဆိုတာတော့ ငါမသိတော့ဘူး .. ဒါပေမယ့် သူ အဲ့ဒီစိတ်ကိုနောက်ထပ် ထပ်မလိုတော့ဘူးလေ

လူငယ် - အင်း .. ရှင်းပါတယ် သူအဲ့ဒါကို ဘာအတွက်မှ နောက်ထပ်သုံးစရာမလိုတော့ဘူးပေါ့

ဒဿနပညာရှင် - အမှန်ပဲ .. အခု အဲ့ဒီမိန်းကလေးရဲ့ ကိစ္စကိုမင်းစိတ်ထဲမှာ နလုံးသွင်းထားပြီး မင်းရဲ့ပြဿနာကို စဉ်းစားကြည့်ကြရအောင် .. လက်ရှိအချိန်မှာ မင်းရဲ့ချို့ယွင်းချက်၊ အားနည်းချက်တွေကိုပဲ မင်းသတိပြုမိတယ်လို့ ပြောခဲ့တယ် .. မင်းကိုယ်မင်း ဘယ်လိုမှနှစ်သက်နိုင်မှာမဟုတ်ဘူးလို့ မင်းပြောခဲ့တယ် .. ပြီးတော့ "မင်းလိုမျိုး စိတ်ပျက်စရာကောင်းပြီး အတိဒုက္ခရောက်နေတဲ့သူနဲ့ ဘယ်သူမှအပေါင်းအသင်းလုပ်ချင်မှာမဟုတ်ဘူး" လို့လည်း မင်းပြောခဲ့တယ်နော် .. မင်း ဒါကိုနားလည်ပြီးပြီလို့ ငါသေချာပေါက်ထင်တယ် .. မင်းကိုယ့်ကိုယ်ကိုယ် ဘာလို့မုန်းနေတာလဲ .. မင်းရဲ့ချို့ယွင်းချက်တွေကိုပဲ ဘာကြောင့်စူးစိုက်ရှုကြည့်ရတာလဲ .. မင်းကိုယ်မင်း ဘာကြောင့်စပြီးကြိုက်နှစ်သက်ကြည့်ဖို့ မဆုံးဖြတ်ရတာလဲ .. ဘာကြောင့်လဲဆိုတော့ မင်းဟာ အခြားသူတွေရဲ့ မကြိုက်နှစ်သက်မှုခံရမှာနဲ့ မင်းရဲ့လူတွေနဲ့ အပြန်အလှန်ဆက်ဆံရေးမှာ နာကျင်ခံစားရမှာကို မင်းအလွန်အကျွံ စိုးရိမ်ထိတ်လန့်နေလို့ပဲ

လူငယ် - ခင်ဗျား ဘာကိုဆိုလိုတာလဲ

ဒဿနပညာရှင် - ရှက်သွေးဖျန်းမှာကို စိုးထိတ်နေတဲ့ မိန်းကလေးလိုပါပဲ .. သူတကယ်တမ်းစိုးရိမ်ထိတ်လန့်နေတာက အငြင်းခံရမှာကိုပါ .. မင်းဟာလည်းပဲ တကယ်တမ်းမှာက လူတွေဥပေက္ခာပြုခံရမှာကို စိုးထိတ်နေတာပါ.. လူတွေကမင်းကိုချိုးနှိမ်ပြောမှာ၊ ငြင်းပယ်မှာ၊ စိတ်ဒဏ်ရာတွေနက်နက်နဲနဲဖြစ်သွားမှာကို မင်းစိုးရိမ်ထိတ်လန့်နေတာပါ .. အဲ့သလိုအခြေအနေမျိုးတွေကြုံရမှာထက်စာရင် လူတွေနဲ့ မဆက်ဆံတာကမှ ပိုကောင်းလိမ့်မယ် ဆိုတဲ့စိတ်မင်းမှာဖြစ်နေတာ .. တနည်းပြောရရင်တော့ မင်းရဲ့ရည်ရွယ်ချက်က အခြားသူတွေနဲ့ဆက်ဆံရေးမှာ နာကျင်ထိခိုက်ခံစားရမှုမျိုး မရှိရေးပါပဲ

လူငယ် - ဟမ်

ဒဿနပညာရှင် - အခု အဲ့ဒီရည်ရွယ်ချက်ကို ဘယ်လိုသိမြင်နားလည်အောင်လုပ်မလဲ .. အဖြေက လွယ်လွယ်လေးပါ .. မင်းရဲ့ချို့ယွင်းချက်ကို ရှာကြည့်ရုံလေးပါပဲ .. မင်းကိုယ်မင်း မုန်းနေတဲ့ကိစ္စနဲ့ စလိုက်ကြရအောင် .. လူမှုဆက်ဆံရေး နယ်ပယ်ထဲကိုမဝင်တဲ့သူတစ်ဦးအဖြစ် စိတ်ကူးမြင်ယောင်ကြည့်လိုက်.. အဲ့သလိုမျိုး မင်းကိုယ်မင်း မင်းရဲ့ကိုယ်ပိုင် အခွံလေးထဲမှာပိတ်ထားနိုင်ခဲ့ရင် မင်းဘယ်သူနဲ့မှဆက်ဆံစရာမလိုတော့ဘူး .. ပြီးတော့ တခြားသူတွေမင်းကို အဖက်မတန်သလိုဆက်ဆံလာတဲ့အခါတိုင်းမှာ အဲ့သလိုဆက်ဆံခံရဖို့ ငါမျှော်လင့်ပြီးသားပဲဆိုတဲ့စိတ်မျိုး ဖြစ်လာလိမ့်မယ် .. ဒါဟာ ငါအဖက်မတန်သလို ဆက်ဆံခံရဖို့ ထိုက်တန်လို့ ဒီလိုဆက်ဆံခံရတာပဲဆိုတဲ့စိတ်မျိုး ထားလိုက်ပြီးသူတို့ကိုကောင်းကောင်းမွန်မွန်ပဲ တုန့်ပြန်လိုက်ပါ .. တကယ်လို့ ငါ့မှာအဲ့ဒီချို့ယွင်းချက်မရှိဘူးဆိုရင် လူတွေကငါ့ကိုချစ်ခင်နှစ်သက်လာကြမှာပဲလို့ တွေးကြည့်လိုက်ပါ

လူငယ် - ဟားဟား .. ကောင်းပြီ .. အခု ခင်ဗျားက ကျွန်တော့်ကို ကျွန်တော်နေရာဆီပို့ပေးလိုက်ပြီပဲ

ဒဿနပညာရှင် - တိမ်းရှောင်ထွက်ပြေးတာမျိုးမလုပ်နဲ့ .. မင်းရဲ့ရှိ ့ယွင်းချက်တွေအားလုံးနဲ့ ပတ်သက်ပြီး "ငါကဒီလိုပဲလေ" ဆိုတာမျိုးဖြစ်နေတာက မင်းအတွက် တန်ဖိုးရှိတဲ့ကောင်းမှုတစ်ခုဖြစ်နေတာပဲ .. တနည်းပြော ရရင်တော့ မင်းအတွက်တစ်စုံတစ်ခု အကျိုးကျေးဇူးရှိနေလို့ပေါ့

လူငယ် - အား .. ဒါကအတော်လေးထိတယ်ဗျာ .. ဘယ်လောက်ရက်စက်တဲ့သူလဲ .. ခင်ဗျားဟာမှိစ္ဆာလိုပဲ ရက်စက်ဆိုးယုတ်လွန်းတယ် .. ကောင်းပြီ .. ဟုတ်တယ် .. အဲ့ဒါကအမှန်ပဲ .. ကျွန်တော်ကြောက်နေတယ် .. လူမှုဆက်ဆံရေးမှာ ကျွန်တော်နာကျင်ခံစားရတာတွေ မလိုချင်ဘူး .. ကျွန်တော့် လက်ရှိအနေအထားကို နှိမ့်ချပြီးဆက်ဆံကြမှာကို ကျွန်တော်စိုးထိတ်နေတယ် .. အဲ့ဒါက ဝန်ခံဖို့ရာခက်ခဲတယ် .. ဒါပေမယ့် ခင်ဗျားပြော တာမှန်ပါတယ်

ဒဿနပညာရှင် - ဝန်ခံခြင်းက ကောင်းတဲ့စိတ်နေသဘောထားပဲ .. ဒါပေမယ့် လူမှုဆက်ဆံရေးတွေမှာ မနာကျင် မခံစားရဖို့ဆိုတာဟာ အခြေခံအားဖြင့် မဖြစ်နိုင်ဘူးဆိုတာကိုတော့ မမေ့လိုက်နဲ့ .. မင်းလူမှုဆက်ဆံရေးနယ်ပယ် ထဲကိုဝင်လိုက်တာနဲ့ အနည်းနဲ့အများဆိုသလို နာကျင်ခံစားရမယ်ဆိုတာကတော့ ရှောင်လွှဲလို့မရတဲ့ ကိစ္စတစ်ခု ပဲ .. အလားတူပဲ မင်းကလည်း တစ်စုံတစ်ယောက်ကို နာကျင်ခံစားရအောင် လုပ်မိမှာပဲ .. အက်ဒလာက "တစ်ယောက်ယောက်ရဲ့ ပြဿနာတွေအားလုံး အဆုံးသတ်ဖို့ရာအတွက် သူလုပ်နိုင်သမျှအကုန်ကတော့ စကြဝဠာကြီးထဲမှာ တစ်ယောက်ထဲနေထိုင်ဖို့ပါပဲ" လို့ပြောခဲ့တယ် .. ဒါပေမယ့် ဘယ်သူကများ အဲ့သလို တစ်ယောက်ထဲနေနိုင်မှာလဲကွာ

## ပြဿနာအားလုံးဟာ လူလူချင်းအပြန်အလှန်ဆက်ဆံရေးနဲ့ဆိုင်တဲ့ ပြဿနာတွေချည်းပါပဲ

---

လူငယ် - နေပါဦး .. ကျွန်တော်မရှင်းတာလေး ပြန်မေးပါရစေဦး .. "တစ်ယောက်ယောက်ရဲ့ ပြဿနာတွေအားလုံး အဆုံးသတ်ဖို့ရာအတွက် သူလုပ်နိုင်သမျှအကုန်ကတော့ စကြဝဠာကြီးထဲမှာ တစ်ယောက်ထဲနေထိုင်ဖို့ပါပဲ" လို့ ခင်ဗျားပြောခဲ့တယ် .. အဲ့ဒါခင်ဗျားဘာကိုဆိုလိုတာလဲ .. တကယ်လို့ ခင်ဗျားတစ်ယောက်ထဲနေမယ်ဆိုရင် အဲ့ဒါက ကြောက်စရာကောင်းလောက်အောင်ကို အထီးကျန်နေလိမ့်မယ် မဟုတ်ဘူးလား

ဒဿနပညာရှင် - အိုး .. ဒါပေမယ့် တစ်ယောက်ထဲနေထိုင်ခြင်းက မင်းကိုအထီးကျန်အောင်လုပ်နေတာ မဟုတ်ဘူး .. အထီးကျန်တယ်ဆိုတာက မင်းရဲ့ဝန်းကျင်မှာ လူတွေနဲ့ လူ့အဖွဲ့အစည်းကြီးရှိနေပြီး သူတို့ဆီကနေ ဖယ်ထုတ်ခံထားရတယ်လို့ နက်နက်ရှိုင်းရှိုင်းခံစားနေရတဲ့ ခံစားချက်တစ်ခုကွ .. အထီးကျန်မှုကို ခံစားဖို့ဆိုရင် ငါတို့ဟာ အခြားသူတွေကိုလိုအပ်တယ် .. ဆိုတော့ ပြောစရာရှိတာက လူတစ်ယောက် "တသီးပုဂ္ဂလ" လို့ပြောခံရတာဟာ လူမှုဝန်းကျင်ရှိနေလို့သာ ပြောခံရတာဖြစ်တယ်

လူငယ် - ခင်ဗျားတစ်ယောက်ထဲသာဆိုရင် .. ဆိုလိုတာက စကြဝဠာကြီးထဲမှာ ခင်ဗျားတစ်ယောက်ထဲပဲ ရှိနေတယ်ဆိုရင် ခင်ဗျားဟာ တသီးပုဂ္ဂလမဖြစ်ဘူး၊ အထီးကျန်မှုကိုလည်း ခံစားရမှာမဟုတ်ဘူးလို့ ပြောချင်တာလား

ဒဿနပညာရှင် - အဲ့သလိုအခြေအနေမှာဆိုရင် အထီးကျန်မှုဆိုတဲ့ အယူအဆဟာ ပေါ်လာဖို့တောင်မှ မရှိပါဘူးကွာ .. မင်းအတွက် ဘာသာစကားဆိုတာ လိုအပ်မှာမဟုတ်ဘူး .. ယုတ္တိတွေ၊ ယေဘုယျအသိတွေကိုလည်း သုံးနေစရာလိုမှာ မဟုတ်ဘူး .. ဒါပေမယ့် အဲ့သလိုကိစ္စက မဖြစ်နိုင်ပါဘူး .. မင်းလူမနေတဲ့ ကျွန်းတစ်ခုမှာ နေထိုင်တယ်ဆိုရင်တောင်မှ အခြားတစ်ဖက်မှာလူတွေရှိနေတယ်လို့မင်းသိနေရင် မင်းဟာသမုဒ္ဒရာကြီးရဲ့ တခြားကမ်းတစ်ဖက်အဝေးက တစ်စုံတစ်ယောက်အကြောင်းကိုတွေးမိနေမှာပဲ .. မင်းရဲ့ညတွေကို တစ်ယောက်ထဲ ဖြတ်သန်းနေရတယ်ဆိုရင်တောင်မှမင်းဟာ တစ်ယောက်ယောက်ရဲ့ အသက်ရှူသံကိုကြားဖို့ရာအတွက် နားစွင့်မိနေဦးမှာပဲ .. တစ်နေရာရာမှာ တစ်စုံတစ်ယောက်ရှိနေသမျှကတော့ မင်းဟာ အထီးကျန်မှုဆိုတဲ့ခံစားချက်ရဲ့ ခြောက်လှန့်မှုကိုခံနေရမှာပဲ

လူငယ် - ဒါပေမယ့် "လူတစ်ယောက် စကြဝဠာကြီးထဲမှာ သူတစ်ယောက်ထဲသာရှိနေရင် သူ့ရဲ့ပြဿနာတွေအားလုံး ပျောက်ကွယ်သွားလိမ့်မယ်" လို့ခင်ဗျားပြောလို့ရတယ်မဟုတ်လား

ဒဿနပညာရှင် - သီအိုရီအရ မှန်ပါတယ် .. ဒါပေမယ့် အက်ဒလာတကယ်ပြောချင်တဲ့အချက်ကတော့ "ပြဿနာအားလုံးဟာ လူလူချင်းအပြန်အလှန်ဆက်ဆံရေးနဲ့ဆိုင်တဲ့ ပြဿနာတွေချည်းပါပဲ" ဆိုတဲ့အချက်ပါပဲ

လူငယ် - ခင်ဗျား နောက်တစ်ခေါက်လောက်ထပ်ပြောပြနိုင်မလား

ဒဿနပညာရှင် - ငါတို့အဲ့ဒီစကားကို မင်းကြိုက်သလောက်အကြိမ်ကြိမ်ထပ်ပြောလို့ရပါတယ် .. ပြဿနာအားလုံးဟာ လူလူချင်းအပြန်အလှန်ဆက်ဆံရေးနဲ့ဆိုင်တဲ့ ပြဿနာတွေချည်းပါပဲ .. ဒါဟာ အက်ဒလာစိတ်ပညာရဲ့အရင်းအမြစ်ကျတဲ့ သဘောတရားတစ်ရပ်ပါပဲ .. ဒီကမ္ဘာလောကမှာ လူလူချင်းအပြန်အလှန်ဆက်ဆံရေးသာ မရှိတော့ဘူးဆိုရင်၊ လူတစ်ယောက်ဟာ စကြဝဠာကြီးထဲမှာတစ်ယောက်ထဲကျန်ခဲ့ပြီး ကျန်တဲ့လူတွေအားလုံး ပျောက်ကွယ်သွားမယ်ဆိုရင် ပြဿနာတွေအားလုံးဟာ ပျောက်ကွယ်သွားပါလိမ့်မယ်

လူငယ် - ဒါက အလိမ်အညာတစ်ခုပဲ .. ပညာရပ်ကိုသုံးပြီး လူကိုနှစ်ပေါက်တစ်ပေါက်ရိုက်တာလိုမျိုးပဲ

ဒဿနပညာရှင် - လူလူချင်းဆက်ဆံရေးမရှိဘဲ ငါတို့ဘာမှလုပ်နိုင်မှာမဟုတ်ဘူးဆိုတာက အမှန်ပဲ .. လူသားရဲ့ဖြစ်တည်မှုဟာ သူ့ရဲ့အတွင်းအကျဆုံးအနှစ်သာရမှာ အခြားလူသားတွေလည်းဖြစ်တည်နေတယ်လို့ ယူဆနေတာပဲ .. အခြားသူတွေနဲ့ လုံးဝကင်းလွတ်အောင်နေထိုင်ဖို့ဆိုတာက သဘောတရားအရ မဖြစ်နိုင်ဘူး ..

"လူတစ်ယောက်ဟာ စကြဝဠာကြီးထဲမှာ တစ်ယောက်ထဲနေနိုင်ခဲ့ရင်" ဆိုတဲ့အဆိုဟာ မခိုင်လုံဘူးလို့ မင်းကညွှန်ပြနေတာကြောင့် ငါဒါကိုရှင်းပြနေရတာ

လူငယ် - အဲ့ဒါက ကျွန်တော်အဓိကပြောချင်တဲ့ပြဿနာမဟုတ်ပါဘူး .. လူလူချင်းဆက်ဆံရေးဟာ ကြီးမားတဲ့ ပြဿနာဖြစ်လိမ့်မယ် ဆိုတာကတော့ သေချာပါတယ် .. အဲ့သလောက်အထိတော့ ကျွန်တော်လက်ခံနိုင်ပါတယ် .. ဒါပေမယ့် အရာအားလုံးကို လူလူချင်းဆက်ဆံရေးအပေါ်ပုံချပစ်လိုက်မယ်ဆိုရင်တော့ အဲ့ဒါက တကယ်ပဲ အစွန်းရောက်လွန်းတဲ့အမြင် ဖြစ်သွားပြီ .. လူလူချင်းဆက်ဆံရေးတွေဖြတ်တောက်ခံရမှာကို စိုးရိမ်တဲ့ဟာကရော ဘယ်လိုလဲ .. လူတစ်ယောက်က တစ်ယောက်ထဲအထီးကျန်နေရမှာကို တွေးပူတတ်တဲ့ပြဿနာမျိုးရော မရှိနိုင်ဘူးလား .. အဲ့ဒီလိုပြဿနာမျိုးတွေကိုရော ခင်ဗျားငြင်းပယ်မှာလား

ဒဿနပညာရှင် - လူတစ်ယောက်ထဲကပဲ လုံးလုံးသတ်မှတ်ထားတဲ့ စိုးရိမ်ပူပန်မှုမျိုးဆိုတာ မရှိပါဘူး .. အတွင်းစိတ်က ပူပန်နေတယ်လို့ လူတွေထင်နေကြတဲ့အရာမျိုး လုံးဝမရှိပါဘူး .. လူတစ်ယောက်မှာ ဘယ်လို စိုးရိမ်ပူပန်မှုပဲပေါ်လာပေါ်လာ အဲ့ဒီစိုးရိမ်ပူပန်မှုထဲမှာ အခြားသူတွေရဲ့အရိပ်အယောင်တွေ အမြဲတမ်းပါနေမှာပါပဲ

လူငယ် - ဒါပေမယ့် ခင်ဗျားဟာ ဒဿနာပညာရှင်တစ်ယောက်အဖြစ် ရှိနေတုန်းပဲလေ .. လူတစ်ယောက်မှာ လူလူချင်းအပြန်အလှန်ဆက်ဆံရေးထက် ပိုကြီးကျယ်တဲ့ပြဿနာတွေ ရှိဦးမှာပဲလေ .. ပျော်ရွှင်မှုဆိုတာ ဘာလဲ .. လွတ်လပ်မှုဆိုတာဘာလဲ .. ပြီးတော့ ဘဝရဲ့အဓိပ္ပါယ်ဆိုတာဘာလဲ .. အဲ့သလိုမျိုး ပြဿနာတွေလေ .. အဲ့ဒီ ပြဿနာတွေဟာ ရှေးဟောင်းဂရိခေတ်ကတည်းက ဒဿနပညာရှင်တွေ ကိုင်တွယ်ဖြေရှင်းဖို့ကြိုးစားခဲ့ကြတဲ့ ပြဿနာတွေမဟုတ်ဘူးလား .. ပြီးတော့ အဲ့ဒီတော့ဘာဖြစ်သတုန်းလို့ ခင်ဗျားပြောဦးမယ် .. လူလူချင်းဆက်ဆံရေးက အရာရာပဲလား .. အဲ့ဒါက မယုံနိုင်စရာပဲ .. ဒဿနပညာရှင်တစ်ယောက်က ဒီလိုစကားမျိုးပြောတာကို ယုံဖို့ခက်နေတာတော့ အမှန်ပဲ

ဒဿနပညာရှင် - ဒါဖြင့် ကောင်းပြီ .. တချို့ကိစ္စတွေမင်းကို ပိုပြီးကျကျနန ရှင်းပြဖို့လိုနေပုံရတယ်

လူငယ် - ကောင်းပါပြီ .. ရှင်းပြပါ .. ခင်ဗျားကိုယ်ခင်ဗျား ဒဿနပညာရှင်လို့ကျွန်တော့်ကိုပြောမယ်ဆိုရင် အဲ့ဒီအရာတွေကို သေသေချာချာရှင်းပြဖို့လိုတာပေါ့ .. မဟုတ်ရင် ဒါတွေက ဘာမှအဓိပ္ပါယ်ရှိမှာ မဟုတ်ဘူး

ဒဿနပညာရှင် - မင်းဟာ လူလူချင်းဆက်ဆံရေးကို အင်မတန်စိုးရိမ်ကြောက်လန့်နေတယ် .. အဲ့ဒါကြောင့်ပဲ မင်းကိုယ်မင်း မနှစ်သက်နိုင်ဖြစ်နေရတာ .. မင်းဟာ မင်းကိုယ်မင်းမနှစ်သက်ခြင်းအားဖြင့် လူလူချင်းဆက်ဆံရေး တွေကို ရှောင်ရှားနေတာပဲ

+++

*အဲ့သလိုအလေးအနက်ပြောလိုက်တာက လူငယ်ကိုသူ့အတွင်းအရင်းအမြစ်နေရာရောက်အောင်အထိ လှုပ်ခါပစ်လိုက်သလို ခံစားသွားစေရပါတယ်။ အဲ့ဒီစကားလုံးတွေဟာ သူ့နှလုံးသားကို ထိုးဖောက်သွားသကဲ့သို့ပဲ ငြင်းပယ်မရနိုင်တဲ့ အမှန်တရားတစ်ရပ် ပါနေပါတယ်။ ဘယ်လိုပဲဖြစ်စေ လူတွေကြုံတွေ့နေရတဲ့ ပြဿနာအားလုံးဟာ လူလူချင်းဆက်ဆံရေးဆိုင်ရာပြဿနာတွေဖြစ်တယ်ဆိုတဲ့အချက်ကို ရှင်းရှင်းလင်းလင်းပြန်ချေပနိုင်မယ့် အချက်ကိုသူရှာဖွေရပါတော့မယ်။*

*"အက်ဒလာက လူတွေရဲ့ပြဿနာတွေကို သေးသိမ်အောင်လုပ်နေတာပဲ .. ငါခံစားနေရ တဲ့ပြဿနာက အသေးအဖွဲလေးမှမဟုတ်တာ"*

**နိမ့်ကျတယ်ဆိုတဲ့ခံစားချက်ဟာ ပုဂ္ဂလဓိဋ္ဌာန်ကျတဲ့ ယူဆချက်တွေပဲဖြစ်တယ်**

---

ဒဿနပညာရှင် - လူလူချင်းဆက်ဆံရေးကို တခြားကွဲပြားတဲ့ရှုထောင့်တစ်ခုကနေ ကြည့်ကြည့်ရအောင် .. မင်း "နိမ့်ကျတယ်ဆိုတဲ့ခံစားချက်" ဆိုတဲ့ဝေါဟာရနဲ့ ရင်းနှီးကျွမ်းဝင်မှု ရှိသလား

လူငယ် - ဘယ်လောက်ရီစရာကောင်းတဲ့ မေးခွန်းလဲဗျာ .. ခင်ဗျားနဲ့ကျွန်တော် အခုလောက်အထိဆွေးနွေးလာခဲ့တာတွေကိုကြည့်ပြီး ကျွန်တော်ဟာ နိမ့်ကျတယ်ဆိုတဲ့ခံစားချက်ကိုခံစားနေရတဲ့ ငနဲတစ်ကောင်ပဲဆိုတာ ခင်ဗျားသေချာပေါက်ပြောနိုင်မှာပါ

ဒဿနပညာရှင် - အဲ့ဒီခံစားချက်က တိတိကျကျပြောရမယ်ဆိုရင် ဘယ်လိုခံစားချက်မျိုးဖြစ်မလဲ

လူငယ် - အင်း .. ဥပမာအနေနဲ့ သတင်းစာတစ်စောင်ထဲမှာ ကျွန်တော်နဲ့သက်တူရွယ်တူလူငယ်တစ်ယောက် အောင်မြင်ကျော်ကြားနေတာကိုတွေ့လိုက်ရရင် ကျွန်တော်ဟာ နိမ့်ကျတယ်ဆိုတဲ့ခံစားချက်မျိုးတွေပေါ်ပေါက်လာတော့တာပါပဲ .. ကမ္ဘာပေါ်မှာငါနဲ့ အချိန်အတူတူရတဲ့လူတစ်ယောက် အောင်မြင်ကျော်ကြားနေတဲ့အချိန်မှာ ငါကဘာတွေလုပ်နေခဲ့တာလဲ ဆိုတဲ့စိတ်ဖြစ်မိတယ် .. ဒါမှမဟုတ် ကျွန်တော့်သူငယ်ချင်းတစ်ယောက် ပျော်ရွှင်နေတာကိုမြင်ရင် သူနဲ့အတူကြည်နူးမုဒိတာပွားပေးရမယ့် စိတ်ကလေးမပေါ်လာခင် ကျွန်တော်ဟာ မနာလိုမှုတွေ၊ စိတ်ပျက်အားငယ်မှုတွေနဲ့ ပြည့်လျှမ်းလာတော့တာပါပဲ .. ဒီဝက်ခြံဗရပွနဲ့ မျက်နှာကဘာမှအရေးမပါဘူးဆိုတာဟုတ်ပေမယ့် ကျွန်တော့်ရဲ့ပညာရေး၊ အလုပ်အကိုင်တွေနဲ့ ပတ်သက်ရင်တော့ ကျွန်တော့်မှာ နိမ့်ကျတယ်ဆိုတဲ့ခံစားချက်ရှိတယ် .. ကျွန်တော့်ဝင်ငွေ၊ လူမှုရေးအဆင့်အတန်းတွေနဲ့ ပတ်သက်ရင်လည်း ကျွန်တော့်မှာ နိမ့်ကျတယ်ဆိုတဲ့ခံစားချက်ရှိတယ် .. ကျွန်တော်ဟာ နိမ့်ကျတယ်ဆိုတဲ့ခံစားချက်တွေနဲ့ လုံးဝစိတ်ပျက်လက်ပျက် ဖြစ်နေတဲ့သူတစ်ယောက်ပါပဲ

ဒဿနပညာရှင် - အင်း .. စကားမစပ် "နိမ့်ကျတယ်ဆိုတဲ့ ခံစားချက်" ဆိုတဲ့ဝေါဟာရကို ဒီနေ့ခေတ်မှာသုံးနေတဲ့ အနက်အဓိပ္ပါယ်နဲ့ သုံးခဲ့ကြသူတွေထဲမှာတော့ အက်ဒလာက ဦးဆုံးပဲ

လူငယ် - ဟမ် .. ကျွန်တော်အဲ့ဒီအကြောင်း မသိဘူး

ဒဿနပညာရှင် - အက်ဒလာရဲ့ ဒေသိယ ဂျာမန်စကားမှာ အဲ့ဒါကို Minderwertigkeitsgefuhl လို့ခေါ်ကြတယ် .. အဓိပ္ပါယ်ကတော့ Wert - တန်ဖိုးရှိတဲ့၊ Gefuhl - ခံစားချက်၊ minder - နည်းပါးနေမှု ဆိုတဲ့အနက်ရှိတယ် .. ဆိုတော့ "နိမ့်ကျတယ်ဆိုတဲ့ခံစားချက်ဟာ" တစ်စုံတစ်ယောက်ရဲ့ ကိုယ့်ကိုယ်ကိုယ်အပေါ်ထားတဲ့ တန်ဖိုးကို သတ်မှတ်ဆုံးဖြတ်ချက်နဲ့ သက်ဆိုင်နေတယ်

လူငယ် - တန်ဖိုးကို သတ်မှတ်ဆုံးဖြတ်ချက် ဟုတ်လား

ဒဿနပညာရှင် - အဲ့ဒါက တစ်ယောက်ယောက်ဟာအဖိုးမတန်ဘူး ဒါမှမဟုတ် ဘယ်လောက်အထိပဲ တန်ဖိုးရှိတယ် စတဲ့ခံစားချက်တစ်ခုပါပဲ

လူငယ် - အား .. အဲ့ဒါက ကျွန်တော်ကောင်းကောင်းသိတဲ့ ခံစားချက်တစ်ခုပဲ .. အရှင်းဆုံးပြောရရင် အဲ့ဒါက ကျွန်တော်ပါပဲ .. အသက်ရှင်နေရတာ ဘာအဓိပ္ပါယ်မှမရှိဘူးဆိုတဲ့စိတ်နဲ့ ကိုယ့်ကိုယ်ကိုယ်နှိပ်စက်ပြီး နေနေရတဲ့ နေ့တွေချည်းကြုံနေရတာပါပဲ

ဒဿနပညာရှင် - ဆိုတော့ .. ငါ့ရဲ့ကိုယ်ပိုင်နိမ့်ကျတယ်ဆိုတဲ့ခံစားချက်ကို တစ်ချက်ကြည့်ကြည့်လိုက်ကြရအောင် .. မင်းငါနဲ့ပထမဆုံးအကြိမ်တွေ့တော့ မင်းငါ့အပေါ်ဘယ်လိုထင်မြင်ချက်ဖြစ်သွားလဲ .. ငါ့ရဲ့ ရုပ်လက္ခဏာ အပေါ်မှာပေါ့

လူငယ် - အမ် .. အင်း ..

ဒဿနပညာရှင် - တွန့်ဆုတ်နေစရာမလိုပါဘူး .. ပွင့်ပွင့်လင်းလင်းသာ တဲ့တိုးပြောလိုက်ပါ

လူငယ် - ကောင်းပြီ .. ခင်ဗျားဟာ ကျွန်တော်တွေးထင်ထားတာထက် သေးကွေးနေတယ်

ဒဿနပညာရှင် - ကျေးဇူးပါပဲ .. ငါ့အရပ်က ၆၁ လက်မပဲ ရှိတာ .. အက်ဒလာဟာလည်း ငါနဲ့ အရပ်အတူတူလောက်ပဲ .. မင်းအသက်အရွယ်လောက်တုန်းက ငါလဲ ငါ့အရပ်အတွက်စိုးရိမ်သောကပွားခဲ့ရတာပါပဲ .. ငါသာ သူလိုငါလို ပုံမှန်အရပ်အမောင်းရှိနေတယ်ဆို၊ နောက်ထပ် ရှစ်လက်မ ဒါမှမဟုတ် အနည်းဆုံး လေးလက်မလောက် အရပ်ပိုရှည်ခဲ့မယ်ဆို အရာရာဟာ ငါ့အတွက်မတူကွဲပြားတာတွေဖြစ်လာနိုင်ချေရှိတယ်လို့ ငါတွေးထင်ခဲ့တယ် ..

အဲ့သလိုသာဆိုငါ့မှာပိုပြီးပျော်ရွှင်ကြည်နူးဖွယ်ကောင်းတဲ့ ဘဝကိုရလိမ့်မယ်လို့ငါထင်ခဲ့တယ်.. အဲ့သလိုခံစားချက်ရှိလာတဲ့အချိန်မှာ အဲ့ဒီအကြောင်း ငါ့သူငယ်ချင်းတစ်ယောက်ကို ရင်ဖွင့်ခဲ့တယ် .. သူက "အမိပ္ပါယ်မရှိတာတွေ" ပါကွာ .. အဲ့ဒါတွေကိုမေ့လိုက်စမ်းပါလို့ ပြောခဲ့တယ် ..

လူငယ် - အဲ့ဒါက ဆိုးရွားလိုက်တာ .. တချို့သူငယ်ချင်းတွေက အဲ့သလိုပဲ

ဒဿနပညာရှင် - ပြီးတော့ သူကဆက်ပြောတယ် "မင်းအရပ်ပိုရှည်လာရင် မင်းဘာလုပ်မလို့လဲ .. မင်းသိလား .. မင်းမှာ လူတွေကိုသက်သာရာရစေနိုင်စွမ်းရှိတဲ့ လက်ဆောင်တစ်ခုရှိတယ်" တဲ့ .. ကြီးမားတုတ်ခိုင်တဲ့လူတစ်ယောက်အနေနဲ့ သူ့ရဲ့အရွယ်အစားကြောင့် လူတွေကိုခြိမ်းခြောက်နေသလိုဖြစ်နေနိုင်တယ် .. တစ်ဖက်မှာ ငါ့လိုသေးကွေးတဲ့လူတစ်ယောက်အနေနဲ့ လူတွေငါ့ကိုမြင်တဲ့အခါ ဘာစိုးရိမ်ထိတ်လန့်မှုမှ ပေါ်မလာနိုင်ဘူး .. ဆိုတော့ သေးကွေးတဲ့ခန္ဓာကိုယ်ရှိခြင်းဟာ ငါနဲ့ ငါ့ဝန်းကျင်ကလူတွေအတွက် လိုလားနှစ်သက်ဖွယ်ကောင်းတဲ့အချက်တစ်ခုဖြစ်စေတယ်ဆိုတာကို ငါသိမြင်လာခဲ့တယ် .. တနည်းပြောရရင် တန်ဖိုးတွေဟာ အပြောင်းအလဲဖြစ်သွားတယ် .. အဲ့သလိုတန်ဖိုးတွေကို ပြောင်းလဲရှုမြင်ပြီးတဲ့နောက်မှာတော့ ငါ့အရပ်နဲ့ပတ်သက်လို့ ငါဘယ်လိုမှ စိုးရိမ်ပူပန်မှု မရှိတော့ဘူး ..

လူငယ် - ကောင်းပြီ .. ဒါပေမယ့် .. အဲ့ဒါက ..

ဒဿနပညာရှင် - နေပါဦး .. ငါ့စကားဆုံးအောင် နားထောင်ပါဦး .. ဒီနေရာမှာ အရေးကြီးတဲ့အရာက ၆၁ လက်မသော ငါ့အရပ်ဟာ သူတပါးထက် နိမ့်ပါးတဲ့အရာမဟုတ်ဘူး

လူငယ် - အဲ့ဒါက မနိမ့်ပါးဘူးလား

ဒဿနပညာရှင် - တကယ်တမ်းမှာတော့ အဲ့ဒါက မနိမ့်ပါးပါဘူး .. တစ်ခုခုလျှော့နည်းနေတာ၊ လျှော့ပါးနေတာမျိုး မဟုတ်ပါဘူး .. ၆၁ လက်မဆိုတဲ့ ငါ့အရပ်က ပုံမှန်ပျမ်းမျှအရပ်ထက် နည်းနေတယ်ဆိုတာကတော့ ဟုတ်တာပေ့ါ .. ပြီးတော့ အဲ့ဒါကလည်း ဓမ္မဓိဌာန်ကျကျတိုင်းတာထားတဲ့ ကိန်းဂဏန်းတစ်ခုလေ .. ကြည့်လိုက်ရင်တော့ အဲ့ဒါက နိမ့်ပါးမှုတစ်ခုလို့ထင်စရာပေ့ါ .. ဒါပေမယ့်တကယ့်အရေးကိစ္စက အဲ့ဒီအရပ်အမြင့်အပေါ်မှာ ငါထည့်သွင်းလိုက်တဲ့ အနက်အဓိပ္ပါယ်ပဲ .. အဲ့ဒီအရာအပေါ် ငါသတ်မှတ်မယ့်တန်ဖိုးက အဓိကပဲ

လူငယ် - အဲ့ဒါက ဘာကိုဆိုလိုတာလဲ

ဒဿနပညာရှင် - ငါ့ရဲ့အရပ်အပေါ်မှာဖြစ်ပွားတဲ့ငါ့ရဲ့ခံစားချက်တွေအားလုံးဟာ ငါ့ရဲ့ပုဂ္ဂလဓိဌာန်ကျတဲ့ နိမ့်ကျတယ်ဆိုတဲ့ခံစားချက်ပါပဲ .. အဲ့ဒီအရာက အခြားသူတွေနဲ့ငါ့ကိုယ်ငါကို နှိုင်းယှဉ်ရှုမြင်မိရာကနေ ပေါ်ပေါက်လာတဲ့အရာပဲ .. ပြောရမယ်ဆိုရင်အဲ့ဒါက ငါ့ရဲ့လူလူချင်းဆက်ဆံရေးကြောင့် ပေါ်ပေါက်လာတဲ့အရာတစ်ခုပဲ ..

ဘာကြောင့်လဲဆိုတော့ ငါနဲ့နိုင်းယှဉ်ကြည့်စရာတစ်ယောက်မှရှိမနေဘူးဆိုရင် ငါဟာအရပ်ပုတယ်ဆိုတဲ့စိတ်မျိုး ဘယ်လိုမှပေါ်ပေါက်လာစရာအကြောင်းမရှိလို့ပဲ .. အခု မင်းလည်းပဲအမျိုးမျိုးသောနိမ့်ကျတယ်ဆိုတဲ့ ခံစားချက်တွေကိုခံစားနေရတယ်.. ဒါပေမယ့်မင်းနားလည်ရမှာက မင်းခံစားနေရတာကဓမ္မဓိဋ္ဌာန်ကျတဲ့နိမ့်ကျမှု မဟုတ်ဘဲ ပုဂ္ဂလဓိဋ္ဌာန်ကျတဲ့ နိမ့်ကျတယ်ဆိုတဲ့ခံစားချက်တစ်ခုဖြစ်တယ် ဆိုတာကိုပဲ .. အရပ်အနိမ့်အမြင့်လိုပြဿနာမျိုးတောင်မှပဲ ပုဂ္ဂလဓိဋ္ဌာန်ကျမှုဆီကို လျှော့ချပစ်လိုက်လို့ရတယ်

လူငယ် - တခြားနည်းနဲ့ပြောမယ်ဆိုရင် ကျွန်တော်တို့ခံစားနေရတဲ့ နိမ့်ကျတယ်ဆိုတဲ့ခံစားချက်ဟာ ဓမ္မဓိဋ္ဌာန်ကျတဲ့အချက်အလက်ဆိုတာထက် ကျွန်တော်တို့ရဲ့ပုဂ္ဂလဓိဋ္ဌာန်ကျတဲ့ အနက်ဖွင့်ဆိုမှုတွေကြောင့် ဖြစ်လာတာလို့ပြောရမယ်လား

ဒဿနပညာရှင် - အတိအကျပဲ .. ငါ့သူငယ်ချင်းမြင်သလို မြင်ကြည့်မယ်ဆိုရင် ငါဟာလူတွေကိုစိတ်သက်သာရာရစေတဲ့သူတစ်ယောက်၊ ခြိမ်းခြောက်မှုမဖြစ်စေတဲ့လူတစ်ယောက်ပေါ့ .. အဲ့ဒီလိုမြင်တဲ့အမြင်ဟာ အားကောင်းတဲ့အချက်တစ်ခုဖြစ်လာတယ် .. ဒါဟာ ပုဂ္ဂလဓိဋ္ဌာန်ကျတဲ့အနက်ဖွင့်ဆိုချက်တစ်ခုဆိုတာကတော့ မှန်တာပေါ့ .. မင်းပြောမယ်ဆိုရင် အဲ့ဒါကိုစိတ်ကူးယဉ်ယူဆချက်တစ်ခုလို့တောင်ပြောနိုင်ပါသေးတယ်.. ဒါပေမယ့် ပုဂ္ဂလဓိဋ္ဌာန်ကျမှုမှာ ကောင်းတဲ့အချက်တစ်ခုရှိတယ် .. အဲ့ဒါကတော့ သူကမင်းကို မင်းကိုယ်တိုင်ရွေးချယ်ခွင့်ရှိအောင်ဖွင့်ပေးထားတယ်ဆိုတဲ့အချက်ပါပဲ .. အဲ့ဒါကလုံးဝမှန်တယ် ဘာကြောင့်လဲဆိုတော့ ပုဂ္ဂလဓိဋ္ဌာန်ကျတဲ့အမြင်နဲ့မြင်မယ်ဆိုရင် ငါ့ရဲ့အရပ်အမြင့်အပေါ်မြင်တဲ့အမြင်ကို ရွေးချယ်ရာမှာ ငါဟာ အားသာချက်တစ်ခုအဖြစ် ရွေးချယ်ရှုမြင်လို့ရသလို အားနည်းချက်တစ်ခုအဖြစ်လည်း ရွေးချယ်ရှုမြင်လို့ရတာပဲ .. အဲ့ဒါကငါ့ကို ရွေးချယ်ဖို့ဖွင့်ပေးထားတယ်

လူငယ် - ခင်ဗျားဟာ ဘဝနေထိုင်မှုဟန်ပန်အသစ်တစ်ခုကို ရွေးချယ်နိုင်တယ်လို့ ဆိုလိုတာလား

ဒဿနပညာရှင် - အမှန်ပဲ .. ငါတို့ဟာဓမ္မဓိဋ္ဌာန်ကျတဲ့ အချက်အလက်ကို ပြောင်းလဲလို့မရဘူး .. ဒါပေမယ့် လူတစ်ယောက်ဟာ သူ့ရဲ့ပုဂ္ဂလဓိဋ္ဌာန်ကျတဲ့ အနက်ဖွင့်ဆိုမှုကိုတော့ သူစိတ်ရှိသလောက် ပြောင်းလဲဖွင့်ဆိုလို့ရတယ်လေ .. ပြီးတော့ ငါတို့ဟာလည်း ပုဂ္ဂလဓိဋ္ဌာန်ကျတဲ့ကမ္ဘာလောကကြီးမှာ မှီတင်းနေထိုင်ကြတဲ့သူတွေပဲ .. ဒီအကြောင်းကို ငါတို့ရှေ့ဆုံးမှာတုန်းက ပြောခဲ့ကြပြီးပြီ .. ဟုတ်တယ်မဟုတ်လား

လူငယ် - ဟုတ်ပါတယ် .. ခြောက်ဆယ်ဒီဂရီအပူချိန်ရှိတဲ့ တွင်းရေအကြောင်းပေါ့

ဒဿနပညာရှင် - အခု နိမ့်ကျတယ်ဆိုတဲ့ခံစားချက်ရဲ့ ဂျာမန်စကားလုံး Minderwertigkeitsgefuhl ဆိုတာကို ပြန်အမှတ်ရလိုက်ပါ .. စောစောတုန်းက ငါပြောခဲ့သလိုပဲ "နိမ့်ကျတယ်ဆိုတဲ့ခံစားချက်" ဟာ တစ်စုံတစ်ယောက်ရဲ့တန်းဖိုးသတ်မှတ်ဆုံးဖြတ်ချက်နဲ့ သက်ဆိုင်တဲ့ဝေါဟာရတစ်ခုပါပဲ .. ဆိုတော့ အဲ့ဒီတန်ဖိုးဆိုတာက ဘာဖြစ်လိမ့်မလဲ .. ကောင်းပြီ .. ဥပမာအနေနဲ့ စိန် ကိုကြည့် .. စိန်ကိုတန်ဖိုးမြင့်မြင့်သတ်မှတ်ပြီး ရောင်းဝယ်ကြတယ် ..

ဒါမှမဟုတ် ငွေစက္ကူတွေကိုကြည့် .. ငါတို့ဟာဒီအရာတွေအတွက် တစ်ကာရက်ကို ဘယ်လောက်ဆိုတဲ့ တန်ဖိုးတွေကိုသတ်မှတ်ထားကြတယ် .. ဈေးနှုန်းကတော့ ဒီလောက် ဒီလောက် စသဖြင့်ပေ့ါ .. ဒါပေမယ့် မင်းရဲ့ရှုထောင့်ကိုပြောင်းပြီးကြည့်လိုက်မယ်ဆိုရင်တော့ စိန် ဆိုတာ ဘာမှမဟုတ်တဲ့ ကျောက်တုံးလေးတစ်တုံးပါပဲ

လူငယ် - ဟုတ်ပါတယ် .. ဆင်ခြင်ကြည့်ရင် အဲ့သလိုပါပဲ

ဒဿနပညာရှင် - တနည်းပြောရရင်တော့ တန်ဖိုးဆိုတာ လူမှုအခြေအနေတွေအပေါ် အခြေခံပြီးသတ်မှတ်ထားတဲ့သတ်မှတ်ချက်တစ်ခုပါပဲ .. တစ်ဒေါ်လာတန် ငွေစက္ကူတစ်ခုအပေါ်မှာ သတ်မှတ်ထားတဲ့တန်ဖိုးဟာ ဓမ္မဓိဌာန်ကျတဲ့တန်ဖိုးတစ်ခုမဟုတ်ပါဘူး .. ယေဘုယျဘုံသဘောတူလက်ခံတဲ့နည်းလမ်းနဲ့ သတ်မှတ်ထားတဲ့အရာတစ်ခုပေ့ါ .. တကယ်လို့တစ်စုံတစ်ယောက်က ငွေစက္ကူကိုပုံနှိပ်ရိုက်ထုတ်ထားတဲ့ တန်ဖိုးသက်သက်ကိုပဲကြည့်မယ်ဆိုရင် သူ့တန်ဖိုးဟာ တစ်ဒေါ်လာဘယ်လိုမှရှိမှာမဟုတ်ပါဘူး .. တကယ်လို့ငါဟာ ဒီကမ္ဘာကြီးပေါ်မှာတစ်ယောက်ထဲရှိပြီး တခြားဘယ်သူမှရှိမနေဘူးဆိုရင် ဆောင်းတွင်းအေးလာတဲ့အခါမှာ ငါဟာ အဲ့ဒီငွေစက္ကူတွေကိုမီးရှို့ပြီးမီးလှုံပစ်လိုက်မှာပဲ .. အဲ့ဒီဥပမာအတိုင်းပါပဲ ငါဟာလည်း ငါ့ရဲ့အရပ်အမြင့်နဲ့ပတ်သက်လို့ ဘာမှပူပန်စိုးရိမ်နေစရာ အကြောင်းမရှိပါဘူး

လူငယ် - ခင်ဗျားဟာ ဒီကမ္ဘာပေါ်မှာတစ်ယောက်ထဲရှိပြီး တခြားဘယ်သူမှရှိမနေဘူးဆိုရင် .. ဟုတ်လား

ဒဿနပညာရှင် - ဟုတ်တယ် .. တန်ဖိုးနဲ့ပတ်သက်တဲ့ ပြဿနာဟာ အဆုံးမှာငါတို့ကို လူလူချင်းဆက်ဆံရေးဆီကို နောက်တစ်ဖန် ပြန်ရောက်လာစေတာပဲ မဟုတ်လား

လူငယ် - ဆိုတော့ ဒါက ခင်ဗျားပြောတဲ့ ပြဿနာအားလုံးဟာ လူလူချင်းဆက်ဆံရေးနဲ့ဆိုင်တဲ့ ပြဿနာပဲဆိုတဲ့စကားနဲ့ ချိတ်ဆက်နေတာပေ့ါ ဟုတ်လား

ဒဿနပညာရှင် - ဟုတ်တယ် .. အဲ့ဒါ အမှန်ပဲ

## အငုံ့စိတ်ဆိုတာ ဆင်ခြေတစ်ခုပါ

----------------------------------

လူငယ် - ဒါပေမယ့် နိမ့်ကျတယ်ဆိုတဲ့ခံစားချက်ဟာ တကယ်ပဲလူလူချင်းဆက်ဆံရေးနဲ့ဆိုင်တဲ့ပြဿနာလို့ ခင်ဗျားသေချာပေါက်ပြောနိုင်ပါ့မလား .. လူမှုဆက်ဆံရေးအရ အောင်မြင်တယ်လို့သတ်မှတ်ခံရတဲ့သူ၊ အခြားသူတွေနဲ့ဆက်ဆံရေးမှာ အဆင်ပြေချောမွေ့နေတဲ့သူတွေတောင်မှ နိမ့်ကျတယ်ဆိုတဲ့ခံစားချက်တချို့ ရှိနေနိုင်သေးတာပဲမဟုတ်လား .. အင်မတန်ချမ်းသာကြွယ်ဝတဲ့ စီးပွားရေးသမားတစ်ယောက်၊ အခြားသူတွေမနာလိုရ

လောက်အောင် အပြစ်အနာအဆာကင်းကင်းနဲ့ ချောမောလှပတဲ့သူတစ်ယောက်၊ အိုလံပစ်အားကစားပြိုင်ပွဲမှာ ရွှေတံဆိပ်ရရှိတဲ့သူတစ်ယောက်တောင်မှ နိမ့်ကျတယ်ဆိုတဲ့ခံစားချက်မျိုး ပေါ်လာနိုင်သေးတာပဲ မဟုတ်ဘူးလား .. ဆိုတော့ ကျွန်တော်ကတော့အဲ့သလိုစဉ်းစားတယ် .. အဲ့ဒီကိစ္စကိုကျွန်တော် ဘယ်လိုမှတ်ယူသင့်သလဲ

ဒဿနပညာရှင် - အဲ့ဒီနိမ့်ကျတယ်ဆိုတဲ့ခံစားချက်ဟာ လူတိုင်းမှာရှိတဲ့အရာတစ်ခုလို့ အက်ဒလာက အသိအမှတ်ပြုခဲ့ပါတယ် .. သူတို့ကိုယ်သူတို့ နိမ့်ကျတယ်လို့ခံစားနေရခြင်းမှာ ဆိုးရွားတာဘာမှမရှိပါဘူး

လူငယ် - ဒါဖြင့်လူတွေက အဲ့ဒီအရာတွေကို ဘာဖြစ်လို့ ပထမနေရာမှာ ထားထားရတာလဲ

ဒဿနပညာရှင် - ဒါကို အစီအစဉ်တစ်ခုနဲ့ နားလည်ဖို့လိုကောင်းလိုလိမ့်မယ် .. ဦးဆုံးအနေနဲ့ လူတွေဟာ ဒီလောကထဲကို ကူကယ်ရာမဲ့တဲ့သက်ရှိတစ်ဦးအနေနဲ့ ဝင်ရောက်လာခဲ့ကြတယ် .. ပြီးတော့ လူတွေဟာ ဒီကူကယ်ရာမဲ့အခြေအနေကနေ လွတ်မြောက်လိုတဲ့ လူတိုင်းအလိုရှိတဲ့ဆန္ဒရှိကြတယ် .. အက်ဒလာက အဲ့ဒါကို "ကြီးမြင့်မှုကိုလှမ်းဆွတ်ခြင်း" လို့ခေါ်တယ်

လူငယ် - ကြီးမြင့်မှုကိုလှမ်းဆွတ်ခြင်း ဟုတ်လား

ဒဿနပညာရှင် - ဒါကို မင်းရိုးရိုးလေးနားလည်ချင်ရင်တော့ "တိုးတက်ဖို့အတွက်မျှော်လင့်ခြင်း" ဒါမှမဟုတ် "စံအပြုထိုက်ဆုံးအခြေအနေကို လှမ်းဆွတ်ခြင်း" လို့နားလည်လို့ ရပါတယ် .. ဥပမာအားဖြင့် လေးဖက်ထောက်သွားနေတဲ့ကလေးဟာ သူ့ခြေနှစ်ဖက်ပေါ်မှာ ခိုင်ခိုင်မြဲမြဲရပ်တည်နိုင်ဖို့ရာ သင်ယူတယ် .. သူ့မှာ တိုးတက်ဖွံ့ဖြိုးဖို့ရာအတွက် ဘာသာစကားတွေကိုသင်ယူချင်တဲ့ လူတိုင်းအလိုရှိတဲ့ဆန္ဒရှိတယ် .. ပြီးတော့ လူ့သမိုင်းကြောင်းတလျှောက်မှာတိုးတက်လာခဲ့တဲ့ သိပ္ပံပညာရပ်ဆိုင်ရာတိုးတက်မှုတွေဟာ ဒီ "ကြီးမြင့်မှုကိုလှမ်းဆွတ်ခြင်း" ဆိုတဲ့စိတ်ဆန္ဒကြောင့်ပဲဖြစ်တယ်

လူငယ် - ကောင်းပြီ .. ဆက်ပါဦး

ဒဿနပညာရှင် - အဲ့ဒါရဲ့တွဲဖက်က နိမ့်ကျတယ်ဆိုတဲ့ခံစားချက်ပဲဖြစ်တယ် .. လူတိုင်းဟာ ဒီ "တိုးတက်ဖို့အလိုရှိခြင်းရဲ့ အခြေအနေ" မှာရှိနေကြတယ် .. အဲ့ဒါက ကြီးမြင့်မှုကိုလှမ်းဆွတ်ခြင်းပါပဲ .. လူတစ်ယောက်ဟာ အမျိုးမျိုးသောအတွေးအမြင်တွေ ဒါမှမဟုတ် ရည်ရွယ်ချက်တွေကိုဦးမော့ရှာဖွေကြတယ် .. ပြီးတော့ အဲ့ဒါတွေဆီကိုဦးတည်ပြီးလျှောက်လှမ်းကြတယ် .. ဒါပေမယ့် သူစံပြုထားတဲ့အနေအထားကို မရောက်နိုင်တဲ့ အခါမှာသူဟာနိမ့်ကျတယ်ဆိုတဲ့ ခံစားချက်လေးရလာတယ် .. ဥပမာအားဖြင့် စားဖိုမှူးတစ်ယောက်ဟာ ပိုပြီးစိတ်ကူးဉာဏ်ကွန့်မြူးနိုင်လေလေနဲ့ ပိုအောင်မြင်မှုရလာလေလေဖြစ်လာတဲ့အခါမှာ အမြဲတမ်းပဲ နိမ့်ကျတယ်ဆိုတဲ့ခံစားချက်တွေဖွဲ့တည်လာပြီး သူ့ကိုယ်သူ ဒီလိုအမြဲပြောမိနေတတ်တယ် .. ငါ မတော်သေးဘူး ဒါမှမဟုတ် ငါ့ရဲ့အချက်အပြုတ်စွမ်းရည်ဟာ နောက်တစ်ဆင့်ကိုမြင့်တက်လာဖို့ လိုသေးတယ် .. စသဖြင့်ပေါ့

လူငယ် - အဲ့ဒါ အမှန်ပဲ

ဒဿနပညာရှင် - ကြီးမြင့်မှုကိုလှမ်းဆွတ်ခြင်းနဲ့ နိမ့်ကျတယ်ဆိုတဲ့စိတ်ထားဟာ ရောဂါတွေမဟုတ်ကြဘဲ ပုံမှန်အနေအထားကိုရောက်ဖို့ရာအတွက် လှုံ့ဆော်ပေးနေတဲ့အရာတွေဖြစ်တယ်လို့ အက်ဒလာက ပြောပါတယ် .. ပုံမှန်ကျန်းမာတဲ့ တိုးတက်မှုဆီရောက်အောင်တွန်းအားပေးတဲ့စိတ်တွေပေ့ါ .. အဲ့ဒါတွေကို မှားယွင်းတဲ့ နည်းလမ်းနဲ့အသုံးမပြုဘူးဆိုရင် နိမ့်ကျတယ်ဆိုတဲ့ခံစားချက်ဟာလည်းပဲ တွန်းအားကိုဖြစ်စေပြီး တိုးတက်မှုကို ရရှိနိုင်စေပါတယ်

လူငယ် - နိမ့်ကျတယ်ဆိုတဲ့ခံစားချက်ဟာ ထောက်တိုင်တစ်မျိုးပဲပေ့ါ

ဒဿနပညာရှင် - အမှန်ပါပဲ .. တစ်စုံတစ်ယောက်ဟာ သူ့ရဲ့နိမ့်ကျတယ်ဆိုတဲ့ခံစားချက်ကို စွန့်လွှတ်ဖို့ကြိုးစားပြီး ရှေ့ဆက်လျှောက်တယ် .. တစ်စုံတစ်ယောက်က သူ့ရဲ့လက်ရှိအခြေအနေကို ဘယ်တော့မှမကျေနပ်ဘူး .. အမြဲတမ်းပဲရှေ့ဆက်တိုးတက်နေချင်တယ်.. တစ်စုံတစ်ယောက်က ပိုပြီးပျော်ရွှင်ချင်တယ်.. ဒီလိုမျိုး နိမ့်ကျတယ်ဆိုတဲ့ခံစားချက်မျိုးဟာ လုံးဝမမှားယွင်းဘူး .. ဒါပေမယ့် တချို့လူတွေက ရှေ့ဆက်လှမ်းဖို့သတ္တိပျောက်ဆုံးသွားကြတယ် .. အခြေအနေတွေဟာ လက်တွေ့ကျတဲ့အားထုတ်မှုတွေ လုပ်ခြင်းအားဖြင့် ပြောင်းလဲလို့ရတယ်ဆိုတဲ့ အချက်ကိုလက်မခံနိုင်ဘူးဖြစ်သွားကြတယ် .. လူတွေဟာ ဘာကိုမှကြိုးစားမကြည့်တော့ဘဲနဲ့ လက်လျှော့အရှုံးပေးပြီး ဒီလိုပြောတတ်ကြတယ် .. "ငါဟာဘယ်လိုမှ အရည်အချင်းရှိမနေပါဘူး" ဒါမှမဟုတ် "ငါ ဘယ်လောက်ကြိုးစားကြိုးစား အခွင့်အလမ်း မရှိတော့ပါဘူး"

လူငယ် - ကောင်းပါပြီ.. အဲ့ဒါကအမှန်ပါပဲ.. သံသယဖြစ်စရာမလိုပါဘူး.. တကယ်လို့ နိမ့်ကျတယ်ဆိုတဲ့ခံစားချက်က ပြင်းထန်လာရင် လူအများစုဟာ အဆိုးမြင်သမားဖြစ်လာပြီး "ငါက ဘယ်လိုမှအရည်အချင်း မရှိပါဘူး" လို့ ပြောတတ်ကြပါတယ် .. ဘာကြောင့်လဲဆိုတော့ အဲ့ဒါက နိမ့်ကျတယ်ဆိုတဲ့ ခံစားချက်ပဲလေ

ဒဿနပညာရှင် - မဟုတ်ဘူး .. အဲ့ဒါက နိမ့်ကျတယ်ဆိုတဲ့ခံစားချက်မဟုတ်ဘူး .. အဲ့ဒါက အငုံ့စိတ်ဆိုတဲ့ ဥပါဒါန် တစ်ခုပဲ

လူငယ် - ဥပါဒါန်တစ်ခု ဟုတ်လား .. အဲ့ဒါက နိမ့်ကျတယ်ဆိုတဲ့ခံစားချက်ပဲလေ .. မဟုတ်ဘူး လား

ဒဿနပညာရှင် - သတိထား .. "ဥပါဒါန်" (complex) ဆိုတဲ့စကားကို ဒီနေ့အသုံးပြုနေကြတဲ့ နည်းလမ်းက "နိမ့်ကျတယ်ဆိုတဲ့ ခံစားချက်နဲ့" အဓိပ္ပါယ်တူသယောင်ယောင်ဖြစ်နေတယ် .. လူတွေပြောတာတွေ မင်းကြားဖူးမှာပေ့ါ "ငါ့မျက်ခွံတွေနဲ့ပတ်သက်ပြီး ဥပါဒါန်ဖြစ်နေတယ်" ဒါမှမဟုတ် "သူဟာ သူ့ပညာရေးနဲ့ပတ်သက်လို့ ဥပါဒါန်ဖြစ်နေတယ်" စတဲ့စကားမျိုးတွေပေ့ါ .. ဒါက ဝေါဟာရကိုအတော်လေး လွဲပြီးသုံးနေသလိုဖြစ်နေတယ် ..

အခြေခံအားဖြင့် "ဥပါဒါန်" ဆိုတာက ရှုပ်ထွေးတဲ့ ခံစားချက်နဲ့အတွေးအမြင်စုဖွဲ့မှုတွေကိုဖြစ်စေတဲ့ ပုံမှန်မဟုတ်တဲ့ စိတ်အခြေအနေတစ်ခုကိုခေါ်တာဖြစ်တယ် .. အဲ့ဒါက နိမ့်ကျတယ်ဆိုတဲ့ခံစားချက်နဲ့ ဘာမှမပတ်သက်ဘူး .. ဥပမာအားဖြင့် ဖရိုဒ်ပြောခဲ့တဲ့ အီဒီပက်ဥပါဒါန်ဆိုတာ ရှိတယ် .. ကလေးငယ်တစ်ယောက်ရဲ့ လိင်မတူတဲ့ မိဘတစ်ဦးအပေါ်မှာ ပုံမှန်မဟုတ်တဲ့စွဲလန်းစိတ်ဖြစ်နေတာကို ရည်ညွှန်းတဲ့နေရာမှာ သုံးတဲ့ ဝေါဟာရတစ်ခုပဲ

လူငယ် - ဟုတ်တယ် .. မိခင်ဥပါဒါန်၊ ဖခင်ဥပါဒါန်တွေနဲ့ ပတ်သက်လာရင် ပုံမှန်မဟုတ်တဲ့ခံစားချက်တွေဟာ အထူးသဖြင့် ပြင်းထန်လာလေ့ရှိတယ်

ဒဿနပညာရှင် - အဲ့ဒါကြောင့် "နိမ့်ကျတယ်ဆိုတဲ့ခံစားချက်" နဲ့ "အငုံ့စိတ်ဆိုတဲ့ ဥပါဒါန်" ကိုရောထွေးမပစ်လိုက်မိဖို့လိုတယ် .. သူတို့ကို မတူညီတဲ့သဘောတရားတွေအဖြစ် ခွဲခြားနားလည်ရမယ်

လူငယ် - တိတိကျကျပြောရရင် သူတို့နှစ်ခုက ဘယ်လိုကွဲပြားခြားနားကြသလဲ

ဒဿနပညာရှင် - နိမ့်ကျတယ်ဆိုတဲ့ခံစားချက်ကိုယ်တိုင်မှာတော့ ဘာမှအထွေအထူးမှားယွင်းတာမရှိပါဘူး .. အဲ့ဒီအချက်ကို မင်းအခုနားလည်ပြီ .. ဟုတ်တယ်နော် .. အက်ဒလာပြောတဲ့အတိုင်းပဲ နိမ့်ကျတယ်ဆိုတဲ့ခံစားချက်ဟာ ရုန်းကန်လှုပ်ရှားဖို့နဲ့တိုးတက်ဖွံ့ဖြိုးဖို့ရာအတွက် တွန်းအားဖြစ်စေနိုင်တယ် .. ဥပမာအားဖြင့် တယောက်ယောက်မှာ သူ့ရဲ့ပညာရေးနဲ့ပတ်သက်လို့ နိမ့်ကျတယ်ဆိုတဲ့ခံစားချက်ရှိနေရင် သူကသူ့ကိုယ်သူ ငါကတော့ပညာကောင်းကောင်းမတတ်ဘူး .. ဒါကြောင့်ငါဟာ အခြားသူတွေထက်ပိုကြိုးစားရမယ်လို့ ပြောလိမ့်မယ် .. ဒါဟာ လိုလားအပ်တဲ့အရာပဲ .. တခြားတစ်ဖက်မှာ အငုံ့စိတ်ကကျတော့ တစ်စုံတစ်ယောက်ဟာ သူ့ရဲ့နိမ့်ကျတယ်ဆိုတဲ့ခံစားချက်ကို ဆင်ခြေတစ်ခုအဖြစ်အသုံးပြုပြီး အခြေအနေတစ်ခုကိုဖန်တီးပစ်လိုက်တာပဲ .. ဆိုတော့ တစ်ယောက်ယောက်က သူ့ကိုယ်သူ ဒီလိုထင်မြင်လိမ့်မယ် .. ငါကပညာကောင်းကောင်းမတတ်ဘူး .. ဒါကြောင့်ငါအောင်မြင်နိုင်မှာမဟုတ်ဘူး .. ဒါမှမဟုတ် ငါကရုပ်ဆိုးတယ် .. ဒါကြောင့်ငါ့ကို ဘယ်သူမှလက်ထပ်မှာမဟုတ်ဘူး .. လူတစ်ယောက်ဟာ နေ့စဉ်ဘဝမှာ "(က) ဆိုတဲ့အခြေအနေတစ်ခုကြောင့် (ခ) ဟာမဖြစ်နိုင်တော့ဘူး" ဆိုတဲ့ယုတ္တိဗေဒကို အသုံးပြုနေပြီဆိုရင် အဲ့ဒါဟာ နိမ့်ကျတယ်ဆိုတဲ့ခံစားချက်မဟုတ်တော့ဘဲ အငုံ့စိတ်အဖြစ်ကိုရောက်သွားပြီ .. အဲ့ဒါဟာ အငုံ့စိတ်ဆိုတဲ့ ဥပါဒါန်ပါပဲ

လူငယ် - မဟုတ်ဘူး .. အဲ့ဒါက တရားဝင်ခိုင်လုံတဲ့ အကြောင်းအကျိုးဆက်နွယ်မှုပါပဲ .. ခင်ဗျားဟာပညာကောင်းကောင်းမတတ်ဘူးဆိုရင် အလုပ်ရနိုင်တဲ့အခွင့်အလမ်းတွေ၊ ကမ္ဘာလောကအတွက်လုပ်ဆောင်ပေးရမယ့်အရာတွေကို လုပ်ဆောင်ပေးနိုင်မှာမဟုတ်တော့ဘူးလေ .. ခင်ဗျားကိုလူမှုအဆင့်အတန်းလည်း နိမ့်ကျတယ်လို့ သတ်မှတ်ကြလိမ့်မယ် .. အဲ့သလိုအခြေအနေမှာ ခင်ဗျားအောင်မြင်မှုရနိုင်မှာ မဟုတ်တော့ဘူး .. အဲ့ဒါဟာဆင်ခြေတစ်ခု လုံးဝမဟုတ်ပါဘူး .. အဲ့ဒါဟာခိုင်လုံတဲ့ အချက်အလက်တစ်ခုပဲ .. မဟုတ်ဘူးလား

ဒဿနပညာရှင် - မဟုတ်ဘူး .. မင်းမှားနေပြီ

လူငယ် - ဘယ်လိုမှားတာလဲ .. ဘယ်နေရာမှာကျွန်တော်မှားသွားလဲ

ဒဿနပညာရှင် - တရားဝင်ခိုင်လုံတဲ့ ကြောင်းကျိုးဆက်နွယ်ချက်လို့ မင်းခေါ်နေတဲ့အရာကို အက်ဒလာက “ကြောင်းကျိုးဆက်နွယ်မှုရှိပုံရတဲ့အရာ” လို့ခေါ်တယ် .. ပြောရမယ်ဆိုရင်မင်းဟာ ဘာကြောင်းကျိုးဆက်နွယ်မှု မှမရှိတဲ့အရာအပေါ်မှာ အရေးပါတဲ့ကြောင်းကျိုးဆက်နွယ်မှုရှိနေတယ်လို့ ကိုယ့်ကိုယ်ကိုယ်အတင်းလက်ခံခိုင်း နေသလိုဖြစ်နေတယ် .. တစ်နေ့က လူတစ်ယောက်ငါ့ကိုပြောတယ် .. “ကျွန်တော်အလွယ်တကူ အိမ်ထောင်မပြု နိုင်ရတဲ့အကြောင်းရင်းက ကျွန်တော်ငယ်ငယ်တုန်းက ကျွန်တော့်မိဘတွေကွာရှင်းခဲ့ကြလို့ပဲဗျ” တဲ့ .. ဖရိုဒ်ရဲ့ အကြောင်းကြောင့်အကျိုးဖြစ်ဆိုတဲ့ ရှုထောင့်ကနေကြည့်မယ်ဆိုရင် (အကြောင်းတရားဖြစ်တဲ့) မိဘတွေရဲ့ ကွာရှင်းပြတ်စဲခဲ့မှုဟာ ကြီးမားတဲ့စိတ်ဒဏ်ရာကြီးတစ်ခုပေ့ါ .. အဲ့ဒီမှာ လူတစ်ယောက်ရဲ့ အိမ်ထောင်မပြုနိုင်မှုနဲ့ အဲ့ဒီစိတ်ဒဏ်ရာအကြားမှာ ရှင်းလင်းတဲ့ကြောင်းကျိုးဆက်နွယ်မှုကြီး ရှိနေတယ်ပေ့ါ .. ဒါပေမယ့် အက်ဒလာရဲ့ အကျိုးအတွက်ဖန်တီးထားသောအကြောင်း ရှုထောင့်အရတော့ အဲ့ဒီကြောင်းကျိုးဆက်နွယ်မှုကြီးဟာ “ကြောင်းကျိုး ဆက်နွယ်မှုရှိပုံရတဲ့အရာ” တစ်ခုသာပဲဖြစ်တယ်

လူငယ် - ဒါပေမယ့် အဲ့သလိုဆိုလဲ တကယ့်လက်တွေ့ဘဝမှာကောင်းမွန်တဲ့ ပညာရေးရှိခြင်းဟာ လူ့အဖွဲ့အစည်း အတွင်းမှာပိုပြီးလွယ်လွယ်ကူကူနဲ့ အောင်မြင်မှုရစေတာပဲ မဟုတ်လား .. ခင်ဗျားဟာ လောကအခြင်းအရာတွေနဲ့ ပတ်သက်ရင်ပညာရှိလိမ့်မယ်လို့ ကျွန်တော်ထင်ခဲ့မိတာ

ဒဿနပညာရှင် - တကယ့်ပြဿနာက လူတစ်ယောက်ဟာအရှိတရားကို ဘယ်လိုရင်ဆိုင်သလဲ ဆိုတဲ့ အချက်ပါပဲ .. မင်းတွေးနေတာက ငါဟာပညာရေးအခြေခံမကောင်းတဲ့အတွက် ငါမအောင်မြင်နိုင်ဘူးလို့ ဆိုတဲ့ ပုံစံဖြစ်နေရင် ငါမအောင်မြင်နိုင်ဘူးလို့တွေးနေတဲ့အစားမှာ ငါမအောင်မြင်ချင်ဘူးလို့ ပြောင်းတွေးသင့်တယ်

လူငယ် - ကျွန်တော်က မအောင်မြင်ချင်ဘူး .. ဟုတ်လား .. အဲ့ဒါက ဘယ်လိုကြောင်းကျိုးဆင်ခြင်မှုကြီးလဲဗျာ

ဒဿနပညာရှင် - ရိုးရိုးလေးပါပဲ.. ရှေ့ကိုခြေတစ်လှမ်းကလေးတိုးဖို့ရာကတောင်မှ ကြောက်ရွံ့ထိတ်လန့်စရာကြီး ဖြစ်နေတယ် .. ပြီးတော့မင်းဟာ လက်တွေ့ကျတဲ့အားထုတ်မှုကိုလည်းပဲ မလုပ်ချင်ဘူး .. မင်းအခုခံစားနေရတဲ့ သာယာကျေနပ်မှုလေးကိုစတေးပြီး မင်းအပြောင်းအလဲတွေအများကြီးမလုပ်ချင်ဘူး .. ဥပမာအားဖြင့် မင်းကစားတဲ့အချိန်တွေနဲ့ မင်းဝါသနာပါတာလေးတွေကို လုပ်နေရတဲ့ အချိန်ကလေးတွေကို မင်းမစတေးချင်ဘူး .. တနည်းပြောရရင် မင်းရဲ့ဘဝနေထိုင်မှုပုံစံကိုပြောင်းပစ်ဖို့ရာ မင်းမှာသတ္တိမရှိဘူး .. မင်းမှာလက်ရှိ အနေအထား ကိုမကျေနပ်ချက်တွေ၊ ကန့်သတ်ချက်တွေရှိနေတာတောင်မှပဲ လက်ရှိအနေအထားလေး အတိုင်းရေလိုက် ငါးလိုက်နေလိုက်တာက မင်းအတွက်ပိုလွယ်ကူနေတယ်လေ ..

**ကြွားဝါပြောဆိုတတ်သူတွေမှာ နိမ့်ကျတယ်ဆိုတဲ့ခံစားချက်ရှိတယ်**
---------------------------------------------------------------------

လူငယ် - အဲ့သလိုဟုတ်ကောင်းဟုတ်ပါလိမ့်မယ် .. ဒါပေမယ့် ..

ဒဿနပညာရှင် - ဒ့ါအပြင် မင်းဟာပညာရေးမှာ အငုံ့စိတ်ရှိနေပြီး ငါဟာပညာကောင်းကောင်းတတ်သူ မဟုတ်ဘူး ဒါကြောင့်ငါအောင်မြင်နိုင်မှာမဟုတ်ဘူးလို့ တွေးထင်နေတယ် .. တဖက်ကလှည့်ကြည့်ရင်လည်း ကြောင်းကျိုးဆင်ခြင်မှုက ငါပညာကောင်းကောင်းတတ်မှပဲ ငါတကယ်တန်းအောင်မြင်နိုင်မှာ လို့ဖြစ်နေတယ်

လူငယ် - အင်း .. အမှန်ပဲ

ဒဿနပညာရှင် - ဒါဟာ အငုံ့စိတ်ရဲ့နောက်ထပ်မျက်နှာစာတစ်ခုပဲဖြစ်တယ် .. သူတို့ရဲ့အငုံ့စိတ်ကို သူတို့ရဲ့စကား အပြောအဆိုနဲ့ စိတ်နေသဘောထားတွေမှာ ထင်ဟပ်ပေါ်လွင်နေစေတဲ့သူတွေဟာ "အခြေအနေ (က) ဖြစ်နေတဲ့ အတွက် (ခ) ဟာဖြစ်လာနိုင်မှာမဟုတ်ဘူး" လို့ပြောလေ့ရှိကြပြီး ကိစ္စရပ်တစ်ခုဟာ (က) ဖြစ်မနေမှသာ သူတို့ လုပ်နိုင်စွမ်းရှိပြီး အဲ့ဒီအရာအပေါ်မှာတန်ဖိုးထားတတ်ကြတယ်လို့ သွယ်ဝိုက်ညွှန်းဆိုနေတာဖြစ်တယ်

လူငယ် - အဲ့သလိုအခြေအနေမဟုတ်ရင် ကျွန်တော်လည်းပဲ လုပ်နိုင်စွမ်းရှိမှာပါပဲ

ဒဿနပညာရှင် - ဟုတ်တယ် .. အက်ဒလာထောက်ပြသလိုပါပဲ နိမ့်ကျတယ်ဆိုတဲ့ခံစားချက် အချိန်အကြာကြီး ပေါ်မလာအောင်နေထိုင်ဖို့ ဘယ်သူမှမစွမ်းနိုင်ပါဘူး .. နိမ့်ကျတယ်ဆိုတဲ့ခံစားချက်ဟာ လူတိုင်းမှာရှိတဲ့အရာပါ .. ဒါပေမယ့် အဲ့ဒီခံစားချက်ကြီးနဲ့ ထာဝရနေထိုင်ဖို့ဆိုတာကတော့ ခံနိုင်ရည်ရှိဖို့ရာအတွက် လေးလံလွန်းလှပါတယ်

လူငယ် - ဟမ် .. အဲ့ဒါကအတော်လေး ရှုပ်ထွေးလာပြီ

ဒဿနပညာရှင် - ကောင်းပြီ .. တစ်ခုချင်းစီရှင်းသွားကြရအောင် .. နိမ့်ကျတယ်ဆိုတဲ့ခံစားချက် ဖြစ်ပေါ်လာဖို့ အခြေအနေဟာ လူတစ်ယောက်ရဲ့လက်ရှိအနေအထားမှာ တစ်စုံတစ်ခုလျှော့ပါးနိမ့်ကျနေတယ်ဆိုတဲ့ခံစားချက် ရှိတဲ့အခြေအနေတစ်ခုဖြစ်မှသာဖြစ်နိုင်လိမ့်မယ် .. ဆိုတော့ မေးခွန်းက ...

လူငယ် - လျှော့ပါးနေတဲ့ လိုအပ်ချက်ကွက်လပ်ကို ဘယ်လိုဖြည့်ဆည်းမလဲဆိုတဲ့မေးခွန်းဖြစ်လိမ့်မယ် .. ဟုတ်တယ် မဟုတ်လား

ဒဿနပညာရှင် - အတိအကျပဲ .. လျှော့နည်းလိုအပ်ချက်ရှိနေတဲ့နေရာကို ဘယ်လိုအစားထိုးဖြည့်တင်းမလဲ .. ကောင်းမွန်မှန်ကန်တဲ့နည်းလမ်းကတော့ ကြိုးစားအားထုတ်ပြီးဖွံ့ဖြိုးတိုးတက်အောင်လုပ်ပြီး အစားထိုးဖြည့်တင်း

ဖို့ကြိုးပမ်းခြင်းပဲ .. ဥပမာအားဖြင့် လေ့လာသင်ယူမှုတွေလုပ်တာ၊ အမြဲမပြတ်လေ့ကျင့်သင်ယူနေတာ၊ ကိုယ်လုပ်တဲ့အလုပ်မှာ လုံ့လဝီရိယထုတ်ပြီးကြိုးပမ်းလုပ်ဆောင်တာမျိုးတွေပေါ့ .. ဒါပေမယ့်အဲ့သလို ကြိုးပမ်းအားထုတ်ဖို့လိုအပ်တဲ့ သတ္တိမရှိတဲ့သူတွေဟာ အငုံ့စိတ်ထဲကိုရောက်သွားကြတော့တာပါပဲ .. အဲ့သလိုနဲ့ သူတို့ဒီလိုထပ်မံပြီး တွေးတောကြတော့တာပဲ .. ငါက ပညာရေးအခြေခံမကောင်းဘူး .. အဲ့ဒီတော့ ငါဟာ မအောင်မြင်နိုင်ဘူး .. အဲ့ဒီကနေတဆင့် ငါပညာရေးအခြေခံကောင်းကောင်းရှိမှသာ တကယ်တန်းအောင်မြင်နိုင်မှာပေါ့ ဆိုတဲ့ဆီရောက်သွားကြပြန်ရော .. အဲ့ဒီကနေမှတဆင့် ပညာရေးနိမ့်ပါးမှုကြောင့် အခုအချိန်မှာမလုံခြုံမှုကို ခံစားနေရတဲ့ "တကယ့်ငါအစစ်" လေးက ပိုပြီးအားကောင်းလာပါလေရော

လူငယ် - မဟုတ်ဘူး .. အဲ့ဒါကအဓိပ္ပါယ်မရှိဘူး .. ခင်ဗျားပြောနေတဲ့ဒုတိယအချက်က နိမ့်ကျတယ်ဆိုတဲ့ခံစားရဲ့ အလွန်ကိုရောက်နေပြီ .. အဲ့ဒီအပြောက မိုက်ရူးရဲဆန်တဲ့အပြောမျိုးပဲ .. မဟုတ်ဘူးလား

ဒဿနပညာရှင် - တကယ်တန်းမှာတော့ အငုံ့စိတ်ဟာ တခြားထူးခြားတဲ့စိတ်ပိုင်းဆိုင်ရာအခြေအနေတစ်ခုဆီကို ရောက်သွားနိုင်သေးတယ်

လူငယ် - အဲ့ဒါက ဘာလဲ

ဒဿနပညာရှင် - အဲ့ဒါကိုမင်း ကောင်းကောင်းကြားဖူးလိမ့်မယ်လို့ငါထင်ပါတယ် .. အဲ့ဒါက "ဘဝင်မြင့်" တာပေါ့

လူငယ် - ဘဝင်မြင့်တာ ဟုတ်လား

ဒဿနပညာရှင် - လူတစ်ယောက်ဟာ ပြင်းထန်အားကောင်းတဲ့ နိမ့်ကျတယ်ဆိုတဲ့ခံစားချက်ကြောင့် စိတ်ဒုက္ခခံစားနေရတယ် .. ပြီးတော့ ကောင်းမွန်မှန်ကန်တဲ့နည်းလမ်းနဲ့ ကြိုးပမ်းအားထုတ်ပြီး ဖွံ့ဖြိုးတိုးတက်လာစေခြင်းအားဖြင့်နိမ့်ကျနေတဲ့အရာကို ဖြည့်တင်းဖို့ရာအတွက် သတ္တိရှိမနေဘူး .. အဲ့ဒီလူက (က) ဆိုတဲ့အခြေအနေဖြစ်နေတာကြောင့် (ခ) ဆိုတဲ့အခြေအနေဖြစ်မလာနိုင်ဘူးဆိုတဲ့ နိမ့်ကျတယ်ဆိုတဲ့ခံစားချက်ကြောင့်ပေါ်ပေါက်လာတဲ့တွေးခေါ်ပုံကိုလည်း သည်းမခံနိုင်ဘူး .. "သူဟာ စွမ်းဆောင်ရည်နိမ့်ပါးသူဖြစ်တယ်" ဆိုတဲ့အချက်ကိုလည်း လက်မခံနိုင်ဘူးဖြစ်နေတယ် .. အဲ့သလိုအခြေအနေမျိုးမှာ သူဟာနိမ့်ပါးနေတဲ့လိုအပ်ချက်ကို အခြားသော နည်းလမ်းတစ်ခုခု၊ ပိုမိုလွယ်ကူတဲ့နည်းလမ်းတစ်ခုခုကို ရှာဖွေပြီးဖြည့်တင်းဖို့လုပ်တော့တာပါပဲ

လူငယ် - အဲ့ဒါက ဘယ်လိုနည်းလမ်းမျိုးဖြစ်မလဲ

ဒဿနပညာရှင် - အဲ့ဒါကတော့ လူတစ်ယောက်က သူဟာကြီးမြတ်သူတစ်ယောက်ဖြစ်နေသလို ပြုမူလုပ်ဆောင်ပြီး လုပ်ကြံဖန်တီးထားတဲ့ကြီးမြတ်တယ်ဆိုတဲ့ ခံစားချက်အပေါ်မှာ အရသာတွေ့၊ မွေ့လျော်သွားတော့တာပါပဲ

လူငယ် - လုပ်ကြံဖန်တီးထားတဲ့ ကြီးမြတ်တယ်ဆိုတဲ့ခံစားချက် ဟုတ်လား

ဒဿနပညာရှင် - ရင်းနှီးကျွမ်းဝင်မှုရှိတဲ့ ဥပမာတစ်ခုကတော့ "အခွင့်အာဏာအပ်နှင်းခြင်း" ပါပဲ

လူငယ် - အဲ့ဒါက ဘာအဓိပ္ပါယ်လဲ

ဒဿနပညာရှင် - အစွမ်းအစရှိတဲ့ လူတစ်ယောက် (ပြောရရင် မင်းရဲ့အတန်ခေါင်းဆောင်တစ်ယောက်ယောက်ကစလို့ ကျော်ကြားတဲ့ဘယ်သူမဆိုဖြစ်နိုင်တဲ့) နဲ့သူနဲ့ ရင်းနှီးကျွမ်းဝင်ခင်မင်နေသယောင်ယောင် လုပ်ပြတာမျိုးပေါ့ .. အဲ့သလိုလုပ်ပြခြင်းအားဖြင့် သူဟာလည်း ထူးခြားတဲ့ အထူးလူတစ်ယောက်ဖြစ်တယ်ဆိုတာ အများသိအောင်လုပ်ပြတာပေါ့ .. ကိုယ်တကယ်မလုပ်ဖူးတဲ့ အလုပ်အတွေ့အကြုံတွေကို ပြတာ ဒါမှမဟုတ် တစ်ခုသောအဝတ်အထည်အမှတ်တံဆိပ်အပေါ် အလွန်အကျွံသစ္စာခံပြတဲ့ အပြုအမူမျိုးတွေဟာ အခွင့်အာဏာအပ်နှင်းခြင်းပုံစံမျိုးတွေပေါ့ .. ပြီးတော့ အဲ့ဒါတွေက ဘဝင်မြင့်ခြင်း အမျိုးအစားတစ်ခုပေါ့ .. အဲ့သလိုကိစ္စတိုင်းမှာ "ငါ" လေးဟာ တကယ်တမ်း မြင့်မြတ်ပြီး ထူးခြားသွားတာမဟုတ်ပါဘူး .. တစ်ယောက်ယောက်က "ငါ" လေးကို အခွင့်အာဏာရှိတဲ့အရာတွေနဲ့ ချိတ်ဆက်ပြပြီး မြင့်မြတ်ထူးခြားသွားသယောင် လုပ်လိုက်တာပါပဲ .. တိုတိုတုတ်တုတ်ပြောရရင်တော့ အဲ့ဒါက လုပ်ကြံဖန်တီးထားတဲ့ ကြီးမြတ်တယ်ဆိုတဲ့ ခံစားချက်ပဲပေါ့

လူငယ် - အဲ့ဒါတွေအပေါ်အခြေခံပြီးတော့ ကြီးမြတ်တယ်ဆိုတဲ့ခံစားချက်ကြီး ဖြစ်သွားတော့တာလား?

ဒဿနပညာရှင် - ဒါပေါ့ .. အဝတ်အထည်အမှတ်တံဆိပ်တွေအကြောင်းတော့ ငါသိပ်မသိပါဘူး .. လူတွေပတ္တမြားတွေ၊ မြတွေပါတဲ့လက်စွပ်တွေကို သူတို့လက်တွေမှာဝတ်ကြတာက သူတို့ရဲ့နိမ့်ကျတယ်ဆိုတဲ့ ခံစားချက်ကိုပြန်ထေဖို့ဝတ်ကြတာဖြစ်တယ် .. အလှအပဆိုတဲ့ခံစားချက်ကြောင့်ဝတ်ကြတာမျိုးမဟုတ်ဘူး .. တနည်းပြောရရင်တော့ အဲ့ဒါတွေဟာ ဘဝင်မြင့်မှုရဲ့ အမှတ်လက္ခဏာတွေပါပဲ

လူငယ် - အမှန်ပဲ

ဒဿနပညာရှင် - ဒါပေမယ့် ငှားရမ်းထားတဲ့အစွမ်းအစတွေနဲ့ သူတို့ကိုယ်သူတို့ပိုကြီးမားသယောင်လုပ်တဲ့သူတွေဟာ အခြားသူတွေရဲ့ တန်ဖိုးသတ်မှတ်မှုစနစ်အတွင်းမှာ စီးမြောနေထိုင်နေကြတဲ့သူတွေဖြစ်တယ် .. သူတို့ဟာ အခြားသူတွေရဲ့ဘဝထဲမှာနေထိုင်နေကြတာ ဖြစ်တယ် .. အဲ့ဒီအချက်က အလေးထားစဉ်းစားရမယ့်အချက်ဖြစ်တယ်

လူငယ် - ဆိုတော့ ဘဝင်မြင့်မှုပေါ့ .. အဲ့ဒါက တော်တော်စိတ်ဝင်စားဖို့ကောင်းတဲ့ စိတ္တဗေဒတစ်ခုပဲ .. တခြားမတူညီတဲ့ ဥပမာလေးတွေ ပြပေးပါလား

ဒဿနပညာရှင် - သူ့အောင်မြင်မှုတွေကို ကြွားဝါချင်တဲ့လူစားမျိုးတွေရှိတယ် .. တချို့လူတွေဟာ သူတို့ရဲ့ အတိတ်ကခမ်းနားခဲ့မှုတွေမှာ တွယ်ငြိနေတတ်ကြပြီး သူတို့အတောက်ပဆုံးလင်းလက်ခဲ့ကြတဲ့ အချိန်တွေကိုပဲ တမ်းတတွေးတောပြီးနေနေကြတယ် .. အဲ့သလိုလူတချို့ကိုမင်းလည်း သိကောင်းသိနေပါလိမ့်မယ် .. အဲ့သလို လူတွေအားလုံးကို ဘဝင်မြင့်နေတဲ့သူတွေလို့ ပြောလို့ရတယ်

လူငယ် - သူ့အောင်မြင်မှုကိုကြွားဝါချင်တဲ့ လူစားမျိုးတွေ .. ဟုတ်လား .. အင်း ဟုတ်တယ် .. အဲ့ဒါက မောက်မာတဲ့စိတ်နေသဘောထားပဲ .. ဒါပေမယ့် သူကြွားနိုင်တယ်ဆိုတာက သူတကယ်ပဲသူများထက်သာလို့ မဟုတ်လား .. အဲ့ဒါကိုတော့ လုပ်ကြံဖန်တီးထားတဲ့ ကြီးမြတ်တယ်ဆိုတဲ့ခံစားချက်လို့ ပြောလို့မရဘူးလေ

ဒဿနပညာရှင် - အား ဒါပေမယ့် မင်းမှားနေပြီ .. ထုတ်ကြွားဖို့အတွက်လုပ်နေတဲ့သူတွေဟာ သူတို့ကိုယ်သူတို့ ယုံကြည်မှုမရှိကြဘူး .. အက်ဒလာရှင်းရှင်းလင်းလင်း ပြောထားသလိုပါပဲ "ကြွားတတ်တဲ့သူဆိုတာ နိမ့်ကျတယ် ဆိုတဲ့ခံစားချက်ကြောင့်သာကြွားဝါကြတာပါ" တဲ့

လူငယ် - ကြွားဝါမှုဆိုတာ နိမ့်ကျတယ်ဆိုတဲ့ခံစားချက်ကနေ ပြောင်းလဲဖြစ်ပေါ်လာတဲ့အရာလို့ ခင်ဗျားပြောတာ လား

ဒဿနပညာရှင် - အမှန်ပါပဲ .. တစ်ယောက်ယောက်ဟာ သူ့ကိုယ်သူယုံကြည်မှုအပြည့်အဝရှိရင် ကြွားဝါဖို့လိုအပ် တယ်ဆိုတဲ့ခံစားချက်ဘယ်လိုမှ ပေါ်မလာပါဘူး .. နိမ့်ကျတယ်ဆိုတဲ့ ခံစားချက်ပြင်းထန်လွန်းတာကြောင့်သာ သူတို့ကြွားဝါကြတာပါ .. တစ်ယောက်ယောက် ဟာသူ့ရဲ့ကြီးမြင့်မှုကို ကြွားလုံးထုတ်ဖို့လိုအပ်တယ်လို့ ခံစားနေရ တယ် .. အဲ့သလိုသာမလုပ်ခဲ့ရင်ဘယ်သူကမှ "ငါဟာဒီလိုပုံစံဖြစ်တယ်" ဆိုတာကို လက်ခံကြမှာမဟုတ်ဘူးဆိုပြီး ကြောက်ရွံ့စိတ်ရှိနေတယ် .. ဒါဟာ အငုံ့စိတ်ရဲ့ပုံစံအပြည့်အဝပဲ

လူငယ် - ဆိုတော့ တစ်ယောက်ယောက်က ဝေါဟာရတွေရဲ့အနက်အဓိပ္ပါယ်အရ အငုံ့စိတ်နဲ့ ဘဝင်မြင့်ခြင်းဟာ အစွန်းတစ်ဖက်စီကအရာတွေလို့ထင်ရပေမယ့် လက်တွေ့မှာသူတို့နှစ်ခုက ထိစပ်နေတာမျိုးလား

ဒဿနပညာရှင် - ဟုတ်တယ် .. သူတို့ဟာ ထင်ထင်ရှားရှားကိုပဲ ချိတ်ဆက်မှုရှိနေကြတယ် .. အခု နောက်ဆုံး ဥပမာတစ်ခုကိုငါပြောပြချင်တယ် .. ကြွားဝါခြင်းနဲ့ပတ်သက်တဲ့ ဥပါဒါန် ဥပမာတစ်ခုပေါ့ .. အဲ့ဒါက တစ်စုံတစ်ခု သောကြီးမြတ်တယ်ဆိုတဲ့ခံစားချက်ဟာ နိမ့်ကျတယ်ဆိုတဲ့ခံစားချက်ကြောင့် ထင်ရှားပေါ်ပေါက်လာပြီး အားကောင်းပြင်းထန်လာတယ်ဆိုတဲ့ ပုံစံတစ်ခုပဲ .. တိတိကျကျပြောရမယ်ဆိုရင် အဲ့ဒါဟာ ကိုယ့်ကံအကြောင်း မလှမှုကို ကိုယ်တိုင်ထုတ်ကြွားနေတာပါပဲ

လူငယ် - ကိုယ့်ကံအကြောင်းမလှမှုကို ကိုယ်တိုင်ထုတ်ကြွားတယ် ဟုတ်လား

ဒသသနပညာရှင် - သူ့ရဲ့ငယ်ဘဝကနေကြီးပြင်းလာမှုအကြောင်းတွေကို ကြွားဝါလိုတဲ့စိတ်နဲ့ပြောပြတတ်တဲ့သူ တစ်ယောက်ဟာ အမျိုးမျိုးသောကြမ္မာဆိုးတွေ သူ့အပေါ်မှာကျရောက်နေတယ်ဆိုပြီး ပြောလေ့ရှိကြတယ် .. တကယ်လို့ တစ်ယောက်ယောက်က သူသက်သာရအောင် ဖေးမမယ် .. ပြောင်းလဲဖို့ရာအတွက်အကြံပေးမယ် ဆိုရင် သူဟာအကူအညီပေးမယ့်လက်တွေကို "ငါဘယ်လိုခံစားနေရတယ်ဆိုတာ မင်းမသိပါဘူးကွာ" ဆိုတဲ့ စကားနဲ့ ငြင်းပယ်လိမ့်မယ်

လူငယ် - အင်း .. အဲ့သလိုလူတွေရှိပါတယ် ဒါပေမယ့်

ဒသသနပညာရှင် - အဲ့သလိုလူမျိုးတွေဟာ သူတို့ကြုံတွေ့ရတဲ့ကံကြမ္မာဆိုးကို ရိုးမယ်ဖွဲ့ပြီး သူတို့ကိုယ်သူတို့ "တမူထူးခြား" တဲ့သူတွေအဖြစ်လူတွေမြင်အောင် လုပ်ကြလေ့ရှိတယ် .. ပြီးတော့ အဲ့သလိုကြမ္မာဆိုးလေးတစ်ခု ကြုံရတာကိုအကြောင်းပြပြီး သူတို့ကိုယ်သူတို့အခြားသူတွေရဲ့အထက်မှာရှိနေသယောင်ဖြစ်အောင် ကြိုးပမ်းကြ တယ် .. ဥပမာအနေနဲ့ ငါ့ရဲ့အရပ်ပုနေတာကိုကြည့် .. ကြင်နာတတ်တဲ့သူတွေက ငါ့ကို "ဒါကစိုးရိမ်စရာမရှိပါဘူး" ဒါမှမဟုတ် "ဒီကိစ္စက လူ့တန်ဖိုးနဲ့ ဘာမှမပက်သက်ပါဘူး" စတဲ့စကားမျိုးတွေပြောကြလိမ့်မယ် .. အခု ငါက သူတို့ကို "အရပ်ပုတဲ့လူတွေရဲ့ခံစားချက်ကို ခင်ဗျားနားလည်တယ်လို့ထင်နေတာလား" ဆိုတဲ့စကားမျိုးပြောလိုက် ပြီးသူတို့ရဲ့အကူအညီကို ငြင်းပယ်လိုက်မယ်ဆိုရင် ဘယ်သူမှဘာမှငါ့ကိုထပ်ပြောကြတော့မှာ မဟုတ်ဘူး .. အဲ့ဒီ အခါမှာ ငါ့ပတ်ဝန်းကျင်မှာရှိတဲ့သူတွေဟာငါ့ကို ပေါက်ကွဲဖို့အတွက်တာစူနေတဲ့သူတစ်ယောက်အဖြစ် သတ်မှတ်ပြီး ငါ့ကိုဂရုတစိုက်နဲ့ကိုင်တွယ်ဆက်ဆံကြလိမ့်မယ် .. ဒါမှမဟုတ် ငါ့ကို သတိထားပြီးဆက်ဆံကြ လိမ့်မယ်

လူငယ် - လုံးဝ မှန်ပါတယ်

ဒသသနပညာရှင် - အဲ့သလိုလုပ်ခြင်းအားဖြင့် ငါ့ရဲ့အနေအထားဟာ အခြားသူတွေထက်ပိုမြင့်သွားလိမ့်မယ် .. ပြီးတော့ ငါဟာလည်းတမူထူးခြားတဲ့သူတစ်ယောက် ဖြစ်လာလိမ့်မယ် .. သူတို့နာမကျန်းဖြစ်တဲ့အခါ ဒါမှမဟုတ် ထိခိုက်ဒဏ်ရာရတဲ့အခါ ဒါမှမဟုတ် အသည်းကွဲပြီး စိတ်ဒဏ်ရာရတဲ့အခါမျိုးတွေမှာ လူအတော်များများဟာ ဒီလိုနည်းလမ်းကိုသုံးပြီး "တမူထူးခြား" တဲ့သူတွေဖြစ်အောင် လုပ်ယူလေ့ရှိတယ်

လူငယ် - ဆိုတော့ သူတို့ဟာ သူတို့ရဲ့အားနည်းချက်ကိုဖွင့်ပြောပြပြီး အခြားသူတွေထက်အခွင့်သာချက် ရအောင် အဲ့ဒါကို အသုံးချနေကြတာပေါ့

ဒသသနပညာရှင် - မှန်တယ် .. သူတို့ဟာ သူတို့ရဲ့ကံဆိုးမှုကိုအသုံးပြုပြီး ကောင်းကျိုးရအောင်လုပ်ကြတယ် .. ပြီးတော့ အဲ့ဒါကိုသုံးပြီး အခြားသူတွေကိုထိန်းချုပ်နိုင်ဖို့ ကြိုးစားကြတယ် .. သူတို့ဘယ်လောက်ကံအကြောင်း မလှသလဲဆိုတာနဲ့ ဘယ်လောက်တောင်ထိခိုက်ခံစားနေရသလဲဆိုတာကို ကြေညာခြင်းအားဖြင့် သူတို့ရဲ့ ဝန်းကျင်မှာရှိတဲ့သူတွေ ( ဥပမာအားဖြင့် သူတို့မိသားစု၊ သူငယ်ချင်းတွေ) သူတို့အတွက် စိုးရိမ်စိတ်ပူနေအောင်

လုပ်ကြတယ် .. ပြီးတော့ သူတို့တွေရဲ့ စကားတွေနဲ့အပြုအမူတွေကို ကန့်သတ်လိုက်ပြီး သူတို့ကိုထိန်းချုပ်လိုက်တယ် .. အစပိုင်းမှာကတည်းက ငါပြောခဲ့တဲ့ သူ့ကိုယ်သူအခန်းထဲမှာပိတ်ပြီးနေတယ်ဆိုတဲ့သူဟာ သူ့ကံဆိုးမှုကို အားသာချက်တစ်ခုအဖြစ်သုံးပြီး သူများတွေရဲ့အထက်မှာနေရတာကို အရသာတွေ့နေတဲ့သူပဲ .. ဒါကြောင့် အက်ဒလာက "ကျွန်တော်တို့ရဲ့ ယဉ်ကျေးမှုဓလေ့ထုံးတမ်းမှာ အားနည်းချက်ဟာ အတော်လေးခိုင်မာပြီး စွမ်းအားပြင်းတယ်" လို့ပြောခဲ့တာပဲ

လူငယ် - ဆိုတော့ အားနည်းချက်က စွမ်းအားပြင်းတယ်လား

ဒဿနပညာရှင် - အက်ဒလာကပြောတယ် .. "တကယ်တန်းမှာတော့ ကျွန်တော်တို့ရဲ့ ယဉ်ကျေးမှုဓလေ့ထုံးတမ်းမှာဘယ်သူကစွမ်းအားအကြီးဆုံးသူလည်းလို့ ကျွန်တော်တို့ကိုယ်ကျွန်တော်တို့ ပြန်မေးမယ်ဆိုရင် ယုတ္တိကျနတဲ့အဖြေက ကလေးလေးတွေလို့ ပြောရလိမ့်မယ် .. ကလေးတွေကစိုးမိုးအုပ်ထိန်းနေကြပြီး သူတို့ကို ဘယ်သူကမှ လွှမ်းမိုးချုပ်ချယ်နိုင်စွမ်းမရှိကြဘူး" .. ကလေးတွေက လူကြီးတွေအပေါ်ကို သူတို့ရဲ့အားနည်းချက်နဲ့ စိုးမိုးနေကြတာဖြစ်တယ် .. သူတို့ရဲ့အားနည်းချက်ကြောင့်ပဲ ဘယ်သူကမှသူတို့ကို မထိန်းချုပ်နိုင်ကြဘူး

လူငယ် - အဲ့ဒီရှုထောင့်ကနေ ကျွန်တော်တစ်ခါမှ မကြည့်မြင်ခဲ့ဖူးဘူး

ဒဿနပညာရှင် - ဒါပေါ့ .. နာကျင်ခံစားနေရတဲ့သူရဲ့ စကားဖြစ်တဲ့ "ငါဘယ်လိုခံစားနေရသလဲဆိုတာ မင်းနားလည်မှာမဟုတ်ပါဘူး" ဆိုတဲ့စကားမှာ အမှန်တရားဒီဂရီအနည်းငယ်တော့ ပါတယ် .. နာကျင်ခံစားနေရတဲ့လူတစ်ယောက်ရဲ့ခံစားချက်ကို အပြည့်အဝနားလည်ဖို့ဆိုတာဟာ ဘယ်သူမှမစွမ်းဆောင်နိုင်တဲ့ ကိစ္စပါ .. ဒါပေမယ့်အားသာချက်တစ်ခုရဖို့ရာအတွက် ကံမကောင်းအကြောင်းမလှမှုတစ်ခုကို ထပ်ခါတလဲလဲသုံးစွဲနေသမျှ ကာလပတ်လုံးတော့ လူတစ်ယောက်ဟာ အဲ့ဒီကံမကောင်းအကြောင်းမလှမှုကို အမြဲလိုအပ်နေမှာပါပဲ

+++

*လူငယ်နဲ့ ဒဿနပညာရှင်ဟာ အခုအချိန်အထိ ဆွေးနွေးချက်ခေါင်းစဉ်အတော်များများကို ဆွေးနွေးသွားခဲ့ပြီးဖြစ်ပါတယ်။ နိမ့်ကျတယ်ဆိုတဲ့ခံစားချက်၊ အငုံ့စိတ်နဲ့ ဘဝင်မြင့်မှုဆိုတဲ့ အကြောင်းအရာတွေပါပဲ။ စိတ်ပညာဆိုင်ရာဝေါဟာရတွေရဲ့ တကယ့်အနက်အဓိပ္ပါယ်ဟာ လူငယ်နားလည်ထားတဲ့ အနက်အဓိပ္ပါယ်တွေနဲ့ အတော်လေးကွဲပြားခြားနားနေပါတယ်။ အခုအချိန်အထိတော့ သူဟာ တစ်ခုခုတော့မှားယွင်းနေသေးတယ်လို့ ခံစားရနေတုန်းဖြစ်ပါတယ်။ ဒါတွေကိုလက်ခံဖို့ရာ ကျွန်တော့်အတွက်ဘာကြောင့်ခက်ခဲနေရတာလဲ။ ဆိုတော့ ဒါဟာနိဒါန်းပျိုးတာလောက်ပဲ ရှိဦးမယ်ထင်ပါတယ်။ ဒီနိဒါန်းပျိုးတဲ့အဆိုတွေဟာ ကျွန်တော့်ကို သံသယတွေတိုးပွားစေတယ်။ စတာမျိုးတွေသူတွေးမိနေပါတယ်။ လူငယ်ဟာ စကားပြောဖို့ရာအတွက် သူ့ပါးစပ်ကိုအေးဆေးစွာပဲဖွင့်လိုက်ပါတယ်။*

**ဘဝဆိုတာပြိုင်ပွဲတစ်ခုမဟုတ်ပါဘူး**

-------------------------------------

လူငယ် - ဒါပေမယ့် အဲ့ဒါကိုကျွန်တော် တကယ်သဘောမပေါက်သေးဘူးလို့ ထင်တယ်

ဒဿနပညာရှင် - ကောင်းပြီလေ .. မင်းကြိုက်တာငါ့ကိုမေးနိုင်ပါတယ်

လူငယ် - ကြီးမြင့်မှုကိုလှမ်းဆွတ်ခြင်း (လူတစ်ယောက်ဟာ ပိုမိုအဆင့်မြင့်တဲ့လူတစ်ယောက်ဖြစ်လာအောင် ကြိုးပမ်းတာ) ဟာ လူတိုင်းအလိုရှိကြတဲ့ဆန္ဒဖြစ်တယ်လို့ အက်ဒလာက လက်ခံတယ် .. ဟုတ်တယ်မဟုတ်လား .. တခြားတစ်ဖက်မှာလည်း သူဟာ နိမ့်ကျတယ်ဆိုတဲ့ခံစားချက်နဲ့ မြင့်မားတယ်ဆိုတဲ့ခံစားချက်တွေ အလွန်အကျွံပေါ်မလာဖို့ကိုလည်း သတိပေးထားပြန်တယ် .. အဲ့ဒီနှစ်ချက်စလုံးကို ကျွန်တော်လက်ခံပါတယ် .. ဆိုတော့ ကျွန်တော်တို့အနေနဲ့ ဘာလုပ်ရမလဲ

ဒဿနပညာရှင် - ဒီလိုစဉ်းစားကြည့် .. ကြီးမြင့်မှုကိုလှမ်းဆွတ်ခြင်း အကြောင်းငါတို့ပြောကြတဲ့အခါမှာ အဲ့ဒါကို အခြားသူတွေထက်သာအောင်ကြိုးပမ်းတာလို့ ငါတို့ထင်မြင်ယူဆသွားနိုင်တဲ့အလားအလာ ရှိနေတယ် .. အမြင့်ကိုလှမ်းတက်ဖို့ဆိုတဲ့အနက်အဓိပ္ပါယ်၊ အခြားသူတွေကိုကန်ချတာဆိုတဲ့ အဓိပ္ပါယ်တွေအထိတောင် မှတ်ယူသွားမိစေဖို့ အလားအလာရှိနေတယ် .. စိတ်ထဲမှာလည်း လှေကားတစ်ခုကို တက်နေရင်း ထိပ်ဆုံးရောက်အောင်အခြားသူတွေကို တွန်းထိုးကန်ချပြီးတက်နေတဲ့ပုံရိပ်ကို မြင်ယောင်မိနေလိမ့်မယ် .. အက်ဒလာက အဲ့သလိုစိတ်နေစိတ်ထားမျိုးကို ထောက်ခံမြှောက်ပင့်ပေးနေတာမဟုတ်ပါဘူး .. သူပြောနေတာက တူညီတဲ့ကစားကွင်းကြီးတစ်ခုထဲမှာ ရှေ့ဆက်ရွှေ့လျားနေကြတဲ့သူတွေရှိတယ်။ ပြီးတော့ သူတို့ကိုနောက်မှာချန်ပြီး သူတို့ရဲ့ရှေ့ကနေ ရှေ့ဆက်ရွှေ့လျားနေကြတဲ့သူတွေလဲရှိတယ်။ အဲ့ဒီပုံရိပ်ကို စိတ်ထဲမှာမှတ်ထားပါ။ ရောက်တဲ့အကွာအဝေးနဲ့ သွားတဲ့အမြန်နှုန်းတွေကွဲပြားကြပေမယ့် လူတိုင်းဟာ တူညီတဲ့ကွင်းပြင်ကြီးတစ်ခုအတွင်းမှာ ညီတူမျှတူလျှောက်လှမ်းခွင့်ရနေပါတယ်။ ကြီးမြင့်မှုကိုလှမ်းဆွတ်ခြင်းဆိုတာက ကိုယ့်လျှောက်လမ်းမှာ ကိုယ့်ခြေလှမ်းကိုပဲ ရှေ့ဆက်တိုးမယ်ဆိုတဲ့ စိတ်သဘောထားပါ .. အခြားသူတွေထက်သာအောင် ငါလျှောက်လှမ်းမယ်ဆိုတဲ့ ပြိုင်ပွဲလိုသဘောထားတဲ့ စိတ်သဘောထားမျိုး မဟုတ်ပါဘူး

လူငယ် - ဆိုတော့ ဘဝဆိုတာဟာ ပြိုင်ပွဲတစ်ခု မဟုတ်ဘူးပေါ့

ဒဿနပညာရှင် - အမှန်ပါပဲ .. ရှေ့ဆက်ပြီးလျှောက်လှမ်းနေတယ်ဆိုတာနဲ့တင် လုံလောက်နေပါပြီ .. ဘယ်သူနဲ့မှ ပြိုင်ဆိုင်နေဖို့မလိုပါဘူး .. ပြီးတော့ ကိုယ့်ကိုယ်ကိုယ် အခြားသူတစ်ယောက်နဲ့ နှိုင်းယှဉ်ကြည့်မြင်ဖို့ဆိုတာက လုံးဝကိုမလိုအပ်ပါဘူး

လူငယ် - မဟုတ်ဘူး .. အဲ့ဒါက မဖြစ်နိုင်ဘူး .. ကျွန်တော်တို့ဟာ ဘာပဲဖြစ်နေဖြစ်နေ ကိုယ့်ကိုယ်ကိုယ်ကို အခြားသူတွေနဲ့ နှိုင်းယှဉ်ကြည့်မိနေကြတာပဲ .. အဲ့ဒီကနေပဲ ကျွန်တော်တို့ရဲ့ နိမ့်ကျတယ်ဆိုတဲ့ခံစားချက်တွေ ထွက်ပေါ်လာတာပဲလေ .. မဟုတ်ဘူးလား

ဒဿနပညာရှင် - ကောင်းကျိုးပြုတဲ့ နိမ့်ကျတယ်ဆိုတဲ့ခံစားချက်ဟာ အခြားသူတွေနဲ့နှိုင်းယှဉ်ကြည့်ရာကနေ ဖြစ်ပေါ်လာတဲ့အရာတစ်ခု မဟုတ်ပါဘူး .. ကိုယ့်ကိုယ်ကိုယ်ကို ကိုယ့်စံပြုသတ်မှတ်ထားတဲ့ အကောင်းဆုံးဆိုတဲ့ အနေအထားတစ်ခုနဲ့ နှိုင်းယှဉ်ကြည့်မြင်ရာကနေ ပေါ်ပေါက်လာတဲ့ အရာပါ

လူငယ် - ဒါပေမယ့် ...

ဒဿနပညာရှင် - ဒီမှာ .. ငါတို့အားလုံးဟာ ကွဲပြားခြားနားကြတယ် .. လိင်၊ အသက်၊ အသိပညာ၊ အတွေ့အကြုံ၊ သွင်ပြင်လက္ခဏာတွေ ဘာမှမတူကြဘူး .. အတိအကျလုံးဝတူညီပါတယ်ဆိုတဲ့ လူနှစ်ဦး ဘယ်တော့မှ မရှိဘူး .. အခြားသူတွေဟာ ငါတို့နဲ့မတူကွဲပြားကြတယ်ဆိုတဲ့အချက်ကို အပြုသဘောဆောင်တဲ့စိတ်နဲ့ အသိအမှတ်ပြုကြရအောင်ပါ .. ပြီးတော့ ငါတို့ဟာမတူညီကြပေမယ့် ညီတူညီမျှတော့ ဖြစ်ကြပါတယ်

လူငယ် - ကျွန်တော်တို့ဟာ မတူညီကြပေမယ့် ညီတူညီမျှတော့ ဖြစ်ကြတယ် ဟုတ်လား

ဒဿနပညာရှင် - အမှန်ပဲ .. လူတိုင်းဟာကွဲပြားခြားနားကြတယ် .. ကွဲပြားခြားနားတယ်ဆိုတာကို ကောင်းတယ်၊ ဆိုးတယ်ဆိုတာတွေ မြင့်မားတယ်၊ နိမ့်ကျတယ် ဆိုတာတွေနဲ့ မရောထွေးပစ်လိုက်နဲ့ .. ငါတို့မှာဘယ်လိုကွဲပြားခြားနားမှုတွေပဲရှိနေပါစေ ငါတို့အားလုံးဟာ ညီတူညီမျှပါပဲ

လူငယ် - လူတွေမှာရာထူးဂုဏ်သိမ်ကွဲပြားခြားနားမှုတွေ ရှိမနေဘူးလား.. စိတ်ကူးရှုမြင်ပြီးပြောရမယ်ဆိုရင်တော့ ခင်ဗျားပြောတဲ့အတိုင်းဖြစ်လိမ့်မယ် .. ဒါပေမယ့် အခုကျွန်တော်တို့က လက်တွေ့ကျတဲ့အခြေအနေတွေကို ရိုးရိုးသားသား ပွင့်ပွင့်လင်းလင်း ဆွေးနွေးနေကြတာမဟုတ်လား .. ဥပမာအားဖြင့် ကျွန်တော်ရယ်၊ လူရွယ်တစ်ယောက်ရယ်၊ ကလေးလေးတစ်ယောက်ရယ် သင်္ချာပုစ္ဆာတစ်ပုဒ်စီအတွက် တွက်ချက်ရခက်ခဲနေရတာကို ညီတူညီမျှဖြစ်တယ်လို့ ပြောလို့ရပ့ါမလား

ဒဿနပညာရှင် - အသိဉာဏ်နဲ့ အတွေ့အကြုံပမာဏအရ ပြောရမယ်ဆိုရင် ပြီးတော့ ယူရမယ့်တာဝန်ခံမှုပမာဏအရပြောရမယ်ဆိုရင်တော့ ကွဲပြားခြားနားပါတယ် .. ကလေးလေးဟာ သူ့ဖိနပ်ကြိုးကိုတောင် သေသေချာချာချည်တတ်ဦးမှာ မဟုတ်ဘူး .. ရှုပ်ထွေးတဲ့သင်္ချာပုစ္ဆာတွေကိုလည်း ဘယ်ဖြေရှင်းတတ်လိမ့်ဦးမလဲ .. ပြဿနာတစ်ခုခုကြုံလာပြီဆိုရင်လည်း လူရွယ်လောက် သူတာဝန်ခံပြီးဘယ်ဖြေရှင်းနိုင်မလဲ .. ဒါပေမယ့် အဲ့ဒါတွေက လူသာတန်ဖိုးနှုန်းစံနဲ့ပတ်သက်ရင် ဘာမှမဆိုင်ပါဘူး .. ငါ့အဖြေကတော့ မပြောင်းလဲပါဘူး .. လူသားတွေဟာ ညီတူညီမျှရှိတယ် .. ဒါပေမယ့် မတူညီကြဘူး

လူငယ် - ခင်ဗျားဆိုလိုတာက ကလေးငယ်တစ်ယောက်ကိုလည်း အရွယ်ရောက်ပြီးတဲ့လူတစ်ယောက်နဲ့ ညီတူညီမျှဆက်ဆံရမယ်လို့ ဆိုလိုတာလား

ဒဿနပညာရှင် - မဟုတ်ပါဘူး .. ကလေးငယ်တစ်ယောက်ကို ကလေးလိုဆက်ဆံတာ၊ အရွယ်ရောက်ပြီးသား လူတစ်ယောက်လိုဆက်ဆံတာမျိုးဆိုတာထက် သူ့ကို လူသားတစ်ယောက်လိုပဲ ဆက်ဆံရမှာပါ .. ကလေးငယ်တစ်ယောက်ကိုလည်း အခြားသောလူသားတစ်ယောက်ကို ဆက်ဆံသလိုပဲ ဆက်ဆံရမှာပါ

လူငယ် - မေးခွန်းကိုပြောင်းကြရအောင် .. လူတွေအားလုံးဟာ ညီတူညီမျှဖြစ်တယ် .. သူတို့ဟာ တူညီတဲ့ ကစားကွင်းကြီးထဲမှာရှိကြတယ် .. ဒါပေမယ့် တကယ်တန်းမှာက အဲ့ဒီမှာလဲ မညီမျှမှုတွေရှိနေတာပဲ .. မဟုတ်ဘူးလား .. ရှေ့ကိုမြန်မြန်သွားနိုင်တဲ့သူက မြင့်မားမယ် .. နောက်မှာကျန်ရစ်ခဲ့တဲ့သူတွေက နိမ့်ကျမယ် .. ဆိုတော့ကာ အဲ့ဒီမှာလည်း မြင့်မားတယ် နိမ့်ပါးတယ်ဆိုတဲ့ ပြဿနာကိုကြုံတွေ့ရမှာပဲ .. မဟုတ်ဘူးလား

ဒဿနပညာရှင် - မဟုတ်ပါဘူး .. အဲ့သလိုမဖြစ်ပါဘူး .. ရှေ့ရောက်အောင်လျှောက်တာပဲဖြစ်ဖြစ် နောက်မှာကျန်ရစ်ခဲ့တာပဲဖြစ်ဖြစ်က ကိစ္စမရှိပါဘူး .. အဲ့ဒါက ငါတို့ဟာ ဒေါင်လိုက်ဝင်ရိုးမရှိတဲ့ ပြင်ညီမျက်နှာပြင်တစ်ခုမှာ လမ်းလျှောက်ရသလိုပါပဲ .. ငါတို့ဟာတစ်ယောက်ယောက်နဲ့ ယှဉ်ပြိုင်ဖို့ရာအတွက်လျှောက်နေကြတာ မဟုတ်ပါဘူး .. ငါတို့လျှောက်နေတာက အတိတ်ကငါထက် အခုငါလေးက တန်ဖိုးပိုရှိလာဖို့ဆိုတဲ့ရည်ရွယ်ချက်နဲ့သာ ကြိုးစားလျှောက်လှမ်းနေကြတာပါ

လူငယ် - ခင်ဗျားရော ပုံစံမျိုးစုံသောယှဉ်ပြိုင်မှုတွေကနေ လွတ်ကင်းနေပြီလား

ဒဿနပညာရှင် - လွတ်ကင်းပြီပေါ့ .. ဂုဏ်သိက္ခာအဆင့်အတန်းတွေ၊ ဂုဏ်ယူမှုတွေဆိုတာကို ငါမတွေးဘူး .. ငါ့ကိုယ်ငါ လောကထဲကဘယ်လိုပြိုင်ပွဲထဲမှာမှ ဝင်မပြိုင်တဲ့ ပြင်ပဒဿနပညာရှင်တစ်ယောက်လို့ သဘောထားပြီးတော့ပဲ နေထိုင်တော့တယ်

လူငယ် - အဲ့ဒါက ခင်ဗျားဟာပြိုင်ပွဲတွေကိုလွှတ်ချပြီး အရှုံးတွေကို လက်ခံထားတယ်လို့ ဆိုလိုတာလား

ဒဿနပညာရှင် - မဟုတ်ပါဘူး .. ငါဟာ နိုင်ခြင်းရှုံးခြင်းဆိုတဲ့ ကြိုတင်သတ်မှတ်ချက်တွေရှိတဲ့နေရာတွေ ကနေ နုတ်ထွက်လိုက်တာပါ .. လူတစ်ယောက်ဟာ တစ်ခုခုဖြစ်ဖို့ကြိုးစားတဲ့အခါ ပြိုင်ပွဲတွေဟာရှောင်လွှဲမရစွာပဲ သူ့လမ်းမှာပေါ်ပေါက်လာတော့တာပါပဲ

လူငယ် - မဟုတ်တာ .. ဒါဟာ ပင်ပန်းနွမ်းလျှနေတဲ့ အဖိုးကြီးတစ်ယောက်ရဲ့ စကားပဲ .. ကျွန်တော့်လို ငယ်ရွယ်သူတစ်ယောက်အနေနဲ့ကတော့ ပြိုင်ပွဲတွေရဲ့ဖိအားအောက်မှာ ကိုယ့်ဖိနပ်ကြိုးကို ခိုင်ခိုင်ဆွဲချည်နေရဦး

မှာပဲ .. ဘာကြောင့်လဲဆိုတော့ ကျွန်တော့်နံဘေးမှာပြိုင်ဖက်သာမရှိဘူးဆိုရင် ကျွန်တော်ကိုယ့်ကိုယ်ကိုယ် ထက်သာအောင် ပြိုင်ဆိုင်ဖို့ဆိုတာမျိုးကို မလုပ်နိုင်လို့ပဲ .. လူလူချင်းဆက်ဆံရေးကို ပြိုင်ပွဲတစ်ခုအသွင်နဲ့ ရှုမြင် စဉ်းစားတာက ဘာများမှားနေလို့လဲ

ဒဿနပညာရှင် - တကယ်လို့ အဲ့ဒီပြိုင်ဖက်ဆိုတဲ့သူတစ်ယောက်ကို ရဲဘော်ရဲဘက်လို့ မင်းခေါ်နိုင်မယ်ဆိုရင် အဲ့ဒါဟာ ကိုယ့်ကိုယ်ကိုယ်တိုးတက်ရေးကို အထောက်အကူပြုပြီး တိုးတက်လာနိုင်ပါလိမ့်မယ် .. ဒါပေမယ့် ကိစ္စ အတော်များများမှာ ပြိုင်ဖက်တွေဟာ မင်းရဲ့ ရဲဘော်ရဲဘက်ဖြစ်မလာနိုင်ပါဘူး

လူငယ် - တိတိကျကျ ဘာကိုဆိုလိုချင်တာလဲ

**မင်းရဲ့ပုံပန်းသွင်ပြင်နဲ့ပတ်သက်ပြီး စိုးရိမ်ပူပန်နေတာ မင်းတစ်ယောက်ထဲပါ**

---

ဒဿနပညာရှင် - ငါတို့ပြောခဲ့တာတွေကို ချုပ်ကြည့်လိုက်ကြရအောင် .. ဦးဆုံးအနေနဲ့ ပြဿနာအားလုံးဟာ လူလူချင်းဆက်ဆံရေးနဲ့ဆိုင်တဲ့ ပြဿနာတွေချည်းပါပဲဆိုတဲ့ အက်ဒလာရဲ့ အဆိုပြုချက်ကို မင်းမကျေလည်ဘူး လို့ပြောတယ် .. ဟုတ်တယ်နော် .. အဲ့ဒါဟာ နိမ့်ကျတယ်ဆိုတဲ့ခံစားချက်နဲ့ ပတ်သက်ပြီးငါတို့ဆွေးနွေးနေတာ တွေအတွက် အခြေခံအချက်ပဲ

လူငယ် - ဟုတ်ကဲ့ .. အဲ့ဒါအမှန်ပါပဲ .. နိမ့်ကျတယ်ဆိုတဲ့ခံစားချက်အကြောင်းက အတော်လေးကျယ်ပြန့်တော့ အဲ့ဒီအချက်ကိုကျွန်တော်မေ့တော့မလိုလို ဖြစ်သွားတယ် .. အဲ့ဒီအချက်ကို ခင်ဗျားဘာကြောင့် ဦးဆုံးအနေနဲ့ ထားရတာလဲ

ဒဿနပညာရှင် - အဲ့ဒါက ပြိုင်ဆိုင်မှုဆိုတဲ့အကြောင်းအရာနဲ့ ဆက်စပ်နေတယ် .. အဲ့ဒါကိုမှတ်ထားပေးပါ .. လူတစ်ယောက်ရဲ့ လူလူချင်းဆက်ဆံရေးရဲ့ အတွင်းအကျဆုံးအနှစ်အသားမှာ ပြိုင်ဆိုင်မှုဆိုတာရှိနေခဲ့ရင် သူဟာ လူလူချင်းဆက်ဆံရေးပြဿနာတွေကနေ လွတ်မြောက်နိုင်စွမ်းရှိမှာမဟုတ်ဘူး ဒါမှမဟုတ် ကံကြမ္မာဆိုးတွေ ကနေလွတ်မြောက်နိုင်မှာ မဟုတ်ဘူး ..

လူငယ် - ဘာကြောင့် မလွတ်မြောက်နိုင်ရမှာလဲ

ဒဿနပညာရှင် - ဘာကြောင့်လဲဆိုတော့ ပြိုင်ဆိုင်မှုရဲ့အဆုံးမှာ အနိုင်ရသူတွေနဲ့ ရှုံးနိမ့်သူတွေဆိုတာ ရှိနေလို့ပဲ

လူငယ် - အနိုင်ရသူတွေနဲ့ ရှုံးနိမ့်သူတွေရှိနေတယ်ဆိုတာဟာ လုံးဝအဆင်ပြေနေတာပဲ

ဒဿနပညာရှင် - အဲ့ဒါကို နည်းနည်းတွေးကြည့်စမ်းပါ .. အဲ့ဒါက မင်းကိုယ်တိုင်ပဲဆိုကြပါစို့ .. မင်းဟာ မင်းဝန်းကျင်မှာရှိတဲ့လူတွေနဲ့ ပြိုင်ဆိုင်လိုစိတ်ရှိနေတယ် .. သူတို့နဲ့ မင်းရဲ့ဆက်ဆံရေးမှာ မင်းအတွက်ရွေးချယ်စရာအခြားမရှိဘဲ အောင်ပွဲ ဒါမှမဟုတ် ရှုံးနိမ့်မှုဆိုတာကိုပဲ မင်းသိနေတော့လိမ့်မယ် .. ကိုကကြီးက ဒီကျော်ကြားတဲ့တက္ကသိုလ်ကိုတက်ခွင့်ရတယ် .. ကိုခကွေးက ကုမ္ပဏီကြီးတစ်ခုမှာ အလုပ်ရတယ် .. ပြီးတော့ ကိုဂငယ်က ချောမောလှပတဲ့ မိန်းမပျိုလေးတစ်ဦးနဲ့တွဲနေတယ် .. မင်းက မင်းကိုယ်မင်းသူတို့နဲ့ လိုက်နှိုင်းယှဉ်ပြီး ဒီလိုတွေးမယ် .. "ငါ့မှာတော့ အဲ့ဒါမျိုးတွေ ဘာမှမရှိပါလား"

လူငယ် - ဟားဟား .. အဲ့ဒါက အတော်လေး တိတိကျကျပုံပေါ်နေတာပဲ

ဒဿနပညာရှင် - လူတစ်ယောက်ဟာ ပြိုင်ပွဲနဲ့ အောင်ပွဲ၊ ရှုံးနိမ့်မှု ဆိုတဲ့စိတ်ရှိနေရင် နိမ့်ကျတယ်ဆိုတဲ့ခံစားချက်ပေါ်လာဖို့က ဘယ်လိုမှရှောင်လွှဲလို့မရတော့ဘူး .. ဘာကြောင့်လဲဆိုတော့ သူဟာ သူ့ကိုယ်သူအခြားသူတွေနဲ့ အမြဲမပြတ်နှိုင်းယှဉ်နေပြီး "ဒီလူ့ကိုငါနိုင်သွားပြီ ဒါမှမဟုတ် ငါဒီလူကိုရှုံးသွားပြီ" လို့ပဲစဉ်းစားမိနေမှာဖြစ်တာကြောင့်ပဲ .. အငုံ့စိတ်နဲ့ ဘဝင်မြင့်မှုဆိုတဲ့ ဥပါဒါန်တွေဟာ အဲ့ဒီအချက်ကနေ ဆင့်ပွားပေါ်ထွက်လာတဲ့ အရာတွေပဲ .. ကဲ အခု ဒီလိုအခြေအနေမှာ မင်းအတွက်အခြားသူတစ်ယောက်ဆိုတာ ဘယ်လိုလူမျိုးဖြစ်တယ်လို့ မင်းထင်မြင်နေဦးမှာလဲ

လူငယ် - ကျွန်တော်မသိဘူး .. ပြိုင်ဖက်တစ်ယောက်လို့ ထင်မိမယ်လို့ ကျွန်တော်ထင်တယ်

ဒဿနပညာရှင် - မဟုတ်ဘူး .. ပြိုင်ဖက်သက်သက်သာမဟုတ်ဘူးကွ .. အဲ့ဒါကိုမင်းမသိခင်မှာ ကမ္ဘာပေါ်မှာရှိသမျှလူတိုင်းကို မင်းရဲ့ရန်သူလို့ မင်းစပြီးကြည့်မြင်လာမိမှာပဲ

လူငယ် - ကျွန်တော့်ရန်သူ ဟုတ်လား

ဒဿနပညာရှင် - လူတွေကမင်းကိုအမြဲတမ်း နှိမ့်ချဆက်ဆံနေတယ်၊ မင်းကိုအထင်အမြင်သေးပြီးဆက်ဆံနေကြတယ်လို့ မင်းစတင်ပြီးရှုမြင်လာမယ် .. သူတို့အားလုံးဟာ ဘယ်တော့မှလျှော့တွက်ထားလို့မရတဲ့ ရန်သူတွေဖြစ်တယ်လို့ မင်းရှုမြင်လာမိလိမ့်မယ် .. မင်းရဲ့အလစ်အငိုက်ကို အမြဲချောင်းနေပြီး မင်းကိုတိုက်ခိုက်ဖို့ကြိုးပမ်းနေကြတဲ့သူတွေဖြစ်တယ်လို့ မင်းထင်မြင်လာလိမ့်မယ် .. တိုတိုပြောရရင်တော့ ကမ္ဘာလောကကြီးဟာ ထိတ်လန့်ကြောက်ရွံ့စရာကောင်းတဲ့နေရာကြီးတစ်ခုလို့ မင်းထင်မြင်လာလိမ့်မယ်

လူငယ် - ဘယ်တော့မှလျှော့တွက်လို့မရတဲ့ ရန်သူတွေ .. အဲ့ဒါက ကျွန်တော်ပြိုင်ဆိုင်နေရတဲ့သူပဲ

ဒဿနပညာရှင် - ပြိုင်ဆိုင်မှုတွေက ဘာကြောင့်ထိတ်လန့်စရာကောင်းသလဲဆိုတဲ့အချက်က အဲ့ဒါပဲ .. မင်းဟာ အရှုံးသမားတစ်ယောက်မဟုတ်ဘူးဆိုရင်တောင်မှ၊ မင်းဟာအမြဲဆက်တိုက် အနိုင်ရနေတဲ့သူတစ်ယောက်

ဖြစ်တယ်ဆိုရင်တောင်မှ မင်းဟာငြိမ်းချမ်းတဲ့အခိုက်အတန့်လေးကို ဘယ်တော့မှခံစားရရှိနိုင်မှာမဟုတ်ဘူး .. မင်းဟာအရှုံးသမားတစ်ယောက် မဖြစ်ချင်ဘူး .. ပြီးတော့ မင်းအရှုံးသမားတစ်ယောက်မဖြစ်ချင်ဘူးဆိုရင် မင်းဟာ အမြဲမပြတ်အောင်နိုင်နေတဲ့သူတစ်ယောက်ဖြစ်အောင် ကြိုးပမ်းရတော့မယ် .. မင်းအခြားသူတွေကို ယုံကြည်လို့ရနိုင်တော့မှာ မဟုတ်ဘူး .. လူ့အဖွဲ့အစည်းရဲ့အမြင်မှာ သူတို့ရဲ့အောင်မြင်မှုကိုတည်ဆောက်ပြနေစဉ်မှာ များစွာသောလူတွေ တကယ်တမ်းပျော်ရွှင်မှုကိုမခံစားကြရတဲ့ အကြောင်းရင်းက သူတို့ဟာပြိုင်ဆိုင်မှုတွေနဲ့ နေထိုင်နေကြလို့ပဲ .. ဘာကြောင့်လဲဆိုတော့ သူတို့အတွက်က ကမ္ဘာလောကဟာ ရန်သူတွေနဲ့ပြည့်နှက်နေတဲ့ ဘေးအန္တရာယ်ထူပြောတဲ့ နေရာတစ်ခုဖြစ်နေလို့ပဲ

လူငယ် - ကျွန်တော်လဲအဲ့သလိုပဲ မြင်ပါတယ် .. ဒါပေမယ့် ...

ဒဿနပညာရှင် - ဒါပေမယ့် တခြားလူတွေက မင်းကိုတကယ်တန်းရော ဂရုစိုက်စောင့်ကြည့်နေကြလို့လား .. သူတို့တကယ်တန်းပဲ အချိန်နဲ့အမျှမင်းကိုစောင့်ကြည့်နေပြီး တိုက်ခိုက်ဖို့အတွက် အကောင်းဆုံးအခိုက်အတန့်ကို ချောင်းမြောင်းနေကြလို့လား .. အဲ့သလိုတွေဖြစ်ပုံရမနေပါဘူး .. ငါ့ရဲ့ ငယ်ရွယ်တဲ့မိတ်ဆွေတစ်ယောက်ဆိုရင် သူလူငယ်ဘဝတုန်းက မှန်ရှေ့မှာအချိန်အတော်ကြာကြာနေပြီး သူ့ဆံပင်ကို သ နေလေ့ရှိတယ် .. တစ်ခါ သူ အဲ့သလိုလုပ်နေတုန်း သူ့အဖွားက "မင်းရဲ့ပုံပန်းသဏ္ဌာန်ကို တကယ်တန်းဂရုစိုက်ပြီးကြည့်တဲ့သူက မင်းတစ်ယောက်ထဲပဲ ရှိတာပါ" လို့ပြောလိုက်တယ် .. အဲ့ဒီကိစ္စဖြစ်ပြီးနောက်ပိုင်းမှာ ဘဝမှာနေထိုင်ရတာ သူ့အဖို့ ပိုလွယ်ကူအဆင်ပြေသွားတယ်လို့ သူကပြောခဲ့တယ်

လူငယ် - ဒီမှာအဲ့ဒါက ကျွန်တော့်ကိုဝေဖန်အရှက်ခွဲနေတာပဲ.. မဟုတ်ဘူးလား .. ဟုတ်တယ် ကျွန်တော့်ဝန်းကျင်ကလူတွေကိုကျွန်တော်ရန်သူလိုသဘောထားတယ် .. ကျွန်တော်ကတိုက်ခိုက်ခံရမှာကို အမြဲမပြတ်ကြောက်လန့်နေတယ် .. ကျွန်တော့်ဆီကိုဝဲပျံလာမယ့် မြားတံတွေကိုကျွန်တော် စိုးထိတ်နေတယ် .. အခြားသူတွေရဲ့စောင့်ကြည့်တာကို ကျွန်တော်ခံနေရတယ်လို့ အမြဲမပြတ်တွေးတောနေတယ် .. လူတွေက ကျွန်တော့်မကောင်းကြောင်းကိုဝေဖန်ပြီး ကျွန်တော့်ကိုတိုက်ခိုက်ခံရမှာကို ကျွန်တော်ပူပန်နေတယ် .. အဲ့ဒါက သူ့ကိုယ်သူမှန်ထဲတစိမ့်စိမ့်နဲ့ကြည့်နေတတ်တဲ့ ဆယ်ကျော်သက်လေးလို ကိုယ့်ကိုယ်ကိုယ်အလွန်အမင်းဂရုစိုက်လွန်းတဲ့ တုန့်ပြန်မှုတစ်ခုပဲဆိုတာ မှန်ပါတယ် .. ကမ္ဘာလောကထဲကလူတွေက ကျွန်တော့်ကိုဘယ်သူမှ ဂရုစိုက်မနေကြပါဘူး .. ကျွန်တော်ကင်းမြီးကောက်ထောင်ပြီး လမ်းလျှောက်သွားရင်တောင်မှ ဘယ်သူကမှဂရုပြုမိကြမှာမဟုတ်ပါဘူး .. ဒါပေမယ့် ကျွန်တော်မသိဘူး .. နောက်ဆုံးမှာ ခင်ဗျားက ကျွန်တော့်ရဲ့နိမ့်ကျတယ်ဆိုတဲ့ခံစားချက်ဟာ ကျွန်တော်ကိုယ်တိုင် ရွေးချယ်ထားတာ၊ အဲ့ဒါဟာ ကျွန်တော်ဖြစ်ချင်နေတဲ့ ရည်မှန်းချက်တစ်မျိုးဖြစ်တယ်လို့ ပြောနေတာလား .. အဲ့ဒါဟာ ကျွန်တော့်အဖို့တော့ လုံးဝအဓိပ္ပါယ်မရှိဘူး ..

ဒဿနပညာရှင် - ဆိုတော့ .. အဲ့ဒါက ဘာကြောင့်လဲ

လူငယ် - ကျွန်တော့်မှာ ကျွန်တော့်ထက်သုံးနှစ်ကြီးတဲ့ အစ်ကိုတစ်ယောက်ရှိတယ် .. သူဟာ တကယ့်အကိုကြီး ဆိုတဲ့ပုံရိပ်နဲ့ တထပ်တည်းပဲ .. ကျွန်တော်တို့မိဘတွေပြောတဲ့အတိုင်း သူအမြဲတမ်းလုပ်တယ် .. သူ စာတော်တယ် .. အားကစားတော်တယ် .. လုံ့လဝီရိယရှိတယ် .. ကျွန်တော်ငယ်ငယ်လေးတုန်းကဆိုရင် သူနဲ့ အမြဲပဲနှိုင်းယှဉ်ခံရတယ် .. သူကအမြဲအသက်ပိုကြီးပြီး ရှေ့ရောက်နေတယ် .. ဆိုတော့ ကျွန်တော်သူ့ကို ဘယ်တော့မှအနိုင်မရနိုင်ခဲ့ဘူး .. အဲ့သလိုအခြေအနေကွာဟမှုကို ကျွန်တော့်မိဘတွေက လုံးဝဂရုမစိုက်ဘူး .. ပြီးတော့ ကျွန်တော့်ကို အသိအမှတ်ပြုတဲ့လက္ခဏာလည်း ဘယ်တော့မှမပြဘူး .. ကျွန်တော်ဘာပဲလုပ်လုပ် ကလေးတစ်ယောက်လိုပဲ ဆက်ဆံခံရတယ် .. အခွင့်ရတိုင်းအဆူပူခံနေရပြီး ပါးစပ်ပိတ်ထားစမ်းလို့ပဲ ပြောခံခဲ့ရ တယ် .. ကျွန်တော့်ခံစားချက်တွေကို ကျွန်တော့်ဟာကျွန်တော်မြိုသိပ်ထားဖို့ကို ကျွန်တော်သင်ယူခဲ့ရတယ် .. ကျွန်တော့်ဘဝကို နိမ့်ကျတယ်ဆိုတဲ့ခံစားချက်ကြီးကြီးမားမားနဲ့ ကျွန်တော်နေထိုင်ခဲ့ရတယ် .. ပြီးတော့ ကျွန်တော့်အစ်ကိုနဲ့ ပြိုင်ဆိုင်ပြီးနေထိုင်ဖို့ဆိုတဲ့အသိကလွဲလို့ ကျွန်တော့်မှာ တခြားရွေးချယ်စရာ ဘာမှမရှိခဲ့ဘူး

ဒဿနပညာရှင် - ငါနားလည်ပါတယ်

လူငယ် - တစ်ခါတစ်လေမှာ အဲ့ဒါကိုကျွန်တော်ဒီလိုထင်မိတယ် .. ကျွန်တော်ဟာ နေရောင်ကောင်းကောင်းမရဘဲ ရှင်သန်ကြီးထွားလာရတဲ့ ဘူးသီးတစ်လုံးလိုပဲ .. ဆိုတော့ ကျွန်တော်ဟာ နိမ့်ကျတယ်ဆိုတဲ့ခံစားချက်တွေနဲ့ သဘာဝကျစွာပဲ လိမ်ယှက်ဖွဲ့တည်နေတယ် .. အဲ့သလိုအခြေအနေမျိုးနဲ့ကြုံရပြီး ဘဝကိုဖြောင့်ဖြောင့်တန်းတန်း ရှင်သန်ကြီးထွားနိုင်တဲ့သူမျိုးရှိရင် ကျွန်တော်သူ့ကို တွေ့ချင်ပါတယ်

ဒဿနပညာရှင် - ငါ နားလည်ပါတယ် .. မင်းဘယ်လိုခံစားနေရတယ်ဆိုတာကို ငါတကယ်ပဲ နားလည်ပါတယ် .. အခု မင်းနဲ့မင်းအစ်ကိုရဲ့ဆက်ဆံရေးအကြားက "ပြိုင်ဆိုင်မှု" ဆိုတာကိုကြည့်လိုက်ကြရအောင် .. ပြိုင်ဆိုင်မှု ဆိုတာကိုအခြေခံတဲ့ ရှုထောင့်ကနေ မင်းမစဉ်းစားဘူးဆိုရင် မင်းနဲ့မင်းအစ်ကိုကြားက ဆက်ဆံရေးနဲ့ မင်းနဲ့ အခြားသူတွေအကြားက ဆက်ဆံရေးမှာ လူတွေကို မင်းဘယ်လိုပုံစံရှုမြင်မလဲ

လူငယ် - အင်း .. ကျွန်တော့်အစ်ကိုကတော့ ကျွန်တော့်အစ်ကိုပဲပေါ့ .. အခြားသူတွေကိုတော့ အဲ့သလိုမဟုတ်ဘဲ တစ်မျိုးမြင်မိလိမ့်မယ်လို့ကျွန်တော်ထင်တယ်

ဒဿနပညာရှင် - မဟုတ်ဘူး .. သူတို့ဟာပိုပြီး အပြုသဘောဆောင်တဲ့ ရဲဘော်ရဲဘက်တွေ ဖြစ်လာလိမ့်မယ်

လူငယ် - ရဲဘော်ရဲဘက် ဟုတ်လား

ဒဿနပညာရှင် - အစောတုန်းက မင်းမပြောခဲ့ဘူးလား .. "အခြားသူတွေရဲ့ပျော်ရွှင်မှုကို ကျွန်တော့်နှလုံးသား အပြည့်နဲ့ ဝမ်းမြောက်ကြည်နူးမပေးနိုင်ဘူး" လို့လေ .. လူလူချင်းဆက်ဆံရေးကို မင်းကပြိုင်ဆိုင်မှုလို့ ထင်နေ တယ်.. အခြားသူတွေရဲ့ပျော်ရွှင်နေမှုကို "ငါ့ရဲ့အရှုံး" လို့မင်းမြင်နေတယ် .. အဲ့ဒါကြောင့်ပဲ မင်းဝမ်းမြောက်ကြည်နူး

မပေးနိုင်တာဖြစ်တယ် .. ဒါပေမယ့် တစ်စုံတစ်ယောက်ဟာ ပြိုင်ဆိုင်မှုဆိုတဲ့ ပုံစံထဲကနေကင်းလွတ်သွားတဲ့ အချိန်မှာ တစ်ယောက်ယောက်အပေါ် အောင်ပွဲခံရမယ်ဆိုတဲ့ လိုအပ်ချက်ဟာ ပျောက်ကွယ်သွားလိမ့်မယ် .. သူဟာ "ငါ ရှုံးကောင်းရှုံးသွားနိုင်တယ်" လို့ပြောရမှာကို ကြောက်ရွံ့မှုကနေလည်း လွတ်ကင်းသက်သာသွား လိမ့်မယ် .. ပြီးတော့ အခြားသူတွေရဲ့ပျော်ရွှင်မှုကိုလည်း နလုံးသားအပြည့်နဲ့ ဝမ်းမြောက်ကြည်နူးနိုင်စွမ်းရှိလာ လိမ့်မယ် .. အခြားသူတွေပျော်ရွှင်ဖို့ရာကိုလည်း တက်တက်ကြွကြွလုပ်ဆောင်ပေးနိုင်လာလိမ့်မယ် .. လူတစ်ယောက်လိုအပ်ချက်ရှိနေချိန်မှာ အကူအညီပေးဖို့ရာဆန္ဒရှိနေတဲ့သူတစ်ယောက်ဟာ မင်းရဲ့ရဲဘော်ရဲဘက် လို့ခေါ်ဆိုထိုက်တဲ့ လူတစ်ယောက်ပါပဲ

လူငယ် - ဟင်း

ဒဿနပညာရှင် - အခု ငါတို့အရေးကြီးတဲ့အပိုင်းကို ရောက်လာပြီ .. "လူတွေဟာ ငါ့ရဲ့ရဲဘော်ရဲဘက်တွေ ဖြစ်တယ်" လို့မင်းတကယ်ခံစားနိုင်စွမ်းရှိလာတဲ့အချိန်မှာ မင်းရဲ့လောကကိုရှုမြင်ပုံဟာ လုံးလုံးလျားလျား ပြောင်းလဲလာလိမ့်မယ် .. ကမ္ဘာလောကကို ဘေးအန္တရာယ်ထူပြောတဲ့နေရာလို့ မြင်မှာမဟုတ်တော့ဘူး .. သံသယတွေနဲ့ ပူပန်နေစရာမလိုတော့ဘူး .. ကမ္ဘာလောကဟာ မင်းရှေ့မှာ လုံခြုံစိတ်ချရပြီး သာယာတဲ့နေရာ တစ်ခုအဖြစ်ပေါ်ပေါက်လာလိမ့်မယ် .. ပြီးတော့ မင်းရဲ့လူလူချင်းဆက်ဆံရေးပြဿနာတွေ တဖြည်းဖြည်းချင်း ချုပ်ငြိမ်းသွားလိမ့်မယ်

လူငယ် - ခင်ဗျားဟာ အတော်ပျော်ရွှင်နေတဲ့လူတစ်ယောက်ပဲ .. ဒါပေမယ့် ခင်ဗျားသိလား .. ဒါတွေအားလုံးဟာ နေကြာပန်းတစ်ပွင့်လိုပဲ .. နေရောင်ခြည်ကိုနေ့စဉ်ပြည့်ပြည့်ဝဝရရှိပြီး ရေလုံလုံလောက်လောက်လောင်းပေးခံရ တဲ့နေကြာပန်းတစ်ပွင့်ရဲ့ အတွေးအမြင်လိုပါပဲ.. မှောင်မှောင်မိုက်မိုက်နေရာမှာပေါက်ဖွားလာရတဲ့ ဘူးသီးတစ်လုံး ရဲ့ဘဝကတော့ အဲ့သလို ဘယ်သာယာနိုင်ပါလိမ့်မလဲ

ဒဿနပညာရှင် - မင်းဟာ အကြောင်းကြောင့် အကျိုးဖြစ်ဆိုတဲ့ သဘောတရားကြီးဆီကို တဖန်ပြန်သွားနေပြန်ပြီ

လူငယ် - အိုး .. ဟုတ်တယ် .. ကျွန်တော်သေချာပေါက် ပြန်သွားမိနေတယ်

+++

*စည်းကမ်းတင်းကြပ်တဲ့ မိဘတွေရဲ့ ပြုစုပျိုးထောင်မှုကိုခံခဲ့ရတဲ့လူငယ်ဟာ ငယ်စဉ်ကလေးဘဝကတည်းက သူ့အစ်ကိုနဲ့ အမြဲနှိုင်းယှဉ်ခံရပြီး ဖိနှိပ်တာကိုလည်းခံခဲ့ရတယ်။ သူ့ထင်မြင်ယူဆချက်တွေကို ထုတ်ဖော်ခွင့် မရခဲ့ ဘူး။ သူဟာ ကြမ်းတမ်းတဲ့ဝေါက်ငမ်းစကားတွေကို ကြားခဲ့ရတယ်။ သနားစရာကောင်းတဲ့ ညီငယ်လေး တစ်ယောက်အဖြစ်ရှိခဲ့တယ်။ ကျောင်းမှာတောင်မှ သူငယ်ချင်းရအောင် သူမလုပ်နိုင်ခဲ့ဘူး။ သူ့အားလပ်ချိန်တိုင်း ကို စာကြည့်တိုက်မှာပဲ တစ်ယောက်ထဲကုန်ဆုံးခဲ့ရတယ်။ စာကြည့်တိုက်ဟာ သူ့ရဲ့တစ်ခုတည်းသော ခိုလှုံရာ*

*နေရာလေးဖြစ်ခဲ့တယ်။ သူ့ရဲ့အစောပိုင်းအချိန်တွေကို ဒီလိုနည်းလမ်းအားဖြင့်ကုန်ဆုံးခဲ့ရတဲ့လူငယ်ဟာ အကြောင်းကြောင့်အကျိုးဖြစ်ရတယ်ဆိုတဲ့ ပြဌာန်းခံအယူဝါဒကို ကိုင်စွဲခဲ့တယ်။ သူသာအဲ့သလိုမိဘတွေရဲ့ ပျိုးထောင်မှုကို မခံခဲ့ရရင်၊ အကိုကြီးဟာ ဘယ်တုန်းကမှမရှိခဲ့ရင်၊ သူသာအဲ့ဒီကျောင်းကို မတက်ခဲ့ရင် သူ့မှာပိုမိုတောက်ပတဲ့ အနာဂတ်ရှိလိမ့်မယ်လို့ သူတွေးထင်နေခဲ့တယ်။ လူငယ်ဟာ ဒဿနပညာရှင်နဲ့ ဆွေးနွေးမှုမှာ အတတ်နိုင်ဆုံး တည်တည်ငြိမ်ငြိမ်နဲ့ ရှင်းရှင်းလင်းလင်းတွေးတောစဉ်းစားပြီး ဆွေးနွေးနိုင်ဖို့ ကြိုးစားခဲ့တယ်။ ဒါပေမယ့် အခုအချိန်မှာတော့ အနှစ်နှစ်အလလသူထုတ်ဖော်ပြသခွင့်မရခဲ့တဲ့ ခံစားချက်တွေဟာ ပေါက်ကွဲထွက်ပေါ်လာပါပြီ။*

**အာဃာလွန်ဆွဲမှုမှသည် လက်စားချေမှုဆီသို**

-------------------------------------------------

လူငယ် - ကောင်းပြီ .. အကြောင်းအတွက်ဖန်တီးထားသောအကျိုးသဘောတရားနဲ့ အဲ့ဒါနဲ့ပတ်သက်တဲ့ ဆွေးနွေးမှုတွေဟာ နွားမရှိ့ ပိတ်ရောင်းတာလိုမျိုးပဲ .. ပြီးတော့ စိတ်ဒဏ်ရာဆိုတာ လုံးဝမရှိဘူးဆိုတာရော အဲ့သလိုပဲ .. ပြီးတော့ အတိတ်ဟာပစ္စုပ္ပန်ကိုမပြဌာန်းဘူး .. ခင်ဗျားအဲ့သလိုပဲ သေချာပေါက်မြင်ထားသလား .. ကျွန်တော်တို့ဟာ ကာလယန္တယားတစ်ခုကိုသုံးပြီး အတိတ်ကိုပြန်မသွားနိုင်ကြဘူး .. အတိတ်ဟာ အတိတ်အဖြစ် ရှိနေသမျှကာလပတ်လုံး ကျွန်တော်တို့ဟာအတိတ်ရဲ့ဆက်စပ်မှုတွေအတွင်းမှာ နေထိုင်နေကြရတာပဲ .. တကယ်လို့တစ်ယောက်ယောက်က အတိတ်ကိုတကယ်မရှိတဲ့အရာအဖြစ် မှတ်ယူမယ်ဆိုရင် လူတစ်ယောက် ဖြတ်သန်းလာတဲ့ဘဝတလျှောက်လုံးကို ဆန့်ကျင်ပြီးမြင်နေတာနဲ့ အတူတူပါပဲ .. ကျွန်တော်ဟာ အဲ့သလိုမျိုး တာဝန်ခံမှုမရှိတဲ့ဘဝမျိုးကို ရွေးချယ်ခဲ့တယ်လို့ ခင်ဗျားဆိုလိုချင်တာလား

ဒဿနပညာရှင် - လူတစ်ယောက်ဟာ ကာလယန္တယားကိုအသုံးမပြုနိုင်ဘူး ဒါမှမဟုတ် အချိန်ရဲ့လက်တံတွေကို နောက်ပြန်မရွှေ့နိုင်ဘူးဆိုတာက မှန်ပါတယ် .. ဒါပေမယ့် အတိတ်ကဖြစ်ရပ်တွေဆိုတာကို ဘယ်လိုအနက်အဓိပ္ပါယ်နဲ့ မှတ်ယူကြမလဲ .. အတိတ်ကဖြစ်ရပ်တွေဟာ "အခုလက်ရှိမင်း" ကို ပေးအပ်ထားတဲ့ တာဝန်တွေလား ..

လူငယ် - ကောင်းပြီ .. ဆိုတော့ "အခု" ဆိုတာအကြောင်းကိုပြောကြရအောင် .. အစောပိုင်းတုန်းက လူတွေဟာ ဒေါသဆိုတဲ့ ခံစားချက်ကို ဖန်တီးယူလိုက်ကြတာလို့ ခင်ဗျားပြောခဲ့တယ် .. ဟုတ်တယ်နော် .. ပြီးတော့ အဲ့ဒါဟာ အကြောင်းအတွက်ဖန်တီးထားသောအကျိုး အယူအဆရဲ့ အခြေခံရပ်တည်ချက်လို့လည်း ပြောခဲ့တယ် .. အဲ့ဒီအဆိုကိုကျွန်တော်အခုအထိ လက်မခံနိုင်သေးဘူး .. ဥပမာအားဖြင့်လူ့အဖွဲ့အစည်းပေါ် ဒါမှမဟုတ် အစိုးရအပေါ် ဒေါသထွက်တဲ့ဖြစ်စဉ်ကို ခင်ဗျားဘယ်လိုရှင်းပြမလဲ .. အဲ့ဒါကိုရော တစ်ယောက်ယောက်ရဲ့ ထင်မြင်ယူဆချက်တွေကို ရှေ့တန်းတင်ဖို့ရာအတွက် ဖန်တီးယူလိုက်တဲ့ စိတ်ခံစားချက်တွေလို့ပြောဦးမလား

ဒဿနပညာရှင် - သေချာတာပေါ့ .. လူမှုရေးရာပြဿနာတွေကို မခံမရပ်နိုင်အောင်ဖြစ်တဲ့အချိန်တွေ ငါ့မှာလည်း ရှိတာပါပဲ .. ဒါပေမယ့် အဲ့ဒါတွေဟာ ရုတ်ချည်းပေါက်ကွဲထွက်လာတဲ့ စိတ်ခံစားချက်ဆိုတာထက် ယုတ္တိဗေဒ အပေါ်မှာအခြေခံတဲ့မခံမရပ်နိုင်ဖြစ်မှုပါပဲ.. ပုဂ္ဂလိကဒေါသ (ပုဂ္ဂလိကအာဃာတ)နဲ့လူ့အဖွဲ့အစည်းရဲ့ ပဋိပက္ခတွေ၊ မမျှတမှုတွေ (တရားမျှတမှုအတွက် မခံမရပ်နိုင်ဖြစ်မှု) အပေါ်မှာမခံမရပ်နိုင်ဖြစ်မှုအကြားမှာ ခြားနားချက်တစ်ခု ရှိတယ် .. ပုဂ္ဂလိကဒေါသဟာ မကြာခင်မှာပဲ ပြေပျောက်သွားတယ် .. တခြားတစ်ဖက်မှာတော့ တရားမျှတမှု အတွက်မခံမရပ်နိုင်ဖြစ်မှုဟာ အချိန်အတော်ကြာကြာကို မပျောက်ပျက်ဘဲရှိနေတယ် .. ဒေါသကို ပုဂ္ဂလိက အာဃာတတစ်ခုအဖြစ်ဖော်ပြတာကတော့ အခြားသူတွေမင်းကို အာရုံစိုက်အလေးထားလာအောင်လုပ်တဲ့ လက်နက်ကိရိယာတစ်ခုကလွဲလို့ တခြားဘာမှမဟုတ်ပါဘူး

လူငယ် - ပုဂ္ဂလိကဒေါသနဲ့ တရားမျှတမှုအတွက်မခံမရပ်နိုင်ဖြစ်မှုဟာ ကွဲပြားခြားနားတယ်လို့ ခင်ဗျားပြောတာ လား

ဒဿနပညာရှင် - သူတို့ဟာ လုံးဝကိုကွဲပြားခြားနားကြပါတယ် .. တရားမျှတမှုအတွက်မခံမရပ်နိုင်ဖြစ်မှုဟာ လူတစ်ယောက်ရဲ့ကိုယ်ကျိုးအတ္တအကျိုးစီးပွားရဲ့ အလွန်မှာရှိတယ် ..

လူငယ် - ဒါဖြင့်ကျွန်တော်ပုဂ္ဂလိကဒေါသအကြောင်းမေးမယ် .. ခင်ဗျားလည်းတစ်ခါတစ်လေ သေချာပေါက် ဒေါသထွက်မိမှာပဲ .. ဥပမာအားဖြင့် လူတစ်ယောက်ကခင်ဗျားကို ဘာအကြောင်းရင်းမှမရှိဘဲနဲ့ အော်ဟစ်ဆူပူ ရန်စလာရင်ပေါ့ .. မဟုတ်ဘူးလား

ဒဿနပညာရှင် - မဖြစ်ပါဘူး .. ငါဒေါသမထွက်ပါဘူး

လူငယ် - လုပ်စမ်းပါ .. ရိုးရိုးသားသားပြောစမ်းပါဗျာ

ဒဿနပညာရှင် - လူတစ်ယောက်က ငါ့မျက်နှာတည့်တည့်ကြည့်ပြီးစော်ကားနေရင် အဲ့ဒီလူရဲ့ဖုံးကွယ်ထားတဲ့ ရည်မှန်းချက်ကို ငါဖော်ထုတ်မယ် .. မင်းကတိုက်ရိုက်စော်ကားချင်တာမျိုးမဟုတ်ရင်တောင်မှ အခြားသူ တစ်ယောက်ရဲ့ စကားလုံးတွေ ဒါမှမဟုတ် အပြုအမူတွေကြောင့် အမှန်အကန် စိတ်ဆိုးဒေါသထွက်ခဲ့မယ်ဆိုရင် အဲ့ဒီလူဟာ အာဏာလွန်ဆွဲမှုတစ်ခုကြောင့် မင်းကိုစိန်ခေါ်နေတာဖြစ်တယ်ဆိုတာကို သတိထားပါ

လူငယ် - အာဏာလွန်ဆွဲမှု ဟုတ်လား

ဒဿနပညာရှင် - ဥပမာအားဖြင့် ကလေးတစ်ယောက်က အရွယ်ရောက်ပြီးလူတစ်ယောက်ကို အမျိုးမျိုးသော စနောက်နည်းတွေ၊ မဟုတ်တဲ့အပြုအမူတွေလုပ်ပြီးစနောက်လိမ့်မယ် .. ငါ့အနေနဲ့တော့ ဒီလိုစနောက်တာမျိုးဟာ အာရုံစိုက်မှုလိုချင်တဲ့ ရည်ရွယ်ချက်ကြောင့်ဖြစ်ပြီး အဲ့ဒီလူအမှန်အကန်စိတ်မဆိုးမီမှာပဲ သူ့စနောက်တာကို

ရပ်တန့်လိုက်လိမ့်မယ်လို့မြင်တယ် .. ဒါပေမယ့် ကလေးဟာစနောက်တာကို ဟိုလူစိတ်ဆိုးဒေါသထွက်သည် အထိမရပ်တန့် ခဲ့ဘူးဆိုရင် သူ့ရည်ရွယ်ချက်အမှန်က တိုက်ခိုက်ဖို့ပဲဖြစ်တယ်

လူငယ် - သူက ဘာကြောင့်တိုက်ခိုက်ချင်ရတာလဲ

ဒဿနပညာရှင် - သူအနိုင်လိုချင်လို့ပါပဲ .. အနိုင်ရခြင်းအားဖြင့် သူ့အာဏာကို သက်သေပြချင်လို့ပါပဲ

လူငယ် - ကျွန်တော်အဲ့ဒါကို တကယ်နားမလည်ဘူး .. ခင်ဗျားကျွန်တော့်ကို ဥပမာလေးတွေ ပြပေးနိုင်မလား

ဒဿနပညာရှင် - မင်းနဲ့ မင်းသူငယ်ချင်းဟာ လက်ရှိနိုင်ငံရေးအခြေအနေအကြောင်း ဆွေးနွေးနေတယ် ဆိုကြပါစို့ .. မကြာမီမှာပဲ အဲ့ဒီဆွေးနွေးမှုက ပြင်းထန်တဲ့ငြင်းခုန်မှုဖြစ်လာတယ် .. ပြီးတော့ မင်းတို့နှစ်ယောက်စလုံးက လည်း မတူကွဲပြားတဲ့ထင်မြင်ချက်ကို လက်မခံချင်ကြဘူး .. အဲ့သလိုနဲ့ နောက်ဆုံးမှာသူကမင်းကို ပုဂ္ဂိုလ်ရေး စော်ကားတိုက်ခိုက်မှုတွေလုပ်လာတဲ့အထိ ဖြစ်လာတယ် .. မင်းက ငတုံးပဲလို့ပြောမယ် .. မင်းလိုကောင်တွေ ကြောင့်ငါတို့နိုင်ငံကြီးမတိုးတက်တာလို့ပြောမယ် .. အဲ့သလို မင်းကိုစော်ကားပြောဆိုတာတွေလုပ်လာမယ်ပေ့ါ

လူငယ် - ဒါပေမယ့် တစ်ယောက်ယောက်က ကျွန်တော့်ကိုအဲ့သလိုတွေပြောလာမယ်ဆိုရင် ကျွန်တော်သည်းခံ နိုင်စွမ်းရှိမှာမဟုတ်ဘူး

ဒဿနပညာရှင် - အဲ့ဒီကိစ္စမှာ အဲ့ဒီလူရဲ့ရည်ရွယ်ချက်က ဘာလဲ .. နိုင်ငံရေးအခြေအနေကို ဆွေးနွေးချင်တာ ဟုတ်သေးရဲ့လား .. မဟုတ်တော့ဘူးနော် .. မင်းမခံမရပ်နိုင်ဖြစ်လာတာမျိုးကို သူလိုချင်တာ .. ပြီးတော့ မင်းကို ဝေဖန်ပစ်တင်ပြီး ရန်စချင်တာဖြစ်သွားပြီ .. မင်းကို အာဏာလွန်ဆွဲမှုထဲကိုဆွဲခေါ်ချင်တာမျိုး ဖြစ်သွားပြီ .. အဲ့သလိုအချိန်မှာ မင်းစိတ်ဆိုးလိုက်ပြီဆိုရင် သူမျှော်လင့်ထားတဲ့အနေအထားတစ်ခုကို ရောက်သွားပြီ .. ပြီးတော့ အဲ့သလိုအနေအထားမှာ ဆက်ဆံရေးအခြေအနေဟာ အာဏာလွန်ဆွဲမှုတစ်ခုဆီကို ရောက်သွားပြီ .. သူဘယ်လိုပဲရန်စသည်ဖြစ်ပါစေ မင်းက အဲ့ဒီအထဲကို ပါဝင်စီးမြောသွားစရာ မလိုဘူး

လူငယ် - မဟုတ်သေးဘူး .. အဲ့သလိုစိန်ခေါ်မှုမျိုးကနေ ထွက်ပြေးလို့ဖြစ်ပါ့မလား .. တစ်ယောက်ယောက်က စိန်ခေါ်ရန်စလာလို့ လက်ခံဖြေရှင်းတာက လုပ်သင့်တဲ့ကိစ္စပဲမဟုတ်လား .. ဘယ်လိုပဲဖြစ်ဖြစ် မှားတာက သူပဲလေ .. အဲ့ဒီအရူးကို သူ့နှာခေါင်းကျံ့ဝင်သွားအောင် ထိုးပစ်လိုက်ရမယ်မဟုတ်ဘူးလား .. ကျွန်တော်ဆိုလိုတာက စကားလုံးတွေနဲ့ပေ့ါ

ဒဿနပညာရှင် - အခု ငြင်းခုံပွဲကိုမင်းက ထိန်းချုပ်နိုင်လိုက်ပြီပဲ ဆိုကြပါစို့ .. နောက် အဲ့ဒီ မင်းကိုအနိုင်တိုက်ဖို့ လုပ်နေတဲ့တစ်ဖက်လူက အားကစားစိတ်ဓာတ်ရှိရှိနဲ့ နောက်ဆုတ်နုတ်ထွက်သွားမယ် .. ပြဿနာက အာဏာ

လွန်ဆွဲမှုတွေဟာ အဲ့ဒီနေရာမှာ ရပ်တန့်မသွားတာပဲ .. ငြင်းခုန်ပွဲမှာရှုံးနိမ့်သွားပြီဆိုတာနဲ့ သူက နောက်တဆင့် ကိုတက်တော့တာပဲ

လူငယ် - နောက်တဆင့် ဟုတ်လား

ဒဿနပညာရှင် - ဟုတ်တယ် .. အဲ့ဒါက လက်စားချေတဲ့အဆင့်ပဲ .. အခုအချိန်မှာသူဟာ နောက်ဆုတ်သွား ပေမယ့် သူဟာအခြားနေရာတစ်ခုမှာ နောက်ပုံစံတစ်မျိုးနဲ့ လက်စားချေဖို့ကိုကြံစည်နေလိမ့်မယ် .. ပြီးတော့ လက်တုန့်ပြန်မှုတစ်ခုနဲ့ သူပြန်ပေါ်လာလိမ့်မယ်

လူငယ် - ဘယ်လိုမျိုးလဲ .. ဥပမာအားဖြင့်

ဒဿနပညာရှင် - မိဘတွေဖိနှိပ်တာခံရတဲ့ ကလေးငယ်ဟာ ဆိုးသွမ်းလူငယ်တစ်ယောက်ဖြစ်လာလိမ့်မယ် .. သူကျောင်းကိုမသွားတော့ဘူး .. လက်ကောက်ဝတ်ကိုဓားနဲ့လှီးဖြတ်တာမျိုး ဒါမှမဟုတ် အခြားသော ကိုယ့်ကိုယ်ကိုယ် ညှဉ်းပန်းနှိပ်စက်တာမျိုးတွေ သူလုပ်လိမ့်မယ် .. ဖရိုဒ်ရဲ့ အကြောင်းကြောင့်အကျိုးတွေ ဖြစ်လာတယ်ဆိုတဲ့ အယူအဆမှာတော့ ဒီကိစ္စကို ရိုးရှင်းတဲ့ကြောင်းကျိုးဆက်နွယ်မှုတစ်ခုလို့ပဲ မှတ်ယူတယ် .. မိဘတွေက ကလေးကိုဒီနည်းလမ်းနဲ့ပျိုးထောင်ခဲ့တယ် .. အဲ့ဒါကြောင့်ကလေးဟာ ဒီလိုပုံစံမျိုးနဲ့ ကြီးပြင်းလာ တယ် .. အဲ့ဒါက ရေလောင်းမပေးလို့ အပင်ညှိုးရတာပေါ့ဆိုပြီး လက်ညှိုးထိုးအပြစ်တင်တာမျိုးနဲ့ အတူတူပါပဲ .. အဲ့ဒါကနားလည်လွယ်တဲ့ အနက်ပြန်ပုံလိုမျိုးပါပဲ .. ဒါပေမယ့် အက်ဒလာရဲ့ အကြောင်းအတွက် ဖန်တီးထားသော အကျိုးအယူအဆအရဆိုရင်တော့ ကလေးကဖုံးကွယ်သိုဝှက်ထားတဲ့ ရည်ရွယ်ချက်တွေကို မေ့မထားဘဲ ကြည့်ကြတယ် .. ပြောရမယ်ဆိုရင် မိဘတွေကိုလက်စားချေချင်တဲ့ ဖုံးကွယ်သိုဝှက်ထားတဲ့ ကလေးရဲ့ဆန္ဒပေါ့ .. သူဆိုးသွမ်းလူငယ်လေးဖြစ်လာပြီး သူကျောင်းမသွားတော့တာ၊ လက်ကောက်ဝတ်ကိုလှီးဖြတ်တာ ဒါမှမဟုတ် အလားတူကိစ္စမျိုးတွေလုပ်တဲ့အခါ မိဘတွေစိတ်ပျက်လက်ပျက်ဖြစ်ကြရတယ် .. မိဘတွေသူ့ကိုအကြောင်းပြုပြီး ထိတ်လန့်ပူပန်ကြရတယ် .. ကလေးဟာ ပြဿနာရှိတဲ့အပြုအမူတွေကိုသူလုပ်တဲ့အခါမှာ သူ့မိဘတွေအဲ့သလို ခံစားကြရလိမ့်မယ်လို့ သူသိရှိနားလည်ထားလို့ဖြစ်တယ် .. ဒါကြောင့်လက်ရှိရည်မှန်းချက် (မိဘတွေကို လက်စားချေလိုမှု) ကိုသိမြင်နိုင်ပြီး အတိတ်ကအကြောင်းရင်း (အိမ်ပတ်ဝန်းကျင်အခြေအနေ) ကြောင့်သူဒါမျိုး ဖြစ်နေတာမဟုတ်ဘူးဆိုတာကို သိမြင်နိုင်တယ်

လူငယ် - သူပြဿနာရှိတဲ့အပြုအမူတွေလုပ်နေတာက သူမိဘတွေစိတ်ပျက်လက်ပျက်ဖြစ်စေဖို့လား

ဒဿနပညာရှင် - အမှန်ပဲ .. ကလေးတစ်ယောက်သူ့လက်ကောက်ဝတ်ကို လှီးဖြတ်တာကိုကြည့်ပြီး ဘာကြောင့် ပါလိမ့်ဆိုပြီးဝေခွဲမရဖြစ်နေတဲ့သူ အများအပြားရှိကောင်းရှိနေမှာဖြစ်ပြီး သူဘာလို့ဒီလိုကိစ္စမျိုးတွေလုပ်တာပါလိမ့် လို့စဉ်းစားတွေးတောနေမိကြပါလိမ့်မယ် .. ဒါပေမယ့် ကလေးရဲ့ဝန်းကျင်ကလူတွေ (ဥပမာအားဖြင့် မိဘတွေ) ဟာ အဲ့သလိုကလေးလက်ကောက်ဝတ်ကိုလှီးဖြတ်တဲ့ အပြုအမူကြောင့် ဘယ်လိုခံစားနေကြရလိမ့်မလဲဆိုတာ

ကိုစဉ်းစားတွေးတောကြည့်စမ်းပါ .. မင်းအဲ့သလိုစဉ်းစားကြည့်လိုက်မယ်ဆိုရင် အပြုအမူတွေရဲ့နောက်ကွယ်က ရည်ရွယ်ချက်တွေဟာ သူ့အလိုလိုထင်ရှားမြင်သာလာလိမ့်မယ်

လူငယ် - လက်စားချေချင်တဲ့ ရည်ရွယ်ချက်လား

ဒဿနပညာရှင် - ဟုတ်တယ် .. လူလူချင်းဆက်ဆံရေးဟာ လက်စားချေတဲ့အဆင့်ကိုရောက်သွားပြီဆိုရင် နှစ်ဖက်စလုံးအတွက် အဖြေတစ်ခုရှာဖွေဖို့ရာဟာ မဖြစ်နိုင်သလောက်နီးနီးဖြစ်သွားလိမ့်မယ် .. အဲ့သလိုဖြစ်တာကနေကာကွယ်ဖို့ဆိုရင် တစ်ယောက်ယောက်ကကိုယ့်ကို အာဏာလွန်ဆွဲမှုထဲကိုဆွဲခေါ်တဲ့အခါ ဘယ်တော့မှ လိုက်ပါမသွားလိုက်ပါနဲ့

**အမှားကိုဝန်ခံတာက ရှုံးနိမ့်မှုမဟုတ်ပါဘူး**

-------------------------------------------

လူငယ် - ကောင်းပါပြီ .. ခင်ဗျားကို ရှေ့မှာထားပြီး ပုဂ္ဂိုလ်ရေးတိုက်ခိုက်စော်ကားလာရင် ခင်ဗျားဘာလုပ်မလဲ .. ဒီတိုင်းပဲငြိမ်ခံနေမှာလား

ဒဿနပညာရှင် - မဟုတ်သေးဘူး .. မင်း "ငြိမ်ခံ" နေရတယ်ဆိုတဲ့အတွေးကိုက မင်းဟာ အာဏာလွန်ဆွဲမှုထဲမှာ ရှိနေတုန်းပဲဆိုတာကို သက်သေပြနေတာပဲ .. တိုက်ခိုက်ဖို့အတွက် မင်းစိန်ခေါ်ခံရတဲ့အချိန်မှာ အဲ့ဒါဟာ အာဏာလွန်ဆွဲမှုတစ်ခုပဲလို့ မင်းခံစားလိုက်ရရင် ပဋိပက္ခထဲကနေ မြန်နိုင်သမျှမြန်မြန်ရုန်းထွက်လိုက်ပါ .. အဲ့ဒီလုပ်ဆောင်ချက်ကို တုန့်ပြန်မှုနဲ့ ပြန်ဖြေရှင်းမနေပါနဲ့ .. ဒါဟာ ငါတို့လုပ်နိုင်တဲ့တစ်ခုတည်းသောအရာပဲ

လူငယ် - ဒါပေမယ့် အဲ့သလိုစိတ်ဆိုးဒေါသထွက်လာအောင် ဆွပေးတာမျိုးကို ပြန်မတုန့်ပြန်ဘဲနေဖို့ဆိုတာက တကယ်တန်းလွယ်ပဲ့မလား .. ဦးဆုံးအနေနဲ့ ကျွန်တော့်ဒေါသကို ထိန်းချုပ်သင့်တယ်လို့ ခင်ဗျားပြောဦးမလို့လား

ဒဿနပညာရှင် - မင်းရဲ့ဒေါသကိုမင်းထိန်းချုပ်လိုက်တဲ့အချိန်မှာ မင်းဟာ "ငြိမ်ခံ" လိုက်တာဖြစ်သွားပြီ .. ဟုတ်တယ်နော် .. အဲ့ဒီအစားမှာ ကိစ္စရပ်တွေကို ဒေါသဆိုတဲ့စိတ်ခံစားမှုမပါဘဲ ဖြေရှင်းတဲ့နည်းလမ်းကို သင်ယူကြရအောင်လား .. ဘာကြောင့်လဲဆိုတော့ နောက်ဆုံးမှာ ဒေါသဆိုတာဟာ လက်နက်ကိရိယာတစ်ခု ဖြစ်နေမှာမို့ပဲ .. ရည်မှန်းချက်တစ်ခု ပြည့်ဝအောင်လုပ်တဲ့ နည်းလမ်းတစ်ခုပေါ့

လူငယ် - အဲ့ဒါက ခက်ခဲတဲ့ကိစ္စတစ်ခုပဲ

ဒဿနပညာရှင် - ဒီမှာမင်းကိုငါ ပထမဆုံးနားလည်စေချင်တဲ့အချက်က ဒေါသဆိုတာ ဆက်သွယ်ရေးပုံစံတစ်မျိုးဖြစ်တယ်ဆိုတဲ့အချက်နဲ့ အဲ့ဒီဆက်သွယ်ရေးဟာ ဘာပဲပြောပြော ဒေါသဆိုတာကိုမသုံးဘဲလည်း လုပ်လို့ရတယ်

ဆိုတဲ့အချက်ပါပဲ .. ငါတို့ဟာ ငါတို့ရဲ့အတွေးတွေနဲ့ ရည်ရွယ်ချက်တွေကို ဒေါသဆိုတာမလိုအပ်ဘဲ လွှဲပြောင်းပေးလို့ရသလို လက်ခံလို့လည်းရပါတယ် .. ဒီအချက်ကို မင်းအတွေ့အကြုံနဲ့ နားလည်အောင်သင်ယူမယ်ဆိုရင် ဒေါသဆိုတဲ့စိတ်ခံစားချက်ဟာ သူ့အလိုလိုပဲ ပေါ်ပေါက်မလာတော့ဘဲ ရပ်တန့်သွားပါလိမ့်မယ်

လူငယ် - ဒါပေမယ့် သူတို့ကခင်ဗျားကို မဟုတ်တမ်းတရားတွေနဲ့ လာစွပ်စွဲနေရင်ရော ဒါမှမဟုတ် ခင်ဗျားကို စော်ကားမော်ကားတွေလာပြောနေရင်ရော .. အဲ့သလိုအခြေအနေမှာတောင်မှ ဒေါသမထွက်သင့်ဘူးလား

ဒဿနပညာရှင် - မင်းနားလည်ပုံမရသေးဘူး .. မင်းဒေါသမထွက်ရဘူးလို့မဟုတ်ဘူး ဒါပေမယ့်ဆိုလိုတာက ဒေါသဆိုတဲ့လက်နက်ကိရိယာကို အမှီအခိုမပြုရဘူးလို့ပြောတာ .. စိတ်ဆတ်တဲ့လူတွေဟာ စိတ်တိုတတ်ကြတာ မဟုတ်ဘူး .. သူတို့ဟာဒေါသဆိုတာထက်ပိုထိရောက်တဲ့ ဆက်သွယ်ရေးကိရိယာတွေရှိတယ်ဆိုတာကို မသိကြတာသာဖြစ်တယ် .. ဒါကြောင့်လူတွေဟာ "ငါဒေါသထွက်လာပြီ" ဒါမှမဟုတ် "သူဒေါသထွက်လာပြီ" စတဲ့စကားတွေနဲ့ အဆုံးသတ်သွားကြတယ် .. ငါတို့ဟာ ဆက်သွယ်မှုတွေပြုလုပ်တဲ့နေရာမှာ ဒေါသဆိုတာကိုမှီခိုနေတာကို အဆုံးသတ်ပစ်ရမယ်

လူငယ် - ဒေါသမဟုတ်တဲ့ ထိရောက်တဲ့ဆက်သွယ်ရေး လက်နက်ကိရိယာ ...

ဒဿနပညာရှင် - ငါတို့မှာ ဘာသာစကားရှိတယ် .. ငါတို့ဟာ ဘာသာစကားနဲ့ဆက်သွယ်မှုပြုလို့ရတယ် .. ဘာသာစကားရဲ့ စွမ်းအားနဲ့ ယုတ္တိရဲ့ဘာသာစကားကို ငါတို့ယုံကြည်ရမယ်

လူငယ် - သေချာတာပေါ့ .. ကျွန်တော်အဲ့ဒါတွေကိုမယုံကြည်ရင် အခုလုပ်နေတဲ့ဆွေးနွေးမှုတောင် ဖြစ်လာမှာမဟုတ်ဘူး

ဒဿနပညာရှင် - အာဏာလွန်ဆွဲမှုနဲ့ပတ်သက်တဲ့ နောက်တစ်ချက်ရှိသေးတယ် .. ဥပမာတိုင်းမှာ မင်းမှန်တယ်လို့မင်းဘယ်လောက်ပဲထင်ထင် အဲ့ဒီမင်းမှန်တယ်လို့ထင်တဲ့အထင်ကိုအခြေခံပြီး တစ်ဖက်လူကိုမဝေဖန်လိုက်မိစေနဲ့ .. အဲ့ဒါဟာ လူအတော်များများကျသွားတဲ့တတ်တဲ့ လူမှုဆက်ဆံရေးထောင်ချောက်တစ်ခုပဲ

လူငယ် - အဲ့ဒါက ဘယ်လိုဖြစ်တာလဲ

ဒဿနပညာရှင် - တစ်ယောက်ယောက်က လူမှုဆက်ဆံရေးတစ်ရပ်မှာ "ငါမှန်တယ်" လို့ထင်လိုက်တဲ့အခိုက်အတန့်မှာပဲ သူဟာ အာဏာလွန်ဆွဲမှုထဲကိုရောက်သွားပြီဖြစ်တယ်

လူငယ် - ခင်ဗျားမှန်တယ်လို့ခင်ဗျားထင်လိုက်တာလေးကြောင့်နဲ့လား .. မဟုတ်တာ .. ဒါက အားလုံးကိုဝါးလုံးရှည်နဲ့သိမ်းကြုံးယမ်းလိုက်သလိုပဲ

ဒဿနပညာရှင် - ငါမှန်တယ်လို့ပြောလိုက်တာက တစ်ဖက်လူကိုမှားနေပြီလို့ ပြောလိုက်တာပဲ .. အဲ့ဒီအချိန်မှာ ဆွေးနွေးမှုရဲ့ဦးတည်ချက်ဟာ "အဆိုရဲ့ မှန်ကန်မှု" ကနေ "လူမှုဆက်ဆံရေးအနေအထား" ဆီကိုပြောင်းရွှေ့သွားတယ် .. တနည်းပြောရရင် "ငါမှန်တယ်" ဆိုတာကိုသက်သေထူဖို့ရာကြိမ်းပမ်းတာဟာ "တစ်ဖက်လူဟာမှားနေတယ်" ဆိုတဲ့ ယူဆချက်ဆီကိုရောက်သွားစေတယ် .. အဲ့သလိုနဲ့နောက်ဆုံးမှာ ပြိုင်ပွဲတစ်ခုအသွင်ရောက်သွားပြီး ဒီပွဲမှာငါနိုင်ရမယ် ဆိုတဲ့အတွေးကပေါ်လာပါလေရော .. အဲ့သလိုနဲ့ နောက်ဆုံးမှာ အာဏာလွန်ဆွဲမှုဆီကို ရောက်သွားတော့တာပဲ

လူငယ် - ဟမ်

ဒဿနပညာရှင် - ပထမဆုံးအနေနဲ့ လူတစ်ယောက်ရဲ့အဆိုရဲ့ မှန်ကန်မှုဟာ နိုင်ခြင်း၊ ရှုံးခြင်းတွေနဲ့ ဘာမှမပတ်သက်ပါဘူး .. မင်းမှန်တယ်လို့မင်းထင်နေခဲ့ရင် တစ်ဖက်လူရဲ့ထင်မြင်ချက်က ဘယ်လိုဖြစ်နေသည်ဖြစ်စေ ဆွေးနွေးနေတဲ့အကြောင်းအရာဟာ အဲ့ဒီနေရာမှာပဲ တန့်သွားလိမ့်မယ် .. ဒါပေမယ့် လူအတော်များများက အာဏာလွန်ဆွဲမှုထဲကိုပဲ တိုးဝင်သွားကြပြီး တစ်ဖက်လူသူ့ရှေ့ဒူးထောက်အရှုံးပေးလာဖို့ပဲ ကြိုးစားကြတော့တယ် .. ဒါကြောင့်ပဲ သူတို့ဟာ "အမှားတစ်ခုကိုဝန်ခံတာ" ကို "ရှုံးပါပြီလို့ဝန်ခံတာ" လို့မှတ်ယူကြတော့တယ်

လူငယ် - ဟုတ်တယ် .. အဲ့သလိုဖြစ်နေကြတာပဲ

ဒဿနပညာရှင် - လူတစ်ယောက်ရဲ့ အရှုံးမပေးလိုတဲ့ စိတ်ဆန္ဒကြောင့် လူတစ်ယောက်ဟာ သူ့အမှားကို ဝန်မခံလိုဘူးဖြစ်နေတယ် .. အဲ့ဒါရဲ့ရလာဒ်အနေနဲ့ သူဟာမှားယွင်းတဲ့လမ်းကြောင်းကို ရွေးချယ်မိသွားတာပဲ .. အမှားတွေကိုဝန်ခံတာ၊ တောင်းပန်စကားပြောကြားတာနဲ့ အာဏာလွန်ဆွဲမှုတွေထဲကနေ ရှောင်ထွက်တာ အဲ့ဒါတွေအားလုံးဟာ ရှုံးနိမ့်တာတွေမဟုတ်ကြပါဘူး .. ကြီးကျယ်မြင့်မားမှုကို လှမ်းဆွတ်ခြင်းဟာ အခြားသူတွေနဲ့ယှဉ်ပြိုင်ခြင်းကနေ ရရှိလာတဲ့အရာမဟုတ်ပါဘူး

လူငယ် - ဆိုတော့ အနိုင် အရှုံးကိုပဲလုံးပန်းနေမယ်ဆိုရင် ခင်ဗျား မှန်ကန်တဲ့ရွေးချယ်မှုကိုလုပ်နိုင်တဲ့ စွမ်းရည်ဆုံးရှုံးသွားမယ် .. ဟုတ်လား

ဒဿနပညာရှင် - ဟုတ်တယ် .. အဲ့ဒါက မင်းရဲ့ဆုံးဖြတ်နိုင်စွမ်းကို တိမ်သလ္လာဖုံးသွားလိမ့်မယ် .. မင်းအလိုရှိတာက တစ်ဖက်လူကို မြန်မြန်ဆန်ဆန်အနိုင်ရဖို့ပဲ ဖြစ်သွားလိမ့်မယ် .. အဲ့ဒီလိုနဲ့ မင်း လမ်းကြောင်းအမှားထဲကို ရောက်သွားလိမ့်မယ် .. ပြိုင်ပွဲဆိုတဲ့အမြင်နဲ့ အနိုင်၊ အရှုံးဆိုတဲ့အမြင်တွေကို စွန့်လွှတ်နိုင်တဲ့အချိန်ကျမှသာလျှင် ငါတို့ဟာ မှားတာတွေကိုပြင်ဆင်နိုင်ပြီး ငါတို့ကိုယ်ငါတို့ ပြောင်းလဲနိုင်လာလိမ့်မယ်

**ဘဝမှာကြုံတွေ့လာတဲ့ တာဝန်တွေကို ကျော်လွှားပါ**

---

လူငယ် - ကောင်းပါပြီ .. ဒါပေမယ့် ပြဿနာတစ်ခုတော့ကျန်သေးတယ် .. အဲ့ဒါကတော့ "ပြဿနာအားလုံးဟာ လူလူချင်းဆက်ဆံရေးနဲ့ဆိုင်တဲ့ ပြဿနာတွေချည်းပဲ" ဆိုတဲ့စကားပါ .. နိမ့်ကျတယ်ဆိုတဲ့ ခံစားချက်ဟာ လူလူချင်းအပြန်အလှန်ဆက်ဆံရေးမှာ စိုးရိမ်စိတ်ကြောင့် ပေါ်ပေါက်လာတာဆိုတာကို ကျွန်တော်နားလည်ပါတယ် .. ပြီးတော့ အဲ့ဒါကလည်းကျွန်တော်တို့အပေါ်မှာ အတိုင်းအတာတစ်ခုအထိ သက်ရောက်မှုရှိနေပါတယ် .. ဘဝဆိုတာ ပြိုင်ပွဲတစ်ခုမဟုတ်ဘူးဆိုတဲ့ အတွေးအမြင်ကိုလည်း ယုတ္တိကျတယ်ဆိုတာကျွန်တော်လက်ခံပါတယ် .. တခြားလူတွေကို ရဲဘော်ရဲဖက်တွေအဖြစ် ကျွန်တော်မမြင်နိုင်ဘူးဖြစ်နေတယ် .. ပြီးတော့ ကျွန်တော့်အတွင်း တစ်နေရာရာမှာ သူတို့ကိုရန်သူတွေအဖြစ် ထင်မြင်နေမိတုန်းပဲ .. ဒါက ပြဿနာတစ်ခုပဲ .. ဒါပေမယ့် ကျွန်တော် ပဟေဠိဖြစ်နေတာက အက်ဒလာဟာ လူအချင်းချင်းဆက်ဆံရေးကို ဘာကြောင့် အရမ်းအလေးပေးလွန်းခဲ့တာလဲဆိုတဲ့အချက်ပဲ .. "အားလုံး" ဆိုတဲ့စကားကို သူဘာကြောင့်သုံးခဲ့ရတာလဲ

ဒဿနပညာရှင် - လူမှုဆက်ဆံရေးနဲ့ဆိုင်တဲ့ပြဿနာတွေက အင်မတန်အရေးကြီးပါတယ် .. ဘယ်လောက် ကျယ်ကျယ်ပြန့်ပြန့်ပြောပြော မလုံလောက်နိုင်ဘူး .. နောက်ဆုံးတစ်ခေါက်က မင်းကို ငါပြောခဲ့တယ် .. "မင်းမှာ လျှော့ပါးနေတဲ့အရာက ပျော်ရွှင်ဖို့အတွက်လိုအပ်တဲ့ သတ္တိပဲ" ဆိုတာလေ .. မင်းဒါကို မှတ်မိတယ် .. ဟုတ်တယ်နော်

လူငယ် - ကျွန်တော်မေ့ဖို့ကြိုးစားရင်တောင် မမေ့နိုင်ပါဘူးဗျာ

ဒဿနပညာရှင် - ဆိုတော့ မင်းဘာကြောင့် တခြားသူတွေကိုရန်သူတွေလို့ မြင်နေရတာလဲ .. ပြီးတော့ သူတို့ကို မင်းရဲ့ ရဲဘော်ရဲဘက်လို့ ဘာကြောင့်မမြင်နိုင်ရတာလဲ .. အဲ့ဒါကဘာကြောင့်လဲဆိုတော့ မင်းဟာ သတ္တိပျောက်ဆုံး နေပြီးတော့ မင်းရဲ့ "ဘဝပေးတာဝန်တွေ" ကနေအဝေးကိုရှောင်ပြေးနေလို့ပဲ

လူငယ် - ကျွန်တော့်ရဲ့ ဘဝပေးတာဝန်တွေ ဟုတ်လား

ဒဿနပညာရှင် - မှန်တယ် .. ဒါကအရေးကြီးတဲ့အချက်ပဲ .. အက်ဒလာစိတ်ပညာမှာ လူတွေရဲ့အပြုအမူနဲ့ စိတ်ဓာတ်ရေးရာအတွက် ရှင်းလင်းတဲ့ ရည်မှန်းချက်တွေကို ချမှတ်ဖော်ထုတ်ထားတယ်

လူငယ် - ဘယ်လိုရည်မှန်းချက်မျိုးတွေလဲဗျာ

ဒဿနပညာရှင် - ဦးဆုံးအနေနဲ့ အပြုအမူအတွက် ရည်မှန်းချက်နှစ်ခုရှိတယ် .. ကိုယ့်ကိုယ်ကိုယ် မှီခိုအားထားဖို့နဲ့ လူ့အဖွဲ့အစည်းနဲ့ သဟဇာတဖြစ်စွာနေထိုင်ဖို့ပဲ .. နောက် အဲ့ဒီအပြုအမူတွေကို ထောက်ပံ့ပေးဖို့ရာအနေနဲ့

စိတ်ဓာတ်ရေးရာအတွက် ဖြည့်ဆည်းရမယ့် ရည်မှန်းချက်နစ်ခုရှိတယ် .. အဲ့ဒါတွေကတော့ ငါ့မှာစွမ်းဆောင်ရည်တွေရှိတယ်ဆိုတာကို သိမှုနဲ့ လူတွေဟာငါ့ရဲ့ ရဲဘော်ရဲဘက်တွေဖြစ်တယ်ဆိုတာကို သိမှုတွေပဲ

လူငယ် - ခဏနေပါဦး .. အဲ့ဒါတွေကိုကျွန်တော်ချရေးလိုက်ပါဦးမယ် .. အပြုအမူအတွက် ရည်မှန်းချက်နစ်ခုရှိတယ် .. ကိုယ့်ကိုယ်ကိုယ်မှီခိုအားထားဖို့နဲ့ လူ့အဖွဲ့အစည်းနဲ့ သဟဇာတရှိရှိ နေထိုင်ဖို့ .. ပြီးတော့ စိတ်ဓာတ်ရေးရာအတွက် ရည်မှန်းချက်နစ်ခုရှိတယ် .. ငါ့မှာစွမ်းဆောင်ရည်ရှိတယ်ဆိုတာကို သိဖို့နဲ့ လူတွေဟာ ငါ့ရဲ့ရဲဘော်ရဲဘက်တွေပဲဆိုတာကိုသိဖို့ .. ကောင်းပါပြီ ဒါဟာ အရေးကြီးတဲ့အကြောင်းအရာဆိုတာ ကျွန်တော်မှန်းဆကြည့်နိုင်ပါတယ် .. လူ့အဖွဲ့အစည်းထဲက လူတွေနဲ့ သဟဇာတကျကျယှဉ်တွဲနေထိုင်နေချိန်မှာ ကိုယ့်ကိုယ်ကိုယ်မှီခိုအားထားဖို့ .. ဒီအချက်တွေက ကျွန်တော်တို့ဆွေးနွေးခဲ့သမျှအကြောင်းအရာတွေနဲ့ ချိတ်ဆက်နေသလိုပဲ

ဒဿနပညာရှင် - ပြီးတော့ ဒီရည်မှန်းချက်တွေဟာ "ဘဝပေးတာဝန်တွေ" လို့အက်ဒလာခေါ်တဲ့အရာတွေကို ရင်ဆိုင်ခြင်းအားဖြင့် ပြည့်ဝနိုင်တယ်

လူငယ် - ဘဝပေးတာဝန်တွေဆိုတာ ဘာတွေလဲ

ဒဿနပညာရှင် - "ဘဝ" ဆိုတဲ့စကားလုံးကို ကလေးငယ်ဘဝအထိပြန်သွားပြီး စဉ်းစားကြည့်ရအောင် .. ကလေးဘဝအတွင်းမှာ ငါတို့ဟာ မိဘတွေရဲ့ကာကွယ်စောင့်ရှောက်မှုအောက်မှာ ဘာအလုပ်မှမလိုအပ်ဘဲ နေထိုင်နိုင်ကြတယ် .. ဒါပေမယ့် နောက်ဆုံးမှာတော့ ငါတို့ဟာ ကိုယ့်ကိုယ်ကိုယ်မှီခိုအားထားရမယ့်အချိန်ကို ရောက်လာတယ် .. လူတစ်ယောက်ဟာ သူ့မိဘတွေအပေါ်မှာ ထာဝရမှီခိုနေလို့မရဘူး .. ပြီးတော့လူတစ်ယောက်ဟာ စိတ်ပိုင်းအရ ကိုယ့်ကိုယ်ကိုယ်မှီခိုအားထားရမှာဖြစ်သလို လူမှုအနက်အရလည်း ကိုယ့်ကိုယ်ကိုယ်မှီခိုအားထားရမှာဖြစ်တယ် .. လူတစ်ယောက်ဟာ အလုပ်ဆိုတာတစ်မျိုးမျိုးနဲ့လည်း ထိတွေ့ရမှာဖြစ်တယ် .. အလုပ်ဆိုလို့ကုမ္ပဏီတစ်ခုခုမှာဝင်ရောက်လုပ်ကိုင်တာမျိုးဆိုတဲ့ ကျဉ်းမြောင်းတဲ့အမြင်နဲ့ မကြည့်မြင်နဲ့ .. ဒါ့အပြင် ကြီးပြင်းလာတဲ့ဖြစ်စဉ်မှာ လူတစ်ယောက်ဟာ သူငယ်ချင်းဆက်ဆံရေးအမျိုးအစားအားလုံးကို စတင်လာခဲ့တယ် .. လူတစ်ယောက်ဟာ ထိမ်းမြားလက်ထပ်မှုဆီကိုဦးတည်သွားမယ့် ချစ်မှုရေးရာဆက်ဆံရေးမျိုးကိုလည်း စတင်လာမှာပဲပေါ့ကွာ .. အဲ့သလိုဖြစ်လာခဲ့ရင် အိမ်ထောင်ရေးဆိုတဲ့ဆက်ဆံမှုကို သူအစပြုရပြီပေါ့ .. ကလေးတွေရလာပြီဆိုရင်လည်း မိဘ-သားသမီး ဆက်ဆံရေးဟာ အစပြုလာမှာပဲ .. ဒီဖြစ်စဉ်တလျှောက်မှာ ဖြစ်လာတဲ့လူမှုဆက်ဆံရေးတွေကို အက်ဒလာက ကဏ္ဍသုံးခုခွဲထားခဲ့တယ် .. အဲ့ဒါတွေကို သူက "အလုပ်တာဝန်"၊ "မိတ်ဆွေတာဝန်" နဲ့ "အချစ်တာဝန်" တွေရယ်လို့ သတ်မှတ်ခဲ့တယ် .. အဲ့ဒါတွေအားလုံးကိုပေါင်းပြီးတော့ "ဘဝပေးတာဝန်တွေ" လို့သူကခေါ်ခဲ့တယ်

လူငယ် - ဒီတာဝန်တွေက လူ့အဖွဲ့အစည်းရဲ့ အဖွဲ့ဝင်တစ်ယောက်အနေနဲ့ လူတွေမဖြစ်မနေလုပ်ရမယ့်အလုပ်တွေလား .. တနည်းပြောရရင် မဖြစ်မနေအလုပ်လုပ်ရတာမျိုးနဲ့ အခွန်ပေးဆောင်ရတာလိုမျိုး အရာတွေလား

ဒဿနပညာရှင် - မဟုတ်ပါဘူး .. ဒီဟာတွေကို လူလူချင်းဆက်ဆံရေး အနက်သက်သက်နဲ့ပဲ စဉ်းစားရှုမြင်ပါ .. ဆိုလိုတာက လူတစ်ယောက်ရဲ့ လူလူချင်းဆက်ဆံရေးဆိုင်ရာ အကွာအဝေးနဲ့ အနက်အနဲဆိုတဲ့ ဘောင်ထဲက နေပဲကြည့်ပါ .. အက်ဒလာက တစ်ခါတစ်လေမှာ အဓိကပြောလိုရင်းအချက်ကို ခြုံငုံမိစေဖို့အတွက် အဲ့ဒါတွေကို "လူမှုအထုံးသုံးခု" လို့ခေါ်လေ့ရှိတယ်

လူငယ် - လူတစ်ယောက်ရဲ့ လူလူချင်းဆက်ဆံရေးဆိုင်ရာ အကွာအဝေးနဲ့ အနက်အနဲ ဟုတ်လား

ဒဿနပညာရှင် - လူတစ်ယောက်ဟာ လူလူချင်းဆက်ဆံရေးတွေကို ဘယ်လိုမှရှောင်လွှဲလို့မရဘူး .. သူဟာ လူမှုဆက်ဆံရေးသတ္တဝါတစ်ဦးအနေနဲ့ ရှင်သန်တော့မယ်ဆိုရင် ဒါတွေကို ရင်ဆိုင်ရမှာပဲ .. ဒါတွေဟာ ဘဝပေး တာဝန်တွေပဲ .. သူတို့ဟာ လူတစ်ယောက်ရွေးချယ်ခွင့်မရှိဘဲ မဖြစ်မနေ ထမ်းဆောင်ရမယ့် တာဝန်တွေဖြစ်တယ် ဆိုတဲ့ အနက်ရှိတယ်

လူငယ် - ပိုပြီး တိတိကျကျ ပြောပြပေးလို့ရမလား

ဒဿနပညာရှင် - ပထမဆုံးအနေနဲ့ အလုပ်တာဝန်ကို ကြည့်ကြည့်ရအောင် .. ဘာအလုပ်အမျိုးအစားကို လုပ်သည်ဖြစ်စေ တစ်ယောက်ထဲလုပ်လို့ပြီးမြောက်နိုင်မယ့်အလုပ်ဆိုတာမျိုး မရှိဘူး .. ဥပမာအနေနဲ့ .. ငါဟာ တစ်ယောက်ထဲ ငါ့ဒီစာကြည့်ခန်းလေးထဲမှာ ကျမ်းတွေထိုင်ရေးနေတယ်ဆိုပါစို့ .. စာရေးတယ်ဆိုတာ တခြားဘယ်သူမှငါ့ကို လာကူညီပြီးလုပ်ပေးစရာမလိုတဲ့ ကိုယ်တိုင်လုပ်လို့ရတဲ့အလုပ်တစ်ခုပဲ .. ဒါပေမယ့်လည်း ဒီအလုပ်မှာလည်း အယ်ဒီတာတွေနဲ့ အခြားများစွာသော လူတွေလိုအပ်သေးတယ် .. အဲ့သလိုလူတွေရဲ့ အကူအညီတွေကိုမရခဲ့ရင် ဒီအလုပ်ကပြီးမြောက်နိုင်မှာမဟုတ်ဘူး .. စာအုပ်ကို ဒီဇိုင်းဆင်ပေးမယ့်သူတွေ လိုတယ် .. ပုံနှိပ်ပေးမယ့်သူတွေလိုမယ် .. စာအုပ်စင်တွေပေါ်အရောက် ဖြန့်ဝေပေးမယ့်သူတွေလိုတယ် .. စာအုပ်ဆိုင်မှာရောင်းပေးမယ့် အရောင်းစာရေးတွေလိုမယ် .. အခြားသူတွေရဲ့ပူးပေါင်းကူညီမှုမရှိဘဲ ပြီးမြောက် နိုင်တဲ့အလုပ်ဆိုတာ မူအရအားဖြင့်တော့ မရှိနိုင်ဘူးကွ

လူငယ် - ပြောရရင် .. အဲ့ဒါကို ကျွန်တော်လည်း လက်ခံပါတယ်

ဒဿနပညာရှင် - ဒါပေမယ့်လည်း အကွာအဝေးနဲ့ အနက်အနဲ ဆိုတဲ့ရှုထောင့်ကကြည့်ရင် အလုပ်ရဲ့လူမှု ဆက်ဆံရေးဟာ အဟန့်အတားအနည်းဆုံးပဲလို့ ပြောရမယ် .. အလုပ်ရဲ့လူမှုဆက်ဆံရေးဟာ ရလဒ်ကောင်းတွေ ရဖို့ဆိုတဲ့ နားလည်ရလွယ်တဲ့ ဘုံရည်ရွယ်ချက်ရှိတယ် .. ဆိုတော့ လူတွေဟာသူတို့ချင်းသိပ်အစေးမကပ်ဘူးဆို ရင်တောင်မှ ပူးပေါင်းပြီးလုပ်ဆောင်ကြသေးတယ် .. အတိုင်းအတာတစ်ခုအထိလည်း သူတို့ဟာ တခြားရွေးစရာ မရှိဘဲ ပူးပေါင်းဆောင်ရွက်ကြရတယ် .. လုပ်ငန်းထဲကလူတွေနဲ့ အလုပ်နဲ့ပတ်သက်တဲ့ ဆက်ဆံရေးပဲ ရှိနေသမျှ တော့ အလုပ်ချိန်ကုန်သွားတဲ့အချိန်မှာ သူနဲ့ပေါင်းသင်းဆက်ဆံစရာမလိုဘဲ အပြင်ကတခြားလူတွေနဲ့ ဆက်ဆံလို့ရသေးတယ် .. ဒါမှမဟုတ် အဆင်မပြေရင် အလုပ်ပြောင်းလိုက်လို့လည်း ရတယ်

လူငယ် - ဟုတ်တယ် .. အမှန်ပဲ

ဒဿနပညာရှင် - ဒီလိုအနေအထားမှာ လူလူချင်းဆက်ဆံရေးထဲမှာရှိမနေတဲ့သူတွေကို "ပလလင" (ပညာရေး၊ အလုပ် ဒါမှမဟုတ် လေ့ကျင့်သင်ကြားရေးထဲမှာ ရှိမနေတဲ့လူငယ်) ဒါမှမဟုတ် "အပိတ်သမား" (အခန်းထဲမှာ တစ်ယောက်ထဲပိတ်ပြီးနေတဲ့သူ) တွေလို့ခေါ်တယ်

လူငယ် - ဟမ် .. နေပါဦး .. သူတို့အလုပ်လုပ်ဖို့မကြိုးစားကြတာက သူတို့အလုပ်မလုပ်ချင်တာကြောင့် မဟုတ်ဘဲ ဒါမှမဟုတ် ကာယအလုပ်တွေကိုမလုပ်ချင်တာကြောင့် မဟုတ်ဘဲ အလုပ်နဲ့အတူတွဲပါလာမယ့် လူမှုဆက်ဆံရေး တွေကိုရှောင်ရှားချင်တာလေးကြောင့်ပဲလို့ ခင်ဗျားပြောနေတာလား

ဒဿနပညာရှင် - သူတို့ သူတို့ကိုယ်သူတို့ သိသလားမသိဘူးလားဆိုတဲ့မေးခွန်းကို ဘေးဖယ်ထားလိုက်မယ် ဆိုရင် လူမှုဆက်ဆံရေးက အဓိကဇဟိုနေရာမှာရှိနေတယ် .. ဥပမာ လူတစ်ယောက်ဟာ အလုပ်လုပ်ဖို့အတွက် ကိုယ်ရေးအကျဉ်းကိုပို့ပြီး အင်တာဗျူးဝင်ဖြေတယ် .. ပြီးတော့ကုမ္ပဏီတစ်ခုပြီးတစ်ခုက သူ့ကိုမရွေးချယ်ဘဲ ငြင်းပယ်ကြတယ် .. အဲ့သလိုဖြစ်တဲ့အခါ သူ့ရဲ့မာနဟာ ထိပါးခံရပြီးနာကျင်ရတယ် .. အလုပ်ရသွားပြီးတဲ့နောက် မှာလည်း အဲ့သလိုအရာမျိုးတွေကိုသူကြုံနေရတယ်ဆိုရင် သူအလုပ်လုပ်နေရခြင်းရဲ့ ရည်ရွယ်ချက်က ဘာများ ဖြစ်လိမ့်မလဲဆိုပြီး သူစပြီးတွေးတောစဉ်းစားလာမယ် .. ဒါမှမဟုတ် အလုပ်မှာသူကြီးမားတဲ့အမှားတွေကို လုပ်လိမ့်မယ် .. ကုမ္ပဏီဟာသူ့ကြောင့် ငွေအများကြီးဆုံးရှုံးလိမ့်မယ် .. သူလည်းမျှော်လင့်ချက်မဲ့သလို ခံစားလာရလိမ့်မယ် .. သူ့အမှောင်ထဲကို ကျရောက်သွားသလိုဖြစ်လာလိမ့်မယ် .. နောက်တစ်နေ့မှာ အလုပ်ကို သွားရမယ်ဆိုတဲ့အတွေးကို သူမခံစားနိုင်တော့ဘူးဖြစ်လာလိမ့်မယ် .. ဒါတွေအားလုံးဟာ အလုပ်ကြောင့် အလုပ်မလုပ်ချင်တော့တာမျိုး တစ်ခုမှ မဟုတ်ဘူး .. သူအလုပ်မလုပ်ချင်ရခြင်းအကြောင်းရင်းဟာ အလုပ်မှာသူ အခြားသူတွေရဲ့ ဝေဖန်ခံရမှာကိုစိုးရိမ်လို့ ဒါမှမဟုတ် အလုပ်လုပ်ရင်း ပြင်းပြင်းထန်ထန်အပြစ်တင်တာကို ခံရမှာ စိုးလို့၊ စွမ်းဆောင်ရည်မရှိတဲ့သူလို့ တံဆိပ်ကပ်တာကိုခံရမှာစိုးလို့ ဒါမှမဟုတ် အရည်အချင်းမရှိတဲ့သူ၊ အလုပ်အတွက်အံမဝင်တဲ့သူလို့အပြောခံရပြီး သူ့အတ္တကိုထိခိုက်တာကို ခံရမှာစိုးလို့ စတာတွေကြောင့်ပဲ ဖြစ်တယ် .. တနည်းပြောရရင် အားလုံးဟာ လူမှုဆက်ဆံရေးဆိုင်ရာ ပြဿနာတွေချည်းပဲ

## ကြိုးနီနဲ့ ခိုင်မြဲတဲ့ချိန်းကြိုး

--------------------------

လူငယ် - ကောင်းပါပြီ .. ကျွန်တော့်ကန့်ကွက်မှုကို ကျွန်တော်ခဏမြိုချထားလိုက်ပါဦးမယ် .. နောက်ထပ် မိတ်ဆွေတာဝန်ကို ဆက်ပြောပါဦး

ဒဿနပညာရှင် - ဒါက ကျယ်ပြန့်တဲ့အနက်နဲ့ပြောမယ်ဆိုရင် အလုပ်ဆက်ဆံရေးမဟုတ်တဲ့ မိတ်ဆွေသူငယ်ချင်း ဆက်ဆံရေးမျိုးပါပဲ .. ဒီဆက်ဆံရေးမှာက အလုပ်မှာတုန်းကလို မဖြစ်မနေလုပ်ကိုလုပ်ရမှဖြစ်မှာဆိုတာမျိုး လုံးဝ မပါဘူး .. ဒီဆက်ဆံရေးက အစပြုဖို့ရာ ခက်ခဲသလို ကျယ်ပြန့်လာအောင်လုပ်ဖို့လည်း ခက်ခဲတယ်

လူငယ် - အား .. ဒါတော့မှန်တယ် .. ကျောင်း ဒါမှမဟုတ် အလုပ်လိုမျိုး နေရာတစ်ခုရှိရင် လူတစ်ယောက်ဟာ ဆက်ဆံရေးတစ်ခုကို ထူထောင်နိုင်စွမ်းရှိလိမ့်မယ် .. ဒါပေမယ့် အဲ့ဒါဟာ အဲ့ဒီနေရာမှာပဲ အကန့်အသတ်နဲ့ ရှိနေမယ့် အပေါ်ယံဆက်ဆံရေးမျိုးပဲ .. ပုဂ္ဂိုလ်ရေးသူငယ်ချင်းဆက်ဆံရေးမျိုး ထူထောင်ဖို့ကြိုးပမ်းမယ်ဆိုရင်တောင်မှ ဒါမှမဟုတ် ကျောင်း ဒါမှမဟုတ် အလုပ်ရဲ့ပြင်ပမှာ သူငယ်ချင်းတစ်ယောက်ရဖို့ ရှာဖွေမယ်ဆိုရင် အဲ့ဒါက အတော်ကြီးကိုခက်ခဲတဲ့ကိစ္စဖြစ်လိမ့်မယ်

ဒဿနပညာရှင် - မင်းမှာ ရင်းနှီးတဲ့သူငယ်ချင်းလို့ ပြောလို့ရမယ့် တစ်ယောက်ယောက်ရှိလား

လူငယ် - ကျွန်တော့်မှာသူငယ်ချင်းတစ်ယောက် ရှိတယ် .. ဒါပေမယ့် ရင်းနှီးတယ်လို့ပြောလို့ရ မရဆိုတာတော့ ကျွန်တော် မသေချာဘူး

ဒဿနပညာရှင် - ငါလည်း ထိုနည်းလည်းကောင်းပါပဲ .. ငါအထက်တန်းကျောင်းမှာတုန်းက ငါဟာ သူငယ်ချင်းရဖို့တောင်မကြိုးစားမိခဲ့ဘဲနဲ့ ဂရိနဲ့ ဂျာမန်ဘာသာစကားတွေကို လေ့လာရင်းနဲ့ပဲ ငါ့နေ့တွေကိုကုန်ဆုံးခဲ့တယ် .. ပြီးတော့ ဒဿနစာအုပ်တွေကို ငြိမ်ငြိမ်လေးထိုင်ဖတ်နေရင်းနဲ့ပေါ့ .. ငါ့အမေက ငါ့အတွက်စိုးရိမ်ပြီး ငါ့အတန်းပိုင်ဆရာနဲ့တောင် လာဆွေးနွေးရသေးတယ် .. ငါ့ဆရာက သူ့ကိုပြောလိုက်တယ် .. "စိုးရိမ်စရာမရှိပါဘူး .. သူဟာ သူငယ်ချင်းတွေမလိုအပ်တဲ့သူမျိုးပါ" တဲ့ .. အဲ့ဒီစကားလုံးတွေက ငါ့အမေကို အားတက်ပြီး စိတ်သက်သာရာရသွားစေခဲ့တယ် .. ငါ့အတွက်ရောပဲပေါ့ ..

လူငယ် - သူငယ်ချင်းတွေမလိုတဲ့ သူတစ်ယောက် ဟုတ်လား .. ဆိုတော့ အထက်တန်းကျောင်းမှာ ခင်ဗျား သူငယ်ချင်းတစ်ယောက်တစ်လေမှ မရှိခဲ့ဘူးပေါ့

ဒဿနပညာရှင် - ငါ့မှာ သူငယ်ချင်းတစ်ယောက်တော့ ရှိခဲ့တယ် .. သူက "တက္ကသိုလ်မှာ လေ့လာဖို့တန်တဲ့အရာဘာမှမရှိပါဘူးကွာ" လို့ငါ့ကိုပြောခဲ့တယ် .. ပြီးတော့ သူ တက္ကသိုလ်ကိုလည်း မသွားခဲ့ဘူး .. တောင်တန်းတွေပေါ်မှာနှစ်အတော်ကြာ တကိုယ်တည်းသွားနေခဲ့တယ် .. အခုအချိန်မှာတော့သူ အရှေ့တောင်အာရှမှာ စာနယ်ဇင်း သမားအဖြစ်အလုပ်လုပ်နေပြီလို့ငါကြားတယ် .. သူ့ကိုမတွေ့တာ ဆယ်စုနှစ်တွေတောင်ကြာနေပြီ .. ဒါပေမယ့် ငါတို့ပြန်ဆုံတွေ့လိမ့်ဦးမယ်ဆိုတဲ့ခံစားချက် ငါ့မှာရှိနေတယ် .. ငါတို့အရင်ကလုပ်ခဲ့သလိုပဲ အတူတူထွက်လည်ပတ်ကြတာတွေ လုပ်နိုင်လိမ့်ဦးမယ်ထင်တယ် .. လူအတော်များများကတော့ သူငယ်ချင်းများများရှိတာကပိုကောင်းတယ်လို့ ထင်ကြတယ် .. ဒါပေမယ့် ငါကတော့ အဲ့လိုမျိုးသိပ်မထင်ဘူး .. သူငယ်ချင်းတွေ၊ အသိအကျွမ်းတွေရဲ့ အရေအတွက်ဟာ ဘာတန်ဖိုးမှမရှိလှဘူး .. ပြီးတော့ သူငယ်ချင်း အသိအကျွမ်းဆိုတာမျိုး

က အချစ်တာဝန်နဲ့ ချိတ်ဆက်နေတဲ့ အကြောင်းအရာတစ်ရပ်ဖြစ်တယ် .. ငါတို့ စဉ်းစားသင့်တဲ့အချက်က ဆက်ဆံမှုတွေရဲ့ အကွာအဝေးနဲ့ အနက်အနဲပဲ

လူငယ် - ရင်းနှီးကျွမ်းဝင်နီးစပ်တဲ့ သူငယ်ချင်းတွေရဖို့က ကျွန်တော့်အတွက် ဖြစ်နိုင်ချေရှိသလား

ဒဿနပညာရှင် - သေချာပေါက်ဖြစ်နိုင်တာပေါ့ကွာ .. မင်းပြောင်းလဲလာရင် မင်းဝန်းကျင်ကလူတွေလည်း ပြောင်းလဲလာမှာပဲပေါ့ .. သူတို့ မပြောင်းလဲဘဲမနေနိုင်ဘဲကို ပြောင်းလဲရမှာပါပဲ .. အက်ဒလာစိတ်ပညာဆိုတာ ကိုယ့်ကိုယ်ကိုယ် ပြောင်းလဲတဲ့စိတ်ပညာပါ .. အခြားသူတွေကိုလိုက်ပြောင်းလဲရတဲ့ စိတ်ပညာမဟုတ်ဘူး .. အခြားသူတွေပြောင်းလဲလာမှာကို စောင့်နေမယ့်အစား ဒါမှမဟုတ် အခြေအနေတွေပြောင်းလဲလာမှာကို စောင့်နေမယ့်အစား မင်းကိုယ်တိုင်ကစပြီး ရှေ့ကိုခြေတစ်လှမ်း လှမ်းရမှာပဲ

လူငယ် - အင်း

ဒဿနပညာရှင် - ငါ့အခန်းထဲကို လာလည်ဖို့အတွက် မင်းဒီကိုရောက်လာခဲ့သလိုမျိုးပေါ့ .. မင်းရဲ့အတွင်းထဲမှာ ငါဟာ ငယ်ရွယ်တဲ့သူငယ်ချင်းတစ်ယောက်ကို တွေ့ပါတယ်

လူငယ် - ကျွန်တော်က ခင်ဗျားရဲ့သူငယ်ချင်းလား

ဒဿနပညာရှင် - ဟုတ်တယ် .. ဘာကြောင့်လဲဆိုတော့ မင်းဟာငါ့သူငယ်ချင်းမို့လို့ပဲပေါ့ .. ဒီမှာမင်းနဲ့ငါနဲ့ ဆွေးနွေးပြောဆိုနေကြတာက တိုင်ပင်ဆွေးနွေးကုသမှုလုပ်နေတာ မဟုတ်ဘူးလေ .. ပြီးတော့ မင်းနဲ့ငါ့အကြား မှာ အလုပ်ဆက်ဆံရေးလည်းမရှိဘူး .. ငါ့အတွက်တော့ မင်းဟာ အစားထိုးလို့မရတဲ့ သူငယ်ချင်းတစ်ယောက် ပါပဲ .. မင်းရော အဲ့သလိုမထင်ဘူးလား

လူငယ် - ကျွန်တော်က ခင်ဗျားရဲ့ .... အစားထိုးလို့မရတဲ့ သူငယ်ချင်း .. ဟုတ်လား .. မဟုတ်သေးဘူး .. အခု အချိန်မှာတော့ ကျွန်တော်အဲ့ဒီအကြောင်းအရာကို စဉ်းစားနိုင်ဦးမှာမဟုတ်ဘူး .. ဆက်ပြီးတော့ပဲ ဆွေးနွေးကြရအောင် .. နောက်ဆုံးတစ်ခုက ဘယ်လိုလဲ .. အချစ်တာဝန်လေ ..

ဒဿနပညာရှင် - အဲ့ဒါကို အဆင့်နှစ်ခုခွဲပြီးစဉ်းစားရမယ် .. ပထမက ချစ်မှုရေးရာလို့သတ်မှတ်ထားတဲ့ ဆက်ဆံရေး .. ဒုတိယက မိသားစုနဲ့ ဆက်ဆံရေး .. အထူးသဖြင့်တော့ မိဘ-သားသမီး ဆက်ဆံရေးတွေပေါ့ .. အလုပ်နဲ့ သူငယ်ချင်းကိစ္စတော့ ငါတို့ဆွေးနွေးခဲ့ကြပြီးပြီ .. ဒါပေမယ့် အဲ့ဒီတာဝန်သုံးခုထဲမှာ အခက်ခဲဆုံး ကတော့ အချစ်တာဝန်ပဲ .. သူငယ်ချင်းဆက်ဆံရေးတစ်ခုက အချစ်အဖြစ်ပြောင်းလဲသွားတဲ့အချိန်မှာ သူတို့တွေ ချစ်သူအဖြစ်ပြောင်းလဲသွားတဲ့အခိုက်အတန့်မှာပဲ သူငယ်ချင်းတွေအဖြစ်နဲ့ ပြောရတဲ့ စကားတွေနဲ့ အပြုအမူတွေ ကို ဆက်သုံးနေလို့ မရတော့ဘူး .. တိတိကျကျပြောရရင် မင်းမှာချစ်သူရည်းစားရသွားတဲ့အချိန်မှာ ဆန့်ကျင်ဖက်

လိင်သူငယ်ချင်းတွေနဲ့ အရင်တုန်းကဆက်ဆံနေသလို ဆက်ဆံလို့ မရတော့ဘူး .. ဖုန်းထဲမှာ ဆန့်ကျင်ဖက်လိင်သူငယ်ချင်းတစ်ယောက်နဲ့ မင်းစကားပြောရုံလေးနဲ့ပဲ မင်းချစ်သူမှာ သဝန်တိုစိတ်ဖြစ်ပေါ်လာဖို့ရာအတွက် အကြောင်းအရာလုံလောက်နေတယ် .. အချစ်ဆက်ဆံရေးရဲ့ အကွာအဝေးဆိုတာက အဲ့သလောက် နီးကပ်နေပြီး အနက်အနဲကလည်း အဲ့သလောက်ထိ နက်နဲတယ်

လူငယ် - ဟုတ်ပါတယ် .. အဲ့ဒါကို ဘယ်သူမှတားဆီးထိန်းချုပ်နိုင်မှာ မဟုတ်ဘူးလို့ ကျွန်တော်ထင်ပါတယ်

ဒဿနပညာရှင် - ဒါပေမယ့် ကိုယ့်လက်တွဲဖော်ကို ကန့်သတ်ချုပ်ချယ်တာကိုတော့ အက်ဒလာက လက်မခံခဲ့ဘူး .. တစ်ယောက်ယောက်က ပျော်ရွှင်နေတယ်ဆိုရင် ကျန်တစ်ယောက်က အဲ့ဒီအခြေအနေကို ဝမ်းမြောက်ပေးရမယ် .. အဲ့ဒါ အချစ်ပဲ .. တစ်ယောက်ကိုတစ်ယောက် ကန့်သတ်ချုပ်ချယ်တာတွေကိုလုပ်ကြတဲ့ ဆက်ဆံရေးဟာ နောက်ဆုံးမှာ ခွာပြဲကြမှာပဲ

လူငယ် - နေပါဦး .. အဲ့ဒီစကားက လူတစ်ယောက် ဖောက်ပြန်တာကို အားပေးအားမြှောက်ပြုသလိုဖြစ်နေတယ် .. ဘာကြောင့်လဲဆိုတော့ တစ်ယောက်ယောက်က ပျော်ရွှင်စွာနဲ့ ဖောက်ပြန်နေရင် အဲ့ဒါကို ကျန်တစ်ယောက်က ဝမ်းမြောက်ပေးနေရမယ့်သဘော ဖြစ်နေတယ်

ဒဿနပညာရှင် - မဟုတ်ပါဘူး .. တစ်ယောက်ယောက်ဖောက်ပြန်နေတာကို ငါ အားမပေးပါဘူး .. ဒီလိုတွေးကြည့် .. လူနှစ်ယောက် အတူရှိနေချိန်မှာ တစ်ယောက်ကိုတစ်ယောက် ဖိနှိပ်ပြီး တင်းမာနေကြတဲ့ ဆက်ဆံရေးတစ်ခုကို အချစ်လို့ခေါ်လို့မရပါဘူး .. တစ်ယောက်ကိုတစ်ယောက် တပ်မက်မှုရှိနေတယ်ဆိုရင်တောင်မှပေါ့ .. ငါသူနဲ့ရှိနေချိန်တိုင်းမှာ ငါဟာငါ့စိတ်ကြိုက် လွတ်လွတ်လပ်လပ်ပြုမူလှုပ်ရှားနိုင်တယ်လို့ တစ်ယောက်ယောက်က တွေးတယ်ဆိုရင် အဲ့ဒီလူဟာ အချစ်ဆိုတာကို တကယ်တန်းခံစားနိုင်လိမ့်မယ် .. သူဟာ အေးချမ်းငြိမ်သက်တဲ့ ပုံမှန်သဘာဝအခြေအနေနဲ့ ရှိနေနိုင်လိမ့်မယ် .. နိမ့်ကျတယ်ဆိုတဲ့ ခံစားချက်တွေ ကင်းကွာနေလိမ့်မယ် ဒါမှမဟုတ် သာလွန်မြင့်မြတ်တဲ့အကြောင်းကို ကြွားဝါနေစရာတွေမလိုဘဲ သူ့အရှိအတိုင်းပဲ နေထိုင်နိုင်လိမ့်မယ် .. တကယ်စစ်မှန်တဲ့ အချစ်ဆိုတာ အဲ့သလိုမျိုးပဲ .. တခြားတစ်ဖက်မှာတော့ ကန့်သတ်ချုပ်ချယ်တယ်ဆိုတာဟာ ကိုယ့်လက်တွဲဖော်ကို ထိန်းချုပ်ဖို့ကြိုးစားနေတဲ့ စိတ်ဓာတ်ကို ထုတ်ဖော်ပြသနေသလိုပါပဲ .. အဲ့ဒီစိတ်ဓာတ်ဆိုတာကလည်း မယုံကြည်မှုဆိုတဲ့ ခံစားချက်ပေါ်မှာ အခြေခံပြီး ဖွဲ့တည်လာတာပါပဲ .. မင်းကို မယုံကြည်နိုင်တဲ့ တစ်စုံတစ်ယောက်နဲ့ တူညီတဲ့နေရာတစ်ခုမှာ အတူနေထိုင်ရတာဟာ လူတစ်ယောက် သူ့ရဲ့အရှိအတိုင်း လွတ်လွတ်လပ်လပ်နေထိုင်လို့မရနိုင်ဘူးဆိုတဲ့ အနေအထားတစ်ရပ်ပါပဲ .. "လူနှစ်ယောက်ဟာ ကောင်းမွန်တဲ့အခြေအနေတစ်ရပ်မှာ အတူတကွနေထိုင်ချင်တယ်ဆိုရင် သူတို့ဟာ တစ်ယောက်ကိုတစ်ယောက် ညီမျှတဲ့ ကိုယ်ရည်ကိုယ်သွေးတွေနဲ့ ဆက်ဆံရလိမ့်မယ်" လို့ အက်ဒလာက ပြောခဲ့တယ်

လူငယ် - ကောင်းပါပြီ

ဒဿနပညာရှင် - ဒါပေမယ့် အချစ်ရေးဆက်ဆံမှုတွေနဲ့ အိမ်ထောင်ရေးဆက်ဆံမှုတွေမှာ ခွဲခွာခြင်းဆိုတဲ့ ရွေးချယ်စရာတစ်ခုလည်း ရှိနေတယ် .. ဆိုတော့ နှစ်တွေအကြာကြီး အတူနေလာကြတဲ့ ခင်ပွန်းနဲ့ ဇနီးတောင်မှ ဆက်ဆံရေးမှာ မယုံကြည်မှုတွေဖြစ်လာပြီဆိုရင် ခွဲခွာသွားတတ်ကြတယ် .. ဒါပေမယ့် မိဘ-သားသမီးဆက်ဆံရေးမှာတော့ အဲ့ဒီကိစ္စက မူအရ ဖြစ်နိုင်စရာမရှိဘူး .. သာယာကြည်နူးဖွယ်အချစ်ရေးဟာ ကြိုးနီတွေနဲ့ ချိတ်ဆက်ထားတဲ့ ဆက်ဆံရေးဖြစ်နေတယ်ဆိုရင် မိဘတွေနဲ့ ကလေးတွေအကြားကဆက်ဆံရေးကတော့ ခိုင်မြဲတဲ့ ချိန်းကြိုးနဲ့ ချိတ်ဆက်ထားသလိုပဲ .. မင်းမှာရှိတာက ကတ်ကြေးသေးသေးလေးတစ်ခုပါပဲ .. ဒါဟာ မိဘ-သားသမီး ဆက်ဆံရေးအကြားက အခက်အခဲတစ်ခုပဲ

လူငယ် - ဆိုတော့ လူတစ်ယောက်ဟာ ဘာလုပ်ရမလဲ

ဒဿနပညာရှင် - ဒီအဆင့်မှာငါပြောနိုင်တာကတော့ မင်းထွက်မပြေးနဲ့ ဆိုတဲ့စကားပဲ .. ဆက်ဆံရေးက ဘယ်လောက်ပဲ စိတ်သောကရောက်စရာ အနေအထားဖြစ်နေပါစေ မင်းရှောင်ရှားလို့ ဒါမှမဟုတ် ကိုင်တွယ်ဖြေရှင်းတာကိုရပ်တန့်လိုက်လို့ မရဘူး .. အဆုံးသတ်မှာ မင်းအဲ့ဒါကို ကတ်ကြေးနဲ့ဖြတ်ပစ်မယ်ဆိုရင်တောင်မှ အဲ့ဒါကိုတော့ မျက်နှာချင်းဆိုင်ကြည့်ရဦးမှာပဲ .. လုပ်စရာရှိတာတွေထဲက အဆိုးဆုံးကတော့ အခြေအနေကို ရင်မဆိုင်ဘဲ အဲ့ဒီအတိုင်းကြီး မလှုပ်မရှားနေနေတာမျိုးပဲ .. အခြေခံသဘောတရားအားဖြင့်တော့ လူတစ်ယောက်ဟာဘဝကို လုံးလုံးတစ်ယောက်ထဲ နေထိုင်ဖို့ဆိုတာဟာ မဖြစ်နိုင်ပါဘူး .. လူတစ်ယောက်ဟာ "တသီးပုဂ္ဂလ" ဖြစ်နေတယ်လို့ပြောမယ်ဆိုရင်တောင်မှ အဲ့ဒါဟာ လူမှုရေးရာဘောင်အတွင်းကနေကြည့်ပြီးတော့ပဲ ပြောနိုင်ပါလိမ့်မယ် .. ဒါကြောင့်ပဲ အက်ဒလာစိတ်ပညာမှာ ကိုယ့်ကိုယ်ကိုယ်မှီခိုဖို့နဲ့ လူ့အဖွဲ့အစည်းနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ကို ရှေ့တန်းတင်ပြီး အဓိကရည်ရွယ်ချက်တွေအနေနဲ့ ထားထားတာပါပဲ .. ပြီးတော့မှ အဲ့ဒီ ရည်ရွယ်ချက်တွေကို ပြည့်ဝအောင် ဘယ်လိုလုပ်မလဲဆိုတာကို ပြောထားတာ .. အဲ့ဒီမှာတော့ အက်ဒလာက အလုပ်၊ မိတ်ဆွေ၊ အချစ်ဆိုတဲ့ တာဝန်သုံးရပ်နဲ့ သက်ရှိလူသားတစ်ဦးအနေနဲ့ ဘယ်လိုမှရှောင်လွှဲမရဘဲ ရင်ဆိုင်ရမယ့် လူလူချင်း အပြန်အလှန်ဆက်ဆံရေးဆိုတဲ့ တာဝန်တွေကို ဖော်ပြခဲ့တယ်

+++

*လူငယ်ဟာ အဲ့ဒီအချက်တွေရဲ့ အနက်မှန်ကို ဆုပ်ကိုင်နိုင်ဖို့ရာအတွက် ရုန်းကန်နေရဆဲပဲ ဖြစ်ပါတယ်။*

**"ဘဝရဲ့မုသား" ထဲကိုကျမသွားပါစေနဲ့**

---------------------------------------

လူငယ် - အား .. ထပ်ပြီးရှုပ်သွားပြန်ပြီ .. ကျွန်တော်က ကျွန်တော့်ဘဝပေးတာဝန်တွေကနေ ထွက်ပြေးနေတာကြောင့်အခြားသူတွေကို ရန်သူအဖြစ်မြင်နေပြီး သူတို့ကိုရဲဘော်ရဲဘက်အဖြစ်မမြင်နိုင်ဘူးလို့ ခင်ဗျားပြောခဲ့တယ် .. ထားပါတော့ ဘာပဲဖြစ်ဖြစ် .. အဲ့ဒါက ဘာကိုဆိုလိုတာလဲ

ဒဿနပညာရှင် - ဆိုကြပါစို့ .. ဥပမာအားဖြင့် ကို (က) ဆိုတဲ့လူတစ်ယောက်ရှိပြီး သူ့မှာခွင့်လွှတ်ဖို့ရာခက်ခဲ့တဲ့အပြစ်အနာအဆာတွေရှိတဲ့အတွက် သူ့ကိုမင်းမကြိုက်ဘူး

လူငယ် - ဟားဟား .. ကျွန်တော်မကြိုက်တဲ့လူတွေကိုပြောမယ်ဆိုရင် လူနည်းနည်းလေးတော့ ဖြစ်မှာမဟုတ်ဘူး

ဒဿနပညာရှင် - ဒါပေမယ့် မင်း ကို (က) ကိုမကြိုက်ရခြင်းက သူ့ရဲ့အပြစ်အနာအဆာတွေကို မင်းခွင့်မလွှတ်နိုင်တာကြောင့်မဟုတ်ဘူး .. မင်းမှာအရင်ကတည်းက ကို (က) ကိုမကြိုက်ဖို့ရာအတွက် ရည်ရွယ်ချက်ရှိနေပြီး အဲ့ဒီရည်ရွယ်ချက်ပြည့်ဝစေဖို့ရာအတွက် သူ့အပြစ်အနာအဆာတွေကို လိုက်ရှာနေမိတာသာဖြစ်တယ်

လူငယ် - ဒါက ရယ်စရာပဲ .. ကျွန်တော်က ဘာကြောင့် အဲ့သလိုလုပ်ရမှာလဲ

ဒဿနပညာရှင် - မင်း ကို (က) နဲ့ လူမှုဆက်ဆံရေးလုပ်တာတွေကို ရှောင်ရှားနိုင်စေဖို့အတွက်ပေါ့

လူငယ် - မဟုတ်တာဘဲ .. ဒါကလုံးဝမဖြစ်နိုင်တာကြီးပဲဗျာ .. ဒါက အစီအစဉ်တွေကို နောက်ပြန်ဆွဲပြီးပြောနေတဲ့ကိစ္စကြီးဆိုတာ သိသာလွန်းနေတာပဲ .. ကျွန်တော်မကြိုက်တာတစ်ခုခုသူလုပ်တယ် .. ဒါကြောင့် ကျွန်တော်က သူ့ကိုမကြိုက်ဘူး .. ဒီလိုပဲဖြစ်ရမှာပေါ့ .. သူသာ ကျွန်တော်မကြိုက်တာမလုပ်ဘူးဆိုရင် ကျွန်တော့်မှာသူ့ကိုမကြိုက်ဖို့ရာ ဘာအကြောင်းရှိမှာလဲ

ဒဿနပညာရှင် - မဟုတ်ဘူး .. မင်းမှားနေပြီ .. တစ်ယောက်ယောက်နဲ့ ချစ်မှုရေးရာဆက်ဆံရေးရှိနေတဲ့သူတစ်ယောက်က သူနဲ့ပြတ်စဲဖို့အတွက်လုပ်တဲ့ ဥပမာကိုမင်းပြန်စဉ်းစားကြည့်ရင် ဒီအချက်ကို အလွယ်တကူမြင်နိုင်လိမ့်မယ် .. ချစ်သူတွေအကြား ဒါမှမဟုတ် အိမ်ထောင်ဖက်တွေအကြားက ဆက်ဆံရေးတွေမှာအမှတ်တစ်ခုကိုရောက်ပြီးတဲ့အချိန်မှာ လက်တွဲဖော်က ပြောသမျှလုပ်သမျှတွေကို စိတ်ဆိုးဒေါသထွက်လာတတ်တဲ့ အချိန်တစ်ခုရှိတယ် .. ဥပမာအားဖြင့် သူဘယ်လိုပုံစံနဲ့စားစား သူမက ဂရုမစိုက်တော့ဘူး .. သူအိမ်မှာဖိုသီဖတ်သီနဲ့ နေတဲ့ပုံစံကို သူမစိတ်ပျက်လာတယ် .. သူအိပ်ရင်ဟောက်တာကိုတောင်မှ သည်းမခံနိုင် ဖြစ်လာတယ် .. လွန်ခဲ့တဲ့ လအနည်းငယ်လောက်ကတောင်မှ အဲ့ဒီကိစ္စတွေဟာ သူမကို ဘာစိတ်အနှောက်အယှက်မှဖြစ်စေခဲ့တာ မဟုတ်ဘူး

လူငယ် - အင်း .. အဲ့ဒါမျိုးက ဖြစ်လေ့ရှိတာပဲ

ဒဿနပညာရှင် - အဲ့သလိုမျိုး ဘာကြောင့်ခံစားလာရတာလဲဆိုတော့ အဆင့်တစ်ခုအရောက်မှာ သူမက ဒီဆက်ဆံရေးကို ငါအဆုံးသတ်ချင်တယ် ဆိုတဲ့စိတ်မျိုးဖြစ်လာပြီး အဲ့ဒီဆက်ဆံရေးကို အဆုံးသတ်လို့ရနိုင်စေမယ့် အချက်တွေကိုလိုက်ပြီးရှာဖွေလာတာကြောင့်ပဲ .. တစ်ဖက်လူက ဘာမှအပြောင်းအလဲဖြစ်သွားတာ မဟုတ်ဘူး .. ပြောင်းလဲသွားတာက သူမရဲ့ရည်ရွယ်ချက်ပဲ .. ဒီမှာ .. လူတွေဟာ အစွန်းရောက်တဲ့အထိ အတ္တကြီးတတ်ကြတဲ့ သတ္တဝါတွေဖြစ်ပြီး လူတစ်ယောက်ရဲ့ အပြစ်အနာအဆာနဲ့ ချို့ယွင်းချက်တွေကို လိုချင်သလောက် ရှာဖွေနိုင်စွမ်းရှိကြတဲ့ သူတွေဖြစ်တယ် .. ဘယ်လောက်ပဲ ပြီးပြည့်စုံတဲ့ကိုယ်ကျင့်စရိုက်ရှိသူပဲဖြစ်ပါစေ သူ့ကို မကြိုက်ဖို့ရာအတွက် အကြောင်းပြချက်တွေကို အခက်အခဲမရှိဘဲ ရှာဖွေနိုင်စွမ်းရှိကြတယ် .. အဲ့ဒီအချက်က ကမ္ဘာလောကဟာ ဘယ်အချိန်မှာမဆို ဘေးအန္တရာယ်ထူပြောတဲ့နေရာတစ်ခု ဖြစ်သွားနိုင်ရတာလဲဆိုတာရဲ့ အကြောင်းရင်းပဲ .. ပြီးတော့ လူတစ်ယောက်ကို ရန်သူအဖြစ်အမြဲတမ်းမြင်ကြည့်လို့ရနေတာကလည်း အဲ့ဒီအချက်ကြောင့်ပဲ

လူငယ် - ဆိုတော့ ကျွန်တော်ဟာ ကျွန်တော့်ဘဝပေးတာဝန်တွေကို ရှောင်လွှဲဖို့ရာအတွက် အခြားလူတွေရဲ့ အပြစ်အနာအဆာတွေကို လိုက်ကြည့်နေတာပေါ့ .. အဲ့သလိုလုပ်ခြင်းအားဖြင့် ကျွန်တော်က လူမှုဆက်ဆံရေးတွေကိုရှောင်ရှားနိုင်မယ်ပေါ့ .. ဟုတ်လား .. ပြီးတော့ အခြားသောသူတွေကို ရန်သူအဖြစ်ရှုမြင်ခြင်းအားဖြင့် ကျွန်တော်က ထွက်ပြေးတိမ်းရှောင်နေတာပေါ့

ဒဿနပညာရှင် - အမှန်ပဲ .. ဘဝပေးတာဝန်တွေကို ရှောင်ရှားနိုင်ဖို့ရာအတွက် မှုမမှန်တဲ့အကြောင်းပြချက်တွေနဲ့ ယိုးမယ်ဖွဲ့နေတတ်တဲ့ အပြုအမူတွေကိုဖန်တီးတဲ့အခြေအနေကို အက်ဒလာက "ဘဝရဲ့မုသား" လို့ခေါ်တယ်

လူငယ် - ကောင်းပါပြီ

ဒဿနပညာရှင် - ဟုတ်တယ် .. အဲ့ဒါက ပြင်းထန်ဆိုးရွားတဲ့ စကားရပ်တစ်ခုပါပဲ .. လူတစ်ယောက်က လက်ရှိအခြေအနေတစ်ခုမှာ သူ့အပေါ်ကျနေတဲ့ တာဝန်တွေကို အခြားသူတွေဆီကိုလွှဲပြောင်းပေးလိုက်တာပဲ .. အရာရာဟာ အခြားသူတွေရဲ့အမှား ဒါမှမဟုတ် ပတ်ဝန်းကျင်အခြေအနေတစ်ခုရဲ့အမှားပဲလို့ပြောခြင်းအားဖြင့် သူဟာ သူ့ဘဝပေးတာဝန်တွေကနေ ထွက်ပြေးနေတာပဲ .. ဒါဟာ ရှေ့ပိုင်းတုန်းက ငါပြောခဲ့တဲ့ ရက်သွေးဖြန်းပြီး မျက်နှာရဲလာမှာကို စိုးရိမ်နေတဲ့ ကောင်မလေးရဲ့ဖြစ်ရပ်နဲ့ တထပ်ထဲပဲ .. လူတစ်ယောက်ဟာ သူ့ကိုယ်သူလည်း လိမ်သလို သူ့ပတ်ဝန်းကျင်က လူတွေကိုလည်း လိမ့်နေတာဖြစ်တယ် .. မင်းသေသေချာချာတွေးကြည့်မယ်ဆိုရင် အဲ့ဒါဟာ တော်တော်ဆိုးရွားပြင်းထန်တဲ့ စကားရပ်တစ်ခုပဲ

လူငယ် - ဒါပေမယ့် ကျွန်တော်လိမ်နေတာလို့ ခင်ဗျားဘာကြောင့် ကောက်ချက်ဆွဲနိုင်ရတာလဲ .. ကျွန်တော့် ပတ်ဝန်းကျင်မှာ ဘယ်လိုလူမျိုးတွေရှိနေတယ်ဆိုတာ ဒါမှမဟုတ် ကျွန်တော်ဘယ်လိုဘဝမျိုးနဲ့ ကြုံခဲ့ရတယ် ဆိုတာ ခင်ဗျားဘာမှမသိဘူးလေ .. မဟုတ်ဘူးလား

ဒဿနပညာရှင် - မှန်တယ် .. မင်းရဲ့အတိတ်အကြောင်းကို ငါဘာမှမသိပါဘူး .. မင်းရဲ့ပစ္စုပ္ပန်အကြောင်းကိုလည်း မသိဘူး ဒါမှမဟုတ် မင်းအစ်ကိုရဲ့အကြောင်းကိုလည်း ဘာမှမသိပါဘူး .. ငါသိတာက တစ်ခုပဲရှိပါတယ်

လူငယ် - အဲ့ဒါက ဘာလဲ

ဒဿနပညာရှင် - အဲ့ဒါကတော့ မင်းရဲ့ဘဝနေထိုင်မှုပုံစံကို ဆုံးဖြတ်သတ်မှတ်နေတာက မင်းကလွဲလို့ တခြား ဘယ်သူမှမဟုတ်ဘူးဆိုတဲ့ အချက်ပါပဲ

လူငယ် - အား

ဒဿနပညာရှင် - တကယ်လို့ မင်းရဲ့ဘဝနေထိုင်မှုပုံစံကို အခြားသူတွေ ဒါမှမဟုတ် ပတ်ဝန်းကျင်က သတ်မှတ် တယ်ဆိုရင် တာဝန်ဝတ္တရားတွေကို လွှဲပြောင်းပေးလိုက်ဖို့က သေချာပေါက်ဖြစ်နိုင်လိမ့်မယ် .. ဒါပေမယ့် ငါတို့ ဟာ ငါတို့ဘဝနေထိုင်မှုပုံစံကို ငါတို့ဟာငါတို့ရွေးချယ်ကြတာပါပဲ .. တာဝန်ဝတ္တရားဟာ ဘယ်နေရာမှာရှိတယ် ဆိုတာက ရှင်းလင်းသိသာပါတယ်

လူငယ် - ခင်ဗျားက ကျွန်တော့်ကိုပြစ်တင်ရှုတ်ချနေတာပဲ .. လူတွေကို လူလိမ်တွေ ငကြောက်တွေလို့ပြောတယ် .. ပြီးတော့ လူတိုင်းဟာ ကျွန်တော့်တာဝန်ဝတ္တရားလို့ ပြောပြန်တယ်

ဒဿနပညာရှင် - မင်း တစ်ခုခုကိုဦးတည်ကြည့်ဖို့ရာအတွက် ဒေါသရဲ့စွမ်းအားကိုမသုံးရဘူး .. ဒါက အင်မတန် အရေးကြီးတဲ့အချက်ပဲ .. အက်ဒလာဟာ ဘဝပေးတာဝန်တွေ ဒါမှမဟုတ် ဘဝရဲ့မှသားတွေကို ကောင်းမှု၊ မကောင်းမှု ဆိုတဲ့ရှုထောင့်ကနေ ဘယ်တုန်းကမှမဆွေးနွေးခဲ့ဖူးဘူး .. အဲ့ဒါဟာ ငါတို့ဆွေးနွေးသင့်တဲ့ ကျင့်ဝတ်လည်းမဟုတ်သလို ကောင်းမှု၊ မကောင်းမှုလည်းမဟုတ်ဘူး .. ဒါပေမယ့် အဲ့ဒါက သတ္တိနဲ့ဆိုင်တဲ့ ပြဿနာပဲ

လူငယ် - လာပြန်ပြီ ဒီ သတ္တိ

ဒဿနပညာရှင် - ဟုတ်တယ် .. မင်းဟာမင်းရဲ့ဘဝတာဝန်တွေကို ရှောင်ရှားပြီး ဘဝရဲ့မှသားတွေကို ဖက်တွယ် ထားရင်တောင်မှ အဲ့ဒါက မင်းဟာ မကောင်းမှုထဲနစ်ဝင်နေတယ်လို့ ပြောလို့မရပါဘူး .. ဒါဟာ ကိုယ်ကျင့်တရား ဆိုင်ရာ ရှုထောင့်ကနေ ပြစ်တင်ရှုတ်ချတာမျိုးမဟုတ်ဘူး .. ဒါဟာ သတ္တိနဲ့ဆိုင်တဲ့ ပြဿနာတစ်ခုသာပါပဲ

**ပိုင်ဆိုင်မှုစိတ်ပညာမှသည် အသုံးပြုမှုစိတ်ပညာဆီသို့**

---------------------------------------------------------

လူငယ် - ဆိုတော့ နောက်ဆုံးမှာ ခင်ဗျားပြောချင်တာက သတ္တိအကြောင်းပဲပေါ့ .. အဲ့ဒါက ခင်ဗျားကျွန်တော့်ကို ပြောခဲ့တဲ့ အက်ဒလာစိတ်ပညာဟာ "သတ္တိနဲ့ဆိုင်တဲ့စိတ်ပညာ" ဖြစ်တယ်ဆိုတဲ့စကားကို သွားအမှတ်ရမိစေတယ် ..

ဒဿနပညာရှင် - အဲ့ဒီစကားမှာ ငါထပ်ဖြည့်ချင်တာလေးရှိတယ် .. အက်ဒလာစိတ်ပညာဟာ "ပိုင်ဆိုင်မှုစိတ်ပညာ" မဟုတ်ဘဲ "အသုံးပြုမှုစိတ်ပညာ" ဖြစ်တယ်ဆိုတဲ့ အချက်ပဲ

လူငယ် - ဆိုတော့ "လူတစ်ယောက်ဘာတွေနဲ့မွေးဖွားလာတာက အကြောင်းမဟုတ်ဘူး .. အဲ့ဒါတွေကို ဘယ်လိုအသုံးပြုမလဲဆိုတာကမှ အကြောင်း" လို့ပြောရမလား

ဒဿနပညာရှင် - မှန်တယ် .. အဲ့ဒါကို အမှတ်ရပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် .. ဖရိုဒ်ရဲ့ အကြောင်းကနေအကျိုးဖြစ်ဆိုတဲ့ အယူအဆက ပိုင်ဆိုင်မှုစိတ်ပညာဖြစ်တယ် .. အဲ့ဒီအယူအဆက နောက်ဆုံးမှာ ပြဋ္ဌာန်းခံဝါဒဆီကို ရောက်သွားလိမ့်မယ် .. တခြားတစ်ဖက်က အက်ဒလာစိတ်ပညာကတော့ အသုံးပြုမှုစိတ်ပညာပဲ .. ပြီးတော့ အဲ့ဒီအယူအဆအရ ဆုံးဖြတ်ရမယ့်သူဟာ မင်းပဲဖြစ်တယ်

လူငယ် - အက်ဒလာစိတ်ပညာဟာ သတ္တိနဲ့ဆိုင်တဲ့ စိတ်ပညာဖြစ်တယ် .. ပြီးတော့ တချိန်ထဲမှာပဲ အဲ့ဒါက အသုံးပြုမှု စိတ်ပညာလည်းဖြစ်တယ် ........

ဒဿနပညာရှင် - ငါတို့လူသားတွေဆိုတာက အကြောင်းကနေအကျိုးဖြစ် ဝါဒကနေဖွဲ့တည်လာတဲ့ စိတ်ဒဏ်ရာတွေကိုခံစားရလောက်အောင်အထိ မပျော့ညံ့ကြပါဘူး .. အကျိုးအတွက်ဖန်တီးလိုက်သောအကြောင်း အယူအဆဖက်ကနေ ကြည့်မယ်ဆိုရင် ငါတို့ဟာ ငါတို့ဘဝတွေနဲ့ ဘဝနေထိုင်မှုပုံစံတွေကို ငါတို့ကိုယ်တိုင်ပဲ ရွေးချယ်ထားကြတာပါ .. ငါတို့မှာ အဲ့သလိုလုပ်ဖို့အတွက် စွမ်းအားတွေရှိပါတယ်

လူငယ် - ဒါပေမယ့် ရိုးရိုးသားသားပြောရမယ်ဆိုရင် ကျွန်တော့်ရဲ့အင်္ဂစိတ်ကို ကျော်လွှားဖို့ရာအတွက် ကျွန်တော့်မှာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချမှုမရှိဘူး .. ပြီးတော့ ဒါဟာ ဘဝရဲ့မုသားတစ်ခုလို့ ခင်ဗျားကပြောလိမ့်မယ် .. ဒါပေမယ့် ကျွန်တော်ဟာ အင်္ဂစိတ်ကြီးကိုချိုးဖျက်ပြီး ဘယ်တော့မှလွတ်မြောက်နိုင်မယ့်ပုံ မရှိဘူး

ဒဿနပညာရှင် - ဘာလို့ အဲ့သလိုလုပ်နိုင်မှာမဟုတ်ဘူးလို့ မင်းထင်နေရတာလဲ

လူငယ် - ခင်ဗျားပြောတာက မှန်ကောင်းမှန်ပါလိမ့်မယ် .. တကယ်တန်းတော့ ကျွန်တော့်မှာ တကယ် လျှော့ပါး နေတာက သတ္တိဆိုတာက သေချာပေါက်ပဲဟုတ်ပါလိမ့်မယ် .. ဘဝရဲ့မှသားတွေကို ကျွန်တော်ဖက်တွယ်နေတယ် ဆိုတာကိုလည်း ကျွန်တော်လက်ခံနိုင်ပါတယ် .. ကျွန်တော်လူတွေနဲ့ ဆက်ဆံရမှာကြောက်နေတယ် .. လူမှု ဆက်ဆံရေးမှာ ကျွန်တော်နာကျင်ခံစားရမှာမျိုး မလိုချင်ဘူး .. ပြီးတော့ ကျွန်တော့်ဘဝပေးတာဝန်တွေကိုလည်း ကျွန်တော် ရှောင်ဖယ်ချင်တယ် .. ဒါကြောင့်ပဲ ကျွန်တော့်မှာ အဲ့ဒီဆင်ခြေတွေအကုန်လုံး အဆင်သင့်ရှိနေတာ ပေါ့ .. ဟုတ်တယ် .. ကျွန်တော်ဟာ ခင်ဗျားပြောတဲ့အတိုင်း အတိအကျဖြစ်နေတာပါပဲ .. ဒါပေမယ့် ခင်ဗျားပြော နေတာက နာမ်ဓမ္မရေးရာဝါဒ အမျိုးအစားတစ်ခုလား .. ခင်ဗျားတကယ်တန်းပြောနေသမျှက "မင်းဟာ သတ္တိ ပျောက်ဆုံးနေတယ်၊ မင်းရဲ့သတ္တိကို မင်းထူထောင်ရမယ်" ဆိုတာပဲ .. အဲ့ဒါက ခင်ဗျားရဲ့ပုခုံးလေးကိုပုတ်ပြီး "တက်တက်ကြွကြွနေစမ်းပါကွ" လို့ပြောလိုက်ခြင်းအားဖြင့် ခင်ဗျားကိုအကြံကောင်းပေးနေတာလို့ ထင်မြင်ယူဆ နေတဲ့ အူကြောင်ကြောင် စိတ်ခွန်အားမြှင့်တင်ရေးဆရာတွေနဲ့ ဘာမှမထူးပါဘူး .. ကျွန်တော်ဘာမှ ကောင်းကောင်းမလုပ်နိုင်ရခြင်း အကြောင်းရင်းက ကျွန်တော်တက်တက်ကြွကြွမနေနိုင်လို့ပဲ

ဒဿနပညာရှင် - ဆိုတော့ မင်းအနေနဲ့ ငါကမင်းကို တိကျတဲ့လုပ်ဆောင်စရာ အဆင့်ဆင့်ကို အကြံပေးစေချင် တယ်ပေါ့

လူငယ် - ဟုတ်တယ် .. အမှန်ပဲ .. ကျွန်တော်က လူသားတစ်ယောက်ပါ .. စက်ယန္တယားတစ်ခုမဟုတ်ဘူး .. ကျွန်တော့်ကို သတ္တိရှိဖို့ ခင်ဗျားကပြောတယ် .. ဒါပေမယ့် ကျွန်တော်ဟာ စက်တစ်ခုထဲကို ဆီဖြည့်လိုက်သလိုမျိုး သတ္တိကို ကျွန်တော့်ကိုယ်ထဲ ဂွပ်ကနဲ ဖြည့်သွင်းလိုက်လို့ မရဘူးလေ

ဒဿနပညာရှင် - ကောင်းပြီ .. ဒါပေမယ့် ဒီညတော့ ငါတို့အတော်လေးနောက်ကျနေပြီ .. ဆိုတော့ အဲ့ဒါကို နောက်တစ်ရက်ကျရင် ပြောကြတာပေါ့

လူငယ် - ခင်ဗျားအဲ့ဒီကနေ ရှောင်ပြေးချင်လို့လား

ဒဿနပညာရှင် - မဟုတ်ရပါဘူးကွာ .. နောက်တစ်ကြိမ်မှာ ငါတို့ လွတ်လပ်မှုအကြောင်း ဆွေးနွေးဖြစ်ကြလိမ့် မယ်

လူငယ် - သတ္တိအကြောင်း မဟုတ်တော့ဘူးပေါ့

ဒဿနပညာရှင် - အင်း ဟုတ်တယ် .. လွတ်လပ်မှုအကြောင်းဆွေးနွေးဖြစ်လိမ့်မယ် .. လွတ်လပ်မှုဟာ သတ္တိ အကြောင်းပြောတဲ့နေရာမှာ အဓိကကျတယ် .. လွတ်လပ်မှုဟာ ဘာလို့ထင်သလဲဆိုတဲ့ မင်းထင်မြင်ချက်လေး တွေ စဉ်းစားခဲ့စမ်းပါ

လူငယ် - လွတ်လပ်မှုဆိုတာဘာလဲ .. ကောင်းပြီ .. နောက်တစ်ကြိမ်တွေ့ဖို့ မျှော်လင့်နေပါ့မယ်

## တတိယည
## တခြားလူတွေရဲ့ တာဝန်တွေကို စွန့်ပယ်လိုက်ပါ

-----------------------------------------------

*ကြိတ်မှိတ်သည်းခံပြီးနေနေရတဲ့ ရက်သတ္တပတ်အနည်းငယ်ကြာပြီးတဲ့နောက်မှာတော့ လူငယ်ဟာ ဒဿန ပညာရှင်ရဲ့ စာကြည့်ခန်းဆီကို ပြန်ရောက်လာပါတယ်။ လွတ်လပ်မှုဆိုတာဘာလဲ။ လူတွေဟာဘာကြောင့် မလွတ်လပ်နိုင်ကြတာလဲ။ ငါဟာ ဘာကြောင့်မလွတ်လပ်နိုင်တာလဲ။ ငါ့ကိုအဟန့်အတားပြုနေတဲ့အရာတွေရဲ့ စစ်မှန်တဲ့သဘာဝက ဘာလဲ။ စတဲ့သူ့ကိုလေ့လာဖို့ပေးလိုက်တဲ့ အကြောင်းအရာတွေဟာ သူ့အတွက်လေးလံ လွန်းနေပါတယ်။ ဒါပေမယ့် သူ့အတွက်ကျေနပ်လောက်တဲ့အဖြေကိုရှာဖွေဖို့ မဖြစ်နိုင်တဲ့ပုံပေါက်နေပါတယ်။ အဲ့ဒါတွေအကြောင်းကို ပိုစဉ်းစားလေလေ လူငယ်လေးဟာ သူ့ရဲ့ကိုယ်ပိုင်မလွတ်မလပ်ဖြစ်နေမှုကို သတိပြုမိလာ လေလေဖြစ်နေပါတယ်။*

### အသိအမှတ်ပြုခံလိုတဲ့ စိတ်ဆန္ဒကို ဖယ်ရှားပါ

-----------------------------------------------

လူငယ် - ဆိုတော့ ဒီနေ့ လွတ်လပ်မှုအကြောင်းဆွေးနွေးမယ်လို့ ခင်ဗျားပြောခဲ့တယ်နော်

ဒဿနပညာရှင် - ဟုတ်တယ် .. လွတ်လပ်မှုဆိုတာဘာလဲလို့ စဉ်းစားဖို့ရာ မင်းအချိန်ရခဲ့ရဲ့လား

လူငယ် - ဟုတ်ကဲ့ .. အဲ့ဒီအကြောင်းကို ကျွန်တော်အချိန်ယူပြီး စဉ်းစားတွေးတောခဲ့တယ်

ဒဿနပညာရှင် - ဆိုတော့ မင်းကောက်ချက်တစ်ခုခုများ ချနိုင်ခဲ့သလား

လူငယ် - ကောင်းပြီ .. ကျွန်တော်ဘာအဖြေမှမထုတ်နိုင်ခဲ့ပါဘူး .. ဒါပေမယ့် ကျွန်တော်တစ်ခုတော့ ရှာတွေ့ခဲ့တယ် .. အဲ့ဒါကကျွန်တော့်ကိုယ်ပိုင်အတွေးအမြင်တော့ မဟုတ်ပါဘူး .. တစ်ခါတုန်းက ကျွန်တော်စာကြည့်တိုက်မှာ ဒေ့ါတိုယက်ဗ်စကီးရဲ့ ဝတ္ထုတစ်ပုဒ်ထဲက စာကြောင်းတစ်ခုကို ဖတ်ခဲ့ဖူးတယ် .. "ပိုက်ဆံဆိုတာ သွန်းလုပ်ထားတဲ့ လွတ်လပ်မှုပဲ" တဲ့ .. အဲ့ဒါကိုခင်ဗျားဘယ်လိုထင်လဲ .. "သွန်းလုပ်ထားတဲ့ လွတ်လပ်မှု" ဆိုတာက အတော်လေးဆန်းသစ်တဲ့ ဝေါဟာရတစ်ခုမဟုတ်လား .. ဒါပေမယ့် ပိုက်ဆံလို့ခေါ်တဲ့အရာရဲ့ တကယ့်

အရင်းအမြစ်အနက်အဓိပ္ပါယ်အထိ ရောက်အောင်ဖော်ပြပေးနိုင်တဲ့ စာသားကိုရှာဖွေတွေ့ရှိဖို့ ကျွန်တော် အတော်လေး စိတ်ဝင်စားမိတယ်

ဒဿနပညာရှင် - ဟုတ်ပြီ .. သေချာတာပေါ့ .. တစ်ယောက်ယောက်က ပိုက်ဆံနဲ့ယူဆောင်လို့ရနိုင်တဲ့ အရာရဲ့ အင်မတန်ယေဘုယျကျတဲ့ အဓိပ္ပါယ်နဲ့ပြောမယ်ဆိုရင်တော့ အဲ့ဒါကို လွတ်လပ်မှုလို့ ပြောကောင်းပြောနိုင်တာပေါ့ .. အဲ့ဒါက အဆောတလျှင်ကောက်ချက်ချမှု တစ်ခုပေါ့ .. ဒါပေမယ့် "ဒါကြောင့် လွတ်လပ်မှုဟာ ပိုက်ဆံဖြစ်တယ်" ဆိုတာကို မင်းအခုထိ လက်မခံနိုင်သေးဘူး .. ဟုတ်တယ်မဟုတ်လား

လူငယ် - ခင်ဗျားပြောတာ လုံးဝမှန်ပါတယ် .. လွတ်လပ်မှုဆိုတာကို ငွေကြေးပိုက်ဆံအားဖြင့်ရနိုင်တဲ့ပုံပါပဲ .. ပြီးတော့ လွတ်လပ်မှုဆိုတာဟာ ကျွန်တော်တို့စိတ်ကူးနိုင်တာထက်ကိုပိုပြီး သေချာပေါက်ကြီးကျယ်ခမ်းနားပါ တယ် .. ဘာကြောင့်လဲဆိုတော့ လက်တွေ့ဘဝမှာ ဘဝရဲ့လိုအပ်ချက်မှန်သမျှဟာ ငွေကြေးနဲ့ရောင်းချဝယ်ယူမှု တွေကနေတဆင့်ပဲ ရရှိလာကြတာဖြစ်တယ် .. ဆိုတော့ ငွေကြေးကိုရအောင်ကြိုးပမ်းရှာဖွေပြီး ကြီးမားတဲ့ခနဥစ္စာ တွေကို ပိုင်ဆိုင်လာတဲ့အခါမှာ အဲ့ဒီလူဟာ လွတ်လပ်သွားရောလား .. အဲ့ဒီကိစ္စကို ကျွန်တော်လက်မခံနိုင်ဘူး .. အဲ့ဒါက အဓိပ္ပါယ်မရှိဘူးလို့ ကျွန်တော်ယုံကြည်တယ် .. ပြီးတော့ လူသားတန်ဖိုးနဲ့ လူ့ပျော်ရွှင်မှုတွေဟာ ပိုက်ဆံနဲ့ဝယ်ယူလို့မရနိုင်ဘူး

ဒဿနပညာရှင် - ကောင်းပြီ .. အခုလက်ရှိအချိန်မှာ မင်း ဘဏ္ဍာရေးလွတ်လပ်မှု ရသွားပြီဆိုကြပါစို့ .. ပြီးတော့ မင်း ကြီးမားတဲ့ ဥစ္စာခနတွေကိုလည်း ပိုင်ဆိုင်နေပြီ .. ဒါပေမယ့် မင်းပျော်ရွှင်မှုကိုရှာမတွေ့ဘူး .. အဲ့ဒီအချိန် မင်းမှာ ဘယ်လိုပြဿနာတွေနဲ့ အကျပ်အတည်း၊ အခက်အခဲတွေ ကျန်နေဦးမှာလဲ

လူငယ် - အဲ့ဒါဆိုရင်တော့ ခင်ဗျားပြောခဲ့တဲ့ လူလူချင်းဆက်ဆံရေးတွေပဲ ဖြစ်မှာပေါ့ .. အဲ့ဒီကိစ္စကို ကျွန်တော် လေးလေးနက်နက်စဉ်းစားခဲ့တယ် .. ဥပမာအားဖြင့် ခင်ဗျားဟာ ခနဥစ္စာကြွယ်ဝချမ်းသာနေပေမယ့် ခင်ဗျားကို ချစ်ခင်မြတ်နိုးတဲ့သူ တစ်ယောက်မှမရှိဘူး၊ ရဲဘော်ရဲဘက်လို့ခေါ်ရမယ့် သူငယ်ချင်းတစ်ယောက်မှ မရှိဘူး၊ တစ်ယောက်မှ ခင်ဗျားကို မကြိုက်နှစ်သက်ကြဘူး စတာတွေ ဖြစ်လိမ့်မယ် .. ဒါဟာ ကြီးမားတဲ့ ကြမ္မာဆိုးပဲ .. ကျွန်တော့်ခေါင်းထဲက ထုတ်လို့မရတဲ့ နောက်အရာတစ်ခုကတော့ "တွယ်ငြိနှောင်ဖွဲ့မှု" ဆိုတဲ့စကားလုံးပဲ .. ကျွန်တော်တို့အားလုံးဟာ တွယ်ငြိနှောင်ဖွဲ့မှုလို့ကျွန်တော်တို့ခေါ်တဲ့ ဒီကြိုးမျှင်တွေကြားမှာ ရစ်ပတ်နှောင်ဖွဲ့ မိပြီး လူးလွန့်နာကျင်နေကြရတယ် .. ဥပမာအားဖြင့် ခင်ဗျားလုံးဝဂရုမစိုက်တဲ့လူတစ်ယောက်အပေါ် တွယ်ငြိမိနေတာ ဒါမှမဟုတ် ခင်ဗျားရဲ့စိတ်ပျက်စရာကောင်းတဲ့ အထက်လူကြီးရဲ့ စိတ်ခံစားမှုအပြောင်းအလဲတွေကို အမြဲ စောင့်ကြည့်နေရတာမျိုးပေါ့ .. စိတ်ကူးကြည့်ပါ .. အဲ့သလို မပြောပလောက်တဲ့ လူလူချင်းဆက်ဆံရေးကနေ လွတ်မြောက်နိုင်မယ်ဆိုရင် အရာရာဟာ ကျွန်တော်တို့အတွက် ဘယ်လောက်လွယ်ကူသွားမလဲဆိုတာကို .. ဒါပေမယ့် အဲ့ဒါကို ဘယ်သူမှတကယ်မလုပ်နိုင်ကြပါဘူး .. ကျွန်တော်တို့ဘယ်ကိုပဲသွားသွား ကျွန်တော်တို့ဟာ အခြားသောသူတွေရဲ့ ဝန်းရံလွှမ်းခြုံထားတာကို ခံနေကြရတာပါပဲ .. ကျွန်တော်တို့ဟာ လူမှုရေး သတ္တဝါတွေပဲ .. အခြားသူတွေနဲ့ ဆက်ဆံခြင်းအားဖြင့် တည်ရှိနေကြတဲ့သူတွေ .. ကျွန်တော်တို့ဘယ်လောက်ပဲ ကြိုးစားကြိုးစား

ကျွန်တော်တို့ရဲ့ လူလူချင်းဆက်ဆံရေးဆိုတဲ့ ခိုင်မြဲတဲ့ကြိုးတွေဆီကနေ မလွတ်မြောက်နိုင်ကြဘူး .. အက်ဒလာ ပြောခဲ့တဲ့ "ပြဿနာအားလုံးဟာ လူလူချင်းဆက်ဆံရေးနဲ့ဆိုင်တဲ့ ပြဿနာတွေချည်းပါပဲ" ဆိုတဲ့စကားဟာ အတော်ပညာပါတဲ့စကားပဲဆိုတာ ကျွန်တော်အခု နားလည်ပါပြီ

ဒဿနပညာရှင် - အဲ့ဒါက အရေးကြီးတဲ့အချက်ပဲ .. နဲနဲပိုနက်အောင် တူးဆွကြည့်လိုက်ကြရအောင် .. ငါတို့ရဲ့ လွတ်လပ်မှုကို ငါတို့ဆီကနေ လုယူသွားတဲ့ လူလူချင်းဆက်ဆံရေးဆိုတာက ဘယ်လိုဟာမျိုးဖြစ်မလဲ

လူငယ် - နောက်ဆုံးတစ်ကြိမ်တုန်းက လူတစ်ယောက်ဟာ အခြားသူတွေကို ရန်သူတွေလို့ရှုမြင်မလား ရဲဘော် ရဲဘက်တွေလို့ ရှုမြင်မလား ဆိုပြီးခင်ဗျားပြောခဲ့တယ် .. လူတစ်ယောက်ဟာ အခြားသူတွေကို ရဲဘော်ရဲဘက် တွေလို့ရှုမြင်နိုင်လာပြီဆိုရင် သူ့ရဲ့လောကကိုရှုမြင်ပုံလာလည်းပဲ ပြောင်းလဲလာလိမ့်မယ့်လို့ ခင်ဗျားပြောခဲ့တယ် .. အဲ့ဒါက လုံးဝအဓိပ္ပါယ်ရှိတယ် .. ကျွန်တော်ဒီကနေ ထွက်သွားခဲ့တုန်းက ကျွန်တော်အဲ့ဒါဟာ မှန်တယ်လို့ ခံစားခဲ့ ရတယ် .. ဒါပေမယ့် အဲ့ဒီနောက်မှာဘာဖြစ်မှာလဲ .. အဲ့ဒီကိစ္စကို ကျွန်တော်ဂရုတစိုက်တွေးတောခဲ့တယ် .. လုံးဝပြည့်စုံအောင်ရှင်းပြလို့မရတဲ့ လူလူချင်းဆက်ဆံရေးရဲ့ အခြင်းအရာတွေရှိနေတယ်ဆိုတာ ကျွန်တော် သတိပြုမိခဲ့တယ်

ဒဿနပညာရှင် - ဘယ်လိုဟာမျိုးတွေ ဖြစ်မလဲ

လူငယ် - အသိသာအထင်ရှားဆုံးတစ်ခုကတော့ မိဘတွေရဲ့ တည်ရှိမှုပဲ .. ကျွန်တော်မိဘတွေကိုတော့ ရန်သူ တွေလို့ ဘယ်တုန်းကမှရှုမြင်ကြည့်လို့ မရခဲ့ဖူးဘူး .. အထူးသဖြင့် ကျွန်တော်ကလေးငယ်ဘဝမှာ သူတို့ဟာ ကျွန်တော့်ရဲ့ ကြီးမြတ်တဲ့စောင့်ရှောက်သူတွေဖြစ်ကြပြီး ကျွန်တော့်ကို အကာအကွယ်ပေးကာ ပျိုးထောင်ခဲ့ကြသူ တွေဖြစ်တယ် .. အဲ့ဒါတွေကြောင့် သူတို့ကိုကျွန်တော် ရိုးသားစွာကျေးဇူးတင်မိပါတယ် .. ဒါပေမယ့် ကျွန်တော့် မိဘတွေဟာ တင်းကြပ်တဲ့သူတွေလည်းဖြစ်ကြတယ် .. အဲ့ဒီအကြောင်း ကျွန်တော် ခင်ဗျားကို အရင်တစ်ကြိမ်က ပြောပြခဲ့ဖူးပါတယ် .. သူတို့ဟာကျွန်တော့်ကို ကျွန်တော့်အစ်ကိုနဲ့ အမြဲနှိုင်းယှဉ်နေကြပြီး ကျွန်တော့်ကို အသိအမှတ်ပြုဖို့ အမြဲငြင်းဆန်ခဲ့ကြတယ် .. ပြီးတော့ သူတို့ဟာ ကျွန်တော့်ဘဝကို အဆက်မပြတ်ဝေဖန်ပြောဆို ကြတယ် .. ကျွန်တော်စာပိုကြိုးစားသင့်တယ် .. ဟိုလိုလူ ဒီလိုလူတွေနဲ့ မပေါင်းသင့်ဘူး .. ဟိုတက္ကသိုလ်ကို တက်သင့်တယ် .. ဒီလိုအလုပ်မျိုးလုပ်သင့်တယ် စသဖြင့်ပေါ့ .. သူတို့ရဲ့တောင်းဆိုမှုတွေဟာ ကျွန်တော့်အပေါ်မှာ ဖိအားကြီးကြီးမားမားဖြစ်စေပြီး ကျွန်တော့်ကို နှောင်ဖွဲ့တွယ်ငြိမှုတွေ ဖြစ်စေခဲ့တယ်

ဒဿနပညာရှင် - အဲ့ဒီတော့ မင်းဘာလုပ်လိုက်သလဲ

လူငယ် - ကျွန်တော်တက္ကသိုလ်စတက်တဲ့အထိ အဲ့သလိုအမြဲဖြစ်နေတာပဲ .. ကျွန်တော့်မိဘတွေရဲ့ ရည်ရွယ်ချက် တွေကို ကျွန်တော်ဘယ်တော့မှ လျစ်လျူမရှုနိုင်ခဲ့ပါဘူး .. ကျွန်တော်စိတ်ရှုပ်နေခဲ့တယ် .. အဲ့ဒါက နစ်လိုဖွယ် လည်းမကောင်းဘူး .. အရေးကြီးတဲ့အချက်က ကျွန်တော့်ဆန္ဒတွေဟာ ကျွန်တော့်မိဘတွေရဲ့ ဆန္ဒတွေနဲ့

တစ်ထပ်တည်းကျသလို ဖြစ်ပုံရနေတာပဲ .. ဒါပေမယ့်လည်း ကျွန်တော်လုပ်ရမယ့်အလုပ်ကိုတော့ ကျွန်တော့်ဟာ ကျွန်တော်ပဲ ရွေးခဲ့ပါတယ်

ဒဿနပညာရှင် - အခုတော့ မင်းဒီအကြောင်းတွေထုတ်ပြောလာပြီပေါ့ .. အရင်က ငါ့ကိုမင်းမပြောခဲ့ဘူး .. မင်း ဘာအလုပ်လုပ်သလဲ

လူငယ် - အခုကျွန်တော် တက္ကသိုလ်စာကြည့်တိုက်မှာ စာကြည့်တိုက်မှူးအဖြစ် လုပ်နေပါတယ် .. ကျွန်တော့် မိဘတွေက ကျွန်တော့်ကို အဖေ့ရဲ့ပုံနှိပ်စက်ကိုလွှဲယူပြီး ဦးစီးစေချင်ကြတယ် .. ကျွန်တော့်အစ်ကို လုပ်သလိုမျိုး ပေါ့ .. အဲ့ဒါကြောင့်ပဲ ကျွန်တော်အခုအလုပ်ကို စလုပ်တဲ့အချိန်ကတည်းက ကျွန်တော်တို့ရဲ့ဆက်ဆံရေးဟာ အဖုအထစ်လေးတွေဖြစ်သွားခဲ့တယ် .. သူတို့ဟာ ကျွန်တော့်မိဘတွေမဟုတ်ဘဲ ကျွန်တော့်ရန်သူတွေသာ ဖြစ်နေမယ်ဆိုရင်အဲ့ဒါကို ကျွန်တော်ဘယ်လိုမှ သဘောထားမှာမဟုတ်ပါဘူး .. ဘာကြောင့်လဲဆိုတော့ ကျွန်တော့်ကို ဝင်ပြီးဟိုဟာလုပ်ပါ ဒီဟာလုပ်ပါပြောနေတဲ့သူတွေက ကျွန်တော့်ရန်သူတွေသာဖြစ်နေခဲ့ရင် သူတို့ပြောတာတွေကို ကျွန်တော်လျှစ်လျူရှုပစ်ထားမှာမို့ပါပဲ .. ဒါပေမယ့် ကျွန်တော်ပြောခဲ့သလိုပဲ မိဘတွေ ဆိုတာကကျတော့ ရန်သူတွေမဟုတ်ဘူးလေ .. သူတို့ဟာ တခြားကိစ္စမှာ ကျွန်တော့်ရဲ့ ရဲဘော်ရဲဘက်တွေ ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ နောက်ဆုံးမှာတော့ သူတို့ကိုကျွန်တော်ရန်သူတွေလို့ ဘယ်လိုမှ မခေါ်နိုင် ပါဘူး .. အဲ့ဒါဟာ သူတို့ရဲ့ ရည်မှန်းချက်တွေကို လျှစ်လျူရှုပစ်လို့မရနိုင်လောက်အောင် နီးကပ်လွန်းတဲ့ ဆက်ဆံရေးကြောင့်ပါပဲ

ဒဿနပညာရှင် - မင်းဘယ်တက္ကသိုလ်ကိုတက်မလဲလို့ ရွေးတဲ့အချိန်မှာရော အဲ့ဒါက မင်းမိဘတွေရဲ့ ဆန္ဒနဲ့ ကိုက်ညီရဲ့လား .. အဲ့ဒီအချိန်တုန်းကရော မိဘတွေနဲ့ ပတ်သက်ပြီး ဘယ်လိုစိတ်ခံစားချက် ဖြစ်ခဲ့သေးလဲ

လူငယ် - အဲ့ဒါက ရှုပ်ထွေးတယ် .. ကျွန်တော်ခါးသီးတဲ့ခံစားချက်တွေ ဖြစ်ခဲ့တယ် .. တစ်ဖက်မှာလည်း စိတ်သက်သာရာရတဲ့ ခံစားမှုလေးကလည်း ရှိနေပြန်တယ် .. ခင်ဗျားသိလား .. ကျွန်တော်ရွေးချယ်လိုက်တဲ့ ကျောင်းကို သူတို့နားလည်မှုရှိရှိနဲ့ လက်ခံအသိအမှတ်ပြုပေးစေချင်တဲ့စိတ် ရှိခဲ့တယ်

ဒဿနပညာရှင် - သူတို့မင်းကို အသိအမှတ်ပြုအောင် မင်းလုပ်နိုင်ခဲ့သလား

လူငယ် - ခင်ဗျားကလည်းဗျာ .. နပ်ကြောင်းပေးမေးခွန်းတွေမေးနေတာ တော်ကြပါစို့ .. ကျွန်တော်ဘာကို ရည်ရွယ်ပြောနေတာလဲဆိုတာ ခင်ဗျားသိမယ်ဆိုတာ ကျွန်တော်သိတယ် .. အဲ့ဒါက အသိအမှတ်ပြုခံလိုတဲ့ ဆန္ဒ လို့ခေါ်တဲ့အရာပဲ .. အဆုံးသတ်မှာတော့ အဲ့ဒါလည်း လူလူချင်းဆက်ဆံရေးနဲ့ဆိုင်တဲ့ ပြဿနာပဲ .. ကျွန်တော်တို့ လူသားတွေဆိုတာက အခြားသူတွေရဲ့အသိအမှတ်ပြုမှုကို အစဉ်မပြတ်လိုအပ်နေတဲ့ သတ္တဝါတွေပဲ .. အဲ့ဒါက ဘာကြောင့်လဲဆိုတော့ သူအသိအမှတ်ပြုမှုလိုချင်နေတဲ့ တစ်ဖက်လူဟာ သူ့ကိုရွံရှာစက်ဆုပ်နေတဲ့ ရန်သူ

တစ်ယောက်မဟုတ်လို့ပဲ .. မဟုတ်ဘူးလား .. ကျွန်တော်ဟာ ကျွန်တော့်မိဘတွေရဲ့ အသိအမှတ်ပြုမှုကို လိုချင်ပါတယ်

ဒဿနပညာရှင် - အင်း နားလည်ပါပြီ .. အဲ့ဒီကိစ္စနဲ့ ပတ်သက်တဲ့ အက်ဒလာစိတ်ပညာရဲ့ အဓိက အဆိုတစ်ခုအကြောင်းပြောကြရအောင် .. အက်ဒလာစိတ်ပညာက အခြားသူတွေရဲ့အသိအမှတ်ပြုမှုကို ရှာဖွေဖို့လိုအပ်တယ်ဆိုတဲ့အချက်ကို ငြင်းဆိုတယ်

လူငယ် - အက်ဒလာစိတ်ပညာက အသိအမှတ်ပြုခံလိုတဲ့ ဆန္ဒကို ငြင်းပယ်တယ် .. ဟုတ်လား

ဒဿနပညာရှင် - တခြားလူတွေကအသိအမှတ်ပြုဖို့ ဘာမှမလိုအပ်ပါဘူး.. တကယ်တန်းမှာ လူတစ်ယောက်ဟာ အသိအမှတ်ပြုမှုကို မရှာဖွေရဘူး .. အဲ့ဒီကိစ္စကို အကျယ်ချဲ့နေစရာ မလိုပါဘူး

လူငယ် - မဟုတ်တာဗျာ .. အဲ့ဒီစိတ်ဆန္ဒဟာ လူသားအားလုံးကို တွန်းအားပေးနေတဲ့ အခြေခံအကျဆုံး စိတ်ဆန္ဒတစ်ခုမဟုတ်ဘူးလားဗျာ

**တခြားလူတွေရဲ့မျှော်မှန်းချက်တွေကို ဖြည့်ဆည်းပေးဖို့ရာအတွက် ရှင်သန်နေတာမျိုး မဖြစ်ပါစေနဲ့**

----------------------------------------------------------------------------------------------------

ဒဿနပညာရှင် - တခြားသူတွေရဲ့အသိအမှတ်ပြုခံရတာဟာ သေချာပေါက် ပျော်စရာကောင်းတာပေါ့ .. ဒါပေမယ့် တခြားသူတွေရဲ့အသိအမှတ်ပြုခံရမှုဟာ လုံးဝလိုအပ်ချက်တစ်ခုဖြစ်တယ်လို့ ပြောမယ်ဆိုရင်တော့ အဲ့ဒါကို မှားတယ်လို့ပြောရမယ် .. အသိအမှတ်ပြုမှုကို အရေးအကြီးဆုံးအရာအဖြစ် ပထမနေရာမှာ ဘာကိစ္စနဲ့ထားရမှာလဲ .. ဒါမှမဟုတ် ဘွင်းဘွင်းပဲပြောရရင် လူတစ်ယောက်ဟာ တခြားသူတွေရဲ့ ချီးမွမ်းထောပနာပြုတာကို ဘာကြောင့်လိုချင်ရမှာလဲ

လူငယ် - ရိုးရိုးလေးပါ .. တခြားသူတွေရဲ့ အသိအမှတ်ပြုမှုကိုခံရတဲ့အခါ ကျွန်တော်တို့ဟာ တန်ဖိုးတစ်ခုခုရှိသွားတယ်လို့ ခံစားရတယ်လေ .. အခြားသူတွေရဲ့ အသိအမှတ်ပြုမှုကြောင့် ကိုယ့်ရဲ့ နိမ့်ပါးတယ်ဆိုတဲ့ခံစားချက်တွေလွင့်ပျောက်သွားနိုင်တယ်လေ .. ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှု တိုးပွားလာနိုင်တယ် .. ဟုတ်တယ်အဲ့ဒါက တန်ဖိုးနဲ့ဆိုင်တဲ့ကိစ္စပဲ .. အရင်တစ်ကြိမ်တုန်းက နိမ့်ပါးတယ်ဆိုတဲ့ခံစားချက်ဟာ တန်ဖိုးကိုဆုံးဖြတ်သတ်မှတ်မှုနဲ့ဆိုင်တဲ့ပြဿနာဖြစ်တယ်လို့ ခင်ဗျားပြောခဲ့ဖူးတယ်လို့ ကျွန်တော်ထင်တယ် .. ကျွန်တော် နိမ့်ကျတယ်ဆိုတဲ့ခံစားချက်တွေနဲ့ ဘဝတလျှောက်လုံးနေထိုင်လာခဲ့ရတာဟာ ကျွန်တော့်မိဘတွေရဲ့ အသိအမှတ်ပြုမှုကို ဘယ်တုန်းကမှ မရခဲ့ဖူးလို့ပဲ

ဒဿနပညာရှင် - ကဲ .. အခု ပိုပြီးရင်းနီးကျွမ်းဝင်မှုရှိတဲ့ အခြေအနေတစ်ခုကို စဉ်းစားကြည့်ကြရအောင် .. မင်းရဲ့ အလုပ်မှာ မင်းဟာအမှိုက်တွေကို လိုက်ကောက်သိမ်းနေတယ်ဆိုကြပါစို့ .. ပြဿနာက အဲ့ဒါကိုဘယ်သူမှ သတိမပြုမိကြဘူး .. ဒါမှမဟုတ် သူတို့မြင်ကြပေမယ့်လည်း မင်းလုပ်နေတာတွေအတွက် မင်းကိုချီးမွမ်းဂုဏ်ပြု တာမလုပ်ကြဘူး .. ဒါမှမဟုတ် ကျေးဇူးတင်စကား တစ်ခွန်းတစ်လေတောင်မှ မပြောကြဘူး .. ဆိုတော့ နောက်ပိုင်းမှာ မင်း အမှိုက်ကောက်သိမ်းတဲ့အလုပ်ကို ဆက်လုပ်ဦးမလား

လူငယ် - ဒါက ခက်ခဲတဲ့အနေအထားတစ်ခုပဲ .. ကျွန်တော်လုပ်နေတာကို ဘယ်သူမှအသိအမှတ်မပြုဘူးဆိုရင် ကျွန်တော်အဲ့ဒီအလုပ်ကို ရပ်ပစ်လိုက်မိလိမ့်မယ်လို့ ထင်တယ်

ဒဿနပညာရှင် - ဘာကြောင့်လဲ

လူငယ် - အမှိုက်ကောက်တယ်ဆိုတာ လူတိုင်းအတွက်ပါ .. ကျွန်တော် အကျီလက်ကိုပင့်ခေါက်ပြီး အဲ့ဒီအလုပ် ကိုလုပ်တယ် .. ဒါပေမယ့် ဘယ်သူကမှကျေးဇူးတင်စကား မပြောကြဘူး .. အဲ့ဒီအချိန်မှာ ကျွန်တော့်စိတ်အား ထက်သန်မှုတွေ ပျောက်ဆုံးသွားလိမ့်မယ်လို့ ကျွန်တော်ထင်တယ်

ဒဿနပညာရှင် - အဲ့ဒါက အသိအမှတ်ပြုခံလိုတဲ့ စိတ်ဆန္ဒရဲ့ အန္တရာယ်ပဲ .. လူတွေအခြားသူတွေရဲ့ အသိအမှတ် ပြုမှုကို ဘာကြောင့်ရှာဖွေကြတာလဲ .. ကိစ္စအတော်များများမှာ အဲ့သလိုဘာကြောင့်ဖြစ်ရသလဲဆိုတော့ကာ ဆုပေး-ဒဏ်ပေး ပညာရေးစနစ်ရဲ့ လွှမ်းမိုးမှုကြောင့်ပဲ

လူငယ် - ဆုပေး-ဒဏ်ပေး ပညာရေးစနစ် ဟုတ်လား

ဒဿနပညာရှင် - တစ်ယောက်ယောက်က သတ်မှတ်ထားတဲ့အတိုင်းလုပ်လိုက်ရင် ချီးမွမ်းထောပနာပြုတာကို ခံရလိမ့်မယ် .. တစ်ယောက်ယောက်က သတ်မှတ်ထားတာနဲ့ သွေဖည်တဲ့အပြုအမူတစ်ခု လုပ်လိုက်ရင် အပြစ်ဒဏ်ပေးတာကို ခံရလိမ့်မယ် .. အက်ဒလာဟာ ဆုပေးဒဏ်ပေးနဲ့ တည်ဆောက်ထားတဲ့ ပညာရေးစနစ်ကို အတော်လေး ဝေဖန်ပြောဆိုခဲ့တယ် .. အဲ့ဒါဟာ လူတွေကိုမှားယွင်းတဲ့ ဘဝနေထိုင်မှုပုံစံတွေထဲကို ရောက်သွား စေနိုင်တယ် .. တစ်ယောက်မှငါ့ကိုချီးမွမ်းထောပနာ မပြုရင် ငါလုပ်တာမှားနေပြီ .. ဘယ်သူမှငါ့ကို အပြစ်မတင် ဘူးဆိုရင် ငါလုပ်တာမှန်နေတယ် ဆိုတဲ့ စဉ်းစားပုံမျိုးထဲ လူတွေကိုရောက်သွားစေလိမ့်မယ် .. မင်းဟာ အမှိုက်စ ကောက်ကတည်းက လူတွေငါ့ကိုချီးမွမ်းရမယ်ဆိုတဲ့ ရည်ရွယ်ချက်ကြီးကို ထူထောင်ပြီးနှင့်ပြီး ဖြစ်နေပြီ .. ဆိုတော့ ဘယ်သူကမှ အသိအမှတ်ပြုချီးမွမ်းတာမျိုး မလုပ်တဲ့အခါမှာ မင်းဟာ မခံမရပ်နိုင်ဖြစ်လာတာ ဒါမှမဟုတ် အဲ့ဒီအလုပ်ကို ဘယ်တော့မှထပ်မလုပ်ဖို့ ဆုံးဖြတ်လိုက်တာမျိုးတွေ ဖြစ်လာတော့တာပဲ .. ရှင်းလင်း သေချာတာတစ်ခုကတော့ အဲ့ဒီအခြေအနေဟာ တစ်ခုခုမှားယွင်းတဲ့ အနေအထားတစ်ခု ဖြစ်နေတယ်ဆိုတာပဲ

လူငယ် - မဟုတ်ဘူး .. ခင်ဗျား အရာရာကို သေးဖွဲသိမ်နုပ်အောင် လုပ်မပစ်ဖို့ ကျွန်တော်ပြောချင်တယ် .. ပညာရေးစနစ်အကြောင်းကိုတော့ ကျွန်တော်မငြင်းခုံချင်ပါဘူး .. ခင်ဗျားချစ်ခင်နှစ်သက်တဲ့သူတွေဆီက အသိအမှတ်ပြုမှုကိုလိုချင်တာ .. ခင်ဗျားရင်းနှီးတဲ့လူတွေရဲ့ လက်ခံမှုကိုလိုချင်တာတွေဟာ ပုံမှန်စိတ်ဆန္ဒတွေလို့တော့ ကျွန်တော်ပြောချင်တယ်

ဒဿနပညာရှင် - မင်း ဆိုးဆိုးရွားရွားကို မှားနေပြီ .. ဒီမှာ .. ငါတို့ဟာ အခြားသူတွေရဲ့ မျှော်မှန်းချက်တွေကို ဖြည့်ဆည်းပေးဖို့ ရှင်သန်နေကြတာ မဟုတ်ဘူးကွ

လူငယ် - ခင်ဗျား ဘာကိုဆိုလိုတာလဲ

ဒဿနပညာရှင် - မင်းဟာ အခြားသူတွေရဲ့မျှော်မှန်းချက်တွေကို ဖြည့်ဆည်းပေးဖို့ ရှင်သန်နေတာမဟုတ်သလို ငါဟာလည်း အဲ့သလိုဖြည့်ဆည်းပေးဖို့ ရှင်သန်နေတာမဟုတ်ဘူး .. လူတွေရဲ့ မျှော်မှန်းချက်တွေကို ဖြည့်ဆည်းပေးဖို့က မလိုအပ်ပါဘူး

လူငယ် - ဒါက ငါ ဗဟိုပြု စဉ်းစားမှုတစ်မျိုးပဲ .. လူတစ်ယောက်ဟာ ကိုယ့်ကိုယ်ကိုယ်အတွက်ပဲ စဉ်းစားပြီး ကိုယ့်ဖြောင့်မတ်မှန်ကန်မှုနဲ့ကိုယ်ပဲ နေထိုင်သင့်တယ်လို့ ခင်ဗျားပြောချင်တာလား

ဒဿနပညာရှင် - ဂျူးဘာသာတရားရဲ့ သင်ကြားမှုမှာဆိုရင် ဒီလိုအမြင်မျိုးကို ရှာဖွေကြရတယ် .. ဘယ်လိုလဲဆိုတော့ မင်းဟာ မင်းဘဝကိုမင်းကိုယ်တိုင်အတွက် ရှင်သန်နေထိုင်မှုမပြုရင် အခြားဘယ်သူကများ မင်းအတွက် ရှင်သန်နေထိုင်ပေးမှာလဲ ဆိုတဲ့အမြင်ပဲ .. မင်းဟာ မင်းကိုယ်ပိုင်ဘဝအတွက် ရှင်သန်နေထိုင်ရတာဖြစ်တယ် .. မင်းဘဝကို ဘယ်သူက နေထိုင်ပေးနေတာလဲလို့ စဉ်းစားကြည့်တဲ့အချိန်မှာ မင်းကိုယ်တိုင်ပဲရှင်သန်နေထိုင်ရတာဖြစ်တယ်ဆိုတာကိုတွေ့လိမ့်မယ် .. မင်းဘဝအတွက်မှ မင်းရှင်သန်နေထိုင်မနေရင် မင်းအစား ဘယ်သူက ရှင်သန်နေထိုင်ပေးမှာလဲ .. အဆုံးစွန်ဆုံးမှာ ငါတို့ဟာ "ငါ" ဆိုတာကိုပဲ စဉ်းစားကြတာပါ .. အဲ့သလို စဉ်းစားပြီး နေထိုင်တာမျိုး မဟုတ်ဖို့ရာအတွက် ဘာအကြောင်းမှ မရှိပါဘူး

လူငယ် - ဆိုတော့ ခင်ဗျားဟာ နတ္ထိကဝါဒဆိုတဲ့ အဆိပ်မိနေတဲ့သူပဲ .. အဆုံးစွန်ဆုံးမှာ ငါတို့ဟာ "ငါ" ဆိုတာအတွက်ပဲ စဉ်းစားကြတာပါလို့ ခင်ဗျားပြောခဲ့တယ်နော် .. အဲ့သလို ငါအတွက်ပဲ စဉ်းစားပြီးနေထိုင်တာက အဆင်ပြေပါ့မလား .. ဘယ်လောက်သနားစရာကောင်းတဲ့ စဉ်းစားနည်းလဲဗျာ

ဒဿနပညာရှင် - အဲ့ဒါက နတ္ထိကဝါဒ လုံးဝမဟုတ်ပါဘူး .. နတ္ထိကဝါဒနဲ့ ဆန့်ကျင်ဖက်ပါပဲ .. လူတစ်ယောက်ဟာ တခြားသူတွေရဲ့ အသိအမှတ်ပြုမှုကို ရှာဖွေနေတယ်ဆိုရင် ပြီးတော့ အခြားသူတွေက ကိုယ့်ကိုဘယ်လို ထင်မြင်ကြမလဲဆိုတာကို စိုးရိမ်ပူပန်နေတယ်ဆိုရင် အဆုံးသတ်မှာ သူဟာ အခြားသူတွေရဲ့ ဘဝတွေမှာ လိုက်လံနေထိုင်နေတဲ့သူတစ်ယောက် အဖြစ်အဆုံးသတ်သွားရမှာပဲ

လူငယ် - အဲ့ဒါကရော ဘာကိုဆိုလိုတာလဲ

ဒဿနပညာရှင် - အသိအမှတ်ပြုခံရဖို့ကို အလွန်အမင်းဆန္ဒရှိနေခဲ့ရင် အခြားလူတွေက မင်းကို "ဒီလိုလူစားမျိုး" အဖြစ်မြင်ချင်တယ်ဆိုတဲ့ မျှော်မှန်းချက်ကြီးကိုပဲ လိုက်ဖြည့်ဆည်းပေးဖို့ ကြိုးပမ်းနေတဲ့သူတစ်ယောက် ဖြစ်သွားလိမ့်မယ် .. တနည်းပြောရရင် မင်းဟာ မင်းရဲ့ပင်ကိုယ်အရှိတရားကို စွန့်ပစ်ပြီး အခြားသူတွေဖန်တီးပေးတဲ့ ဘဝထဲမှာသွားရောက်ရှင်သန်နေထိုင်နေတဲ့သူမျိုး ဖြစ်လာလိမ့်မယ် .. ပြီးတော့ ဒါကိုမှတ်ထားပေးပါ .. မင်းဟာ အခြားသူတွေရဲ့ မျှော်မှန်းချက်တွေကို ဖြည့်ဆည်းပေးဖို့ ရှင်သန်နေထိုင်တာမျိုး မဟုတ်တော့ဘူးဆိုရင် အခြားသူတွေကလည်း မင်းရဲ့မျှော်မှန်းချက်တွေကို ဖြည့်ဆည်းပေးဖို့ ရှင်သန်နေထိုင်နေတာမျိုး ဟုတ်မှာ မဟုတ်တော့ဘူး .. တစ်စုံတစ်ယောက်ဟာ မင်းသူ့ကိုပြုမူစေချင်တဲ့အတိုင်း ပြုမူမှာလည်းမဟုတ်တော့ဘူး .. ဒါပေမယ့် အဲ့ဒါဟာ စိတ်ဆိုးဒေါသထွက်စရာလည်း မဟုတ်ဘူး .. အဲ့ဒါဟာ ပုံမှန်အခြေအနေပါပဲ

လူငယ် - မဟုတ်ဘူး .. အဲ့သလိုမဟုတ်ဘူး .. အဲ့ဒါဟာ ကျွန်တော်တို့လူ့အဖွဲ့အစည်းကို အခြေခံအုတ်မြစ်ကနေ လှန်ပစ်လိုက်တဲ့အဆိုတစ်ခုပဲ .. ဒီမှာ .. ကျွန်တော်တို့မှာ အသိအမှတ်ပြုခံချင်တဲ့ ဆန္ဒဟာရှိနေတယ် .. ဒါပေမယ့် အခြားသူတွေဆီက အသိအမှတ်ပြုမှုကိုရဖို့ဆိုရင် ကျွန်တော်တို့ဟာ ဦးဆုံးအနေနဲ့ အခြားသူတွေကိုလည်း ကျွန်တော်တို့ကစပြီး အသိအမှတ်ပြုပေးရမယ် .. ဘာကြောင့်လဲဆိုတော့ လူတစ်ယောက်ဟာ အခြားသူတွေ၊ အခြားသူတွေရဲ့ တန်ဖိုးထားမှုပုံစံတွေကို အသိအမှတ်ပြုမှသာ အခြားသူတွေကလည်း သူ့ကို ပြန်လည် အသိအမှတ်ပြုမှာဖြစ်တယ် .. အဲ့သလို အပြန်အလှန်အသိအမှတ်ပြုမှုပေါ်မှာ အခြေခံပြီး ကျွန်တော်တို့ရဲ့ လူ့အဖွဲ့အစည်းကို တည်ဆောက်ထားတာဖြစ်တယ် .. ခင်ဗျားရဲ့အဆိုဟာ စက်ဆုပ်စရာကောင်းတဲ့၊ အန္တရာယ်များတဲ့ စဉ်းစားပုံနည်းလမ်းတစ်ခုဖြစ်တယ် .. အဲ့ဒါက လူတွေကို တကိုယ်တည်းသီးခြားဖြစ်စေပြီး ပဋိပက္ခတွေကို ပေါ်ပေါက်စေလိမ့်မယ် .. အဲ့ဒါဟာ မယုံကြည်မှုတွေ၊ သံသယတွေကို ပေါ်ပေါက်လာစေနိုင်တဲ့ အင်မတန်ဆိုးယုတ်တဲ့ အယူအဆတစ်ခုပါပဲ

ဒဿနပညာရှင် - ဟားဟား .. မင်းမှာ အတော်စိတ်ဝင်စားစရာကောင်းတဲ့ ဝေါဟာရတွေရှိနေတာပဲ .. လေသံကို မြှင့်ပြီးပြောနေစရာမလိုပါဘူး .. ဒါကို ငါတို့အတူစဉ်းစားကြည့်ကြရအောင် .. လူတစ်ယောက်က အသိအမှတ်ပြုခံချင်တယ် အဲ့သလိုမှအသိအမှတ်ပြုမခံရရင် သူနာကျင်ခံစားရလိမ့်မယ် .. လူတစ်ယောက်ဟာ အခြားသူတွေဆီက ဒါမှမဟုတ် သူ့မိဘတွေဆီက အသိအမှတ်ပြုမှုကို မရခဲ့ရင် သူဟာ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုရှိမှာ မဟုတ်ဘူး..အဲ့သလိုဘဝမျိုးကို ကျန်းမာကောင်းမွန်တဲ့ဘဝလို့ပြောလို့ရပါ့မလား..ဆိုတော့ တစ်ယောက်ယောက်က ဘုရားသခင်ဟာ စောင့်ကြည့်နေတယ် .. ဒါကြောင့်ကောင်းတာလုပ်ရမယ်လို့ ပြောလိမ့်မယ် .. ဒါပေမယ့် အဲ့ဒီဟာနဲ့ နတ္ထိကဝါဒအမြင်ဖြစ်တဲ့ "ဘုရားသခင်မရှိဘူး .. ဒါကြောင့် မကောင်းတာလည်းလုပ်လို့ရတယ်" ဆိုတဲ့ အမြင်ဟာ အကြွေစေ့တစ်ခုရဲ့ မျက်နှာစာနစ်ဖက် ဖြစ်မနေဘူးလား .. ဘုရားသခင်မရှိဘူးလို့ပဲ ဆိုကြပါဦးတော့ .. အဲ့ဒီအခါမှာ ငါတို့ဟာ ဘုရားသခင်ရဲ့အသိအမှတ်ပြုမှုကို ရနိုင်မှာမဟုတ်တော့ဘူး .. ဒါပေမယ့် အဲ့သလို ဘုရားသခင်ရဲ့အသိအမှတ်ပြုမှုကို မရပေမယ့်လည်း ငါတို့ဟာ ငါတို့ဘဝမှာ ဆက်လက်ရှင်သန်နေလို့ ရသေးတာ

ပဲ .. တကယ်တော့ ဘုရားသခင်မရှိဘူးဆိုတဲ့ကမ္ဘာဆိုတဲ့ နတ္ထိကဝါဒကိုကျော်လွှားဖို့ရာအတွက် ငါတို့ဟာ လူတွေရဲ့အသိအမှတ်ပြုမှုကိုလိုအပ်တယ်ဆိုတဲ့အမြင်ကို ငြင်းပယ်ရလိမ့်မယ်

လူငယ် - ဒီဘုရားသခင်အကြောင်းပြောနေတာတွေကို ကျွန်တော်လုံးဝ ဂရုမစိုက်ဘူး .. နေ့စဉ်လုပ်ရှားရုန်းကန်နေတဲ့လူတွေနဲ့ တကယ်စစ်မှန်တဲ့ စိတ်နေစိတ်ထားအကြောင်းကို ပိုပြီးတိုက်ရိုက်ကျကျနဲ့ ရှင်းရှင်းလင်းလင်း စဉ်းစားကြည့်ပါ .. ဥပမာအားဖြင့် လူမှုဆက်ဆံရေးအရ အသိအမှတ်ပြုခံချင်တဲ့ စိတ်ဆန္ဒအကြောင်း၊ လူတစ်ယောက်ဟာ သူ့လုပ်ငန်းမှာ တဆင့်ထက်တဆင့်မြင့်တက်အောင် ဘာကြောင့်ကြိုးစားနေသလဲ၊ လူတစ်ယောက်ဟာ ဂုဏ်အဆင့်အတန်းနဲ့ ကျော်ကြားမှုကို ဘာကြောင့်ရှာဖွေနေသလဲ စတဲ့အကြောင်းအရာတွေပေါ့ .. အဲ့ဒါတွေဟာ အရေးပါတဲ့ တစ်ယောက်ယောက်အဖြစ် လူ့အဖွဲ့အစည်းတစ်ခုလုံးက အသိအမှတ်ပြုတာကိုခံယူချင်တဲ့ ဆန္ဒကြောင့်ပဲ .. အဲ့ဒါဟာ အသိအမှတ်ပြုခံချင်တဲ့ ဆန္ဒပဲ

ဒဿနပညာရှင် - ဆိုတော့ အဲ့ဒီအသိအမှတ်ပြုမှုကို ရပြီးတဲ့နောက်မှာ မင်းဟာ ပျော်ရွှင်မှုကိုတကယ်ပဲ ရှာဖွေတွေ့ရောလား .. သူ့ရဲ့လူမှုဆက်ဆံရေး အဆင့်အတန်းကို ထူထောင်နိုင်ပြီးတဲ့လူတစ်ယောက်ဟာ အမှန်တကယ်ပဲ ပျော်ရွှင်မှုကို ခံစားရပြီလား

လူငယ် - အဲ့သလိုတော့ မဟုတ်ဘူးပေါ့ .. ဒါပေမယ့် .. အဲ့ဒါက .......

ဒဿနပညာရှင် - တခြားသူတွေက အသိအမှတ်ပြုခံရဖို့ ကြိုးစားတဲ့အချိန်မှာ လူအားလုံးနီးပါးဟာ အဲ့ဒီရည်မှန်းချက်ပြည့်ဖို့ရာ နည်းလမ်းအဖြစ် အခြားသူတွေရဲ့မျှော်မှန်းချက်တွေပြည့်ဝသွားအောင် လုပ်ပေးကြရတယ် .. ပြီးတော့ အဲ့ဒါက သင့်လျော်မှန်ကန်တဲ့အလုပ်ကိုလုပ်လိုက်ရင် ချီးမွမ်းထောပနာပြုမှုကိုခံရမယ်ဆိုတဲ့ ဆုပေး-ဒဏ်ပေး ပညာရေးစနစ်ကြီးထဲက အတွေးစီးကြောင်းအတိုင်း လိုက်ပါစီးမြောနေတာဖြစ်တယ် .. ဥပမာအားဖြင့် မင်းလုပ်နေတဲ့အလုပ်ရဲ့ အဓိကအချက်က တခြားသူတွေရဲ့မျှော်မှန်းချက်တွေကို ပြည့်ဝကျေနပ်စေဖို့ဆိုရင် အဲ့ဒီအလုပ်ဟာ မင်းအတွက် အင်မတန်မှခက်ခဲဝန်ပိနေစေလိမ့်မယ် .. ဘာကြောင့်လဲဆိုတော့ အခြားသူတွေမင်းကိုကြည့်နေပြီး အကဲဖြတ်ဆုံးဖြတ်နေကြတာကို မင်းအမြဲတမ်းစိုးရိမ်ပူပန်နေရလိမ့်မယ် .. ပြီးတော့ မင်းရဲ့ "ငါ - အတ္တ" ကိုလည်း မင်းဖိနှိပ်ထားရလိမ့်မယ် .. ငါပြောလိုက်ရင် မင်းအံ့ဩသွားလိမ့်မယ် .. ငါ့ဆီကို တိုင်ပင်ဆွေးနွေးကုသမှုခံယူဖို့ရောက်လာတဲ့ ငါ့လူနာတွေအားလုံးနီးပါးဟာ အတ္တကြီးတဲ့ တကိုယ်ကောင်းသမားတွေမဟုတ်ကြဘူး .. အဲ့ဒီအစားမှာ သူတို့ဟာ သူတို့ရဲ့ဆရာတွေ၊ သူတို့ရဲ့မိဘတွေ စတဲ့ အခြားသူတွေရဲ့မျှော်မှန်းချက်တွေကို ဖြည့်ဆည်းဖို့ကြိုးပမ်းရင်း စိတ်ဒုက္ခကိုခံစားနေရတဲ့သူတွေချည်းပါပဲ .. ဆိုတော့ သူတို့ဟာ ကိုယ့်ကိုယ်ကိုယ်ဗဟိုပြုတဲ့နည်းလမ်းနဲ့ ကောင်းကောင်းမွန်မွန် မပြုမူနိုင်ကြတော့ဘူး ဖြစ်သွားကြတော့တာပါပဲ ..

လူငယ် - ဆိုတော့ ကျွန်တော် တကိုယ်ကောင်းစိတ်မွေးရမှာလား

ဒသသနပညာရှင် - တခြားသူတွေအတွက် ထည့်မစဉ်းစားဘဲ မပြုမူပါနဲ့ .. ဒီအချက်ကိုနားလည်ဖို့ရာအတွက် အက်ဒလာစိတ်ပညာက "တာဝန်ခွဲခြားခြင်း" လို့ခေါ်တဲ့ သဘောတရားကိုနားလည်ဖို့ လိုလိမ့်မယ်

လူငယ် - တာဝန်ခွဲခြားခြင်း ဟုတ်လား .. ဒါက ဝေါဟာရ အသစ်ပဲ .. အဲ့ဒီအကြောင်း ကြားပါရစေဦး

+++

*လူငယ်ရဲ့ မယိုးမယွဖြစ်နေတဲ့စိတ်ဟာ အထွဋ်အထိပ်ထိတက်လာပါတယ်။ အသိအမှတ်ပြုခံလိုတဲ့စိတ်ကို ငြင်းပယ်ရမှာလား။ အခြားသူတွေရဲ့ မျှော်မှန်းချက်တွေပြည့်ဝအောင် လိုက်လုပ်မနေရဘူးလား။ ကိုယ့်ကိုယ်ကိုယ် ပိုပြီးဗဟိုပြုတဲ့နည်းလမ်းနဲ့ နေထိုင်ရမှာလား။ ဒီ ဒသသနပညာရှင် ဘာတွေပြောနေတာလဲ။ အသိအမှတ်ပြုခံချင်စိတ်သက်သက်ဟာ လူတွေအချင်းချင်းပူးပေါင်းနေထိုင်ကြဖို့ရာအတွက်နဲ့ လူ့အဖွဲ့အစည်းကြီးဖြစ်တည်လာစေဖို့ရာအတွက် အကြီးမားဆုံးတွန်းအား မဟုတ်ဘူးလား။ ဒီ "တာဝန်ခွဲခြားခြင်း" ဆိုတဲ့အတွေးအမြင်က သူ့ကို မကျေနပ်စေနိုင်ရင် ဘာဖြစ်မလဲ ဆိုပြီးတော့လည်း သူတွေးတောနေမိပါတယ်။ ဒီလူ ဒါမှမဟုတ် အက်ဒလာကို ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့တော့ ငါလက်ခံနိုင်မှာမဟုတ်ဘူး။ ငါ့လက်ကျန်ဘဝတလျှောက်လုံးမှာ ဒီအတွေးအမြင်ကို လက်ခံသွားဖို့ရာက ဖြစ်နိုင်မှာမဟုတ်ဘူး။*

## **တာဝန်တွေကို ဘယ်လိုခွဲခြားမလဲ**

-----------------------------------

ဒသသနပညာရှင် - စာလေ့လာရတာအခက်အခဲဖြစ်နေတဲ့ ကလေးတစ်ယောက်ရှိတယ် ဆိုကြပါစို့ .. သူဟာ စာသင်ခန်းထဲမှာ အာရုံမစူးစိုက်ဘူး .. အိမ်စာတွေမလုပ်ဘူး .. သူ့စာအုပ်တွေကိုတောင် ကျောင်းမှာထားပစ်ခဲ့တယ် .. မင်းသာ အဲ့ဒီကလေးရဲ့အဖေဆိုရင် မင်းဘာလုပ်မလဲ

လူငယ် - အင်း .. သူစာကြိုးစားလာဖို့အတွက် ကျွန်တော်စဉ်းစားလို့ရနိုင်သမျှအရာအားလုံးကို လုပ်မှာပေါ့ .. သူ့ကို ကျူရှင်ဆရာငှားပေးမယ် .. ကျူရှင်ကိုပို့ပေးမယ် .. လိုအပ်ရင်သူ့ကိုနားရွက်ကနေဆွဲပြီး အဲ့ဒီရောက်အောင် လိုက်ပို့မယ် .. အဲ့ဒါဟာ မိဘတွေရဲ့ တာဝန်ပဲလို့ ပြောရလိမ့်မယ် .. ကျွန်တော်လည်း အဲ့ဒီပုံစံနဲ့ ပျိုးထောင်ခံခဲ့ရတာပဲ .. အိမ်စာမပြီးမချင်း ကျွန်တော် ညစာမစားရဘူး

ဒသသနပညာရှင် - ဆိုတော့ ငါ နောက်ထပ်မေးခွန်းတစ်ခု မေးပါရစေဦး .. အဲ့သလိုအတင်းအကြပ်စာလုပ်ခိုင်းခံရတော့ စာလုပ်ရတာကို ပျော်စရာတစ်ခုအဖြစ် မင်းမှတ်ယူခဲ့ရဲ့လား

လူငယ် - ကံမကောင်းစွာနဲ့ပဲ ကျွန်တော်စာလုပ်ရတာကို ပျော်စရာလို့မမှတ်ယူခဲ့ဖူးပါဘူး .. ကျောင်းမှာအဆင်ပြေစေဖို့နဲ့ စာမေးပွဲတွေမှာကောင်းကောင်းဖြေနိုင်ဖို့ အတွက်ပဲ စာကိုလုပ်ခဲ့ပါတယ်

ဒဿနပညာရှင် - အင်း .. ကောင်းပြီ .. ငါ အဲ့ဒီအကြောင်းကို အက်ဒလာစိတ်ပညာရဲ့ ရပ်တည်ချက်ကနေ ပြောပြမယ် .. ဥပမာအားဖြင့် စာလေ့လာမှုဆိုတဲ့ တာဝန်နဲ့ရင်ဆိုင်တွေ့ရချိန်မှာ အက်ဒလာစိတ်ပညာအရ ငါတို့ဟာ "ဒါ ဘယ်သူ့တာဝန်လဲ" ဆိုတဲ့အမြင်ကနေ စဉ်းစားကြတယ်

လူငယ် - ဘယ်သူ့တာဝန်လဲ ဟုတ်လား

ဒဿနပညာရှင် - ကလေးငယ်က စာကျက်သည်ဖြစ်စေ မကျက်သည်ဖြစ်စေ .. သူ သူ့သူငယ်ချင်းတွေနဲ့ ထွက်ကစားသည်ဖြစ်စေ ထွက်မကစားသည်ဖြစ်စေ .. အခြေခံအားဖြင့် အဲ့ဒါက ကလေးငယ်ရဲ့ တာဝန်ပဲ .. မိဘတွေရဲ့တာဝန် မဟုတ်ဘူး

လူငယ် - ခင်ဗျားဆိုလိုတာက အဲ့ဒါက ကလေးလုပ်ရမယ့် အလုပ်တာဝန်တစ်ခု .. အဲ့သလိုလား

ဒဿနပညာရှင် - အလွယ်ပြောရရင်တော့ ဟုတ်တယ် .. မိဘတွေက ကလေးအစား စာလုပ်ပေးဖို့ဆိုတာက ဘာအဓိပ္ပါယ်မှမရှိဘူး .. မဟုတ်ဘူးလား

လူငယ် - နေပါဦး .. မဟုတ်သေးပါဘူး .. အဲ့သလိုမဟုတ်ဘူးလေ

ဒဿနပညာရှင် - စာလုပ်ဖို့က ကလေးငယ်ရဲ့တာဝန်ပဲ .. ကလေးငယ်ကို စာလုပ်ဖို့ မိဘက အမိန့်ပေးတယ်ဆိုတာဟာ အခြားသူတစ်ယောက်ရဲ့ တာဝန်ကို ဝင်ရောက်စွက်ဖက်ခြင်းပဲ .. အတိုက်အခံတွေကို အဲ့သလိုနည်းအားဖြင့် တားဆီးလို့မရဘူး .. ငါတို့ဟာ "ဒါက ဘယ်သူ့တာဝန်လဲ" ဆိုတဲ့ရှုထောင့်ကနေ စဉ်းစားဖို့လိုအပ်တယ် .. ဘယ်တော့မဆို တစ်ယောက်ယောက်ရဲ့ တာဝန်ကို တခြားသူတွေရဲ့တာဝန်ကနေ ခွဲထုတ်ရမယ်

လူငယ် - ဘယ်လို ခွဲထုတ်ရမှာလဲ

ဒဿနပညာရှင် - တခြားသူတွေရဲ့ တာဝန်ကို ဝန်ရောက်မစွက်ဖက်ဖို့ပဲ .. ဒါလေးပါပဲ

လူငယ် - ဒါပဲလား

ဒဿနပညာရှင် - ယေဘုယျအားဖြင့်တော့ လူလူချင်းဆက်ဆံရေး ဒုက္ခတွေဟာ အခြားသူတွေရဲ့တာဝန်တွေကို ဝင်ရောက်စွက်ဖက်ခြင်းကြောင့် ပေါ်ပေါက်လာရတာချည်းပဲ .. ဒါမှမဟုတ် ကိုယ့်အလုပ်တွေမှာ သူများက

ဝင်ရောက်စွက်ဖက်လို့ ဖြစ်ရတာပဲ .. တာဝန်တွေကိုခွဲခြားခြင်းကို လုပ်ဆောင်တာဟာ လူတစ်ယောက်ရဲ့ လူလူချင်းဆက်ဆံရေးကို တဖြည်းဖြည်းချင်းပြောင်းလဲလာစေဖို့ရာအတွက် လုံလောက်ပါတယ်

လူငယ် - ဟင်း .. ကျွန်တော်တကယ်နားမလည်ဘူး .. ဦးဆုံးအနေနဲ့ ဒါဟာဘယ်သူ့တာဝန်ပါလို့ ဘယ်လိုပြောနိုင်မလဲ .. လက်တွေ့ကျကျပြောရရင် ကျွန်တော့်အမြင်အရတော့ ကလေးတစ်ယောက် စာလေ့လာဖို့ဆိုတာ မိဘတွေရဲ့တာဝန်ပဲ .. ဘာကြောင့်လဲဆိုတော့ ဘယ်ကလေးမှ စာကိုပျော်ပျော်ရွှင်ရွှင် တာဝန်သိသိနဲ့ လေ့လာချင်ကြတာမဟုတ်ဘူး .. မိဘဆိုတာ ကလေးတွေရဲ့ လမ်းညွှန်စောင့်ရှောက်သူပဲ

ဒဿနပညာရှင် - ဘယ်သူ့အလုပ်တာဝန်လဲဆိုတာ ခွဲခြားဖို့ရာအတွက် ရိုးရှင်းတဲ့နည်းလမ်းတစ်ခု ရှိတယ် .. အဲ့ဒီ ရွေးချယ်မှုကိုလုပ်လိုက်တဲ့ အကျိုးရလဒ်ကို ဘယ်သူနောက်ဆုံးမှာ ရရှိမလဲဆိုတာကို စဉ်းစားကြည့်လိုက် .. ကလေးတစ်ယောက်က စာမလုပ်ဖို့ ရွေးချယ်လိုက်မယ်ဆိုရင် အဲ့ဒီဆုံးဖြတ်ချက်ရဲ့ ရလဒ်က နောက်ဆုံးမှာတော့ ကလေးဟာ အတန်းထဲမှာ စာမလိုက်နိုင်တာ ဒါမှမဟုတ် သူသွားချင်တဲ့ ကျောင်းကိုတက်ခွင့်မရတာမျိုးတွေ ဖြစ်လာမှာပဲ .. အဲ့ဒါတွေကို ခံစားရမှာက အဲ့ဒီကလေးပဲ .. သူ့မိဘတွေမဟုတ်ဘူး .. အဲ့ဒီကလေးပဲ အကျိုးဆက်ကိုခံစားရမှာဆိုတာက ရှင်းပါတယ် .. တနည်းပြောရရင်တော့ စာလုပ်ဖို့က ကလေးရဲ့တာဝန်ပါပဲ

လူငယ် - မဟုတ်ဘူး .. မဟုတ်သေးဘူး .. ခင်ဗျားလုံးဝမှားနေပြီ .. မိဘတွေဟာ ကလေးထက်ပိုပြီး ဘဝအတွေ့အကြုံပိုများတယ် .. ပြီးတော့ သူတို့ဟာ ကလေးရဲ့စောင့်ရှောက်လမ်းညွှန်သူတွေလည်းဖြစ်တယ် .. ဆိုတော့ မိဘတွေဟာ ကလေးစာမလုပ်ရင်စာလုပ်ဖို့ ကြပ်မတ်လမ်းညွှန်ပေးဖို့ရာ တာဝန်ရှိတယ် .. ဒီလိုကြပ်မတ်လမ်းညွှန်ပေးတာဟာ ကလေးရဲ့ကောင်းကျိုးအတွက်ဖြစ်ပြီး အဲ့ဒါကို ဝင်ရောက်စွက်ဖက်တယ်လို့ ပြောလို့မရပါဘူး .. စာလုပ်ဖို့ရာက ကလေးရဲ့တာဝန်ဖြစ်ပေမယ့် ကလေးစာလုပ်ဖို့ရာ ကြပ်မတ်ပေးဖို့ရာကတော့ မိဘတွေရဲ့ တာဝန်ဖြစ်တယ်

ဒဿနပညာရှင် - "မင်းကောင်းဖို့အတွက် ငါတို့ပြောနေတာနော်" ဆိုတဲ့စကားကို မိဘတွေပြောနေကြတာ ကြားဖူးပါလိမ့်မယ် .. ဒါပေမယ့် သူတို့အဲ့သလိုပြောနေကြတာဟာ သူတို့ရဲ့ရည်မှန်းချက်တွေပြည့်ဝဖို့အတွက် ပြောနေကြတာပါပဲ .. ဘာလဲဆိုတော့ လူ့အဖွဲ့အစည်းက သူတို့ကိုစာတော်တဲ့ကလေးရဲ့မိဘတွေအဖြစ် မြင်စေချင်လို့၊ လူအများရဲ့အမြင်မှာ တင့်တယ်စေချင်လို့၊ ကလေးကိုသူတို့ထိန်းချုပ်ချင်တဲ့ဆန္ဒရှိနေလို့ စတဲ့ အချက်တွေကြောင့်ပါပဲ .. တနည်းပြောရရင်အဲ့ဒါဟာ "မင်းကောင်းဖို့" ဆိုတာထက် မိဘတွေသူတို့ရဲ့ ကောင်းကျိုးအတွက်ပြောနေကြတာပါပဲ .. အဲ့ဒီတော့ ကလေးက ဒီလိုလှည့်ဖျားပြောဆိုနေမှုကို သူပုန်ကန်ရမယ်ဆိုတဲ့စိတ် ဖြစ်လာတော့တာပါပဲ

လူငယ် - ဆိုတော့ ကလေးဟာ လုံးဝစာမလုပ်ဘူးဆိုရင် အဲ့ဒါကသူ့တာဝန်ပဲ ဆိုပြီးအဲ့ဒီအတိုင်း ပစ်ထားလိုက်ရမယ်လို့ ခင်ဗျားပြောချင်တာလား

ဒဿနပညာရှင် - ဂရုစိုက်ရမယ် .. အက်ဒလာစိတ်ပညာဟာ ဂရုမစိုက်ဘဲပစ်ထားတဲ့နည်းလမ်းကို အားမပေးပါဘူး .. ပစ်ထားတဲ့နည်းလမ်းဆိုတာက မသိချင်တဲ့စိတ်သဘောထားပဲ .. ကလေးဘာတွေလုပ်နေလဲဆိုတာကို သိဖို့တောင်စိတ်မဝင်စားတဲ့ နည်းလမ်းပဲ .. အဲ့ဒီအစား လူတစ်ယောက်ဟာ ကလေးကိုအကာအကွယ်ပြုဖို့ ဆိုရင် ကလေးဘာလုပ်နေလဲဆိုတာကို သိရမယ် .. စာလေ့လာမှုမှာ ပြဿနာရှိနေတယ်ဆိုရင် စာလုပ်ဖို့ဟာ ကလေးရဲ့ တာဝန်ဖြစ်တယ်ဆိုတာကို ကလေးနားလည်အောင်ရှင်းပြရမယ် .. စာလေ့လာဖို့အတွက် အခက်အခဲရှိနေချိန် တိုင်းမှာ ကလေးကိုအကူအညီပေးဖို့ရာအတွက် အဆင့်သင့်ရှိနေပါတယ်ဆိုတာ ကလေးသိအောင် ပြောပြထားရမယ် .. ဒါပေမယ့် ကလေးရဲ့တာဝန်ကိုတော့ ဝင်ရောက်စွက်ဖက်တာမျိုး မပြုသင့်ဘူး .. အကူအညီတောင်းတာ မရှိဘဲနဲ့ ကလေးရဲ့အလုပ်မှာ ဝင်မရှုပ်သင့်ဘူး

လူငယ် - အဲ့ဒါက မိဘ-သားသမီးဆက်ဆံရေးရဲ့ အလွန်ကိုရောက်သွားလို့လား

ဒဿနပညာရှင် - ဟုတ်တယ် .. ရောက်သွားတာပေါ့ .. အက်ဒလာစိတ်ပညာရဲ့ ဆွေးနွေးကုသပေးမှုမှာ ငါတို့ဟာ ဆွေးနွေးကုသပေးသူတစ်ယောက်အနေနဲ့ အမှုသည်ရဲ့ ပြောင်းလဲလာခြင်း၊ ပြောင်းလဲမလာခြင်းတွေကို မစဉ်းစားကြဘူး

လူငယ် - အခု ခင်ဗျားဘာတွေပြောနေတာလဲ

ဒဿနပညာရှင် - ဆွေးနွေးကုသပေးမှုရဲ့ ရလဒ်အနေနဲ့ အမှုသည်ဟာ ဘယ်လိုဆုံးဖြတ်ချက်မျိုးချသွားမလဲ .. သူ့ဘဝနေထိုင်မှုပုံစံကိုပြောင်းလဲမလား၊ မပြောင်းလဲဘူးလား .. ဒါက အမှုသည်ရဲ့တာဝန်ပဲ .. အဲ့ဒါကို ဆွေးနွေးကုသပေးသူက ဝင်မစွက်ဖက်ရဘူး

လူငယ် - မဟုတ်တာ .. အဲ့သလို တာဝန်မဲ့တဲ့ စိတ်သဘောထားကို ကျွန်တော်လက်မခံနိုင်ဘူး

ဒဿနပညာရှင် - သဘာဝအားဖြင့် လူတစ်ယောက်ဟာ သူပေးနိုင်သမျှ ထောက်ပံ့ကူညီမှုတွေအားလုံးကို ပေးတယ် .. ဒါပေမယ့် အဲ့ဒါထက်ကျော်ပြီးတော့တော့ ဝင်မစွက်ဖက်ဘူး .. ဆိုရိုးစကားဟောင်းတစ်ခုကို သတိရပါ .. "မင်း မြင်းကိုရေရှိရာကိုခေါ်သွားပေးလို့ရတယ် .. ဒါပေမယ့် ရေသောက်အောင်တော့ မလုပ်နိုင်ဘူး" ဆိုတဲ့ ဆိုရိုးစကားပေါ့ .. ဆွေးနွေးကုသပေးမှုနဲ့ လူတွေကိုပေးတဲ့ တခြားအကူအညီတွေအားလုံးကို အက်ဒလာ စိတ်ပညာရဲ့ အဲ့ဒီအခြေခံရပ်တည်ချက်နဲ့ စဉ်းစားကြည့်ပါ .. လူတစ်ယောက်ရဲ့ ရည်ရွယ်ချက်တွေကို လျစ်လျူရှုပြီး ပြောင်းလဲဖို့ဖိအားပေးခြင်းဟာ အကဲဆတ်တဲ့တုန့်ပြန်မှုတွေကိုရရှိခြင်းနဲ့ပဲ အဆုံးသတ်သွားလိမ့်မယ်

လူငယ် - ဆွေးနွေးကုသပေးသူက အမှုသည်ရဲ့ဘဝကို ပြောင်းလဲမပေးဘူးလား

ဒဿနပညာရှင် - မင်းရဲ့ဘဝကိုပြောင်းလဲနိုင်တာက မင်းပဲရှိတယ်

**တခြားသူတွေရဲ့အလုပ်တွေကို ဝင်မရှုပ်ပါနဲ့**

---------------------------------------------

လူငယ် - ဆိုတော့ ဥပမာအားဖြင့် အခန်းထဲမှာပိတ်ပြီးနေတဲ့သူတွေကျတော့ ဘယ်လိုလဲ .. ဆိုလိုတာက ကျွန်တော့်သူငယ်ချင်းလိုမျိုးလူတွေပေါ့ .. သူတို့ကိုရော အလုပ်ခွဲခြားခြင်းသဘောနဲ့ဆို ဘယ်လိုပြောမလဲ .. သူတို့အလုပ်ကိုဝင်မရှုပ်ရဘူးလား .. အဲ့သလိုဖြစ်တာကရော မိဘတွေကြောင့် မဟုတ်ဘူးလား

ဒဿနပညာရှင် - သူဟာ အဲ့သလိုအခန်းပိတ်နေတဲ့ ဖြစ်ရပ်ကြီးကို အဆုံးသတ်နိုင်စွမ်းရှိသလား မရှိဘူးလား .. ဒါမှမဟုတ် ဘယ်လိုနည်းလမ်းအားဖြင့် သူဟာ အဲ့ဒီဖြစ်ရပ်ကြီးကို အဆုံးသတ်နိုင်မလဲ .. စည်းမျဉ်းအရဆိုရင် အဲ့ဒါဟာ သူကိုယ်တိုင်ဖြေရှင်းရမယ့် တာဝန်ပဲ .. မိဘတွေက ဝင်ရောက်စွက်ဖက်စရာမလိုဘူး .. ဘယ်လိုပဲဖြစ်ပါစေ သူတို့ဟာ သူစိမ်းပြင်ပြင်တွေမဟုတ်ကြတဲ့အတွက် တမျိုးမျိုးသော ထောက်ပံ့ကူညီမှုကတော့ လိုလိမ့်မယ် .. ဒီနေရာမှာ အရေးအကြီးဆုံးအချက်က သူဝေခွဲမရဖြစ်နေတဲ့အချိန်မှာ ကလေးဟာသူ့မိဘတွေနဲ့ ပွင့်ပွင့်လင်းလင်းဆွေးနွေးလို့ရတယ်လို့ သူခံစားရသလားဆိုတာနဲ့ ကလေးဖက်ကကြည့်ရင် ယုံကြည်စိတ်ချရတဲ့ဆက်ဆံမှုကို မိဘတွေက အမြဲမပြတ်ထူထောင်ထားသလား ဆိုတဲ့အချက်ပဲ

လူငယ် - ဆိုတော့ ခင်ဗျားရဲ့ကလေးသာ အဲ့သလိုအခန်းပိတ်ပြီးနေမယ်ဆိုရင် ခင်ဗျားဘာလုပ်မလဲ .. ဒီမေးခွန်းကို ဒဿနပညာရှင်တစ်ယောက်အနေနဲ့မဟုတ်ဘဲ မိဘတစ်ယောက်အနေနဲ့ ဖြေပေးပါ

ဒဿနပညာရှင် - ဦးဆုံးအနေနဲ့ ဒါဟာကလေးရဲ့တာဝန်သာဖြစ်တယ်လို့ ငါစဉ်းစားမိလိမ့်မယ် .. သူအခန်းပိတ်နေတဲ့ကိစ္စမှာဝင်မစွက်ဖက်မိဖို့ ငါကြိုးစားမယ် .. အဲ့ဒီကိစ္စအပေါ်မှာ အလွန်အမင်းအာရုံစူးစိုက်နေတာမျိုးမဖြစ်အောင် ငါရှောင်မယ် .. ပြီးတော့ သူလိုအပ်နေတဲ့အချိန်တိုင်းမှာ ငါဟာသူ့ကိုအကူအညီပေးဖို့ရာအတွက် အမြဲအဆင့်သင့်ဖြစ်နေပါတယ်ဆိုတာ သူသိအောင်ပြောပြမယ် .. အဲ့ဒီနည်းအားဖြင့် ကလေးဟာ သူ့မိဘတွေဆီမှာ အပြောင်းအလဲဖြစ်နေတယ်ဆိုတဲ့ ခံစားချက်ကို ရလာမယ် .. အဲ့ဒီအခါမှာသူဟာ တခြားဘာမှလုပ်စရာမရှိတော့ဘဲ သူဘာလုပ်သင့်သလဲဆိုတဲ့ သူ့တာဝန်ကို သူပြန်စဉ်းစားသုံးသပ်မိလာလိမ့်မယ် .. သူလာပြီးလိုအပ်တဲ့အကူအညီကို တောင်းခံကောင်းတောင်းခံလာလိမ့်မယ် .. ပြီးတော့ တစ်ခုခုကို သူကိုယ်တိုင်လုပ်ဖို့ကြိုးစားလာလိမ့်မယ် ..

လူငယ် - အဲ့သလိုအခန်းပိတ်နေတာက ခင်ဗျားရဲ့ ကလေးဆိုရင် ခင်ဗျားအဲ့သလို ပြတ်သားအေးစက်တဲ့နည်းနဲ့ တကယ်ပဲ ဆက်ဆံနိုင်ပါ့မလား

ဒဿနပညာရှင် - မိဘတွေ သားသမီးနဲ့ဆက်ဆံရေးမှာ နာကျင်ခံစားနေရတယ်ဆိုတာက ငါ့ကလေးဟာ ငါ့ဘဝပဲဆိုတဲ့အတွေးမျိုးနဲ့ စဉ်းစားကြလို့ပဲ .. တနည်းပြောရရင် မိဘတွေဟာ ကလေးလုပ်ရမယ့်တာဝန်တွေကို

သူတို့လုပ်ရမယ့်တာဝန်တွေလို့ မှတ်ယူနေကြပြီး ကလေးကလွဲလို့တခြားဘာကိုမှ မစဉ်းစားနိုင်ကြတော့လို့ပဲ .. အဲ့ဒါကို မိဘတွေသတိပြုမိသွားကြတဲ့အချိန်မှာ သူတို့ဘဝရဲ့ "ငါ" ဟာ သူတို့ဘဝထဲမှာမရှိတော့ဘဲ သူတို့ကလေးရဲ့ဘဝမှာသွားကပ်ငြိနေပြီး ဖြစ်နေကြပြီ .. ဒါပေမယ့် မိဘတွေကလေးရဲ့တာဝန်တွေ ဘယ်လောက်လေးလေးလံလံကို ထမ်းပေးနေသည်ဖြစ်စေ ကလေးဟာ သူ့ဟာသူသီးခြားဖြစ်တည်နေတဲ့ သူတစ်ဦးအဖြစ် ရှိနေဆဲပါပဲ .. ကလေးတွေဟာ သူတို့မိဘတွေဖြစ်စေချင်တဲ့အတိုင်း ဖြစ်မလာကြဘူး .. သူတက်ချင်တဲ့ တက္ကသိုလ်ကို ရွေးချယ်ရာမှာ၊ အလုပ်ရွေးချယ်ရာမှာ၊ လက်ထက်ရမယ့် ဘဝလက်တွဲဖော်ကိုရွေးချယ်ရာမှာ ပြီးတော့ နေ့စဉ်ဘဝမှာ ပြောဆို ပြုမူနေကြတဲ့ စကားတွေနဲ့ အပြုအမူတွေကို ပြောဆိုလုပ်ဆောင်ကြရာမှာတောင်မှ ကလေးတွေဟာ သူတို့မိဘတွေရဲ့ ဆန္ဒနဲ့အညီ မလုပ်ဆောင်ကြဘူး .. အဲ့သလိုအချိန်မှာ မိဘတွေဟာ ကလေးအတွက် စိတ်ပူလာကြလိမ့်မယ် .. ပြီးတော့ ကလေးကို ဝင်ရောက်စွက်ဖက်တာတွေ လုပ်လာကြလိမ့်မယ် .. ဒါပေမယ့် ငါစောစောက ပြောခဲ့သလိုပဲ အခြားသူတွေဟာ မင်းရဲ့မျှော်မှန်းချက်တွေပြည့်ဝစေဖို့ရာအတွက် ရှင်သန်ပေးနေကြတဲ့သူတွေ မဟုတ်ဘူး .. ကလေးတွေကို မိဘတွေက ပိုင်တယ်ဆိုပေမယ့် သူတို့လေးတွေဟာလည်း မိဘတွေရဲ့ မျှော်မှန်းချက်တွေပြည့်ဝစေဖို့ရာအတွက် ရှင်သန်နေကြသူတွေ မဟုတ်ကြပါဘူး

လူငယ် - ဆိုတော့ မိသားစုအတွင်းမှာတောင်မှ အကန့်အသတ်မျဉ်းတွေ ပိုင်းခြားထားရမယ်ပေ့ါ

ဒဿနပညာရှင် - တကယ်တော့ မိသားစုတွေအကြားမှာ အကွာအဝေးဟာ သိပ်နည်းပါးလွန်းတယ် .. ဆိုတော့ တာဝန်တွေကို သိမြင်ပြီး ခွဲခြားထားဖို့က ပိုပြီးလိုအပ်တယ်

လူငယ် - ဒါက အဓိပ္ပာယ်မရှိဘူး .. တခြားတစ်ဖက်မှာ ချစ်ခြင်းမေတ္တာအကြောင်း ခင်ဗျားပြောတယ် .. ပြီးတော့ တစ်ဖက်မှာလည်း ခင်ဗျားအဲ့ဒါကို ငြင်းပယ်နေပြန်တယ် .. ခင်ဗျားနဲ့တခြားသူတွေကြားမှာ အဲ့သလိုမျဉ်းကြောင်းတွေလိုက်ပိုင်းခြားနေမယ်ဆိုရင် ခင်ဗျားဘယ်သူ့ကိုမှ ယုံကြည်လို့ရမှာမဟုတ်တော့ဘူး

ဒဿနပညာရှင် - ဒီမှာ .. ယုံကြည်မှုဆိုတဲ့ ကိစ္စကလည်း တာဝန်ပိုင်းခြားခြင်းပါပဲ .. မင်းဟာ မင်းရဲ့ လက်တွဲဖော်အပေါ်မှာ ယုံကြည်တယ် .. အဲ့ဒါက မင်းရဲ့တာဝန်ဖြစ်တယ် .. ဒါပေမယ့် မင်းရဲ့မျှော်မှန်းချက်နဲ့ ယုံကြည်မှုအပေါ်မှာ အဲ့ဒီလူက ဘယ်လိုတုန့်ပြန်သလဲဆိုတာကတော့ သူ့ရဲ့တာဝန်ပဲဖြစ်တယ် .. အဲ့ဒီမျဉ်းကြောင်းကိုဆွဲမထားဘဲ မင်းရဲ့အလိုဆန္ဒတွေကိုသွားပြီး ရှေ့တန်းတင်ရင် မင်းဟာမင်းမသိခင်မှာပဲ အမဲလိုက်သမားလို တွန်းထိုးပြီး ဝင်ရောက်စွက်ဖက်တတ်သူတစ်ယောက်အဖြစ်ကို ရောက်သွားမှာပဲ .. မင်းရဲ့လက်တွဲဖော်က မင်းပြုမူစေချင်တဲ့အတိုင်း မလုပ်ဘူးဆိုကြပါစို့ .. မင်း အဲ့ဒီလူအပေါ်မှာ ဆက်ယုံကြည်မှုရှိနေနိုင်ဦးမလား .. အဲ့ဒီလူကို ဆက်ချစ်နေနိုင်ဦးမလား .. အက်ဒလာပြောတဲ့ အချစ်တာဝန်ဆိုတာဟာ အဲ့သလိုမေးခွန်းတွေနဲ့ ဖွဲ့စည်းတည်ဆောက်ထားတာပဲ

လူငယ် - ဒါက ခက်တယ် .. အဲ့သလိုလုပ်နိုင်ဖို့က အတော်ကိုခက်ခဲတယ်

ဒဿနပညာရှင် - ဟုတ်တယ် .. ခက်တာပေါ့ .. ဒါပေမယ့် ဒီလိုစဉ်းစားကြည့် .. လူတစ်ယောက်ရဲ့တာဝန်ကို ဝင်ရောက်စွက်ဖက်တာ၊ လူတစ်ယောက်ရဲ့တာဝန်ကို ဝင်ရောက်လုပ်ဆောင်တာတွေဟာ မင်းဘဝကို လေးလံတဲ့ ဘဝတစ်ခုအဖြစ်၊ အခက်အခဲတွေပြည့်နေတဲ့ဘဝတစ်ခုအဖြစ် ပြောင်းလဲသွားစေလိမ့်မယ် .. မင်းမှာ လူလူချင်း ဆက်ဆံရေးကနေ ပေါက်ဖွားလာတဲ့ ပူပန်မှုတွေ၊ နာကျင်ခံစားရမှုတွေပြည့်နှက်နေတဲ့ ဘဝတစ်ခုရှိနေရင် "ဒီကနေ စပြီးတော့ အဲ့ဒါဟာငါ့တာဝန်မဟုတ်တော့ဘူး" ဆိုတဲ့ အကန့်အသတ်ကိုနားလည်အောင် ကြိုးစားကြည့်ပါ .. ပြီးတော့ တခြားသူတွေရဲ့တာဝန်တွေကို ဝင်မရှုပ်ပါနဲ့တော့ .. အဲ့ဒါဟာ ဘဝရဲ့ဝန်ထုပ်တွေကို ပေါ့ပါးသွားစေပြီး ရိုးရှင်းတဲ့ဘဝတစ်ခုကို တည်ဆောက်နိုင်ဖို့ရာအတွက် ပထမအဆင့်ပါပဲ

**လူလူချင်းဆက်ဆံရေးပြဿနာတွေထဲကနေ ဘယ်လိုရုန်းထွက်ရမလဲ**

---------------------------------------------------------------------------

လူငယ် - ကျွန်တော်မသိဘူး .. အဲ့ဒါကိုကျွန်တော် ဘဝင်မကျဘူး

ဒဿနပညာရှင် - ဒါဆိုရင် မင်းအလုပ်ကိုရွေးချယ်တဲ့အချိန်မှာ မင်းမိဘတွေ ပြင်းပြင်းထန်ထန်ကန့်ကွက်ခဲ့ကြတဲ့ အနေအထားကို မြင်ယောင်ကြည့်ကြရအောင် .. သူတို့ ဆန့်ကျင်ကန့်ကွက်ခဲ့ကြတယ် .. ဟုတ်တယ်နော်

လူငယ် - ဟုတ်ပါတယ် .. သူတို့ပြင်းပြင်းထန်ထန်ကန့်ကွက်ခဲ့ကြတယ်လို့တော့ ကျွန်တော်မပြောလိုပါဘူး .. ဒါပေမယ့် သူတို့ မထိတထိနဲ့ ခနဲ့တဲ့တဲ့စကားတွေတော့ အတော်လေးပြောခဲ့ကြတယ်

ဒဿနပညာရှင် - ကောင်းပြီ .. ချဲ့ကြည့်ကြရအောင် .. သူတို့ ပြင်းပြင်းထန်ထန်ကန့်ကွက်ခဲ့ကြတယ်ပဲ ဆိုကြပါစို့ .. မင်းအဖေက ဒေါသတကြီးနဲ့ အော်ဟစ်ပြောဆိုကန့်ကွက်မယ် .. မင်းအမေကတော့ မျက်ရည်လည်ရွဲနဲ့ မင်းဆုံးဖြတ်ချက်ကို ပြင်ဖို့ပြောနေမယ် .. မင်း စာကြည့်တိုက်မှူးတစ်ယောက်ဖြစ်လာမှာကို သူတို့လုံးဝ သဘော မတူနိုင်ကြဘူး .. မင်းအစ်ကိုလိုမျိုး မိသားစုစီးပွားရေးကို ဆက်ခံပြီးမလုပ်ကိုင်ဘူးဆိုရင် မင်းကိုသူတို့ စွန့်ပစ်ချင် ကြလိမ့်မယ် .. ဒါပေမယ့် မင်းကို "သဘောမတူ ခွင့်မပြု" နိုင်ဘူးဆိုတဲ့ စိတ်ခံစားချက်ဖြစ်လာခြင်းဟာ မင်းမိဘ တွေရဲ့ အလုပ်ပဲဖြစ်တယ် .. မင်းအလုပ်မဟုတ်ဘူး .. အဲ့ဒါဟာ မင်းစိုးရိမ်ရမယ့် ပြဿနာတစ်ခုမဟုတ်ဘူး

လူငယ် - နေပါဦး .. ကျွန်တော့်မိဘတွေဝမ်းနည်းပူဆွေးရအောင် ကျွန်တော်ဘယ်လောက်ပဲလုပ်လုပ် ကိစ္စမရှိဘူး လို့ ခင်ဗျားပြောချင်တာလား

ဒဿနပညာရှင် - အမှန်ပဲ .. အဲ့ဒါက လုံးဝပြဿနာမရှိဘူး

လူငယ် - ခင်ဗျားနောက်နေတာလား .. ဒဿနဗေဒမှာ သားသမီးဝတ္တရားနဲ့ဆန့်ကျင်တဲ့အပြုအမူတွေကို အားပေးတာမျိုး ရှိတယ် ဟုတ်လား

ဒဿနပညာရှင် - မင်းရဲ့ကိုယ်ပိုင်ဘဝနဲ့ပတ်သက်ပြီး မင်းလုပ်နိုင်သမျှက မင်းယုံကြည်ထားတဲ့အထဲက အကောင်းဆုံးလမ်းကြောင်းကို မင်းရွေးချယ်ဖို့ပါပဲ .. တခြားတစ်ဖက်မှာလည်း မင်းရွေးချယ်ထားတဲ့အပေါ်မှာ တခြားလူတွေက သူတို့ထင်သလို မြင်သလိုဝေဖန်ကြမှာပဲ .. အဲ့ဒါက သူတို့အလုပ် .. တခြားသူတွေရဲ့ အလုပ်ပဲ .. အဲ့ဒါတွေက မင်းဘာမှမတတ်နိုင်တဲ့ ကိစ္စတွေပဲ

လူငယ် - တခြားလူတစ်ယောက် ကျွန်တော့်အပေါ်ထင်မြင်ယူဆတာတွေက သူကျွန်တော့်ကိုကြိုက်တာဖြစ်စေ မကြိုက်တာ ဖြစ်စေ အဲ့ဒါက သူ့အလုပ်ပဲ .. ကျွန်တော့်အလုပ်မဟုတ်ဘူး .. ခင်ဗျား အဲ့သလိုပြောတာလား

ဒဿနပညာရှင် - ခွဲခြားခြင်းဆိုတာ အဲ့ဒါပဲ .. မင်းက တခြားသူတွေရဲ့ထင်မြင်ချက်တွေကို စိုးရိမ်ပူပန်နေတာပဲ .. တခြားလူတွေက မင်းကိုဝေဖန်ဆုံးဖြတ်ကြမှာကို မင်းစိုးရိမ်နေတာ .. အဲ့ဒါကြောင့်ပဲ မင်းဟာ တခြားသူတွေရဲ့ အသိအမှတ်ပြုမှုကို အမြဲတစေ တောင့်တနေတာပဲ .. အခု တခြားသူတွေရဲ့ ထင်မြင်ချက်တွေကို မင်းဘာကြောင့် စိတ်ပူနေတာလဲဆိုတာနဲ့ပတ်သက်လို့ အက်ဒလာစိတ်ပညာမှာ လွယ်ကူတဲ့အဖြေတစ်ခုရှိတယ် .. မင်းအခုအထိ တာဝန်ခွဲခြားတာကို မလုပ်ရသေးလို့ပဲ .. တခြားလူတွေရဲ့ တာဝန်အားလုံးကို မင်းတာဝန် မင်းအလုပ်တွေလို့ မင်းထင်မြင်ယူဆနေတယ် .. အဖွားပြောခဲ့တဲ့စကားလေးကို ပြန်သတိရလိုက် .. "မင်းရဲ့ ပုံပန်းသွင်ပြင်နဲ့ ပတ်သက်ပြီး စိုးရိမ်ပူပန်နေတာက မင်းတစ်ယောက်ထဲပဲပါ" ဆိုတဲ့စကားလေ .. သူ့စကားက တာဝန်ခွဲခြားခြင်း ဆိုတဲ့ကိစ္စရဲ့ နှလုံးသည်းပွတ်အထိ ရောက်တဲ့စကားတစ်ခွန်းပဲ .. မင်းရဲ့မျက်နှာကိုမြင်တဲ့အချိန်မှာ တခြားသူတွေ ဘယ်လိုထင်ကြမလဲ .. အဲ့ဒါဟာ တခြားသူတွေရဲ့အလုပ်သာဖြစ်ပြီး အဲ့ဒီလိုသူတို့ထင်မြင်ကြတဲ့အပေါ်မှာ မင်းဘာမှထိန်းချုပ်လို့ မရဘူး

လူငယ် - သီအိုရီအရတော့ အဲ့ဒါကိုကျွန်တော် သဘောပေါက်ပါတယ် .. ကျွန်တော့်ရဲ့ ကြောင်းကျိုးဆင်ခြင်တတ်တဲ့ဦးနှောက်အတွက်တော့ အဲ့ဒါက အဓိပ္ပါယ်မရှိဘူး .. ဒါပေမယ့် ကျွန်တော့်စိတ်ခံစားချက်တွေက ဒီလို အထက်စီးကနေ နေရာအမြင့်ယူပြီး ငြင်းခုံပြောကြားတဲ့ ဆွေးနွေးချက်တွေနဲ့ အသားမကျသေးဘူးဖြစ်နေတယ်

ဒဿနပညာရှင် - ဒါဖြင့် နောက်ထပ် လမ်းကြောင်းတစ်မျိုးကနေ ပြောကြည့်ကြရအောင် .. သူ့အလုပ်လုပ်တဲ့ ကုမ္ပဏီမှာ လူမှုဆက်ဆံရေးနဲ့ပတ်သက်ပြီး စိုးရိမ်သောကပွားနေတဲ့လူတစ်ယောက် ရှိတယ်ဆိုကြပါစို့ .. အခွင့်ရ တိုင်းသူ့ကိုအော်ဟစ်ဆူပူနေတဲ့ လုံးဝအဆင်မပြေတဲ့ အထက်လူကြီးတစ်ယောက်သူ့မှာရှိတယ် .. သူဘယ်လောက်ကြိုးစားကြိုးစား သူ့အထက်လူကြီးဟာ သူ့အားထုတ်မှုကို အသိအမှတ်မပြုဘူး .. ပြီးတော့ သူပြောသမျှကိုလည်း ဘယ်တော့မှ တကယ်နားမထောင်ဘူး

လူငယ် - ကျွန်တော့်အထက်လူကြီးနဲ့ တထေရာထဲပဲ

ဒဿနပညာရှင် - ဒါပေမယ့် "အလုပ်" မှာ မင်းရဲ့အထက်လူကြီး အသိအမှတ်ပြုရေးကို ထိပ်တန်းဦးစားပေး အရာအဖြစ်စဥ်းစားသင့်သလား .. မင်းအလုပ်လုပ်တဲ့နေရာမှာရှိတဲ့လူတွေ မင်းကိုကြိုက်အောင်လုပ်ဖို့ရာသည် မင်းအလုပ်မဟုတ်ဘူး .. မင်းအထက်အရာရှိက မင်းကိုမနှစ်သက်ဘူး .. ပြီးတော့ မင်းကိုသူမကြိုက်ရခြင်း အကြောင်းရင်းကလည်း ကျိုးကြောင်းမဆီလျော်ဘူး .. ဒါပေမယ့် ဒီနေရာမှာ သူနဲ့ နွေးထွေးတဲ့ဆက်ဆံရေး ရှိအောင်လုပ်ဖို့ မင်းအတွက် မလိုအပ်ဘူး

လူငယ် - ဒါက မှန်ပုံရပါတယ် .. ဒါပေမယ့် အဲ့ဒီလူက ကျွန်တော့်အထက်အရာရှိလေ .. မဟုတ်ဘူးလား .. ကျွန်တော့်တိုက်ရိုက်ကြီးကြပ်အုပ်ချုပ်သူက ရှောင်ဖယ်ရှောင်ဖယ်လုပ်နေရင် ကျွန်တော်ဘာအလုပ်မှ ပြီးမြောက်မှာမဟုတ်တော့ဘူးလေ

ဒဿနပညာရှင် - အဲ့ဒါဟာ အက်ဒလာပြောတဲ့ ဘဝရဲ့မုသားထဲကို ထပ်ကျသွားပြန်ပြီ .. ကျွန်တော် ကျွန်တော့် အလုပ်ကို မလုပ်နိုင်ဘူး ဘာကြောင့်လဲဆိုတော့ ကျွန်တော့်အထက်အရာရှိက ရှောင်ဖယ်ရှောင်ဖယ်လုပ်နေလို့ ဆိုတာမျိုး ဖြစ်သွားပြီလေ .. ကျွန်တော့်အလုပ်မပြီးတာ အထက်လူကြီးရဲ့အမှားပဲဆိုတဲ့ ဆင်ခြေထဲရောက်သွားပြီ .. အဲ့သလိုမျိုးပြောတဲ့လူတစ်ယောက်ဟာ အထက်လူကြီးရဲ့တည်ရှိမှုကို သူ့အလုပ်မပြီးမြောက်ခြင်းရဲ့ ဆင်ခြေ တစ်ခုအဖြစ် အသုံးပြုနေတာပဲ .. ရက်သွေးဖြန်းပြီးမျက်နှာရဲလာမှာကိုကြောက်တဲ့ ကောင်မလေးလိုပဲ .. တကယ်တန်းမှာတော့ ဆိုးသွမ်းတဲ့အထက်လူကြီးတစ်ယောက်ကို မင်းအလိုရှိနေတာပဲ .. ဘာကြောင့်လဲဆို တော့ အဲ့ဒါမှသာ "ဒီအထက်လူကြီးမရှိခဲ့ရင် ငါအလုပ်တွေပိုပြီးမြောက်မှာပဲ" ဆိုတဲ့ဆင်ခြေကို မင်းပေးလို့ရမှာမို့ပဲ

လူငယ် - မဟုတ်ဘူး .. ကျွန်တော်နဲ့ ကျွန်တော့်အထက်အရာရှိရဲ့ဆက်ဆံရေးအခြေအနေကို ခင်ဗျားမသိပါဘူး .. ခင်ဗျားအဲ့သလို ထင်ရာမြင်ရာတွေကို မှန်းဆပြောနေတာကို ကျွန်တော် ရပ်စေချင်တယ်

ဒဿနပညာရှင် - ဒါဟာ အက်ဒလာစိတ်ပညာရဲ့ အခြေခံသဘောတရားတွေနဲ့ သက်ဆိုင်တဲ့ဆွေးနွေးချက်ဖြစ် တယ် .. မင်းစိတ်ဆိုးဒေါသထွက်နေရင် ဘာအသိမှယူလို့ရမှာမဟုတ်ဘူး .. ငါ့မှာအဲ့ဒီအထက်လူကြီးရှိနေလို့ ငါအလုပ်ကောင်းကောင်းမလုပ်နိုင်ဘူး လို့မင်းထင်နေတယ် .. အဲ့ဒါက အကြောင်းကြောင့်အကျိုးဖြစ်လာရတယ် လို့ပုံချတဲ့အယူပဲ .. ဒါပေမယ့် တကယ်တန်းမှာတော့ငါအလုပ်မလုပ်ချင်ဘူး ဒါကြောင့် ဆိုးသွမ်းတဲ့အထက်လူကြီး တစ်ယောက်ကို ငါဖန်တီးလိုက်မယ် .. ဒါမှမဟုတ် ငါ့ရဲ့စွမ်းဆောင်ရည်မပြည့်ဝမှုကို ငါလက်မခံချင်ဘူး ဒါကြောင့် ဆိုးသွမ်းတဲ့အထက်လူကြီးတစ်ယောက်ကို ငါဖန်တီးလိုက်မယ် ဆိုတာမျိုး မင်းလုပ်နေတာပဲ .. အမှန်တော့ မင်းဟာ အကျိုးအတွက်ဖန်တီးလိုက်သောအကြောင်း ရှုထောင့်ကနေ ကြည့်သင့်တယ်

လူငယ် - ဒါကတော့ ခင်ဗျားရဲ့ အကျိုးအတွက်ဖန်တီးလိုက်သောအကြောင်းဆိုတဲ့ ဘောင်ထဲကို ထည့်လိုက်တာပဲ .. ဒါပေမယ့် ကျွန်တော့်ကိစ္စမှာတော့ အဲ့သလိုမျိုးမဟုတ်ဘူး

ဒဿနပညာရှင် - ဆိုတော့ မင်းတာဝန်ခွဲခြားမှုကိုလုပ်ပြီးပြီ ဆိုကြပါစို့ .. အဲ့ဒါဆို ဘယ်လိုဖြစ်သွားမလဲ .. တနည်း ပြောရရင် မင်းရဲ့အထက်အရာရှိက သူ့ရဲ့ကြောင်းကျိုးမဆီလျော်တဲ့ ဒေါသကို မင်းအပေါ် ဘယ်လိုပဲ ပုံချနေသည် ဖြစ်ပါစေ အဲ့ဒါက မင်းရဲ့အလုပ်မဟုတ်ဘူး .. ကြောင်းကျိုးမဆီလျော်တဲ့စိတ်ခံစားချက်တွေဟာ မင်းအထက် အရာရှိကိုယ်တိုင်ကိုင်တွယ်ဖြေရှင်းရမယ့် သူ့ပြဿနာတွေပဲ .. မင်းသူနဲ့ အဆင်ပြေအောင်လိုက်နေပေးဖို့ မလိုအပ်ဘူး .. သူ့ကိုလိုက် ခယနေစရာလည်းမလိုဘူး .. မင်းစဉ်းစားသင့်တာက "ငါလုပ်သင့်တာက ငါ့ကိုယ်ပိုင် ဘဝမှာ ငါ့ကိုယ်ပိုင်အလုပ်တွေကို မှသားမပါဘဲ ရင်ဆိုင်သင့်တယ်" ဆိုတာပဲ

လူငယ် - ဒါပေမယ့် .. အဲ့ဒါက ........

ဒဿနပညာရှင် - ငါတို့အားလုံးဟာ လူလူချင်းဆက်ဆံရေးမှာ နာကျင်ခံစားနေရတာချည်းပဲ .. မိဘနဲ့ ဆက်ဆံရေးဖြစ်ကောင်းဖြစ်မယ် .. အစ်ကိုကြီးနဲ့ ဆက်ဆံရေးဖြစ်ကောင်းဖြစ်မယ် .. အလုပ်မှာ ကြုံတွေ့ရတဲ့ လူမှု ဆက်ဆံရေးဖြစ်ချင်ဖြစ်မယ် .. အရင်တစ်ခါတုန်းက မင်းကိုတိကျတဲ့ လုပ်စရာအဆင့်တွေ ပြောပြပါလို့ မင်းပြောခဲ့ တယ် .. အခုငါပြောမယ် .. ပထမအဆင့်က လူတစ်ယောက်ဟာ "ဒါ ဘယ်သူ့အလုပ်လဲ" ဆိုတဲ့မေးခွန်းကို မေးသင့်တယ် .. ပြီးတော့ တာဝန်ခွဲခြားခြင်းကိုလုပ်ရမယ် .. လူတစ်ယောက်ရဲ့ ကိုယ်ပိုင်အလုပ်တာဝန်က ဘယ်နေရာအထိရှိသလဲဆိုတာကို ခေါင်းအေးအေးနဲ့ အသေးစိတ်ခွဲခြားရမယ် .. ပြီးတော့ ဘယ်နေရာကစပြီး အဲ့ဒါဟာ အခြားသူရဲ့အလုပ်တာဝန် ဖြစ်သွားသလဲဆိုတာကို ဆုံးဖြတ်ခွဲခြားရမယ် .. ပြီးတော့ တခြားသူတွေရဲ့ အလုပ်မှာ ဝင်မရှုပ်နဲ့ .. ဒါမှမဟုတ် မင်းရဲ့အလုပ်တွေမှာလည်း ဘယ်တစ်ယောက်သောသူကိုမှ ဝင်မရှုပ်စေနဲ့ .. ဒါဟာ အက်ဒလာစိတ်ပညာရဲ့ တိကျပြီး တော်လှန်ရေးဆန်တဲ့ တမူထူးခြားတဲ့ ရှုမြင်ပုံပဲ .. ပြီးတော့ အဲ့ဒီအထဲမှာ လူတစ်ယောက်ရဲ့ လူလူချင်းဆက်ဆံရေးပြဿနာတွေကို ပြောင်းလဲပြေလည်သွားစေမယ့် အလားအလာတွေ လည်း ပါရှိနေတယ်

လူငယ် - အား .. ဒီနေ့ဆွေးနွေးမယ့်အကြောင်းအရာက လွတ်လပ်မှုအကြောင်းဖြစ်တယ်လို့ ခင်ဗျားဘာကြောင့် ပြောခဲ့သလဲဆိုတာကို ကျွန်တော်နားလည်စပြုလာပြီ

ဒဿနပညာရှင် - အမှန်ပဲ .. ငါတို့အခု လွတ်လပ်မှုအကြောင်း ပြောဖို့ကြိုးစားနေကြတာလေ

**ဂေါ်ဒီယံကြိုးထုံးကို ဖြတ်ထုတ်ပစ်ပါ**

-------------------------------------

လူငယ် - လူတစ်ယောက်ဟာ တာဝန်ခွဲခြားခြင်းသဘောတရားကို နားလည်ပြီး လက်တွေ့ကျင့်သုံးနိုင်မယ်ဆိုရင် သူ့ရဲ့လူလူချင်းဆက်ဆံရေးဟာ ချက်ချင်းဆိုသလိုပဲ လွတ်လပ်သွားလိမ့်မယ်ဆိုတာ ကျွန်တော်နားလည်ပါတယ် .. ဒါပေမယ့် အဲ့ဒါကို ကျွန်တော်လက်ခံလို့မရနိုင်သေးဘူး ဖြစ်နေတယ်

ဒဿနပညာရှင် - ဆက်ပြောပါဦး .. ငါ နားထောင်နေပါတယ်

လူငယ် - သီအိုရီအရတော့ တာဝန်ခွဲခြားခြင်းသဘောတရားဟာ လုံးဝမှန်တယ်လို့ ကျွန်တော်ထင်တယ် .. အခြားသူတွေကျွန်တော့်အပေါ်ထင်မြင်တာ၊ ကျွန်တော့်အပေါ် ဆုံးဖြတ်သတ်မှတ်ချက်တွေချတာတွေဟာ သူတို့အလုပ်ပါပဲ .. အဲ့ဒါကတွေက ကျွန်တော်ဘာမှတတ်နိုင်တဲ့ကိစ္စတွေ မဟုတ်ပါဘူး .. ပြီးတော့ ကျွန်တော်ဟာ ကျွန်တော့်ဘဝမှာလုပ်စရာရှိတာတွေကို ဘာမှသားမှမသုံးဘဲ လုပ်ရမယ် .. ဒါဟာ ဘဝရဲ့အမှန်တရားတစ်ခုလို့ ခင်ဗျားပြောတာက ကျွန်တော့်အတွက် ဘာပြဿနာမှမရှိပါဘူး .. ကျွန်တော်အနေနဲ့လည်း အဲ့ဒါကို မှန်တယ်လို့ ထင်ပါတယ် .. ဒါပေမယ့် ဒါကိုတစ်ချက်စဉ်းစားကြည့်ပါ .. ကျင့်ဝတ်နဲ့ လူ့ဂုဏ်သိက္ခာရှုထောင့်ကနေကြည့်ရင် အဲ့ဒါတွေဟာ မှန်ကန်တဲ့လုပ်ရပ်တွေလို့ ပြောလို့ရပါ့မလား .. ဆိုလိုတာက မိမိနဲ့ အခြားသူတွေအကြားမှာ အကန့်အသတ်မျဉ်းကြောင်းတွေဆွဲပြီး နေထိုင်တာမျိုးကလေ .. ဘာကြောင့်လဲဆိုတော့ အခြားသူတွေက ခင်ဗျားအတွက် စိုးရိမ်ပူပန်လို့ တစ်ခုခုပြောတာ၊ ခင်ဗျားဘာတွေလုပ်နေတာလဲလို့ မေးတာမျိုးတွေလုပ်တဲ့အခါတိုင်းမှာ ခင်ဗျားက "မင်း ငါ့ကိစ္စကို ဝင်စွက်ဖက်နေတာပဲ" လို့ပြောလိုက်တာမျိုးက အခြားသူတွေကို အဝေးကိုတွန်းထုတ်ပြီးသူတို့စေတနာကို စော်ကားနေတာမျိုး ဖြစ်မနေဘူးလား .. အဲ့သလိုလုပ်တာမျိုးက ကျွန်တော့်အမြင်မှာတော့ အခြားသူတွေရဲ့ စေတနာကို စော်ကားနေတာမျိုးလိုပဲ

ဒဿနပညာရှင် - မင်း ကြီးမြတ်တဲ့ အလက်ဇန္ဒားဘုရင် အကြောင်းကို ကြားဖူးလား

လူငယ် - ကြီးမြတ်တဲ့ အလက်ဇန္ဒား ဟုတ်လား .. သူ့အကြောင်း ကျွန်တော် ကမ္ဘာ့သမိုင်းမှာ သင်ခဲ့ဖူးပါတယ်

ဒဿနပညာရှင် - သူဟာ မက်စီဒိုနီးယန်း ဘုရင်တစ်ပါးဖြစ်ပြီး ခရစ်တော်မပေါ်မီ လေးရာစုလောက်မှာ ရှိခဲ့တဲ့သူဖြစ်တယ် .. ပါရှန်းနယ်ပယ်တစ်ခုဖြစ်တဲ့ လစ်ဒီးယားကို သူစစ်ချီခဲ့ချိန်တုန်းက မြို့ရိုးအတွင်းမှာ အမြတ်တနိုးသိမ်းဆည်းထားတဲ့ စစ်ရထားတစ်စီးအကြောင်းကို ကြားသိခဲ့ရတယ် .. အဲ့ဒီစစ်ရထားကို အရင်ဘုရင်ကြီး ဂေါ်ဒီးယပ်စ်က ဘုရားကျောင်းက တိုင်တစ်ခုမှာ ကြိုးတစ်ခုနဲ့ တင်းတင်းကြပ်ကြပ် မြဲမြဲမြံမြံချည်ထားခဲ့တယ် .. ဒေသတွင်း တဘောင်တစ်ခုကလည်း "အဲ့ဒီကြိုးထုံးကို ဖြည်နိုင်တဲ့သူဟာ အာရှတိုက်ရဲ့ အရှင်သခင်ဖြစ်လိမ့်မယ်" လို့ဆိုထားတာရှိတယ် .. အဲ့ဒါဟာ အင်မတန်တင်းကြပ်တဲ့ကြိုးထုံးဖြစ်ပြီး လူပေါင်းများစွာဘယ်လောက်ကြိုးစားပြီး ဖြည်ပေမယ့် မပြေနိုင်တဲ့ကြိုးထုံးဖြစ်တယ် .. အခု ကြီးမြတ်တဲ့အလက်ဇန္ဒားဘုရင်ဟာ အဲ့ဒီကြိုးထုံး ရှေ့မှာရပ်ပြီး ဘာလုပ်လိုက်တယ်လို့ မင်းထင်လဲ

လူငယ် - ဆိုတော့ သူဟာ အဲ့ဒီဒဏ္ဍာရီလာ ကြိုးထုံးကို အလွယ်တကူမဖြည်နိုင်ခဲ့ပေမယ့် အာရှတိုက်ကို အုပ်စိုးသူဖြစ်လာခဲ့ တယ် မဟုတ်လား

ဒဿနပညာရှင် - မဟုတ်ဘူး .. အဲ့သလိုဖြစ်ခဲ့တာ မဟုတ်ဘူး .. ကြိုးထုံးဟာ ဘယ်လောက်တင်းကြပ်တယ် ဆိုတာကို သူမြင်မြင်ချင်းမှာ သူ့ဓားကိုဆွဲထုတ်ပြီး ကြိုးထုံးကိုအလယ်ကနေ တစ်ချက်ထဲနဲ့ ထက်ဝက်ပိုင်းပစ် လိုက်တာပဲ

လူငယ် - အိုး

ဒဿနပညာရှင် - ပြီးတော့ သူပြောခဲ့တယ် .. "ကံကြမ္မာဆိုတာ ဒဏ္ဍာရီတွေကနေ သယ်ဆောင်လာတဲ့အရာ မဟုတ်ဘူး .. ကိုယ့်ကိုယ်ပိုင်ဓားနဲ့ ခုတ်ထွင်ရှင်းလင်းပစ်ရမယ့်အရာသာဖြစ်တယ်" တဲ့ .. သူဟာ ဒဏ္ဍာရီထဲက စွမ်းအားတွေကို သုံးစရာမလိုဘဲ သူ့ကံကြမ္မာကို သူ့ဓားနဲ့ပဲ တည်ဆောက်ယူခဲ့သူဖြစ်တယ် .. မင်းသိတဲ့အတိုင်းပဲ သူဟာ အဲ့ဒီနောက်မှာ အခုအချိန်မှာ အရှေ့အလယ်ပိုင်းနဲ့ အာရှအနောက်ပိုင်းလို့ သိကြတဲ့နေရာတွေကို တိုက်ခိုက် အောင်နိုင်ခဲ့တယ် .. ဒီ ဖြစ်ရပ်ကလေးကို ဂေါ်ဒီယံကြိုးထုံး ဆိုပြီးလူသိများတယ် .. ဆိုတော့ အဲ့ဒီ ကြိုးထုံးလိုမျိုး တင်းတင်းကြပ်ကြပ်ချည်နှောင်ယှက်လိမ်နေကြတဲ့ ငါတို့ရဲ့လူမှုဆက်ဆံရေးကြိုးထုံးတွေကို ရှေးရိုး နည်းလမ်းတွေသုံးပြီး ဖြေရှင်းနေလို့မရဘူး .. နည်းလမ်းအသစ်တွေသုံးပြီး ရှင်းထုတ်ပစ်ရမယ် .. တာဝန်ခွဲခြား ခြင်းသဘောတရားကို ငါရှင်းပြရတဲ့အချိန်တိုင်းမှာ ငါဟာ ဂေါ်ဒီယံကြိုးထုံးကို အမြဲသွားသွားသတိရမိတယ်

လူငယ် - ကောင်းပါပြီ .. ခင်ဗျားကို အတိုက်အခံလုပ်နေတယ်လို့ သဘောမထားပါနဲ့ .. ဒါပေမယ့် လူတိုင်းဟာ ကြီးမြတ်တဲ့အလက်ဇန္ဒား ဖြစ်မလာနိုင်ပါဘူး .. ဇာတ်လမ်းထဲမှာတောင်မှ အလက်ဇန္ဒားကလွဲရင် အခြားသူတွေ ဟာ ကြိုးထုံးကိုဖြည်နိုင်ခဲ့ကြတာမဟုတ်ပါဘူး .. ပြီးတော့ အလက်ဇန္ဒားလုပ်ခဲ့သလိုမျိုး သူ့ရဲ့ကောင်းဆန်တဲ့ အပြုအမူတွေဟာ ဒီနေ့လိုခေတ်အခါထိ ဘောင်ဝင်နေသေးလို့လား .. အဲ့ဒါက တာဝန်ခွဲခြားခြင်းနဲ့ တစ်ပုံစံထဲပဲ .. လူတစ်ယောက်ဟာ တစ်ခုခုကို ဓားနဲ့ပိုင်းဖြတ်သလို ပိုင်းဖြတ်ပစ်လိုက်ရမယ်ဆိုတာကို သိပေမယ့်လည်း အဲ့သလို တကယ်ပိုင်းဖြတ်လိုက်ဖို့ရာမှာကတော့ သူ့အတွက် အခက်တွေ့နေနိုင်တာပဲ .. ဘာကြောင့်လဲဆိုတော့ လူတစ်ယောက်ဟာ တာဝန်ခွဲခြားခြင်းအယူအဆနဲ့ ဘဝကိုရှေ့ဆက်သွားမယ်ဆိုရင် အဆုံးသတ်မှာ သူဟာ လူတွေနဲ့ ချည်နှောင်ထားတာတွေကို အကုန်ဖြတ်ထုတ်ပစ်ရမှာမို့ပဲ .. တစ်ယောက်ယောက်က လူတွေနဲ့ လုံးဝ အဆက်အဆံမရှိတော့ဘူးဖြစ်သွားလိမ့်မယ် .. ခင်ဗျားပြောတဲ့တာဝန်ခွဲခြားခြင်းဆိုတာက လူတွေရဲ့ စိတ်ခံစားချက်တွေကို လုံးဝလျစ်လျူရှုထားရသလို ဖြစ်နေမှာပဲ .. အဲ့သလိုအနေအထားမျိုးနဲ့ လူတစ်ယောက်ဟာ ကောင်းမွန်တဲ့လူလူချင်းဆက်ဆံရေးကို ဘယ်လိုတည်ဆောက်နိုင်တော့မှာလဲ

ဒဿနပညာရှင် - လူတစ်ယောက်ဟာ အဲ့ဒါကို တည်ဆောက်နိုင်ပါတယ် .. တာဝန်ခွဲခြားခြင်းဟာ လူလူချင်း ဆက်ဆံရေးတွေအတွက် ရည်ရွယ်ချက်မဟုတ်ပါဘူး .. အဲ့ဒါဟာ ဝင်ပေါက်လမ်းကြောင်းတစ်ခုပါ

လူငယ် - ဝင်ပေါက်လမ်းကြောင်း ဟုတ်လား

ဒဿနပညာရှင် - ဥပမာအားဖြင့် စာအုပ်တစ်အုပ်ကိုဖတ်တဲ့အချိန်မှာ စာအုပ်နဲ့မျက်နှာနဲ့ သိပ်ကပ်လွန်းရင် ဘာစာကိုမှ မြင်ရမှာမဟုတ်ဘူး .. အလားတူပဲ ကောင်းမွန်တဲ့ လူမှုဆက်ဆံရေးတစ်ခုကို တည်ဆောက်ရာမှာလည်း သင့်လျော်တဲ့အကွာအဝေးတစ်ခု ရှိဖို့လိုတယ် .. အကွာအဝေးက သိပ်သေးလွန်းရင် လူတွေက ပူးကပ်သွားမိကြလိမ့်မယ် .. အဲ့သလိုအခါမှာ တစ်ယောက်နဲ့တစ်ယောက် စကားပြောဖို့ရာတောင်မှ မဖြစ်နိုင်လောက်အောင် ဖြစ်သွားလိမ့်မယ် .. အကွာအဝေးဟာလည်း သင့်တင့်ကောင်းမွန်တဲ့ အကွာအဝေးဟုတ်မနေဘူး ဖြစ်သွားလိမ့်မယ် .. ကလေးတွေကို အလွန်အမင်းဆူပူငေါက်ငန်းတဲ့ မိဘတွေဟာ ကလေးနဲ့ စိတ်ပိုင်းဆိုင်ရာအရ ဝေးကွာသွားကြလိမ့်မယ် .. အဲ့သလိုဖြစ်သွားခဲ့ရင် ကလေးဟာ မိဘနဲ့ဘယ်တော့မှ တိုင်ပင်ဆွေးနွေးတာကို မလုပ်တော့ဘူး .. မိဘဟာလည်း ကလေးကို ကောင်းမွန်တဲ့ကူညီထောက်ပံ့မှုကို ပြုနိုင်တော့မှာ မဟုတ်ဘူး .. လူတစ်ယောက်ဟာ အခြားသူတစ်ယောက် အကူအညီလိုတဲ့အချိန်မှာ အကူအညီပေးဖို့ရာ အသင့်ဖြစ်နေရမယ် ဆိုပေမယ့် သူ့ရဲ့နယ်ပယ်ထဲကိုတော့ ဝင်ရောက်ကျူးကျော်စိုးမိုးတာမျိုး မလုပ်ရဘူး .. ဒီလိုမျိုး သင့်တင့်လျောက်ပတ်တဲ့ အကွာအဝေးတစ်ခုကို ထိန်းသိမ်းထားနိုင်ဖို့ရာက အရေးကြီးတယ်

လူငယ် - အဲ့သလိုအကွာအဝေးမျိုးက မိဘနဲ့ သားသမီးဆက်ဆံရေးမှာတောင် ထားရမှာပဲလား

ဒဿနပညာရှင် - ထားရမှာပေါ့ .. စောစောတုန်းက တာဝန်ခွဲခြားခြင်းဟာ လူတစ်ယောက်ရဲ့ ကောင်းမြတ်တဲ့စေတနာကို စော်ကားသလိုဖြစ်နေတယ်လို့ မင်းပြောခဲ့တယ်နော် .. အဲ့ဒါဟာ ဆုလဒ်ဆိုတာနဲ့ တွဲချည်ထားတဲ့အသိပဲ .. အဲ့ဒါက တစ်ယောက်ယောက်က မင်းအတွက်ကောင်းတာတစ်ခုခုလုပ်ပေးရင် အဲ့ဒီလူက ဘာမှမလိုချင်ဘူးဆိုရင်တောင်မှ မင်းကလည်း အပြန်အလှန်အနေနဲ့ တစ်ခုခုပြန်လုပ်ပေးရမယ်ဆိုတဲ့ အတွေးအမြင်ပဲ .. စိတ်ကောင်းစေတနာကို တုန့်ပြန်တာလို့ပြောမယ့်အစား အဲ့ဒါဟာ ဆုလဒ်နဲ့တွဲချည်တဲ့အမြင်တစ်ခုလို့ ပြောရလိမ့်မယ် .. တခြားလူက ဘာတွေနဲ့ပဲဆွဲဆောင်နေသည်ဖြစ်စေ မင်းဘာပြန်လုပ်သင့်သလဲဆိုတာကို ဆုံးဖြတ်ရမယ့်တစ်ယောက်ထဲသောသူက မင်းပါပဲ

လူငယ် - ဆုလဒ်ဆိုတာ "ချိတ်ဆက်မှု" လို့ကျွန်တော်ခေါ်တဲ့အရာရဲ့ ရေသောက်မြစ်လား

ဒဿနပညာရှင် - ဟုတ်တယ် .. လူမှုဆက်ဆံရေးတစ်ခုဟာ ဆုလဒ်အပေါ်မှာ အခြေတည်ထားခဲ့ရင် လူတစ်ယောက်ဟာ "မင်းကိုငါ ဒီလောက်ပေးထားတယ် .. ဆိုတော့ မင်းငါ့ကို ဒီလောက်တော့ပြန်ပေးသင့်တယ်" ဆိုတဲ့ခံစားချက်မျိုး ပေါ်လာတတ်တယ် .. အဲ့ဒါဟာ တာဝန်ခွဲခြားခြင်းနဲ့ အတော်လေးကွဲပြားခြားနားတဲ့ အတွေးအမြင်ဖြစ်တယ် .. ငါတို့ဟာ ဆုလဒ်ကို မရှာဖွေရဘူး .. ဆုလဒ်နဲ့ မချည်နှောင်ထားရဘူး

လူငယ် - ဟင်း

ဒဿနပညာရှင် - ဒါပေမယ့်လည်း ဘာတာဝန်ခွဲခြားမှုမှမလုပ်ဘဲ လူတစ်ယောက်ရဲ့အလုပ်ကို အလွယ်တကူဝင်ရှုပ်လို့ရတဲ့ အခြေအနေတွေလည်း ရှိပါတယ် .. ဥပမာအားဖြင့် ကလေးတွေကို ပျိုးထောင်တဲ့ အနေအထားမှာ

ကလေးဟာ သူ့ဖိနပ်ကို စီးဖို့အခက်ကြုံနေရတဲ့ အခြေအနေမျိုးပေါ့ .. အလုပ်ရှုပ်နေတဲ့ မိခင်တစ်ယောက် အတွက်တော့ ကလေးသူ့ဟာသူ ဖိနပ်စီးနေတာကို ပြီးအောင်စောင့်နေမယ့်အစား သူဝင်စီးပေးလိုက်တာက ပိုပြီး မြန်တာပေါ့ .. ဒါပေမယ့် ဒါဟာလည်း ကလေးသူ့အလုပ်သူ မလုပ်ရတာမျိုး ဖြစ်သွားစေတဲ့ ဝင်ရောက်စွက်ဖက်မှု တစ်ခုပါပဲ .. ပြီးတော့ အဲ့သလိုဝင်ရောက်စွက်ဖက်မှုမျိုးကို ထပ်တလဲလဲ လုပ်ခြင်းရဲ့အကျိုးဆက်အနေနဲ့ ကလေးဟာ အရာရာကိုစူးစမ်းလေ့လာလိုတဲ့စိတ် ချုပ်ဆုံးသွားလိမ့်မယ် .. ပြီးတော့ ကလေးဟာ သူ့ရဲ့ဘဝပေး တာဝန်တွေကို ရင်ဆိုင်နိုင်တဲ့ သတ္တိလည်း ပျောက်ဆုံးသွားလိမ့်မယ် .. အက်ဒလာပြောခဲ့သလိုပေါ့ "စိန်ခေါ်မှုတွေ ကို ရင်ဆိုင်ဖို့သင်ကြားပေးခြင်းမခံရတဲ့ ကလေးတွေဟာ စိန်ခေါ်မှုတွေအားလုံးကို ရှောင်ရှားဖို့ ကြိုးစားကြလိမ့် မယ်" တဲ့

လူငယ် - ဒါပေမယ့် အဲ့ဒါက သွေ့ခြောက်လွန်းတဲ့၊ သာယာကြည်နူးဖွယ်ကင်းတဲ့ တွေးနည်းမျိုးပဲ

ဒဿနပညာရှင် - ကြီးမြတ်တဲ့အလက်ဇန္ဒား ဂေါ်ဒီယံကြိုးထုံးကို ဖြတ်ချလိုက်တဲ့အချိန်တုန်းကလည်း အဲ့သလို ခံစားခဲ့ရသူတွေ ရှိကောင်းရှိနေလိမ့်မယ် .. ကြိုးထုံးကို လက်နဲ့ဖြည်နိုင်းခဲ့တာဟာ အနက်အဓိပ္ပာယ်တစ်ခုခု ရှိလိမ့် မယ် .. ကြိုးကိုဓားနဲ့ဖြတ်ချလိုက်တာက အမှားအယွင်းတစ်ခုပဲ .. အလက်ဇန္ဒားဟာ ဗျာဒိတ်ဟောသူရဲ့ စကားရဲ့ အနက်အဓိပ္ပာယ်ကို နားလည်မှုလွဲနေတာဖြစ်မယ် .. စသဖြင့်ပေါ့ .. အက်ဒလာစိတ်ပညာမှာ ပုံမှန်လူမှုဗေဒ စဉ်းစားနည်းတွေနဲ့ ဖြောင့်ဖြောင့်ကြီးဆန့်ကျင်နေတဲ့ အချက်တွေရှိတယ် .. သူက အကြောင်းကနေ အကျိုးကို ဆွဲယူတာကို ငြင်းပယ်တယ် .. စိတ်ဒဏ်ရာဆိုတာတွေကို ငြင်းပယ်တယ် .. ပြီးတော့ အကျိုးအတွက် ဖန်တီးထား သောအကြောင်း သဘောတရားကို ဖော်ထုတ်တယ် .. လူတွေရဲ့ ပြဿနာအားလုံးကို လူလူချင်းဆက်ဆံရေး ဆိုင်ရာ ပြဿနာတွေအဖြစ်ပဲ ရှုမြင်ကိုင်တွယ်တယ် .. အသိအမှတ်ပြုမှုတွေကို ရှာဖွေတာကို ငြင်းပယ်နိုင်းတယ် .. တာဝန်ခွဲခြားမှုတွေလုပ်နိုင်းတယ် .. အဲ့ဒါတွေအားလုံးဟာ ပုံမှန်လူမှုဗေဒစဉ်းစားပုံတွေနဲ့ဆို ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေတာတွေပဲ

လူငယ် - အဲ့ဒါမဖြစ်နိုင်ဘူး .. ကျွန်တော် အဲ့ဒါကို မလုပ်နိုင်ဘူး

ဒဿနပညာရှင် - ဘာကြောင့်လဲ

+++

*လူငယ်ဟာ ဒဿနပညာရှင် စတင်ရှင်းပြနေတဲ့ တာဝန်ခွဲခြားခြင်း သဘောတရားကြောင့် စိတ်ပျက်လက်ပျက် ဖြစ်နေပါတယ်။ လူတစ်ယောက်ဟာ သူ့ရဲ့ပြဿနာအားလုံးကို သူ့ရဲ့လူလူချင်းဆက်ဆံရေးပြဿနာတွေလို့ စဉ်းစားလိုက်တဲ့အချိန်မှာ တာဝန်ခွဲခြားခြင်းဟာ ထိရောက်တဲ့လက်နက်ကိရိယာတစ်ခု ဖြစ်လာပါတယ်။ အဲ့ဒီ ရှုထောင့်ကနေကြည့်မယ်ဆိုရင် ကမ္ဘာလောကဟာ အတော်လေးရှင်းလင်းသွားပါတယ်။ ဒါပေမယ့် အဲ့ဒါဟာ အသွေးအသားရှုန်းရှုန်းစိုစိုမရှိဘဲ သွေ့ခြောက်တဲ့လောကအမြင်တစ်ခုလိုဖြစ်နေပါတယ်။ လူတစ်ယောက်အနေနဲ့*

*ခံစားရမယ့်နွေးထွေးတဲ့ခံစားမှုကို မပေးနိုင်ဘူးဖြစ်နေပါတယ်။ အဲ့သလို ဒဿနမျိုးကို ဘယ်သူကလက်ခံနိုင်မလဲ။ လူငယ်ဟာ သူ့ကုလားထိုင်ကနေ ထရပ်လိုက်ပြီး ကျယ်ကျယ်လောင်လောင် ငြီးတွားလိုက်ပါတယ်။*

**အသိအမှတ်ပြုခံချင်စိတ်ဟာ မင်းကို မလွတ်မလပ်ဖြစ်စေတယ်**

-----------------------------------------------------------------

လူငယ် - ဒီမှာ .. ကျွန်တော်ဟာ နှစ်အတော်ကြာအောင် မကျေနပ်ချက်တွေကို ခံစားခဲ့ရတာ .. လောကထဲက အရွယ်ရောက်ပြီးတဲ့သူတွေက လူငယ်တွေကို "မင်းကြိုက်တဲ့ဟာကို မင်းလုပ်ပါ" လို့ပြောကြတယ် .. ပြီးတော့ လူတွေကိုသူတို့နားလည်သလိုလိုပုံစံနဲ့ အဲ့ဒီစကားကို ပြုံးပြီးပြောကြတယ် .. လူငယ်တွေဖက်မှာ သူတို့ရှိသလိုလို နဲ့ အဲ့ဒီစကားကိုပြောကြတယ် .. ဒါပေမယ့် အဲဒါတွေက ပါးစပ်ဖျားကလာတဲ့ စကားတွေသက်သက်ပါပဲ .. သူတို့ အဲ့ဒီစကားကိုပြောနိုင်ကြတယ်ဆိုတာကလည်း အဲ့ဒီလူငယ်တွေက သူတို့နဲ့ဘာမှမတော်စပ်တဲ့ သူစိမ်းတွေ ဖြစ်နေလို့ပါပဲ .. အဲ့ဒီလူငယ်နဲ့ သူတို့ရဲ့အကြားမှာ ဘာတာဝန်ယူစရာမှမရှိတဲ့ ဆက်ဆံရေးမျိုးဖြစ်နေလို့သာ သူတို့ အဲ့သလိုပြောနိုင်ကြတာပဲ .. မိဘတွေနဲ့ ဆရာတွေကတော့ "အဲ့ဒီကျောင်းကိုတက်ပါ" ဒါမှမဟုတ် "တည်ငြိမ်တဲ့ အလုပ်တစ်ခုကိုရှာပါ" စတဲ့စကားမျိုးတွေပြောကြတယ် .. အဲ့သလို ကောင်းမွန်ပြီး စိတ်ဝင်စားဖွယ်ရာမကောင်း တဲ့ လမ်းညွှန်ချက်တွေကတော့ ဝင်ရောက်စွက်ဖက်တာမျိုးမဟုတ်တဲ့အပြင် သူတို့ရဲ့တာဝန်ဝတ္တရားကို ဖြည့်ဆည်းပေး နေတာမျိုးပါ .. ဘာကြောင့်လဲဆိုတော့ မိဘ၊ ဆရာတွေနဲ့ ကျွန်တော်တို့ဟာ နီးနီးကပ်ကပ် ချိတ်ဆက်မှုရှိနေပြီး သူတို့ဟာကျွန်တော်တို့ရဲ့ အနာဂတ်အတွက် တကယ်စိုးရိမ်ပူပန်မှုရှိကြလို့ပဲ .. "မင်းကြိုက်တာ မင်းလုပ်ကွာ" ဆိုတဲ့ တာဝန်မဲ့စကားမျိုးကို သူတို့ပြောမထွက်နိုင်ကြဘူး .. ခင်ဗျားလည်းပဲ အဲ့သလို နားလည်မှုရှိတဲ့အပြုံးမျိုးပြုံးပြီး "မင်းကြိုက်တာကိုပဲ မင်းလုပ်ပါ" ဆိုတာမျိုး ပြောနိုင်တာပဲ .. ဒါပေမယ့် အခြားသူတွေဆီက အဲ့သလို စကားမျိုးကို ကျွန်တော်အယုံအကြည်မရှိဘူး .. အဲ့ဒါဟာ လုံးဝတာဝန်မဲ့တဲ့ စကားမျိုးပဲ .. လူတစ်ယောက်ရဲ့ ပုခုံးပေါ်တက်နေတဲ့ ဘောက်ဖတ်ကောင်ကို ခါချပေးလိုက်သလိုမျိုးပဲ ရှိတာပါ .. ကမ္ဘာလောကက အဲ့ဒီဘောက်ဖတ်ကောင်ကို ဝိုင်းနင်းချေနေကြရင် ခင်ဗျားက "အဲ့ဒါ ငါ့အလုပ်မဟုတ်ဘူးလေ" လို့ပြောမယ် .. ပြီးတော့ အေးအေးဆေးဆေးပဲ ခင်ဗျားအဝေးကိုထွက်သွားလိမ့်မယ် .. ဘာတာဝန်ခွဲခြားခြင်းလဲ .. အဖိုးကြီး

ဒဿနပညာရှင် - အိုး .. ဘုရားရေ .. မင်းအတော်ဒေါသထွက်နေပြီပဲ .. ဆိုတော့ မင်းပြောခဲ့တာတွေကို တခြားနည်းနဲ့ပြောရရင် မင်းက တစ်ယောက်ယောက်ကို တစ်စုံတစ်ခုသော အနေအထားအထိ ဝင်ရောက် စွက်ဖက်စေချင်နေတယ်လို့ ပြောလို့ရမလား .. မင်းလျှောက်မယ့်လမ်းကြောင်းအတွက် အခြားသူတစ်ယောက် ယောက်ကို ဝင်အဆုံးအဖြတ်ပေးစေချင်တယ်လို့ ပြောလို့ရမလား

လူငယ် - ဟုတ်တယ် .. အဲ့သလိုပဲ .. ဒီလိုပြောလို့လည်းရတယ် .. လူတစ်ယောက်ရဲ့မျှော်လင့်ချက်အပေါ် တခြားသူတွေက ဝေဖန်ဆုံးဖြတ်ဖို့ ဒါမှမဟုတ် လူတစ်ယောက်ဆီက ဘယ်လိုအခန်းကဏ္ဍကို တောင်းဆိုမလဲ

ဆိုတာက သိပ်မခက်ပါဘူး .. တခြားတစ်ဖက်မှာတော့ လူတစ်ယောက်ဟာ သူကြိုက်သလိုနေထိုင်ဖို့ဆိုတာက လုံးဝခက်ခဲတယ် .. လူတစ်ယောက် ဘာတွေလိုချင်သလဲ .. လူတစ်ယောက် ဘယ်လိုလူဖြစ်လာချင်လဲ ဆိုတာနဲ့ လူတစ်ယောက်ဟာ ဘယ်လိုဘဝနဲ့ နေထိုင်သွားချင်သလဲ ဆိုတာတွေက အပြောလွယ်သလောက် အလုပ်ခက်တယ် .. လူတစ်ယောက်ဟာ အရာရာတိုင်းအတွက် အဲ့သလို ကောင်းမွန်တဲ့ အတွေးအမြင်အမြဲရှိမနေနိုင်ဘူး .. လူတိုင်းမှာ ရှင်းလင်းတဲ့ အိပ်မက်တွေနဲ့ ရည်မှန်းချက်တွေ ရှိနေတယ်လို့ ထင်နေတာက အကြီးအကျယ်မှားယွင်းနေတဲ့အမြင်ပဲ .. ခင်ဗျားအဲ့ဒါကို မသိဘူးလား

ဒဿနပညာရှင် - အဲ့သလိုမျိုးနေထိုင်ပြီး အခြားသူတွေရဲ့မျှော်မှန်းချက်တွေ ပြည့်ဝအောင်လုပ်ပေးနေတာမျိုးက လွယ်ကူကောင်းလွယ်ကူပါလိမ့်မယ် .. ဘာကြောင့်လဲဆိုတော့ အဲ့သလိုနေထိုင်တာမျိုးက ကိုယ့်ကိုယ်ပိုင်ဘဝကို စတေးပြီး သူတို့အကြိုက်လိုက်နေပေးလိုက်ရတာမျိုးမို့ပဲ .. ဥပမာအားဖြင့် လူတစ်ယောက်ဟာ သူ့မိဘတွေ ခင်းပေးတဲ့လမ်းအတိုင်း သာသာယာယာလေးလျှောက်လှမ်းသွားမယ် .. သူလိုချင်တဲ့အရာတွေ အများကြီးရှိနေရင်တောင်မှ အဲ့ဒီလမ်းပေါ်ကနေ ဆင်းမသွားရင် သူဟာ လမ်းပျောက်မသွားနိုင်ဘူး .. ဒါပေမယ့် လူတစ်ယောက်ဟာ ကိုယ့်လမ်းကိုယ်လျှောက်ဖို့ ဆုံးဖြတ်လိုက်ပြီဆိုရင် မကြာခဏလမ်းပျောက်သွားတာမျိုးဖြစ်မှာက သဘာဝပဲ .. အဲ့သလိုအနေအထားမှာ လူတစ်ယောက်ဟာ "သူဘယ်လိုနေထိုင်သင့်တယ်" ဆိုတဲ့ နံရံတံတိုင်းတွေကို ချိုးဖျက်ပြီးထွက်ခဲ့ရမှာပဲ

လူငယ် - ဒါကြောင့် ကျွန်တော်တခြားသူတွေရဲ့ အသိအမှတ်ပြုမှုကို ရှာဖွေနေတာပေါ့ .. အစောပိုင်းတုန်းက ခင်ဗျား ဘုရားသခင်အကြောင်းကို ပြောခဲ့တယ် .. ဘုရားသခင်ကို လူတွေယုံကြည်ကြသေးတဲ့ခေတ်မှာ ကျွန်တော်တို့နေထိုင်နေတုန်းပဲဆိုရင် "ဘုရားသခင်စောင့်ကြည့်နေတယ်" ဆိုတဲ့အယူအဆဟာ လူတွေကိုယ့်ကျင့်ဝတ်ကိုယ်စောင့်ထိန်းကြဖို့ရာအတွက် စွဲကိုင်ကြရတဲ့ အယူအဆသတ်မှတ်ချက်တစ်ခု ဖြစ်လိမ့်မယ် .. တကယ်လို့ လူတစ်ယောက်ဟာ ဘုရားသခင်ရဲ့ အသိအမှတ်ပြုမှုကို ရခဲ့ရင် သူဟာ အခြားသူတွေရဲ့ အသိအမှတ်ပြုမှုကို လိုအပ်မှာမဟုတ်တော့ဘူး .. ဒါပေမယ့်လည်း အဲ့သလိုခေတ်အခါက အချိန်အတော်ကြာကြာကတည်းက ကုန်ဆုံးသွားခဲ့ပြီ .. အဲ့သလိုအချိန်အခါမျိုးမှာ လူတစ်ယောက်ဟာ အခြားဘာမှမတတ်နိုင်တော့ဘဲ ကျင့်ဝတ်ကို စောင့်ထိန်းလိုက်နာဖို့ရာအတွက် အခြားသူတွေက စောင့်ကြည့်နေတယ်ဆိုတဲ့ အခြေခံအုတ်မြစ်ကို တည်ဆောက် ကြရတော့တာပဲ .. အခြားသူတွေရဲ့ အသိအမှတ်ပြုမှုကိုရှာဖွေပြီး ရိုးသားတဲ့ဘဝတစ်ခုမှာ နေထိုင်နိုင်ဖို့ပေါ့ .. တခြားသူတွေရဲ့မျက်လုံးတွေဟာ ကျွန်တော့်အတွက် ထိန်းကျောင်းတည့်မတ်ပေးနေမှုပဲ

ဒဿနပညာရှင် - လူတစ်ယောက်ဟာ အခြားသူတွေရဲ့ အသိအမှတ်ပြုမှုကိုရွေးချယ်မှာလား ဒါမှမဟုတ် အသိအမှတ်ပြုမှုတွေမလိုအပ်တဲ့ လွတ်လပ်တဲ့လမ်းကြောင်းကို ရွေးချယ်မှာလား .. အဲ့ဒါဟာ အရေးကြီးတဲ့ မေးခွန်းတစ်ခုပဲ .. အဲ့ဒီမေးခွန်းကို အတူတူစဉ်းစားကြည့်ကြရအောင်ကွာ .. လူတစ်ယောက်ဟာ သူ့ဘဝကို တခြားသူတွေရဲ့ခံစားချက်တွေကို ဖြည့်ဆည်းပေးဖို့ရာအတွက်ရယ်နဲ့ သူတို့ငါ့ကိုဘယ်လိုမြင်ကြလိမ့်မလဲ ဆိုပြီး စိုးရိမ်နေရတဲ့ဘဝရယ် အဲ့သလိုဘဝမျိုးတွေမှာ နေထိုင်မှာလား .. အခြားသူတွေရဲ့ ဆန္ဒတွေကို ဖြည့်ဆည်းပေးနေရတဲ့ဘဝမှာနေထိုင်မှာလား .. အဲ့သလိုဘဝမျိုးတွေမှာနေထိုင်ရင်တော့ ဘယ်ကိုသွား၊ ဘာကိုလုပ်ဆိုတဲ့

လမ်းညွှန်ဆိုင်းဘုတ်လေးတွေကို သူတို့ကထောင်ထားပေးကြလိမ့်မယ် .. ဒါပေမယ့် အဲ့သလိုဘဝမျိုးဆိုတာက လုံးဝလွတ်လပ်မှုမရှိတဲ့ ဘဝမျိုးပါပဲ .. အခု မင်းက အဲ့သလိုလွတ်လပ်မှုမရှိတဲ့ ဘဝမျိုးမှာနေထိုင်ဖို့ကို ဘာလို့ ရွေးချယ်နေရတာလဲ .. "အသိအမှတ်ပြုခံချင်စိတ်" ဆိုတဲ့ စကားလုံးကိုမင်းသုံးခဲ့တယ်နော် .. ဒါပေမယ့် မင်းတကယ်တန်းပြောနေတာကတော့ မင်းဟာ အခြားသူတွေမင်းကို မနှစ်သက်တာမျိုးကို မလိုချင်ဘူးလို့ ပြောနေတာပါပဲ

လူငယ် - ဘယ်သူကရော လိုချင်ကြလို့လဲ .. ဘယ်နေရာမှာမှ လူတွေသူ့ကို မကြိုက်တာကို တကယ်လိုချင်နေတဲ့ သူ ရှိမှာမဟုတ်ပါဘူး

ဒဿနပညာရှင် - အမှန်ပဲ .. ကိုယ့်ကိုလူတွေမကြိုက်တာကို လိုချင်တဲ့သူ မရှိဘူးဆိုတာ အမှန်ပါပဲ .. ဒါပေမယ့် ဒီလိုတွေးကြည့် .. လူတွေကိုယ့်ကိုမကြိုက်တာမျိုး မဖြစ်အောင် လူတစ်ယောက်ဟာ ဘာလုပ်ရမလဲ .. အဖြေက တစ်ခုထဲရှိတယ် .. လူတွေရဲ့ ခံစားချက်တွေပြည့်နေအောင် အမြဲမပြတ်ဖြည့်ဆည်းပေးနေရတော့မှာပေါ့ .. လူဆယ်ယောက်ရှိရင် အဲ့ဒီဆယ်ယောက်က နှစ်သက်နေအောင် အဲ့ဒီဆယ်ယောက်ရဲ့ လိုအင်ဆန္ဒတွေကို ဖြည့်ပေးနေရမယ် .. အဲ့ဒါကို အောင်မြင်အောင်လုပ်နိုင်ခဲ့ရင် အချိန်တစ်ခုရောက်တဲ့အခါမှာ ကိုယ့်ကို မကြိုက် မနှစ်သက်တဲ့သူရှိမှာမဟုတ်တော့ဘူး .. ဒါပေမယ့် အဲ့ဒီအချိန်ရောက်သွားခဲ့ရင် ကြီးမားတဲ့ ပဋိပက္ခကြီးပေါ်ပေါက် လာလိမ့်မယ် .. လူတစ်ယောက်ဟာ အဲ့ဒီအချိန်မှာ လူတွေအားလုံးက သူ့အပေါ် နှစ်သက်ပြီး သစ္စာရှိနေဖို့ဆိုတဲ့ တစ်ခုတည်းသော ဆန္ဒသာရှိနေတော့လိမ့်မယ် .. အဲ့ဒါက လူအများကြိုက်အောင်ကြိုးစားရင်း မဖြစ်နိုင်တဲ့ ကတိကဝတ်တွေပေးမိတဲ့၊ သူတတ်နိုင်တာထက်ကျော်လွန်တဲ့ တာဝန်ဝတ္တရားတွေကို လက်ခံမိတဲ့ နိုင်ငံရေး သမားတစ်ယောက်လို ဖြစ်လာလိမ့်မယ် .. ပုံမှန်အားဖြင့် သူ့ရဲ့အဲ့သလိုအလိမ်အညာတွေဟာ မကြာခင်မှာပဲ ဘူးပေါ်သလိုပေါ်လာလေ့ရှိတယ် .. အဲ့သလိုအချိန်မှာ လူတွေရဲ့ယုံကြည်မှုကို သူဆုံးရှုံးသွားပြီး သူ့ရဲ့ကိုယ်ပိုင်ဘဝ ဟာလည်း ပိုကြီးမားတဲ့ဆင်းရဲဒုက္ခခံစားရမှုတစ်ခုအဖြစ် ပြောင်းလဲသွားလိမ့်မယ် .. ပြီးတော့ အဆက်မပြတ် လိမ်ညာနေရခြင်းရဲ့ဖိအားတွေမှာ အကျိုးဆက်တွေအများကြီး ရှိနေတယ် .. ဒီအချက်ကို မှတ်ထားပေးပါ .. လူတစ်ယောက်ဟာ အခြားသူတွေရဲ့မျှော်မှန်းချက်တွေကို ဖြည့်ဆည်းပေးခြင်းနည်းလမ်းနဲ့ နေထိုင်မယ်ဆိုရင်၊ သူ့ကိုယ်ပိုင်ဘဝကို အခြားသူတွေအတွက် စတေးလိုက်မယ်ဆိုရင် အဲ့ဒါဟာ ကိုယ့်ကိုယ်ကိုယ် လိမ်ညာတဲ့ နည်းလမ်းနဲ့ ရှင်သန်နေထိုင်တဲ့ပုံစံဖြစ်ပြီး ကိုယ့်အနားမှာ အခြားသူတွေဝန်းရံနေစေဖို့အတွက် အဆက်မပြတ် လိမ်ညာနေရတော့မှာပဲ ဖြစ်တယ်

လူငယ် - ဆိုတော့ လူတစ်ယောက်ဟာ ကိုယ့်အတ္တကိုယ်ဗဟိုပြုပြီး ကိုယ်ကျေနပ်သလိုနေထိုင်ရမှာလား

ဒဿနပညာရှင် - ကိုယ့်တာဝန်တွေကိုယ်ခွဲခြားထားတာကို အတ္တဗဟိုပြုတယ်လို့ ပြောလို့မရပါဘူး .. တခြားသူတွေရဲ့ တာဝန်တွေမှာ ဝင်ရောက်စွက်ဖက်နေတာကမှ အတ္တဗဟိုပြုစဉ်းစားနေတာလို့ ပြောရမှာပါ .. မိဘတွေက ကလေးစာလုပ်အောင် ဖိအားပေးတယ် .. ကလေးရဲ့ဘဝမှာ ဝင်စွက်ဖက်တယ် .. အိမ်ထောင်ရေးမှာ ဝင်စွက်ဖက်တယ် .. အဲ့ဒါမျိုးတွေကမှ အတ္တဗဟိုပြုစဉ်းစားနည်းလို့ ပြောရမှာပါ

လူငယ် - ဆိုတော့ ကလေးဟာ သူ့မိဘတွေရဲ့ ရည်ရွယ်ချက်တွေကို လျစ်လျူရှုပြီး သူကြိုက်သလို နေထိုင်ရမှာလား

ဒဿနပညာရှင် - လူတစ်ယောက်ဟာ သူ့ဘဝကို သူကြိုက်တဲ့ပုံစံအတိုင်း မနေဖို့ရာအတွက် ဘာအကြောင်းပြချက်မှ မရှိပါဘူး

လူငယ် - ဟားဟား .. ခင်ဗျားဟာ နတ္ထိကဝါဒီတစ်ယောက် ဖြစ်ရုံသာမက စည်းမျဉ်းမဲ့ဝါဒီ (Anarchist) တစ်ယောက်တောင် ဖြစ်နေပါပေါ့လား .. ပြီးတော့ အပျော်အပါးလိုက်စားတဲ့ဝါဒီတစ်ယောက်လည်း ဖြစ်နေတာပဲ .. ကျွန်တော်အံ့အားသင့်တာကို ကျော်သွားပြီး ခင်ဗျားကို ရယ်ချင်လာပြီ

ဒဿနပညာရှင် - မလွတ်လပ်တဲ့ဘဝမှာနေထိုင်ဖို့ ရွေးချယ်ထားတဲ့ လူကြီးတစ်ယောက်က ဒီအခိုက်အတန့်လေးမှာပဲ အဲ့ဒီနေရာအဲ့ဒီအချိန်မှာ လွတ်လပ်စွာနေထိုင်တဲ့ လူငယ်တစ်ယောက်ကို မြင်တဲ့အခါမှာ အပျော်အပါးပဲလိုက်စားနေတဲ့ကောင်လို့ ဝေဖန်တတ်ကြတယ် .. အဲ့ဒါဟာ ဘာကြောင့်ဖြစ်တာလဲဆိုတော့ အဲ့ဒီလူကြီးဟာ သူရွေးချယ်ထားတဲ့ သူ့ကိုယ်ပိုင်ဘဝရဲ့မှသားကို သူကိုယ်တိုင်ပြန်လက်ခံနိုင်ဖို့ရာအဖြစ် ပေါ်ထွက်လာရတဲ့ ဆင်ခြေတစ်ခုကိုလိုအပ်နေလို့ပဲ .. အစစ်အမှန် လွတ်လပ်တဲ့ဘဝမှာနေထိုင်ဖို့ရွေးချယ်ထားတဲ့ လူကြီးတစ်ယောက်ကတော့ အဲ့သလိုမျိုးဝေဖန်ချက်တွေပေးလေ့မရှိဘဲ လွတ်လပ်စွာနေထိုင်လိုတဲ့ဆန္ဒကို ဝမ်းမြောက်စွာနဲ့ အားပေးချီးမွမ်းလိမ့်မယ်

လူငယ် - ကောင်းပြီ .. ခင်ဗျားကိုင်စွဲထားချင်တာက လွတ်လပ်မှုဟာ ပြဿနာဆိုတဲ့ အမြင်ပေါ့ .. အဓိကအချက်ကိုပြောကြရအောင် .. ခင်ဗျားဟာ "လွတ်လပ်မှု" ဆိုတဲ့စကားကို အတော်များများသုံးတယ်နော် .. ဒါပေမယ့် လွတ်လပ်မှုကို ခင်ဗျားဘယ်လို အဓိပ္ပာယ်ဖွင့်မလဲ .. ကျွန်တော်တို့ ဘယ်လို လွတ်လပ်အောင် လုပ်ရမလဲ

**စစ်မှန်တဲ့လွတ်လပ်မှုဆိုတာ**

-----------------------------

ဒဿနပညာရှင် - စောစောတုန်းက မင်းဟာ အခြားသူတွေရဲ့မနှစ်သက်မှုကို မလိုချင်ဘူးဆိုပြီး "ဘယ်နေရာမှာမှ လူတွေသူ့ကို မကြိုက်တာကို တကယ်လိုချင်နေတဲ့ သူ ရှိမှာမဟုတ်ပါဘူး" လို့ပြောခဲ့တယ်နော်

လူငယ် - မှန်ပါတယ်

ဒဿနပညာရှင် - ကောင်းပြီ .. ငါလည်းအတူတူပါပဲ .. အခြားသူတွေကငါ့ကိုမနှစ်သက်တာကို မလိုချင်ပါဘူး .. ငါက "လူတွေတကယ်တန်းကိုယ့်ကိုမကြိုက်တာကို ခံရအောင်ဘယ်သူမှ တမင်တကာ မလုပ်ကြဘူး" ဆိုတဲ့အချက်က တိကျသေချာတဲ့ အသိတစ်ခုဖြစ်တယ်လို့ပဲပြောပါမယ်

လူငယ် - အဲ့ဒါက အဆုံးစွန်ဆုံးသော အမှန်တရားပဲ

ဒဿနပညာရှင် - ဒါပေမယ့် ဘယ်လိုပဲဖြစ်နေဖြစ်နေ ငါတို့ဘာမှမလုပ်ဘဲနဲ့ ငါ့ကိုမကြိုက်နေတဲ့သူ မင်းကိုမကြိုက်နေတဲ့သူတွေရှိတယ် .. အဲ့ဒါကလည်း အမှန်တရားတစ်ခုပဲ .. မင်းကိုလူတွေမကြိုက်ကြတဲ့အခါ ဒါမှမဟုတ် မင်းကို တစ်ယောက်ယောက်ကမကြိုက်ဘူးလို့ မင်းခံစားနေရတဲ့အခါ မင်းစိတ်ထဲမှာ ဘယ်လိုခံစားရတဲ့ စိတ်အခြေအနေဖြစ်လာသလဲ

လူငယ် - အတော်လေး စိတ်ညစ်ပြီး သောကရောက်တာပေါ့ဗျာ .. ငါ့ကိုသူတို့ ဘာလို့မုန်းကြတာလဲဆိုတဲ့ စိတ်ဖြစ်လာမယ် .. ငါသူတို့ကို ရန်လိုဆန့်ကျင်တာ ဘာတွေလုပ်ခဲ့မိသလဲ၊ ဘာတွေပြောခဲ့မိသလဲဆိုပြီး တွေးမိမယ် .. အဲ့ဒီလူနဲ့ နည်းလမ်းပြောင်းပြီး ဆက်ဆံကြည့်ရမယ်လို့ တွေးမိမယ် .. တမှိုင်မှိုင်တတွေတွေဖြစ်ပြီး အပြစ်ရှိသလိုစိတ်ခံစားချက်တွေ ဖိစီးနေလိမ့်မယ်

ဒဿနပညာရှင် - လူတွေမကြိုက်တာကို မလိုချင်ဘူး .. လူသားတွေအတွက် အဲ့ဒါဟာ ဘာသာဝစိတ်ဆန္ဒတစ်ခု လုံးဝဖြစ်နေတာပဲ .. လူ့နဂိုပါစိတ်ဆန္ဒပဲ .. ခေတ်သစ်ဒဿနဗေဒ ဂုရုကြီး ကန့် က အဲ့ဒီစိတ်ဆန္ဒကို "အထုံစိတ်" လို့ခေါ်တယ်

လူငယ် - အထုံစိတ် ဟုတ်လား

ဒဿနပညာရှင် - ဟုတ်တယ် .. အဲ့ဒါက လူ့ရဲ့နဂိုပါ သဘာဝစိတ်ပဲ .. အဲ့သလိုမျိုး အထုံစိတ်၊ ဆန္ဒ၊ သဘာဝစိတ် အတိုင်း တောင်စောင်းကနေ ကျောက်တုံးတစ်တုံးကိုလိမ့်ချလိုက်သလိုမျိုး စိတ်လွတ်ကိုယ်လွတ် စိတ်ရှိသလို နေတာမျိုးကို "လွတ်လပ်မှု" လို့ပြောမယ်ဆိုရင် အဲ့ဒါကမှားတယ် .. အဲ့သလိုမျိုးနေထိုင်တာက စိတ်ဆန္ဒနဲ့ သဘာဝအရိုင်းစိတ်တွေရဲ့ ကျေးကျွန်အဖြစ်နေနေရတာမျိုးပဲ .. စစ်မှန်တဲ့လွတ်လပ်မှုဆိုတာက တောင်အောက်ကကျောက်တုံးတစ်တုံးကို တောင်ပေါ်ရောက်အောင်တွန်းတင်ရသလိုမျိုး အားစိုက်ထုတ်တတ်တဲ့ စိတ်နေသဘောထားမျိုးရှိပြီး ကိုယ့်ကိုယ်ကိုယ် အောက်ခြေကနေ အထက်ရောက်အောင် တွန်းတင်တတ်မှရနိုင်မယ့် အရာမျိုးဖြစ်တယ်

လူငယ် - ကိုယ့်ကိုယ်ကိုယ် အောက်ခြေကနေ တွန်းတင်ရမယ် ဟုတ်လား

ဒဿနပညာရှင် - ကျောက်တုံးတစ်တုံးဟာ ဘာအစွမ်းမှမရှိဘူး .. သူ့ကိုတောင်စောင်းကနေလှိမ့်ချလိုက်ရင် သဘာဝ ဥပဒေသတွေဖြစ်တဲ့ မြေဆွဲအားနဲ့ အီနားရှားသဘောတရားတွေနဲ့အညီ လိမ့်ဆင်းသွားမှာပဲ .. ဒါပေမယ့် ငါတို့ဟာ ကျောက်တုံးတွေမဟုတ်ကြဘူး .. ငါတို့ဟာ အထုံစိတ်တွေကို ဆန့်ကျင်တွန်းလှန်နိုင်စွမ်းရှိကြတဲ့သူတွေ ဖြစ်တယ် .. ငါတို့ဟာ အောက်ကိုလိမ့်ကျနေတာကို ရပ်တန့်ပြီး အထက်ကိုတက်နိုင်ကြတဲ့သူတွေဖြစ်တယ် .. အသိအမှတ်ပြုခံချင်တဲ့စိတ်ဟာ သဘာဝစိတ်ဖြစ်တယ် .. ဆိုတော့ မင်းဟာ အခြားသူတွေဆီက အသိအမှတ်ပြု တာကိုရှာဖွေရင်း တောင်စောင်းအတိုင်းဆက်လိမ့်ဆင်းနေဦးမှာလား .. အရာရာက အဆင်ပြေချောမွေ့နေလို့ လိမ့်ကောင်းကောင်းနဲ့ ဆက်လိမ့်နေတဲ့ ကျောက်တုံးတစ်တုံးလိုလူမျိုး မင်းဖြစ်ချင်တာလား .. နောက်ဆုံး မင်းမှာ ကျန်တဲ့အရာက လုံးဝန်းတဲ့ဘောလုံးသေးသေးလေးဆိုရင် အဲ့ဒါကို "စစ်မှန်တဲ့ ငါ" လို့မင်းပြောလို့ရမလား .. အဲ့ဒါဟာ မင်းအစစ်မဟုတ်နိုင်ပါဘူး

လူငယ် - လူတစ်ယောက်ရဲ့ နဂိုပါစိတ်နဲ့ သဘာဝစိတ်ကို ဆန့်ကျင်တွန်းလှန်တာကို လွတ်လပ်မှုလို့ ခင်ဗျား ပြောနေတာလား

ဒဿနပညာရှင် - ငါ ထပ်တလဲလဲပြောနေသလိုပဲ အက်ဒလာစိတ်ပညာမှာ ပြဿနာအားလုံးဟာ လူလူချင်း ဆက်ဆံရေးနဲ့ဆိုင်တဲ့ ပြဿနာတွေပဲလို့ ငါတို့စဉ်းစားကြတယ် .. တနည်းပြောရရင် လူလူချင်းဆက်ဆံရေး ပြဿနာတွေကနေ လွတ်မြောက်ဖို့ကို ငါတို့နည်းလမ်းရှာဖွေကြတယ် .. လူလူချင်းဆက်ဆံရေးတွေကနေ လွတ်မြောက်ဖို့ကို ငါတို့ကြိုးစားကြတယ် .. ဒါပေမယ့် စကြဝဠာကြီးထဲမှာ တစ်ယောက်ထဲသီးခြားနေထိုင်ဖို့ ဆိုတာက လုံးဝမဖြစ်နိုင်ဘူး .. အခုအချိန်အထိငါတို့ဆွေးနွေးခဲ့ကြတဲ့ သဘောတရားတွေအရကြည့်မယ်ဆိုရင် "လွတ်လပ်မှုဆိုတာဘာလဲ" ဆိုတဲ့ ကောက်ချက်ကို ရှင်းရှင်းလင်းလင်းချမှတ်နိုင်ဖို့ လိုအပ်တယ်

လူငယ် - အဲ့ဒါက ဘာလဲ

ဒဿနပညာရှင် - တိုတိုပြောရရင်တော့ "လွတ်လပ်မှုဆိုတာ အခြားလူတွေကိုယ့်ကို မကြိုက်ကြတာကို ခံရခြင်း ပဲ"

လူငယ် - ဟမ် .. ဘာကြီးလဲ

ဒဿနပညာရှင် - ဘာကြီးလဲဆိုတော့ တစ်ယောက်ယောက်က မင်းကိုမကြိုက်တာကိုခံရခြင်းပဲ .. တစ်ယောက်ယောက်က မင်းကိုမကြိုက်ဘူးဆိုတာဟာ မင်းဟာလွတ်လပ်မှုကိုကျင့်သုံးနေတယ်ဆိုတာနဲ့ လွတ်လပ်စွာနေနေတယ်ဆိုတာရဲ့ သက်သေအထောက်အထားပဲ .. ပြီးတော့ မင်းဟာ မင်းရဲ့စည်းမျဉ်းတွေနဲ့ အညီသာနေထိုင်နေတယ်ဆိုတဲ့ လက္ခဏာတစ်ရပ်ပဲ

လူငယ် - ဒါပေမယ့် .. ဒါ.. ဒါပေမယ့်

ဒဿနပညာရှင် - လူကြိုက်မခံရတာက စိတ်ပျက်စရာကောင်းတယ် .. ဖြစ်နိုင်မယ်ဆိုရင်တော့ လူတွေမကြိုက်တာကိုမခံရဘဲ နေချင်ကြတာပေါ့ .. အသိအမှတ်ပြုခံရဖို့ရာအတွက် သူ့ဆန္ဒကိုဖြည့်ပေးချင်တာပေါ့ .. ဒါပေမယ့် ဘယ်သူကမှကိုယ့်ကိုမကြိုက်တာမျိုး မဖြစ်ရအောင်ဆိုပြီး နေထိုင်တဲ့နည်းလမ်းဟာ လုံးဝမလွတ်မလပ်ဖြစ်စေတဲ့ ဘဝနေထိုင်နည်းပုံစံတစ်ခုပဲ .. ပြီးတော့ အဲ့ဒါက ဖြစ်လည်းမဖြစ်နိုင်ဘူး .. လွတ်လပ်မှုကို ရယူတဲ့နေရာမှာ ကုန်ကျစရိတ်တော့ ရှိတာပေါ့ .. လူတစ်ယောက်ရဲ့ လူလူချင်းဆက်ဆံရေးမှာ လွတ်လပ်မှုအတွက် ပေးရတဲ့ အဖိုးအခက တခြားသူတွေရဲ့ မကြိုက်တာကို ခံရခြင်းပဲပေါ့

လူငယ် - ဟာ မဟုတ်ဘူး .. အဲ့ဒါ လုံးဝမှားနေပြီ .. အဲ့ဒါကို ဘယ်လိုနည်းနဲ့မှ လွတ်လပ်မှုလို့ မခေါ်နိုင်ဘူး .. ဒါက လူတစ်ယောက်ကို ဆိုးသွမ်းတာတွေလုပ်ဖို့ မီးရှို့ပေးနေတဲ့ ဆိုးယုတ်တဲ့ စဉ်းစားနည်းတစ်ခုပဲ

ဒဿနပညာရှင် - မင်းက လွတ်လပ်မှုကို "အဖွဲ့အစည်းတွေထဲကနေ လွတ်မြောက်ခြင်း" လို့တွေးကောင်းတွေးနေလိမ့်မယ် .. မင်းရဲ့အိမ်၊ ကျောင်း၊ ကုမ္ပဏီ ဒါမှမဟုတ် မင်းနိုင်ငံကနေ ချိုးဖောက်ထွက်သွားနိုင်တာကို လွတ်လပ်မှုလို့ထင်နေပုံရတယ် .. ဒါပေမယ့် ဥပမာအားဖြင့် မင်းရဲ့အဖွဲ့အစည်းတစ်ခုအတွင်းကနေ ထွက်သွားရင် စစ်မှန်တဲ့ လွတ်လပ်မှုဆိုတာကို ရမှာမဟုတ်ဘူး .. လူတစ်ယောက်ဟာ အခြားသူတွေရဲ့ဝေဖန်မှုတွေကို မစိုးရိမ်တတ်တဲ့ စိတ်မရှိရင်၊ လူတွေမကြိုက်တာကို မကြောက်တတ်တဲ့စိတ်မရှိရင်၊ ဘယ်တော့မှအသိအမှတ်ပြုမခံရခြင်းဆိုတဲ့ အဖိုးအခကို မပေးနိုင်ရင် ကိုယ့်ကိုယ်ပိုင်ဘဝနေထိုင်နည်းနဲ့ ဘယ်တော့မှနေထိုင်နိုင်မှာမဟုတ်ဘူး .. ဆိုတော့ အဲ့သလိုတွေမလုပ်နိုင်ဘူးဆိုရင် လူတစ်ယောက်ဟာဘယ်တော့မှ လွတ်လပ်နိုင်တော့မှာမဟုတ်ဘူး

လူငယ် - တခြားလူတွေရဲ့မကြိုက်တာကို ခံရမယ် .. အဲ့သလိုခင်ဗျားပြောချင်တာလား

ဒဿနပညာရှင် - ငါပြောနေတာက လူမကြိုက်တာခံရမှာကို မကြောက်နဲ့ ဆိုတာပဲ

လူငယ် - ဒါပေမယ့် .. အဲ့ဒါက ......

ဒဿနပညာရှင် - လူမကြိုက်အောင် တမင်တကာလုပ်ပြီးနေထိုင်ရမယ်လို့ ငါပြောနေတာမဟုတ်ဘူး .. မဟုတ်တာတွေကို လုပ်ရမယ်လို့ ငါပြောနေတာမဟုတ်ဘူး .. အဲ့ဒါကိုတော့ နားလည်မှုမလွဲလိုက်နဲ့

လူငယ် - မဟုတ်သေးပါဘူး .. ဒါဖြင့် မေးခွန်းကိုပြောင်းကြရအောင် .. လူတွေဟာ လွတ်လပ်မှုရဲ့အဖိုးအခကို တကယ်ပဲပေးနိုင်ကြပါ့မလား .. လွတ်လပ်မှုရဲ့ အလေးဒဏ်ကို ခံနိုင်ရည်ရှိကြပါ့မလား .. လူတွေဟာ အဲ့သလောက် ကြံ့ခိုင်သန်မာကြရဲ့လား .. ကိုယ့်မိဘတွေက ကိုယ့်ကိုမကြိုက်ခဲ့ရင် အဲ့ဒါကို ဂရုမစိုက်ဘဲ နေနိုင်ပါ့မလား .. လူတစ်ယောက်ဟာ အားလုံးကိုပြောင်ပြောင်တင်းတင်းဖီဆန်ပြီး ကိုယ်မှန်တယ်ထင်တာကိုပဲ လုပ်တတ်တဲ့သူ ဖြစ်လာနိုင်ပါ့မလား

ဒဿနပညာရှင် - လူတစ်ယောက်ဟာ ကိုယ်မှန်တယ်ထင်တာကိုလုပ်တဲ့သူရော၊ အားလုံးကို ဆန့်ကျင်ဖီဆန်သူရောဖြစ်လာဖို့ကို ကြိုတင်ပြင်ဆင်ပြီး ရည်ရွယ်ထားခဲ့တာမဟုတ်ဘူး .. သူဟာ တာဝန်တွေခွဲခြားခြင်းလေးကိုပဲ လုပ်တာပါ .. အဲ့သလိုလုပ်လိုက်တဲ့အခါမှာ မင်းအကြောင်းကို အကောင်းမထင်တဲ့သူတွေ ရှိကောင်းရှိလာလိမ့်မယ် .. ဒါပေမယ့် အဲ့ဒါက မင်းအလုပ်မဟုတ်ဘူး .. ပြီးတော့ တစ်ခါထပ်ပြောဦးမယ် .. သူငါ့ကို ကြိုက်နှစ်သက်ရမယ် ဒါမှမဟုတ် ဒါဒီလောက်လုပ်ပေးခဲ့တာတောင် သူငါ့ကိုမကြိုက်နှစ်သက်နိုင်တာက အတော်ထူးဆန်းတယ်ဆိုတဲ့ အတွေးမျိုးဟာ တခြားသူတွေရဲ့အလုပ်တွေမှာ ဝင်ရှုပ်တဲ့၊ ဆုလဒ်ကိုဗဟိုပြုတဲ့ အတွေးမျိုးတွေဖြစ်တယ် .. လူတစ်ယောက်ဟာ အခြားသူတွေကိုယ့်ကိုမကြိုက်တာမျိုး ဖြစ်လာနိုင်တဲ့ ဖြစ်နိုင်ချေတွေကို ထည့်သွင်းမစဉ်းစားပဲ ကိုယ့်လမ်းကိုယ်ရှေ့ဆက်တိုးရမယ် .. တောင်ကုန်းပေါ်က လိမ့်ဆင်းလာတဲ့ ကျောက်တုံးလိုမျိုး ရှေ့ဆက်မလျှောက်ရဘူး .. အဲ့ဒီအစား တောင်ကုန်းမြင့်ပေါ်ကို ကြိုးစားတက်လှမ်းနေတဲ့ သူမျိုးဖြစ်ရမယ် .. ဒါဟာ လူသားတစ်ယောက်အတွက် လွတ်လပ်မှုပဲ .. ငါ့မှာရွေးချယ်စရာ နှစ်ခုရှိတယ်လို့ ဆိုကြပါစို့ .. ပထမတစ်ခုက လူအားလုံးငါ့ကိုကြိုက်နှစ်သက်ကြတဲ့ ဘဝတစ်ခု .. ဒုတိယကတော့ ငါ့ကိုမကြိုက်နှစ်သက်တဲ့သူတွေ ရှိနေတဲ့ ဘဝတစ်ခုပေါ့ .. ပြီးတော့ ငါ့မှာတစ်ခုပဲ ရွေးချယ်ခွင့်ရှိတယ် .. အဲ့သလိုအခြေအနေမှာ ငါဟာ စိတ်အပြောင်းအလဲမရှိဘဲ ဒုတိယဘဝကိုပဲ ရွေးချယ်မယ် .. တခြားလူတွေငါ့ကိုဘယ်လိုထင်မြင်ကြမလဲ ဆိုတာမျိုးကို ငါမစိုးရိမ်ဘဲ ငါ့ရဲ့ ကိုယ်ပိုင်ဖြစ်တည်မှုနောက်ကိုပဲ ငါလိုက်မယ် .. ပြောရမယ်ဆိုရင် ငါဟာ လွတ်လပ်မှုနဲ့ပဲ ရှင်သန်နေထိုင်ချင်တယ်

လူငယ် - ခင်ဗျား အခု လွတ်လပ်နေပြီလား

ဒဿနပညာရှင် - အင်း .. ငါလွတ်လပ်နေပါပြီ

လူငယ် - လူတွေမကြိုက်တာမျိုးကို ခင်ဗျားမလိုချင်ဘူး .. ဒါပေမယ့် မကြိုက်ခဲ့ရင်လည်း ဂရုမစိုက်ဘူး .. အဲ့သလိုလား

ဒဿနပညာရှင် - ဟုတ်တယ် .. အမှန်ပဲ .. လူတွေမကြိုက်တာကို မလိုချင်တာက ငါ့အလုပ် .. ဒါပေမယ့် လူတွေငါ့ကိုကြိုက်ကြတာ မကြိုက်ကြတာကတော့ ငါ့အလုပ်မဟုတ်ဘူး .. ငါ့ကိုအကောင်းလုံးဝမမြင်တဲ့ လူတစ်ယောက်ရှိနေခဲ့ရင်တောင်မှ ငါသူ့အလုပ်မှာ ဝင်ရှုပ်မှာမဟုတ်ဘူး .. ငါအရင်ကပြောခဲ့တဲ့ စကားပုံထဲက စကားကို ငှားပြီးပြောရမယ်ဆိုရင် .. သဘာဝအားဖြင့် လူတစ်ယောက်ဟာ တခြားသူတစ်ယောက်ကို အားစိုက်ထုတ်ပြီး ရေရှိရာကိုခေါ်ဆောင်သွားလို့ရတယ် .. ဒါပေမယ့် ရေကိုသောက်မယ် မသောက်ဘူးဆိုတာကတော့ အဲ့ဒီလူရဲ့ အလုပ်ပဲ

လူငယ် - ဒါက အဆုံးသတ်ကောက်ချက်ပဲလား

ဒဿနပညာရှင် - ပျော်ရွှင်ရဲတဲ့ သတ္တိထဲမှာ လူကြိုက်မခံရဲတဲ့ သတ္တိလည်း ပါဝင်ဖွဲ့တည်နေတယ် .. အဲ့ဒီသတ္တိကို မင်းရတဲ့အချိန်မှာ မင်းရဲ့လူလူချင်းဆက်ဆံရေး အနေအထားဟာ ချက်ချင်းဆိုသလိုပဲ အမှောင်ထုကနေ အလင်းဓာတ်အဖြစ် ပြောင်းလဲသွားပါလိမ့်မယ်

**လူလူချင်းဆက်ဆံရေးမှာ အသာစီးရမယ့်ကဒ်ကို ကိုင်ထားပါ**

-------------------------------------------------------------

လူငယ် - အင်း .. လူမကြိုက်ခံရဲဖို့အကြောင်းကိုပြောတဲ့ ဒဿနပညာရှင်တစ်ယောက်ရဲ့ နေရာကို အလည်ရောက်ခဲ့ရလိမ့်မယ်လို့ တစ်ခါမှစိတ်ကူးမကြည့်ခဲ့ဖူးဘူး

ဒဿနပညာရှင် - အဲ့ဒါဟာ လက်ခံဖို့လွယ်ကူတဲ့အချက်မဟုတ်ဘူးဆိုတာကို ငါကောင်းကောင်းနားလည်ပါတယ် .. အဲ့ဒါကို သေသေချာချာစေ့ငုပြီး အစာချေဖို့ရာအတွက် အချိန်လိုအပ်လိမ့်မယ် .. ငါတို့ဒီနေ့ ရှေ့ဆက်ပြီး ဒီအကြောင်းကို ဆွေးနွေးကြရင် ဆက်ပြောနေသမျှကို မင်းစိတ်က လက်ခံနိုင်စွမ်းရှိတော့မှမဟုတ်ဘူးလို့ ငါထင်တယ် .. ဆိုတော့ ငါမင်းကို နောက်ထပ်အကြောင်းအရာတစ်ခုကိုပြောချင်တယ် .. အဲ့ဒါက တာဝန်ခွဲခြားခြင်းနဲ့ သက်ဆိုင်တဲ့ ငါ့ကိုယ်တွေ့ကိစ္စတစ်ခုပဲ .. အဲ့ဒါကိုပြောပြီးရင် ဒီနေ့အဖို့ တော်လိုက်ကြရအောင်

လူငယ် - ကောင်းပါပြီ

ဒဿနပညာရှင် - ဒီတစ်ခုကလည်း မိဘတွေနဲ့ဆက်ဆံရေးအကြောင်းပါပဲ .. ငါနဲ့ ငါ့အဖေရဲ့ဆက်ဆံရေးကလည်း အမြဲတမ်းပဲ ကြမ်းတမ်းခဲ့တာပါပဲ .. ငါကလေးဘဝမှာ ရှိနေတုန်းကတောင်မှပေါ့ .. ငါ အသက်နှစ်ဆယ်အရွယ်အတွင်းလောက်က ငါ့အမေဆုံးပါးသွားခဲ့တယ် .. ငါနဲ့ ငါ့အဖေဟာ အတူတကွထိုင်ပြီး စကားပြောဆိုဖူးကြတယ်ဆိုတာ မရှိသလောက်ပဲ .. ငါ့အမေဆုံးပါးသွားပြီးနောက် ငါနဲ့ ငါ့အဖေရဲ့ဆက်ဆံရေးက ပိုပြီးဆိုးလာတာပေါ့ကွာ .. ဆိုလိုတာက အက်ဒလာစိတ်ပညာကို ငါမသိခင်၊ အက်ဒလာရဲ့အတွေးအမြင်တွေကို ငါမဆုပ်ကိုင်မိသေးခင် အချိန်ကပေါ့

လူငယ် - ခင်ဗျားနဲ့ ခင်ဗျားအဖေကြားမှာ ဘာကြောင့်ဆိုးရွားတဲ့ဆက်ဆံရေး ရှိနေကြတာလဲ

ဒဿနပညာရှင် - ငါ့မှတ်ဉာဏ်ထဲမှာ စွဲထင်နေတာကတော့ သူငါ့ကိုရိုက်တဲ့အချိန်ပေါ့ .. ငါဘာလို့အရိုက်ခံရတာလဲဆိုတာကိုတော့ ငါမမှတ်မိတော့ဘူး .. သူ့ကိုရှောင်ဖို့ရာအတွက် ငါစားပွဲခုံလေးနောက်မှာ ပုန်းနေခဲ့ရတာကိုပဲ ငါမှတ်မိတော့တယ် .. ပြီးတော့သူငါ့ကို အပြင်ကိုဆွဲထုတ်ပြီး ရိုက်တော့တာပဲ .. တစ်ချက်ထဲမဟုတ်ဘူး .. အချက်အများကြီးရိုက်တာကွ

လူငယ် - အဲ့ဒီအကြောက်တရားက စိတ်ဒုက္ခဖြစ်လာတာပေါ့

ဒဿနပညာရှင် - အက်ဒလာစိတ်ပညာကို မသိခင်အထိ ငါလည်းအဲ့သလိုထင်ခဲ့တာပဲ .. ဘာကြောင့်လဲဆိုတော့ ငါ့အဖေက စိတ်အပြောင်းအလဲမြန်ပြီး အေးတိအေးစက် နေတတ်တဲ့လူတစ်ယောက်ကွ .. ငါစဉ်းစားကြည့်မိခဲ့တာက သူ့အဲ့ဒီအချိန်တုန်းက ငါ့ကိုအဲ့သလိုရိုက်ခဲ့တယ် .. ဒါကြောင့်ငါတို့ဆက်ဆံရေးဆိုးရွားသွားတယ် ဆိုတဲ့ ဖရိုဒ်ရဲ့ အကြောင်းကအကျိုးကိုဖန်တီးတယ်ဆိုတဲ့ အမြင်နဲ့ပဲ .. အက်ဒလာစိတ်ပညာကတော့ အဲ့ဒီ အကြောင်းကနေအကျိုးဆိုတဲ့အနက်ပြန်မှုကို ပြောင်းပြန်လှန်ပေးခဲ့တယ် .. ဆိုတော့ငါဟာ ငါ့အဖေနဲ့ ဆက်ဆံရေးကို ကောင်းလာစေချင်တဲ့စိတ်မရှိတော့လို့ အဲ့ဒီအရိုက်ခံရတဲ့ပုံရိပ်ကြီးကို ပြန်ပြန်ဖော်ပြီး ကြည့်မြင်နေမိတာပဲဆိုတာ ငါနားလည်လာတယ်

လူငယ် - ဆိုတော့ ပထမတုန်းက ခင်ဗျားမှာ ခင်ဗျားအဖေနဲ့ဆက်ဆံရေးကို ကောင်းမလာစေချင်တော့ဘူး ဆိုတာနဲ့ ခင်ဗျားတို့အကြားကို ဆက်ဆံရေးကို ပြန်လည်မပြုပြင်ချင်တော့ဘူး ဆိုတဲ့ ရည်ရွယ်ချက်ကြီး ရှိနေခဲ့တာပေါ့

ဒဿနပညာရှင် - အမှန်ပဲ .. ငါ့အတွက်တော့ ငါ့အဖေနဲ့ဆက်ဆံရေးကို ပြန်လည်မပြုပြင်တော့တာက ပိုပြီး နေရထိုင်ရတာ သက်တောင့်သက်သာရှိနေတယ်လေ .. ငါ့ဘဝဘာဖြစ်လို့ မကောင်းမွန်တာလဲဆိုတဲ့ အချက်ကို ဆင်ခြေပေးဖို့ရာအတွက် အဲ့သလိုအဖေမျိုးရှိနေခြင်းဆိုတဲ့အချက်ကို ငါအသုံးချခဲ့မိတာပေါ့ .. အဲ့ဒါကို ကောင်းတယ်လို့ ငါထင်နေခဲ့တယ် .. ရက်စက်တဲ့ဖခင်တစ်ယောက်ကိုလည်း လက်စားချေခွင့်ရနေတယ်ဆိုပြီး စိတ်ကထင်မှတ်နေမိခဲ့တယ်

လူငယ် - အဲ့ဒါ ကျွန်တော်မေးချင်နေတဲ့အချက်ပဲ .. ခင်ဗျားရဲ့ဖြစ်ရပ်မှာ အကြောင်းကနေ အကျိုးကိုဖန်တီးသွား တယ်ဆိုတဲ့အမြင်ကို ပြောင်းပြန်လှန်လိုက်နိုင်တာနဲ့ ခင်ဗျားကိုယ်ခင်ဗျား ပြန်ဆန်းစစ်နိုင်ပြီး "ငါ့အဖေနဲ့ ငါ့ရဲ့ ဆက်ဆံရေးမကောင်းတာက သူငါ့ကိုရိုက်လို့မဟုတ်ဘူး .. ငါကိုယ်တိုင်က ငါ့အဖေနဲ့ဆက်ဆံရေးကို မကောင်းချင်တော့လို့ အဲ့ဒီပုံရိပ်ကို ပြန်ပြန်မြင်နေတာပဲ" လို့ပြောနိုင်သွားခဲ့တာလား .. အဲ့ဒီနောက်မှာရော ဘာအပြောင်းအလဲတွေဖြစ်လာသလဲ .. ခင်ဗျား ကလေးဘဝတုန်းက အရိုက်ခံခဲ့ရတယ်ဆိုတဲ့ အချက်ကတော့ ပြောင်းလဲမသွားဘူး .. ဟုတ်တယ်နော်

ဒဿနပညာရှင် - လူတစ်ယောက်ဟာ လူလူချင်းဆက်ဆံရေးမှာ အသာစီးရနေတဲ့ ရှုထောင့်ကနေ ကြည့်မြင်နိုင် ပါတယ် .. အကြောင်းကအကျိုးကိုဖန်တီးလိုက်တယ်ဆိုတဲ့ အမြင်ကြီးကိုကိုင်စွဲနေသမျှတော့ သူရိုက်ထားတာ ကြောင့် သူနဲ့ငါဆက်ဆံရေး ကောင်းလာဖို့မရှိတော့ဘူး ဆိုတာမျိုးပဲ မြင်နေမှာဖြစ်ပြီး ဆက်ဆံရေးပြန်ကောင်းလာ ဖို့အတွက် ငါဘာမှမလုပ်နိုင်၊ မတတ်နိုင်တဲ့အခြေအနေကြီးထဲမှာ ပိတ်မိနေမှာပဲ .. ဒါပေမယ့် ငါကိုယ်တိုင်က အဖေနဲ့ဆက်ဆံရေးပြန်မကောင်းချင်တဲ့အတွက် အဲ့ဒီပုံရိပ်ကြီးကို ပြန်ပြန်ဖော်ကြည့်မိနေတာပဲ ဆိုတဲ့ရှုထောင့်က နေပြောင်းကြည့်လိုက်တော့ ငါဟာ အဲ့ဒီလူလူချင်းဆက်ဆံရေးအခြေအနေမှာ အသာစီးရသွားပြီး ငါပြောင်းချင်

ရင် ပြောင်းလိုက်လို့ရတယ်ဆိုတဲ့ အခြေအနေမျိုးကို ရောက်သွားတယ် .. ရည်ရွယ်ချက်ကလေးကို ပြောင်းလဲလိုက်တာနဲ့ အရာရာဟာ ပြောင်းလဲသွားတော့တာပဲ

လူငယ် - အဲ့သလိုအမြင်လေးပြောင်းလိုက်တာက တကယ်ပဲ ပြုပြင်ပြောင်းလဲမှုတွေ ဖြစ်လာစေနိုင်သလား

ဒဿနပညာရှင် - ဒါပေါ့

လူငယ် - ခင်ဗျားအဲ့ဒီအချက်ကို တကယ်ပဲနှစ်နှစ်ကာကာ ယုံကြည်လက်ခံတယ်ဆိုတာကို ကျွန်တော်အံ့အားသင့်မိတယ် .. အဲ့ဒီအချက်ကို သီအိုရီအရတော့ ကျွန်တော်နားလည်နိုင်ပါတယ် .. ဒါပေမယ့် ကျွန်တော့်ခံစားချက်ထဲမှာတော့ အဲ့ဒါဟာ တစ်ခုခုတော့မှားနေတယ် ဆိုတဲ့ခံစားချက်မျိုး ဖြစ်နေတုန်းပဲ

ဒဿနပညာရှင် - ပြီးတော့ တာဝန်ခွဲခြားခြင်းလုပ်ဖို့လိုမယ် .. ငါ့အဖေနဲ့ ငါ့အကြားမှာ ရှုပ်ထွေးတဲ့ဆက်ဆံရေးရှိတာအမှန်ပဲ .. သူက ခေါင်းမာတဲ့လူတစ်ယောက် .. သူ့ခံစားချက်တွေကို အလွယ်တကူပြောင်းလဲလို့ ရလိမ့်မယ်လို့ငါဘယ်တုန်းကမှ မထင်ခဲ့ဘူး .. ဒ့ါအပြင် သူငါ့ကိုအဲ့သလိုရိုက်ခဲ့ဖူးတယ်ဆိုတာကို သူမေ့သွားတဲ့ ဖြစ်နိုင်ချေလည်းအများကြီးရှိတယ် .. ဒါပေမယ့် ငါတို့ရဲ့ဆက်ဆံရေးကို ပြန်ပြင်မယ်လို့ ငါဆုံးဖြတ်ချက်ချလိုက်တဲ့ အချိန်မှာ ငါ့အဖေမှာ ဘယ်လိုဘဝနေထိုင်မှုပုံစံရှိနေသလဲဆိုတာက ငါ့အတွက်အရေးမကြီးတော့ဘူး .. သူငါ့အပေါ် ဘယ်လို ထင်မြင်ချက်ရှိသလဲ .. ငါ့ကြိုးပမ်းမှုအပေါ်မှာ သူဘယ်လိုသဘောထားမျိုး ထားမလဲဆိုတာတွေ ငါ့အတွက် အရေးမကြီးတော့ဘူး .. အဲ့ဒီကိစ္စတွေက လုံးဝအရေးမပါတော့ဘူး .. သူ့ဖက်က ငါတို့ဆက်ဆံရေးကို ပြန်ပြင်ဆင်ချင်စိတ်မရှိတော့ဘူးဆိုရင်တောင်မှ အဲ့ဒီကိစ္စကို ငါဘယ်လိုမှသဘောထားမှာ မဟုတ်တော့ဘူး .. ပြဿနာက ငါ့ဖက်ကအဲ့ဒါကို ပြန်ပြင်ဆင်ရလိမ့်မယ်ဆိုတာနဲ့ လူလူချင်းဆက်ဆံရေးမှာ ငါအနိုင်ယူနိုင်ရမယ်ဆိုတဲ့ ကိစ္စပဲရှိတော့တယ်

လူငယ် - ခင်ဗျားက လူလူချင်းဆက်ဆံရေးမှာ အမြဲအနိုင်ယူနိုင်ခဲ့တာပဲလား

ဒဿနပညာရှင် - ဟုတ်တယ် .. လူလူချင်းဆက်ဆံရေးမှာ တစ်ဖက်လူကပဲ အသားစီးယူထားတာလို့ လူတွေက ထင်ကြတယ် .. ဒါကြောင့်သူတို့ အဲ့ဒီလူငါ့အပေါ်ဘယ်လိုထင်လိမ့်မလဲ ဆိုပြီးအမြဲတွေးနေကြပြီး တစ်ဖက်လူရဲ့အလိုဆန္ဒတွေကို ကျေနပ်အောင်ဖြည့်ဆည်းပေးလိုက်မယ်ဆိုတဲ့ ဘဝနေထိုင်မှုပုံစံနဲ့ပဲ အမြဲနေထိုင်နေကြတာပေါ့ .. ဒါပေမယ့် သူတို့တာဝန်ခွဲခြားခြင်းသဘောတရားကို ဆုပ်ကိုင်နိုင်ခဲ့ရင် အသာစီးအားလုံးကိုယူထားတာက ကိုယ်ကိုယ်တိုင်ပဲဆိုတာကို သူတို့နားလည်လာပါလိမ့်မယ် .. ဒါဟာ စဉ်းစားရှုမြင်နည်း ရှုထောင့်သစ်တစ်ခုပဲ

လူငယ် - ဆိုတော့ ခင်ဗျားပြောင်းလဲလိုက်တော့ ခင်ဗျားအဖေရော ပြောင်းလဲလာသလား

ဒဿနပညာရှင် - ငါ့အဖေပြောင်းလဲလာစေဖို့ရာအတွက် ငါပြောင်းလဲလိုက်တာ မဟုတ်ပါဘူး .. ဒါဟာ အခြားသူတွေကို ကြိုးကိုင်ချယ်လှယ်ဖို့ကြိုးစားချင်စိတ်ဆိုတဲ့ မှားယွင်းတဲ့အသိတစ်ခုပါပဲ .. ငါပြောင်းလဲလိုက်ရင် တောင်မှ ပြောင်းလဲလာတာက "ငါ" သာပါပဲ .. အခြားတစ်ဖက်ကလူဆီမှာ ဘယ်လိုရလဒ်တွေဖြစ်သွားမလဲ ဆိုတာ ငါမသိပါဘူး .. ပြီးတော့ အဲ့ဒါဟာ ငါစိတ်ပူလို့ရမယ့် ကိစ္စလည်းမဟုတ်တော့ပါဘူး .. ဒါဟာလည်း တာဝန်ခွဲခြားခြင်းသဘောတရား တစ်ရပ်ပါပဲ .. ငါပြောင်းလဲလိုက်လို့ တစ်ဖက်လူကပြောင်းလဲလာတဲ့အခြေအနေတွေလည်း ရှိတာပေါ့ကွာ .. ဒါပေမယ့် အဲ့သလိုပြောင်းလဲလာတယ်ဆိုတာကလည်း ငါပြောင်းလဲလိုက်တာကြောင့် ပြောင်းလဲလာတာတွေမဟုတ်ပါဘူး .. တစ်ဖက်လူက သူ့ဟာသူ ပြောင်းလဲလို့သာ ပြောင်းလဲသွားတဲ့ ကိစ္စတွေပါ .. ကိစ္စအတော်များများမှာ အဲ့ဒီလူဟာ ဘာမှဆက်လုပ်လို့မရတော့ဘဲ ပြောင်းလဲကိုပြောင်းလဲလာရပါတယ် .. ဒါပေမယ့် အဲ့သလိုသူပြောင်းလဲလာရမယ်ဆိုတာက ငါ့ ရည်ရွယ်ချက်မဟုတ်ပါဘူး .. တစ်ဖက်လူက မပြောင်းလဲလာတဲ့ဖြစ်နိုင်ချေတွေလည်း ရှိနေတယ် .. ငါ့ကိစ္စမှာဆိုရင် တစ်ဖက်လူပြောင်းလဲလာပါစေတော့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ တစ်ဖက်လူကို ကိုင်တွယ်ပြုပြင်စီရင်မယ်ဆိုပြီး ကိုယ့်အပြုအမူတွေ အပြောအဆိုတွေကို ပြောင်းလဲလိုက်မယ်ဆိုရင် အဲ့ဒါဟာ မှားယွင်းတဲ့ စဉ်းစားပုံစဉ်းစားနည်းဖြစ်တယ်ဆိုတာ ထင်ရှားပါတယ်

လူငယ် - လူတစ်ယောက်ဟာ အခြားသူတွေကို လွှမ်းမိုးပြုပြင်စီရင်တာမျိုး မလုပ်ရဘူး .. လုပ်လို့လည်း မရနိုင်ဘူး

ဒဿနပညာရှင် - လူလူချင်းဆက်ဆံရေးအကြောင်း ငါတို့ပြောတဲ့အချိန်မှာ လူနှစ်ယောက်ရဲ့ဆက်ဆံရေး နဲ့ လူတစ်ယောက်နဲ့ အခြားလူအများရဲ့ ဆက်ဆံရေးဟာ ငါတို့စိတ်ထဲကိုရောက်လာတယ် .. ဒါပေမယ့် ပထမဆုံး ရောက်လာတာက ကိုယ့်အကြောင်းပဲ .. လူတစ်ယောက်မှာ အသိအမှတ်ပြုခံချင်တဲ့စိတ်ရှိနေရင် လူလူချင်း ဆက်ဆံရေးမှာ အသာစီးရနိုင်တဲ့ကဒ်ဟာ တစ်ဖက်လူရဲ့လက်ထဲမှာပဲ အမြဲရှိနေလိမ့်မယ် .. လူတစ်ယောက်ဟာ ဘဝမှာ အသာစီးရနိုင်တဲ့ကဒ်ကို တစ်ဖက်လူကိုပေးပစ်လိုက်မလား .. ကိုယ့်ဟာကိုယ်ပဲ ကိုင်ထားမလား .. မင်းအိမ်ပြန်သွားတဲ့အခါ ဒီအတွေးအမြင်တွေကို အချိန်ယူပြီး သေသေချာချာတွေးကြည့်ခဲ့ပါ .. အဓိကအားဖြင့် တာဝန်ခွဲခြားခြင်းသဘောတရားနဲ့ လွတ်လပ်မှုအကြောင်းပေါ့ .. ငါမင်းနောက်တစ်ခေါက် ရောက်လာမှာကို ဒီနေရာကနေ စောင့်နေပါ့မယ်

လူငယ် - ကောင်းပါပြီ .. ကျွန်တော်အဲ့ဒါတွေအကြောင်းကို သေသေချာချာတွေးတောခဲ့ပါမယ်

ဒဿနပညာရှင် - ဆိုတော့ .. ကောင်းပြီလေ

လူငယ် - ကျွန်တော်ခင်ဗျားကို တစ်ခုမေးချင်ပါသေးတယ်

ဒဿနပညာရှင် - ဘာများလဲ

လူငယ် - နောက်ဆုံးမှာ ခင်ဗျားနဲ့ ခင်ဗျားအဖေရဲ့ဆက်ဆံရေးကို ခင်ဗျား ပြန်လည်ပြုပြင်နိုင်ခဲ့ရဲ့လား

ဒဿနပညာရှင် - အင်း .. ပြုပြင်နိုင်ခဲ့တာပေါ့ .. ပြုပြင်နိုင်ခဲ့တယ်လို့ ငါထင်တယ်လေ .. ငါ့အဖေ နာမကျန်း ဖြစ်ခဲ့တယ် .. သူ့ဘဝရဲ့ နောက်ဆုံးနှစ်တွေမှာပေါ့ .. ငါနဲ့ငါ့မိသားစုဟာ သူ့ကို ပြုစုဖို့လိုအပ်ခဲ့တယ် .. တစ်ရက် ငါသူ့ကိုပုံမှန်အတိုင်း ပြုစုနေတဲ့အချိန်မှာ သူက ငါ့ကို "ကျေးဇူးတင်ပါတယ်" လို့ပြောခဲ့တယ် .. ငါ့အဖေရဲ့ ဝေါဟာရစာရင်းထဲမှာ အဲ့ဒီစကားလုံးရှိနေတယ်ဆိုတာ ငါအရင်က မသိခဲ့ဖူးဘူး .. ငါ အံ့သြသွားပြီး ကျန်တဲ့ရက် တွေမှာ ပီတိဖြစ်နေခဲ့တယ် .. ငါသူ့ကိုပြုစုနေရတဲ့ ရှည်ကြာတဲ့နှစ်တွေမှာ ငါလုပ်နိုင်သမျှကို ငါ့အဖေအတွက် လုပ်ပေးခဲ့တယ် .. ပြောရမယ်ဆိုရင် ငါ့အဖေကို ရေရှိရာကို ငါခေါ်သွားနိုင်ခဲ့တယ် .. နောက်ဆုံးမှာ သူကလည်း အဲ့ဒီရေကို သောက်ခဲ့ပါတယ် ..

လူငယ် - အင်း .. ကောင်းပြီ .. ကျေးဇူးအများကြီးတင်ပါတယ် .. ဒီလိုအချိန်မျိုးမှာ ကျွန်တော်နောက်တစ်ကြိမ် လာခဲ့ပါဦးမယ်

ဒဿနပညာရှင် - မင်းနဲ့ဆွေးနွေးခွင့်ရတာ ငါလည်းကျေနပ်မိပါတယ် .. မင်းကိုလည်း ကျေးဇူးတင်ပါတယ်

**စတုတ္ထည**
**ကမ္ဘာလောကရဲ့ ဗဟိုချက်က ဘယ်မှာလဲ**
------------------------------------------

*"ဒါကအတော်လေးနီးစပ်နေပြီ .. ငါ အဲ့ဒီအချက်ကို လက်ခံမိတော့မယ်"*

*နောက်တစ်ပတ်မှာ လူငယ်ဟာ ဒဿနပညာရှင်ဆီကို ပြန်ရောက်လာပါတယ်။ သူဟာ မအောင့်အည်း နိုင်တော့တဲ့ပုံစံနဲ့ တံခါးကို တဒေါက်ဒေါက် ခေါက်နေပါ တယ်။*

*"တာဝန်ခွဲခြားခြင်းဆိုတဲ့ သဘောတရားက တကယ်အသုံးဝင်တဲ့ သဘောတရားတစ်ခုပဲ .. ခင်ဗျား နောက်ဆုံး တစ်ကြိမ်မှာ ကျွန်တော်လုံးဝလက်ခံသွားအောင် ရှင်းပြနိုင်ခဲ့တယ် .. ဒါပေမယ့် အဲ့ဒါဟာ ဘဝကိုအထီးကျန်စွာ ဖြတ်သန်းရမယ့် ဘဝနေနည်းတစ်ခုလိုပဲ .. တာဝန်ခွဲခြားခြင်းနဲ့ လူလူချင်းဆက်ဆံရေးမှာ လူတစ်ယောက်ထမ်းရ တဲ့ဝန်ကို ပေ့ါပါးစေခြင်းဟာ လူတစ်ယောက်နဲ့ အခြားသူတွေရဲ့ဆက်ဆံရေးကို ဖြတ်တောက်ပစ်လိုက်ရသလိုပဲ .. ပြီးတော့ တခြားသူတွေရဲ့မကြိုက်တာကို ခံဖို့ခင်ဗျားက ကျွန်တော့်ကို ပြောတယ် .. အဲ့ဒါကို ခင်ဗျားက လွတ်လပ်မှု လို့ခေါ်မယ်ဆိုရင် .. ကျွန်တော် မလွတ်လပ်ဖို့ကိုပဲ ရွေးချယ်တော့မယ်"*

**ပုဂ္ဂလိက စိတ်ပညာနဲ့ ဟိုလစ်ဇင်**

----------------------------------

(ဟိုလစ်ဇင် - အစိတ်တွေပေါင်းထားတဲ့အစုဟာ အစိတ်တွေစုစုပေါင်းထက် ပိုများတယ်ဟူသော အယူအဆ၊ လူတစ်ယောက်ကို အစိတ်အပိုင်းတွေအဖြစ် မမြင်ဘဲ တစ်စုတစ်ရုံးထဲအဖြစ်မြင်သော အယူအဆ)

ဒဿနပညာရှင် - ကောင်းပြီ .. မင်းဒီနေ့ မှုံမှုံမှိုင်းမှိုင်းပုံပေါက်နေပါလား

လူငယ် - ခင်ဗျားသိလား .. နောက်ဆုံးတစ်ကြိမ်တွေ့ပြီးကတည်းက တာဝန်ခွဲခြားခြင်းနဲ့ လွတ်လပ်မှုအကြောင်းကို ကျွန်တော်အေးအေးဆေးဆေးနဲ့ စေ့စေ့စပ်စပ် တွေးတောနေခဲ့တယ် .. ကျွန်တော့်စိတ်ခံစားမှုတွေ တည်ငြိမ်သွားတဲ့အထိစောင့်ပြီး ကျွန်တော့်ကြောင်းကျိုးဆင်ခြင်တတ်တဲ့စိတ်ကို အသုံးချခဲ့တယ် .. ဒါပေမယ့် တာဝန်ခွဲခြားခြင်းသဘောတရားဟာ လက်တွေ့ကျတဲ့ပုံမရဘူး

ဒဿနပညာရှင် - ဟမ် .. ကောင်းပြီ .. ဆက်ပါဦး

လူငယ် - တာဝန်ခွဲခြားခြင်းဆိုတာဟာ အနားသတ်မျဉ်းတွေသတ်မှတ်ခြင်းကို အခြေခံပြီး "ငါကငါ .. မင်းကမင်း" လို့ပြောတဲ့သဘောတရားတစ်ခုပါပဲ .. အဲ့ဒီလိုသာနေရင် လူလူချင်းဆက်ဆံရေးပြဿနာတွေ နည်းပါးသွားလိမ့်မယ်ဆိုတာကတော့ အသေအချာပါပဲ .. ဒါပေမယ့် အဲ့သလိုဘဝနေထိုင်မှုနည်းလမ်းက မှန်ကန်ပါတယ်လို့ ခင်ဗျား တကယ်ပဲပြောနိုင်ပါ့မလား .. ကျွန်တော့်အတွက်တော့ အဲ့ဒါက ကိုယ့်ကိုယ်ကိုယ် လုံးဝဥဿုံဗဟိုပြုထားပြီး တကိုယ်တော်ဝါဒကို ပုံပြောင်းထားတဲ့ အယူအဆတစ်ခုပါပဲ .. ကျွန်တော်ဒီကို ပထမဆုံးအကြိမ်လာခဲ့တုန်းက အက်ဒလာစိတ်ပညာဟာ "ပုဂ္ဂလိကစိတ်ပညာ" တစ်ခုပါပဲလို့ ခင်ဗျားပြောခဲ့တယ် .. အဲ့ဒီဝေါဟာရက ကျွန်တော့်ကို အချိန်အခိုက်အတန့်တစ်ခုကြာသည်အထိ စိတ်ရှုပ်စေခဲ့တယ် .. ဒါပေမယ့် နောက်ဆုံးမှာ အဲ့သလို ဘာကြောင့်ဖြစ်နေရတာလဲဆိုတာ ကျွန်တော်အဖြေထုတ်နိုင်ခဲ့တယ် .. အက်ဒလာစိတ်ပညာ ဒါမှမဟုတ် ပုဂ္ဂလိကစိတ်ပညာလို့ ခင်ဗျားခေါ်နေတဲ့အရာက အဓိကအနှစ်သာရအားဖြင့် တကိုယ်တော်ဝါဒကို အခြေခံပြီး လူတွေကို တစ်ယောက်ထဲ အထီးတည်းဖြစ်သွားအောင်နေထိုင်ဖို့ဆီကို ဦးတည်နေတဲ့ အယူအဆတစ်ရပ်ပဲ

ဒဿနပညာရှင် - အက်ဒလာဖော်ထုတ်ခဲ့တဲ့ "ပုဂ္ဂလိကစိတ်ပညာ" ဆိုတဲ့ဝေါဟာရဟာ နားလည်မှုလွဲသွားစေနိုင်တဲ့ အချက်တွေပါနေတယ်ဆိုတာ အမှန်ပဲ .. ငါ ဘာကိုဆိုလိုသလဲဆိုတာ အခုရှင်းပြမယ် .. ပထမဆုံးအနေနဲ့ ဝေါဟာရတွေရဲ့ရင်းမြစ်ကိုလေ့လာတဲ့ ပညာရပ်ကနေပြောရမယ်ဆိုရင် "တစ်ဦးတစ်ယောက်ထဲ" ဆိုတဲ့ ဝေါဟာရမှာ "ထပ်မံခွဲထုတ်၍မရသော" ဆိုတဲ့ အနက်ပါဝင်တယ်

လူငယ် - ထပ်မံခွဲထုတ်၍မရသော ဟုတ်လား

ဒသသနပညာရှင် - ဟုတ်တယ် .. တနည်းပြောရရင် အဲ့ဒါဟာ ဖြစ်နိုင်သမျှအသေးဆုံးသော အတိုင်းအတာ ပမာဏဖြစ်ပြီး အဲ့ဒါကြောင့်ပဲ သူ့ကိုနောက်ထပ်ပိုသေးငယ်သွားအောင် ထပ်ပြီးခွဲထုတ်လို့မရတော့ဘူး .. ဆိုတော့ ထပ်ပြီးခွဲထုတ်လို့မရတော့ဘူးဆိုတဲ့အရာဟာ အတိအကျအနေနဲ့ ဘာကိုပြောတာလဲ .. အက်ဒလာဟာ ဒွိတ္တဝါဒ သဘောဆောင်တဲ့ ဘယ်တန်ဖိုးစနစ်ကိုမဆို ဆန့်ကျင်ခဲ့တယ် .. အဲ့ဒီဒွိတ္တဝါဒက စိတ်ကို ခန္ဓာနဲ့သီးခြားအဖြစ် မှတ်ယူတယ် .. ကြောင်းကျိုးဆင်ခြင်တာတွေကို စိတ်ခံစားမှုနဲ့ သီးခြားအဖြစ်မှတ်ယူတယ် .. သိစိတ်ကို မသိစိတ်နဲ့သီးခြားအဖြစ် မှတ်ယူတယ်

လူငယ် - အဲ့ဒါက ဘာကိုဆိုလိုချင်တာလဲ

ဒသသနပညာရှင် - ဥပမာအားဖြင့် ရက်သွေးဖြန်းပြီးသူ့မျက်နှာရဲတာကိုကြောက်တဲ့ ကိစ္စကိုဖြေရှင်းချင်လို့ ငါ့ဆီ လာပြီး ဆွေးနွေးတိုင်ပင်တဲ့ ကျောင်းသူလေးအကြောင်းကို မင်းမှတ်မိသေးလား .. အဲ့သလိုမျက်နှာရဲတာကို ကြောက်တဲ့စိတ်ကို သူဘာကြောင့်မွေးမြူလိုက်သလဲ .. အက်ဒလာစိတ်ပညာမှာ ရုပ်ပိုင်းရောဂါလက္ခဏာတွေ ဟာ စိတ် (စိတ်ဝိဉာဉ်) နဲ့သီးခြားဖြစ်တယ်လို့ မမှတ်ယူဘူး .. စိတ်နဲ့ ခန္ဓာကို တစ်ခုတည်းအဖြစ်မှတ်ယူတယ် .. သူတို့ကိုတစုတည်းအနေနဲ့မှတ်ယူပြီး အစိတ်အပိုင်းတွေအဖြစ် ထပ်မံခွဲစိတ်လို့မရဘူးလို့ မှတ်ယူတယ် .. လူတစ်ယောက်ရဲ့ စိတ်ထဲမှာဖိစီးမှုဖြစ်လာရင် သူ့လက်တွေခြေတွေ တုန်လှုပ်လာတတ်တယ် ဒါမှမဟုတ် မျက်နှာမှာသွေးရောင်တွေလွှမ်းလာတတ်တယ် .. ကြောက်စိတ်ဖြစ်လာရင် မျက်နှာတွေဖြူဖပ်ဖြူလျှော် ဖြစ်သွား တတ်တယ် .. စသဖြင့်ပေါ့

လူငယ် - ဟုတ်ကဲ့ .. စိတ်နဲ့ခန္ဓာမှာ ချိတ်ဆက်နေတဲ့အစိတ်အပိုင်းတွေရှိတယ်ဆိုတာ သေချာပါတယ်

ဒသသနပညာရှင် - ကြောင်းကျိုးဆင်ခြင်မှုနဲ့ စိတ်ခံစားမှုဟာလည်း အလားတူပဲ .. သိစိတ်နဲ့ မသိစိတ်ဟာလည်း အဲ့သလိုပါပဲ .. ပုံမှန်အားဖြင့် စိတ်လှုပ်ရှားပြောင်းလဲမှု မဖြစ်လွယ်တဲ့လူတစ်ယောက်ဟာ ကြမ်းတမ်းတဲ့စိတ်ခံစား မှုတွေဖြစ်လာတာမျိုး၊ တစ်ယောက်ယောက်ကို အော်ဟစ်ပစ်လိုက်တာမျိုး ဖြစ်လာဖို့ကို မမျှော်လင့်ထားဘူး .. ငါတို့ဟာ ငါတို့နဲ့တနည်းနည်း ကင်းလွတ်ပြီးတည်ရှိနေတဲ့ စိတ်ခံစားမှုတွေရဲ့ ဖမ်းစားမှုကိုခံနေကြရတဲ့သူတွေ မဟုတ်ပါဘူး .. ငါတို့တစ်ဦးချင်းစီတိုင်းဟာ ပေါင်းစည်းပြီး တစ်ခုထဲအဖြစ် ပြည့်ပြည့်ဝဝ ရှိနေကြတဲ့သူတွေချည်း ပါပဲ

လူငယ် - မဟုတ်ဘူး .. အဲ့ဒါက မမှန်ဘူး .. ဘာ့ကြောင့်လဲဆိုတာ တိတိကျကျပြောရရင် လူတွေအပေါ် မှန်ကန် တဲ့နားလည်မှုရှိလာဖို့ရာအတွက် ကျွန်တော်တို့ဆီမှာ စိတ်နဲ့ ခန္ဓာ၊ ကြောင်းကျိုးဆင်ခြင်မှုနဲ့ စိတ်ခံစားမှု၊ သိစိတ်နဲ့ မသိစိတ်တို့ကို သီးခြားစီဖြစ်နေတဲ့အရာတွေလို့ ရှင်းရှင်းလင်းလင်းခွဲခြားသိထားဖို့လိုလိမ့်မယ် .. အဲ့ဒါက အငြင်းပွားစရာမလိုလောက်အောင် သိသာထင်ရှားနေတဲ့ အချက်ပဲမဟုတ်ဘူးလား ..

ဒဿနပညာရှင် - စိတ်နဲ့ခန္ဓာဟာ မတူကွဲပြားတယ် ဆိုတာကကျိန်းသေမှန်ပါတယ် .. ကြောင်းကျိုးဆင်ခြင်မှုနဲ့ စိတ်ခံစားမှုဟာ မတူကြဘူးဆိုတာလည်း မှန်ပါတယ် .. သိစိတ်ရော၊ မသိစိတ်ရော ရှိနေတယ်ဆိုတာလည်း အမှန်ပါပဲ .. ဒါပေမယ့် အဲ့သလိုရှိပေမယ့်လည်း လူတစ်ယောက်ဒေါသထွက်လာပြီး တခြားလူတစ်ယောက်ကို အော်ဟစ်ပစ်လိုက်တဲ့အချိန်မှာ အဲ့သလိုအော်ဟစ်ပစ်ဖို့ ရွေးချယ်လိုက်တဲ့ "ငါဆိုတာက တစ်ခုတည်းအဖြစ် ပေါင်းစည်း" သွားတယ် .. အဲ့သလိုအချိန်မျိုးမှာ လူတစ်ယောက်ဟာ စိတ်ခံစားမှုတွေကို သီးခြားလွတ်လပ်စွာ ဖြစ်တည်နေတဲ့အရာတွေလို့ မမှတ်ယူတော့ဘူး .. ငါ့ရည်မှန်းချက်နဲ့ ဆက်စပ်မှုမရှိတဲ့အရာလို့ မမှတ်ယူတော့ဘူး .. အဲ့သလို အော်ဟစ်တာမျိုးကို ငါကိုယ်တိုင်ရည်ရွယ်ချက်ရှိရှိနဲ့ ဖန်တီးလိုက်တာလို့ မမှတ်ယူတော့ဘူး .. "ငါ" နဲ့ "စိတ်ခံစားမှု" ကိုခွဲခြားမြင်ပြီး ငါဒီလိုအော်ဟစ်မိဖို့ လုပ်လိုက်တာက ငါ့ရဲ့စိတ်ခံစားမှုကလုပ်လိုက်တာဖြစ်တယ် ငါလုပ်လိုက်တာမဟုတ်ဘူး ဒါမှမဟုတ် စိတ်ခံစားမှုအရလုပ်မိတာပဲလေ ငါ့ဘာမှတတ်နိုင်တာမှမဟုတ်တာ ဆိုတာမျိုး တွေးလိုက်မိရင် အဲ့ဒါမျိုးဟာ ဘဝရဲ့မှုသားထဲကို အလျှင်အမြန်ရောက်သွားစေမယ့် အတွေးအမြင်မျိုးပဲ

လူငယ် - ကျွန်တော်စားပွဲထိုးလေးကို အော်လိုက်မိတာကို ခင်ဗျားဆိုလိုတာ ဟုတ်တယ်မဟုတ်လား

ဒဿနပညာရှင် - ဟုတ်တယ် .. လူကို "တစ်ပေါင်းတစည်းထဲဖြစ်နေတဲ့ငါ" လို့မြင်ပြီး အစိတ်အပိုင်းတွေအဖြစ် ခွဲခြားလို့မရဘူးလို့ မြင်တဲ့အမြင်ကို "ဟိုလစ်ဇင်" လို့ခေါ်တာပဲ

လူငယ် - ဆိုတော့ .. ကောင်းပြီလေ .. ဒါပေမယ့် ကျွန်တော်ခင်ဗျားဆီကလိုချင်တာက ပညာရပ်နယ်ပယ်ထဲက သီအိုရီတွေသုံးပြီး "တကိုယ်တော်ဖြစ်နေတဲ့လူ" ဆိုတာကိုအနက်ဖွင့်ပြတာမျိုး မဟုတ်ဘူး .. ဒီမှာ .. အက်ဒလာ စိတ်ပညာကို ယုတ္တိကျတဲ့ ကောက်ချက်တစ်ခုချရမယ်ဆိုရင် သူ့အခြေခံအချက်က "ငါကငါ .. မင်းကမင်း" ဆိုတာ နဲ့ လူတွေကို တသီးတခြားစီနေကြဖို့ ပြောချင်တာပဲမဟုတ်လား .. အဲ့ဒီအယူအဆက "ငါမင်းကို ဝင်မစွက်ဖက်ဘူး ဒါကြောင့် ငါ့ကိုလည်းမင်းဝင်မရှုပ်နဲ့ .. ငါတို့နှစ်ယောက်စလုံး ငါတို့ကျေနပ်သလိုပဲ နေကြမယ်" လို့ပြောနေတာပဲ မဟုတ်လား .. အဲ့ဒီအချက်အပေါ်မှာ ခင်ဗျားဘယ်လိုမြင်သလဲဆိုတာ ကျွန်တော့်ကို ပွင့်ပွင့်လင်းလင်းနဲ့ တိတိကျကျလေးပြောစမ်းပါ

ဒဿနပညာရှင် - ဒါဟာ ငါယုံကြည်တဲ့အချက်ဖြစ်ပြီး ပြီးခဲ့တဲ့တစ်ခေါက်တုန်းက ကောင်းမွန်တဲ့ လူလူချင်း ဆက်ဆံရေးတစ်ခုတည်ဆောက်ဖို့ရာအတွက် အတိုင်းအတာတစ်ခုအထိကွာဝေးတဲ့ ဝေးကွာမှုလိုတယ်ဆိုတာ ငါသေသေချာချာ ရှင်းပြခဲ့ပါတယ် .. တစ်ချိန်ထဲမှာပဲ အရမ်းနီးကပ်လွန်းနေရင် လူနှစ်ယောက်ဟာ တစ်ယောက်နဲ့ တစ်ယောက်စကားပြောဆိုဖို့တောင် ဖြစ်နိုင်မှာမဟုတ်တော့ဘူး .. ဆိုတော့ လူနှစ်ယောက်ဟာ အရမ်းနီးကပ်နေ ရင်လည်းမကောင်းသလို အရမ်းဝေးကွာနေရင်လည်း မကောင်းပါဘူး .. ဒါကြောင့် တာဝန်ခွဲခြားခြင်းဆိုတာကို လူနှစ်ယောက် တစ်ယောက်နဲ့တစ်ယောက် ခွဲခွာပြီးနေဖို့ပြောနေတာမျိုးလို့ မမှတ်ယူလိုက်ပါနဲ့ .. အဲ့ဒီအစား လူတစ်ယောက်ရဲ့ လူမှုဆက်ဆံရေးမှာ ရှုပ်ထွေးနေတဲ့ ချည်လုံးကြီးကို ဖြည်လိုက်ဖို့သာ ပြောတဲ့စကားလို့ နားလည်ပေးပါ

လူငယ် - ချည်လုံးကြီးကို ဖြေရှင်းဖို့ ဟုတ်လား

ဒဿနပညာရှင် - အမှန်ပါပဲ .. အခုလက်ရှိအချိန်မှာ မင်းရဲ့ချည်မျှင်တွေနဲ့ အခြားသူတွေရဲ့ချည်မျှင်တွေဟာ အချင်းချင်းပတ်လိမ်နေပြီး ရှုပ်ထွေးတဲ့ချည်လုံးကြီးအဖြစ် ရှိနေတယ် .. ပြီးတော့မင်းကလည်း ကမ္ဘာလောကကို အဲ့သလိုချည်လုံးကြီးရှုပ်ထွေးနေတာထဲကနေ တဆင့်ရှုကြည့်နေတယ် .. အနီ၊ အပြာ၊ အညို၊ အစိမ်း အစရှိတဲ့ ချည်မျှင်ရောင်စုံတွေဟာ ရစ်ပတ်ရှုပ်ထွေးပြီး အလုံးကြီးဖြစ်နေတယ် .. အဲ့ဒါကိုမင်းက "ချိတ်ဆက်မှု" လို့ထင်နေ တယ် .. အမှန်က အဲ့ဒါ ချိတ်ဆက်မှုမဟုတ်ပါဘူး

လူငယ် - ဆိုတော့ .. အချိတ်အဆက်ဆိုတာက ဘာလို့ခင်ဗျား ယူဆသလဲ

ဒဿနပညာရှင် - အရင်တစ်ကြိမ်တုန်းက တာဝန်ခွဲခြားခြင်းနဲ့ လူလူချင်းဆက်ဆံရေးပြဿနာတွေ ပြေလည်စေ မယ့်ဆေးညွှန်းကို ငါပေးခဲ့တယ် .. ဒါပေမယ့် လူလူချင်းဆက်ဆံရေးဟာ လူတစ်ယောက် တာဝန်တွေကိုခွဲခြား လိုက်ရုံနဲ့ ပြီးဆုံးသွားရမယ့်အရာမဟုတ်ဘူး .. တာဝန်ခွဲခြားခြင်းဟာ တကယ်တန်းတော့ လူလူချင်းဆက်ဆံရေး အတွက် စထွက်တဲ့အမှတ်ပဲ .. ဒီနေ့ ဆွေးနွေးမှုကို နဲနဲနက်နက်အထိ သွားကြပြီး အက်ဒလာစိတ်ပညာက လူလူချင်း ဆက်ဆံရေးအပေါ် တစ်ခုလုံးခြုံပြီး မြင်တဲ့အမြင်ကို ဆွေးနွေးကြမယ် .. ပြီးတော့ ငါတို့ အခြားသူတွေနဲ့ ဘယ်လို လူလူချင်းဆက်ဆံရေးမျိုးကို ထူထောင်ရမလဲ ဆိုတာကို ဆွေးနွေးကြမယ်

**လူလူချင်းဆက်ဆံရေးရဲ့ ပန်းတိုင်က အသိုက်အဝန်းဆိုတဲ့ ခံစားချက်**

-----------------------------------------------------------------------

လူငယ် - ကောင်းပါပြီ .. ကျွန်တော့်မှာ မေးခွန်းတစ်ခုရှိတယ် .. အဲ့ဒီအကြောင်းအရာရဲ့ နလုံးသည်းပွတ်အထိ ရောက်အောင်ရိုးရိုးရှင်းရှင်းလေးနဲ့ တိုက်ရိုက်ဖြေပေးပါ .. တာဝန်ခွဲခြားခြင်းဟာ လူလူချင်းဆက်ဆံရေးမှာ စထွက်တဲ့ အမှတ်လို့ခင်ဗျားပြောခဲ့တယ် .. ဆိုတော့ လူလူချင်းဆက်ဆံရေးရဲ့ ပန်းတိုင်က ဘာလဲ

ဒဿနပညာရှင် - နလုံးသည်းပွတ်အထိရောက်အောင် တိုက်ရိုက်ဖြေရမယ်ဆိုရင်တော့ အဲ့ဒါက "အသိုက်အဝန်း ဆိုတဲ့ခံစားချက်" ပဲ

လူငယ် - အသိုက်အဝန်းဆိုတဲ့ခံစားချက် ဟုတ်လား

ဒဿနပညာရှင် - ဟုတ်တယ် .. အဲ့ဒါက အက်ဒလာစိတ်ပညာရဲ့ အဓိကအယူအဆပဲ .. အဲ့ဒီအယူအဆကို အသုံးချတဲ့နေရာမှာတော့ ကျယ်ကျယ်လောင်လောင်ပဲ ငြင်းခုံဆွေးနွေးမှုတွေဖြစ်ခဲ့ကြတယ် .. တကယ်တန်းမှာ

အသိုက်အဝန်းဆိုတဲ့ခံစားချက် အယူအဆကို အက်ဒလာတင်ပြခဲ့တဲ့အချိန်မှာ လူအများအပြားဟာ သူနဲ့ သဘောထားကွဲလွဲခဲ့ကြတယ်

လူငယ် - အတော်လေးစိတ်ဝင်စားစရာကောင်းနေပြီ .. အဲ့ဒီအယူအဆက ဘယ်လိုမျိုးလဲ

ဒဿနပညာရှင် - နောက်ဆုံးတစ်ခေါက် မတိုင်ခင် အရင်တစ်ခေါက်တုန်းက လူတစ်ယောက်ဟာ အခြားသူတွေကို ဘယ်လိုမြင်မလဲ၊ ရန်သူတွေအဖြစ်မြင်မလား ရဲဘော်ရဲဘက်တွေအဖြစ် မြင်မလားဆိုတဲ့ ကိစ္စကို ဆွေးနွေးခဲ့ကြတယ် .. အခု အဲ့ဒါကို နဲနဲပိုပြီး နက်နက်ဆွေးနွေးကြရအောင် .. တခြားသူတွေဟာ ငါတို့ရဲ့ ရဲဘော်ရဲဘက်တွေဖြစ်ရင် ငါတို့ဟာ သူတို့နဲ့ ဝန်းရံလွှမ်းခြုံခံရပြီး နေထိုင်ကြမယ် .. အဲ့သလိုနေရာမှာ ငါတို့ဟာ ငါတို့ရဲ့ကိုယ်ပိုင် "ခိုကိုးရာ" နေရာလေးကို ရလိမ့်မယ် .. ဒါ့အပြင် အဲ့သလိုနေထိုင်ခြင်းအားဖြင့် ငါတို့ဟာ ငါတို့ရဲ့ရဲဘော်ရဲဘက်တွေနဲ့ မျှဝေလိုတဲ့ခံစားချက်လေး စတင်ရရှိလာလိမ့်မယ် .. အဲ့ဒီအဝန်းအဝိုင်းလေးအတွက် လုပ်ပေးချင်စိတ်၊ ပေးမျှချင်စိတ်တွေရှိလာမယ် .. အဲ့သလိုမျိုး တခြားသူတွေကို ရဲဘော်ရဲဘက်လို့ ခံစားရတဲ့စိတ်၊ "ကိုယ့်ကိုယ်ပိုင်ခိုကိုးရာ နေရာလေးရှိတယ်" ဆိုတဲ့သိစိတ်လေးကိုပဲ "အသိုက်အဝန်းဆိုတဲ့ခံစားချက်" လို့ခေါ်တာပါပဲ

လူငယ် - ဘယ်နေရာမှာ အငြင်းပွားဖွယ်ရာဖြစ်တာလဲ .. ဒါတွေအားလုံးဟာ လုံးဝငြင်းပယ်လို့မရနိုင်တဲ့ အချက်ပဲ

ဒဿနပညာရှင် - ပြဿနာက အသိုက်အဝန်း ဆိုတဲ့ စကားရပ်ပဲ .. အသိုက်အဝန်းမှာ ပါတွေပါဝင်သလဲ .. "အသိုက်အဝန်း" ဆိုတဲ့စကားကို မင်းကြားတဲ့အချိန်မှာ မင်းစိတ်ထဲ ဘယ်လိုပုံရိပ်တွေ ရောက်လာသလဲ

လူငယ် - လူတစ်ယောက်ရဲ့ အိမ်ထောင်မိသားစု၊ ကျောင်း၊ အလုပ် ဒါမှမဟုတ် ဒေသတွင်းအဖွဲ့လေးတွေဆိုတဲ့ ဘောင်လေးတွေကို မြင်လာမိတယ်

ဒဿနပညာရှင် - အက်ဒလာက အသိုက်အဝန်းကို အနက်ဖွင့်တဲ့အချိန်မှာ အဲ့ဒီ အိမ်ထောင်မိသားစု၊ ကျောင်း၊ အလုပ်၊ ဒေသတွင်းအဖွဲ့ ဆိုတာတွေထက်ကျော်လွန်ပြီး နိုင်ငံတွေ၊ လူသားထုတွေ တင်သာမက အတိတ်ကနေ အနာဂတ်အထိ ပါဝင်တဲ့အချိန်နဲ့ အပင်တွေ၊ တိရိစ္ဆာန်တွေကိုပါ ထည့်သွင်းသတ်မှတ်ခဲ့တယ် .. သက်မဲ့အရာဝတ္ထုတွေတောင် ပါသေးတယ်

လူငယ် - ဟမ်

ဒဿနပညာရှင် - တနည်းပြောရရင် အသိုက်အဝန်းဆိုတာဟာ လူတွေရဲ့စိတ်ထဲမှာ ကြိုတင်သတ်မှတ်ထားနိုင့်ပြီးသား ဘောင်တွေသာမက အတိတ်ကနေ အနာဂတ်အထိရှိနေခဲ့ ရှိနေမယ့် စကြဝဠာကြီးတစ်ခုလုံး စတဲ့ အရာအားလုံး ပါဝင်နေတာပါပဲ

လူငယ် - မဟုတ်တာ .. ခင်ဗျားကျွန်တော့်ကို လမ်းပျောက်အောင်လုပ်နေပြီ .. စကြဝဠာကြီး ဟုတ်လား .. အတိတ်ကနေ အနာဂတ်အထိ ဟုတ်လား .. ခင်ဗျားဘာတွေပြောနေတာလဲ

ဒဿနပညာရှင် - ဒီအယူအဆကို ကြားလိုက်ရတဲ့ လူအများစုဟာလည်း မင်းလိုပဲ သံသယတွေဖြစ်လာကြတာပဲ .. ဒါဟာ လူတစ်ယောက် ချက်ချင်းနားလည်သဘောပေါက် ဘဝင်ကျသွားစေမယ့် အယူအဆတစ်ခုတော့ မဟုတ်ဘူး .. အက်ဒလာကိုယ်တိုင်ကလည်း သူဖော်ထုတ်ထားတဲ့ အသိုက်အဝန်းဆိုတဲ့ သဘောတရားဟာ "မဖြစ်နိုင်တဲ့ စံတစ်ခု" လို့မှတ်ယူထားပါတယ်

လူငယ် - ဟားဟား .. ဆိုတော့ အဲ့ဒါက ဇဝေဇဝါနဲ့ စိတ်ရှုပ်စရာကြီးပေါ့ .. မဟုတ်ဘူးလား .. ဆိုတော့ ဘယ်လိုဖြစ်သွားမလဲ .. အဲ့ဒီ အသိုက်အဝန်းဆိုတဲ့ ခံစားချက်ကို ခင်ဗျားရော တကယ်ဘဝင်ကျပြီး လက်ခံရဲ့လား .. ဒါမှမဟုတ် ဘယ်လိုပဲဖြစ်ဖြစ် စကြဝဠာကြီးတစ်ခုလုံး ပါဝင်နေတယ်လို့ပဲ လက်ခံမှတ်ယူထားမှာလား

ဒဿနပညာရှင် - ငါကြိုးစားကြည့်ရမယ် .. ဘာကြောင့်လဲဆိုတော့ ဒီအချက်ကို နားမလည်ခဲ့ရင် လူတစ်ယောက်ဟာ အက်ဒလာစိတ်ပညာကို အမှန်တကယ် နားလည်နိုင်မှာ မဟုတ်ဘူးလို့ ငါခံစားရလို့ပဲ

လူငယ် - ဒါဖြင့်လည်း ကောင်းပြီလေ

ဒဿနပညာရှင် - ငါပြောလာသမျှတလျှောက်လုံးမှာ အက်ဒလာစိတ်ပညာက ပြဿနာအားလုံးဟာ လူလူချင်းဆက်ဆံရေးဆိုင်ရာ ပြဿနာတွေဖြစ်တယ်လို့မြင်တယ် ဆိုတာကိုပြောခဲ့တယ် .. လူလူချင်းဆက်ဆံရေးဟာ မပျော်ရွှင်မှုရဲ့ အရင်းအမြစ်ပဲ .. ပြီးတော့ အဲ့ဒါနဲ့ ဆန့်ကျင်ဖက်စကားတစ်ခုကိုလည်း ပြောလို့ရသေးတယ် လူလူချင်းဆက်ဆံရေးဟာ ပျော်ရွှင်မှုရဲ့ အရင်းအမြစ်ပဲ လို့ပေါ့

လူငယ် - အမှန်ပေါ့

ဒဿနပညာရှင် - ဒါ့အပြင် အသိုက်အဝန်းဆိုတဲ့ခံစားချက်ဟာ ပျော်ရွှင်မှုရှိတဲ့ လူလူချင်းဆက်ဆံရေးအခြေအနေတစ်ခုကို သတ်မှတ်ဖို့ရာအတွက် အရေးကြီးတဲ့ အညွှန်းအမှတ်တစ်ခု ဖြစ်တယ်

လူငယ် - ကောင်းပါပြီ .. အဲ့ဒါကို ကျွန်တော် အစအဆုံး အားလုံးသိချင်ပါတယ်

ဒဿနပညာရှင် - အသိုက်အဝန်းဆိုတဲ့ ခံစားချက်ကို "လူမှုအကျိုးစီးပွား" လို့ပြောလို့လည်းရတယ် .. ပြောရမယ်ဆိုရင် "လူ့အဖွဲ့အစည်းရဲ့ အကျိုးစီးပွား" ပေါ့ .. ဆိုတော့အခုမင်းကိုငါ မေးခွန်းတစ်ခုမေးမယ် .. လူမှုရေးသိပ္ပံပညာရှုထောင့်ကနေကြည့်မယ်ဆိုရင် လူ့အဖွဲ့အစည်းရဲ့ အသေးငယ်ဆုံးယူနစ်က ဘာလဲဆိုတာမင်းသိလား

လူငယ် - လူ့အဖွဲ့အစည်းရဲ့ အသေးဆုံးယူနစ် .. အင်း .. မိသားစု လို့ပြောချင်တယ်

ဒဿနပညာရှင် - မဟုတ်ဘူး .. အဲ့ဒါက "မင်းနဲ့ငါ" ဆိုတာပဲ .. လူနှစ်ယောက်ပဲရှိမယ်ဆိုရင် လူ့အဖွဲ့အစည်းဆိုတာ သူတို့နှစ်ယောက်ပဲ .. အသိုက်အဝန်းဆိုတာလဲ သူတို့နှစ်ယောက်ပဲ .. အက်ဒလာပြောတဲ့ အသိုက်အဝန်းဆိုတဲ့ခံစားချက်ကို နားလည်ဖို့ရာအတွက် "မင်းနဲ့ငါ" ဆိုတာကနေစပြီး နားလည်အောင်လုပ်ဖို့ ငါပြောချင်တယ်

လူငယ် - အဲ့ဒါကိုစပြီးနားလည်ပြီးရင် ဘာဆက်လုပ်ရမလဲ

ဒဿနပညာရှင် - အတ္တ (ကိုယ်ကျိုးစီးပွား) ကို တွယ်ငြိနေတာကနေ အခြားသူတွေ (လူမှုအကျိုးစီးပွား) အတွက်ကိုလည်း ထည့်သွင်းစဉ်းစားပေးတတ်တဲ့ စိတ်ထားဆီကို ပြောင်းလဲပေးရမယ်

လူငယ် - အတ္တကိုတွယ်ငြိနေတာ ဟုတ်လား .. အခြားသူတွေအတွက် ထည့်သွင်းစဉ်းစားတာဟုတ်လား .. အဲ့ဒါတွေက ဘာတွေလဲ

## ကိုယ့်ကိုယ်ကိုယ်ပဲ ဘာကြောင့်စိတ်ဝင်စားနေတာလဲ

-----------------------------------------------------

ဒဿနပညာရှင် - ကောင်းပြီ .. ဒါကို သေသေချာချာလေး စဉ်းစားကြရအောင် .. ပိုရှင်းဖို့အတွက် "အတ္တကိုတွယ်ငြိမှု" ဆိုတဲ့အစား "ငါဗဟိုပြု" ဆိုတဲ့စကားကို သုံးမယ် .. မင်းအမြင်မှာ ငါဗဟိုပြုတဲ့လူမျိုးကို ဘယ်လိုလူမျိုးလို့ထင်သလဲ

လူငယ် - အင်း.. ကျွန်တော့်စိတ်ထဲပထမဆုံးပေါ်လာတာက အာဏာရှင်လိုမျိုး၊ နိုင်လိုမင်းထက်ပြုချင်တဲ့သူလိုမျိုးလူတွေပဲ .. အထက်စီးကနေပြောဆိုဆက်ဆံချင်စိတ်ရှိတဲ့သူမျိုး၊ သူတစ်ပါးစိတ်အနှောက်အယှက်ဖြစ်မှာကိုမစိုးရိမ်တတ်တဲ့သူမျိုး၊ ပြီးတော့ အရာရာမှာကိုယ့်ကောင်းကျိုးအတွက်ကိုပဲ ကြည့်တတ်တဲ့သူမျိုးတွေလည်းပါမယ် .. ကမ္ဘာလောကဟာ သူ့ကိုဗဟိုပြုပြီး လည်ပတ်နေတာလို့ သူထင်နေလိမ့်မယ် .. သူ့ကိုယ်သူ လုံးဝအခွင့်အာဏာရှိတဲ့သူလို့ထင်မှတ်နေပြီး အာဏာရှင်တစ်ဦးလိုပြုမူလိမ့်မယ် .. သူ့ဝန်းကျင်မှာရှိတဲ့လူတွေအတွက်ကြီးမားတဲ့ဒုက္ခတွေကို ဖန်တီးတဲ့သူမျိုးဖြစ်လိမ်မယ် .. ရှိတ်စပီးယားဇာတ်လမ်းထဲက လီယာဘုရင်ကြီးလိုမျိုးအာဏာရှင်တစ်ယောက်ပေ့ါ

ဒဿနပညာရှင် - ဟုတ်ပြီ

လူငယ် - တခြားတစ်ဖက်မှာလည်း သူဟာ အာဏာရှင်ဖြစ်စရာမလိုပါဘူး .. အစုအဖွဲ့တစ်ခုရဲ့ သဟဇာတဖြစ်နေမှုကို နောက်ယှက်ဖျက်ဆီးတတ်တဲ့လူမျိုးကိုလည်း ငါ့ဗဟိုပြုသမားလို့ ပြောလို့ရတယ် .. သူဟာ အစုအဖွဲ့ထဲမှာ ပါဝင်လို့မရဘဲ တကိုယ်တော်လုပ်ဆောင်တတ်တဲ့သူမျိုး ဖြစ်လိမ့်မယ် .. သူ့လုပ်ဆောင်ချက်တွေမှားယွင်းခဲ့ရင်လည်း သိနားလည်မယ့်ပုံမရှိဘူး .. သူမတည်နိုင်တဲ့ကတိစကားတွေ၊ နောက်ကျတဲ့ချိန်းဆိုမှုတွေအတွက် သူ့အမှားလို့မြင်ပြီးတောင်းပန်တတ်မယ့်သူမျိုး မဟုတ်ဘူး .. ပြောရရင်တော့ သူက အတ္တသမားပေ့ါ

ဒဿနပညာရှင် - သေချာတာပေ့ါ .. အဲ့ဒါက ငါ့ဗဟိုပြုတဲ့လူလို့ ပြောလိုက်တဲ့အချိန်မှာ ပုံမှန်အားဖြင့် စိတ်ထဲကို ရောက်လာတတ်တဲ့ ပုံရိပ်တွေပဲ .. ဒါပေမယ့် ငါ့ဗဟိုပြုသမားလို့ပြောလို့ရမယ့် နောက်ထပ်လူစားတစ်မျိုး ကျန်သေးတယ် .. အဲ့ဒါကတော့ တာဝန်ခွဲခြားခြင်းကို လုပ်နိုင်စွမ်းမရှိတဲ့သူနဲ့ အသိအမှတ်ပြုခံလိုစိတ်ကို အလွန်အမင်းလိုချင်တဲ့သူတွေဟာလည်း တော်တော်ဆိုးဆိုးရွားရွားကို ငါ့ဗဟိုပြုဖြစ်နေကြတဲ့ သူတွေပဲ

လူငယ် - အဲ့ဒါတွေက ဘာကြောင့် ငါ့ဗဟိုပြု ဖြစ်ရတာလဲ

ဒဿနပညာရှင် - အသိအမှတ်ပြုခံချင်စိတ်ရဲ့ အစစ်အမှန်သဘောသဘာဝကို စဉ်းစားကြည့်လေ .. အခြားသူတွေကမင်းကို ဘယ်လောက်များအာရုံစိုက်နေကြမလဲ .. သူတို့မင်းကို ဘာတွေဝေဖန်ကြသလဲ .. ပြောရမယ်ဆိုရင် မင်းအလိုဆန္ဒကို သူတို့ဘယ်လောက်ဖြည့်ဆည်းပေးကြလို့လဲ .. အဲ့သလိုအသိအမှတ်ပြုခံချင်စိတ်တွေနဲ့ ပြည့်နှက်နေတဲ့လူတစ်ယောက်ဟာ အခြားသူတွေကို ကြည့်နေပုံရပေမယ့် သူတကယ်ကြည့်နေတာက သူ့ကိုယ်သူပါပဲ .. သူတို့ဟာ သူတစ်ပါးအတွက်ကို မစဉ်းစားပေးကြဘဲ "ငါ" ဆိုတာအတွက်ပဲ စဉ်းစားကြတယ် .. ရှင်းရှင်းပြောရရင်တော့ အဲ့သလိုလူမျိုးတွေဟာ ငါ့ဗဟိုပြုသမားတွေပေ့ါ

လူငယ် - ဆိုတော့ ကျွန်တော့်လိုမျိုး တခြားလူတွေကဝေဖန်အကဲဖြတ်မှာကိုကြောက်နေတဲ့သူမျိုးကိုရော ငါ့ဗဟိုပြုသမားလို့ ခင်ဗျားပြောမှာလား .. ကျွန်တော်က တခြားလူတွေကျွန်တော့်ကိုပြောနေကြတာတွေကို သိအောင်လုပ်ပြီး သူတို့နဲ့လိုက်လျောညီထွေဖြစ်အောင် ကိုယ့်ကိုယ်ကိုယ်တအားကြိုးစားပြီး ပြုပြင်ယူနေတာလေ

ဒဿနပညာရှင် - ဟုတ်တယ် .. ပြောရမှာပဲ .. အဓိပ္ပာယ်ကတော့ မင်းဟာ "ငါ" ဆိုတာကိုပဲ လုံးလုံးစိုးရိမ်ပူပန်စဉ်းစားနေတာပဲ .. မင်းက ငါ့ဗဟိုပြုသမားပဲ .. အခြားသူတွေက အကောင်းထင်တာကို မင်းခံချင်တယ် .. ဒါကြောင့် သူတို့မင်းကိုဘယ်လိုရှုမြင်မလဲဆိုတာကို မင်းစိုးရိမ်ပူပန်နေတယ် .. အဲ့ဒါဟာ တခြားသူတွေအတွက် မစဉ်းစားတာပဲ .. အဲဒါက အတ္တကိုတွယ်ငြိတာကလွဲလို့ တခြားဘာမှမဟုတ်ဘူး

လူငယ် - ဒါပေမယ့် .......

ဒဿနပညာရှင် - နောက်ဆုံးတစ်ကြိမ်တုန်းက ငါတစ်ခုပြောခဲ့တယ် .. မင်းကို မကောင်းထင်နေတဲ့သူတွေ ရှိနေတယ်ဆိုတာက မင်းဟာ လွတ်လပ်စွာနေထိုင်နေတယ်ဆိုတဲ့ သက်သေပဲဆိုတာလေ .. အဲ့ဒါကို မင်းက

ငါဗဟိုပြုတာလို့ ထင်နေတယ် .. ဒါပေမယ့် အဲ့ဒီအချက်ကို ဒီနေ့ဆွေးနွေးတာတွေကနေတဆင့် မင်းသဘော ပေါက် နားလည်လောက်ပြီလို့ ငါထင်တယ် .. ဘာလဲဆိုတော့ လူတစ်ယောက်ကို အခြားသူတွေက ဘယ်လိုမြင် ကြသလဲဆိုတာကို အဲ့ဒီလူက အစဉ်မပြတ်စိုးထိတ်ပူပန်ပြီးနေရတဲ့ ဘဝနေနည်းတစ်ခုဟာ ငါဗဟိုပြုတဲ့ ဘဝ နေနည်းတစ်ခုဖြစ်ပြီး အဲ့ဒီဘဝနေနည်းမှာ အဲ့ဒီလူရဲ့ တစ်ခုတည်းသောစိုးရိမ်ပူပန်မှုက "ငါ" ဆိုတာနဲ့ ပတ်သက်တဲ့ ဟာပဲဆိုတာကိုလေ

လူငယ် - ကောင်းပါပြီ .. အဲ့ဒါက အံ့အားသင့်စရာကောင်းတဲ့ အဆိုတစ်ခုပါပဲ

ဒဿနပညာရှင် - မင်းတစ်ယောက်ထဲမကပါဘူး .. "ငါ" ဆိုတာကိုတွယ်ငြိနေကြတဲ့လူအားလုံးဟာ ငါဗဟိုပြု သမားတွေပါပဲ .. အဲ့ဒါကြောင့်မို့ပဲ "အတ္တကိုတွယ်ငြိမှု" ကနေ "အခြားသူတွေအတွက် ထည့်သွင်းစဉ်းစားပေးမှု" ဆီကိုပြောင်းလဲပစ်ဖို့ လိုအပ်တာပေါ့

လူငယ် - ကောင်းပါပြီ .. ဆိုတော့ ဟုတ်ပါတယ် .. ကျွန်တော်ဟာ ကိုယ့်ကိုယ်ကိုယ်အတွက်ပဲ အမြဲကြည့်နေ တယ်ဆိုတာ အမှန်ပါပဲ .. အဲ့ဒါကို ကျွန်တော်လက်ခံပါတယ် .. ကျွန်တော်က တခြားသူတွေကိုဘယ်လို မြင်သလဲ ဆိုတာထက် တခြားလူတွေကျွန်တော့်ကို ဘယ်လိုထင်မြင်ကြမလဲဆိုတာကို ကျွန်တော်အစဉ်သဖြင့် စိုးရိမ်ပူပန် နေပါတယ် .. အဲ့သလိုနေထိုင်ပုံမျိုးကို ခင်ဗျားက ငါဗဟိုပြုနေထိုင်မှုလို့ ပြောမယ်ဆိုရင် ကျွန်တော် ငြင်းဆန်ချေပ မှုမပြုနိုင်တော့ပါဘူး .. ဒါပေမယ့် ဒီလိုစဉ်းစားကြည့်ပါ .. ကျွန်တော့်ဘဝဟာ လူတစ်ယောက်အကြောင်းကို ရိုက်ပြတဲ့ ရုပ်ရှင်တစ်ကားဆိုရင် အဓိကဇာတ်ကောင်ဟာ "ငါ" ပဲဖြစ်ရမယ်မဟုတ်ဘူးလား .. ဆိုတော့ အဓိက ဇာတ်ကောင်ကို ကင်မရာနဲ့ချိန်ပြီးရိုက်ကူးနေတာက တကယ်ပဲ ကဲ့ရဲ့ပြစ်တင်ဖွယ်ရာကောင်းတဲ့ ကိစ္စတစ်ခုလား

## **မင်းဟာ ကမ္ဘာလောကရဲ့ ဗဟိုချက် မဟုတ်ပါဘူး**

---------------------------------------------------

ဒဿနပညာရှင် - တဆင့်ပြီးတဆင့် အစီအစဉ်တကျ သွားကြရအောင် .. ပထမဆုံးအနေနဲ့ ငါတို့တစ်ယောက် ချင်းစီတိုင်းဟာ အသိုက်အဝန်းရဲ့ အဖွဲ့ဝင်တွေဖြစ်တယ် .. အဲ့ဒါဟာ ငါတို့ပါဝင်ဖွဲ့တည်နေတဲ့ အစုအဖွဲ့ဖြစ်တယ် .. အသိုက်အဝန်းအတွင်းမှာ ကိုယ်ပိုင်နေရာလေးရှိတယ် ဆိုတဲ့ခံစားချက် ... "ဒီနေရာလေးမှာရှိနေရတာ အဆင်ပြေ တယ်" ဆိုတဲ့ခံစားချက် .. ပါဝင်ပတ်သက်မှုရှိနေတယ်ဆိုတဲ့ခံစားချက် .. အဲ့ဒါတွေဟာ လူ့အခြေခံ ဆန္ဒတွေပဲ .. လူတစ်ယောက်ရဲ့ လေ့လာသင်ယူမှုဖြစ်စေ၊ အလုပ် ဒါမှမဟုတ် မိတ်ဆွေသူငယ်ချင်းခင်မင်မှု ဖြစ်စေ၊ လူတစ်ယောက်ရဲ့ ချစ်မှုရေးရာနဲ့ အိမ်ထောင်မှုပြုတာဖြစ်စေ အဲ့ဒီအရာတွေအားလုံးဟာ လူတစ်ယောက်ရဲ့ "ဒီနေရာ လေးမှာရှိနေရတာ အဆင်ပြေပါတယ်" လို့ခံစားရစေမယ့် နေရာတွေ၊ ဆက်ဆံရေးတွေကို ရှာဖွေတာနဲ့ ချိတ်ဆက်နေတယ် .. ဒါကိုမင်း သဘောတူရဲ့လား

လူငယ် - အား .. ဟုတ်ကဲ့ .. သဘောတူပါတယ် .. အဲ့ဒါ အမှန်ပါပဲ

ဒဿနပညာရှင် - ပြီးတော့ လူတစ်ယောက်ရဲ့ဘဝမှာ အဓိကဇာတ်ကောင်က "ငါ" ဆိုတာဖြစ်တယ် .. အတွေးအမျှင်တန်းက ဒီ "ငါ" အထိရောက်လာတာသည် ဘာမှမမှားဘူး .. ဒါပေမယ့် အဲ့ဒီ "ငါ" ဆိုတာသည် ကမ္ဘာလောကရဲ့ ဗဟိုချက်ကို အုပ်စိုးနေတာမဟုတ်ဘူး .. "ငါ" ဟာ ဘဝရဲ့အဓိကဇာတ်ကောင် ဖြစ်နေစဉ်မှာပဲ သူဟာ အသိုက်အဝန်းရဲ့ အဖွဲ့ဝင်တစ်ယောက်၊ အစုအဖွဲ့တစ်ခုရဲ့ အစိတ်အပိုင်းတစ်ခု အဖြစ်ထက် ပိုမနေဘူး

လူငယ် - အစုအဖွဲ့တစ်ခုရဲ့ အစိတ်အပိုင်းတစ်ခု ဟုတ်လား

ဒဿနပညာရှင် - သူတို့အတွက်ကိုပဲ စဉ်းစားကြတဲ့လူတွေက သူတို့ဟာ ကမ္ဘာလောကရဲ့ဗဟိုချက်ဖြစ်တယ်လို့ ထင်ကြတယ် .. အဲ့သလိုလူမျိုးတွေအတွက် အခြားသူတွေဆိုတာဟာ "ငါ့အတွက်တစ်ခုခုလုပ်ပေးမယ့်သူတွေ" လို့သာမြင်နေတတ်ကြတယ် .. သူတို့တစိတ်တပိုင်းအားဖြင့် ရိုးသားစွာထင်မြင်ယုံကြည်နေတာက အခြားသူတွေတည်ရှိနေတာသည် သူတို့ကိုအလုပ်အကျွေးပြုဖို့ရာအတွက်သာဖြစ်တယ် ဆိုတာနဲ့ သူတို့ရဲ့စိတ်ခံစားချက်တွေကိုသာ ရှေ့တန်းတင်ဦးစားပေးရမယ်ဆိုတဲ့ အချက်ပဲ

လူငယ် - ရွှေမင်းသမီးလေးတွေ ရွှေမင်းသားလေးတွေလိုပေါ့

ဒဿနပညာရှင် - ဟုတ်တယ် .. အဲ့ဒီအတိုင်းပဲ .. သူတို့ဟာ "ဘဝရဲ့ အဓိကဇာတ်ကောင်" တွေအဖြစ်ကနေ "ကမ္ဘာလောကရဲ့ အဓိကဇာတ်ကောင်" အဖြစ်ကို ခုန်ကူးနေကြတဲ့သူတွေပဲ .. အဲ့ဒီအကြောင်းကြောင့်ပဲ အခြားသူတစ်ဦးနဲ့ ဆက်ဆံမှုပြုတဲ့အခါမှာ သူတို့အဆုံးစွန်ဆုံးစဉ်းစားနိုင်သမျှက ဒီလူငါ့ကို ဘာပေးနိုင်မလဲ ဆိုတာပဲ .. ဒါပေမယ့် ရွှေမင်းသားလေးတွေ ရွှေမင်းသမီးလေးတွေအတွက် ဆိုရင်တောင်မှ အဲ့ဒီမျှော်မှန်းချက်ဟာ နေရာတိုင်းမှာ ပြည့်ဝမယ့် မျှော်မှန်းချက်မဟုတ်ဘူး .. ဘာကြောင့်လဲဆိုတော့ အခြားသူတွေဆိုတာဟာ မင်းရဲ့ မျှော်မှန်းချက်တွေပြည့်ဝအောင် ဖြည့်ပေးနိုင်ဖို့ရာအတွက် ရှင်သန်နေထိုင်နေကြတာ မဟုတ်လို့ပဲ

လူငယ် - အမှန်ပဲ

ဒဿနပညာရှင် - အဲ့ဒီနောက်မှာမျှော်မှန်းချက်တွေမပြည့်မဝဖြစ်တဲ့အခါ သူတို့ဟာကြီးမားတဲ့ထင်ယောင်ထင်မှားဖြစ်မှုကြီးဖြစ်လာပြီး သူတို့ဟာကြောက်စရာကောင်းလောက်အောင် စော်ကားခံနေရတယ်လို့ ခံစားလာရတော့တာပဲ .. နောက် သူတို့ဟာ မခံမရပ်နိုင်ဖြစ်လာပြီး ဒီလူကငါ့အတွက် ဘာမှမလုပ်ပေးဘူး၊ ဒီလူက ငါ့ကိုစိတ်ပျက်လက်ပျက်ဖြစ်စေတယ်၊ ဒီလူဟာ ငါ့ရဲ့ဘော်ရဲဘက် ဘယ်လိုမှဆက်ဖြစ်နိုင်မှာမဟုတ်တော့ဘူး၊ သူကငါ့ရဲ့ ရန်သူပဲ စတာမျိုးတွေ စဉ်းစားလာကြတယ် .. သူတို့ဟာ ကမ္ဘာလောကရဲ့ဗဟိုချက်ဖြစ်တယ်လို့ ယုံကြည်နေကြတဲ့လူတွေဟာ မကြာခင်မှာပဲ သူတို့ရဲ့ဘော်ရဲဘက်တွေကို ဆုံးရှုံးရခြင်းနဲ့ပဲ အဆုံးသတ်သွားကြတယ်

လူငယ် - အဲ့ဒါက ထူးဆန်းတယ် .. ကျွန်တော်တို့ဟာ ပုဂ္ဂလဓိဌာန်ကျတဲ့လောကထဲမှာ နေထိုင်နေကြရတယ်ဆိုတာ ခင်ဗျားမပြောတော့ဘူးလား .. ကမ္ဘာလောကဟာ ပုဂ္ဂလဓိဌာန်ကျတဲ့နေရာ ဖြစ်နေသမျှတော့ အဲ့ဒီနေရာမှာ ဗဟိုချက် အဖြစ်ရှိနေနိုင်တာက ကျွန်တော်တစ်ယောက်ထဲပဲလေ .. ကျွန်တော်တခြားဘယ်သူ့ကိုမှ အဲ့ဒီနေရာကိုပေးမှာမဟုတ်ဘူး

ဒဿနပညာရှင် - "လောက" လို့မင်းပြောတဲ့အချိန်မှာ မင်းစိတ်ထဲမှာကမ္ဘာ့မြေပုံလိုအရာမျိုး တစ်ခုခုရှိနေတာလို့ ငါထင်တယ်

လူငယ် - ကမ္ဘာ့မြေပုံ ဟုတ်လား .. ခင်ဗျား အဲ့ဒါ ဘာပြောတာလဲ

ဒဿနပညာရှင် - ဥပမာအားဖြင့် ပြင်သစ်မှာသုံးတဲ့ကမ္ဘာ့မြေပုံမှာဆိုရင် အမေရိကန်တွေက လက်ဝဲဖက်မှာရှိတယ် .. အာရှက ညာဖက်မှာရှိတယ် .. ဥရောပနဲ့ ပြင်သစ်ကတော့ မြေပုံရဲ့အလယ်ဗဟိုမှာ ရှိနေတော့မှာပေါ့ကွာ .. တရုပ်မှာသုံးတဲ့ကမ္ဘာ့မြေပုံမှာဆိုရင် အမေရိကက ညာဖက်မှာရှိပြီး ဥရောပက ဘယ်ဖက်မှာရှိနေလိမ့်မယ် .. တရုပ်သုံးကမ္ဘာ့မြေပုံကို ပြင်သစ်ကလူတွေကြည့်ရင် ရှင်းပြရခက်တဲ့ မလိုက်ဖက်မကိုက်ညီခြင်းဆိုတဲ့ ခံစားချက်မျိုး ခံစားနေရလိမ့်မယ် .. သူတို့ဟာဘေးအစွန်းကိုရောက်နေတယ်ဆိုတဲ့ ခံစားချက်မျိုးပေါ်လာပြီး သူတို့အလယ်ပြန်ရောက်သွားအောင် ကမ္ဘာ့မြေပုံကို စိတ်ကူးနဲ့ ဖြတ်ထုတ်မိနေတတ်ကြတယ်

လူငယ် - ဟုတ်တယ် .. ခင်ဗျားပြောတာ ကျွန်တော်နားလည်ပါတယ်

ဒဿနပညာရှင် - ဒါပေမယ့် ကမ္ဘာ့မြေပုံစာရွက်ကို မသုံးဘဲ ကမ္ဘာလုံးကိုသုံးရင်ရော ဘယ်လိုဖြစ်သွားမလဲ .. ဘာကြောင့်လဲဆိုတော့ ကမ္ဘာလုံးကိုသုံးရင် ပြန်သစ်ကိုပဲဖြစ်ဖြစ်၊ တရုပ်ကိုပဲဖြစ်ဖြစ်၊ ဘရာဇီးကိုပဲဖြစ်ဖြစ် အလယ်ဗဟိုရောက်အောင် ဆွဲလှည့်ပြီးကြည့်လို့ရတယ် .. နေရာတစ်ခုက ဗဟိုရောက်နေတဲ့အချိန်မှာ တခြားဘယ်နေရာကမှဗဟိုအဖြစ်ရှိမနေနိုင်တော့ဘူး .. ကမ္ဘာလုံးမှာတော့ ရှုကြည့်သူရဲ့နေရာနဲ့ ကြည့်မယ့်ထောင့်ကိုလိုက်ပြီး မရေမတွက်နိုင်တဲ့နေရာတွေကို ဗဟိုအဖြစ်ထားပြီး လှည့်ကြည့်လို့ရတယ် .. အဲ့ဒါကကမ္ဘာလုံးရဲ့ သဘောသဘာဝပဲ

လူငယ် - အင်း .. အဲ့ဒါအမှန်ပဲ

ဒဿနပညာရှင် - ငါစောစောကပြောခဲ့တာကို စဉ်းစားကြည့် .. မင်းဟာ ကမ္ဘာလောကရဲ့ ဗဟိုချက်မဟုတ်ဘူးဆိုတဲ့စကားကို ကမ္ဘာလုံးရဲ့ သဘောသဘာဝနဲ့ ယှဉ်ပြီးတွေးကြည့်လိုက် .. မင်းဟာ အသိုက်အဝန်း တစ်ခုရဲ့အစိတ်အပိုင်းသာဖြစ်တယ် .. အဲ့ဒါရဲ့ ဗဟိုချက်မဟုတ်ဘူး

လူငယ် - ကျွန်တော်ဟာ ကမ္ဘာလောကရဲ့ ဗဟိုချက်မဟုတ်ဘူး .. ကျွန်တော်တို့ရဲ့ ကမ္ဘာလောကဟာ ကမ္ဘာလုံးလို သဘာဝရှိတယ် .. ပြင်ညီမျက်နှာပြင်တစ်ခုပေါ်မှာ ဖြတ်ထုတ်ထားတဲ့ ကမ္ဘာ့မြေပုံချပ်လိုမဟုတ်ဘူး .. ကောင်းပါပြီ .. အဲ့ဒါကို ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော် သီအိုရီအရ နားလည်ပါပြီ .. ဒါပေမယ့် ကျွန်တော်ဟာ ကမ္ဘာလောကရဲ့ ဗဟိုချက်မဟုတ်ဘူးဆိုတဲ့အသိကို ကျွန်တော်က ဘာကြောင့်နလုံးသွင်းထားရမှာလဲ

ဒဿနပညာရှင် - အခု ငါတို့အစပြုခဲ့တဲ့နေရာဆီကို ပြန်သွားကြစို့ .. ငါတို့အားလုံးဟာ ပါဝင်ပတ်သက်နေခြင်းနဲ့ "ငါဒီနေရာလေးမှာရှိနေကြတာ အဆင်ပြေတယ်" ဆိုတဲ့ခံစားချက်ကလေးကို ရှာဖွေနေကြတဲ့သူတွေဖြစ်တယ် .. ဒါပေမယ့် အက်ဒလာစိတ်ပညာမှာ ပါဝင်ပတ်သက်မှုရှိနေတယ်ဆိုတဲ့ ခံစားချက်ကလေးဟာ အဲ့ဒီအသိုက်အဝန်း ထဲမှာရှိနေရုံသက်သက်လေးနဲ့ ရနိုင်တာမဟုတ်ဘဲ ကိုယ်နဲ့သက်ဆိုင်တဲ့ အသိုက်အဝန်းထဲမှာ တက်ကြွတဲ့ သံန္နိဋ္ဌာန်နဲ့ ပါဝင်လှုပ်ရှားနေမှသာ ရရှိနိုင်တာဖြစ်တယ်

လူငယ် - တက်ကြွတဲ့ သံန္နိဋ္ဌာန်နဲ့ ပါဝင်လှုပ်ရှားနေတာ ဟုတ်လား .. အဲ့ဒါက ဘယ်လိုမျိုးလုပ်ရတာလဲ

ဒဿနပညာရှင် - လူတစ်ယောက်ဟာ သူ့ရဲ့ဘဝပေးတာဝန်တွေကို ရင်ဆိုင်ထမ်းရွက်တာပေါ့ .. တနည်းပြောရရင် အလုပ်၊ မိတ်ဆွေနဲ့ချစ်မှုရေးရာ တွေနဲ့သက်ဆိုင်တဲ့ လူလူချင်းဆက်ဆံရေးတွေကို ရှောင်ရှားမှုမပြုဘဲ ကိုယ်တိုင်ရှေ့ဆက်လျှောက်လှမ်းခြင်းပေါ့ .. မင်းဟာ "ကမ္ဘာလောကရဲ့ ဗဟိုချက်ဖြစ်နေရင်" မင်းဟာ အသိုက်အဝန်းထဲမှာ တက်ကြွတဲ့ သံန္နိဋ္ဌာန်နဲ့ ပါဝင်လှုပ်ရှားဖို့ကို တွေးမိမှာမဟုတ်တော့ဘူး .. ဘာကြောင့်လဲဆိုတော့ တခြားလူတွေဟာ "ငါ့အတွက် တစ်ခုခုလုပ်ပေးကြမယ့်သူတွေ" လို့မင်းမြင်နေမှာဖြစ်ပြီး မင်းကိုယ်တိုင် ဘာမှလုပ်စရာမလိုဘူးလို့ မင်းအထင်ရောက်နေလိမ့်မယ် .. ဒါပေမယ့် မင်းဟာ ကမ္ဘာလောကရဲ့ ဗဟိုချက်မဟုတ်ဘူး .. ငါလည်းမဟုတ်ဘူး .. လူတိုင်းဟာ ကိုယ့်ခြေနှစ်ချောင်းပေါ်ကိုယ် ရပ်ရမှာပဲ .. လူလူချင်းဆက်ဆံရေးဆိုင်ရာ တာဝန်တွေကို ထမ်းရွက်ရင်း ကိုယ့်လမ်းကိုယ်ရှေ့ဆက်လျှောက်နေရမှာပဲ .. ဒီလူက ငါ့ကိုဘာပေးမှာလဲ ဆိုတာမျိုး တွေးစရာမလိုဘူး .. အဲ့ဒီအစား အဲ့ဒီလူကို ငါဘာပေးနိုင်မလဲ ဆိုတာကိုတွေးရမယ် .. ဒါဟာ အသိုက်အဝန်း အတွက်ထားတဲ့ သံန္နိဋ္ဌာန်ပဲ

လူငယ် - အဲ့ဒါက လူတစ်ယောက်ဟာ ခိုလှုံရာရတဲ့အတွက် တစ်ခုခုပြန်ပေးရမှာဖြစ်တာကြောင့်လား

ဒဿနပညာရှင် - အမှန်ပါပဲ .. ပါဝင်ပတ်သက်မှုရှိနေတယ်ဆိုတဲ့ ခံစားချက်ဟာ လူတစ်ယောက် ကိုယ့်ကြိုးစား အားထုတ်မှုကြောင့် ရရှိတဲ့အရာဖြစ်တယ် .. မွေးကတည်းက ရလာတဲ့ မွေးရာပါအခွင့်အရေးမဟုတ်ဘူး .. အသိုက်အဝန်းဆိုတဲ့ ခံစားချက်ဟာ အက်ဒလာစိတ်ပညာရဲ့ အငြင်းပွားရဆုံး အဓိကအယူအဆတစ်ရပ် ဖြစ်တယ်

+++

*အဲ့ဒါဟာ လူငယ်အနေနဲ့ ပထမတုန်းက လက်မခံနိုင်တဲ့ အယူတစ်ရပ်ဖြစ်ပါတယ်။ သဘာဝကျစွာပဲ သူဟာ အတ္တဗဟိုပြုသမားတစ်ယောက်ဖြစ်နေတယ်လို့ အပြောခံလိုက်ရတာက သူ့ကိုစိတ်ဓာတ်ကျသွားစေခဲ့ပါတယ်။ ဒါပေမယ့် သူလက်ခံဖို့ရာအခက်အခဲအဖြစ်ဆုံး အချက်ကတော့ စကြဝဠာကြီးတစ်ခုလုံးနဲ့ သက်မဲ့အရာတွေပါ ပါဝင်တယ်ဆိုတဲ့ အဲ့ဒီ အသိုက်အဝန်းဆိုတာရဲ့ ပမာဏအတိုင်း အတာပဲဖြစ်ပါတယ်။ အက်ဒလာနဲ့ ဒီ ဒဿနပညာရှင်အဖိုးကြီး ဘာတွေပြောနေကြတာလဲလို့ သူမေးခွန်းထုတ်နေမိပါတယ်။ စိတ်ရှုပ်ထွေးနေတဲ့ ပုံစံနဲ့ လူငယ်ဟာ စကားပြောဖို့ရာအတွက် သူ့ပါးစပ်ကို ဖြည်းညှင်းစွာ ဖွင့်လိုက်ပါတယ်။*

## ပိုကြီးမားတဲ့ အသိုက်အဝန်းရဲ့ အသံကိုနားထောင်ပါ

-----------------------------------------------------

လူငယ် - ခင်ဗျားပြောနေတာတွေက ကျွန်တော့်ကိုရှုပ်ထွေးစေလာပြီဆိုတာကို ဝန်ခံရမှာပဲ .. ခပ်ရှင်းရှင်းပဲ ပြောပါရစေ .. ပထမဆုံးအနေနဲ့ လူလူချင်းဆက်ဆံရေးရဲ့အစမှာ ကျွန်တော်တို့ဟာ တာဝန်ခွဲခြားခြင်းကိုလုပ်ရမယ် .. ပြီးတော့ ပန်းတိုင်ဖြစ်တဲ့ အသိုက်အဝန်းဆိုတဲ့ခံစားချက်ကိုရအောင် လုပ်ရမယ် .. ပြီးတော့ ခင်ဗျားပြောတာက အသိုက်အဝန်းဆိုတဲ့ ခံစားချက်ဟာ "အခြားသူတွေကို ရဲဘော်ရဲဘက်တွေလို့ ခံစားရတဲ့ ခံစားချက်" နဲ့ အသိုက်အဝန်းအတွင်းမှာ "လူတစ်ယောက်အတွက် ခိုလှုံရာနေရာလေးရတယ်" ဆိုတဲ့ အသိဆိုတာပဲ .. အဲ့ဒီ အချက်အထိတော့ ကျွန်တော်နားလည်ပြီး လက်ခံနိုင်ပါတယ် .. ဒါပေမယ့် အသေးစိတ်အချက်တွေကတော့ ဘဝင်ကျဖို့ခက်နေတုန်းပဲ .. တစ်ချက်က "အသိုက်အဝန်း" လို့ခင်ဗျားပြောတဲ့အရာကို စကြဝဠာတစ်ခုလုံးနဲ့ အတိတ်၊ အနာဂတ် စတာတွေအပြင် သက်ရှိတွေအားလုံးနဲ့ သက်မဲ့အရာဝတ္ထုတွေအားလုံး ပါဝင်တယ်ဆိုတဲ့ အထိ ချဲကားပစ်လိုက်တဲ့ကိစ္စပဲ

ဒဿနပညာရှင် - အက်ဒလာရဲ့ အသိုက်အဝန်းဆိုတဲ့ အယူအဆကို တိုက်ရိုက်ယူပြီး စကြဝဠာနဲ့ သက်မဲ့အရာဝတ္ထုတွေပါဝင်နေတဲ့ပုံရိပ်ကို ပုံဖော်ရှုမြင်ကြည့်လိုက်ရင် ပိုပြီးနားလည်ဖို့ခက်ခဲနေလိမ့်မယ်ဆိုတာက အသေအချာပါပဲ .. အခုအချိန်မှာတော့ အသိုက်အဝန်းဆိုတာရဲ့နယ်ပယ်ဟာ အကန့်အသတ်မရှိဘူးလို့ နားလည်ထားရင် လုံလောက်ပါပြီ

လူငယ် - အကန့်အသတ်မရှိဘူး ဟုတ်လား

ဒဿနပညာရှင် - ဥပမာအနေနဲ့ လူတစ်ယောက်ဟာ အငြိမ်းစားယူရမယ့်အရွယ်ကိုရောက်လာပြီး အလုပ်တွေကို နားလိုက်တယ် .. အဲ့ဒီအခါမှာ သူဟာ ဖျပ်လပ်တက်ကြွမှုတွေဆုံးရှုံးသွားပြီး စိတ်ဓာတ်ကျလာလိမ့်မယ် .. သူ့အသိုက်အဝန်းလေးဖြစ်တဲ့ သူ့ကုမ္ပဏီနဲ့ ရုတ်တရက် အဆက်အသွယ်ပြတ်တောက်သွားမယ် .. သူ့အလုပ်တွေ၊ ရာထူးတွေ လက်လွှတ်လိုက်ရမယ် .. သူဟာ "ဘာမှမဟုတ်တဲ့ သာမန်လူတစ်ယောက်" ဖြစ်သွားမယ် .. အခုတော့ သူဟာ "သာမန်" လူတစ်ယောက်ဖြစ်သွားပြီဆိုတာကို လက်ခံဖို့မလုပ်နိုင်တဲ့အတွက် သူဟာ

နေချင်းညချင်းပဲ အိုစာသွားလိမ့်မယ် .. အဲ့ဒီလူအတွက် အဲ့သလိုတွေဖြစ်သွားရခြင်းက တကယ်တန်းမှာတော့ သူ့ကုမ္ပဏီဆိုတဲ့ အသိုက်အဝန်းသေးသေးလေးနဲ့ အဆက်အသွယ်ဖြတ်တောက်ခံလိုက်ရခြင်းကြောင့်ပဲ .. လူတိုင်းဟာမတူကွဲပြားတဲ့ အသိုက်အဝန်းလေးတွေထဲမှာ ပါဝင်နေကြတယ် .. အဲ့သလို အသိုက်အဝန်း သေးသေးလေးကနေ ဖယ်ထုတ်ခံလိုက်ရပေမယ့်လည်း ငါတို့ဟာကမ္ဘာလောကဆိုတဲ့ အသိုက်အဝန်း၊ စကြဝဠာဆိုတဲ့ အသိုက်အဝန်းကြီးတွေထဲ မှာ ပါဝင်နေတုန်းပါပဲ

လူငယ် - ဒါက တကယ့်နှစ်ပေါက်တစ်ပေါက်ရိုက်တဲ့ အတွေးအမြင်ပဲ .. "မင်းဟာ စကြဝဠာကြီးထဲက အဖွဲ့ဝင် တစ်ယောက်ဖြစ်နေတယ်" လို့ပြောလိုက်ရင် လူတစ်ယောက်ဟာ ပါဝင်ပတ်သက်နေခြင်းဆိုတဲ့ ခံစားချက်ကို ရသွားမှာပဲပေ့ါ

ဒဿနပညာရှင် - အမှန်ပဲ .. လူတစ်ယောက်ဟာ စကြဝဠာကြီးတစ်ခုလုံးကို ရုတ်တရက် စိတ်ကူးကြည့်မြင်လို့ မရနိုင်ဘူး .. အဲ့သလိုဆိုပေမယ့်လည်း မင်းဟာ မင်းမြင်နိုင်သလောက်မြင်ကွင်းထဲမှာရှိနေတဲ့ အသိုက်အဝန်း ထက် ပိုမိုကျော်လွန်ကြီးမားတဲ့ အသိုက်အဝန်းထဲမှာ ရှိနေတယ်ဆိုတဲ့အသိကို မင်းကိုရစေချင်တယ် .. ဥပမာ အားဖြင့် မင်းရဲ့နိုင်ငံ ဒါမှမဟုတ် မင်းနေတဲ့ ဒေသတွင်းအသိုက်အဝန်း စတာတွေပေ့ါ .. ပြီးတော့ မင်းဟာ အဲ့ဒီ အသိုက်အဝန်းတွေအတွက် အကျိုးပြုတာတစ်ခုခုကို မင်းလုပ်ပေးနေနိုင်ပါတယ်

လူငယ် - ဆိုတော့ ဒီလိုအခြေအနေမျိုးမှာဆိုရင်ဘယ်လိုလုပ်မလဲ .. ဆိုကြပါစို့ လက်မထပ်ရသေးတဲ့လူ တစ်ယောက်ရှိတယ် .. သူဟာ အလုပ်ပြုတ်လာပြီး သူငယ်ချင်းတွေကိုလည်း ဆုံးရှုံးလိုက်ရတယ် .. သူဟာ အခြားသူတွေနဲ့အပေါင်းအဖော်ပြုရမှာကို ရှောင်ရှားပြီး သူ့မိဘတွေသူ့အတွက်ချန်ထားခဲ့တဲ့ ငွေကြေးလေးကို သုံးစွဲပြီးပဲ နေထိုင်နေတယ် .. ဆိုတော့ သူဟာ အခြေခံအားဖြင့် အလုပ်တာဝန်၊ မိတ်ဆွေတာဝန်နဲ့ အချစ်တာဝန် တွေအားလုံးကနေ ထွက်ပြေးတိမ်းရှောင်နေတယ် .. အဲ့သလိုလူမျိုးဆိုရင်ရော အသိုက်အဝန်းတချို့မှာ ပါဝင် ပတ်သက်မှုရှိနေတုန်းလို့ ခင်ဗျားပြောမလား

ဒဿနပညာရှင် - ပြောရမှာပေ့ါ .. ဆိုကြပါစို့ သူပေါင်မုန့်ထွက်ဝယ်မယ်ဆိုရင် သူဟာ အဲ့ဒီပေါင်မုန့်အတွက် ပိုက်ဆံပေးရမယ် .. အဲ့ဒီပိုက်ဆံဟာ မုန့်ဖုတ်တဲ့သူဆီကို ရိုးရိုးလေးရောက်သွားတာမဟုတ်ဘူး .. အဲ့ဒီပိုက်ဆံဟာ ဂျုံမှုန့်ထုတ်လုပ်တဲ့သူနဲ့ ထောပတ်လုပ်တဲ့သူတွေဆီကိုလည်း ရောက်သွားတာပဲ .. အဲ့ဒီကုန်ကြမ်းပစ္စည်းတွေကို လိုက်ပို့ပေးတဲ့သူတွေဆီကိုလည်း ရောက်သွားတာပဲ .. ပစ္စည်းလိုက်ပို့တဲ့ကားတွေအတွက် လောင်စာဆီ ဖြန့်ချိတဲ့သူတွေဆီကိုလည်း ရောက်သွားတာပဲ .. အဲ့ဒီလောင်စာဆီကို ထုတ်လုပ်တဲ့နိုင်ငံကလူတွေဆီကိုလည်း ရောက်သွားတာပဲ .. စသဖြင့်ပေ့ါ .. ဆိုတော့ အဲ့ဒါတွေအားလုံးဟာ ချိတ်ဆက်နေကြတာပဲ .. လူတွေဟာ အသိုက်အဝန်းကနေ ခွဲထွက်ပြီး တစ်ယောက်ထဲနေလို့ မရနိုင်ဘူး .. အဲ့သလိုနေဖို့က လုံးဝမဖြစ်နိုင်ဘူး

လူငယ် - ဆိုတော့ ကျွန်တော်ပေါင်မုန့်ဝယ်တဲ့အချိန်မှာ ပေါင်မုန့်ဝယ်တာထက်ပိုပြီး စိတ်ကူးယဉ်ကြည့်ရမယ်လို့ ခင်ဗျားဆိုလိုတာပေ့ါ

ဒသသနပညာရှင် - အဲ့ဒါက စိတ်ကူးယဉ်တာမဟုတ်ပါဘူး .. အဲ့ဒါက အချက်အလက်ပါ .. ငါတို့မြင်နိုင်တာထက်ကို ကျော်လွန်ပြီးကြည့်ဖို့ အက်ဒလာပြောခဲ့တဲ့အသိုက်အဝန်းဆိုတာ ငါတို့ရဲ့အိမ်ထောင်စုတွေနဲ့ လူ့အဖွဲ့အစည်းလိုမျိုး ဖြစ်ပြီး အဲ့ဒါတွေအကြားက အဲ့သလိုမျိုး ငါတို့မမြင်နိုင်တဲ့ အချိတ်အဆက်တွေကို ထည့်သွင်းစဉ်းစားဖို့ ပြောတာပါပဲ

လူငယ် - အဲ့သလိုပြောရတာကို ကျွန်တော့်ကိုခွင့်လွှတ်ပါ .. ခင်ဗျားဟာ စိတ်ကူးယဉ်ဆန်တဲ့ ဒြပ်မဲ့သီအိုရီတစ်ခုထဲကို ရှောင်ပြေးနေတာပဲ .. ကျွန်တော်တို့ဒီနေရာမှာ ဖြေရှင်းရမယ့်ပြဿနာက ပါဝင်ပတ်သက်မှုဆိုတဲ့ ခံစားချက် ဖြစ်တဲ့ "ဒီနေရာလေးမှာရှိနေရတာက အဆင်ပြေတယ်" ဆိုတဲ့ကိစ္စ .. နောက်ပြီးတော့ ပါဝင်ပတ်သက်မှုဆိုတဲ့ ခံစားချက်နဲ့ပတ်သက်ရင် ကျွန်တော်တို့ဟာ ပိုပြီးခိုင်မာအားကောင်းတဲ့ အသိုက်အဝန်းဆိုတာကို ပိုပြီးမြင်နိုင်ကြတယ်မဟုတ်လား .. ခင်ဗျားအဲ့ဒါကို သဘောတူလိမ့်မယ် .. ဟုတ်တယ်မဟုတ်လား .. ဥပမာအားဖြင့် "ကုမ္ပဏီ" ဆိုတဲ့အသိုက်အဝန်းနဲ့ "ကမ္ဘာလောက" ဆိုတဲ့အသိုက်အဝန်းကို နှိုင်းယှဉ်ကြည့်ရင် "ငါဟာ ဒီကုမ္ပဏီရဲ့ အဖွဲ့ဝင်တစ်ယောက်ဖြစ်တယ်" ဆိုတဲ့ ခံစားချက်က ပါဝင်ပက်သက်တယ်ဆိုတဲ့ခံစားချက်မှာ ပိုပြီး ခိုင်မာအားကောင်းနေလိမ့်မယ် .. ခင်ဗျားရဲ့ ဝေါဟာရကို ငှားပြီးသုံးရမယ်ဆိုရင် လူလူချင်းဆက်ဆံရေးတွေရဲ့ အကွာအဝေးနဲ့ အနက်အနဲတွေဟာ လုံးဝကွာခြားကြပါတယ် .. ကျွန်တော်တို့ ပါဝင်ပတ်သက်မှုဆိုတဲ့ ခံစားချက်လေးကို ရှာဖွေကြတာက သဘာဝကျပါတယ် .. ဆိုတော့ အဲ့သလိုရှာဖွေကြရာမှာလည်း ပိုသေးငယ်တဲ့ အသိုက်အဝန်းလေးတွေက ကျွန်တော်တို့ကို ပိုပြီးဆွဲဆောင်နိုင်ကြပါတယ်

ဒသသနပညာရှင် - ဒါက အမြော်အမြင်ရှိတဲ့ လေ့လာသုံးသပ်ချက်တစ်ခုပါပဲ .. ဆိုတော့ ငါတို့ဟာ ဘာကြောင့် ပိုကြီးမားတဲ့အသိုက်အဝန်းနဲ့ အမျိုးမျိုးသောအသိုက်အဝန်းတွေကို ဘာကြောင့်ဂရုပြုသင့်တာလဲဆိုတာကို စပြီးစဉ်းစားကြည့်ကြရအောင် .. ငါစောစောကပြောခဲ့သလိုပဲ ငါတို့အားလုံးဟာ အမျိုးမျိုးသော အသိုက်အဝန်းတွေထဲမှာ ပါဝင်ပတ်သက်နေကြတယ် .. ငါတို့ဟာ ငါတို့ရဲ့ အိမ်ထောင်စု၊ ငါတို့ရဲ့ကျောင်း၊ ငါတို့ရဲ့အလုပ်၊ ငါတို့ရဲ့ ဒေသတွင်းလူမှုအဖွဲ့အစည်းတွေနဲ့ ငါတို့နေထိုင်တဲ့ တိုင်းပြည်ဆိုတဲ့ အသိုက်အဝန်းတွေထဲမှာ ပါဝင်ပက်သက်နေကြတယ် .. ဒီအထိမင်းသဘောတူတယ် .. ဟုတ်တယ်မဟုတ်လား

လူငယ် - ဟုတ်ကဲ့ ကျွန်တော်သဘောတူပါတယ်

ဒသသနပညာရှင် - ကောင်းပြီ .. ဆိုကြပါစို့ မင်းဟာကျောင်းသားတစ်ယောက်အနေနဲ့ဆိုရင် "ကျောင်း" ဆိုတာကို အဆုံးစွန်ဆုံးသော အသိုက်အဝန်းအဖြစ် မှတ်ယူမိမှာပဲ .. တနည်းပြောရရင် ကျောင်းဆိုတာ မင်းအတွက် အရာရာပဲ .. မင်းရဲ့ "ငါ" ဟာကျောင်းကြောင့် တည်ရှိနေရတယ် .. ကျောင်းမရှိဘဲ တခြား "ငါ" တွေဖြစ်မလာနိုင်ဘူး .. ဒါပေမယ့် သဘာဝအားဖြင့် မင်းဘေးဒုက္ခတွေကြုံလာတဲ့အချိန်မှာ အဲ့ဒီအသိုက်အဝန်းအတွင်းမှာပဲ ဖြစ်ရပ်တွေဖြစ်လာလိမ့်မယ် .. အဲ့ဒါတွေက အနိုင်ကျင့်ခံရတာမျိုး ဒါမှမဟုတ် သူငယ်ချင်းမရနိုင်တာမျိုး ဒါမှမဟုတ် ကျောင်းစာတွေမလိုက်နိုင်တာမျိုး ဒါမှမဟုတ် ပထမဆုံးကြုံတွေရတဲ့ ကျောင်းရဲ့ စနစ်တွေနဲ့

လိုက်လျော်ညီထွေမဖြစ်နိုင်တာမျိုးတွေပေါ့ .. ဆိုတော့ ပြောရမယ်ဆိုရင် ကျောင်းဆိုတဲ့ အသိုက်အဝန်းနဲ့ ပတ်သက်တဲ့အချိန်မှာ "ဒီနေရာလေးမှာ ရှိနေရတာအဆင်ပြေပါတယ်" ဆိုတဲ့ ပါဝင်ပက်သက်မှုရှိတယ်ဆိုတဲ့ ခံစားချက်လေးကို မင်းရမှာမဟုတ်တော့ဘူး

လူငယ် - ဟုတ်ကဲ့ .. အဲ့ဒါက လုံးဝဖြစ်နိုင်ချေရှိပါတယ်

ဒဿနပညာရှင် - အဲ့သလိုဖြစ်တဲ့အချိန်မှာ မင်းအနေနဲ့ ကျောင်းဟာ ငါ့အတွက်အရာရာလို့မှတ်ယူထားခဲ့ရင် ပါဝင်ပက်သက်မှုရှိတယ်ဆိုတဲ့ ခံစားချက်ကလေးကို မင်းဘယ်နေရာကနေမှ ရမှာမဟုတ်တော့ဘူး .. ပြီးတော့ မင်းရဲ့အိမ်ဆိုတာလိုမျိုး ပိုပြီးသေးတဲ့အသိုက်အဝန်းလေးထဲကို မင်းတိုးဝင်သွားလိမ့်မယ် .. မင်းကိုယ်မင်း အဲ့ဒီအထဲမှာ ပိတ်ချပစ်လိုက်လိမ့်မယ် .. ပြီးတော့ မင်းရဲ့ကိုယ်ပိုင်မိသားစုလေးထဲမှာ ကြမ်းတမ်းတဲ့ ရှုန်းရင်းဆန် ခတ်မှုတွေကို မင်းဖန်တီးကောင်းဖန်တီးမိလိမ့်မယ် .. အဲ့သလိုလုပ်ခြင်းအားဖြင့် မင်းဟာ အတိုင်းအတာတစ်ခု အထိရှိတဲ့ ပါဝင်ပတ်သက်မှုဆိုတဲ့ခံစားချက်ကို ရအောင်ကြိုးပမ်းလာလိမ့်မယ် .. ဒီနေရာမှာ ငါအဓိကထားပြော ချင်တာကတော့ "ပိုပြီး ကွဲပြားခြားနားတဲ့ အသိုက်အဝန်း" နဲ့ "ပိုပြီးကြီးမားတဲ့ အသိုက်အဝန်း" ရှိသေးတယ် ဆိုတဲ့ အချက်ပါပဲ

လူငယ် - အဲ့ဒါက ဘာပြောတာလဲ

ဒဿနပညာရှင် - ဆိုလိုတာက ကျောင်းဆိုတဲ့ အကန့်အသတ်ထက်ကျော်လွန်တဲ့ ပိုပြီးကြီးမားတဲ့ ကမ္ဘာလောက ဆိုတာ ရှိသေးတယ်ဆိုတာပဲ .. ပြီးတော့ ငါတို့တစ်ယောက်ချင်းစီတိုင်းဟာ အဲ့ဒီကမ္ဘာလောကရဲ့ အဖွဲ့ဝင်တွေပဲ .. တကယ်လို့ မင်းရဲ့ကျောင်းမှာ ခိုလှုံစရာနေရာကို မတွေ့ခဲ့ဘူးဆိုရင် ကျောင်းနံရံတွေရဲ့ပြင်ပမှာ မတူကွဲပြားတဲ့ ခိုလှုံရာနေရာတွေကို မင်းရှာဖွေသင့်တယ် .. မင်းကျောင်းပြောင်းလို့ရတယ် .. ကျောင်းထွက်လိုက်ရင်လဲ အဆင်ပြေတာပဲ .. နှုတ်ထွက်စာလေးတစ်ခုတင်လိုက်ရုံနဲ့ ဆက်ဆံရေးကိုဖြတ်တောက်ပစ်လိုက်နိုင်တဲ့ အသိုက်အဝန်းတစ်ခုဆိုတာက ဘယ်လိုကိစ္စမှာပဲဖြစ်ဖြစ် မင်းမှာအချိတ်အဆက်အများကြီးရှိနေမှ မင်းရနိုင်မှာ ဖြစ်တယ် .. ကမ္ဘာလောကကြီးက ဘယ်လောက်ကြီးမားတယ်ဆိုတာ မင်းသိလာတဲ့အချိန်မှာ ကျောင်းမှာမင်း ကြုံတွေ့ခဲ့ရတဲ့ ခက်ခဲမှုတွေဆိုတာ လက်ဖက်ရည်ခွက်ထဲက မုန်တိုင်းအဆင့်လောက်ပဲ ရှိတော့လိမ့်မယ် .. အဲ့သလို သိသွားတဲ့အချိန်မှာ မုန်တိုင်းဟာ ပျက်ပြယ်သွားပြီး မင်းရဲ့နေရာကို လေပြေလေညှင်းလေးတွေ ဝင်လာ လိမ့်မယ်

လူငယ် - မင်းကိုယ်မင်း လက်ဖက်ရေခွက်လေးထဲမှာ ပိတ်ထားသမျှတော့ အဲ့ဒီခွက်ရဲ့အပြင်ကိုထွက်ဖို့ အခွင့်အ ရေး ဘယ်တော့မှရမှာမဟုတ်ဘူးလို့ ခင်ဗျားပြောချင်တာလား

ဒဿနပညာရှင် - မင်းကိုယ်မင်း မင်းအခန်းထဲမှာပိတ်ပြီးနေတာက လက်ဖက်ရေခွက်လေးထဲမှာ နေနေသလိုပါပဲ .. နေရာကျဉ်းလေးထဲမှာ ပုန်းအောင်းနေသလိုပါပဲ .. မင်းအဲ့ဒီနေရာလေးမှာ ခဏတာလေး မိုးခိုလို့တော့ရပေမယ့် မုန်တိုင်းဟာ မစဲတော့ဘဲ အမြဲမပြတ်တိုက်ခတ်နေလိမ့်မယ်

လူငယ် - ကောင်းပြီ .. ဘာပဲဖြစ်ဖြစ် သီအိုရီအရပေ့ါ .. ဒါပေမယ့် လက်တွေ့မှာတော့ ဖောက်ထွက်နိုင်ဖို့က ခက်တယ် .. ကျောင်းထွက်ဖို့ဆိုတဲ့ ဆုံးဖြတ်ချက်မျိုးကို ခပ်ပေ့ါပေ့ါချလို့ မရဘူးလေ

ဒဿနပညာရှင် - မင်းပြောတာ မှန်ပါတယ် .. အဲ့ဒါက မလွယ်ပါဘူး .. ဒါကြောင့် မင်းမှတ်ဉာဏ်ထဲမှာ ငါ စွဲစွဲမြဲမြဲ မှတ်ထားစေချင်တဲ့ လုပ်ဆောင်မှုစည်းမျဉ်းတစ်ခုရှိတယ် .. ငါတို့ရဲ့ လူလူချင်းဆက်ဆံရေးမှာ အခက်အခဲတစ်ခု ကြုံတွေ့တဲ့အခါ ဒါမှမဟုတ် အဲ့ဒီကနေ ထွက်ဖို့လမ်းကိုငါတို့မမြင်တော့တဲ့အခါမှာ ငါတို့ပထမဆုံးအနေနဲ့ စဉ်းစား ရမှာက "ပိုကြီးမားတဲ့ အသိုက်အဝန်းရဲ့အသံကို နားထောင်ပါ" ဆိုတဲ့ စည်းမျဉ်းပဲ

လူငယ် - ပိုကြီးမားတဲ့ အသိုက်အဝန်းရဲ့အသံ ဟုတ်လား

ဒဿနပညာရှင် - အဲ့ဒီအသိုက်အဝန်းက ကျောင်းဆိုရင် လူတစ်ယောက်ဟာ အရာရာကို ကျောင်းဆိုတဲ့ အသိုက်အဝန်းထဲက ယေဘုယျအသိနဲ့မဝေဖန်မဆုံးဖြတ်နဲ့ .. အဲ့ဒီအစားမှာ ပိုကြီးမားတဲ့အသိုက်အဝန်းရဲ့ ယေဘုယျအသိနောက်ကိုလိုက်ပါ .. အခု အဲ့ဒါက မင်းရဲ့ကျောင်းပဲ ဆိုကြပါစို့ .. အဲ့ဒီမှာ မင်းရဲ့ဆရာက အာဏာပိုင်စိုးသူတစ်ယောက်ရဲ့ ပြုမူပုံမျိုးနဲ့ ပြုမူနေမယ်ဆိုကြပါစို့ .. ဒါပေမယ့် မင်းဆရာရဲ့ အာဏာ ဒါမှမဟုတ် အာဏာပိုင်စိုးမှုဟာ ကျောင်းဆိုတဲ့အသိုက်အဝန်းထဲက ယေဘုယျအသိကပေးထားတဲ့ အာဏာအတိုင်းအတာ ထက် ပိုနိုင်မှာမဟုတ်ပါဘူး .. "လူသားအဖွဲ့အစည်း" ဆိုတဲ့ ရှုထောင့်ကနေကြည့်ရင် မင်းရော မင်းဆရာရောဟာ ညီတူညီမျှဖြစ်ကြတဲ့ လူသားတွေပါပဲ .. ကြောင်းကျိုးမသင့်တဲ့တောင်းဆိုမှုတွေကို သူကလုပ်လာခဲ့ရင် အဲ့ဒီတောင်းဆိုမှုတွေကို တိုက်ရိုက်ငြင်းဆန်ကန့်ကွက်ခွင့် မင်းမှာရှိတယ်

လူငယ် - ဒါပေမယ့် ဆရာတစ်ယောက်က ကျွန်တော့်ရှေ့မှာလာပြီးတောင်းဆိုနေခဲ့ရင် ငြင်းဆန်ကန့်ကွက်ဖို့က အတော်ပဲခက်ခဲပါတယ်

ဒဿနပညာရှင် - လုံးဝမခက်ခဲပါဘူး .. အဲ့ဒါဟာ "မင်းနဲ့ငါ" ဆိုတဲ့ဆက်ဆံရေးမျိုးဖြစ်နေပေမယ့်လည်း ကန့်ကွက်မှုလေးတစ်ခုလုပ်လိုက်ရုံနဲ့ ပျက်ပြားသွားနိုင်တဲ့ဆက်ဆံရေးမျိုးဆိုရင် အဲ့ဒါဟာ မင်းဘဝမှာ ပထမဦးစား ပေးအနေနဲ့ မထားသင့်တဲ့ ဆက်ဆံရေးမျိုးလို့သာ မှတ်လိုက်ပါ .. အဲ့ဒီလိုဆက်ဆံရေးမျိုးကို လက်လွှတ်လိုက်လို့ လည်းဘာမှဖြစ်မသွားပါဘူး .. ဆက်ဆံရေးတစ်ခုပျက်ပြားသွားမှာကို စိုးတထိတ်ထိတ်နဲ့ နေနေရတဲ့ဘဝဟာ လုံးဝလွတ်လပ်မှုမရှိတဲ့ ဘဝနေနည်းတစ်ခုပါပဲ .. အဲ့သလိုဆက်ဆံရေးမှာ လူတစ်ယောက်ဟာ အခြားလူတွေ အတွက် ရှင်သန်ပေးနေရသလိုဖြစ်နေတာပါပဲ

လူငယ် - ကျွန်တော့်မှာ အသိုက်အဝန်းဆိုတဲ့ခံစားချက် ရှိနေတဲ့တပြိုင်နက်ထဲမှာပဲ လွတ်လပ်မှုကိုလည်း ရွေးချယ်ရမယ်လို့ ခင်ဗျားပြောတာလား

ဒဿနပညာရှင် - ဟုတ်တယ် .. အမှန်ပဲ .. မင်းရှေ့မှောက်မှာရှိနေတဲ့ အသိုက်အဝန်းသေးသေးလေးကို တွယ်ငြိမနေနဲ့ .. "မင်းနဲ့ငါ" ဆိုတဲ့ဆက်ဆံရေးမျိုးတွေ အများကြီးရှိနိုင်သေးတယ် .. "လူတိုင်း" ဆိုတာတွေ နောက်ထပ် အများကြီး ရှိလိမ့်ဦးမယ် .. ပြီးတော့ ပိုကြီးမားတဲ့ အသိုက်အဝန်းဆိုတာ အမြဲရှိတယ်

**အပြစ်မတင်နဲ့၊ မချီးမွမ်းနဲ့**

--------------------------

လူငယ် - ဟုတ်ကဲ့ .. ကောင်းပါပြီ .. ဒါပေမယ့် ခင်ဗျားမသိဘူးလား .. ခင်ဗျားအဓိကအချက်ကို မပြောသေးဘူး .. ဆိုလိုတာက တာဝန်ခွဲခြားခြင်းဆီကနေ အသိုက်အဝန်းဆိုတဲ့ ခံစားချက်ဆီကို ရောက်အောင်သွားရမယ့် လမ်းကြောင်းလေ .. အဲ့ဒါကိုခင်ဗျားမပြောသေးဘူး .. ဆိုတော့ ပထမဆုံးအနေနဲ့ ကျွန်တော် တာဝန်တွေကို ခွဲခြားရမယ် .. ကျွန်တော့်ရဲ့တာဝန်ကတော့ ဒီအထိပဲဆိုတာကို ကျွန်တော်သတ်မှတ်ရမယ် .. အဲ့ဒါထက်ကျော် သွားပြီဆိုရင်တော့ တခြားသူတွေရဲ့တာဝန်ဖြစ်သွားပြီ .. တခြားသူတွေရဲ့အလုပ်မှာ ကျွန်တော်ဝင်မရှုပ်တော့ဘူး .. တခြားသူတွေကျွန်တော့်အလုပ်မှာ လာဝင်မရှုပ်ဖို့ကိုလည်း ကျွန်တော် မျဉ်းကြောင်းဆွဲပြီး ပိုင်းခြားထားမယ် .. ဒါပေမယ့် တာဝန်ခွဲခြားခြင်းကနေ နောက်ဆုံးပန်းတိုင်ဖြစ်တဲ့ "ဒီနေရာလေးမှာ ရှိနေရတာက အဆင်ပြေတယ်" ဆိုတဲ့ အသိုက်အဝန်းဆိုတဲ့ ခံစားချက်ဆီကိုရောက်သွားအောင် လူလူချင်းဆက်ဆံရေးတွေကို ဘယ်လို တည်ဆောက်ရမှာလဲ .. ကျွန်တော်တို့ရဲ့ ဘဝတာဝန်၊ အလုပ်တာဝန်၊ မိတ်ဆွေတာဝန်၊ အချစ်တာဝန်တွေကို ရင်ဆိုင်ကျော်လွှားနိုင်ဖို့ရာအတွက် အက်ဒလာစိတ်ပညာက ဘယ်လိုများ လမ်းညွှန်ထားသလဲ .. အခုအချိန် အထိတော့ ခင်ဗျားက ကျွန်တော့်ကို စိတ်ကူးယဉ်စကားလုံးတွေနဲ့ ရှုပ်ထွေးအောင်လုပ်နေပြီး တိကျသေချာတဲ့ လမ်းညွှန်ချက်တွေကို ရှင်းမပြသေးဘူး

ဒဿနပညာရှင် - ဟုတ်တယ် .. မင်းပြောတာက အရေးကြီးတဲ့အချက်ပဲ .. တာဝန်ခွဲခြားခြင်းနဲ့ ကောင်းမွန်တဲ့ ဆက်ဆံရေးဟာ ဘယ်လိုချိတ်ဆက်နေသလဲ .. တနည်းပြောရမယ်ဆိုရင် လူလူချင်းပူးပေါင်းဆောင်ရွက်မှု ရှိပြီး တစ်ယောက်နဲ့တစ်ယောက် သဟဇာတဖြစ်စွာဆက်ဆံနိုင်မယ့် ဆက်ဆံရေးတစ်ခုထူထောင်တာနဲ့ တာဝန်ခွဲခြား ခြင်းဟာ ဘယ်လိုချိတ်ဆက်နေသလဲပေါ့ .. အဲ့ဒီမှာငါတို့ "ရေပြင်ညီဆက်ဆံရေး" ဆိုတဲ့ သဘောတရားကို ပြောရမယ်

လူငယ် - ရေပြင်ညီဆက်ဆံရေး .. ဟုတ်လား

ဒဿနပညာရှင် - အလွယ်တကူနားလည်နိုင်မယ့် ဥပမာတစ်ခုနဲ့ စလိုက်ကြရအောင် .. အဲ့ဒါက မိဘ-သားသမီး ဆက်ဆံရေးပေါ့ .. ဥပမာအားဖြင့် အခြေအနေက ကလေးတွေကို ပြုစုပျိုးထောင်တာ ဒါမှမဟုတ် အလုပ်မှာ လက်အောက်ငယ်သားတွေကို သင်ကြားလေ့ကျင့်ပေးတာမျိုး ဆိုကြပါစို့ .. အဲ့သလိုအခြေအနေမှာ ယေဘုယျ အားဖြင့်ပြောရရင် နည်းလမ်းနှစ်ခုကို သုံးနိုင်တယ် .. ပထမတစ်ခုက အပြစ်တင်ခြင်းအားဖြင့် ပျိုးထောင်ခြင်း နည်းလမ်းဖြစ်ပြီး နောက်တစ်ခုကတော့ ချီးမွမ်းခြင်းအားဖြင့် ပျိုးထောင်တဲ့နည်းလမ်းပေါ့

လူငယ် - အား .. ဒါကအတော်လေး ဆူဆူပူပူငြင်းခုန်ခဲ့ကြတဲ့ အကြောင်းအရာပေါ့

ဒဿနပညာရှင် - ဘယ်နည်းလမ်းက ပိုကောင်းတယ်လို့ မင်းထင်လဲ .. အပြစ်တင်တာလား ချီးမွမ်းတာလား

လူငယ် - ချီးမွမ်းပြီးပျိုးထောင်တာက ပိုကောင်းတာပေါ့

ဒဿနပညာရှင် - ဘာလို့လဲ

လူငယ် - ဥပမာအနေနဲ့ တိရိစ္ဆာန်တွေကို လေ့ကျင့်ပေးတာကိုပဲကြည့်လေ .. တိရိစ္ဆာန်တွေကို အပြုအမူတစ်ခု လေ့ကျင့်သင်ကြားပေးတော့မယ်ဆိုရင် ခင်ဗျားဟာ ကြာပွတ်ကိုသုံးပြီး အမိန့်နာခံအောင်လုပ်လို့ရတယ် .. အဲ့ဒါက "အပြစ်တင်ပြီး ပျိုးထောင်ခြင်း" နည်းလမ်းတစ်ခုပဲ .. တခြားတစ်ဖက်မှာတော့ အစားအစာ ဒါမှမဟုတ် ကြင်နာမှုပါတဲ့ စကားလေးတွေဆိုတဲ့ ဆုတစ်ခုခုပေးပြီး သင်ကြားပေးလို့လည်း ရတာပဲ .. အဲ့ဒါက "ချီးမွမ်းပြီး ပျိုးထောင်ခြင်း" နည်းလမ်းတစ်ခုပဲ .. နည်းလမ်းနှစ်ခုစလုံးက သူတို့အမူအကျင့်သစ်တစ်ခုကို တတ်မြောက်သွား ခြင်းဆိုတဲ့ တူညီတဲ့ရလဒ်ဆီကို ရောက်စေမှာပါပဲ .. ဒါပေမယ့် ရည်မှန်းချက်ကိုရောက်စေဖို့ရာ တွန်းအားပေးတဲ့ အချက်မှာတော့ လုံးဝကွဲပြားခြားနားသွားပြီ .. တိရိစ္ဆာန်ဟာ ပြစ်ဒဏ်ပေးခံရမှာကြောက်လို့လုပ်တာနဲ့ ချီးမွမ်း ခံချင်လို့လုပ်တာဆိုပြီး ကွဲပြားသွားတယ် .. ချီးမွမ်းခံချင်လို့လုပ်တဲ့ကိစ္စမှာတော့ ပျော်ရွှင်မှုဆိုတဲ့ခံစားချက်လေးနဲ့ လုပ်ရတာဖြစ်တယ် .. ပြစ်ဒဏ်ပေးခံရမှာကြောက်လို့ လုပ်ရတဲ့နေရာမှာတော့ သူဟာ ညှိုးချုံးသွေ့ခြောက်လာ လိမ့်မယ် .. ချီးမွမ်းခြင်းအားဖြင့်ပျိုးထောင်တာက သဘာဝအားဖြင့် သူ့ကို သန်မာပြီး ကျန်းမာလာစေလိမ့်မယ် .. ဒါဟာ သိသာထင်ရှားတဲ့အချက်ပါပဲ

ဒဿနပညာရှင် - တိရိစ္ဆာန်ကိုလေ့ကျင့်သင်ကြားပေးတဲ့ ဥပမာက စိတ်ဝင်စားဖို့ကောင်းတယ် .. အခု အဲ့ဒါကို အက်ဒလာစိတ်ပညာရဲ့ ရှုထောင့်ကနေကြည့်ကြည့်ရအောင် .. အက်ဒလာစိတ်ပညာမှာ ကလေးကိုပျိုးထောင် တာပဲဖြစ်ဖြစ်၊ တခြားသောလူတွေနဲ့ ဆက်သွယ်မှုပုံစံအားလုံးမှာဖြစ်ဖြစ် ချီးမွမ်းတာကိုမလုပ်ရဘူး လို့ပြောထား တယ်

လူငယ် - ချီးမွမ်းတာကို မလုပ်ရဘူး .. ဟုတ်လား

ဒဿနပညာရှင် - ချီးမွမ်းတယ်ဆိုတဲ့စကားရဲ့ သရုပ်မှန်ကိုစဉ်းစားကြည့်ပါ .. မင်းလုပ်လိုက်တဲ့အလုပ်တစ်ခုကို ငါက "တော်လိုက်တာ" ဆိုတဲ့ချီးမွမ်းစကားကို ပြောလိုက်တယ်ဆိုကြပါစို့ .. အဲ့ဒီစကားကို ကြားလိုက်ရတဲ့အခါ နဲနဲထူးဆန်းတယ်လို့ မင်းမထင်ဘူးလား

လူငယ် - ဟုတ်ကဲ့ .. အဲ့သလိုပြောခံလိုက်ရရင် မအီမသာကြီးတော့ ဖြစ်သွားတယ်

ဒဿနပညာရှင် - အဲ့သလိုမျိုး မအီမသာကြီး ဘာကြောင့်ဖြစ်ရတယ်ဆိုတာ မင်းရှင်းပြနိုင်မလား

လူငယ် - "တော်လိုက်တာ" ဆိုတဲ့စကားကြောင့် မအီမသာဖြစ်တဲ့ခံစားချက်က ဘာကြောင့်ဖြစ်လာရတာလဲ ဆိုတော့ အဲ့လိုပြောခံရတာက နိမ့်ချပြီးပြောခံရသလို ဖြစ်နေလို့ပဲ

ဒဿနပညာရှင် - အမှန်ပဲ .. ချီးမွမ်းတဲ့လုပ်ဆောင်ချက်မှာ "စွမ်းဆောင်ရည်ရှိတဲ့လူတစ်ယောက်က စွမ်းဆောင်ရည်မရှိတဲ့လူတစ်ယောက်ကို ဆုံးဖြတ်ဝေဖန်ချက်ပေးလိုက်တယ်" ဆိုတဲ့ သဘောသက်ရောက်မှု ပါနေတယ် .. ကလေးတစ်ယောက်က မိခင်ကို ညစာစားပွဲအတွက် ကူညီပြီးပြင်ဆင်ပေးနေတယ်ဆိုရင် အဲ့ဒီမိခင် က သူ့ကလေးကို "မင်းက ထမင်းပွဲပြင်ဖို့ကူညီတဲ့နေရာမှာ အတော်တော်တာပဲ" လို့ပြောလိမ့်မယ် .. ဒါပေမယ့် အဲ့ဒီတူညီတဲ့အကူအညီကို ပေးတာက သူ့ယောက်ျားဖြစ်နေတယ်ဆိုရင်တော့ သူက "မင်းက ထမင်းပွဲပြင်ဖို့ ကူညီတဲ့နေရာမှာ အတော်တော်တာပဲ" ဆိုတဲ့စကားကို သူပြောမှာမဟုတ်တော့ဘူး

လူငယ် - ဟားဟား .. ဒါတော့ ခင်ဗျားပြောတာ မှန်ပါတယ်

ဒဿနပညာရှင် - တနည်းပြောရရင် "မင်းက ထမင်းပွဲပြင်ဖို့ကူညီတဲ့နေရာမှာ အတော်တော်တာပဲ" ဒါမှမဟုတ် "တော်လိုက်တာ" ဒါမှမဟုတ် "မင်းကတော့ ထူးခြားတဲ့ကလေးပဲနော်" စတဲ့စကားတွေကို ပြောတဲ့မိခင် တစ်ယောက်ဟာ အထက်အောက်ဆက်ဆံရေးတစ်ခုကို မသိစိတ်အားဖြင့်ထူထောင်နေတာဖြစ်ပြီး ကလေးကို သူ့အောက်ကလူတစ်ယောက်လို့ မှတ်ယူနေတာပဲဖြစ်တယ်

လူငယ် - ဆိုတော့ လူတစ်ယောက်ဟာ အခြားလူတစ်ယောက်ကို ကြိုးကိုင်ချယ်လှယ်အမြတ်ထုတ်ချင်လို့ ချီးမွမ်း နေတာဖြစ်တယ်လို့ ခင်ဗျားပြောချင်တာလား

ဒဿနပညာရှင် - အမှန်ပဲ .. အခြားလူတွေကို ငါတို့အပြစ်တင်တာပဲဖြစ်ဖြစ် ချီးမွမ်းတာပဲ ဖြစ်ဖြစ် တကယ်တမ်း ကွဲပြားခြားနားမှုရှိနေတာက မုန်လာဥနီပေးနေတာလား ကြိမ်လုံးပေးနေတာလား ဆိုတာလေးပဲ ကွာသွားတာပါ .. နောက်ခံရည်ရွယ်ချက်ကတော့ ကြိုးကိုင်ချယ်လှယ်အမြတ်ထုတ်ချင်တာဆိုတာပဲ .. ဆုပေး-ဒဏ်ပေး ပညာရေး စနစ်ကြီးကို အက်ဒလာစိတ်ပညာက အပြင်းအထန်ဝေဖန်ပစ်တင်နေရခြင်းရဲ့ အကြောင်းရင်းက အဲ့ဒီစနစ်ကြီးဟာ ကလေးတွေကို ကြိုးကိုင်ချယ်လှယ်အမြတ်ထုတ်ချင်တာဆိုတဲ့ ရည်ရွယ်ချက်ကြီးရှိနေလို့ပဲ

လူငယ် - မဟုတ်တာ .. ဒီနေရာမှာတော့ ခင်ဗျားမှားပြီ .. ဘာလို့လဲဆိုတော့ ကလေးရဲ့ရှုထောင့်ကနေ စဉ်းစားကြည့်လေ .. ကလေးတွေအတွက် သူတို့မိဘတွေရဲ့ ချီးမွမ်းစကားဟာ ပျော်ရွှင်မှုတွေအားလုံးထဲက အကြီးမားဆုံး ပျော်ရွှင်မှုကြီးပဲမဟုတ်လား .. သူတို့အဲ့သလို ချီးမွမ်းခံချင်လို့ပဲ စာလုပ်ကြတာလေ .. မိဘတွေချီးမွမ်းတာ ခံချင်လို့ပဲ ကောင်းတဲ့အပြုအမူတွေကို သူတို့လုပ်ကြတာလေ .. ကျွန်တော်ကလေးဘဝတုန်းကလဲ အဲ့သလိုပဲ .. မိဘတွေရဲ့ချီးမွမ်းစကားကို အသေအလဲလိုချင်ခဲ့တာပေါ့ .. အရွယ်ရောက်တဲ့တိုင်အောင်လည်း အဲ့သလိုပဲ .. ခင်ဗျားရဲ့ အထက်အရာရှိက ခင်ဗျားကိုချီးမွမ်းရင် နေလို့ထိုင်လို့ ကောင်းတယ်မဟုတ်လား .. လူတိုင်းဟာ အဲ့သလိုပဲလေ .. အဲ့ဒါရဲ့ အကြောင်းရင်းတွေကို ရှာဖွေနေစရာမှမလိုတာ .. အဲ့ဒါက ဗီဇအရပါလာတဲ့ စိတ်ခံစားမှုပဲလေ

ဒဿနပညာရှင် - လူတစ်ယောက်ဟာ တခြားတစ်ယောက်ယောက်ရဲ့ ချီးမွမ်းမှုကို လိုချင်တယ် .. ဒါမှမဟုတ် ပြောင်းပြန်အနေနဲ့ လူတစ်ယောက်က အခြားတစ်ယောက်ယောက်ကို ချီးမွမ်းဖို့ ဆုံးဖြတ်လိုက်တယ် .. အဲ့ဒါက လူတစ်ယောက်ဟာ လူလူချင်းဆက်ဆံရေးအားလုံးကို "အထက်အောက် ဆက်ဆံရေး" အဖြစ်ပဲ ရှုမြင်နေတယ် ဆိုတာရဲ့ သက်သေပြချက်ပဲ .. အဲ့ဒါက မင်းအတွက်လည်း မှန်နေတာပဲ .. မင်းဟာ အထက်အောက် ဆက်ဆံရေးနဲ့နေထိုင်နေလို့သာ ချီးမွမ်းခံချင်နေတာပေါ့ .. အက်ဒလာစိတ်ပညာဟာ အထက်အောက်ဆက်ဆံရေး အပြုအမူအားလုံးကို ငြင်းပယ်ပြီး လူလူချင်းဆက်ဆံရေးအားလုံးဟာ ရေပြင်ညီဆက်ဆံရေးပဲ ဖြစ်သင့်တယ်လို့ အဆိုပြုတယ် .. ဆိုလိုတာကတော့ ဒီအချက်ကို အက်ဒလာစိတ်ပညာရဲ့ အခြေခံအယူအဆတစ်ခုလို့ မှတ်ယူလို့လည်း ရနိုင်ပါတယ်

လူငယ် - အဲ့ဒါက အားလုံးဟာ "မတူညီကြပေမယ့် တန်းတူညီမျှ ရှိကြတယ်" ဆိုတဲ့သဘောကို ပြောတာလား

ဒဿနပညာရှင် - ဟုတ်တယ် .. တန်းတူညီမျှရှိကြတယ် .. ပြောရမယ်ဆိုရင် အားလုံးဟာ တပြေးညီပဲ .. ဥပမာ အားဖြင့် အိမ်မှုကိစ္စအဝဝကို သိမ်းကြုံးလုပ်နေရတဲ့ သူတို့ရဲ့ဇနီးသည်တွေကို ပြစ်တင်ကြိမ်းမောင်းလေ့ရှိတဲ့ လူတွေရှိတယ် .. သူတို့က "မင်း ငွေရှာနိုင်တာလဲမဟုတ်ဘဲနဲ့ ဘာမှလာပြောမနေနဲ့" ဒါမှမဟုတ် "မင်း ထမင်းနပ်မှန်အောင်စားနေရတာ ငါ့ကိုကျေးဇူးတင်လိုက်စမ်းပါ" စတဲ့စကားမျိုးတွေကို ပြောကြတယ် .. "မင်းလိုချင်တာ အားလုံး မင်းရနေတာပဲလေ .. ဘာတွေကိုစောဒကတက်နေတာလဲ" ဆိုတဲ့စကားမျိုးကို မင်းကြားဖူးလိမ့်မယ်လို့ ငါထင်တယ် .. အဲ့ဒါဟာ လုံးဝရှက်စရာကောင်းတဲ့ လုပ်ရပ်ပဲ .. အဲ့သလို ငွေမျက်နှာတစ်ခုထဲကိုကြည့်ပြီး ပြောဆို ကြိမ်းမောင်းတဲ့စကားတွေဟာ လူ့တန်ဖိုးကို လုံးဝမမြင်တဲ့ စကားတွေပဲ .. ကုမ္ပဏီကအလုပ်သမားတစ်ယောက်နဲ့ အိမ်အလုပ်တွေအကုန်ကို သိမ်းကြုံးလုပ်နေရတဲ့ အိမ်ထောင်ရှင်မတစ်ယောက်ဟာ အလုပ်လုပ်တဲ့နေရာနဲ့ ရာထူး မတူကြရုံပဲရှိတာပါ .. သူတို့ဟာ တကယ်တန်းမှာတော့ "ညီတူညီမျှရှိကြပေမယ့် မတူကြရုံပါပဲ"

လူငယ် - လုံးဝ သဘောတူပါတယ်

ဒဿနပညာရှင် - တကယ်တော့ သူတို့ဟာ အမျိုးသမီးတွေ အသိဉာဏ်ရှိလာပြီး သူတို့နေရာကို ရောက်လာကြမှာကို ကြောက်နေကြတာပါ .. သူတို့ငွေရှာနိုင်တာထက် ပိုများများရှာနိုင်လာမှာကို စိတ်ပူနေကြတာပါ .. အဲ့ဒီ အမျိုးသမီးတွေ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုခိုင်မာလာမှာကို သူတို့ကြောက်နေကြတာပါ .. သူတို့ဟာ လူလူချင်း ဆက်ဆံရေးအားလုံးကို အထက်အောက်ဆက်ဆံရေးအဖြစ်သာမြင်နေကြပြီး မိန်းမတွေက သူတို့အထက်ကို ရောက်သွားမှာကို ထိတ်လန့်နေကြတာပါ .. အဲ့ဒါ သူတို့မှာ တိမ်မြုပ်နေတဲ့နိမ့်ကျတယ်ဆိုတဲ့ ခံစားချက် ရှိနေတယ်ဆိုတာကို ပြနေတာပဲ လို့ပြောရမယ်

လူငယ် - ဆိုတော့ သူတို့ဟာ သူတို့ရဲ့စွမ်းရည်ကို ပြသချင်စိတ်နဲ့ ဘဝင်မြင့်တဲ့ရောဂါရနေတာလို့ ပြောလို့ရမလား

ဒဿနပညာရှင် - အဲ့သလိုဖြစ်နေတာပါပဲ .. ဦးဆုံးအနေနဲ့ နိမ့်ကျတယ်ဆိုတဲ့ခံစားချက်ဟာ အထက်အောက် ဆက်ဆံရေးအတွင်းမှာပေါ်ပေါက်လာတဲ့ သိမှုတစ်ခုပဲ .. တကယ်လို့ လူတစ်ယောက်ဟာ လူသားအားလုံး အတွက် "မတူပေမယ့် ညီတူညီမျှရှိတယ်" ဆိုတဲ့ရေပြင်ညီဆက်ဆံရေးကို တည်ဆောက်နိုင်ခဲ့ရင် နိမ့်ကျတယ် ဆိုတဲ့ခံစားချက်ပေါ်ပေါက်လာဖို့ အခွင့်အရေးလုံးဝရှိမှာမဟုတ်တော့ဘူး

လူငယ် - ဟင်း .. တခြားလူတွေကို ကျွန်တော်ချီးမွမ်းချင်စိတ်ဖြစ်လာတာက ကျွန်တော့်ရဲ့စိတ္တဇေဒ အဆောက်အအုံရဲ့ တစ်နေရာရာမှာ လူတွေကို ကြိုးကိုင်ချယ်လှယ်ချင်စိတ် ရှိနေလို့ပေါ့ .. အထက်အရာရှိက ကျွန်တော့်ကိုမျက်နှာသာပေးအောင် သူ့ကိုချီးမွမ်းနေမိတာပေါ့ .. အဲ့ဒါက ကြိုးကိုင်ချယ်လှယ်မှုတစ်ခုပဲ .. မဟုတ်ဘူးလား .. တနည်းပြောရရင် အခြားသူတွေက ကျွန်တော့်ကို ချီးမွမ်းကြတာဟာလည်း ကျွန်တော် ကြိုးကိုင်ချယ်လှယ်ခံနေရတာပဲပေါ့ .. ရယ်စရာတော့အကောင်းသား .. ကျွန်တော်ဟာ အဲ့သလိုလူစားမျိုး ဖြစ်နေတာပဲ

ဒဿနပညာရှင် - ဟုတ်တယ် .. ပြောရရင် မင်းဟာ အထက်အောက်ဆက်ဆံရေးအမြင်ကို မချိုးဖျက်နိုင်ဖြစ်နေ တာပေါ့

လူငယ် - ဒါက စိတ်ဝင်စားဖို့ကောင်းလာပြီး .. ရှေ့ဆက်ကြရအောင်ဗျာ

**အားပေးတဲ့ နည်းလမ်း**

------------------------

ဒဿနပညာရှင် - တာဝန်ခွဲခြားခြင်းအကြောင်း ငါတို့ဆွေးနွေးခဲ့ကြတာကို မင်းပြန်စဉ်းစားကြည့်မယ်ဆိုရင် ဝင်ရောက်စွက်ဖက်ခြင်း ဆိုတဲ့အကြောင်း ငါပြောခဲ့တာ မင်းမှတ်မိလိမ့်မယ် .. အဲ့ဒါက တခြားလူတွေရဲ့ အလုပ်မှာ ဝင်ရှုပ်တာပေါ့ .. ဆိုတော့ လူတစ်ယောက်ဟာ ဘာကြောင့် အဲ့သလိုဝင်ရှုပ်ရတာလဲ .. ဒီနေရာမှာလည်း နောက်ခံ

အကြောင်းရင်းက အထက်အောက်ဆက်ဆံရေး ဆိုတာကြောင့်ပဲ .. လူတစ်ယောက်ဟာ လူလူချင်းဆက်ဆံရေးကို အထက်အောက်အဖြစ်ပဲမြင်နေတာကြောင့် တစ်ဖက်လူကိုသူ့အောက်ကလူလို့ပဲ မြင်နေတယ် .. အဲ့ဒါကြောင့် သူဝင်စွက်ဖက်တာပဲ .. ဝင်ရောက်စွက်ဖက်ခြင်းအားဖြင့် သူဟာ တစ်ဖက်လူကို သူအလိုရှိတဲ့ဦးတည်ချက်ဆီရောက်အောင်တွန်းပို့နေတာပဲ .. အဲ့သလိုဝင်ရောက်စွက်ဖက်တာက သူကမှန်ပြီး တစ်ဖက်လူကမှားနေတယ်လို့ ပြောနေတာပါပဲ .. ဒီနေရာမှာ ဝင်ရောက်စွက်ဖယ်တယ်ဆိုတာက ကြိုးကိုင်ချယ်လှယ်နေတာနဲ့ အတူတူပါပဲ .. ရိုးရိုးလေးနဲ့ ရှင်းရှင်းလေးပါပဲ .. ကလေးကိုစာလုပ်ဖို့ အမိန့်ပေးနေတဲ့ မိဘတွေဟာ ဒါရဲ့ အကောင်းဆုံးဥပမာ တစ်ခုပါပဲ .. သူတို့ဟာ သူတို့အဲ့သလိုလုပ်တာကို ကောင်းတဲ့ရည်ရွယ်ချက်နဲ့လုပ်တာလို့ ရှုမြင်နေကြတယ် .. ဒါပေမယ့် အဲ့ဒီလုပ်ရပ်ကို သေသေချာချာခွဲခြမ်းစိတ်ဖြာကြည့်ရင် မိဘတွေဟာ ကလေးကို သူတို့သွားစေချင်တဲ့ လမ်းကြောင်းအတိုင်းသွားအောင် ဝင်ရောက်စွက်ဖက်ပြီး ကြိုးကိုင်ချယ်လှယ်နေကြတာပါပဲ

လူငယ် - တကယ်လို့ ရေပြင်ညီဆက်ဆံရေးကို တည်ဆောက်လိုက်နိုင်မယ်ဆိုရင် အဲ့ဒီ ဝင်ရောက်စွက်ဖက်မှုက ပျောက်ကွယ်သွားမှာလား

ဒဿနပညာရှင် - ဟုတ်တယ် .. ပျောက်ကွယ်သွားလိမ့်မယ်

လူငယ် - ကောင်းပြီ .. ကလေးရဲ့လေ့လာမှုအကြောင်း ခင်ဗျားပြောနေတာကတော့ဟုတ်ပါပြီ .. ဒါပေမယ့် တစ်ယောက်ယောက် ခင်ဗျားရှေ့မှာနာကျင်ခံစားနေရတာ မြင်ရင်ရော အဲ့ဒီလူကို ဒီတိုင်းပဲပစ်ထားလိုက်မှာလား .. အဲ့သလို ပစ်ထားပြီးနေနိုင်လား .. အဲဒီလူကို ဝင်ရောက်အကူအညီပေးတာကိုရော ဝင်ရောက်စွက်ဖက်တယ်လို့ယူဆပြီး ဘာမှမလုပ်ဘဲ နေရမလား

ဒဿနပညာရှင် - အဲ့သလို မျက်နှာလွှဲပြီး မနေရပါဘူး .. ဝင်ရောက်စွက်ဖက်မှုမဟုတ်တဲ့ အကူအညီတွေကို ပေးလို့ရပါတယ်

လူငယ် - ဝင်ရောက်စွက်ဖက်တာနဲ့ အကူအညီပေးတာအကြား ဘာတွေကွာခြားလဲ

ဒဿနပညာရှင် - တာဝန်ခွဲခြားခြင်းအကြောင်းဆွေးနွေးကြတုန်းက ပြောခဲ့တဲ့ ကလေးရဲ့ကျောင်းစာလုပ်တာအကြောင်းပြန်စဉ်းစားကြည့် .. အဲ့ဒီမှာတုန်းက ကျောင်းစာဆိုတာ ကလေးကိုယ်တိုင်ဖြေရှင်းရမယ့်တာဝန်ဖြစ်တယ် .. မိဘတွေနဲ့ ဆရာတွေသူ့အစားလုပ်ပေးလို့ရမယ့်အရာမဟုတ်ဘူးလို့ ငါပြောခဲ့တယ် .. ဆိုတော့ "မင်းစာလုပ်ရမယ်" ဒါမှမဟုတ် "မင်း ဒီတက္ကသိုလ်ကိုတက်ရမယ်" စတာမျိုးတွေပြောပြီး ကလေးရဲ့အလုပ်မှာ ဝင်စွက်တာက ဝင်ရောက်စွက်ဖက်ခြင်းပဲ .. တခြားတစ်ဖက်မှာရှိတဲ့ အကူအညီပေးတယ်ဆိုတာကကျတော့ တာဝန်ခွဲခြားခြင်းနဲ့ ရေပြင်ညီဆက်ဆံရေးတွေကို ကြိုတင်သတ်မှတ်ထားခြင်းပဲ .. စာလုပ်ဖို့ရာသည် ကလေးရဲ့ တာဝန်သာဖြစ်တယ်ဆိုတာကို နားလည်ထားပြီး သူ့အတွက်ဘာလုပ်ပေးနိုင်မလဲဆိုတာကို စဉ်းစားရမယ် .. တိတိကျကျပြောရမယ်ဆိုရင် ကလေးကိုစာလုပ်ရမယ်ဆိုပြီး အပေါ်စီးကနေအမိန့်ပေးမယ့်အစား ကလေးအနေနဲ့

သူ့တာဝန်တွေကို သူကိုယ်တိုင်လုပ်နိုင်လာအောင်၊ စလုပ်တယ်ဆိုတဲ့သူ့တာဝန်ကို သူကိုယ်တိုင်လုပ်နိုင်တယ် ဆိုတဲ့ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုရရှိလာအောင် ကူညီပေးရမယ်

လူငယ် - အဲ့သလိုလုပ်တာကရော ဖိအားပေးတာမဟုတ်ဘူးလား

ဒဿနပညာရှင် - မဟုတ်ဘူး .. အဲ့ဒါက ဖိအားပေးတာ မဟုတ်ဘူး .. ဖိအားပေးတာမဟုတ်ဘဲနဲ့ တာဝန်တွေကို အမြဲခွဲခြားထားပြီး ကလေးသူ့အလုပ်သူလုပ်နိုင်ဖို့မှာ ကူညီပေးတာမျိုးပဲ .. အဲ့ဒါက "မင်းဟာ မြင်းကိုရေရှိရာဆီကို ခေါ်ဆောင်သွားနိုင်တယ် .. ဒါပေမယ့်ရေသောက်အောင်တော့ မလုပ်နိုင်ဘူး" ဆိုတဲ့ချဉ်းကပ်ပုံမျိုးပဲ .. သူ့အလုပ် ကိုရင်ဆိုင်ရမှာက သူပဲ .. ဆုံးဖြတ်ချက်ချရမှာက သူပဲ

လူငယ် - ဆိုတော့ ခင်ဗျား အပြစ်တင်တာလဲမလုပ်ဘူး၊ ချီးမွမ်းတာလဲ မလုပ်ဘူးပေ့ါ

ဒဿနပညာရှင် - မှန်တယ် .. ချီးမွမ်းတာရော အပြစ်တင်တာရော မလုပ်ရဘူး .. ဒီလိုမျိုး ရေပြင်ညီဆက်ဆံရေး အနေအထားနဲ့ အကူအညီပေးတာမျိုးကို အက်ဒလာစိတ်ပညာမှာ "အားပေးမှု" လို့ခေါ်တယ်

လူငယ် - အားပေးမှု .. အင်း .. ဟုတ်တာပေ့ါ .. အဲ့ဒါက ခင်ဗျားအရင်ညတွေတုန်းက ပြောခဲ့တဲ့ ဝေါဟာရတစ်ခုပဲ .. နောက်ပိုင်းကျရင် အဲ့ဒီစကားကို ရှင်းပြမယ်လို့ခင်ဗျားပြောခဲ့တာပဲ

ဒဿနပညာရှင် - လူတစ်ယောက်က သူ့တာဝန်တွေကို မထမ်းဆောင်တာဟာ သူ့မှာလုပ်နိုင်တဲ့စွမ်းရည်မရှိလို့ မဟုတ်ဘူး .. ဒီနေရာမှာရှိနေတဲ့ ပြဿနာက စွမ်းဆောင်ရည်နဲ့ဆိုင်တာမဟုတ်ဘူး .. "ကိုယ့်တာဝန်တွေကို ရင်ဆိုင်နိုင်ဖို့ သတ္တိပျောက်ဆုံးနေလို့" လို့ အက်ဒလာစိတ်ပညာက ပြောတယ် .. ပြီးတော့ အဲ့သလိုဖြစ်တာ ကြောင့် တခြားဘာမှမလုပ်ခင်လုပ်ရမယ့်အရာက အဲ့ဒီပျောက်ဆုံးနေတဲ့သတ္တိကို ပြန်လည်ရှာဖွေဖို့ပဲ

လူငယ် - ဒါပေမယ့် ကျွန်တော်တို့ ကရွတ်ကင်းလျှောက်သလိုဖြစ်နေပြီကော .. အဲ့ဒါက အခြေခံအားဖြင့် ချီးမွမ်း တာနဲ့ အတူတူပဲမဟုတ်လား .. လူတစ်ယောက်ဟာ အခြားလူတစ်ယောက်ရဲ့ ချီးမွမ်းစကားကိုကြားတဲ့အခါမှာ သူ့ရဲ့စွမ်းရည်ကို မှန်မှန်ကန်ကန်သတိပြုမိလာပြီး သတ္တိကိုပြန်ရနိုင်မယ်မဟုတ်လား .. ဒီအချက်မှာတော့ ကျေးဇူး ပြုပြီးခေါင်းမာမနေပါနဲ့ .. ချီးမွမ်းမှုရဲ့လိုအပ်ချက်ကို အသိအမှတ်ပြုပေးလိုက်ပါ

ဒဿနပညာရှင် - မဖြစ်ဘူး .. အဲ့ဒါကို ငါအသိအမှတ်ပြုမှာ မဟုတ်ဘူး

လူငယ် - ဘာကြောင့် အသိအမှတ်မပြုတာလဲ

ဒဿနပညာရှင် - အကြောင်းရင်းက ရှင်းပါတယ် .. ချီးမွမ်းခံရခြင်းဟာ လူတွေကို သူတို့မှာစွမ်းဆောင်ရည် မရှိဘူးလို့ထင်သွားစေမယ့် ယုံကြည်မှုကို ဖွဲ့တည်မိသွားစေလို့ပဲ

လူငယ် - ခင်ဗျား ဘယ်လိုပြောလိုက်တယ်

ဒဿနပညာရှင် - ငါ ထပ်ပြောရဦးမှာလား .. လူတစ်ယောက်ဟာ တခြားလူတစ်ယောက်ရဲ့ ချီးမွမ်းတာကိုခံရ လေလေ သူ့မှာစွမ်းဆောင်ရည်မရှိဘူးဆိုတဲ့ ယုံကြည်မှုကို တည်ဆောက်မိသွားလေလေပဲ .. ဒီအချက်ကို အမြဲသတိရဖို့ ကြိုးစားပေးပါ

လူငယ် - အဲ့သလောက် ရူးနမ်းတဲ့သူမျိုး ရှိလို့လား .. အဲ့ဒါက တခြားတစ်နည်းလည်း ဖြစ်နိုင်ပါတယ် .. ချီးမွမ်းခံရခြင်းရဲ့ရလဒ်အနေနဲ့ လူတစ်ယောက်ဟာ သူ့မှာရှိတဲ့ စွမ်းဆောင်ရည်ကို အမှန်အကန် သိမြင်သဘောပေါက်သွားတာလည်းဖြစ်နိုင်တာပဲ .. အဲ့ဒါက မသိသာဘူးလား

ဒဿနပညာရှင် - မင်း မှားနေပြီ .. ချီးမွမ်းခံရလို့ မင်းပျော်ရွှင်မှုကိုရတယ်ဆိုရင်တောင်မှ အဲ့ဒါဟာ အထက်အောက်ဆက်ဆံရေးကိုမှီခိုပြီး မင်းမှာစွမ်းဆောင်ရည်မရှိပါဘူးလို့ ခံယူနေတာနဲ့ အတူတူပါပဲ .. ဘာကြောင့်လဲဆိုတော့ ချီးမွမ်းစကားဆိုတာက စွမ်းဆောင်ရည်ရှိတဲ့လူတစ်ယောက်က စွမ်းဆောင်ရည်မရှိတဲ့လူတစ်ယောက်ကို ပြောလေ့ရှိတဲ့စကားမျိုး မို့လို့ပဲ

လူငယ် - အဲ့ဒါကိုတော့ ကျွန်တော်သဘောမတူနိုင်ဘူးဗျာ

ဒဿနပညာရှင် - ချီးမွမ်းခံရရေးဟာ လူတစ်ယောက်ရဲ့ရည်မှန်းချက်ဖြစ်သွားတဲ့အခါမှာ အဲ့ဒီလူဟာ အခြားသူတွေရဲ့ တန်ဖိုးစနစ်ထဲမှာ လိုက်လျှောညီထွေဖြစ်အောင်နေထိုင်မယ်ဆိုတဲ့ ဘဝနေနည်းကို ရွေးချယ်လိုက်တာမျိုးဖြစ်သွားပြီ .. မင်းရဲ့လက်ရှိအချိန်အထိ ဖြတ်သန်းခဲ့ရတဲ့ဘဝကို ကြည့်ကြည့်စမ်းပါ .. မင်းမိဘတွေရဲ့ မျှော်မှန်းချက်တွေပြည့်ဝအောင် လိုက်နေပေးရတဲ့ဘဝကြီးကို စိတ်မပျက်သေးဘူးလား

လူငယ် - အမ် .. အင်း .. စိတ်ပျက်မိတယ်လို့ ကျွန်တော်ထင်တယ်

ဒဿနပညာရှင် - ပထမဆုံး တာဝန်တွေကိုခွဲခြားပါ .. ပြီးတော့ လူတစ်ဦးချင်းစီရဲ့ မတူညီမှုတွေကို လက်ခံရင်းနဲ့ ညီတူညီမျှရှိတဲ့ ရေပြင်ညီဆက်ဆံရေးကိုတည်ဆောက်ပါ .. ပြီးတော့ နောက်ထပ်အနေနဲ့ အားပေးခြင်းဆိုတဲ့ နည်းလမ်းကိုသုံးပါ

**မင်းမှာတန်ဖိုးရှိကြောင်း ဘယ်လိုခံစားသိနိုင်မလဲ**

---------------------------------------------------

လူငယ် - ဆိုတော့ တိတိကျကျပြောရရင် အဲ့ဒါနဲ့ပတ်သက်ပြီး ဘာလုပ်ရမလဲ .. မချီးမွမ်းရဘူး .. အပြစ်မတင်ရဘူး .. ဆိုတော့ တခြားဘာ ဝေါဟာရတွေနဲ့ ရွေးချယ်စရာတွေများရှိဦးမလဲ

ဒဿနပညာရှင် - မင်းလုပ်တဲ့အလုပ်တစ်ခုမှာ အကူအညီရခဲ့တဲ့အချိန်တစ်ခုကို စဉ်းစားကြည့်ပါ .. ကလေးတစ်ယောက်ဆီကရတဲ့အကူအညီမဟုတ်ဘဲ မင်းနဲ့တန်းတူညီတူရှိတဲ့ အပေါင်းအဖော်တစ်ယောက်ဆီကရတဲ့ အကူအညီမျိုးပေါ့ .. အဲ့သလို စဉ်းစားကြည့်လိုက်ရင် မင်းအဖြေကိုချက်ချင်းရသွားလိမ့်မယ် .. မင်းသူငယ်ချင်းတစ်ယောက်က မင်းအိမ်ကို လာကူရှင်းပေးတယ်ဆိုရင် မင်းသူ့ကို ဘာပြောမလဲ

လူငယ် - "ကျေးဇူးတင်ပါတယ်"

ဒဿနပညာရှင် - အမှန်ပဲ .. မင်းအလုပ်မှာကူညီပေးတဲ့ မင်းသူငယ်ချင်းကို ကျေးဇူးတင်ပါတယ်လို့ ပြောလိုက်ခြင်းအားဖြင့် မင်းဟာကျေးဇူးတရားဆိုတဲ့သဘောပါတဲ့ စကားလုံးကိုဖော်ထုတ်ပေးလိုက်တာပဲ .. "ငါဝမ်းမြောက်ကျေနပ်မိတယ်" ဆိုတဲ့ မင်းရဲ့ဝမ်းမြောက်ကျေနပ်တဲ့ ခံစားချက်ကို တိုက်ရိုက်ဖော်ပြလိုက်တာပဲ .. ဒါမှမဟုတ် "ဒါဟာ ကြီးမားတဲ့အကူအညီတစ်ခုပဲကွာ" ဆိုတဲ့စကားကိုပြောခြင်းအားဖြင့်လည်း မင်းရဲ့ကျေးဇူးတင်မှုကို ဖော်ပြလို့ရနိုင်တာပဲ .. ဒါဟာ ရေပြင်ညီဆက်ဆံရေးကိုအခြေခံတဲ့ အားပေးမှုနည်းလမ်းတစ်ခုပါပဲ

လူငယ် - ဒါလေးပဲလား

ဒဿနပညာရှင် - ဟုတ်တယ် .. အရေးအကြီးဆုံးအချက်က အခြားသူတွေကို ဝေဖန်ဆုံးဖြတ်တာမျိုး မလုပ်မိဖို့ပဲ .. "ဝေဖန်ဆုံးဖြတ်မှု" ဆိုတာက အထက်အောက်ဆက်ဆံရေးကနေ ပေါ်ထွက်လာတဲ့ စကားလုံးပဲ .. ကျေးဇူးတင်မှု၊ လေးစားမှု၊ ပျော်ရွှင်မှုတွေကို ပိုပြီးတိုက်ရိုက်ကျကျဖော်ပြနိုင်တဲ့ စကားလုံးတွေရှိနေပါတယ်

လူငယ် - ဟင်း .. ခင်ဗျားပြောတဲ့ ဝေဖန်ဆုံးဖြတ်မှုဟာ အထက်အောက်ဆက်ဆံရေးကနေ ပေါ်ထွက်လာတယ်ဆိုတဲ့စကားက သေချာပေါက်မှန်ပုံရပါတယ် .. ဒါပေမယ့် "ကျေးဇူးတင်ပါတယ်" ဆိုတဲ့စကားဟာ သတ္တိကို ပြန်လည်ဖော်ထုတ်ပေးနိုင်မယ့် ကြီးမားတဲ့စွမ်းအင်ရှိတယ်ဆိုတာ တကယ်ဟုတ်ပါ့မလား .. ဘယ်လိုပဲ ဖြစ်ဖြစ် ကျွန်တော်ကတော့ ချီးမွမ်းခံရတာကိုကြိုက်တယ် .. ကျွန်တော်ကြားရတဲ့ ချီးမွမ်းစကားဟာ အထက်အောက်ဆက်ဆံရေးကနေ လာတာပဲဖြစ်ဖြစ်ပေါ့

ဒဿနပညာရှင် - ချီးမွမ်းခံရတယ်ဆိုတာက အနှစ်သာရအားဖြင့် လူတစ်ယောက်ဟာ အခြားသူဆီကနေ "ကောင်းတယ်" ဆိုတဲ့ ဝေဖန်ဆုံးဖြတ်မှုကို ရရှိခြင်းပါပဲ .. ပြီးတော့ အဲ့ဒီလုပ်လိုက်တာတစ်ခုခုအပေါ် သတ်မှတ်တဲ့

ကောင်းတယ်၊ ဆိုးတယ်ဆိုတဲ့စံကလည်း အဲ့ဒီဝေဖန်ချက်ပေးတဲ့လူရဲ့ စံနဲ့သတ်မှတ်ထားတာပါပဲ .. လူတစ်ယောက်က ချီးမွမ်းခံရခြင်းကိုပဲ ရှာဖွေနေတယ်ဆိုရင် သူဟာ ဘာမှမတတ်နိုင်တော့ဘဲ အဲ့ဒီလူရဲ့စံတွေနဲ့ လိုက်လျောညီထွေဖြစ်အောင် ကိုယ့်ကိုယ်ကိုယ်ပြုပြင်ပြောင်းလဲလုပ်ဆောင်နေရမှာပဲဖြစ်တယ် .. အဲ့သလို လုပ်တဲ့အခါမှာ ကိုယ့်ရဲ့ကိုယ်ပိုင်လွတ်လပ်မှုဟာ ပျောက်ဆုံးသွားတယ် .. တခြားတစ်ဖက်မှာတော့ "ကျေးဇူး တင်ပါတယ်" ဆိုတဲ့စကားဟာ ဝေဖန်ဆုံးဖြတ်တာမျိုးမပါတဲ့ ကျေးဇူးတရားကိုပဲ ရှင်းရှင်းလင်းလင်းဖော်ပြနေတဲ့ ဖော်ပြချက်တစ်ခုဖြစ်တယ် .. ကျေးဇူးတင်မှုကိုဖော်ပြတဲ့စကားလုံးတွေကို ကြားရတဲ့အချိန်မှာ သူဟာ အခြားသူ တစ်ယောက်ယောက်အတွက် တစ်ခုခုအကျိုးပြုပေးလိုက်တာပဲဆိုတဲ့ အသိကိုရသွားပါတယ်

လူငယ် - ဆိုတော့ ခင်ဗျားဟာအခြားသူတစ်ယောက်ဆီက "တော်တယ်" ဆိုတဲ့ဝေဖန်ဆုံးဖြတ်ချက်ကို ရလိုက် တယ်ဆိုရင်ရော ခင်ဗျားဟာသူ့ကို တစ်ခုခုအကျိုးပြုပေးလိုက်တယ်ဆိုတဲ့ ခံစားချက်ကို ရမှာမဟုတ်တော့ဘူး လား

ဒဿနပညာရှင် - အမှန်ပဲ .. အဲ့ဒါဟာ ငါတို့နောက်မှာဆက်ပြောမယ့် ဆွေးနွေးချက်နဲ့ ဆက်စပ်နေတယ် .. အက်ဒလာစိတ်ပညာမှာ "အကျိုးပြုခြင်း" ဆိုတာကို အတော်လေး အလေးဂရုပြုတယ်

လူငယ် - အဲ့ဒါကို ဘာကြောင့် အလေးဂရုပြုရတာလဲ

ဒဿနပညာရှင် - ငါတို့ နိမ့်ကျတယ်ဆိုတဲ့ခံစားချက် အကြောင်းဆွေးနွေးခဲ့ကြတာ မင်းမှတ်မိဦးမလား .. အဲ့ဒီမှာ ဒါကို တန်ဖိုးဆိုတာရဲ့ ပုဂ္ဂလဓိဋ္ဌာန်ကျမှုနဲ့ဆိုင်တဲ့ ပြဿနာလို့ ငါပြောခဲ့တယ်လေ .. လူတစ်ယောက်က သူဟာ တန်ဖိုးရှိတယ်လို့ခံစားနေရလား ဒါမှမဟုတ် သူဟာတန်ဖိုးမဲ့တဲ့လူတစ်ယောက်လို့ ခံစားနေရလား .. လူတစ်ယောက်က သူဟာတန်ဖိုးရှိတယ်လို့ ခံစားနိုင်စွမ်းရှိရင် သူ့ကိုယ်သူ အရှိအတိုင်းလက်ခံနိုင်ပြီး သူ့ရဲ့ ဘဝတာဝန်တွေကို ရင်ဆိုင်ရဲတဲ့ သတ္တိရှိပါတယ် .. ဆိုတော့ ဒီနေရာမှာပေါ်လာတဲ့ပြဿနာက လူတစ်ယောက် ဟာ သူ့ကိုယ်သူတန်ဖိုးရှိတယ်လို့ ခံစားနိုင်စွမ်းရှိအောင် ဘာလုပ်ရမှာလဲဆိုတာပဲ

လူငယ် - ဟုတ်တယ် .. အမှန်ပဲ .. ဒါကိုကျွန်တော့်ကို ရှင်းရှင်းလင်းလင်းရှင်းပြပေးဖို့ ကျွန်တော်တောင်းဆို ချင်ပါတယ်

ဒဿနပညာရှင် - အဲ့ဒါက အတော်လေး ရိုးရှင်းပါတယ် .. လူတစ်ယောက်က "ငါဟာ အသိုက်အဝန်းအတွက် အကျိုးကျေးဇူးပြုနိုင်တယ်" လို့ခံစားရရင် သူဟာ သူ့ရဲ့စစ်မှန်တဲ့တန်ဖိုးကို ခံစားရရှိနိုင်ပါလိမ့်မယ် .. အဲ့ဒါက အက်ဒလာစိတ်ပညာကပေးတဲ့ အဖြေပါပဲ

လူငယ် - ကျွန်တော်က အသိုက်အဝန်းအတွက် အကျိုးကျေးဇူးပြုနိုင်တယ်ဆိုတာ .. ဟုတ်လား

ဒဿနပညာရှင် - အသိုက်အဝန်း ပြောရမယ်ဆိုရင် တခြားလူတွေပေါ့ .. သူတို့တွေအတွက် "ငါဟာ တစ်ယောက်ယောက်အတွက် အသုံးဝင်တဲ့သူဖြစ်တယ်" လို့ခံစားနိုင်ရမယ် .. အခြားလူတစ်ယောက်ယောက်က "တော်တယ်" လို့ ဝေဖန်ဆုံးဖြတ်တာကို ခံစားမယ့်အစား ကိုယ်ကိုယ်တိုင်ရဲ့ အမြင်နဲ့ပဲ "ငါဟာ အခြားသူတွေကို အကျိုးကျေးဇူးပြုနိုင်တဲ့သူဖြစ်တယ်" ဆိုပြီးခံစားနိုင်စွမ်းရှိရမယ် .. အဆုံးသတ်မှာ အဲ့သလိုအခြေအနေကို ရောက်မှပဲ ငါတို့ဟာ ငါတို့ရဲ့ စစ်မှန်တဲ့ ကိုယ်ပိုင်တန်ဖိုးကို ခံစားနိုင်လိမ့်မယ် .. အသိုက်အဝန်းဆိုတဲ့ ခံစားချက်နဲ့ အားပေးမှု သဘောတရားအကြောင်း ငါတို့ဆွေးနွေးခဲ့သမျှအရာအားလုံးဟာ ဒီနေရာမှာ လာချိတ်ဆက်နေကြတာပဲ

လူငယ် - အင်း .. ကျွန်တော်မသိတော့ဘူး .. ပြန်ရှုပ်ထွေးလာပြန်ပြီ

ဒဿနပညာရှင် - ငါတို့ဟာ ဆွေးနွေးမှုရဲ့ ဗဟိုချက်နလုံးသားကို ရောက်နေပါပြီ .. နဲနဲလေးဆက်ပြီး ငါနဲ့ ဆွေးနွေးကြည့်ပေါ့ .. အဲ့ဒါက အခြားသူတွေအတွက် စဉ်းစားပေးမှု၊ ရေပြင်ညီဆက်ဆံရေးကို တည်ဆောက်နိုင်မှု၊ အားပေးမှု နည်းလမ်းကိုအသုံးချမှုတွေပါပဲ .. အဲ့ဒီအချက်တွေအားလုံးက "ငါဟာ တစ်ယောက်ယောက်အတွက် အသုံးဝင်မှုရှိတယ်" ဆိုတဲ့ နက်ရှိုင်းတဲ့ဘဝအသိနဲ့ ချိတ်ဆက်နေပါတယ် .. အဲ့ဒီအသိကလည်း အပြန်အလှန် အနေနဲ့ မင်းရှင်သန်နေထိုင်ဖို့လိုအပ်တဲ့ သတ္တိနဲ့ ချိတ်ဆက်နေပါတယ်

လူငယ် - တစ်ယောက်ယောက်အတွက် အသုံးဝင်ဖို့ ဟုတ်လား .. အဲ့ဒါက ကျွန်တော့်ရဲ့ တန်ဖိုးရှိတဲ့ဘဝ ဟုတ်လား

ဒဿနပညာရှင် - ခဏ နားကြရအောင် .. မင်း ကော်ဖီသောက်ဦးမလား

လူငယ် - ဟုတ်ကဲ့ .. သောက်ပါမယ်

+++

*အသိုက်အဝန်းဆိုတဲ့ ခံစားချက်အကြောင်းဆွေးနွေးမှုကအရင်ကထက် ပိုမိုရှုပ်ထွေးလာပါတယ်။ လူတစ်ယောက်ဟာမချီးမွမ်းရဘူး။ အပြစ်လည်း မတင်ရဘူး။ အဲ့သလို ချီးမွမ်း၊ ပြစ်တင်တဲ့စကားအားလုံးဟာ အထက်အောက်ဆက်ဆံရေးကနေ ပေါ်ထွက်လာတဲ့ အခြားသူတွေကို ဝေဖန်ဆုံးဖြတ်တဲ့ စကားတွေပါပဲ။ ပြီးတော့ ကျွန်တော်တို့ဟာ ရေပြင်ညီဆက်ဆံရေးမျိုးကို ထူထောင်ရမယ်။ အဲ့သလိုထူထောင်နိုင်ဖို့ဆိုတာဟာလည်း လူတစ်ယောက်ဟာ သူ့ရဲ့ ကိုယ်ပိုင်တန်ဖိုးကို အမှန်တကယ်သိနားလည်မှုရမယ်။ ဒီအတွေးအမြင်ဟာ တစ်နေရာရာမှာ အဓိကချို့ယွင်းချက်တစ်ခုရှိနေတယ်လို့ လူငယ်ရဲ့ ဗီဇစိတ်ထဲကနေ ခံစားနေရပါတယ်။ ကော်ဖီသောက်နေရင်း ကနေ သူ့အဖိုးအကြောင်းအတွေးတွေ သူ့စိတ်ထဲရောက်လာပါတယ်။*

**လက်ရှိဖြစ်တည်မှု**
-------------------

ဒဿနပညာရှင် - ဆိုတော့ .. မင်း စဉ်းစားကြည့်ပြီးပြီလား

လူငယ် - ဟုတ်ကဲ့ .. အဲ့ဒါက တဖြည်းဖြည်းချင်းပိုရှင်းလာပါပြီ .. ခင်ဗျားဒါကို သတိပြုမိပုံမရဘူး .. မကြာသေးခင်ကပဲ ခင်ဗျားအလွန်အကျူးတစ်ခုပြောခဲ့တယ် .. အဲ့ဒါက အန္တရာယ်များတယ် .. ကမ္ဘာလောကမှာရှိသမျှအရာအားလုံးကို ဆန့်ကျင်နေပြီး အစွန်းရောက်တဲ့စကားလည်းဖြစ်တယ်

ဒဿနပညာရှင် - အိုး .. တကယ်ပဲလား .. အဲ့ဒါက ဘာများပါလိမ့်

လူငယ် - အဲ့ဒါကတော့ တစ်စုံတစ်ယောက်အတွက် အသုံးဝင်တဲ့သူဖြစ်ခြင်းအားဖြင့် လူတစ်ယောက်ဟာ သူ့ရဲ့တန်ဖိုးကို အမှန်တကယ်သိနားလည်တဲ့သူဖြစ်လာလိမ့်မယ်ဆိုတဲ့ အတွေးအမြင်ပဲ .. အဲ့ဒီအတွေးအမြင်ကို တခြားတစ်ဖက်က လှည့်တွေးမယ်ဆိုရင် အခြားသူတွေအတွက် ဘာမှအသုံးမဝင်တဲ့သူဟာ ဘာတန်ဖိုးမှ လုံးဝမရှိဘူးလို့ ပြောရလိမ့်မယ် .. ခင်ဗျား အဲ့သလိုပြောချင်တာ .. ဟုတ်တယ်မဟုတ်လား .. အဲ့ဒီအတွေးအမြင်ကို ယုတ္တိကျကျ ကောက်ချက်ချမယ်ဆိုရင် မွေးကာစကလေးတွေရယ်၊ ရောဂါဝေဒနာကြောင့် နာမကျန်းဖြစ်နေတဲ့ သူတွေရယ်၊ အိပ်ယာထဲ လဲနေရတဲ့ သက်ကြီးရွယ်အိုတွေဟာ တန်ဖိုးမရှိတဲ့နေထိုင်မှုနဲ့ ရှင်သန်နေကြတဲ့သူတွေလို့ပြောရတော့မှာပေါ့ .. အဲ့ဒါက ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ .. ကျွန်တော့်အဖိုးအကြောင်းကို ပြောကြရအောင် .. သူဟာ သူ့နေ့ရက်တွေကို လူအိုရုံမှာပဲ အိပ်ယာထဲလှဲပြီး နေခဲ့ရတာ .. သူဟာ စိတ်ဖောက်နေတာဖြစ်တဲ့အတွက် သူဟာ သူ့ကလေးတွေနဲ့ မြေးတွေ ဘယ်သူ့ကိုမှ မမှတ်မိတော့ဘူး .. ဘေးနားက တစ်ယောက်အမြဲမပြတ် ကူညီပေးမနေရင် သူဟာရှင်သန်နေထိုင်ဖို့ မဖြစ်နိုင်တော့တဲ့အနေအထားမှာ ရောက်နေတယ် .. သူ့ကို တစ်ယောက်ယောက်အတွက် အသုံးကျတယ်လို့ ဘယ်လိုမှပြောလို့မရဘူးလေ .. အဲ့ဒီအချက်ကို ခင်ဗျား မမြင်ဘူးလား .. ခင်ဗျားရဲ့ ထင်မြင်ယူဆချက်က အခြေခံအားဖြင့် ကျွန်တော့်အဖိုးကို "ခင်ဗျားလိုလူမျိုးဟာ ရှင်သန်နေထိုင်ဖို့ အရည်အချင်းမပြည့်မီဘူး" လို့ပြောနေသလိုပဲ

ဒဿနပညာရှင် - မင်းပြောတာကို ငါ လုံးဝ ကန့်ကွက်ပါတယ်

လူငယ် - ခင်ဗျား ဘယ်လိုကန့်ကွက်မှာလဲ

ဒဿနပညာရှင် - "ကျွန်မရဲ့ကလေးဟာ မနက်မိုးလင်းကနေ ညအထိ မဟုတ်တာတွေပဲလုပ်နေတာ .. ပြီးတော့ သူ့ကို 'ကျေးဇူးတင်ပါတယ်' ဒါမှမဟုတ် 'မင်းက သိပ်အကူအညီရတာပဲ' ဆိုတာမျိုးပြောရလောက်တဲ့ဟာမျိုးလည်း တစ်ခုမှမလုပ်ဘူး" လို့ပြောပြီး ငါ့ရှင်းပြတဲ့ အားပေးမှု သဘောတရားကို ငြင်းဆိုတဲ့ မိဘတွေရှိတယ် .. သဘောတရားကတော့ မင်းအဖိုးအကြောင်းပြောတာနဲ့ အတူတူပဲ .. ဟုတ်တယ် မဟုတ်လား

လူငယ် - ဟုတ်ကဲ့ .. ဟုတ်ပါတယ် .. ဆိုတော့ အဲ့ဒီစကားကို ခင်ဗျားဘယ်လိုပြန်ဖြေရှင်းတယ်ဆိုတာ ကျွန်တော့်ကိုပြောပြစမ်းပါ

ဒဿနပညာရှင် - ဒီနေရာမှာ မင်းဟာ တခြားလူတစ်ယောက်ကို သူ့ရဲ့လုပ်ဆောင်ချက် အဆင့်ကိုသွားကြည့်နေတာဖြစ်တယ် .. တနည်းပြောရရင် အဲ့ဒီလူဟာ "တစ်ခုခုလုပ်ခဲ့တယ်" ပေါ့ကွာ .. ဆိုတော့ အဲ့သလို လုပ်ခဲ့တယ်ဆိုတဲ့ရှုထောင့်ကနေကြည့်ရင် အိပ်ယာထဲမှာပဲလှဲနေရတဲ့ အဖိုးကြီးဟာ ကရိကထများတဲ့လူတစ်ယောက်သာဖြစ်ပြီး ဘယ်သူ့အတွက်မှအသုံးမဝင်တဲ့ လူတစ်ယောက်လို့ ပြောလို့မရပါဘူး .. ဆိုတော့ တခြားလူတွေကို "လုပ်ဆောင်ချက် အဆင့်" မှာမကြည့်ဘဲ "ဖြစ်တည်မှု အဆင့်" ကနေကြည့်ကြရအောင် .. လူတွေတစ်ခုခုလုပ်ခဲ့သလား မလုပ်ခဲ့ဘူးလားဆိုတာကို ဝေဖန်ဆုံးဖြတ်မနေဘဲ အဲ့ဒီလူ ဖြစ်တည်နေတာ၊ အဲ့ဒီလူ ရှိပေးနေတာအတွက်နဲ့တင်ပဲ လူတစ်ယောက်ဟာ သူ့ကို ဝမ်းမြောက်စွာနဲ့ ကျေးဇူးတင်ရမယ်

လူငယ် - သူတို့ရဲ့ ဖြစ်တည်မှုကိုကြည့်ရမယ် .. ဟုတ်လား .. ခင်ဗျားဘာတွေပြောနေတာလဲ

ဒဿနပညာရှင် - ကိစ္စရပ်တွေကို သူတို့ရဲ့ဖြစ်တည်မှုအဆင့်မှာစဉ်းစားရင် ငါတို့ဟာအခြားသူတွေအတွက် ဖြစ်တည်ပေးနေရုံနဲ့တင် အသုံးဝင်ပြီး တန်ဖိုးရှိနေတာပါပဲ .. ဒါဟာ အငြင်းပွားဖွယ်ရာမရှိတဲ့ အချက်ပါပဲ

လူငယ် - မဟုတ်တာ .. နောက်ပြောင်နေတာတွေ တော်လောက်ပါပြီ .. ဖြစ်တည်နေတာနဲ့တင် တစ်ယောက်ယောက်အတွက် အသုံးဝင်နေပြီဟုတ်လား .. ဒါက ဘာသာတရားအသစ်တစ်ခုရဲ့က ပေါ်ထွက်လာတဲ့ အယူအဆများလား

ဒဿနပညာရှင် - ကောင်းပြီ .. ဥပမာအားဖြင့် မင်းရဲ့မိခင် ယာဉ်မတော်တဆမှုတစ်ခုဖြစ်တယ် ဆိုကြပါစို့ .. အတော်ပြင်းပြင်းထန်ထန် ထိခိုက်သွားတယ် .. ပြီးတော့ အသက်အန္တရာယ်လည်း စိုးရိမ်ရတယ် .. အဲ့သလို အချိန်မျိုးမှာ မင်းဟာ မင်းအမေ "တစ်ခုခုလုပ်ခဲ့သလား" ဆိုတာမျိုးကို တွေးနေမိမှာမဟုတ်ပါဘူး .. အဲ့သလို အလားတူကိစ္စတွေကိုလည်း မင်းစဉ်းစားမှာမဟုတ်ပါဘူး .. အဖြစ်နိုင်ဆုံးက သူအသက်ပြန်ရှင်နိုင်ရင်ပဲ မင်းကျေနပ်ပါပြီ .. သူအခုချက်ချင်းပဲ သတိပြန်လည်လာပါစေတော့ ဆိုတဲ့စိတ်မျိုးပဲ မင်းဖြစ်နေမှာပါ

လူငယ် - အမှန်ပဲ .. အဲ့သလိုပဲ ဖြစ်နေမှာပေါ့

ဒဿနပညာရှင် - အဲ့ဒါက ဖြစ်တည်မှုရှိနေရုံနဲ့တင် ကျေးဇူးတင်နေမယ်ဆိုတဲ့ စိတ်မျိုးပဲလေ .. မင်းအမေ အသည်းအသန်ဖြစ်နေတဲ့ ကာလတလျှောက်မှာ သူဘာမှလုပ်ကိုင်နိုင်မှာမဟုတ်ဘူး .. အဲ့သလိုမလုပ်နိုင်မှုဆိုတာက လုပ်ဆောင်မှု အဆင့်ကိုကြည့်တာ .. ဒါပေမယ့် သူ အသက်ရှင်ပေးနေရုံနဲ့ပဲ မင်းရယ် မင်းမိသားစုရယ်ရဲ့ စိတ္တဇဗေဒအခြေအနေကို သူဟာ ထောက်ပံ့ပေးနေတာပဲ .. အဲ့ဒါဟာ သူ့ရဲ့ ဖြစ်တည်ပေးနေရုံနဲ့ အသုံးဝင်

နေမှုပေါ့ .. မင်းအတွက်ကိုလည်း အဲ့သလိုပဲ ပြောရမယ်လေ .. တကယ်လို့ မင်းအသက်အွန္တရာယ် ကြုံနေရရင် .. ပြီးတော့ မင်းဘေးဒုက္ခတစ်ခုခုရောက်နေရင် မင်းဝန်းကျင်မှာရှိနေတဲ့လူတွေဟာ မင်းဖြစ်တည်နေသေးတယ် ဆိုတဲ့အသိလေးနဲ့တင် ဝမ်းမြောက်ပျော်ရွှင်နေကြမှာပါပဲ .. ဒီအချိန် ဒီနေရာမှာ မင်းဘေးကင်းစွာရှိနေသေးတယ် ဆိုတဲ့အသိနဲ့တင် သူတို့ကျေးဇူးတင်ဝမ်းမြောက်နေကြမှာပါ .. မင်းဘာမှမလုပ်နိုင် မကိုင်နိုင်ဖြစ်နေစေဦးတော့ပေါ့ .. ဆိုတော့ လူတစ်ယောက်ရဲ့ လုပ်ဆောင်မှုအဆင့်ကို သွားကြည့်နေမယ့်အစား လူတစ်ယောက်ဟာ ပထမဦးဆုံး အနေနဲ့ သူ့ရဲ့ဖြစ်တည်မှုကို လက်ခံရမယ်

လူငယ် - ဒါက အစွန်းရောက်တဲ့ ဥပမာတစ်ခုပဲ .. နေ့စဉ်ဘဝကကျတော့ အဲ့သလိုမျိုးမဟုတ်ဘူး

ဒဿနပညာရှင် - မဟုတ်ဘူး .. အတူတူပါပဲ

လူငယ် - ဘာတွေတူလို့လဲ .. ကျွန်တော့်ကို နေ့စဉ်ဘဝထဲက ဥပမာတစ်ခုလောက် ကြိုးစားပြီး ပြကြည့်ပါဦး .. ခင်ဗျား မပြနိုင်ရင် ကျွန်တော် အဲ့ဒီအချက်ကို သဘောတူမှာ မဟုတ်ဘူး

ဒဿနပညာရှင် - ကောင်းပြီ .. တခြားသူတွေကိုငါတို့ကြည့်တဲ့အချိန်မှာ ငါတို့ဟာ ငါတို့ရဲ့ ကိုယ်ပိုင်စံပြုထားတဲ့ ပုံရိပ်တွေကို တည်ဆောက်ပစ်လိုက်လေ့ရှိတယ် .. ပြီးကျတဲ့အခါမှာ အဲ့ဒီစံပုံရိပ်ကြီးနဲ့ တိုက်ပြီး ဝေဖန်ဆုံးဖြတ်ကြတော့တာပဲ .. ဥပမာအားဖြင့် မိဘကိုဘယ်တော့မှ ပြန်လှန်မပြောတဲ့ ကလေးတစ်ယောက်ရှိတယ် .. ကျောင်းစာလည်းတော်သလို အားကစားမှာလည်း တော်တယ် .. တက္ကသိုလ်ကောင်းကောင်းတစ်ခုကို တက်ရပြီး ကုမ္ပဏီကြီးတစ်ခုမှာ အလုပ်ရတယ် .. အဲ့ဒီပုံရိပ်ဟာ မိဘတွေသူ့ကလေးကို ဖြစ်စေချင်တဲ့ အကောင်းဆုံး စံပုံရိပ်ကြီးပဲ .. စံပြကလေးရဲ့ပုံရိပ်ပဲ .. မိဘတွေက သူ့ကလေးကို အဲ့ဒီစံပုံရိပ်ကြီးနဲ့ နှိုင်းယှဉ်ပြီး ဝေဖန်ဆုံးဖြတ်ကြတယ် .. တကယ်တန်းတော့ အဲ့ဒီပုံရိပ်က မဖြစ်နိုင်တဲ့ စိတ်ကူးယဉ်ပုံရိပ်ပဲ .. အဲ့သလို နှိုင်းယှဉ်မိတဲ့အခါ မကျေနပ်မှုတွေ၊ အလိုမကျမှုတွေ မိဘတွေဆီမှာ ဖြစ်လာကြတော့တာပဲ .. သူတို့ဟာ အဲ့ဒီစံပုံရိပ်ကြီးကို အမှတ်တစ်ရာပေးထားပြီး တဖြည်းဖြည်းနဲ့ အမှတ်တွေ နုတ်နုတ်သွားကြတယ် .. အဲ့ဒါက တကယ့် "ဝေဖန်ဆုံးဖြတ်" တဲ့စဉ်းစားနည်း တစ်ခုပဲ .. အဲ့ဒီအစားမှာ မိဘတွေဟာ ကိုယ့်ကလေးကို တခြားသူတွေနဲ့ နှိုင်းယှဉ်တာကို ရှောင်ရမယ် .. ကလေးရဲ့ တကယ့်အရှိအတိုင်းကိုပဲ ရှုမြင်ပြီး သူဒီမှာရှိပေးနေတာလေးအတွက်ကိုပဲ ကျေးဇူးတင်ဝမ်းမြောက်နေရမယ် .. စံပြုထားတဲ့ ပုံရိပ်ကြီးထဲက အမှတ်တွေကို နုတ်နုတ်သွားနေတဲ့ အစားမှာ သူတို့ဟာ သုညကနေ စရမယ် .. သူတို့ အဲ့သလိုလုပ်ခဲ့ရင် သူတို့ဟာ ကလေးရဲ့ ဖြစ်တည်မှုသက်သက်အတွက်ကိုပဲ ကျေးဇူးတင် ဝမ်းမြောက်နိုင်ကြလိမ့်မယ်

လူငယ် - ကောင်းပြီ .. ဒါပေမယ့် အဲ့ဒါဟာ မဖြစ်နိုင်တဲ့စိတ်ကူးယဉ်နည်းလမ်းတစ်ခုလို့ ကျွန်တော်ပြောရလိမ့်မယ် .. ဆိုတော့ ကျောင်းဘယ်တော့မှမသွားတဲ့ ဒါမှမဟုတ် အလုပ်မရတဲ့ ပြီးတော့ သူ့ကိုယ်သူ အခန်းထဲမှာပဲပိတ်ပြီး နေတဲ့ ကလေးမျိုးတွေအတွက်ကိုတောင်မှ ကျေးဇူးတင်စိတ်နဲ့ဆက်ဆံပြီး ကျေးဇူးတင်ပါတယ်လို့ ခင်ဗျား ပြောချင်တာလား

ဒဿနပညာရှင် - ဒါပေါ့ .. မင်းရဲ့ အခန်းပိတ်နေတဲ့ကလေးက ထမင်းစားပြီးတဲ့အချိန် မင်းကိုပန်းကန်တွေ ကူဆေးပေးတယ် ဆိုကြပါစို့ .. မင်းက သူ့ကို "တော်လောက်ပြီ .. ကျောင်းသွားတော့" လို့မင်းပြောလိုက်ရင် မင်းဟာ စံပြကျောင်းသားဆိုတဲ့ ပုံရိပ်ကြီးကိုရှုမြင်ထားပြီး အမှတ်နတ်နတ်သွားတဲ့ မိဘတွေသုံးတဲ့စကားလုံးတွေကိုသုံးလိုက်တာပဲ .. မင်းအဲသလိုနည်းလမ်းကိုသုံးလိုက်ရင် ကလေးဟာပိုပြီးအားငယ်သွားခြင်းနဲ့ပဲ အဆုံးသတ်သွားလိမ့်မယ် .. ဒါပေမယ့် မင်းက ကျေးဇူးတင်ပါတယ်ဆိုတဲ့စကားကို ပြောလိုက်ရင် ကလေးဟာ သူ့ရဲ့ကိုယ်ပိုင်တန်ဖိုးကို ခံစားမိသွားပြီး ရှေ့ဆက်ဖို့အတွက် ခြေလှမ်းနောက်တစ်လှမ်း လှမ်းလိမ့်မယ်

လူငယ် - အဲ့ဒါက အတော်လေးကြောင်သူတော်ဆန်တာပဲ .. အဲ့ဒါက ကြောင်သူတော်တစ်ယောက်ရဲ့ အနှစ်သာရမရှိတဲ့စကားထက် ဘာမှမပိုပါဘူး .. အဲ့ဒါက ခရစ်ယာန်တွေပြောတဲ့ "အိမ်နီးချင်း မေတ္တာ" ဆိုတာလိုမျိုးပဲ .. ကိုယ်ကပေးပေမယ့် သူကတုန့်ပြန်ဦးမှလေ .. အသိုက်အဝန်းဆိုတဲ့ ခံစားချက်၊ ရေပြင်ညီဆက်ဆံရေး၊ ဖြစ်တည်မှုကို ကျေးဇူးတင်ခြင်း စတာတွေက အဲ့သလို စကားလုံးမျိုးတွေပါပဲ .. အဲ့သလိုအလုပ်မျိုးတွေကို ဒီလောကမှာ ဘယ်သူကဂရုတစိုက်နဲ့ တုန့်ပြန်နိုင်မှာလဲ

ဒဿနပညာရှင် - အသိုက်အဝန်းဆိုတဲ့ခံစားချက်နဲ့ဆိုင်တဲ့ ပြဿနာတွေနဲ့ ပတ်သက်ပြီး အက်ဒလာကို အဲ့သလို မေးခွန်းမေးခဲ့တဲ့ လူတစ်ယောက် ရှိခဲ့ဖူးတယ် .. အက်ဒလာ ပြန်ဖြေခဲ့တာက .. "တစ်ယောက်ယောက်က စတင်ရမယ် .. တခြားလူတွေက မပူးပေါင်းမဆောင်ရွက်တာမျိုး ဖြစ်ကောင်းဖြစ်မယ် .. ဒါပေမယ့် အဲ့ဒါက မင်းနဲ့အဆက်အစပ်မရှိဘူး .. ငါ ပေးချင်တဲ့အကြံပြုချက်က .. မင်းကစတင်သင့်တယ် .. အခြားသူတွေ ပူးပေါင်းသည်ဖြစ်စေ .. မပူးပေါင်းသည်ဖြစ်စေပေါ့" တဲ့ .. ငါပေးမယ့် အကြံပြုချက်ကလည်း အဲ့ဒီအတိုင်း အတိအကျပါပဲ

**လူတွေဟာ ငါကို ကောင်းကောင်းအသုံးမပြုနိုင်ကြဘူး**

---------------------------------------------------------

လူငယ် - ကျွန်တော်က စသင့်တာလား

ဒဿနပညာရှင် - အမှန်ပဲ .. အခြားသူတွေ ပူးပေါင်းပါဝင်သည်ဖြစ်စေ မပါဝင်သည်ဖြစ်စေပေါ့

လူငယ် - ကောင်းပါပြီ .. ကျွန်တော်ထပ်မေးပါဦးမယ် .. "လူတစ်ယောက်ဟာ အသက်ရှင်ပေးနေရုံလေးနဲ့ပဲ တခြားလူတစ်ယောက်ယောက်အတွက် အသုံးဝင်နေပြီး အဲ့သလို အသက်ရှင်နေရုံလေးနဲ့ပဲ သူဟာတန်ဖိုးရှိတယ်ဆိုတာကို အမှန်တကယ်ခံစားနိုင်မယ်" .. ခင်ဗျား အဲ့သလိုပြောချင်တာပေါ့နော်

ဒဿနပညာရှင် - မှန်တယ်

လူငယ် - ကောင်းပြီ .. ကျွန်တော်မသိဘူး .. ကျွန်တော်ဟာ အခုအချိန် အခုနေရာမှာပဲ ရှင်သန်နေတယ် .. "ကျွန်တော်" ဆိုတာဟာ အခြားဘယ်သူမှမဟုတ်တဲ့ ကျွန်တော်ပဲ .. အဲ့သလိုဖြစ်ပေမယ့် ကျွန်တော်ဟာ တန်ဖိုးရှိနေတယ်ဆိုတာကို ကျွန်တော်တကယ်မခံစားရဘူး

ဒဿနပညာရှင် - မင်းမှာတန်ဖိုးရှိတယ်လို့ မင်းဘာကြောင့် မခံစားရတာလဲဆိုတာကို မင်းရှင်းပြ နိုင်မလား

လူငယ် - အဲ့ဒါက လူလူချင်းဆက်ဆံရေးလို့ ခင်ဗျားသတ်မှတ်ထားတဲ့အရာဖြစ်မယ်လို့ ကျွန်တော်ယူဆတယ် .. ကလေးဘဝကတည်းက အခုလက်ရှိအချိန်အထိ ကျွန်တော့်ဝန်းကျင်ကလူတွေရဲ့ သေးသိမ်အောင်နှိမ့်ချဆက်ဆံတာကိုခံခဲ့ရတယ် .. အထူးသဖြင့်ကျွန်တော့်မိဘတွေပေ့ါ .. ညီငယ်တစ်ယောက်ရဲ့ ညံ့ဖျင်းတဲ့ ဆင်ခြေတစ်ခုလို့ ပြောချင်လည်းပြောပေ့ါ .. သူတို့ဟာ ကျွန်တော့်အရှိအတိုင်းကို အသိအမှတ်ပြုပေးဖို့ ဘယ်တုန်းကမှ အမှန်တကယ် မကြိုးစားခဲ့ကြဘူး .. တန်ဖိုးဆိုတာ လူတစ်ယောက်က ကိုယ့်ကိုယ်ကိုယ်သတ်မှတ်တဲ့အရာလို့ ခင်ဗျားပြောခဲ့တယ် .. ဒါပေမယ့် အဲ့ဒါက လက်တွေ့မှာသုံးလို့မရတဲ့ သီအိုရီတစ်ခုသက်သက်ပဲ .. ဥပမာအားဖြင့် ကျွန်တော်အလုပ်လုပ်နေတဲ့ စာကြည့်တိုက်မှာ ကျွန်တော့်အဓိကအလုပ်က ပြန်ရောက်လာတဲ့စာအုပ်တွေကို ပြန်စီပြီး စာအုပ်စင်တွေဆီမှာ သွားပြန်ထားရတဲ့အလုပ်ပဲ .. အဲ့ဒါက ဘယ်သူ့ကိုမဆို သင်ပြပေးလိုက်ရင် လုပ်နိုင်မယ့် နေ့စဉ်ဒါပြီးဒါ လုပ်နေရတဲ့ အလုပ်အမျိုးအစားတစ်ခုပဲ .. ကျွန်တော်အလုပ်ကိုမသွားတော့ရင် ကျွန်တော့်အထက်အရာရှိအနေနဲ့ ကျွန်တော့်နေရာမှာ အစားထိုးပစ်လိုက်ဖို့ လူတစ်ယောက်ကို အခက်အခဲမရှိဘဲ ရှာဖွေနိုင်လိမ့်မယ် .. ကျွန်တော်ဟာ ကျွမ်းကျင်မှုမလိုအပ်တဲ့ လုပ်သားတစ်ယောက်အဖြစ်သာ လိုအပ်ချက်ရှိနေတာပါ .. ပြီးတော့ အဲ့ဒီအလုပ်ကို လုပ်နေတာက "ကျွန်တော်" ဖြစ်နေသည်ဖြစ်စေ၊ အခြားသူတစ်ယောက် ဖြစ်နေသည်ဖြစ်စေ၊ စက်ကိရိယာတစ်ခုက လုပ်ပေးနေသည်ဖြစ်စေ တကယ်တန်း လုံးဝ ကိစ္စရှိမနေဘူး .. "ဒီကျွန်တော်" ဆိုတာကြီးကို ဘယ်သူကမှ တကယ်တန်း မရှိမဖြစ်လိုအပ်မနေဘူး .. အဲ့သလိုအခြေအနေမျိုးမှာ ကျွန်တော့်နေရာမှာ ခင်ဗျားဆိုရင် ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှု ရှိနေနိုင်ပါ့ဦးမလား .. တန်ဖိုးဆိုတာရဲ့ စစ်မှန်တဲ့ခံစားချက်ကို ခင်ဗျားရနိုင်ပါ့ဦးမလား

ဒဿနပညာရှင် - အက်ဒလာစိတ်ပညာရဲ့ ရှုထောင့်ကနေဆိုရင် အဖြေက ရိုးရှင်းပါတယ် .. ပထမဆုံးအနေနဲ့ မင်းကိုယ်တိုင်နဲ့ တခြားလူတွေရဲ့အကြားမှာ ရေပြင်ညီဆက်ဆံရေးတစ်ခုကို တည်ဆောက်ပါ .. တစ်ယောက်လောက်ရှိရင် လုံလောက်ပါပြီ .. အဲ့ဒီတစ်ယောက်ကနေပဲ စကြတာပေ့ါ

လူငယ် - ကျေးဇူးပြုပြီး ကျွန်တော့်ကိုအရူးတစ်ယောက်လို သဘောထားပြီးမဆက်ဆံပါနဲ့ .. ဒီမှာ ကျွန်တော့်မှာ သူငယ်ချင်းတွေရှိတယ် .. ပြီးတော့ သူတို့နဲ့ကျွန်တော့်အကြားမှာလဲ ခိုင်ခံ့တဲ့ ရေပြင်ညီဆက်ဆံရေး ရှိတယ်ဗျ

ဒဿနပညာရှင် - အဲ့သလိုဆိုပေမယ့် မင်းရဲ့မိဘတွေနဲ့ မင်းရဲ့အထက်အရာရှိ၊ ပြီးတော့ မင်းရဲ့ လက်အောက်က ဝန်ထမ်းတွေနဲ့ အခြားသူတွေအကြားမှာ မင်းတည်ဆောက်ထားတဲ့ ဆက်ဆံရေးက အထက်အောက်ဆက်ဆံရေး ဖြစ်နေလိမ့်မယ်လို့ ငါယူဆတယ်

လူငယ် - ဟုတ်တာပေါ့ .. ကျွန်တော့်မှာ မတူညီကွဲပြားတဲ့ ဆက်ဆံရေးတွေရှိတယ်လေ .. လူတိုင်းလဲ အဲ့သလို ရှိမှာပဲ မဟုတ်ဘူးလား

ဒဿနပညာရှင် - ဒါဟာ အင်မတန်အရေးကြီးတဲ့ အချက်တစ်ခုပဲ .. လူတစ်ယောက်ဟာ အထက်အောက် ဆက်ဆံရေးတွေကို တည်ဆောက်နေသလား ရေပြင်ညီဆက်ဆံရေးတွေကို တည်ဆောက်နေသလားဆိုတဲ့ အချက်ကပေါ့ .. ဒါဟာ ဘဝနေထိုင်မှုပုံစံနဲ့ သက်ဆိုင်တဲ့ ပြဿနာပဲ .. ပြီးတော့ လူသားတွေဟာ မတူကွဲပြားတဲ့ ဘဝနေထိုင်မှုပုံစံတွေကို လိုအပ်တဲ့အချိန်မှာ လိုအပ်သလိုထုတ်ယူသုံးစွဲနိုင်လောက်အောင်အထိ မထက်မြက်ကြ ဘူး .. တနည်းပြောရရင် ဒီလူကတော့ "ဒီလူနဲ့ ညီတူညီမျှပဲ" ဒါမှမဟုတ် "ဒီလူနဲ့ အထက်အောက်ဆက်ဆံရေး" လုပ်ရမှာပဲ ဆိုတားမျိုးခွဲခြားရမယ့်ကိစ္စတွေကို လူတွေဟာ မဆုံးဖြတ်နိုင်ကြဘူး

လူငယ် - ခင်ဗျားဆိုလိုတာကလူတစ်ယောက်ဟာ အထက်အောက်ဆက်ဆံရေး ဒါမှမဟုတ် ရေပြင်ညီဆက်ဆံ ရေး နှစ်ခုထဲက တစ်ခုကိုပဲ ရွေးချယ်လို့ရတယ်လို့ ဆိုလိုတာလား

ဒဿနပညာရှင် - လုံးဝ မှန်ပါတယ် .. မင်းလူတစ်ယောက်နဲ့ ဆက်ဆံလိုက်တဲ့နေရာမှာ မင်းကိုယ်တိုင်မသိလိုက် ဘဲ အထက်အောက်ဆက်ဆံရေးတစ်ခုကို မင်းရွေးချယ်လိုက်မိတယ်ဆိုရင် မင်းဟာ မင်းရဲ့လူလူချင်းဆက်ဆံရေး အားလုံးကို အဲ့ဒီအထက်အောက် ဆက်ဆံရေးနဲ့ပဲ လိုက်လုပ်တော့တာပါပဲ

လူငယ် - ဆိုတော့ ကျွန်တော် ကျွန်တော့်သူငယ်ချင်းတွေနဲ့ လုပ်နေတဲ့ ဆက်ဆံရေးတွေအားလုံးကရော အထက်အောက် ဆက်ဆံရေးတွေပဲလား

ဒဿနပညာရှင် - အမှန်ပါပဲ .. မင်းဟာ သူတို့ကို မင်းအထက်အရာရှိ၊ မင်းလက်အောက်ဝန်ထမ်း ဆိုတာလိုမျိုး ဆက်ဆံနေတာ မဟုတ်ဘူးဆိုရင်တောင်မှ မင်းဟာ မင်းသူငယ်ချင်းတွေထဲက "(က) ကတော့ ငါ့ထက်သာတယ် .. (ခ) ကတော့ ငါ့အောက်နိမ့်ကျတယ်" ဆိုတာမျိုး ခွဲခြားနေမိဦးမှာပါပဲ .. ဒါမှမဟုတ် "(က) အကြံပေးတာတော့ ငါလိုက်နာမယ် ဒါပေမယ့် (ခ) ပြောတာတွေတော့ ဂရုစိုက်စရာမလိုဘူး" ဒါမှမဟုတ် "(ဂ) ကိုပေးထားတဲ့ ကတိက တော့ မတည်လည်း ဘာမှမဖြစ်ပါဘူး" ဆိုတာမျိုးတွေ မင်းစိတ်ထဲမှာ ရှိနေလိမ့်မယ်

လူငယ် - ဟင်း

ဒဿနပညာရှင် - တခြားတစ်ဖက်မှာတော့ လူတစ်ယောက်ဟာ အနည်းဆုံး အခြားလူတစ်ယောက်ထဲနဲ့ပဲ ရေပြင်ညီဆက်ဆံရေးကို တည်ဆောက်နိုင်ခဲ့ရင် တနည်းပြောရရင် ညီမျှတယ်ဆိုတဲ့ ဝေါဟာရရဲ့ တကယ့်အနက် အဓိပ္ပာယ်နဲ့ကိုက်ညီတဲ့ ဆက်ဆံရေးမျိုးကို တည်ဆောက်နိုင်ခဲ့ရင် အဲ့ဒီနေရာဟာ မင်းဘဝရဲ့ ဘဝနေထိုင်မှုပုံစံကို အပြောင်းအလဲဖြစ်သွားစေမယ့် အခိုက်အတန့်တစ်ခုပဲ .. အဲ့ဒီချိုးဖျက်တော်လှန်ပြောင်းလဲနိုင်မှုကြီးနဲ့အတူ မင်းရဲ့ လူလူချင်းဆက်ဆံရေးတွေအားလုံးဟာ ရေပြင်ညီဆက်ဆံရေးအဖြစ်ကို တဖြည်းဖြည်းချင်းပြောင်းလဲလာလိမ့် မယ်

လူငယ် - အဓိပ္ပာယ်မရှိလိုက်တာ .. အဲ့ဒါကို ကျွန်တော်အကြောင်းပြချက်အများကြီးနဲ့ ငြင်းဆိုလို့ရတယ် .. ဥပမာ အနေနဲ့ ကုမ္ပဏီတစ်ခုကိုပဲ စဉ်းစားကြည့် .. ကုမ္ပဏီဒါရိုက်တာတစ်ယောက်နဲ့ အခုမှဝင်လာတဲ့လူသစ် တစ်ယောက်ဟာ တန်းတူညီတူအနေအထားနဲ့ ဘယ်လိုမှဆက်ဆံလို့ရနိုင်မှာမဟုတ်ဘူးလေ .. မဟုတ်ဘူးလား .. အဆင့်အတန်းအလိုက် ဆက်ဆံကြခြင်းဟာ ကျွန်တော်တို့လူ့အဖွဲ့အစည်းစနစ်ရဲ့ အစိတ်အပိုင်းတစ်ခုပဲ .. အဲ့ဒါကို လျစ်လျူရှုတာဟာ လူမှုအဖွဲ့အစည်းကို လျစ်လျူရှုတာပဲမဟုတ်လား .. ဒီမှာ .. ကုမ္ပဏီကိုအခုမှဝင်လာ တဲ့ အသက်နှစ်ဆယ်လောက်လူရွယ်လေးတစ်ယောက်ဟာ အသက်ခြောက်ဆယ်လောက်ရှိတဲ့ ကုမ္ပဏီ ဒါရိုက်တာနဲ့ လည်ပင်းဖက်ပေါင်းနေတာကိုမြင်ရင် အဲ့ဒါဟာ မဖြစ်သင့်တဲ့ကိစ္စတစ်ခုလို့ ခင်ဗျားမထင်ဘူးလား

ဒဿနပညာရှင် - အသက်အရွယ်အားဖြင့်ကြီးတဲ့သူတွေကို လေးစားမှုရှိရမယ်ဆိုတာက အမှန်ပါပဲ .. ကုမ္ပဏီ တစ်ခုရဲ့ ဖွဲ့စည်းပုံမှာ တာဝန်ယူမှု တာဝန်ခံမှုတွေကို မတူကွဲပြားတဲ့အဆင့်တွေအလိုက် ခွဲခြားထားတယ်ဆိုတာ သဘာဝကျပါတယ် .. လူတွေနဲ့ မိတ်ဆွေမဖွဲ့ဖို့ မင်းကိုငါပြောနေတာ မဟုတ်ပါဘူး .. မင်းတို့ ရင်းနှီးတဲ့မိတ်ဆွေ တွေလိုမျိုး မနေရဘူးလို့ ပြောနေတာလည်း မဟုတ်ပါဘူး .. အဲ့ဒီအစားမှာ ပြောချင်တဲ့ အရေးကြီးတဲ့အချက်က သိစိတ်မှာ ညီတူညီမျှရှိနေတယ်ဆိုတာ နားလည်မှတ်ယူထားဖို့ကိုပြောတာပါ .. ပြီးတော့ ခိုင်ခိုင်မာမာ ရပ်တည်ဖို့ လိုအပ်တဲ့အချိန်မှာ ခိုင်ခိုင်မာမာရပ်တည်ဖို့ကိုပြောလိုတာပါ

လူငယ် - ကျွန်တော်ဟာ ကိုယ့်ထက်အကြီးတွေကို နှုတ်လှန်ထိုးတတ်တဲ့သူတစ်ယောက် မဟုတ်ပါဘူး .. အဲ့သလိုလည်း ဘယ်တော့မှလုပ်မှာမဟုတ်ဘူး .. ကျွန်တော်အဲ့ဒါမျိုးလုပ်ခဲ့ရင် ကျွန်တော့်ရဲ့လူမှုရေးနဲ့ဆိုင်တဲ့ အသိတရားက ကျွန်တော့်ကို မေးခွန်းထုတ်လာလိမ့်မယ်

ဒဿနပညာရှင် - "အကြီး" ဆိုတာ ဘာလဲ .. "အကြီးတွေကို နှုတ်လှန်ထိုးတယ်" ဆိုတာက ဘာလဲ .. လူတစ်ယောက်ဟာ အခြေအနေတစ်ခုရဲ့အနေအထားကို လိုက်လံထိန်းညှိနေရပြီး အထက်အောက်ဆက်ဆံရေး အပေါ်မှာ မှီခိုနေရတယ်ဆိုရင် သူဟာ တာဝန်မဲ့တဲ့လုပ်ရပ်တစ်ခုကို လုပ်နေတာပဲ .. သူဟာ သူ့ရဲ့တာဝန်ဝတ္တရား ကို ရှောင်ရှားဖို့ကြိုးစားနေတာပဲ

လူငယ် - အဲ့ဒါက ဘာများတာဝန်မဲ့နေလို့လဲ

ဒဿနပညာရှင် - မင်းအထက်အရာရှိရဲ့ ညွှန်ကြားချက်ကိုလိုက်နာပြီး မင်းအလုပ်ဟာ မအောင်မမြင် ဖြစ်သွားရတယ်ဆိုကြပါစို့ .. အဲ့ဒါကို ဘယ်သူက တာဝန်ခံရမှာလဲ

လူငယ် - အဲ့ဒါက ကျွန်တော့်အထက်အရာရှိရဲ့ တာဝန်ပေါ့ .. ဘာကြောင့်လဲဆိုတော့ ကျွန်တော်က အမိန့်ကို လိုက်နာခဲ့တာပဲရှိတာလေ ပြီးတော့ အဲ့ဒါတွေကို ဆုံးဖြတ်ခဲ့တာက သူပဲမဟုတ်လား

ဒဿနပညာရှင် - မင်းတာဝန် တစ်ခုမှ မပါဘူးလား

လူငယ် - မပါဘူးလေ .. အဲ့ဒါက အမိန့်ပေးတဲ့အထက်အရာရှိရဲ့ တာဝန်ပဲပေါ့ .. အဲ့ဒါကို အဖွဲ့အစည်းဆိုင်ရာ တာဝန်ယူမှု တာဝန်ခံမှုလို့ခေါ်တာပဲ

ဒဿနပညာရှင် - မင်း မှားနေပြီ .. အဲ့ဒါဟာ ဘဝရဲ့မုသားပဲ .. မင်း သူ့ညွှန်ကြားချက်ကို ငြင်းလို့ရတယ်လေ .. ပြီးတော့ သူပြောတာထက်ပိုကောင်းတဲ့ နည်းလမ်းကို မင်းတင်ပြလို့ရတာပဲ .. တကယ်တော့မင်းက တွဲစပ်ပါရှိနေတဲ့ လူလူချင်းဆက်ဆံရေးဆိုင်ရာ ပဋိပက္ခတွေဖြစ်လာမှာကို ရှောင်ရှားဖို့နဲ့ တာဝန်ယူတာဝန်ခံမှုကို ရှောင်ရှားဖို့ရာအတွက် သူ့ညွှန်ကြားချက်ကို ငြင်းပယ်လို့မရဘူးလို့ တွေးနေတာပဲ .. ပြီးတော့ မင်းဟာ အထက်အောက် ဆက်ဆံရေးအပေါ်မှာ မှီခိုနေတာကြောင့်လည်း ဖြစ်တယ်

လူငယ် - ကျွန်တော့်အထက်အရာရှိရဲ့ အမိန့်ကိုမနာခံဖို့ ခင်ဗျားပြောနေတာလား .. ဟုတ်တယ် .. သီအိုရီအရတော့ ကျွန်တော်ငြင်းပယ်သင့်တယ် .. သီအိုရီအရဆိုရင် ခင်ဗျားပြောတာ အားလုံးမှန်ပါတယ် .. ဒါပေမယ့် ကျွန်တော် အဲ့ဒီလိုလုပ်လို့မရဘူး .. ကျွန်တော်ဟာ အဲ့သလို ဆက်ဆံရေးမျိုးကို ထူထောင်လိုက်လို့ မရဘူးလေ

ဒဿနပညာရှင် - တကယ်လား .. မင်းဟာ အခုငါနဲ့ ရေပြင်ညီဆက်ဆံရေးတစ်ခုကို ထူထောင်ထားတာပဲ .. မင်းဟာ မင်းကိုင်စွဲထားတဲ့ အယူအဆအပေါ်မှာ ခိုင်ခိုင်မာမာရပ်တည်ပြနေနိုင်တာပဲလေ .. အဲ့သလိုလုပ်ရင် ကြုံလာရမယ့် အခက်အခဲတွေကို စဉ်းစားနေမယ့်အစားမှာ အဲ့ဒီကိစ္စကို ဒီအချိန် ဒီနေရာကနေပဲ အစပြုလိုက်ပါလား

လူငယ် - ကျွန်တော် ဒီနေရာ ဒီအချိန်ကနေ စလိုက်လို့ရတယ် ဟုတ်လား

ဒဿနပညာရှင် - ဟုတ်တယ် .. ဒီစာကြည့်ခန်းလေးထဲကနေ စလိုက်ပေါ့ .. ငါမင်းကို အရင်ကပြောခဲ့သလိုပဲ .. ငါ့အတွက်တော့ မင်းဟာ အစားထိုးလို့မရတဲ့ မိတ်ဆွေတစ်ယောက်ပါပဲ

လူငယ် - .......

ဒဿနပညာရှင် - ငါမှားနေသလား

လူငယ် - အဲ့ဒါကို ကျွန်တော်အသိအမှတ်ပြုပါတယ် .. တကယ်ပဲ အသိအမှတ်ပြုပါတယ် .. ဒါပေမယ့် ကျွန်တော် ကြောက်နေတယ် .. ခင်ဗျားအဆိုပြုတာကို လက်ခံဖို့ ကျွန်တော်ကြောက်နေတယ်

ဒဿနပညာရှင် - အတိအကျပြောရမယ်ဆိုရင် ဘာကို မင်းကြောက်နေတာလို့ ပြောမလဲ

လူငယ် - ပြောရရင် မိတ်ဆွေတာဝန်ဆိုတာကိုပေါ့ .. ကျွန်တော် အရင် ဘယ်တုန်းကမှ ခင်ဗျားလိုအဖိုးကြီး တစ်ယောက်နဲ့ မိတ်ဆွေမဖြစ်ခဲ့ဖူးဘူး .. ဒီလိုမျိုးအသက်ကွာခြားတဲ့သူတစ်ယောက်နဲ့ မိတ်ဆွေဖြစ်ဖို့ဆိုတာ ဖြစ်နိုင်တဲ့ကိစ္စဟုတ်ရဲ့လားတောင် ကျွန်တော်မသိဘူး .. ဒါမှမဟုတ် ကျောင်းသား-ဆရာ ဆက်ဆံရေးဆိုရင် ပိုကောင်းမလားလို့တောင် ကျွန်တော်စဉ်းစားမိပါတယ်

ဒဿနပညာရှင် - ချစ်ခြင်းတရားနဲ့ဆိုင်တဲ့ ဆက်ဆံရေးတွေမှာ အသက်အရွယ်ဟာ အဓိကမကျပါဘူး .. မိတ်ဆွေတာဝန်မှာ ခိုင်မာတဲ့ သတ္တိလိုအပ်တယ်ဆိုတာ သေချာပေါက်မှန်ကန်တယ် .. မင်းရဲ့ ငါနဲ့မိတ်ဆွေ အဖြစ်ဆက်ဆံရေးနဲ့ ပတ်သက်ရင် အကွာအဝေးကို တဖြည်းဖြည်းချင်းလျှော့ချလာရင်လည်း အဆင်ပြေပါတယ် .. ငါတို့အရမ်းကြီးနီးကပ်တာလဲမဟုတ် လက်လှမ်းမမှီလောက်တာလည်းမဟုတ်တဲ့ ငါတို့လက်တွေကို ဆန့်တန်း လိုက်ရင် ထိနိုင်လောက်တဲ့ အကွာအဝေးအနေအထား လောက်ဆိုရင် ငါတို့ စကားကောင်းကောင်းပြောလို့ ရပါတယ်

လူငယ် - ကျွန်တော့်ကို အချိန်နည်းနည်းပေးပါ .. နည်းနည်းပါပဲ .. ခင်ဗျားပြောတာတွေကို ကျွန်တော့်ဟာ ကျွန်တော်သေချာပြန် စဉ်းစားသုံးသပ်ကြည့်ပါရစေဦး .. ဒီနေ့ဆွေးနွေးခဲ့တာတွေက ကျွန်တော့်ကို စဉ်းစားစရာ အများကြီးရစေပါတယ် .. ဒါတွေအားလုံးကို အိမ်ယူသွားပြီး ကျွန်တော်သေသေချာချာ ခေါင်းအေးအေးနဲ့ စဉ်းစားသုံးသပ်ကြည့် ပါဦးမယ်

ဒဿနပညာရှင် - အသိုက်အဝန်းဆိုတဲ့ ခံစားချက် သဘောတရားကို အမှန်တကယ်နားလည်ဖို့ရာအတွက် အချိန်လိုပါတယ် .. အခုလက်ရှိအချိန်မှာတော့ အားလုံးကိုနားလည်ဖို့ရာ လုံးဝမဖြစ်နိုင်သေးဘူး .. မင်းအိမ်ကို ပြန်ပြီး သေသေချာချာ တွေးတောစဉ်းစားကြည့်ပါ .. ငါတို့ဆွေးနွေးခဲ့တဲ့အချက်တွေကိုလည်း သေသေချာချာ ပြန်စိစစ်ကြည့်ပါ

လူငယ် - ကျွန်တော်လုပ်ပါ့မယ် .. ဝန်ခံရမယ်ဆိုရင်တော့ ကျွန်တော်ဟာ ကိုယ့်အတွက်ကိုယ်ပဲကြည့်ခဲ့ပြီး အခြား သူတွေအတွက်ကို မစဉ်းစားပေးခဲ့မိပါဘူး .. ခင်ဗျားဟာ တကယ်ကြောက်စရာကောင်းတဲ့ မိစ္ဆာကြီးပဲ

ဒဿနပညာရှင် - ဟားဟား .. မင်းအဲ့ဒီစကားကို ပျော်ပျော်ကြီးပြောနေတာပဲ

လူငယ် - ဟုတ်ပါတယ် .. ကျွန်တော် အတော်ကြီးဝမ်းမြောက်နေပါတယ် .. အဲ့ဒါက သေချာပေါက် နာကျင်ရပါတယ် .. အပ်တွေကိုမြိုချနေရသလိုပဲ ကျွန်တော့်ကို တဆစ်ဆစ်နဲ့ နာကျင်အောင်ထိုးဆွနေပါတယ် .. ဒါပေမယ့် အဲ့သလိုနာကျင်နေလျှက်ကပဲ ကျွန်တော်အဲ့ဒါကို နှစ်သက်ဝမ်းမြောက်နေမိတယ် .. ကျွန်တော်ခင်ဗျားနဲ့ ဆွေးနွေးရတာကို စွဲလန်းသလိုဖြစ်လာတယ် .. မကြာသေးခင်လေးကပဲ ကျွန်တော့်မှာဖြစ်လာတဲ့စိတ်က ခင်ဗျားရဲ့ အယူအဆတွေကို ဝေဖန်သုံးသပ်ဖို့တင်မက ကျွန်တော့်အယူအဆတွေကိုပါ ခင်ဗျားအနေနဲ့ သုံးသပ်ပေးစေချင်တဲ့စိတ်ပါပဲ

ဒဿနပညာရှင် - အင်း .. ဒါက စိတ်ဝင်စားစရာကောင်းမယ့် သုံးသပ်ချက်ဖြစ်မှာပါပဲ

လူငယ် - ဒါပေမယ့် မမေ့ပါနဲ့ .. ခင်ဗျားရဲ့အယူအဆတွေကို ဝေဖန်သုံးသပ်ပြီး ခင်ဗျားကျွန်တော့်ရှေ့မှာ ဒူးထောက်စေရမယ်လို့ ကျွန်တော်ပြောခဲ့တယ် .. အဲ့ဒါကို ကျွန်တော်လက်မလျှော့သေးဘူး

ဒဿနပညာရှင် - ကျေးဇူးတင်ပါတယ် .. ငါလဲမင်းနဲ့ဆွေးနွေးရတာ နှစ်သက်ပါတယ် .. နောက်ထပ်ဆွေးနွေးဖို့ မင်းအဆင်သင့်ဖြစ်တဲ့အချိန်မှာ ထပ်လာခဲ့ပါဦး

## ပဥ္စမည
## ဒီနေရာ ဒီအချိန်မှာပဲ လေးလေးနက်နက် နေထိုင်ဖို့

*အက်ဒလာစိတ်ပညာဟာ လူလူချင်းဆက်ဆံရေးကို စေ့စေ့စပ်စပ်လေ့လာတဲ့နေရာမှာ ပါဝင်နေတာပဲလို့ လူငယ်ဟာတွေးမိပါတယ်။ ပြီးတော့ လူလူချင်းဆက်ဆံရေးရဲ့ အန္တိမရည်ရွယ်ချက်က အသိုက်အဝန်းဆိုတဲ့ခံစားချက်ဖြစ်တယ်။ ဒါပေမယ့် အဲ့ဒါလေးနဲ့ပဲ လုံလောက်ပြီလား။ ဒီကမ္ဘာလောကထဲကို လာတဲ့အချိန်မှာ အောင်မြင်အောင်လုပ်ဖို့ အခြားလုပ်စရာတစ်ခုခုပါမလာခဲ့ဘူးလား။ ဘဝရဲ့အဓိပ္ပာယ်က ဘာလဲ။ ငါဘယ်ကိုဦးတည်ပြီးသွားနေတာလဲ ပြီးတော့ ငါဘယ်လိုဘဝမျိုးကိုရောက်ဖို့ ကြိုးစားနေတာလဲ။ လူငယ်ပိုပြီးတွေးလေလေ သူ့ရဲ့ဖြစ်တည်မှုဟာ ပိုပိုသေးငယ်သွားလေလေနဲ့ ပိုပိုပြီး အရေးမပါသလိုဖြစ်လာလေလေ ဖြစ်နေပါတယ်။*

### ကိုယ့်ကိုယ်ကိုယ်လွန်ကဲစွာဂရုစိုက်မှုဟာ ငါကို မွန်းကြပ်စေတယ်

---

ဒဿနပညာရှင် - မင်းပြန်ရောက်လာတာ သိပ်မကြာလိုက်သလိုပဲ .. မဟုတ်ဘူးလား

လူငယ် - ဟုတ်ကဲ့ .. ကျွန်တော်လွန်ခဲ့တဲ့တစ်လအကြာက နောက်ဆုံးလာခဲ့တာပဲ .. အဲ့ဒီကတည်းကစပြီး ကျွန်တော် အသိုက်အဝန်းဆိုတဲ့ခံစားချက် ဆိုတာရဲ့ အဓိပ္ပာယ်ကို စဉ်းစားနေခဲ့တာ

ဒဿနပညာရှင် - ဆိုတော့ အဲ့ဒါနဲ့ပတ်သက်ပြီး အခု မင်းဘယ်လိုခံစားရလဲ

လူငယ် - အင်း .. အသိုက်အဝန်းဆိုတဲ့ ခံစားချက်ဟာ ကျိန်းသေ စိတ်ဝင်စားစရာကောင်းတဲ့ အတွေးအမြင်တစ်ခုပါပဲ .. ဥပမာအားဖြင့် "ဒီနေရာလေးမှာရှိနေရတာက အဆင်ပြေတယ်" ဆိုတဲ့ ပါဝင်ပတ်သက်မှုရှိတယ်ဆိုတဲ့ ခံစားချက်ဟာ အခြေခံကျတဲ့ အလိုဆန္ဒတစ်ခုအနေနဲ့ ကျွန်တော်တို့ပိုင်ဆိုင်တဲ့ စိတ်ဆန္ဒတစ်ခုပဲ .. အဲ့ဒါက လူမှုရေးသတ္တဝါတွေအနေနဲ့ ကျွန်တော်တို့ရဲ့ ဖြစ်တည်မှုနဲ့ ပတ်သက်တဲ့ ထက်မြက်တဲ့ ထိုးထွင်းသိမြင်မှုတစ်ခုပဲ

ဒဿနပညာရှင် - အဲ့ဒါက ထက်မြက်တဲ့ ထိုးထွင်းသိမြင်မှုတစ်ခုပဲ ဒါပေမယ့် ခြွင်းချက်ကတော့ ...... ဆိုပြီး ဆက်ပြောပါဦး

လူငယ် - ဟားဟား .. ရယ်ရတယ် .. ခင်ဗျားကျွန်တော်ပြောမှာကို ချက်ချင်းခန့်မှန်းမိသွားတာပဲ .. အမှန်ပါပဲ .. ကျွန်တော့်မှာ အဲ့ဒါနဲ့ပတ်သက်တဲ့ မကျေလည်မှုတချို့ ရှိနေသေးတယ် .. တည့်တည့်ပဲပြောတော့မယ် .. စကြဝဠာကြီးဆိုတာကိုပါ အသိုက်အဝန်းထဲထည့်ပြီး ခင်ဗျားဘာဆက်လုပ်မလဲဆိုတာကို ကျွန်တော်နားမလည်ဘူး .. ပြီးတော့ အဲ့ဒီအယူအဆက အစကနေအဆုံးအထိ ဘာသာတရားရဲ့ အနံ့အသက်တွေပဲ ရနေတယ် .. အဲ့ဒီသဘောတရားမှာ ဘာသာတရား၊ ဂိုဏ်းဂဏတစ်ခုခုရဲ့ သွင်ပြင်ဂုဏ်သတ္တိတွေပဲရှိနေပြီး အဲ့ဒါကို ကျွန်တော် လက်ခံလို့မရဘူး ဖြစ်နေတယ်

ဒဿနပညာရှင် - အသိုက်အဝန်းဆိုတဲ့ခံစားချက် အယူအဆကို အက်ဒလာ ပထမဦးဆုံးတင်ပြခဲ့တဲ့ အချိန်မှာ မင်းပြောသလိုမျိုးပြောပြီး ဆန့်ကျင်ကန့်ကွက်ခဲ့ကြတဲ့သူတွေ အများအပြားရှိခဲ့တယ် .. စိတ်ပညာဟာ သိပ္ပံပညာပဲဖြစ်ရမယ် လို့လူတွေကပြောကြတယ် .. ပြီးတော့ အက်ဒလာဟာ တန်ဖိုးဆိုတဲ့ ကိစ္စကိုလည်း ဆွေးနွေးခဲ့သေးတယ် .. အဲ့သလို ဟာမျိုးကလည်းသိပ္ပံပညာမဟုတ်ဘူးဆိုပြီး သူတို့ပြောခဲ့ကြတယ်

လူငယ် - ဆိုတော့ ခင်ဗျားပြောခဲ့တာတွေကို ကျွန်တော်ဘာကြောင့် နားမလည်နိုင်ရတာလဲဆိုပြီး ကြိုးစားအဖြေရှာဖို့ ကိုယ့်ဟာကိုယ်စဉ်းစားကြည့်ခဲ့တယ် .. အဲ့ဒီမှာ အရာဝတ္ထုတွေရဲ့ အစီအစဉ်က ပြဿနာဖြစ်နေတာလို့ ကျွန်တော်စဉ်းစားမိခဲ့တယ် .. ခင်ဗျားက စကြဝဠာကြီးနဲ့ သက်မဲ့ရာဝတ္ထုတွေကို ဦးဆုံးစပြောတယ် .. ပြီးတော့ အတိတ်နဲ့ အနာဂတ်စတာတွေကိုပြောပြန်တယ် .. အဲ့ဒီမှာ ကျွန်တော်နားမလည်နိုင်တော့ဘဲ မျက်ခြေပြတ်သွားတော့တာပဲ .. အဲ့ဒီအစား လူတစ်ယောက်ဟာ "ငါ" ဆိုတာကိုပဲ ခိုင်ခိုင်မာမာ စွဲကိုင်ထားသင့်တယ် .. ပြီးတော့မှ တစ်ယောက် တစ်ယောက်ချင်း ဆက်ဆံရေးအကြောင်း စဉ်းစားသင့်တယ် .. ဆိုလိုတာက "မင်းနဲ့ငါ" ဆိုတဲ့ လူလူချင်းဆက်ဆံရေးပေါ့ .. အဲ့ဒီကိစ္စတွေကို ကျေလည်ပြီးမှ ပိုကြီးမားတဲ့ အသိုက်အဝန်းဆိုတာကို ထည့်သွင်းစဉ်းစားသင့်တယ်

ဒဿနပညာရှင် - ဟုတ်ပြီ .. အဲ့ဒါက စနစ်ကျတဲ့ အစီအစဉ်တစ်ခုပဲ

လူငယ် - အခု ခင်ဗျားကိုကျွန်တော်ပထမဦးဆုံး မေးချင်တဲ့မေးခွန်းက ငါ ဆိုတာကိုတွယ်ငြိမှုအကြောင်းပဲ .. လူတစ်ယောက်ဟာ "ငါ" ဆိုတာကိုတွယ်ငြိနေတာကို ရပ်တန့်ရမယ် ပြီးတော့ "တခြားသူတွေအတွက် ထည့်သွင်းစဉ်းစားပေးမှု" ဆီကိုပြောင်းလဲပစ်ရမယ်လို့ ခင်ဗျားပြောခဲ့တယ် .. ခင်ဗျားပြောတာ သေချာပေါက်မှန်ပါတယ် .. တခြားသူတွေအတွက် ထည့်သွင်းစဉ်းစားပေးဖို့က အရေးကြီးပါတယ် .. အဲ့ဒါကို ကျွန်တော်သဘောတူတယ် .. ဒါပေမယ့် ဘာတွေပဲဖြစ်နေဖြစ်နေ ကျွန်တော်တို့ဟာ ကျွန်တော်တို့အတွက်ကိုပဲ ပူပန်စိုးရိမ်ကြတာပါ .. ကျွန်တော်တို့ဟာ ကိုယ့်ကိုယ်ကိုယ်ကိုပဲ အချိန်ပြည့်ကြည့်နေကြတဲ့သူတွေပါ

ဒဿနပညာရှင် - ငါတို့ ကိုယ့်ကိုယ်ကိုယ်အတွက်ကိုပဲ ဘာကြောင့်စိုးရိမ်နေကြတာလဲဆိုတာ မင်းစဉ်းစားကြည့်သေးလား

လူငယ် - ကျွန်တော်စဉ်းစားကြည့်ပါတယ် .. ဥပမာအားဖြင့် ကျွန်တော်က အတ္တပေမသမား (narcissist) တစ်ယောက်ဖြစ်နေတယ် ဆိုကြပါစို့ .. ကျွန်တော်ဟာ ကိုယ့်ကိုယ်ကိုယ်ချစ်ခင်စွဲလန်းနေပြီး အမြဲတမ်း ကိုယ့်ကိုယ်ကိုယ် တစိမ့်စိမ့်ကြည့်ပြီး ကြည်နူးနေမယ် .. အဲ့သလိုဆိုရင် အရာရာက ရိုးစင်းနေလိမ့်မယ် .. ဘာကြောင့်လဲဆိုရင် အဲ့သလိုအနေအထားဖြစ်နေတဲ့သူတစ်ယောက်အတွက် ခင်ဗျားရဲ့လမ်းညွှန်ချက်ဖြစ်တဲ့ "တခြားသူတွေအတွက် ပိုပြီးစဉ်းစားပေးပါ" ဆိုတဲ့အချက်ဟာ လုံးဝပြီးပြည့်စုံစွာ ကောင်းမွန်နေတဲ့ လမ်းညွှန်ချက်တစ်ခုဖြစ်လိမ့်မယ် .. ဒါပေမယ့် ကျွန်တော်ဟာ အဲ့သလိုကိုယ့်ကိုယ်ကိုယ်စွဲလန်းမြတ်နိုးနေတဲ့ အတ္တပေမသမားတစ်ယောက်မဟုတ်ဘူးလေ .. ကျွန်တော်က ကိုယ့်ကိုယ်ကိုယ် အလိုမကျဖြစ်နေတဲ့ လက်တွေ့ဝါဒီတစ်ယောက်ပဲ .. ကျွန်တော်က ကျွန်တော့်အဖြစ်ကို မုန်းတီးနေတယ် .. ပြီးတော့ အဲ့ဒါကြောင့်ပဲ ကျွန်တော်ဟာ ကိုယ့်ကိုယ်ကိုယ်ပဲအချိန်ပြည့်ကြည့်နေမိတာလေ .. ကျွန်တော့်မှာ ကိုယ့်ကိုယ်ကိုယ်ယုံကြည်ချက်မရှိဘူး .. ဒါကြောင့်ပဲ ကျွန်တော်ဟာ ကိုယ့်ကိုယ်ကိုယ် အလွန်အမင်းဂရုစိုက်နေမိတာပဲ

ဒဿနပညာရှင် - ဘယ်လိုအချိန်မျိုးတွေမှာ မင်းဟာ ကိုယ့်ကိုယ်ကိုယ် အလွန်အမင်းဂရုစိုက်တဲ့သူတစ်ယောက်ဖြစ်နေတယ်လို့ ခံစားရလဲ

လူငယ် - အင်း .. ဥပမာအားဖြင့် အစည်းအဝေးတွေမှာပေါ့ .. ကျွန်တော်အစည်းအဝေးတွေမှာ လက်ထောင်ပြီး မေးမြန်းဖို့ အခက်အခဲရှိနေတတ်တယ် ပြီးတော့ နေရထိုင်ရလဲ ခက်ခဲနေတတ်တယ် .. မလိုအပ်တဲ့ ကိစ္စတွေဖြစ်တဲ့ ငါဒီမေးခွန်းကိုမေးလိုက်ရင် သူတို့ငါ့ကို ရယ်မောလှောင်ပြောင်ကြမလား ဒါမှမဟုတ် ငါပြောလိုက်တဲ့အချက်က မဆီလျော်တဲ့အချက်ဖြစ်နေခဲ့ရင် ငါဟာ လူရယ်စရာကောင်းဖြစ်နေတော့မှာပဲ စတာမျိုးတွေကို တွေးမိနေတယ် .. ပြီးတော့ ကျွန်တော်တည်တည်ငြိမ်ငြိမ်မရှိနိုင်ဘူးဖြစ်နေတယ် .. လူတွေရှေ့မှာ ရယ်စရာဟာသလေး ပြောဖို့ကိုတောင်မှ ကျွန်တော် အထစ်ထစ်အငေါ့ငေါ့ဖြစ်နေတယ် .. ကျွန်တော့်မှာ ကိုယ့်ကိုယ်ကိုယ်ဂရုစိုက်မိတဲ့

စိတ်ဝင်လာတိုင်းမှာ အဲ့ဒါက ကျွန်တော့်ကို ဘရိတ်အုပ်လိုက်သလိုဖြစ်ဖြစ်သွားတယ် .. ကျွန်တော့်ကို တုပ်နှောင်ထားတဲ့ ဂျာကင်အင်္ကျီတစ်ထည်ကို ဝတ်လိုက်ရသလိုပဲ .. ကျွန်တော့်ရဲ့ ကိုယ့်ကိုယ်ကိုယ် ဂရုပြုမိတဲ့စိတ်က ကျွန်တော့်ကို စိတ်ရှိတဲ့အတိုင်းလှုပ်ရှားဖို့ကို ခွင့်မပြုဘူးဖြစ်နေတယ် .. ဒါပေမယ့် ခင်ဗျားဆီက အဖြေတောင်းဖို့ တောင်မှ ကျွန်တော်မလိုအပ်ပါဘူး .. ခင်ဗျားအမြဲပြောနေကျဖြစ်တဲ့အတိုင်း .. သတ္တိရှိရမယ် ဆိုတာ ကျွန်တော်နားလည်ပါတယ် .. ဒါပေမယ့် ခင်ဗျားသိလား .. အဲ့ဒီလိုစကားမျိုးက ကျွန်တော့်အတွက် အသုံးမဝင်ဘူး ဖြစ်နေတယ် .. ဘာကြောင့်လဲဆိုတော့ တကယ်ပဲ သတ္တိဆိုတဲ့အရာ ပေါက်ဖွားလာမှ ဖြစ်မယ့်ကိစ္စမျိုးမို့လို့ပဲ

ဒဿနပညာရှင် - အင်း ငါနားလည်ပါပြီ .. နောက်ဆုံးတစ်ကြိမ်တုန်းက ငါတို့ဟာ အသိုက်အဝန်းဆိုတဲ့ ခံစားချက်အကြောင်း ခြုံငုံပြီးပြောခဲ့ကြတယ် .. ဒီနေ့တော့ ငါတို့ ပိုနက်နက်နဲနဲ တူးဆွကြည့်ကြရအောင်

လူငယ် - အဲ့ဒါက ကျွန်တော်တို့ကို ဘယ်ဆီရောက်အောင် ခေါ်သွားမှာလဲ

ဒဿနပညာရှင် - ပျော်ရွှင်မှုဆိုတာဟာ ဘာလဲ ဆိုတဲ့ မေးခွန်းဆီ ရောက်ကောင်းရောက်သွားနိုင်ပါတယ်

လူငယ် - အိုး .. ဆိုတော့ ပျော်ရွှင်မှုဟာ အသိုက်အဝန်းဆိုတဲ့ ခံစားချက်ရဲ့ နောက်ကွယ်မှာ တည်ရှိနေတာလား

ဒဿနပညာရှင် - အဖြေဆီရောက်ဖို့ သိပ်အလျှင်မလိုပါနဲ့ဦး .. ငါတို့လိုအပ်တာက အပြန်အလှန်ဆွေးနွေးကြဖို့ပါပဲ

လူငယ် - ကောင်းပါပြီ .. ဆိုတော့ .. စလိုက်ကြရအောင်လေ

## ကိုယ့်ကိုယ်ကိုယ် အတည်ပြုဖို့မဟုတ်၊ ကိုယ့်ကိုယ်ကိုယ် လက်ခံဖို့

-----------------------------------------------------------------

ဒဿနပညာရှင် - ပထမဆုံးအနေနဲ့ မင်းပြောခဲ့တဲ့အကြောင်းအရာကို ကြည့်ကြည့်ရအောင် .. မင်းရဲ့ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ရှုကြည့်မှုက မင်းကိုဘရိတ်အုပ်လိုက်သလို ဖြစ်သွားတယ် .. ပြီးတော့ မင်းစိတ်ရှိတဲ့အတိုင်းပြုမူလှုပ်ရှားဖို့ကို အတားအဆီးပြုနေတယ် .. အဲ့ဒီလို ဒုက္ခမျိုးကို ခံစားနေရတဲ့သူတွေ အများကြီးရှိကောင်းရှိနေပါလိမ့်မယ် .. ဆိုတော့ အဲ့သလိုဖြစ်နေရတဲ့ အရင်းအမြစ်ဆီကို သွားပြန်ကြည့်ပြီး မင်းရဲ့ရည်ရွယ်ချက်အမှန်ကို စဉ်းစားကြည့်ကြရအောင် .. မင်းရဲ့ စိတ်ရှိတဲ့အတိုင်းပြုမူမယ့် အပြုအမူတွေကို ဘရိတ်အုပ်လိုက်ရခြင်းက မင်းအနေနဲ့ ဘယ်အရာကိုရရှိအောင် ကြိုးပမ်းနေတာလဲ

လူငယ် - အဲ့ဒါက လူတွေပြက်ရယ်ပြုကြမှာကို မလိုလားတဲ့ စိတ်ဆန္ဒသက်သက်ပါပဲ .. ကျွန်တော့်ကို ပေါတောတောလူတစ်ယောက်လို့ ထင်ကြမှာကို ကျွန်တော်မခံချင်ဘူး

ဒဿနပညာရှင် - ဆိုတော့ တခြားနည်းနဲ့ပြောရရင် မင်းဟာ မင်းရဲ့ စိတ်ရှိတဲ့အတိုင်းပြုမူတတ်တဲ့ အတ္တဘာဝ အပေါ်မှာ ယုံကြည်ချက်ရှိမနေဘူး .. မင်းအရှိကိုအရှိအတိုင်း နေထိုင်နေတဲ့အပေါ်မှာ ယုံကြည်မှု ရှိမနေဘူးလို့ ပြောရမှာပေ့ါ .. ဟုတ်တယ် မဟုတ်လား .. ပြီးတော့ မင်းအရှိကိုအရှိအတိုင်း ဖြစ်နေရမယ့် လူလူချင်းဆက်ဆံရေး မျိုးတွေကို မင်းရှောင်ရှားချင်နေတယ် .. ဒါပေမယ့် မင်းအိမ်မှာတစ်ယောက်ထဲ ရှိနေချိန်တွေမှာ မင်းသီချင်း အော်ဆိုတာတို့ ကတာတို့ စိတ်ရှိတဲ့အတိုင်းစကားပြောဆိုတာတို့ကို လုပ်လိမ့်မယ်ဆိုတာ ငါပြောရဲတယ်

လူငယ် - ဟားဟား .. ခင်ဗျားဟာ ကျွန်တော့်အခန်းထဲမှာ စောင့်ကြည့်ကင်မရာတပ် စောင့်ကြည့်ပြီး ပြောနေ သလိုပါပဲ .. အဲ့ဒါ အမှန်ပါပဲ .. ကျွန်တော်တစ်ယောက်ထဲရှိနေချိန်တွေမှာဆို ကျွန်တော်လွတ်လွတ်လပ်လပ် ပြုမူ လှုပ်ရှားနိုင်ပါတယ်

ဒဿနပညာရှင် - ဘယ်သူမဆို တစ်ယောက်ထဲရှိနေချိန်တွေမှာ ဘုရင်တစ်ပါးလိုပြုမူလှုပ်ရှားနိုင်ကြတာပါပဲ .. ဆိုတော့ ဒါဟာ လူလူချင်းဆက်ဆံရေးဆိုတဲ့ ဘောင်ထဲကနေ စဉ်းစားသင့်တဲ့ ကိစ္စတစ်ခုပဲ .. ဘာကြောင့်လဲ ဆိုတော့ အဲ့ဒါက မင်းမှာ စိတ်ရှိတဲ့အတိုင်းပြုမူတတ်တဲ့ အတ္တဘာဝမရှိလို့မှ မဟုတ်တာပဲ .. တကယ်က မင်းဟာ အဲ့သလိုအပြုအမူမျိုးကို လူအများရှေ့မှာ မလုပ်ရဲတာဆိုတာမျိုးပဲ ဖြစ်နေတာပဲ

လူငယ် - ဆိုတော့ .. ကျွန်တော်ဘာလုပ်သင့်သလဲ

ဒဿနပညာရှင် - အဆုံးသတ်မှာတော့ အဲဒါက အသိုက်အဝန်းဆိုတဲ့ ခံစားချက်ကြောင့်ပါပဲ .. တိတိကျကျ ပြောရမယ်ဆိုရင် ကိုယ့်ကိုယ်ကိုယ်တွယ်ငြိမှု (ကိုယ်ကျိုး) ကနေ အခြားသူတွေအတွက် ထည့်သွင်းစဉ်းစားပေးမှု (လူမှုအကျိုးစီးပွား) ကိုအပြောင်းအလဲလုပ်ပြီး အသိုက်အဝန်းဆိုတဲ့ခံစားချက်လေးကို ရအောင်လုပ်ဖို့ ပါပဲ .. ဒီနေရာမှာ အချက်သုံးချက်လိုအပ်တယ် .. အဲ့ဒါတွေက "ကိုယ့်ကိုယ်ကိုယ်လက်ခံမှု"၊ "အခြားသူတွေအပေါ် စိတ်ချယုံကြည်မှု" နဲ့ "အခြားသူတွေရဲ့အကျိုးကို ထမ်းရွက်မှု" တွေပါပဲ

လူငယ် - စိတ်ဝင်စားစရာပဲ .. ဝေါဟာရအသစ်တွေ .. ဆိုတော့ အဲ့ဒါတွေက ဘယ်လိုမျိုး အနက်ရှိသလဲ

ဒဿနပညာရှင် - ကိုယ့်ကိုယ်ကိုယ် လက်ခံမှုကနေ စပြောကြရအောင် .. ငါတို့ရဲ့ ပထမညတုန်းက "အရေးကြီးတဲ့ အရာက လူတစ်ယောက် ဘာနဲ့အတူမွေးဖွားလာသလဲဆိုတာ မဟုတ်ဘူး .. အဲ့ဒီသူနဲ့အတူမွေးဖွား လာတဲ့ အရာကို သူဘယ်လိုအသုံးပြု သလဲဆိုတာပဲဖြစ်တယ်" ဆိုတဲ့ အက်ဒလာရဲ့ အဆိုတစ်ခုကို ငါပြောခဲ့တယ် .. အဲ့ဒါကို မင်းမှတ်မိသေးလား

လူငယ် - ဟုတ်ကဲ့ .. မှတ်မိတာပေါ့

ဒဿနပညာရှင် - ငါတို့ဟာ "ငါ" ဆိုတဲ့အရာကို မစွန့်ပစ်နိုင်ကြသလို ဘာနဲ့မှလည်း အစားထိုးလဲလှယ်မှု မပြုနိုင်ကြဘူး .. ဒါပေမယ့်လည်း အရေးကြီးတဲ့အချက်က "အဲ့ဒီ ငါဆိုတဲ့အရာကို ငါတို့ဘယ်လိုအသုံးချကြသလဲ" ဆိုတဲ့ အချက်ပဲ .. လူတစ်ယောက်ဟာ "ငါ" ဆိုတာကို ရှုမြင်တဲ့နည်းလမ်းကို ပြောင်းလဲလို့ရတယ် .. ပြောရမယ်ဆိုရင် လူတစ်ယောက်ဟာ အဲ့ဒါကို ဘယ်လိုအသုံးချမလဲဆိုတာကို ပြောင်းလဲလိုက်တာပဲပေ့ါ

လူငယ် - ဆိုလိုတာက အပြုသဘောဆောင်တဲ့စိတ်ကို ပိုမွေးပြီး ကိုယ့်ကိုယ်ကိုယ် အတည်ပြုမှုဆိုတဲ့ စိတ်ခံစားချက်ကို ခိုင်မာအောင်တည်ဆောက်ရမယ်ဆိုတဲ့သဘောလား .. အရာရာကို ပိုပြီးအပြုသဘောဖက်က ကြည့်ရမယ်ဆိုတဲ့သဘောလား

ဒဿနပညာရှင် - အပြုသဘောဆောင်ဖို့တွေ ကိုယ့်ကိုယ်ကိုယ်အတည်ပြုတာတွေ မလိုအပ်ပါဘူး .. အဲ့ဒါက ကိုယ့်ကိုယ်ကိုယ် အတည်ပြုဖို့မဟုတ်ပါဘူး .. ကိုယ့်ကိုယ်ကိုယ် လက်ခံဖို့ပါပဲ

လူငယ် - ကိုယ့်ကိုယ်ကိုယ် အတည်ပြုဖို့မဟုတ်ဘူး .. ကိုယ့်ကိုယ်ကိုယ် လက်ခံဖို့ ဟုတ်လား

ဒဿနပညာရှင် - အမှန်ပါပဲ .. သူတို့အကြားမှာ သိသာထင်ရှားတဲ့ ကွဲပြားမှုတွေရှိတယ် .. ကိုယ့်ကိုယ်ကိုယ် အတည်ပြုခြင်းက ကိုယ့်ကိုယ်ကိုယ် မဲတင်းပေးရတဲ့သဘောပဲ .. "ငါလုပ်နိုင်တယ်" ဒါမှမဟုတ် "ငါဟာ ကြံ့ခိုင်တယ်" စသဖြင့် လူတစ်ယောက်ရဲ့ လုပ်နိုင်စွမ်းအပြင်က ဟာတွေဖြစ်နေရင်တောင်မှ လုပ်နိုင်မှာပါဆိုပြီး မဲတင်းပေးနေတာမျိုးပေ့ါ .. အဲ့သလိုမဲတင်းပေးနေတာမျိုးက လူတစ်ယောက်မှာ ဘဝင်မြင့်စိတ်ရှိနေတယ်ဆိုတဲ့ လက္ခဏာဖြစ်ပြီး အဲ့သလိုလူမျိုးဟာ ကိုယ့်ကိုယ်ကိုယ်လိမ်ညာတဲ့နည်းလမ်းမျိုးနဲ့ ရှင်သန်နေထိုင်နေတာဖြစ်တယ် ဆိုတာကိုလည်း ဖော်ပြနေတယ် .. တခြားတစ်ဖက်က ကိုယ့်ကိုယ်ကိုယ် လက်ခံခြင်းဆိုတာကတော့ လူတစ်ယောက်ဟာ တစ်ခုခုကို လုပ်နိုင်စွမ်းမရှိဘူးဆိုရင် "သူမလုပ်နိုင်တဲ့ ငါ" ဆိုတာကို ရိုးရိုးလေး လက်ခံလိုက်တာပါပဲ .. ပြီးတော့မှ အဲ့ဒီအခြေအနေကနေ ရှေ့ဆက်လျှောက်ဖို့ကို သူလုပ်နိုင်စွမ်းရှိသမျှ လုပ်တာမျိုးပါပဲ .. အဲ့ဒါက ကိုယ့်ကိုယ်ကိုယ် လိမ်ညာမှုမရှိတဲ့ နေထိုင်နည်းမျိုးပါပဲ .. ပိုပြီးရှင်းအောင်ပြောရမယ်ဆိုရင် မင်းဟာ စာမေးပွဲမှာ အမှတ် ၆၀ ရာခိုင်နှုန်းရတယ်ဆိုကြပါစို့ .. ဒါပေမယ့် မင်းက မင်းကိုယ်မင်း ငါဟာ ဒီတစ်ကြိမ်မှာ ကံမကောင်းအကြောင်းမလှလို့ ဒီလောက်ပဲရတယ် .. ငါ့ရဲ့တကယ့်စွမ်းဆောင်ရည်နဲ့ဆို ၁၀၀ ရာခိုင်နှုန်းရမှာ လို့ ပြောလိုက်တယ် .. အဲ့ဒါက ကိုယ့်ကိုယ်ကိုယ် အတည်ပြုခြင်းပဲ .. ဆန့်ကျင်ဖက်အနေနဲ့ လူတစ်ယောက်က သူ အမှတ် ၆၀ ပဲရတာကို ၆၀ အနေနဲ့ပဲ လက်ခံပြီး ၁၀၀ ရာခိုင်နှုန်းနဲ့ နီးနီးကပ်ကပ်ဖြစ်လာအောင် ငါဘာတွေ ဆက်လုပ်ရမလဲဆိုပြီး တွေးတာက ကိုယ့်ကိုယ်ကိုယ် လက်ခံခြင်းပဲ

လူငယ် - ဆိုတော့ ခင်ဗျား ၆၀ ရာခိုင်နှုန်းပဲ ရတဲ့အပေါ်မှာ အဆိုးမြင်စရာမလိုဘူးပေ့ါ .. ဟုတ်လား

ဒဿနပညာရှင် - အဆိုးမြင်စရာမလိုပါဘူးကွာ .. ဘယ်သူမှ ပြီးပြည့်စုံတယ်လို့မရှိပါဘူး .. ကြီးမြင့်မှုကို လှမ်းဆွတ်ခြင်းသဘောတရားကို ငါရှင်းပြခဲ့တာ မင်းမှတ်မိသေးလား .. လူတိုင်းဟာ တိုးတက်ဖို့အတွက် ဆန္ဒရှိတဲ့အနေအထားမှာ ရှိနေတယ်ဆိုတာလေ .. အဲ့ဒါကို တခြားတနည်းနဲ့ ပြောရမယ်ဆိုရင် ၁၀၀ ရာခိုင်နှုန်း ပြီးပြည့်စုံနေတဲ့သူဆိုတာ မရှိပါဘူး .. ဒီအချက်ဟာ ငါတို့အမြဲမပြတ် အမှတ်ရနေရမယ့် အချက်ပါပဲ

လူငယ် - ဟင်း .. ခင်ဗျားပြောနေတဲ့ဟာက အပြုသဘောဆောင်တဲ့အချက်တွေရှိနေပေမယ့်လည်း သူ့မှာ အဖျက်သဘောဆောင်တဲ့ သဘောတွေလည်း ပါနေတယ်

ဒဿနပညာရှင် - ဒီနေရာမှာတော့ အဲ့ဒါကို ငါက "အတည်ပြု နုတ်ပယ်ခြင်း" (affirmative resignation) ဆိုတဲ့ ဝေါဟာရကို သုံးတယ်

လူငယ် - အတည်ပြု နုတ်ပယ်ခြင်း ဟုတ်လား

ဒဿနပညာရှင် - ဒါဟာလည်း တာဝန်ခွဲခြားခြင်း သဘောတရားနဲ့ ဆိုင်တဲ့သဘောပါပဲ .. လူတစ်ယောက်ဟာ သူပြောင်းလဲနိုင်တဲ့ကိစ္စတွေနဲ့ မပြောင်းလဲနိုင်တဲ့ကိစ္စတွေကို သေသေချာချာခွဲခြားထားရမယ် .. လူတစ်ယောက်ဟာ သူဘယ်လိုအရာတွေနဲ့အတူ မွေးဖွားလာတာလဲဆိုတဲ့ကိစ္စကို မပြောင်းလဲနိုင်ဘူး .. ဒါပေမယ့် လူတစ်ယောက်ဟာ သူ့ကိုယ်ပိုင်စွမ်းအင်နဲ့ပဲ သူနဲ့အတူမွေးဖွားလာတဲ့အရာတွေကို ဘယ်လိုအသုံးပြုမလဲဆိုတာကိုတော့ ပြောင်းလဲရွေးချယ်လို့ရတယ် .. ဆိုတော့ ဒီနေရာမှာ လူတစ်ယောက်ဟာ သူအပြောင်းအလဲ မလုပ်နိုင်တဲ့ကိစ္စတွေကို အာရုံစိုက်နေမယ့်အစားမှာ သူပြောင်းလဲနိုင်တဲ့ ကိစ္စတွေအပေါ်မှာပဲ အာရုံစိုက်ထားသင့်တယ် .. ဒါကိုပဲ ငါက ကိုယ့်ကိုယ်ကိုယ် လက်ခံခြင်းလို့ ခေါ်တာပါပဲ

လူငယ် - လူတစ်ယောက်ပြောင်းလဲနိုင်တာက ဘာလဲ .. လူတစ်ယောက် မပြောင်းလဲနိုင်တာက ဘာလဲ ဟုတ်လား

ဒဿနပညာရှင် - အမှန်ပဲ .. မပြောင်းလဲနိုင်တဲ့အရာတွေကို လက်ခံပါ .. "ဒီ ငါ" ဆိုတဲ့ အရာကို သူ့အရှိအတိုင်း လက်ခံပါ .. ပြီးတော့ ပြောင်းလဲနိုင်တဲ့အရာတွေကို ပြောင်းလဲဖို့ရာအတွက် သတ္တိရှိပါ .. ဒါဟာ ကိုယ့်ကိုယ်ကိုယ် လက်ခံခြင်းပါပဲ ..

လူငယ် .. ဟင်း .. အဲ့ဒါက ကျွန်တော့်ကို စာရေးဆရာ ကာ့ ဗွန်နီဂတ် သူ့စာအုပ်တစ်အုပ်ထဲမှာ ရေးခဲ့တဲ့ ကိုးကားချက် တစ်ခုကို သတိရမိစေတယ် .. "ဘုရားသခင်က ငါမပြောင်းလဲနိုင်တဲ့အရာတွေကို လက်ခံနိုင်ဖို့ရာ တည်ငြိမ်အေးချမ်းတဲ့စိတ်ကို ငါ့ကိုပေးခဲ့တယ် .. ငါပြောင်းလဲနိုင်တဲ့အရာတွေကို ပြောင်းလဲဖို့ရာအတွက် ငါ့ကို သတ္တိတွေပေးခဲ့တယ် .. ပြီးတော့ ပြောင်းလဲနိုင်တဲ့အရာတွေကဘာတွေ မပြောင်းလဲနိုင်တဲ့ အရာတွေက

ဘာတွေလဲ ဆိုတာကို ခွဲခြားသိနိုင်ဖို့အတွက် ဉာဏ်ပညာကို ပေးခဲ့တယ်" ဆိုတဲ့ စကားပေါ့ .. အဲ့ဒါက သူ့ရဲ့ သားသတ်ရုံ အမှတ် ၅ ဆိုတဲ့ ဝတ္ထုထဲမှာရေးထားခဲ့တာလေ

ဒဿနပညာရှင် - ဟုတ်တယ် .. ငါလည်းဖတ်ဖူးတယ် .. အဲ့ဒါက တည်ငြိမ်အေးချမ်းမှုအတွက် ဆုတောင်းတဲ့ စကားပဲ .. ဒီစကားက လူသိများပြီး ခရစ်ယာန်အသိုင်းအဝိုင်းတွေအကြားမှာ အဆင့်ဆင့် လက်ဆင့်ကမ်းလာခဲ့တာနှစ်တွေ မနည်းတော့ဘူး

လူငယ် - သူတောင်မှ သတ္တိဆိုတဲ့စကားလုံးကို သုံးခဲ့တယ် .. ကျွန်တော်အဲ့ဒီစကား ကိုကြိုက်လွန်းလို့ အလွတ်ကျက်ထားခဲ့တာ .. ဒါပေမယ့် အခုခင်ဗျားပြောတဲ့အချိန်မတိုင်ခင်အထိ အဲ့ဒီအချက်ကို ကျွန်တော် သဘောမပေါက်ခဲ့ဘူး

ဒဿနပညာရှင် - အဲ့ဒီစကားက အမှန်ပါပဲ .. ငါတို့ဟာ စွမ်းဆောင်ရည် နည်းပါးတာမဟုတ်ပါဘူး .. သတ္တိပဲ နည်းနေကြတာပါ .. အားလုံးဟာ သတ္တိနဲ့ပဲ သက်ဆိုင်နေတာပါ

## ယုံကြည်မှုနဲ့ စိတ်ချယုံကြည်မှုအကြားက ကွာခြားချက်

-------------------------------------------------------

လူငယ် - ဒီ "အတည်ပြု ငြင်းပယ်ခြင်း" နဲ့ပတ်သက်ပြီး ပြောစရာရှိတယ် .. အဲ့ဒီသဘောတရားက အဆိုးမြင်ဝါဒ ဆန်နေတယ် .. တကယ်လို့ အခုလိုရှည်ရှည်လျားလျားဆွေးနွေးလာတဲ့ ဆွေးနွေးချက်ရဲ့ နိဂုံးရလဒ်က ငြင်းပယ်ခြင်း သာဖြစ်မယ်ဆိုရင် အဲ့ဒါက အတော်စိတ်ပျက်စရာကောင်းနေမှာပဲ

ဒဿနပညာရှင် - အဲ့သလိုဖြစ်နေသလား .. ငြင်းပယ်ခြင်းဟာ ဖွဲ့ရှိမှုနဲ့ လက်ခံတတ်မှုတွေကိုသုံးပြီး ရှင်းလင်းစွာ ရှုမြင်တတ်မှု ဆိုတဲ့ ဂယက်အနက်တွေရှိနေတယ် .. အရာရာရဲ့ အမှန်တရားကို ခိုင်မြဲစွာဆုပ်ကိုင်နိုင်မှုဟာ အတုအယောင်တွေကို ငြင်းပယ်တာပဲ .. ဆိုတော့ အဲ့ဒါဟာ ငြင်းပယ်ခြင်းပဲ .. ဒီအချက်မှာ အဆိုးမြင်တာမျိုး ဘာမှုရှိမနေပါဘူး

လူငယ် - အမှန်တရားကို ခိုင်မြဲစွာဆုပ်ကိုင်ထားမှု ဟုတ်လား

ဒဿနပညာရှင် - အမှန်ပဲ .. လူတစ်ယောက်ဟာ အတည်ပြုငြင်းပယ်ခြင်းအဆင့်ကိုရောက်လို့ ကိုယ့်ကိုယ်ကိုယ် လက်ခံသွားနိုင်ပြီဆိုရုံနဲ့ အသိုက်အဝန်းဆိုတဲ့ခံစားချက်က နောက်ကနေအလိုအလျောက်လိုက်လာတာ မဟုတ်ဘူး .. အဲ့ဒါက တကယ့်အရှိတရားပဲ .. လူတစ်ယောက်ဟာ ကိုယ့်ကိုယ်ကိုယ်တွယ်ငြိနေတဲ့အမြင်ကနေ

အခြားသူတွေအတွက်ပါ ထည့်သွင်းစဉ်းစားပေးတတ်တဲ့အမြင်ဆီကို ပြောင်းလဲလိုက်ပြီဆိုရင် ဒုတိယအယူအဆဖြစ်တဲ့ အခြားသူတွေကို စိတ်ချယုံကြည်မှု ဆိုတဲ့သဘောတရားက လုံးဝ အဓိကကျလာပြီ

လူငယ် - အခြားသူတွေကို စိတ်ချယုံကြည်မှု .. ဟုတ်လား .. တနည်းပြောရရင် အခြားသူတွေကို ယုံကြည်ရမယ် ပေါ့ ဟုတ်လား

ဒဿနပညာရှင် - ဒီနေရာမှာ "အခြားသူတွေကို ယုံကြည်ရမယ်" ဆိုတဲ့စကားကို ငါစဉ်းစားဖို့လိုလိမ့်မယ် .. ယုံကြည်မှုနဲ့ စိတ်ချယုံကြည်မှုကို ခွဲခြားပြီးပြောရလိမ့်မယ် .. ပထမဆုံးအနေနဲ့ ယုံကြည်မှုအကြောင်းပြောတဲ့အချိန်မှာ ငါတို့ဟာ ချမှတ်ထားပြီးဖြစ်တဲ့ အခြေအနေတွေနဲ့ လာတဲ့အရာအကြောင်းကို ညွှန်းဆိုပြောကြားနေကြတာဖြစ်တယ် .. ငါတို့ဟာ အဲ့ဒီအရာကို တန်ဖိုးဂုဏ်တစ်ခုအနေနဲ့ ရည်ညွှန်းကြတယ် .. ဥပမာအားဖြင့် လူတစ်ယောက်က ဘဏ်ကနေ ငွေချေးယူချင်တယ်ဆိုရင် သူ့မှာ ခိုင်လုံမှုတစ်မျိုးမျိုးရှိဖို့လိုအပ်တယ် .. ဘဏ်ဟာ သူ့ကိုချေးပေးရမယ့်ငွေပမာဏကို အဲ့ဒီခိုင်လုံမှုရဲ့ တန်ဖိုးအပေါ်မှာ အခြေခံပြီးတွက်ချက်တယ် .. ပြီးတော့ "ခင်ဗျားကို ကျွန်တော်တို့ ဒီလောက်ပမာဏတော့ ချေးပေးမယ်" လို့ပြောတယ် .. အဲ့ဒါက "ခင်ဗျားပြန်ဆပ်နိုင်လောက်တဲ့ အနေအထားရှိတဲ့ ပမာဏလောက်ကို ခင်ဗျားကိုချေးပေးမယ်" ဒါမှမဟုတ် "ခင်ဗျားပြန်ဆပ်နိုင်သလောက်ပမာဏရှိတဲ့ ငွေကို ကျွန်တော်တို့ချေးပေးမယ်" ဆိုတဲ့ သဘောထားနဲ့ ပြောကြတဲ့ စကားဖြစ်တယ် .. အဲ့သလိုပြောတာတွေက လူတစ်ယောက်အပေါ်မှာ စိတ်ချယုံကြည်မှုရှိတာမျိုးလို့ ပြောလို့မရဘူး .. အဲ့ဒါက ယုံကြည်မှုပဲ ဖြစ်တယ်

လူငယ် - အင်း .. အဲ့ဒါက ဘဏ်တွေက ငွေချေးပေးမှုတွေအတွက် အလုပ်လုပ်တဲ့ပုံစံပဲလို့ ကျွန်တော်ထင်တယ်

ဒဿနပညာရှင် - အဲ့ဒါနဲ့ ဆန့်ကျင်ဖက်အားဖြင့် အက်ဒလာစိတ်ပညာရဲ့ ရပ်တည်ချက်ကတော့ လူလူချင်းဆက်ဆံရေးရဲ့အခြေခံဟာ ယုံကြည်မှုအပေါ်မှာ တည်ဆောက်ထားတာမဟုတ်ဘဲ စိတ်ချယုံကြည်မှုအပေါ်မှာ တည်ဆောက်ထားတာဖြစ်တယ်

လူငယ် - "စိတ်ချယုံကြည်မှု" ဟုတ်လား ဒီကိစ္စမှာ ... ဘယ်လို ...

ဒဿနပညာရှင် - စိတ်ချယုံကြည်မှုဆိုတာက ဘယ်လို အခြေအနေမှသတ်မှတ်မထားဘဲ ဘာပဲဖြစ်နေဖြစ်နေ လူတစ်ယောက်အပေါ်မှာထားရှိတဲ့ ယုံကြည်မှုကိုခေါ်တာပဲ .. အဲ့ဒီလူကို ယုံကြည်လောက်စရာ ဓမ္မဓိဋ္ဌာန်ကျတဲ့ အခြေခံအချက် လုံလုံလောက်လောက် ရှိမနေဘူးဆိုရင်တောင်မှ သူ့ကိုယုံကြည်နေခြင်းမျိုးပဲ .. ဘယ်လို အခြေအနေမျိုးမှ မထားဘဲ၊ ဘာခိုင်လုံမှုဆိုတာကိုမှ ထည့်သွင်းမစဉ်းစားဘဲ ယုံကြည်နေတာမျိုး .. အဲ့ဒါမျိုးက စိတ်ချယုံကြည်မှုပဲ

လူငယ် - ဘာအခြေအနေမျိုးမှ မထားဘဲ ယုံကြည်တာ ဟုတ်လား .. ဆိုတော့ အဲ့ဒါက ခင်ဗျားပြောတဲ့ အိမ်နီးနားချင်း မေတ္တာမျိုးဆီ ပြန်ရောက်ရောက်သွားတာပဲပေါ့

ဒဿနပညာရှင် - အမှန်ပဲပေါ့ .. လူတစ်ယောက်က အခြားလူတွေအပေါ်မှာ ဘယ်လိုအခြေအနေမျိုးမှမထားဘဲ ဘာပဲဖြစ်ဖြစ် ယုံကြည်နေမယ်ဆိုရင် သူဟာ အဲ့ဒီကနေ အကျိုးအမြတ်ရလာမယ့် အချိန်တွေရောက်လာလိမ့်မယ် .. ငွေချေးယူမှုတစ်ခုမှာ အာမခံပေးတဲ့သူလိုမျိုး ဆုံးရှုံးနစ်နာမှုတွေကြုံရတဲ့ အချိန်တွေဆိုတာ ရှိလာမှာပဲ .. အဲ့သလို အခြေအနေမျိုးမှာတောင်မှ လူတစ်ယောက်ကို ဆက်ပြီးယုံကြည်ပေးနေတာမျိုးကို စိတ်ချယုံကြည်မှု လို့ခေါ်တာပါပဲ

လူငယ် - ဦးနှောက်မရှိတဲ့ ငတုံးအေ တစ်ယောက်ကပဲ အဲ့ဒါမျိုးယုံမှာပေါ့ .. ခင်ဗျားက လူသားရဲ့မွေးရာပါ ကောင်းမြတ်မှုဆိုတဲ့ ကျမ်းစာကိုကိုင်ပြီးပြောနေတာလို့ ကျွန်တော်ထင်တယ် .. ကျွန်တော်ကတော့ ဒီနေရာမှာ လူသားရဲ့မွေးရာပါဆိုးယုတ်မှု ဆိုတဲ့ကျမ်းကိုပဲကိုင်ပြီးပြောချင်တယ် .. လုံးဝမသိတဲ့လူစိမ်းတွေအပေါ်မှာ ဘာအခြေအနေမျိုးမှ မထားတဲ့ယုံကြည်မှုနဲ့ ယုံကြည်နေမယ်ဆိုရင် ခင်ဗျားကို အသုံးချပြီး နပ်ချသွားကြမှာပဲ

ဒဿနပညာရှင် - တစ်ယောက်ယောက်က မင်းကိုလိမ်လည်လှည့်ဖျားတဲ့ အချိန်တွေကြုံရမှာပါပဲ .. ပြီးတော့ အဲ့ဒီနည်းအားဖြင့် မင်းကိုလည်း အသုံးချသွားကြမှာပဲ .. ဒါပေမယ့် အဲ့ဒါကို အကျိုးအမြတ်ရယူသွားတဲ့လူရဲ့ ရှုထောင့်ကနေကြည့်ကြည့်လိုက် .. သူတို့ကို မင်းအသုံးချသွားသော်လည်းပဲ မင်းကိုဆက်လက်ပြီး ဘာအခြေအနေမှမထားဘဲ သူတို့မင်းကို ဆက်ယုံကြည်ပေးနေကြတယ် .. သူတို့ကို မင်းဘယ်လိုပဲ အသုံးချချမင်းအပေါ် စိတ်ချယုံကြည်ပေးနေကြတဲ့လူတွေ ရှိနေကြတယ် .. အဲ့သလိုလူမျိုးကို မင်း ထပ်ခါတလဲလဲ သစ္စာဖောက်ချင်စိတ် ရှိလား

လူငယ် - အမ် .. အဲ .. မလုပ်ချင်ပါဘူး .. အင်း .. အဲ့ဒါက

ဒဿနပညာရှင် - မင်းအတွက် အဲ့ဒါမျိုးကို လုပ်ဖို့ခက်ခဲမယ်ဆိုတာ ငါသေချာပေါက် ပြောရဲပါတယ်

လူငယ် - နောက်ဆုံးတော့ ခင်ဗျားဆိုလိုတာက လူတစ်ယောက်ဟာ စိတ်ခံစားမှုတွေကို ငြင်းဆန်ရမယ်ပေါ့ .. သူတော်စင်တစ်ယောက်လိုမျိုး ယုံကြည်မှုကိုဆုပ်ကိုင်ပြီး တခြားသူတွေရဲ့ ကိုယ်ကျင့်အသိတရားအပေါ်မှာ ယုံကြည်ပေးရမယ်ပေါ့ .. ဆိုတော့ အက်ဒလာရဲ့အလိုအရ လူတွေကိုယ့်ကျင့်သီလရှိခြင်း မရှိခြင်းဟာ အရေးမပါဘူးလို့ ခင်ဗျားပြောနေတာလား

ဒဿနပညာရှင် - မဟုတ်ဘူး .. အဲ့သလိုပြောတာမဟုတ်ဘူး .. မင်းပြောတာက စိတ်ချယုံကြည်မှုဆိုတဲ့ သဘောနဲ့ ဆန့်ကျင်ဖက်ဖြစ်နေတယ်

လူငယ် - စိတ်ချယုံကြည်မှုရဲ့ ဖွဲ့စည်းတည်ဆောက်ပုံလား ..

ဒဿနပညာရှင် - မင်းပြောနေတာက သံသယ အကြောင်းပဲ .. မင်းရဲ့လူလူချင်းဆက်ဆံမှုမှာ "သံသယ" ဆိုတာကို အခြေခံအဖြစ် မင်းထားလိုက်တယ် ဆိုကြပါစို့ .. မင်းဟာမင်းရဲ့ဘဝတစ်ခုလုံးကို အခြားသူတွေကို သံသယဖြစ်ရင်းနဲ့ပဲ ရှင်သန်နေထိုင်နေရတော့မှာပေါ့ .. မင်းရဲ့သူငယ်ချင်းတွေကို မင်းသံသယဖြစ်မယ် .. ပြီးတော့ မင်းရဲ့မိသားစုနဲ့ မင်းချစ်တဲ့သူတွေကိုပါ မင်းသံသယဖြစ်နေလိမ့်မယ် .. အဲ့သလို အခြေခံမျိုးဆီကနေ ဘယ်လိုမျိုး လူလူချင်းဆက်ဆံရေးတွေပေါ်ထွက်လာမလဲ .. မင်းရဲ့မျက်လုံးထဲကသံသယတွေကို တစ်ဖက်လူက မကြာခင်မှာ တွေ့သွားမှာပဲ .. သူက သဘာဝအရပဲ "ဒီလူက ငါ့အပေါ်မှာ စိတ်ချယုံကြည်မှု ရှိမနေဘူးပဲ" ဆိုပြီး နားလည် မှတ်ယူသွားလိမ့်မယ် .. အဲ့သလို အနေအထားမှာ အပြုသဘောဆောင်တဲ့ ဆက်ဆံရေးမျိုး တည်ဆောက်နိုင် လိမ့်မယ်လို့ မင်းထင်လား .. ဆိုတော့ ငါတို့ဟာ နက်ရှိုင်းတဲ့ဆက်ဆံရေးတစ်ခု တည်ဆောက်ဖို့ရာအတွက်မှာ အခြေအနေတွေပေါ် မမှီတည်တဲ့ စိတ်ချယုံကြည်မှုမျိုးကို အခြေခံအုတ်မြစ်အဖြစ်တည်ဆောက်ရမယ် ဆိုတာကို နားလည်ဖို့လိုတယ်

လူငယ် - ကောင်းပါပြီ .. ကျွန်တော်နားလည်ပြီလို့ ထင်တယ်

ဒဿနပညာရှင် - အက်ဒလာစိတ်ပညာကို နားလည်နိုင်မယ့်နည်းလမ်းက ရိုးရိုးလေးပါ .. လူတစ်ယောက်အပေါ်မှာ အခြေအနေတွေအပေါ် မတည်မှီတဲ့ စိတ်ချယုံကြည်မှုမျိုးကို ငါထားလိုက်မယ်ဆိုရင် ငါအဲ့ဒီကနေပြီး အကျိုးကျေးဇူးရလာနိုင်တယ်လို့ မင်း အခုစဉ်းစားနေတယ် .. ဒါပေမယ့်လည်း အဲ့ဒီအကျိုးကျေးဇူးကို ယူရမလား မယူရဘူးလားဆိုပြီး ဆုံးဖြတ်ရမယ့်သူက မင်းမဟုတ်ဘူး .. အဲ့ဒါက တစ်ဖက်လူရဲ့အလုပ်ပဲ .. မင်းလုပ်သင့်သမျှကတော့ ငါဘာလုပ်သင့်သလဲဆိုတာကို စဉ်းစားဖို့ပါပဲ .. သူငါ့အပေါ်အမြတ်မထုတ်ရင် အဲ့ဒီအကျိုးကျေးဇူးကို သူ့ကို ငါပေးလိုက်မယ်လို့ မင်းကိုယ့်ကိုယ်ကိုယ် ပြောမိနေတယ်ဆိုရင် အဲ့ဒါဟာ လုံခြုံစိတ်ချရမှု ဒါမှမဟုတ် အခြေအနေတွေအပေါ်တည်မှီနေတဲ့ ယုံကြည်မှုနဲ့ တည်ဆောက်ထားတဲ့ ဆက်ဆံရေးတစ်ခု ဖြစ်နေမှာပဲ

လူငယ် - ဆိုတော့ ဒီနေရာမှာလည်း တာဝန်ခွဲခြားခြင်း လုပ်ရမှာပဲလား

ဒဿနပညာရှင် - ဟုတ်တယ် .. ငါထပ်ကာတလဲလဲပြောနေသလိုပါပဲ .. တာဝန်ခွဲခြားခြင်းလုပ်ထားရင် အံ့အားသင့်ဖွယ်ရာကောင်းလောက်အောင် ရိုးစင်းလွန်းတဲ့ဘဝကို ရလိမ့်မယ် .. ဒါပေမယ့် တာဝန်ခွဲခြားခြင်း ဆိုတဲ့ ဥပဒေသဟာ နားလည်ဖို့ လွယ်ပေမယ့် တကယ်တန်းကျင့်သုံးဖို့ဆိုရင် ခက်ခဲလွန်းတယ် .. အဲ့ဒီအချက်ကို တော့ ငါလက်ခံပါတယ်

လူငယ် - ဆိုတော့ လူတိုင်းအပေါ်မှာ ဘာဖြစ်ဖြစ်ဆက်ပြီး စိတ်ချယုံကြည်ပေးဖို့၊ အခြားသူတွေက ကျွန်တော့်ကို လိမ်လည်လှည့်ဖျားသွားရင်တောင် သူတို့ကိုဆက်လက်ယုံကြည်ပေးနေဖို့၊ တုံးအတဲ့ အရူးတစ်ယောက်လိုပဲ ဆက်လက်နေထိုင်သွားဖို့ ခင်ဗျားကျွန်တော့်ကို ပြောနေတာလား .. ဒါဟာ ဒဿနတစ်ရပ်လည်း မဟုတ်သလို

စိတ်ပညာရပ်တစ်ခုလည်း မဟုတ်ဘူး .. အဲ့သလို ပညာရပ်အမျိုးအစားတစ်ခုတောင် ဟုတ်မနေဘူး .. ဘာသာရေးအစွန်းရောက်တစ်ယောက် ဟောတဲ့တရားလိုမျိုးအဆင့်ပဲ ရှိတယ်

ဒဿနပညာရှင် - အဲ့ဒါကို ငါလုံးဝ ကန့်ကွက်တယ် .. အက်ဒလာစိတ်ပညာက တန်ဖိုးနဲ့ဆိုင်တဲ့ ကျင့်ဝတ်စနစ်တွေပေါ်အခြေခံပြီး "အခြားသူတွေအပေါ်မှာ အခြေအနေတွေပေါ် မတည်မှီတဲ့ စိတ်ချယုံကြည်မှုထားကြ" လို့ပြောနေတာမဟုတ်ဘူး .. အခြေအနေတွေအပေါ် မတည်မှီတဲ့ စိတ်ချယုံကြည်မှုဟာ မင်းရဲ့လူလူချင်းဆက်ဆံရေးတွေကို ပိုကောင်းအောင်တည်ဆောက်ဖို့နဲ့ ရေပြင်ညီဆက်ဆံရေးကို တည်ဆောက်ဖို့ရာအတွက် အသုံးပြုတဲ့ နည်းလမ်းတစ်ခုဖြစ်တယ် .. တကယ်လို့ အဲ့ဒီလူနဲ့မင်းရဲ့ ဆက်ဆံရေးကို ပိုကောင်းလာစေဖို့ မင်းဆန္ဒမရှိဘူးဆိုရင် ပုံမှန်အတိုင်းဆက်နေပြီး သူနဲ့ဆက်ဆံရေးကို ဖြတ်တောက်လိုက်ပေါ့ .. ဘာကြောင့်လဲဆိုတော့ အဆက်သွယ် ဖြတ်တောက်မှုကို လုပ်ရမှာက မင်းအလုပ်မို့လို့ပဲလေ

လူငယ် - ဒါဖြင့် ကျွန်တော်တို့ဆက်ဆံရေးကို ပိုကောင်းလာစေဖို့ရာအတွက် သူငယ်ချင်းတစ်ယောက်အပေါ်မှာ ကျွန်တော်က အခြေအနေတွေအပေါ် မတည်မှီတဲ့ စိတ်ချယုံကြည်မှုထားလိုက်ပြီဆိုရင် ဘာတွေဆက်ဖြစ်လာမှာလဲ .. အဲ့ဒီသူငယ်ချင်းအတွက် ကျွန်တော် သူတောင်းဆိုသမျှတွေကိုလုပ်ပေးမယ် .. ပိုက်ဆံလိုအပ်ရင်လည်း ဝမ်းမြောက်စွာနဲ့ သူကျေနပ်အောင် ထုတ်ပေးမယ် .. သူနဲ့ပတ်သက်ရင် ကျွန်တော့်အချိန်နဲ့ ကြိုးစားအားထုတ်မှုတွေကိုပေးမယ် .. ဒါပေမယ့် အဲ့သလိုကိစ္စတွေမှာတောင်မှ အမြတ်ထုတ်သွားတဲ့အခါမျိုးတွေ ရှိနေမှာပဲ .. ဥပမာအားဖြင့် တစ်ယောက်ယောက်က သူ့ကိုလုံးဝစိတ်ချယုံကြည်တဲ့လူတစ်ယောက်အပေါ်မှာ ကြောက်စရာကောင်းလောက်အောင် ဆိုးဆိုးရွားရွား အမြတ်ထုတ်နေပြီဆိုရင်ရော အဲ့ဒီအတွေ့အကြုံက "အခြားသူတွေဟာ ငါ့ရဲ့ရန်သူတွေဖြစ်တယ်" ဆိုတဲ့အမြင်ရှိတဲ့ ဘဝနေထိုင်မှုပုံစံဆီကို ဦးတည်မသွားစေနိုင်ဘူးလား

ဒဿနပညာရှင် - စိတ်ချယုံကြည်မှုဆိုတာရဲ့ ရည်မှန်းချက်ပန်းတိုင်ကို မင်းနားလည်သဘောပေါက်သေးပုံ မရဘူး .. ဥပမာအားဖြင့် မင်းဟာ ချစ်မှုရေးရာဆက်ဆံရေးတစ်ခုထဲမှာ ရှိနေတယ် ဆိုကြပါစို့ .. ဒါပေမယ့် မင်းဟာ မင်းရဲ့လက်တွဲဖော်အပေါ်မှာ သံသယရှိနေပြီး "သူဟာ ငါ့အပေါ်မှာဖောက်ပြားနေတယ်ဆိုတာ သေချာတယ်" ဆိုပြီး ထင်မြင်နေတယ် .. ပြီးတော့ မင်းဟာ အဲ့ဒီကိစ္စကို သက်သေပြနိုင်ဖို့ရာအတွက် အထောက်အထားတွေကို ကြိုးစားပြီး ရှာဖွေလာတယ် .. အဲ့ဒါရဲ့ ရလဒ်က ဘာဖြစ်လာမယ်လို့ မင်းထင်သလဲ

လူငယ် - အင်း .. မှန်းကြည့်ရရင် အဲ့ဒါက အခြေအနေအပေါ်မှာ မူတည်လိမ့်မယ်လို့ထင်တယ်

ဒဿနပညာရှင် - မဟုတ်ဘူး .. မင်းကြည့်လေရာရာနေရာတိုင်းမှာ သူဟာမင်းအပေါ်မှာ ဖောက်ပြားနေတယ်ဆိုတဲ့ အထောက်အထားအများကြီးကို မင်းတွေ့လာရလိမ့်မယ်

လူငယ် - နေစမ်းပါဦး .. ဘာကြောင့်အဲ့သလိုဖြစ်ရမှာလဲ

ဒသသနပညာရှင် - မင်းလက်တွဲဖော်ရဲ့ ပုံမှန်ပေးနေကျ မှတ်ချက်လေးတွေ၊ တယ်လီဖုန်းထဲမှာ အခြားတစ်ယောက်နဲ့သူပြောဆိုနေတဲ့လေသံတွေ၊ သူ့ဆီကိုမင်းမရောက်နိုင်တဲ့အချိန်မှာ သူမဘာတွေလုပ်နေမလဲ စတာတွေကို မင်းဖက်က သံသယမျက်လုံးနဲ့ကြည့်နေသမျှမှာ မင်းမြင်သမျှအရာအားလုံးဟာ သူမရဲ့ဖောက်ပြားမှုကိုပြမယ့်အထောက်အထားတွေအဖြစ်ပဲ မင်းမြင်နေမိလိမ့်မယ် .. သူဟာဖောက်ပြားမနေဘူးဆိုရင်တောင်မှပေါ့

လူငယ် - ဟင်း

ဒသသနပညာရှင် - အခုအချိန်မှာ မင်းဟာ မင်းအမြတ်ထုတ်ခံရမှာတစ်ခုကိုပဲ စိတ်ပူနေပြီး တခြားဘာကိုမှ ထည့်မစဉ်းစားဘူးဖြစ်နေတယ် .. အဲ့သလိုအနေအထားမျိုးကနေ မင်းခံစားရမယ့် ဒဏ်ရာတွေရဲ့ နာကျင်မှုကိုပဲ အာရုံစိုက်ပြီး မင်းကြည့်နေတယ် .. ဒါပေမယ့် အခြားသူတွေအပေါ်မှာ စိတ်ချယုံကြည်မှုထားဖို့ မင်းကြောက်လန့်နေရင် ရေရှည်မှာ မင်းဟာ ဘယ်သူနဲ့မှ နက်ရှိုင်းတဲ့ဆက်ဆံရေးကို ထူထောင်နိုင်မှာမဟုတ်ဘူး

လူငယ် - အင်း .. ခင်ဗျားပြောချင်တာကို ကျွန်တော်နားလည်ပြီ .. အဓိကရည်ရွယ်ချက်က နက်ရှိုင်းတဲ့ဆက်ဆံရေးကို ထူထောင်နိုင်ဖို့ပဲ .. ဒါပေမယ့် အမြတ်ထုတ်ခံရမှာကတော့ ကြောက်စရာကောင်းတဲ့ ကိစ္စမျိုးပဲလို့ ကျွန်တော်မြင်နေတုန်းပဲ .. မဟုတ်ဘူးလား

ဒသသနပညာရှင် - ခပ်ပေါ့ပေါ့ဆက်ဆံရေးဖြစ်နေရင် ကွဲကြတဲ့အခါ နဲနဲပဲနာကျင်ရမယ် .. အဲ့သလိုဆက်ဆံရေးကနေ နေ့စဉ်ပေးနိုင်တဲ့ သာယာပျော်ရွှင်မှုကလည်း ခပ်ပေါ့ပေါ့ပဲဖြစ်နေလိမ့်မယ် .. ဘာကြောင့်လဲဆိုတော့ လူတစ်ယောက်ဟာ နက်ရှိုင်းတဲ့ ဆက်ဆံရေးတွေကိုထဲကိုဝင်ရောက်နိုင်မယ့် သတ္တိကို အခြားသူတွေအပေါ်မှာ စိတ်ချယုံကြည်မှုရှိခြင်းအားဖြင့်သာ ရနိုင်မှာဖြစ်လို့ပါပဲ .. အဲ့သလိုဖြစ်မှသာ လူတစ်ယောက်ရဲ့ လူလူချင်းဆက်ဆံရေးဟာ ကြီးထွားစည်ပင်လာမှာဖြစ်ပြီး သူ့ရဲ့ဘဝအပေါ်ကျေနပ်ပီတိနဲ့ ပျော်ရွှင်နိုင်မှုဟာလည်း ကြီးထွားစည်ပင်လာနိုင်မှာပဲ

လူငယ် - မဟုတ်ဘူး .. အခုကျွန်တော်ပြောနေတာ အဲ့ဒီကိစ္စမဟုတ်ဘူး .. ခင်ဗျားဟာပြောနေတဲ့အကြောင်းအရာကိုထပ်ပြီးပြောင်းလိုက်ပြန်ပြီ .. ကျွန်တော်ပြောနေတာက အမြတ်ထုတ်ခံရမှာကို ကြောက်နေတဲ့စိတ်ကို ကျော်လွှားနိုင်မယ့် သတ္တိအကြောင်း .. အဲ့ဒီသတ္တိက ဘယ်ကနေ ပေါ်ထွက်လာမှာလဲ

ဒသသနပညာရှင် - အဲ့ဒါက ကိုယ့်ကိုယ်ကိုယ် လက်ခံမှုကနေပေါ်ထွက်လာမှာပဲ .. လူတစ်ယောက်ဟာ သူ့အရှိကို အရှိအတိုင်း ရိုးရိုးလေးလက်ခံနိုင်ရင် .. ပြီးတော့ ကိုယ်ဘာလုပ်နိုင်သလဲ ကိုယ်ဘာမလုပ်နိုင်ဘူးလည်းဆိုတာကို ခွဲခြားသိပြီဆိုရင် သူဟာ "အမြတ်ထုတ်ခြင်း" ဟာ အခြားသူရဲ့အလုပ်သာဖြစ်တယ်ဆိုတာကို နားလည်နိုင်စွမ်းရှိလာလိမ့်မယ် .. ပြီးတော့ "အခြားသူတွေကိုစိတ်ချယုံကြည်ခြင်း" ဆိုတဲ့သဘောတရားရဲ့ အနှစ်အသားကို သဘောပေါက်နားလည်အောင် လုပ်တဲ့နေရာမှာ အခက်အခဲတွေလျော့ပါးလာပါလိမ့်မယ်

လူငယ် - အမြတ်ထုတ်တာက တခြားလူရဲ့အလုပ် .. ကျွန်တော်တို့က အဲ့ဒါနဲ့ပတ်သက်လို့ ဘာမှမတတ်နိုင်ဘူးလို့ ခင်ဗျားပြောချင်တာလား .. ကျွန်တော်က အတည်ပြုတဲ့နည်းလမ်းနဲ့ ငြင်းပယ်ရမှာလား .. ခင်ဗျားရဲ့ ပြောဆိုချက်တွေက စိတ်ခံစားမှုကို အမြဲတမ်း လျစ်လျူရှုထားတယ်နော် .. အမြတ်ထုတ်တာခံရတဲ့အချိန်မှာ လူတစ်ယောက် ခံစားရတဲ့ ဝမ်းနည်းမှု၊ ဒေါသ စတာတွေနဲ့ ပတ်သက်ရင်ရော ဘယ်လိုလုပ်ရမှာလဲ

ဒဿနပညာရှင် - လူတစ်ယောက် ဝမ်းနည်းတဲ့အချိန်မှာ ကျေနပ်လောက်သည်အထိ ပြည့်ပြည့်ဝဝကြီး ဝမ်းနည်းပစ်လိုက်ရမယ် .. လူတစ်ယောက်ဟာ အဲ့သလို ပြည့်ပြည့်ဝဝ ဝမ်းမနည်းဘဲ နာကျင်မှုတွေနဲ့ ဝမ်းနည်းမှုတွေထဲကနေ ထွက်ပြေးဖို့ကြိုးစားရင် အဲ့ဒါတွေထဲမှာ ပိတ်မိသွားပြီး လူတွေနဲ့ နက်ရှိုင်းတဲ့ ဆက်ဆံရေး ထူထောင်မှုဟာလည်း ရပ်တန့်သွားလိမ့်မယ် .. ဒီလိုစဉ်းစားကြည့် .. ငါတို့ဟာ ယုံကြည်လို့ရတယ် .. ပြီးတော့ ငါတို့ဟာ သံသယထားလို့ ရတယ် .. ဒါပေမယ့် ငါတို့ဟာ အခြားသူတွေကို ငါတို့ရဲ့ ရဲဘော်ရဲဘက် အဖြစ်ရှုမြင်ချင်ကြတယ် .. ဆိုတော့ ငါတို့ ယုံကြည်မလား ဒါမှမဟုတ် သံသယထားမလား .. ငါတို့ရဲ့ ရွေးချယ်မှုဟာ ရှင်းလင်းပြတ်သားနေသင့်တယ်

**အလုပ်ရဲ့ အနှစ်သာရက အားလုံးရဲ့ အကျိုးစီးပွားကို ထမ်းရွက်ဖို့**

------------------------------------------------------------------

လူငယ် - ကောင်းပါပြီ .. ဆိုတော့ .. ကျွန်တော်က ကိုယ့်ကိုယ်ကိုယ်လက်ခံနိုင်သွားပြီ ဆိုကြပါစို့ .. ပြီးတော့ အခြားသူတွေအပေါ် စိတ်ချယုံကြည်မှုလည်း ကျွန်တော်ရသွားပြီ .. အဲ့သလိုအခြေအနေမှာ ကျွန်တော့်ဆီမှာ ဘာအပြောင်းအလဲတွေ ဖြစ်ပေါ်လာမှာလဲ

ဒဿနပညာရှင် - ပထမဆုံးအနေနဲ့ လူတစ်ယောက်ဟာ သူ့ရဲ့ အစားထိုးလို့မရနိုင်တဲ့ "ဒီ ငါ" ဆိုတဲ့အရာကို သူ့အရှိအတိုင်း လက်ခံနိုင်သွားလိမ့်မယ် .. အဲ့ဒါက ကိုယ့်ကိုယ်ကိုယ် လက်ခံမှုပဲ .. အဲ့ဒီနောက်မှာ သူဟာ အခြားသူတွေအပေါ်မှာ အခြေအနေတွေအပေါ် မတည်မှီတဲ့ စိတ်ချယုံကြည်မှုကို ထားနိုင်သွားမယ် .. ဒါက အခြားသူတွေကို စိတ်ချယုံကြည်မှုပဲ .. မင်းက ကိုယ့်ကိုယ်ကိုယ်လက်ခံနိုင်သွားတယ် .. ပြီးတော့ တခြားသူတွေကိုစိတ်ချယုံကြည်နိုင်သွားတယ် .. ဆိုတော့ အခုအချိန်မှာ အခြားသူတွေဟာ မင်းအတွက် ဘာတွေဖြစ်သွားပြီလဲ

လူငယ် - ကျွန်တော့်ရဲ့ ရဲဘော်ရဲဘက်တွေ ဖြစ်သွားတာလား

ဒဿနပညာရှင် - အတိအကျပါပဲ .. အခြားသူတွေအပေါ် စိတ်ချယုံကြည်မှု ထားနိုင်ခြင်းဟာ အခြားသူတွေကို ရဲဘော်ရဲဘက်တွေအဖြစ် ရှုမြင်နိုင်ခြင်းနဲ့ ချိတ်ဆက်နေပါတယ် .. ဘာကြောင့်လဲဆိုတော့ သူတို့ဟာ လူတစ်ယောက်ရဲ့ စိတ်ချယုံကြည်နိုင်မှုကိုရရှိတဲ့ ရဲဘော်ရဲဘက်တွေ ဖြစ်လာကြလို့ပါပဲ .. သူတို့ဟာ လူတစ်ယောက်ရဲ့ ရဲဘော်ရဲဘက်အဖြစ်ကို မရောက်သေးဘူးဆိုရင် အဲ့ဒီလူဟာ အခြားသူတွေအပေါ် စိတ်ချ

ယုံကြည်မှုပေးနိုင်စွမ်းတဲ့အဆင့်ကို မရောက်သေးဘူး .. ပြီးတော့ အခြားသူတွေကို ကိုယ့်ရဲ့ရဲဘော်ရဲဘက်တွေအဖြစ် ရှုမြင်နိုင်မှုဟာ အသိုက်အဝန်းအတွင်းမှာ ပါဝင်ပတ်သက်မှုရှိနေတယ်ဆိုတဲ့ ခိုလှုံရာနေရာလေးကို ရှာဖွေတွေ့ရှိခြင်းနဲ့ အချိတ်အဆက်ရှိနေတယ် .. ဆိုတော့ လူတစ်ယောက်ဟာ အဲ့သလိုအခြေအနေတွေနဲ့ ပြည့်စုံနေပြီဆိုရင် သူဟာ "ဒီနေရာလေးမှာ ရှိနေရတာ အဆင်ပြေတယ်" ဆိုတဲ့ ပါဝင်ပက်သက်မှုဆိုတဲ့ ခံစားချက်ကလေးကို ရရှိလိမ့်မယ်

လူငယ် - တခြားနည်းနဲ့ပြောရရင် "ဒီနေရာလေးမှာ ရှိနေရတာ အဆင်ပြေတယ်" ဆိုတဲ့ခံစားချက်လေးရဖို့ရာအတွက် လူတစ်ယောက်ဟာ အခြားသူတွေကို ရဲဘော်ရဲဘက်တွေအဖြစ် ရှုမြင်နိုင်ရမယ် .. ပြီးတော့ အခြားသူတွေကို ရဲဘော်ရဲဘက်အဖြစ်ရှုမြင်နိုင်ဖို့ရာအတွက် လူတစ်ယောက်ဟာ ကိုယ့်ကိုယ်ကိုယ်လက်ခံမှုနဲ့ အခြားသူတွေကို စိတ်ချယုံကြည်မှု နှစ်ခုစလုံးရှိနေရမယ် .. အဲ့သလို ခင်ဗျားပြောချင်တာမဟုတ်လား

ဒဿနပညာရှင် - အမှန်ပါပဲ .. မင်းဟာ အခုဆိုရင် အဲ့ဒီအချက်ကို ပိုပြီးမြန်မြန်ဆန်ဆန် သဘောပေါက်နိုင်လာပြီ .. အဲ့ဒီအဆင့်ကိုနဲနဲချဲ့ပြီးပြောရမယ်ဆိုရင် အခြားသူတွေကိုရန်သူတွေအဖြစ်ရှုမြင်နေတဲ့သူဟာ ကိုယ့်ကိုယ်ကိုယ် လက်ခံမှုကိုလည်း မရနိုင်သလို အခြားသူတွေအပေါ်မှာလည်း လုံလောက်တဲ့ စိတ်ချယုံကြည်မှုကို ထားနိုင်မှာမဟုတ်ဘူး

လူငယ် - ကောင်းပါပြီ .. လူတွေဟာ "ဒီနေရာလေးမှာ ရှိနေရတာ အဆင်ပြေတယ်" ဆိုတဲ့ ပါဝင်ပတ်သက်မှုဆိုတဲ့ ခံစားချက်ကလေးကို ရှာဖွေနေကြတယ်ဆိုတာအမှန်ပါပဲ..ပြီးတော့အဲ့ဒါကိုရဖို့အတွက်သူတို့မှာ ကိုယ့်ကိုယ်ကိုယ် လက်ခံမှုနဲ့ အခြားသူတွေအပေါ်မှာ စိတ်ချယုံကြည်မှု ရှိဖို့လိုအပ်ပါလိမ့်မယ် .. အဲ့ဒါကို ကျွန်တော်ကန့်ကွက်ဖို့ရာ မရှိပါဘူး .. ဒါပေမယ့် ကျွန်တော်မသိတာက လူတစ်ယောက်ဟာ အခြားသူတွေကို ရဲဘော်ရဲဘက်တွေအဖြစ် ရှုမြင်ရုံ၊ အခြားသူတွေအပေါ်မှာ စိတ်ချယုံကြည်မှု ရှိရုံလေးနဲ့ ပါဝင်ပတ်သက်မှုရှိနေတယ်ဆိုတဲ့ ခံစားချက်လေးကို တကယ်ပဲ ရပါ့မလား ဆိုတာပဲ

ဒဿနပညာရှင် - ဟုတ်တာပေါ့ .. အသိုက်အဝန်းဆိုတဲ့ခံစားချက်ဟာ ကိုယ့်ကိုယ်ကိုယ်လက်ခံမှုရှိရုံ၊ အခြားသူတွေအပေါ်မှာ စိတ်ချယုံကြည်မှုရှိရုံလေးနဲ့ ရတဲ့အရာမှ မဟုတ်တာ .. ဒီနေရာမှာ တတိယဥပဒေသဖြစ်တဲ့ အခြားသူတွေရဲ့အကျိုးကို ထမ်းရွက်မှုက လိုအပ်လာတယ်

လူငယ် - အင်း .. အခြားသူတွေရဲ့အကျိုးကို ထမ်းရွက်မှု

ဒဿနပညာရှင် - အဲ့ဒါက ကိုယ့်ရဲဘော်ရဲဘက်တွေအတွက် တနည်းနည်းနဲ့ လုပ်ဆောင်ပေးမှုပါပဲ .. သူတို့အကျိုးအတွက် ထမ်းရွက်ပေးဖို့ ကြိုးပမ်းမှုပါပဲ .. အဲ့ဒါက "အခြားသူတွေရဲ့အကျိုးကို ထမ်းရွက်မှု" ပါပဲ

လူငယ် - ဆိုတော့ "ထမ်းရွက်မှု" လို့ခင်ဗျားပြောတာက ကိုယ့်ကိုယ်ကိုယ်အနစ်နာခံပြီး ကိုယ့်ဝန်းကျင်က လူတွေကို လိုက်ပြီးကူညီလုပ်ကိုင်ပေးနေတာကို ဆိုလိုတာလား

ဒဿနပညာရှင် - အခြားသူတွေရဲ့အကျိုးကိုထမ်းရွက်မှုက ကိုယ့်ကိုယ်ကိုယ်အနစ်နာခံမှု ဆိုတဲ့ ဂယက်အနက် ရှိမနေပါဘူး .. အက်ဒလာအခုအထိပြောလာရတာက အခြားသူတွေအတွက် ကိုယ့်ကိုယ်ကိုယ်အနစ်နာခံတဲ့သူ ဟာ လူ့အဖွဲ့အစည်းနဲ့ တညီတညွတ်တည်း ဖြစ်မှုကို အလွန်အမင်းလိုချင်နေတဲ့သူဖြစ်တယ်ဆိုတာကို သတိပေးဖို့ ပါပဲ .. ပြီးတော့မမေ့လိုက်ပါနဲ့ .. ငါတို့ရဲ့ဖြစ်တည်မှုနဲ့ အပြုအမူတွေဟာ "ငါဟာ တစ်ယောက်ယောက် အတွက် အသုံးဝင်နေတာပဲ" လို့ခံစားရနိုင်စေမှသာလျှင် ငါတို့ဟာ ငါတို့ရဲ့ ကိုယ်ပိုင်တန်ဖိုးကို မှန်မှန်ကန်ကန် သိရှိ နားလည်လိမ့်မယ် ဆိုတာကိုပေါ့ .. ဒီအချက်ကို မင်းမှတ်မိသေးရဲ့လား .. အဲ့ဒါကို တနည်းပြောရရင် အခြားသူ တွေရဲ့အကျိုးကိုထမ်းရွက်မှုဟာ "ငါ" ဆိုတာကိုစွန့်လွှတ်ပြီး ကိုယ့်ကိုယ်ကိုယ်အနစ်နာခံတာ၊ တစ်စုံတစ်ယောက် ကိုအလုပ်အကျွေးပြုတာထက် လူတစ်ယောက် "ငါ" ရဲ့ စစ်မှန်တဲ့တန်ဖိုးကို အမှန်တကယ်သိနားလည်ဖို့ရာ အတွက် လုပ်ဆောင်တဲ့ လုပ်ဆောင်မှုကိုပြောတာပါပဲ

လူငယ် - အခြားသူတွေကို အကျိုးပြုတယ်ဆိုတာက ကိုယ့်အတွက်လုပ်ရတဲ့အရာမျိုးလား

ဒဿနပညာရှင် - ဟုတ်တယ် .. ကိုယ့်ကိုယ်ကိုယ် အနစ်နာခံပြီးလုပ်စရာ မလိုပါဘူး

လူငယ် - အား .. အိုး .. ခင်ဗျားရဲ့အဆိုက ဒီနေရာမှာ ကျေပျက်နေပြီ .. မဟုတ်ဘူးလား .. ခင်ဗျားက ကိုယ့်သေတွင်းကိုယ် တူးနေသလိုမျိုးပဲ .. "ငါ" ကိုကျေနပ်နှစ်သိမ့်စေဖို့ရာအတွက် လူတစ်ယောက်ဟာ အခြားသူ တွေအကျိုးကို ဆောင်ရွက်ပေးရမတဲ့လား .. အဲ့ဒါမျိုးဟာ ကြောင်သူတော်ဆိုတာရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်နဲ့ တစ်ထပ်တည်းကျမနေဘူးလား .. ကျွန်တော်အရင်ကတည်းက ပြောခဲ့ပါတယ် .. ခင်ဗျားရဲ့ အယူအဆတစ်ခုလုံး က သီအိုရီအရပဲ တည်ဆောက်ထားလို့ရတဲ့ အဆိုကြီးပါလို့ .. တကယ်လက်တွေ့မှာ သုံးမရပါဘူး .. ဒီမှာ ကျွန်တော်ဟာ ရိုးသားတဲ့လူဆိုးတစ်ယောက်ကိုပဲ ပိုယုံကြည်တယ် .. မုသားတွေနဲ့ ဟန်ဆောင်ပြီးကောင်းပြနေ တဲ့ လူကောင်းတစ်ယောက်ကို ကျွန်တော်မယုံကြည်ဘူး

ဒဿနပညာရှင် - ဒါတွေက မင်းအဆောတလျှင်ချတဲ့ ကောက်ချက်တွေပါပဲကွာ .. မင်းဟာ အသိုက်အဝန်းဆိုတဲ့ ခံစားချက်ကို အခုထိနားမလည်သေးဘူးပဲ

လူငယ် - ဒါဖြင့်လည်း အခြားသူတွေရဲ့ အကျိုးကိုထမ်းရွက်ခြင်းနဲ့ဆိုင်တဲ့ ပိုပြီးခိုင်ခံ့ကောင်းမွန်တဲ့ ဥပမာလေးတွေ ပေးပါဦး

ဒဿနပညာရှင် - အခြားသူတွေအကျိုးကို ထမ်းရွက်နေတာရဲ့ နားလည်ဖို့အလွယ်ကူဆုံးအရာကတော့ အလုပ် ပါပဲ .. လူ့အဖွဲ့အစည်းအတွင်းမှာ ရှိနေဖို့နဲ့ လုပ်သားအင်အားစုကြီးထဲမှာ ပါဝင်နေဖို့ပါ .. ဒါမှမဟုတ် ကိုယ့်ရဲ့

အိမ်ထောင်စုကို စောင့်ရှောက်နေတဲ့အလုပ်ကို လုပ်ဖို့ပါပဲ.. လုပ်သားလို့ပြောလိုက်ပြီဆိုရင် ဝင်ငွေရတဲ့ အလုပ်မျိုးကိုပဲ ဆိုလိုတာမဟုတ်ပါဘူး .. ဆိုတော့ လူတစ်ယောက်ဟာ လုပ်သားအဖြစ်ရှိနေခြင်းအားဖြင့် သူဟာ အခြားသူတွေရဲ့အကျိုးကို ထမ်းရွက်နေတာဖြစ်တယ်၊ အသိုက်အဝန်းအတွက် အကျိုးပြုနေတာဖြစ်တယ် ပြီးတော့ "ငါဟာ တစ်ယောက်ယောက်အတွက် အသုံးဝင်နေတယ်" ဆိုတဲ့ စစ်မှန်တဲ့ခံစားချက်ကိုလည်း ရလိမ့်မယ် .. ပြီးတော့ သူ့ဖြစ်တည်နေမှုရဲ့ အဖိုးတန်မှုကိုတောင်မှ သူလက်ခံနိုင်လာပါလိမ့်မယ်

လူငယ် - အလုပ်ရဲ့အနှစ်သာရဟာ အခြားသူတွေရဲ့အကျိုးကို ထမ်းရွက်ခြင်းလို့ ခင်ဗျားပြောလိုတာလား

ဒဿနပညာရှင် - ပိုက်ဆံရှာတာကလည်း အဓိကကျတဲ့အချက်တစ်ခုပါပဲ .. အဲ့ဒါက မင်းပြောခဲ့တဲ့ ဒေါ့တိုယက်စကီးရဲ့ အဆိုဖြစ်တဲ့ "ပိုက်ဆံဆိုတာ သွန်းလုပ်ထားတဲ့ လွတ်လပ်မှုပဲ" ဆိုတဲ့စကားနဲ့လည်း တူပါတယ် .. ဒါပေမယ့် သူတို့ဘယ်တော့မှသုံးဖြစ်မှာမဟုတ်တဲ့ ပိုက်ဆံတွေအများကြီးရှိတဲ့လူတွေလည်း ရှိနေတယ် .. ပြီးတော့ အဲ့သလိုလူအများစုဟာလည်း သူတို့အလုပ်တွေနဲ့ အမြဲမပြတ်အလုပ်ရှုပ်နေကြတယ် .. သူတို့ ဘာကြောင့်အလုပ်လုပ်နေကြတာလဲ .. အတောမသတ်နိုင်တဲ့ လောဘကြောင့်လား .. မဟုတ်ပါဘူး .. သူတို့ အလုပ်လုပ်နေကြတယ်ဆိုတာဟာ သူတို့မှာအခြားသူတွေကို အကျိုးပြုနိုင်စွမ်းရှိနေကြတာကြောင့်ပါ .. ပြီးတော့ သူတို့ဟာ သူတို့ရဲ့ "ဒီနေရာမှာရှိနေရတာ အဆင်ပြေတယ်" လို့ခံစားရတဲ့ သူတို့ရဲ့ ပါဝင်ပတ်သက်မှုရှိနေတယ် ဆိုတဲ့ ခံစားချက်ကလေးကိုလည်း တည်ဆောက်နေကြတာပါ .. သူတို့အတွက်လုံလောက်တဲ့ ဓနဥစ္စာတွေကို စုဆောင်းထားပြီးကြတဲ့ ချမ်းသာတဲ့လူတွေဟာ သူတို့ရဲ့စွမ်းအင်တွေကို အလှူဒါနနဲ့ ပရဟိတလုပ်ဆောင်ချက်တွေမှာ အသုံးချကြတယ် .. သူတို့အဲ့သလိုလုပ်ကြတာတွေက သူတို့ရဲ့ကိုယ်ပိုင်တန်ဖိုးကို ရချင်လို့နဲ့ သူတို့ကိုယ်သူတို့ "ဒီနေရာလေးမှာရှိနေရတာက အဆင်ပြေပါတယ်" ဆိုတဲ့ခံစားချက်ကလေးကို ခိုင်မြဲအောင်တည်ဆောက်နေကြတာဖြစ်တယ်

လူငယ် - ဟင်း .. အဲ့ဒါကလည်း မှန်ကန်တဲ့အချက်တစ်ခုလို့ ထင်ပါတယ် .. ဒါပေမယ့် ......

ဒဿနပညာရှင် - ဒါပေမယ့် ဘာဖြစ်လဲ

+++

***ကိုယ့်ကိုယ်ကိုယ် လက်ခံမှု*** *: လူတစ်ယောက်ရဲ့ အစားထိုးလို့မရတဲ့ "ဒီ ငါ" ဆိုတဲ့အရာကို အရှိအတိုင်း လက်ခံခြင်း*

***အခြားသူတွေကို စိတ်ချယုံကြည်မှု*** *: လူတစ်ယောက်ရဲ့ လူလူချင်းဆက်ဆံရေးရဲ့ အခြေခံအဖြစ် သံသယတွေကို ထားရှိမယ့်အစား အခြားသူတွေအပေါ် ဘာအခြေအနေအပေါ်မှ မမှီခိုတဲ့ စိတ်ချယုံကြည်မှုထားခြင်း*

*ဒီအယူအဆနစ်ရပ်ဟာ ခိုင်လုံတယ်ဆိုတာ လူငယ်ကလက်ခံနေပါတယ်။ ဒါပေမယ့် အခြားသူတွေရဲ့အကျိုးကို ထမ်းရွက်ခြင်း အယူအဆကိုတော့ သူသိပ်ဘဝင်မကျဘူးဖြစ်နေပါတယ်။*

*အဲ့သလိုထမ်းရွက်မှုက "အခြားသူတွေအတွက်" ဖြစ်ရမယ်ဆိုရင် လူတစ်ယောက်ဟာ ခါးသီးတဲ့ ကိုယ့်ကိုယ်ကိုယ် အနစ်နာခံမှုကိုလုပ်ရလိမ့်မယ်။ တခြားတစ်ဖက်မှာတော့ အဲ့ဒီထမ်းရွက်မှုက "ကိုယ့်အတွက်" ဆိုရင် အဲ့ဒါက ကြောင်သူတော်ဆန်နေတယ်။ ဒီအချက်ကို ရှင်းအောင်လုပ်ရမယ်။*

*လူငယ်ဟာ လေးနက်တဲ့အသံနဲ့ ဆက်ပြောလိုက်ပါတယ်။*

## လူငယ်တွေက လူကြီးတွေရှေ့ကနေ လျှောက်ကြတယ်

----------------------------------------------------------

လူငယ် - အလုပ်မှာ အခြားသူတွေအတွက် ထမ်းရွက်ပေးမှုဆိုတဲ့သဘောပါဝင်တယ်ဆိုတာ ကျွန်တော်လက်ခံပါတယ် .. ဒါပေမယ့် လူတစ်ယောက်ဟာ ကိုယ့်အတွက်ကိုယ်လုပ်ရင်းနဲ့ အခြားသူတွေအတွက်ထမ်းရွက်ပေးနေတယ်ဆိုတဲ့ ယုတ္တိက တခြားဘာမှဟုတ်မနေဘဲ ကြောင်သူတော်ဆန်မှုတစ်ခုလို့ပဲ မြင်တယ် .. ခင်ဗျား အဲ့ဒါကို ဘယ်လိုရှင်းပြနိုင်မလဲ

ဒဿနပညာရှင် - ဒီမြင်ကွင်းလေးကို စိတ်ကူးမြင်ယောင်ကြည့်လိုက် .. အိမ်မှာ ညစာစားပြီးတဲ့အချိန်ပေါ့ .. ပြီးတော့ စားပွဲပေါ်မှာလဲ ပန်းကန်ပြားတွေကျန်နေသေးတယ် .. ကလေးတွေက သူတို့အခန်းထဲကို ဝင်သွားကြပြီ .. လင်ယောကျ်ားက ဆိုဖာပေါ်မှာထိုင်ပြီး တီဗွီကြည့်နေတယ် .. ပန်းကန်တွေဆေးဖို့နဲ့ စားပွဲရှင်းလင်းဖို့က အိမ်ထောင်ရှင်မ (ကိုယ်) ပဲကျန်တော့တယ် .. အခြေအနေကို ပိုပြီးဆိုးသွားအောင်ပြောရရင် ကျန်တဲ့မိသားစုဝင်တွေဟာ အဲ့ဒါကို သူတို့နဲ့မဆိုင်တဲ့အလုပ်လိုပဲ ဘယ်သူကမှ နည်းနည်းလေးတောင်ကူညီဖို့ မလုပ်ကြဘူး .. အဲ့သလို အခြေအနေမျိုးမှာ လူတစ်ယောက်ဟာ ပုံမှန်အားဖြင့် သူတို့ငါ့ကို ဘာလို့မကူညီကြတာလဲ ဒါမှမဟုတ် ဒီအလုပ်တွေအားလုံးကို ငါကဘာကြောင့်လုပ်ရမှာလဲလို့ တွေးမိလိမ့်မယ် .. ငါ ဒီလိုသန့်ရှင်းရေးလုပ်နေချိန်မှာ မိသားစုဆီက "ကျေးဇူးတင်ပါတယ်" ဆိုတဲ့စကားလေးတောင်မကြားရဘူး .. ငါဟာမိသားစုအတွက် အသုံးဝင်တဲ့သူဖြစ်တယ်ဆိုတာလေးလောက်တော့ သူတို့တွေးတောစေချင်နေမိတယ် စသဖြင့် တွေးမိတတ်ကြပါတယ် .. အခြားသူတွေငါ့အတွက် ဘာလုပ်ပေးနိုင်မလဲလို့ တွေးနေမယ့်အစား အခြားသူတွေအတွက် ငါဘာလုပ်ပေးနိုင်မလဲဆိုတာကို တွေးတောပြီး ငါလက်တွေ့ကျင့်သုံးချင်တယ် .. အဲ့သလိုမျိုး ထမ်းရွက်ပေးလိုတဲ့ခံစားချက် ရှိနေရုံနဲ့ပဲ .. ငါ့ရှေ့မှာရှိနေတဲ့ အရှိတရားဟာ လုံးဝမတူကွဲပြားတဲ့ အရောင်အဆင်းအဖြစ် ပြောင်းလဲသွားလိမ့်မယ် .. တကယ်တန်းမှာတော့ ငါပန်းကန်တွေဆေးရတယ်ဆိုပြီး ငြီးတွားနေမယ်ဆိုရင် ငါ့ဝန်းကျင်မှာ ပျော်စရာသိပ်မရှိဘဲဖြစ်နေလိမ့်မယ် .. အဲ့သလိုသာဆို လူတိုင်းက ခပ်ခွာခွာလေးမှာ ခွာပြီးနေကြလိမ့်မယ် .. တခြားတစ်ဖက်မှာလည်း တကျီကျီနဲ့ ငြီးတွားမနေဘဲ ပန်းကန်တွေကို စိတ်စေတနာကောင်းလေးထားပြီး ဆေးလိုက်ရင် ကလေး

တွေက ငါ့ဆီလာပြီး ကူညီကောင်းကူညီနိုင်တယ်လေ .. နောက်ပိတ်ဆုံးမှာတော့ အဲ့သလို စိတ်ကောင်းလေးထား ပြီးပန်းကန်ဆေးလိုက်တာက သူတို့အကူအညီပေးချင်စိတ်ရှိရင် အလွယ်တကူနဲ့လာပြီး ကူညီလို့ရမယ့် အခြေအနေတစ်ခုကို ငါ ဖန်တီးလိုက်တာပဲလေ

လူငယ် - အင်း .. အဲ့ဒီအခြေအနေမှာတော့ အဲ့ဒါက ဖြစ်နိုင်ပါတယ်လေ

ဒဿနပညာရှင် - အခု .. အဲ့သလိုအခြေအနေမျိုးမှာ အခြားသူတွေအတွက် ထမ်းရွက်တယ်ဆိုတဲ့ ခံစားချက် ငါ့ဆီမှာ ဘယ်လိုပေါ်ပေါက်လာတာလဲ .. ငါဟာ ငါ့မိသားစုဝင်တွေကို ငါ့ရဲ့ရဲဘော်ရဲဘက်တွေလို့ မှတ်ယူနိုင်စွမ်းရှိ လို့ ငါ့ဆီမှာ အဲ့ဒီခံစားချက် ပေါ်ပေါက်လာတာပဲ .. ငါ အဲ့သလိုမမှတ်ယူနိုင်ရင် 'ငါတစ်ယောက်ထဲ ဒါတွေကို ဘာကြောင့်လုပ်နေရတာလဲ'၊ 'တခြားသူတွေက ငါ့ကိုဘာကြောင့်များ လာမကူညီကြတာလဲ' ဆိုတဲ့အတွေးတွေ က ငါ့ခေါင်းထဲမှာ ဘယ်လိုမှရှောင်လွှဲလို့မရဘဲ ပေါ်လာမှာပဲ .. အခြားသူတွေကို ရန်သူတွေလို့ သတ်မှတ်နေရင်း နဲ့ သူတို့အကျိုးကို ထမ်းရွက်ပေးနေတာမျိုးကမှ ကြောင်သူတော်ဆန်တယ်လို့ တကယ်တန်း ပြောရမှာပါ .. ဒါပေမယ့်အခြားသူတွေဟာ ကိုယ့်ရဲ့ရဲဘော်ရဲဘက်တွေဖြစ်နေရင် ဘယ်လိုထမ်းရွက်မှုမျိုးကို လုပ်နေသည်ဖြစ်စေ အဲ့သလိုမျိုးဘယ်တော့မှ ဖြစ်စရာ အကြောင်း မရှိပါဘူး .. မင်း "ကြောင်သူတော်ဆန်တယ်" ဆိုတဲ့ စကားလုံး အပေါ် နားလည်မှုလွဲမှားနေတာက အသိုက်အဝန်းဆိုတဲ့ခံစားချက်ကို မင်းနားမလည်သေးလို့ပါ

လူငယ် - ကောင်းပါပြီ

ဒဿနပညာရှင် - မင်းအဆင်ပြေဖို့ ပြောခဲ့သမျှတွေကို အနှစ်ချုပ်ရရင် အခုအချိန်အထိ ကိုယ့်ကိုယ်ကိုယ်လက်ခံ မှု၊ အခြားသူတွေကို စိတ်ချယုံကြည်မှု၊ အခြားသူတွေအတွက် ထမ်းရွက်မှု စတာတွေကို အစဉ်အတိုင်း ငါတို့ ဆွေးနွေးခဲ့ကြပြီးပြီ .. ဒါပေမယ့် အဲ့ဒီသုံးချက်ဟာ ပိုင်းခြားလို့မရတဲ့ အရာတစ်ခုအဖြစ်နဲ့ ပေါင်းစည်းချိတ်ဆက်နေ ကြတယ် .. စက်ဝိုင်းတစ်ခုလိုမျိုးပေါ့ .. ဘာကြောင့်အဲ့သလိုဖြစ်နေရတာလဲဆိုတော့ လူတစ်ယောက်ဟာ သူ့အရှိ ကိုအရှိအတိုင်း လက်ခံ (ကိုယ့်ကိုယ်ကိုယ်လက်ခံမှု) လိုက်တာနဲ့ အမြတ်ထုတ်ခံရမှာကို ကြောက်တဲ့စိတ်မပါ တော့ဘဲနဲ့ "အခြားသူတွေကို စိတ်ချယုံကြည်မှု" လည်း သူ့မှာရှိသွားလိမ့်မယ် .. သူဟာ ဘာအခြေအနေအပေါ် မှာ မတည်မှီတဲ့ စိတ်ချယုံကြည်မှုကို အခြားသူတွေအပေါ်မှာ ထားနိုင်သွားပြီဖြစ်တယ် .. လူတွေကို သူ့ရဲ့ ရဲဘော် ရဲဘက်တွေအဖြစ် ခံစားနိုင်သွားပြီဖြစ်တယ် .. အဲ့သလိုနဲ့ပဲ သူဟာ "အခြားသူတွေရဲ့အကျိုးကို ထမ်းရွက်မှု" ပြုနိုင် သွားပြီဖြစ်တယ် .. အဲ့ဒီနောက်မှာ သူဟာ အခြားသူတွေရဲ့အကျိုးကိုထမ်းရွက်နိုင်ပြီဖြစ်တာကြောင့် "ငါဟာ တစ်ယောက်ယောက်အတွက် အသုံးဝင်တယ်" ဆိုတဲ့နက်ရှိုင်းတဲ့အသိကိုရရှိပြီး ကိုယ့်ကိုယ်ကိုယ်လည်း အရှိ အတိုင်းလက်ခံနိုင်ပြီဖြစ်တယ် .. သူဟာ ကိုယ့်ကိုယ်ကိုယ်လက်ခံနိုင်သူဖြစ်သွားပြီ .. မင်းအရင်နေ့က ချရေးထား တဲ့ မှတ်စုတွေ ပါလာသေးလား

လူငယ် - အိုး .. ခင်ဗျားပြောတာက အက်ဒလာစိတ်ပညာက ပြောတဲ့ ရည်ရွယ်ချက်နဲ့ပတ်သက်တဲ့ မှတ်စုလား .. ပါတာပေါ့ .. အဲ့ဒီနေ့ကစပြီး ကိုယ်နဲ့မကွာအမြဲဆောင်ထားပါတယ် .. ဒီမှာပါ "အပြုအမူရဲ့ ရည်ရွယ်ချက်နှစ်ခုက

ကိုယ့်ကိုယ်ကိုယ်မှီခိုအားထားဖို့နဲ့ လူ့အဖွဲ့အစည်းနဲ့ သဟဇာတရှိရှိ နေထိုင်ဖို့ .. ပြီးတော့ အဲ့ဒီအပြုအမူကို ထောက်ပံ့ပေးဖို့ရာ စိတ်ဓာတ်ရေးရာအတွက် ရည်မှန်းချက်နှစ်ခုရှိတယ် .. ငါ့မှာစွမ်းဆောင်ရည်ရှိတယ်ဆိုတာကို သိဖို့နဲ့ လူတွေဟာ ငါ့ရဲ့ ရဲဘော်ရဲဘက်တွေပဲဆိုတာကို သိဖို့"

ဒဿနပညာရှင် - မင်းမှတ်ထားတဲ့ မှတ်စုထဲကအကြောင်းအရာတွေနဲ့ ငါတို့အခုဆွေးနွေးခဲ့တာတွေကို နှိုင်းယှဉ်ပြီး မင်းတွေးကြည့်ရင် မင်းပိုပြီးနက်နဲတဲ့ နားလည်မှုကို ရရှိလာလိမ့်မယ် .. တနည်းပြောရရင် "ကိုယ့်ကိုယ်ကိုယ်မှီခိုအားထားဖို့" နဲ့ "ငါ့မှာစွမ်းဆောင်ရည်ရှိတယ်ဆိုတာကိုသိဖို့" ဆိုတဲ့အချက်တွေက ငါတို့ ဆွေးနွေးခဲ့ကြတဲ့ ကိုယ့်ကိုယ်ကိုယ်လက်ခံမှုနဲ့ အတူတူပဲ .. ပြီးတော့ "လူ့အဖွဲ့အစည်းနဲ့ သဟဇာတရှိရှိနေထိုင်ဖို့" နဲ့ "လူတွေဟာ ငါ့ရဲ့ရဲဘော်ရဲဖက်တွေ ဆိုတာကိုသိမှု" က အခြားသူတွေအပေါ် စိတ်ချယုံကြည်မှုရှိဖို့နဲ့ အခြားသူတွေရဲ့ အကျိုးကိုထမ်းရွက်ဖို့ ဆိုတာနဲ့ ချိတ်ဆက်မှုရှိနေတယ်

လူငယ် - ဟုတ်ကဲ့ .. နားလည်ပြီ .. ဆိုတော့ ဘဝရဲ့ရည်ရွယ်ချက်ဆိုတာက အသိုက်အဝန်းဆိုတဲ့ ခံစားချက်ပဲ .. အဲ့ဒါက ကျွန်တော့်ခေါင်းထဲမှာ အရင်ကထက်ပိုရှင်းလာပြီလို့ ကျွန်တော်ထင်တယ်

ဒဿနပညာရှင် - ဟုတ်တယ် .. အဲ့သလိုဖြစ်လာမှာပဲ .. အက်ဒလာကိုယ်တိုင်လည်း ဒီလိုပြောဖူးတယ် .. "လူသားကို နားလည်ဖို့ရာက လွယ်ကူတဲ့ကိစ္စမဟုတ်ဘူး .. စိတ်ပညာရပ်အသီးသီးအနက်က ပုဂ္ဂလိကစိတ်ပညာဟာ သင်ယူလေ့လာဖို့နဲ့ လက်တွေ့အသုံးချဖို့မှာ အခက်ခဲဆုံး စိတ်ပညာရပ်တစ်ခုဖြစ်လိမ့်မယ်" တဲ့

လူငယ် - အဲ့ဒါ လုံးဝမှန်တယ် .. သီအိုရီတွေက မှန်ကန်ကြောင်းထင်ရှားနေပေမယ့်လည်း အဲ့ဒါတွေကို လက်တွေ့ဘဝမှာအသုံးချဖို့က ခက်ခဲတယ်

ဒဿနပညာရှင် - အက်ဒလာစိတ်ပညာကို အမှန်တကယ်နားလည်ဖို့နဲ့ လူတစ်ယောက်ရဲ့ အမြဲတမ်းပြောင်းလဲနေတဲ့ ဘဝနေထိုင်မှုနည်းလမ်းထဲမှာ ထည့်သွင်းအသုံးချဖို့ရာဆိုရင် လူတစ်ယောက်ဟာ "သူရှင်သန်နေထိုင်ခဲ့တဲ့ ဘဝရဲ့ တစ်ဝက်လောက်သော အချိန်တွေကိုယူဖို့လိုလိမ့်မယ်" လို့တောင်ပြောကြသေးတယ် .. တခြားနည်းနဲ့ ပြောရရင်တော့ မင်းအဲ့ဒါကို အသက်လေးဆယ်အရွယ်မှာ စပြီးလေ့လာရင် အဲ့ဒါက နောက်ထပ်အနှစ်နှစ်ဆယ် လောက်လိုအပ်ပြီး တကယ်နားလည်တဲ့အချိန်မှာ မင်း အသက်ခြောက်ဆယ်ဖြစ်နေလိမ့်မယ် .. မင်း အဲ့ဒါကို အသက်နှစ်ဆယ်အရွယ်မှာ စပြီးလေ့လာရင် နောက်ထပ်ဆယ်နှစ်လောက် မင်းအချိန်ယူရမှာဖြစ်ပြီး အသက် သုံးဆယ်အရွယ်မှာ မင်းနားလည်လိမ့်မယ်ပေါ့ကွာ .. မင်းက ငယ်ငယ်လေးရှိပါသေးတယ် .. ဒီလိုဘဝရဲ့ အစပိုင်း အချိန်မှာ စပြီးလေ့လာခွင့်ရတာက မင်းဟာ လိုအပ်တဲ့အပြောင်းအလဲတွေကို ပိုပြီးလျှင်လျှင်မြန်မြန်လုပ်နိုင် လိမ့်မယ်ဆိုတဲ့ သဘောပါပဲ .. မင်းလျှင်လျှင်မြန်မြန်ပြောင်းလဲနိုင်တယ်ဆိုတဲ့ အဓိပ္ပာယ်က မင်းဟာ ကမ္ဘာ လောကထဲက လူကြီးတွေထက် ရှေ့ကနေလျှောက်နေတယ်ဆိုတဲ့ သဘောပါပဲ .. မင်းကိုယ်မင်းပြောင်းလဲပြီး ကမ္ဘာလောကအသစ်တစ်ခုဖန်တီးတဲ့နေရာမှာ မင်းဟာလမ်းကြောင်းပေါ်မှာ ငါ့ရဲ့ရှေ့ကိုလည်းပဲ ရောက်နေမှာ ပါပဲ .. မင်းဟာမင်းလျှောက်နေတဲ့ လမ်းကြောင်းပျောက်ဆုံးသွားတာ ဒါမှမဟုတ် အာရုံစူးစိုက်ထားတဲ့အရာတွေ

ဆုံးရှုံးသွားတာတွေဟာ ဘာမှမဖြစ်ပါဘူး .. အထက်အောက်ဆက်ဆံရေးတွေ အပေါ်မှာ မမှီခိုပါနဲ့ .. လူတွေမကြိုက်မှာကို ကြောက်မနေပါနဲ့ .. ပြီးတော့ မင်းရှေ့ဆက်ရမယ့်လမ်းကြောင်းကို လွတ်လွတ်လပ်လပ်ပဲ ရှေ့ဆက်လျှောက်လှမ်းပါ .. လူကြီးတွေအားလုံးက လူငယ်တွေဟာ သူတို့ရဲ့ရှေ့ကနေ လျှောက်နေကြတယ်ဆိုတာကိုမြင်လာကြရင် ကမ္ဘာလောကဟာ တဖြည်းဖြည်းချင်းပြောင်းလဲလာလိမ့်မယ်ဆိုတာ သေချာပါတယ်

လူငယ် - ကျွန်တော်က ခင်ဗျားရှေ့ကနေ လျှောက်နေတာ .. ဟုတ်လား

ဒဿနပညာရှင် - သေချာတာပေါ့ကွာ .. ငါတို့ဟာ တူညီတဲ့မြေပြင်မှာလျှောက်နေကြတယ် .. ပြီးတော့ မင်းက ငါ့ရဲ့ရှေ့ကနေ ရွေ့လျားနေတယ်

လူငယ် - ဟားဟား .. သူ့ရဲ့သားလောက်ပဲရှိမယ့် လူငယ်လေးတစ်ယောက်ကို အဲ့သလိုစကားမျိုးပြောတဲ့သူကို ကျွန်တော်တွေ့ဖူးတာ ခင်ဗျားက ပထမဦးဆုံးပဲ

ဒဿနပညာရှင် - အက်ဒလာရဲ့ အတွေးအမြင်တွေကို လူငယ်တွေ ပိုပိုပြီး လေ့လာလာကြဖို့ ငါအလိုရှိတယ် .. လူကြီးတွေကိုလည်းပဲ လေ့လာစေချင်ပါတယ် .. ဘာကြောင့်လဲဆိုတော့ လူတွေဟာ ဘယ်အသက်အရွယ်မှာမဆို ပြောင်းလဲနိုင်ကြလို့ပါပဲ

## အလုပ်စွဲခြင်းဟာ ဘဝရဲ့မုသား တစ်ခုပါပဲ

------------------------------------------

လူငယ် - ကောင်းပါပြီ .. ကျွန်တော်ဟာ ကိုယ့်ကိုယ်ကိုယ်လက်ခံမှု ဒါမှမဟုတ် အခြားသူတွေကိုစိတ်ချယုံကြည်မှုတွေဆီကိုရှေ့ဆက်တိုးဖို့ရာအတွက် သတ္တိမရှိဘူးဆိုတာကို ဝန်ခံဖို့အသင့်ပါပဲ .. ဒါပေမယ့် ဒါဟာ "ငါ" ရဲ့ ရိုးရိုးယွင်းချက်သက်သက်ပဲ ဟုတ်ရဲ့လား .. အခြားသူတွေက ဖန်တီးလိုက်တဲ့ ပြဿနာရောမဖြစ်နိုင်ဘူးလား .. ကျွန်တော့်ကို အကြောင်းမရှိဘဲ စွပ်စွဲပြောဆိုတဲ့သူတွေ၊ တိုက်ခိုက်ကြတဲ့သူတွေ စသဖြင့်ပေါ့

ဒဿနပညာရှင် - သေချာအောင်ပြောရရင် ကမ္ဘာလောကမှာရှိသမျှလူတိုင်းဟာ လူကောင်းတွေ၊ ကျင့်ဝတ်နဲ့ပြည့်ဝကြတဲ့သူတွေ မဟုတ်ပါဘူး .. လူတစ်ယောက်ဟာ သူ့ရဲ့လူလူချင်းဆက်ဆံရေးမှာ မနှစ်မြို့ဖွယ်ရာကောင်းတဲ့ အတွေ့အကြုံတွေ အတော်များများကိုကြုံခဲ့ရမှာပါပဲ .. ဒါပေမယ့် ဒီလို အနေအထားမှာ အဲ့ဒီလူအနေနဲ့ မမှားယွင်းရမယ့် အရာတစ်ခုရှိတယ် .. အဲ့ဒါကတော့ "အဲ့ဒီလူက" သူ့မှာပြဿနာရှိနေလို့ မင်းကို တိုက်ခိုက်တဲ့ကိစ္စလေးကိုစွဲကိုင်ပြီးတော့ လူအားလုံးဟာမကောင်းပါဘူး၊ ဆိုးသွမ်းတယ်ဆိုတဲ့ ကောက်ချက်ကိုမချလိုက်မိဖို့ပါပဲ .. စိတ်မှုမမှန်တဲ့ ဘဝနေထိုင်မှုပုံစံရှိတဲ့လူတွေဟာ သူတို့ရဲ့စကားတွေမှာ "လူတိုင်း"၊ "အမြဲတမ်း"၊ "အကုန်လုံး" စတဲ့စကားရပ်တွေကိုသုံးပြီး ပြောဆိုလေ့ရှိကြတယ် .. "လူတိုင်းငါ့ကို မုန်းနေကြတယ်" .. "ဆုံးရှုံးနစ်နာရတာက

ငါပဲ အမြဲတမ်းဖြစ်နေရတာပဲ” .. “အကုန်လုံးက အမှားတွေချည်းပဲ” စတဲ့ စကားမျိုးတွေ သူတို့ပြောလေ့ရှိကြတယ် .. တကယ်လို့ မင်းမှာ အဲ့သလိုယေဘုယျမှုပြုတဲ့ စကားတွေကိုသုံးတတ်တဲ့အကျင့်ရှိနေတယ်လို့ မင်းထင်ရင် မင်းအနေနဲ့ ဂရုစိုက်သင့်တယ်

လူငယ် - အင်း .. အဲ့ဒါက ကျွန်တော်နဲ့ ရင်းနှီးကျွမ်းဝင်မှု ရှိနေသလိုပဲ

ဒဿနပညာရှင် - အက်ဒလာစိတ်ပညာမှာ အဲ့သလို နေထိုင်မှုပုံစံမျိုးကို “ဘဝရဲ့ ဟန်ချက်ညီမှု” ပျက်ပြားနေတဲ့ ဘဝနေထိုင်မှုပုံစံလို့ ခေါ်တယ် .. အဲ့ဒါက အစိတ်အပိုင်းလေးတစ်ခုတည်းကိုသာကြည့်ပြီး တစ်ခုလုံးကို ဝေဖန်ပြစ်တင်တဲ့ ဘဝနေထိုင်နည်းတစ်ခုပဲ

လူငယ် - ဘဝရဲ့ဟန်ချက်ညီမှု ဟုတ်လား

ဒဿနပညာရှင် - ဂျူးဘာသာတရားရဲ့ သင်ကြားချက်မှာဆိုရင် “လူဆယ်ယောက်ရှိရင် တစ်ယောက်ဟာ မင်းဘာလုပ်လုပ် ပြစ်တင်ဝေဖန်နေမယ့်သူဖြစ်တယ် .. အဲ့ဒီလူက မင်းကိုမကြိုက်ဘူး .. ဆိုတော့ မင်းကလည်း အဲ့ဒီလူကို မကြိုက်ဘူးဖြစ်လာလိမ့်မယ် .. အဲ့ဒီနောက်မှာ မင်းရဲ့ အရာရာတိုင်းကို လက်ခံပေးမယ့် အခြားလူနှစ်ယောက်ရှိလိမ့်မယ် .. သူတို့ကိုလည်း မင်းက လက်ခံပေးလိမ့်မယ် .. ပြီးတော့ မင်းဟာသူတို့နဲ့ ရင်းနှီးကျွမ်းဝင်တဲ့ သူငယ်ချင်းဖြစ်လာလိမ့်မယ် .. ကျန်တဲ့လူ ခုနစ်ယောက်ကတော့ အဲ့ဒီနှစ်မျိုးကနေ လွတ်ကင်းနေတဲ့သူတွေဖြစ်လိမ့်မယ်” ဆိုတဲ့ ပောကြားချက်လေးတစ်ခုရှိတယ် .. ဆိုတော့ မင်းကိုမကြိုက်တဲ့ တစ်ယောက်ထဲသောသူ အပေါ်ကိုပဲ မင်းအာရုံစိုက်ရှုကြည့်နေမှာလား .. မင်းကိုချစ်တဲ့သူနှစ်ယောက်ကိုပဲ အာရုံစိုက်ရှုကြည့်နေမှာလား .. ဒါမှမဟုတ် လူအများစုဖြစ်တဲ့ အခြား ခုနစ်ယောက်ကို အာရုံစိုက်ရှုကြည့်မလား .. ဘဝရဲ့ဟန်ချက်ညီမှု ပျက်ပြားနေတဲ့သူတစ်ယောက်ကတော့ ကိုယ့်ကိုမကြိုက်တဲ့သူတစ်ယောက်ကိုသာ အမြဲရှုကြည့်နေပြီး ကမ္ဘာလောက တစ်ခုလုံးကို အဲ့ဒီအမြင်နဲ့ပဲ မြင်ပစ်လိုက်တော့တာပေါ့

လူငယ် - တော်တော်စိတ်ဝင်စားစရာကောင်းတာပဲ

ဒဿနပညာရှင် - လွန်ခဲ့တဲ့ တချိန်တုန်းက စကားထစ်နေတဲ့လူတစ်ယောက်နဲ့ သူ့ရဲ့မိသားစုဝင်တွေပါတဲ့ ဆွေးနွေးပွဲတစ်ခုမှာ ငါ ပါဝင်ခဲ့ဖူးတယ် .. မင်းအသိထဲမှာ စကားထစ်တဲ့သူ တစ်ယောက်ယောက်များ မင်းတွေ့ဖူးလား

လူငယ် - ဟုတ်ကဲ့ .. ကျွန်တော်တက်ခဲ့တဲ့ကျောင်းမှာ စကားထစ်တဲ့ကျောင်းသားတစ်ယောက်တွေ့ခဲ့ဖူးပါတယ် .. အဲ့ဒီကိစ္စကအတော်လေးဖြေရှင်းဖို့ခက်တယ် .. စကားထစ်တဲ့သူကိုယ်တိုင်နဲ့ သူ့မိသားစုဝင်တွေအတွက်ရောပေါ့

ဒဿနပညာရှင် - စကားထစ်တာက ဘာကြောင့်ဖြေရှင်းဖို့ခက်တာလဲ .. အက်ဒလာစိတ်ပညာရဲ့အမြင်မှာတော့ စကားထစ်တာကိုခံစားနေရတဲ့လူတွေဟာ သူတို့ရဲ့စကားပြောပုံကို စိတ်ပူပန်စိုးရိမ်နေကြလို့သာ ဖြစ်တယ် .. ပြီးတော့ သူတို့မှာ နိမ့်ကျတယ်ဆိုတဲ့ခံစားချက်ရှိနေတယ် .. ပြီးတော့ သူတို့ရဲ့ဘဝကိုလည်း သည်းမခံနိုင်လောက်အောင်ခက်ခဲတယ်လို့ မြင်နေကြတယ် .. သူတို့ဟာ ကိုယ့်ကိုယ်ကိုယ် အလွန်အမင်း ဂရုပြုတတ်တဲ့သူတွေဖြစ်လာကြပြီး အဲ့ဒါရဲ့ ရလဒ်အနေနဲ့ သူတို့ရဲ့စကားလုံးတွေဟာ ထစ်သည်ထက်ထစ်ထစ် လာတော့တာပဲ

လူငယ် - သူတို့ဟာ သူတို့ရဲ့စကားပြောပုံဆိုပုံကို စိုးရိမ်ပူပန်တာလေးပဲ ရှိတာလား

ဒဿနပညာရှင် - အမှန်ပဲ.. လူတစ်ယောက်စကားထစ်တဲ့အချိန်မှာ မကြာခဏဆိုသလိုပဲ ရယ်မောလှောင်ပြောင်ချင်တဲ့သူ သိပ်အများကြီးမရှိပါဘူး .. ငါစောစောလေးက ပြောခဲ့တဲ့ ဥပမာလေးအတိုင်းဆိုရင် လှောင်ပြောင်ရယ်မောချင်တဲ့သူက ဆယ်ယောက်မှာ အများဆုံး တစ်ယောက်ထက်မပိုပါဘူး .. ဘယ်လိုကိစ္စမျိုးမှာမဆို အဲ့သလိုမျိုးစိတ်နေစိတ်ထားရှိတဲ့ ပေါတောတောလူတွေကို ဆက်ဆံရေးထဲက ဖယ်ထုတ်ထားတာ အကောင်းဆုံးပါပဲ .. ဒါပေမယ့် ဘဝရဲ့ဟန်ချက်ညီမှုပျက်ပြားနေတဲ့ လူတစ်ယောက်ကတော့ အဲ့ဒီလူတစ်ယောက်ထဲအပေါ်မှာ သွားစူးကိုက်ရှုကြည့်ပြီး လူတိုင်းက ငါ့ကိုလှောင်ပြောင်ရယ်မောနေကြတာပဲလို့ တွေးတော့တာပဲ

လူငယ် - ဒါပေမယ့် အဲ့ဒါက လူ့သဘာဝပဲလေ

ဒဿနပညာရှင် - ငါ့မှာ ပုံမှန်ဆုံတွေ့နေကျ စာဖတ်အဖွဲ့လေးရှိတယ် .. အဲ့ဒီထဲက တစ်ယောက်က စကားထစ်နေတဲ့သူတစ်ယောက်ဖြစ်တယ် .. သူစာဖတ်ရမယ့်အလှည့်ရောက်ပြီဆိုရင် သူစကားထစ်တော့တာပဲ .. ဒါပေမယ့် အဖွဲ့ထဲမှာပါဝင်တဲ့သူ ဘယ်သူကမှ သူ့ကိုလှောင်ပြောင်ရယ်မောတာ မလုပ်ကြဘူး .. လူတိုင်းက ငြိမ်ငြိမ်လေးထိုင်ပြီးသူ့ဆီကထွက်လာမယ့် နောက်ထပ်စကားလုံးကို ပုံမှန်သက်တောင့်သက်သာအနေအထားနဲ့ပဲ စောင့်ဆိုင်းပေးကြပါတယ် .. အဲ့သလိုအခြေအနေမျိုးဟာ ငါတို့စာဖတ်အဖွဲ့လေးထဲမှာပဲဖြစ်တဲ့ အခြင်းအရာမဟုတ်ဘူးဆိုတာ ငါသေချာပေါက်ပြောရဲပါတယ် .. လူတစ်ယောက်ရဲ့လူလူချင်းဆက်ဆံရေး အနေအထား ကောင်းကောင်းမွန်မွန်မရှိတဲ့အချိန်မှာ စကားထစ်တဲ့သူ ဒါမှမဟုတ် ရက်သွေးဖျန်းတဲ့သူ ဒါမှမဟုတ် အခြားဘယ်လိုလူမျိုးကိုမဆို အပြစ်တင်လို့မရပါဘူး .. လူတစ်ယောက်မှာ ကိုယ့်ကိုယ်ကိုယ်လက်ခံမှု ဒါမှမဟုတ် အခြားသူတွေကို စိတ်ချယုံကြည်မှု ဒါမှမဟုတ် အခြားသူတွေအကျိုးကိုထမ်းရွက်မှု မရှိလို့ ဖြစ်နေခဲ့ရင်တောင်မှ အဲ့သလိုကိစ္စမျိုးမှာ တကယ့်ပြဿနာက သူ့အနေနဲ့ မပြောပလောက်တဲ့ ကိစ္စသေးသေးလေးကို ပုံကြီးချဲ့ပြီး ကမ္ဘာလောကတစ်ခုလုံးကိုမြင်တဲ့ သူ့ရဲ့အမြင်ကို အဲ့ဒီကိစ္စကြီးနဲ့ သွားပြီးဝေဖန်ဆုံးဖြတ်နေမိလို့ပဲ ဖြစ်တယ် .. အဲ့ဒါဟာ ရုပ်ဖျက်ပုံပြောင်းထားတဲ့ ဘဝရဲ့ဟန်ချက်ညီမှု ပျက်ပြားနေတဲ့ ဘဝနေထိုင်မှုပုံစံပါပဲ

လူငယ် - ခင်ဗျား ဒီလိုရက်စက်ကြမ်းတမ်းတဲ့ အတွေးအမြင်ကို စကားထစ်တာကိုခံစားနေရတဲ့သူကိုလည်း ပြောခဲ့လိုက်တာပဲလား

ဒဿနပညာရှင် - ပြောတာပေါ့ .. ပထမပိုင်းမှာတော့ ဆန့်ကျင်တဲ့တုန့်ပြန်မှု တချို့ရှိခဲ့တယ် .. ဒါပေမယ့် သုံးရက်ကြာခဲ့တဲ့ ဆွေးနွေးပွဲရဲ့အဆုံးသတ်မှာတော့ လူတိုင်းက အဲ့ဒီအချက်ကို နက်နက်နဲနဲ သဘောတူ လက်ခံသွားခဲ့ကြတယ်

လူငယ် - ဒါက အတော်လေး ဆွဲဆောင်မှုရှိတဲ့ အချက်တစ်ခုပဲ .. ဒါပေမယ့် စကားထစ်တဲ့ဥပမာအစားမှာ အခြားထူးခြားတဲ့ ဥပမာမျိုးများ ရှိဦးမလား .. အဲ့သလို ဥပမာတစ်ခုနဲ့ ရှင်းပြပေးလို့ရဦးမလား

ဒဿနပညာရှင် - ကောင်းပြီ .. နောက်ဥပမာတစ်ခုက အလုပ်စွဲနေတဲ့ကိစ္စပဲ .. အဲ့ဒါဟာလည်းပဲ ဘဝရဲ့ဟန်ချက်ညီမှုပျက်ပြားနေတဲ့လူတစ်ယောက်ရဲ့ ဥပမာတစ်ခုပဲ

လူငယ် - အလုပ်စွဲတာ ဟုတ်လား .. အဲ့ဒါက ဘာကြောင့် အဲ့သလိုသတ်မှတ်ခံရတာလဲ

ဒဿနပညာရှင် - စကားထစ်တာကိုခံစားနေရတဲ့လူတွေဟာ အစိတ်အပိုင်းသေးသေးလေးတစ်ခုကို ကြည့်ပြီး တစ်ခုလုံးကို ဝေဖန်ဆုံးဖြတ်နေကြတာဖြစ်တယ် .. အလုပ်စွဲနေတဲ့လူတွေဟာလည်းပဲ ဘဝဆိုတာကြီးထဲက အခြင်းအရာကွက်ကွက်လေးတစ်ခုကိုပဲ စူးစိုက်ရှုကြည့်နေကြတဲ့သူတွေဖြစ်တယ်

သူတို့ဟာ "ငါအလုပ်ရှုပ်နေတယ် .. ဒါကြောင့်မို့လို မိသားစုအရေးကိစ္စတွေကို တွေးတောစဉ်းစားဖို့အတွက် အချိန်ကောင်းကောင်းမရဘူး" ဆိုပြီးပြောဖို့ ကြိမ်းပမ်းနေကြသူတွေဖြစ်လိမ့်မယ် ..ဒါပေမယ့် အဲ့ဒါဟာ ဘဝရဲ့မုသား တစ်ခုဖြစ်တယ် .. သူတို့ဟာ အလုပ်ကို ဆင်ခြေတစ်ခုအဖြစ်ပေးပြီး သူတို့ရဲ့အခြားသော တာဝန်ဝတ္တရားတွေကို ရှောင်လွှဲဖို့ကြိုးပမ်းနေကြတာသာဖြစ်တယ် .. လူတစ်ယောက်ဟာသူ့ရဲ့အရေးကိစ္စအားလုံးကိုထည့်သွင်းစဉ်းစားသင့်တယ် .. အိမ်ရဲ့ ဝေယျာဝစ္စကိစ္စတွေနဲ့ ကလေးတွေကိုပြုစုပျိုးထောင်တာကစလို့ သူ့ရဲ့ ပေါင်းသင်းဆက်ဆံရေး၊ ဝါသနာ အစရှိတဲ့ အရေးကိစ္စအားလုံးကို ထည့်သွင်းစဉ်းစားရမယ် .. ဘဝရဲ့ တစ်စုံတစ်ခုသော အခြင်းအရာက ပုံမှန်မဟုတ်လောက်အောင်အထိ လွှမ်းမိုးနေတဲ့ ဘဝနေထိုင်နည်းမျိုးကို အက်ဒလာက အသိအမှတ်မပြုပါဘူး

လူငယ် - အား .. အဲ့ဒါက ကျွန်တော့်အဖေလိုလူမျိုးပဲ .. သူဟာ အလုပ်ကိုစွဲနေတယ် .. ကိုယ့်ကိုယ်ကိုယ် အလုပ်ထဲမှာနစ်မြုပ်ထားတယ် .. ရလဒ်ထွက်အောင် အလုပ်လုပ်တယ် .. အဲ့ဒီနောက်မှာ သူဟာမိသားစုရဲ့ အဓိကဝင်ငွေရှာဖွေသူဖြစ်တယ်ဆိုတဲ့ အချက်ကိုကိုင်ပြီး အိမ်ကိုအုပ်စိုးတော့တာပဲ .. သူဟာ အတော်ပဒေသရာဇ်ဆန်တဲ့သူမျိုးပဲ

ဒဿနပညာရှင် - အဓိပ္ပာယ်ကတော့ အဲ့ဒါဟာ လူတစ်ယောက်ရဲ့ဘဝတာဝန်တွေကို အသိအမှတ်ပြုဖို့ ငြင်းပယ်ပြီးနေထိုင်တဲ့ ဘဝနေနည်းတစ်ခုပဲ .. "အလုပ်" ဆိုတာဟာ ကုမ္ပဏီတစ်ခုခုမှာဝင်ရောက်လုပ်ကိုင်ခြင်းကို ဆိုလိုတာမဟုတ်ပါဘူး .. အိမ်မှာလည်း အလုပ်တွေရှိပါတယ် .. ကလေးတွေကိုပြုစုပျိုးထောင်တာ .. ဒေသတွင်း အဖွဲ့

အစည်းလေးတွေမှာ ဝင်ရောက်လုပ်အားပေးတာ၊ ဝါသနာပါတာလေးတွေလုပ်တာနဲ့ အခြားသော လုပ်စရာရှိတာတွေကိုလုပ်တာဟာလည်း အလုပ်ပါပဲ .. ကုမ္ပဏီတွေမှာ ဝင်လုပ်တယ်ဆိုတာက အလုပ်ဆိုတာရဲ့ အစိတ်အပိုင်းသေးသေးလေးတစ်ခုပါပဲ .. ကုမ္ပဏီမှာလုပ်တဲ့ အလုပ်ကိုပဲ အသိအမှတ်ပြုပြီးနေထိုင်တဲ့ ဘဝနေနည်းဟာ ဘဝရဲ့ ဟန်ချက်ညီမှုပျက်ပြားနေတဲ့ နေထိုင်နည်းတစ်ခုပါပဲ

လူငယ် - ခင်ဗျားပြောတဲ့အတိုင်း အတိအကျပါပဲ .. သူထောက်ပံ့ပေးနေတဲ့ မိသားစုဟာ ဘာမှပြောခွင့်မရှိသလိုပါပဲ .. ခင်ဗျားအဖေက ကြမ်းတမ်းခက်ထန်တဲ့လေသံနဲ့လေသံနဲ့ ဟိန်းဟောက်နေတဲ့အခါ ခင်ဗျားအဖေကို ပြန်ခံပြောနေလို့ ဘယ်ဖြစ်မှာလဲ .. "မင်းတို့ စားသောက်နေရတာအတွက် ငါ့ကိုကျေးဇူးတင်ကြပါဦး" ဆိုပြီး သူအမြဲပြောတတ်တယ်

ဒဿနပညာရှင် - အဲ့သလိုအဖေမျိုးက လုပ်ဆောင်မှုပြုတဲ့အဆင့်မှာသာပဲ သူ့ကိုယ်ပိုင်တန်ဖိုးကို နားလည်နိုင်စွမ်းရှိတဲ့သူမျိုးပေ့ါ .. အချိန်တိုင်းသူအလုပ်လုပ်နေမယ် .. မိသားစုကိုထောက်ပံ့ဖို့ငွေရှာမယ် .. လူတွေက သူ့ကိုတော်တဲ့အိမ်ထောင်ဦးစီးတစ်ယောက်အဖြစ် အသိအမှတ်ပြုကြမယ် .. အဲ့သလိုနည်းနဲ့ပဲမိသားစုဝင်တွေထဲက အခြားသောသူတွေအားလုံးထက် သူကတန်ဖိုးပိုရှိတယ်လို့ သူ့ကိုယ်သူမှတ်ယူပစ်လိုက်တော့တယ် .. ဒါပေမယ့် ငါတို့ လူသားအားလုံးဟာ တစ်ချိန်ချိန်မှာတော့ မိသားစုကိုလုံးဝထောက်ပံ့မပေးနိုင်တော့တဲ့ အချိန်ကို ရောက်လာကြမှာပဲ .. ဥပမာအားဖြင့် လူတစ်ယောက်အိုမင်းမစွမ်းဖြစ်လာပြီး အငြိမ်းစားယူရမယ့်အသက်အရွယ်ကိုရောက်လာတဲ့အခါမျိုးပေ့ါ .. အဲ့ဒီလိုအချိန်မျိုးမှာ တခြားရွေးချယ်စရာဘာမှမရှိတော့ဘဲ ပင်စင်လစာလေးနဲ့ ရှင်သန်နေထိုင်ရတာ ဒါမှမဟုတ် သူ့ကလေးတွေရဲ့ထောက်ပံ့မှုနဲ့ နေရတာမျိုးတွေ ဖြစ်လာမှာပဲ .. လူတစ်ယောက် ငယ်ရွယ်နေတုန်းမှာကိုပဲ မတော်တဆထိခိုက်ဒဏ်ရာရရတာတွေ၊ ကျန်းမာရေးညံ့ဖျင်းလာတာတွေဖြစ်လာရင် သူဟာ ဆက်ပြီးအလုပ်လုပ်နိုင်စွမ်းမရှိတော့တာမျိုး ဖြစ်လာမှာပဲ .. အဲ့သလိုအခြေအနေမျိုးရောက်လာတဲ့အခါ သူ့ကိုယ်သူ လုပ်ဆောင်မှုအဆင့်မှာပဲ အသိအမှတ်ပြုနိုင်တဲ့လူမျိုးဟာ ဆိုးဆိုးရွားရွားကို ထိခိုက်ခံစားရတော့တာပဲ

လူငယ် - ခင်ဗျားဆိုလိုတာက အဲ့သလိုလူမျိုးတွေရဲ့ ဘဝနေထိုင်မှုပုံစံဟာ အလုပ်အတွက်ချည်းပဲ ဖြစ်နေတာမျိုးကိုပြောတာလား

ဒဿနပညာရှင် - ဟုတ်တယ် .. ဟန်ချက်ညီမှု ပျက်ပြားစွာနဲ့ နေထိုင်နေကြတဲ့သူတွေပေ့ါ

လူငယ် - အဲ့ဒီကိစ္စမှာ နောက်ဆုံးတစ်ကြိမ်က ခင်ဗျားပြောခဲ့တဲ့ ဖြစ်ရှိမှုအဆင့်လို့ ခင်ဗျားပြောခဲ့အရာတွေကို သဘောပေါက်လာပြီလို့ ကျွန်တော်ထင်တယ် .. ပြီးတော့ တစ်နေ့နေ့မှာ ကျွန်တော်ဟာလည်း လုံးဝအလုပ်မလုပ်နိုင်တော့တဲ့ အခြေအနေ ဒါမှမဟုတ် ကျွန်တော့်လုပ်ဆောင်မှုအဆင့်မှာ ဘာမှမလုပ်နိုင်တော့တဲ့ အခြေအနေကို ရောက်လာနိုင်တာပဲဆိုတာကို ကျွန်တော်ဘယ်တုန်းကမှ သေချာမစဉ်းစားခဲ့မိဖူးဘူး

ဒဿနပညာရှင် - လူတစ်ယောက်ဟာ သူ့ကိုယ်သူ လုပ်ဆောင်မှုအဆင့်မှာလက်ခံမှာလား ဒါမှမဟုတ် ဖြစ်ရှိနေမှု အဆင့်မှာလက်ခံမှာလား .. အဲ့ဒါဟာ ပျော်ရွှင်ဖို့ရာလိုအပ်တဲ့ သတ္တိရှိမှုနဲ့ အမှန်အကန် ဆက်နွယ်နေတဲ့ မေးခွန်း တစ်ခုပါပဲ

**မင်းအခုလက်ငင်းပဲ ပျော်ရွှင်နိုင်ပါတယ်**

---------------------------------------

လူငယ် - ပျော်ရွှင်ဖို့အတွက် လိုအပ်တဲ့သတ္တိ .. ကောင်းပါပြီ .. ဘယ်လိုသတ္တိမျိုး ရှိသင့်တယ်ဆိုတာကို ကြားပါရစေ

ဒဿနပညာရှင် - ဟုတ်တယ် .. အဲ့ဒါက အရေးကြီးတဲ့အချက်ပဲ

လူငယ် - ပြဿနာအားလုံးဟာ လူလူချင်းအပြန်အလှန်ဆက်ဆံရေးနဲ့ ဆိုင်တဲ့ပြဿနာတွေချည်းပဲလို့ ခင်ဗျား ပြောတယ် .. အဲ့ဒီနောက်မှာ ခင်ဗျားတဖက်ကလှည့်ပြီး ကျွန်တော်တို့ရဲ့ပျော်ရွှင်မှုကို ကျွန်တော်တို့ရဲ့ လူလူချင်း ဆက်ဆံရေးအတွင်းမှာပဲ တွေ့နိုင်တယ်လို့ ပြောပြန်တယ် .. ဒါပေမယ့် အဲ့ဒီအချက်ကို လက်ခံဖို့ရာက ကျွန်တော့် အတွက်ခက်ခဲနေတုန်းပဲ .. လူသားတွေက ပျော်ရွှင်မှုလို့ခေါ်တဲ့အရာဟာ ကျွန်တော်တို့ရဲ့ လူလူချင်းဆက်ဆံရေး အတွင်းမှာ ရှိနေတဲ့ အရာတစ်ခုလား .. ပြောရမယ်ဆိုရင် ကျွန်တော်တို့ရဲ့ဘဝတွေဟာ အဲ့သလိုသေးကွေးပြီး အရေးမပါတဲ့ ဝမ်းမြောက်ပျော်ရွှင်မှုမျိုးအတွက် ဖြစ်တည်နေရတာလား

ဒဿနပညာရှင် - မင်းစွဲကိုင်ထားတဲ့ ပြဿနာအတွက် ငါ့မှာ ကောင်းမွန်တဲ့ နည်းလမ်းတစ်ခုရှိတယ် .. အက်ဒလာစိတ်ပညာရဲ့ ပထမဦးဆုံးသောပို့ချချက်သင်တန်းကို ငါတက်ခဲ့တဲ့အချိန်တုန်းက အက်ဒလာရဲ့ တပည့် တစ်ဦးဖြစ်တဲ့ သင်တန်းပို့ချသူ အော်စကာ ခရစ်စတန်ဆန်က ဒီလိုပြောခဲ့တယ် .. "ဒီနေ့ ကျွန်တော်ပို့ချတဲ့ ပို့ချချက်ကို ကြားရတဲ့သူတိုင်းဟာ အခုလက်ငင်းအချိန်မှာပဲပျော်ရွှင်နိုင်ကြပါတယ် .. အဲ့ဒါက တကယ့်ကို ချက်ချင်းလက်ငင်းရနိုင်တဲ့အရာပါ .. ဒါပေမယ့် ပျော်ရွှင်လိုတဲ့စိတ်ဆန္ဒမရှိတဲ့သူတွေကတော့ ဘယ်သောအခါမှ ပျော်ရွှင်နိုင်ကြမှာ မဟုတ်ပါဘူး"

လူငယ် - အိုး .. ဒါက လိမ်လည်လှည့်ဖျားပြောဆိုတတ်သူတစ်ယောက်ရဲ့ ပါးစပ်ကနေ တိုက်ရိုက်ထွက်ကျလာတဲ့ စကားတစ်ခုပဲ .. ခင်ဗျားသူ့စကားကို ကျသွားခဲ့တယ်လို့ ကျွန်တော့်ကို ပြောမှာမဟုတ်ပါဘူး .. ဟုတ်တယ်မဟုတ် လား

ဒဿနပညာရှင် - လူသားတွေအတွက် ပျော်ရွှင်မှုဆိုတာဘာလဲ .. ဒီမေးခွန်းဟာ ရှေးခေတ်ကတည်းက ဒဿနဗေဒပညာရပ်မှာ အမြဲတမ်းဆိုသလိုပဲ အကြိတ်အခဲဖြစ်နေခဲ့တဲ့ အကြောင်းအရာတစ်ခုပါပဲ .. ငါက

စိတ်ပညာကို ဒဿနဗေဒပညာရပ်ရဲ့ နယ်ပယ်အခွဲတစ်ခုလို့ပဲ မှတ်ယူထားခဲ့တယ် .. အဲ့ဒါကြောင့်ပဲ စိတ်ပညာရပ်တစ်ခုလုံးအပေါ်မှာ စိတ်ဝင်စားမှုအနည်းငယ်ပဲ ရှိခဲ့တယ် .. ဆိုတော့ ငါဟာ ဒဿနိကဗေဒကျောင်းသားတစ်ယောက်အဖြစ်နဲ့ ပျော်ရွှင်မှုဆိုတာဘာလဲ ဆိုတဲ့မေးခွန်းကို ကိုယ့်နည်းနဲ့ကိုယ်ပဲ တွေးတောဆင်ခြင်ကြည့်မိခဲ့တယ် .. ဒါကြောင့် ခရစ်စတန်ဆန်ရဲ့ စကားတွေကိုကြားလိုက်တဲ့အချိန်မှာ လက်ခံဖို့ အင်တင်တင်ဖြစ်နေမိခဲ့တယ်ဆိုတာကိုဝန်မခံခဲ့ရင် ငါလိမ်ညာသလိုဖြစ်နေပါလိမ့်မယ် .. ဒါပေမယ့် အဲ့သလိုအင်တင်တင် ဖြစ်နေတာနဲ့တစ်ချိန်ထဲမှာပဲ တစ်ခုခုကိုငါထိုးထွင်းသိမြင်နေခဲ့တယ် .. ပျော်ရွှင်မှုဆိုတာရဲ့ စစ်မှန်တဲ့ဝိသေသလက္ခဏာတွေကို ငါနက်နက်နဲနဲတွေးတောလာမိခဲ့တယ် .. ငါ အဖြေတွေလိုက်ရှာခဲ့တယ် .. ဒါပေမယ့် လူတစ်ယောက်ဟာ ဘယ်လိုပျော်ရွှင်နိုင်မလဲ ဆိုတဲ့မေးခွန်းကိုတော့ နက်နက်နဲနဲ မတွေးတောခဲ့မိဘူး .. အဲ့ဒီဖြစ်ရပ်က ငါဟာ ဒဿနဗေဒ ကျောင်းသားတစ်ယောက်ဖြစ်နေပေမယ့် ငါဟာလည်းပဲမပျော်မရွှင်ဖြစ်နေတာမျိုး ဖြစ်နေနိုင်တာပဲလို့ တွေးတောမိလာစေခဲ့တယ်

လူငယ် - ဟုတ်ကဲ့ .. ဆိုတော့ ခင်ဗျားရဲ့ အက်ဒလာစိတ်ပညာနဲ့ ပထမဆုံးအကြိမ်အဖြစ် ထိတွေ့လိုက်ရမှုဟာ ဇဝေဇဝါခံစားချက်တွေနဲ့ အစပြုခဲ့ရတာပေ့ါ

ဒဿနပညာရှင် - အမှန်ပါပဲ

လူငယ် - အဲ့ဒီတော့ .. ကျွန်တော့်ကို ပြောစမ်းပါဦး .. နောက်ဆုံးမှာ ခင်ဗျား ပျော်ရွှင်နိုင်ခဲ့ရဲ့လား

ဒဿနပညာရှင် - ပျော်ရွှင်နိုင်ခဲ့တာပေါ့ကွာ

လူငယ် - ဘယ်လိုကြောင့်များ ခင်ဗျားအဲ့သလောက် သေချာပေါက်ပြောနိုင်ရတာလဲ

ဒဿနပညာရှင် - လူသားတစ်ယောက်အတွက် အကြီးမားဆုံးပျော်ရွှင်မှုဟာ ကိုယ့်ကိုယ်ကိုယ် ကြိုက်နှစ်သက်နိုင်မှုမဟုတ်ဘူး .. အဲ့ဒီအရှိတရားကို အက်ဒလာဟာ အလွန့်အလွန်ရိုးစင်းတဲ့ အဖြေလေးတစ်ခုနဲ့ ဖြေရှင်းပေးသွားခဲ့တယ် .. နာမည်တပ်ပြီးပြောရမယ်ဆိုရင်တော့ အဲ့ဒါက "ငါဟာ အသိုက်အဝန်းအတွက် အကျိုးပြုနိုင်တဲ့သူဖြစ်တယ်" ဒါမှမဟုတ် "ငါဟာ တစ်ယောက်ယောက်အတွက် အသုံးဝင်နေတယ်" ဆိုတဲ့ လူတစ်ယောက်မှာတန်ဖိုးရှိနေပါတယ်ဆိုတာကို အမှန်တကယ် သိမြင်နားလည်သွားစေမယ့် ခံစားမှုကိုပေးတဲ့ အချက်ကလေးပါပဲ

လူငယ် - ခင်ဗျား စောစောပိုင်းကပြောခဲ့တဲ့ "အခြားသူတွေရဲ့ အကျိုးကိုထမ်းရွက်ခြင်း" ကိုဆိုလိုတာလား

ဒဿနပညာရှင် - ဟုတ်တယ် .. ပြီးတော့ အရေးကြီးတဲ့အချက်တစ်ခုက အခြားသူတွေရဲ့အကျိုးကိုထမ်းရွက်တယ်လို့ပြောတဲ့အချိန်မှာ ကိုယ့်ရဲ့အကျိုးဆောင်ပေးလိုက်မှုက လူတွေမမြင်နိုင်တဲ့အရာဖြစ်နေရင်လည်းပဲ ကိစ္စမရှိပါဘူး

လူငယ် - ကိုယ့်ရဲ့အကျိုးဆောင်ပေးလိုက်မှုက လူတွေမမြင်နိုင်တဲ့အရာဖြစ်နေရင်လည်းပဲ ကိစ္စမရှိပါဘူး ဟုတ်လား

ဒဿနပညာရှင် - မင်းရဲ့ ထမ်းရွက်ပေးလိုက်မှုက အသုံးဝင်သလား အသုံးမဝင်ဘူးလားဆိုတာကို ဆုံးဖြတ်မယ့်သူက မင်းမဟုတ်ဘူး .. အဲ့ဒါက အခြားသူတွေရဲ့အလုပ်ပဲ .. ပြီးတော့ အဲ့ဒီနေရာမှာ မင်းဝင်ရှုပ်ဖို့ရာလည်း မလိုဘူး .. စည်းမျဉ်းအရဆိုရင် မင်းတကယ်အကျိုးပြုလိုက်သလား မပြုလိုက်ဘူးလားဆိုတာကို မင်းသိနိုင်မယ့် နည်းလမ်းတောင်မရှိပါဘူး .. ပြောရမယ်ဆိုရင် ဒီလိုအခြားသူတွေအကျိုးကို ထမ်းရွက်မှုတွေနဲ့ ကြုံတွေ့တဲ့အချိန်မှာ အကျိုးဆောင်မှုဟာ မြင်နိုင်တဲ့အရာဖြစ်နေစရာမလိုပါဘူး .. ငါတို့လိုအပ်သမျှကတော့ "ငါဟာ တစ်ယောက်ယောက်အတွက် အသုံးဝင်နေတယ်" ဒါမှမဟုတ် တနည်းပြောရရင် .. ပါဝင်ပတ်သက်မှုအကျိုးဆောင်မှုရှိနေတယ် ဆိုတဲ့ ခံစားချက်ကလေးရှိနေတယ်ဆိုတဲ့ ပုဂ္ဂလဓိဋ္ဌာန်ကျတဲ့အမြင်လေးရှိနေရင် ရပါပြီ

လူငယ် - နေစမ်းပါဦး .. အဲ့လိုသာဆိုရင် .. ပျော်ရွှင်မှုလို့ ခင်ဗျားခေါ်နေတဲ့အရာက ..........

ဒဿနပညာရှင် - မင်းအခုမြင်ပြီလား .. ရှင်းရှင်းပြောရရင် ပျော်ရွှင်မှုဆိုတာဟာ ပါဝင်ပတ်သက်အကျိုးပြုနေတယ်ဆိုတဲ့ ခံစားချက်လေးပဲ .. အဲ့ဒါဟာ ပျော်ရွှင်မှုဆိုတာရဲ့ အဓိပ္ပာယ်

လူငယ် - ဒါပေမယ့် .. ဒါပေမယ့် အဲ့ဒါက ........

ဒဿနပညာရှင် - တစ်ခုခုများ မှားနေလို့လား

လူငယ် - အဲ့သလောက်ရိုးရှင်းတဲ့ အဓိပ္ပာယ်ဖွင့်ဆိုမှုကို ကျွန်တော်ဘယ်လိုနည်းနဲ့မှ လက်မခံနိုင်ဘူး .. ဒီမှာ ခင်ဗျား ကျွန်တော့်ကို အရင်ကပြောခဲ့တာတွေကို ကျွန်တော်မမေ့သေးဘူး .. လုပ်ဆောင်မှုအဆင့်မှာ ဘယ်သူ့အတွက်မှအသုံးမဝင်ဘူးဆိုရင်တောင်မှ ဖြစ်ရှိမှုအဆင့်မှာ လူတိုင်းဟာ အသုံးဝင်နေပါတယ်ဆိုတာလေ .. အဲ့သလိုသာဆိုရင် ခင်ဗျားရဲ့ အတွေးအမြင်အရဆို လူသားတိုင်းက ပျော်ရွှင်နေရလိမ့်မှာပေါ့

ဒဿနပညာရှင် - လူသားအားလုံးဟာ ပျော်ရွှင်နိုင်ကြပါတယ် .. ဒါပေမယ့် နားလည်ရမှာတစ်ခုက လူသားအားလုံးဟာ ပျော်ရွှင်နေကြပါတယ်လို့ ဆိုလိုတာတော့မဟုတ်ဘူး .. လုပ်ဆောင်မှုအဆင့်မှာပဲ ဖြစ်စေ ဖြစ်ရှိမှုအဆင့်မှာပဲဖြစ်စေ လူတစ်ယောက်ဟာ အခြားတစ်ယောက်ယောက်အတွက် သူဟာအသုံးဝင်နေပါတယ်ဆိုတာ ခံစားနေရဖို့လိုအပ်တယ် .. ပြောရမယ်ဆိုရင် လူတစ်ယောက်ဟာ သူပါဝင်ပတ်သက်အကျိုးပြုနေပါတယ်ဆိုတဲ့ ခံစားချက်လေး ရှိဖို့လိုအပ်တယ်

လူငယ် - ဆိုတော့ ကျွန်တော်မပျော်မရွှင်ဖြစ်နေရခြင်းရဲ့ အကြောင်းရင်းက ကျွန်တော့်မှာ ပါဝင်ပတ်သက် အကျိုးပြုနေပါတယ်ဆိုတဲ့ ခံစားချက်လေး မရှိလို့လို့ ခင်ဗျားပြောနေတာလား

ဒဿနပညာရှင် - အမှန်ပါပဲ

လူငယ် - ဆိုတော့ ပါဝင်ပတ်သက်အကျိုးပြုနေတယ်ဆိုတဲ့ ခံစားချက်လေးရအောင် ကျွန်တော်က ဘယ်လိုလုပ်ရမှာလဲ .. အလုပ်လုပ်ခြင်းအားဖြင့်လား .. ပရဟိတအလုပ်တွေမှာ လုပ်အားပေးလုပ်ခြင်းအားဖြင့်လား

ဒဿနပညာရှင် - အစောပိုင်းတုန်းက ငါတို့ဟာ အသိအမှတ်ပြုခံချင်တဲ့ဆန္ဒအကြောင်းကို ပြောခဲ့ကြတယ် .. ငါ့အဆိုပြုချက်ဖြစ်တဲ့ လူတစ်ယောက်ဟာ အသိအမှတ်ပြုမှုကို မရှာဖွေရဘူးဆိုတဲ့စကားကို တုန့်ပြန်တဲ့အနေနဲ့ အသိအမှတ်ပြုခံချင်တဲ့ဆန္ဒဆိုတာ လူတိုင်းမှာရှိတဲ့သဘာဝစိတ်လို့ မင်းပြောခဲ့တယ်နော်

လူငယ် - ဟုတ်ကဲ့ ကျွန်တော်ပြောခဲ့ပါတယ် .. ဒါပေမယ့် ရိုးရိုးသားသားပြောရရင် အဲ့ဒီအချက်ကို လုံးဝသေချာတယ်လို့ ဝန်မခံနိုင်သေးပါဘူး

ဒဿနပညာရှင် - ဒါပေမယ့် လူတွေဘာကြောင့်အသိအမှတ်ပြုမှုကို ရှာဖွေနေကြသလဲဆိုတဲ့ အကြောင်းရင်းကိုတော့ မင်းရှင်းရှင်းလင်းလင်းသိပြီလို့ ငါသေချာပေါက်ပြောနိုင်ပါတယ် .. လူတွေဟာ ကိုယ့်ကိုယ်ကိုယ် ကြိုက်နှစ်သက်ချင်ကြတယ် .. သူတို့မှာတန်ဖိုးရှိတယ်လို့ သူတို့ခံစားချင်ကြတယ် .. အဲ့သလို ခံစားနိုင်ဖို့ဆိုရင် "ငါဟာ တစ်ယောက်ယောက်အတွက် အသုံးဝင်တယ်" လို့သူတို့ကိုယ်သူတို့ ပြောနိုင်စေမယ့် ပါဝင်ပတ်သက်အကျိုးပြုနေတယ်ဆိုတဲ့ ခံစားချက်လေးရှိနေဖို့လိုတယ် .. အဲ့ဒီခံစားချက်ကလေးကို အလွယ်တကူရနိုင်မယ့် နည်းလမ်းတစ်ခုအနေနဲ့ သူတို့ဟာ အခြားသူတွေရဲ့ အသိအမှတ်ပြုမှုကို ရှာဖွေနေကြတာ ဖြစ်တယ်

လူငယ် - အသိအမှတ်ပြုခံလိုတဲ့ဆန္ဒဟာ ပါဝင်ပတ်သက်အကျိုးပြုနေတယ်ဆိုတဲ့ ခံစားချက်ကိုရဖို့ရာ နည်းလမ်းတစ်ခုလို့ ခင်ဗျားပြောနေတာလား

ဒဿနပညာရှင် - အဲ့သလို မဟုတ်ဘူးလား

လူငယ် - မဟုတ်တာ .. အဲ့ဒီအချက်က အခုအချိန်အထိ ခင်ဗျားပြောခဲ့တာတွေနဲ့ ဆန့်ကျင်နေတယ် .. ဘာကြောင့်လဲဆိုတော့ အခြားသူတွေရဲ့ အသိအမှတ်ပြုမှုကို မရခြင်းကသာ ပါဝင်ပတ်သက်အကျိုးပြုနေတယ်ဆိုတဲ့ခံစားချက်ကိုရမယ့် နည်းလမ်းဖြစ်ရမှာမဟုတ်ဘူးလား .. ပြီးတော့ ခင်ဗျားပြောခဲ့တယ် "ပျော်ရွှင်မှုဆိုတာဟာ ပါဝင်ပတ်သက်အကျိုးပြုနေတယ်ဆိုတဲ့ ခံစားချက်" တဲ့ .. အဲ့သလိုသာဆိုရင် လူတစ်ယောက်ရဲ့ အသိအမှတ်ပြုခံချင်တဲ့ဆန္ဒကို ဖြည့်ဆည်းခြင်းဟာ ပျော်ရွှင်မှုနဲ့ တိုက်ရိုက်ချိတ်ဆက်နေပြီပေါ့ .. မဟုတ်ဘူး လား

.. ဟားဟား .. နောက်ဆုံးမှာတော့ ခင်ဗျားဟာ အသိအမှတ်ပြုခံချင်စိတ်ရဲ့ လိုအပ်ချက်ကို အသိအမှတ်ပြုလိုက်ပြီပဲ

ဒဿနပညာရှင် - မင်း အရေးကြီးတဲ့ ကိစ္စတစ်ခုကိုမေ့နေတာပဲ .. တကယ်လို့ လူတစ်ယောက်ရဲ့ ပါဝင်ပတ်သက်အကျိုးပြုမှုရှိနေတယ်ဆိုတဲ့ ခံစားချက်ကိုရရှိအောင်လုပ်တဲ့နည်းလမ်းက "အခြားသူတွေရဲ့ အသိအမှတ်ပြုမှုခံရအောင်လုပ်ခြင်း" ဖြစ်သွားတယ်ဆိုရင် ရေရှည်မှာ ဘာမှရွေးချယ်စရာမရှိတော့ဘဲ အခြားသူတွေရဲ့ အလိုဆန္ဒနဲ့အညီ ကိုယ့်ဘဝကိုလျှောက်လှမ်းနေရတဲ့အဖြစ်ကို ရောက်သွားလိမ့်မယ် .. အခြားသူတွေရဲ့ အသိအမှတ်ပြုမှုကိုလိုချင်တဲ့ဆန္ဒကနေ ရလာတဲ့ ပါဝင်ပတ်သက်အကျိုးပြုနေတယ်ဆိုတဲ့ ခံစားချက်မှာ လွတ်လပ်မှုဆိုတာရှိမနေဘူး .. ငါတို့ဟာ ပျော်ရွှင်မှုကို ကြိုးပမ်းရယူနေစဉ်မှာပဲ လွတ်လပ်မှုကိုပါ ရွေးချယ်ကြတဲ့ သက်ရှိမျိုးစိတ်ဖြစ်တယ်

လူငယ် - ဆိုတော့ လူတစ်ယောက်ဟာ လွတ်လပ်မှုရှိမှပဲ ပျော်ရွှင်မှုကိုရနိုင်မှာလား

ဒဿနပညာရှင် - ဟုတ်တယ် .. အဖွဲ့အစည်းတစ်ခုအနေနဲ့ လွတ်လပ်မှုဆိုတာမျိုးကတော့ နိုင်ငံအလိုက်၊ အချိန်ကာလအလိုက်၊ ယဉ်ကျေးမှုဓလေ့ထုံးစံအလိုက် ကွဲပြားမှုရှိလိမ့်မယ် .. ဒါပေမယ့် ငါတို့ရဲ့ လူလူချင်းဆက်ဆံရေးမှာရှိတဲ့ လွတ်လပ်မှုကတော့ ဘာပေါ်မှာမှ မတည်မှီတဲ့ အရာတစ်ခုပဲ

လူငယ် - ခင်ဗျားက အသိအမှတ်ပြုခံလိုတဲ့ဆန္ဒကို ဘယ်နည်းနဲ့မှ အသိအမှတ်မပြုဘူးလား

ဒဿနပညာရှင် - တကယ်လို့ လူတစ်ယောက်မှာ ပါဝင်ပတ်သက်အကျိုးပြုနေတယ်ဆိုတဲ့ ခံစားချက်အမှန်တကယ်ရှိနေပြီဆိုရင် အခြားသူတွေရဲ့အသိအမှတ်ပြုမှုဟာ သူ့အတွက်လုံးဝ မလိုအပ်တော့ပါဘူး .. ဘာကြောင့်လဲဆိုတော့ သူက "ငါဟာ တစ်ယောက်ယောက်အတွက် အသုံးဝင်နေတာပဲ" ဆိုတာကို တကယ်အမှန်အကန်သိသွားပြီဖြစ်တဲ့အတွက် အခြားသူတွေရဲ့အသိအမှတ်ပြုမှုကို ထပ်မံရှာဖွေဖို့မလိုအပ်တော့ပါဘူး .. တနည်းပြောရရင် အခြားသူတွေရဲ့အသိအမှတ်ပြုမှုကို စွဲလန်းတောင့်တနေတဲ့လူတစ်ယောက်ဟာ ဘာအသိုက်အဝန်းဆိုတဲ့ ခံစားချက်ကိုမှ တကယ်မရရှိသေးတဲ့လူတစ်ယောက် ဖြစ်နေလို့ပဲ .. ပြီးတော့ အဲ့သလိုလူမျိုးဟာ ကိုယ့်ကိုယ်ကိုယ်လက်ခံမှု၊ အခြားသူတွေကိုစိတ်ချယုံကြည်မှု ဒါမှမဟုတ် အခြားသူတွေရဲ့အကျိုးကို ထမ်းရွက်မှုစတာတွေ လုံးဝမရှိသေးတဲ့လူတစ်ယောက် ဖြစ်နေတာပါပဲ

လူငယ် - ဆိုတော့ လူတစ်ယောက်မှာ အသိုက်အဝန်းဆိုတဲ့ခံစားချက်ရှိနေရင် အသိအမှတ်ပြုခံလိုတဲ့ဆန္ဒဟာ ကွယ်ပျောက်သွားမှာလား

ဒဿနပညာရှင် - ဟုတ်တယ် .. အဲ့ဒါကွယ်ပျောက်သွားလိမ့်မယ် .. အခြားသူတွေရဲ့ အသိအမှတ်ပြုမှုတွေ သူ့အတွက် လိုအပ်တော့မှာ မဟုတ်ပါဘူး

+++

*ဒဿနပညာရှင်ပြောခဲ့တဲ့အချက်တွေကို ဒီလိုအနှစ်ချုပ်ကြည့်လို့ရပါတယ်။ လူတွေအနေနဲ့ "ငါဟာ တစ်ယောက်ယောက်အတွက် အသုံးဝင်တယ်" လို့ခံစားနိုင်စွမ်းရှိတဲ့အချိန်ကျမှသာလျှင် သူတို့ရဲ့တန်ဖိုးကို အမှန်တကယ်သိရှိနားလည်ခံစားနိုင်မှာ ဖြစ်ပါတယ်။ ဒါပေမယ့် အဲ့သလိုအချိန်မျိုးမှာ ကိုယ်လုပ်လိုက်တဲ့ အကျိုးပြုမှုတစ်ခုဟာ လူတွေမြင်နိုင်စွမ်းမရှိတဲ့အရာတစ်ခု ဖြစ်နေရင်လည်းကိစ္စမရှိပါဘူး။ ငါဟာ တစ်ယောက်ယောက်အတွက် အသုံးကျနေတာပဲဆိုတဲ့ ပုဂ္ဂလိကအမြင်လေးရှိနေရင်ပဲ လုံလောက်နေပါပြီ။ ပြောရမယ်ဆိုရင် အဲ့ဒါက ပါဝင်ပတ်သက်အကျိုးပြုပေးနေတယ်ဆိုတဲ့ ခံစားချက်လေးပေါ့။ အဲ့ဒီနောက်မှာတော့ ဒဿနပညာရှင်ဟာ ဒီလိုမျိုးကောက်ချက်ဆီကို ရောက်လာပါတယ်။ ပျော်ရွှင်မှုဆိုတာဟာ ပါဝင်ပက်သက် အကျိုးပြုပေးနေတယ်ဆိုတဲ့ ခံစားချက်ပါပဲ။ အဲ့ဒါဟာ သေချာပေါက်မှန်ကန်ပုံရတဲ့ အချက်တစ်ခုပါပဲ။ ဒါပေမယ့် လူငယ်ရဲ့အတွေးမှာတော့ ပျော်ရွှင်မှုဆိုတာဟာ ဒါလေးပဲလား။ ငါရှာဖွေနေတဲ့ပျော်ရွှင်မှုဆိုတာက အဲ့ဒါဟုတ်ရဲ့ လား ဆိုတဲ့ အတွေးမျိုးတွေ ဖြစ်ပေါ်နေပါတယ်။*

**"ထူးခြားတဲ့လူသား" ဖြစ်ချင်သူတွေလျှောက်ကြတဲ့ လမ်းကြောင်းနှစ်ခု**

---------------------------------------------------------------------------

လူငယ် - ခင်ဗျားကျွန်တော့်မေးခွန်းကို မဖြေရသေးဘူးနော် .. ကျွန်တော်ကိုယ့်ကိုယ်ကိုယ် နှစ်သက်ဖို့ရာကို အခြားသူတွေရဲ့အကျိုးကိုဆောင်ရွက်ခြင်းအားဖြင့် တကယ်တန်းရကောင်းရနိုင်ပါလိမ့်မယ် .. ကျွန်တော်ဟာ တန်ဖိုးမရှိတဲ့သူမဟုတ်ဘူးဆိုတာကိုသိပြီး ကျွန်တော့်မှာတန်ဖိုးရှိတယ်ဆိုတာကို ခံစားနိုင်ကောင်း ခံစားနိုင်ပါ လိမ့်မယ် .. ဒါပေမယ့် လူတစ်ယောက်ပျော်ရွှင်ဖို့အတွက်လိုအပ်တာက အဲ့ဒါလေးပဲလား .. ဒီကမ္ဘာလောကထဲမှာ ရှင်သန်နေထိုင်နေရင်း ကျွန်တော်ထင်မိတာက နောင်လာမယ့်အနာဂတ်မျိုးဆက်တွေက ကျွန်တော့်ကိုအမှတ်ရ နေစေမယ့် ကြီးကျယ်ခမ်းနားတဲ့အောင်မြင်မှုတွေကို ကျွန်တော်မရခဲ့ရင်၊ "ဒါဟာ ငါပဲ .. တခြားဘယ်သူမှမဟုတ် တဲ့ ငါပဲ" ဆိုတာမျိုး ကျွန်တော့်ကိုယ်ကျွန်တော် သက်သေပြနိုင်တာမျိုး မရှိခဲ့ရင် ကျွန်တော်ဟာ စစ်မှန်တဲ့ ပျော်ရွှင်မှုကို ဘယ်တော့မှရမှာမဟုတ်ဘူး လို့ပဲ .. ခင်ဗျားဟာ ကိုယ့်ကိုယ်ကိုယ်သိမြင်မှုကိုရစေမယ့် ပျော်ရွှင်မှု ဆိုတာ အကြောင်းကိုမပြောဘဲ အရာအားလုံးကို လူလူချင်းဆက်ဆံရေးဆိုတဲ့ဘောင်ထဲကို ဆွဲသွင်းဖို့ကြိုးစား နေတာပဲ .. ခင်ဗျားကျွန်တော့်ကို မေးမယ်ဆိုရင်တော့ အဲ့ဒါဟာ တခြားဘာမှမဟုတ်တဲ့ တိမ်းရှောင်ထွက်ပြေးမှု တစ်ခုလို့ ပြောရမှာပဲ

ဒဿနပညာရှင် - "ကိုယ့်ကိုယ်ကိုယ်သိမြင်မှုကိုရစေမယ့် ပျော်ရွှင်မှု" ဆိုတဲ့စကားက မင်းဘာကိုဆိုလိုချင်နေ တာလဲဆိုတာ ငါသေသေချာချာနားမလည်ဘူး .. မင်းဘာကို ညွှန်းဆိုချင်တာလည်းဆိုတာ တိတိကျကျလေး ပြောပေးပါလား

လူငယ် - အဲ့ဒါက လူတစ်ယောက်ချင်းစီအတွက် မတူကွဲပြားတဲ့အရာတစ်ခုပဲ .. ဆိုကြပါစို့ လူ့အဖွဲ့အစည်းအတွင်းမှာ အောင်မြင်မှုရချင်တဲ့သူတွေရှိမယ် .. ပြီးတော့ ပိုပြီးပုဂ္ဂလိကဆန်တဲ့ ရည်မှန်းချက်တွေကို ချမှတ်ထားတဲ့သူတွေရှိမယ် .. ဥပမာအားဖြင့် အံ့အားသင့်ဖွယ်ရာကောင်းတဲ့ ဆေးတစ်မျိုးကို ဖော်ထုတ်ဖို့ကြိုးပမ်းနေတဲ့ သုတေသနသမားတစ်ယောက် ဒါမှမဟုတ် ကိုယ့်အတွက်ကျေနပ်မှုပေးနိုင်မယ့် အရာမျိုးကိုဖန်တီးဖို့ ကြိုးပမ်းနေတဲ့ အနုပညာသမားတစ်ယောက် စသဖြင့်ပေ့ါ

ဒဿနပညာရှင် - မင်းကရော ဘယ်လို ရည်ရွယ်ချက်မျိုး ထားရှိတာလဲ

လူငယ် - ကျွန်တော်ဘာကိုရှာဖွေနေတယ်ဆိုတာကို ကျွန်တော်တကယ်မသိသေးပါဘူး .. ဒါမှမဟုတ် အနာဂတ်မှာကျွန်တော်ဘာလုပ်ရမလဲဆိုတာကိုလည်း ကျွန်တော်မသိသေးပါဘူး .. ဒါပေမယ့် ကျွန်တော်တစ်ခုခုလုပ်ရလိမ့်မယ်ဆိုတာကိုတော့ ကျွန်တော်သိပါတယ် .. ကျွန်တော့်ဘဝရဲ့ ကျန်တဲ့နေ့ရက်တွေကို တက္ကသိုလ်စာကြည့်တိုက်မှာပဲ ကုန်ဆုံးသွားဖို့ကတော့ ဘယ်လိုမှမဖြစ်နိုင်ပါဘူး .. ကျွန်တော့်ဘဝတစ်ခုလုံးအတွက် မြှုပ်နှံရမယ့် အိပ်မက်တစ်ခုကိုတွေ့တဲ့အချိန်မှာ ကျွန်တော်ကိုယ့်ကိုယ်ကိုယ် သိမြင်မှုကိုရမှာပဲ .. အဲ့သလိုအချိန်ဟာ ကျွန်တော် စစ်မှန်တဲ့ပျော်ရွှင်မှုကို ခံစားရတဲ့အချိန်ပဲ .. ကျွန်တော့်အဖေဟာ မိုးလင်းကနေမိုးချုပ်သည်အထိ သူ့အလုပ်ထဲမှာ နစ်မြုပ်နေတတ်တဲ့သူမျိုးပဲ .. ပြီးတော့ အဲ့ဒါဟာ သူ့အတွက်ပျော်ရွှင်မှုဟုတ်သလား မဟုတ်ဘူးလားဆိုတာကိုလည်း ကျွန်တော်မသိဘူး .. ကျွန်တော့်မျက်လုံးထဲမှာတော့ သူဟာအမြဲတန်းအလုပ်များနေပြီး ဘယ်တုန်းကမှ ပျော်ရွှင်တဲ့ပုံရမနေခဲ့ဘူး .. အဲ့ဒါမျိုးက ကျွန်တော်လိုချင်တဲ့ဘဝမျိုးတော့ မဟုတ်ဘူး

ဒဿနပညာရှင် - ကောင်းပြီ .. ဒီအချက်ကို ပြဿနာရှိတဲ့အပြုအမူတွေကိုလုပ်နေတဲ့ ကလေးတစ်ယောက်ရဲ့ ဥပမာနဲ့ မင်းအစားထိုးပြီး စဉ်းစားကြည့်မယ်ဆိုရင် ပိုပြီးနားလည်လွယ်လိမ့်မယ်

လူငယ် - ပြဿနာရှိတဲ့အပြုအမူတွေ .. ဟုတ်လား

ဒဿနပညာရှင် - မှန်တယ် .. ပထမဆုံးအနေနဲ့ ငါတို့လူသားတွေမှာ နဂိုဇီဇပါ အလိုဆန္ဒတစ်ခုရှိတယ် .. အဲ့ဒါကို "ကြီးမြင့်မှုကို လှမ်းဆွတ်ခြင်း" လို့ခေါ်တယ် .. အဲ့ဒီအကြောင်း ငါတို့ဆွေးနွေးခဲ့တာ မင်းမှတ်မိသေးရဲ့လား

လူငယ် - ဟုတ်ကဲ့ မှတ်မိပါတယ် .. ရှင်းလင်းအောင်ပြောရရင် အဲ့ဒါက "တိုးတက်မှုကို မျှော်လင့်ခြင်း" နဲ့ "အကောင်းဆုံး စံအနေအထားကို ကြိုးပမ်းရယူခြင်း" ဆိုတာတွေကို ညွှန်ပြတဲ့ စကားရပ်ပဲ

ဒဿနပညာရှင် - သူတို့ရဲ့ အစောပိုင်းငယ်ဘဝမှာ အထူးကောင်းမွန်အောင်ကြိုးပမ်းကြတဲ့ ကလေးတွေ အများကြီးရှိကြတယ် .. ပုံမှန်အားဖြင့် သူတို့ဟာ သူတို့မိဘတွေရဲ့စကားကို လိုက်နာကြတယ် .. လူ့အသိုင်းအဝိုင်းကလက်ခံထားကြတဲ့ အပြုအမူတွေနဲ့အညီ သူတို့လိုက်နာကျင့်ကြံကြတယ် .. ကျောင်းစာနဲ့ အားကစားမှာ ထူးချွန်အောင် အထူးကြိုးစားကြတယ် .. အပိုသင်ရိုးသင်ခန်းစာတွေမှာလည်း ထူးချွန်ကြတယ် .. အဲ့ဒီနည်းနဲ့

သူတို့ဟာ သူတို့မိဘတွေရဲ့ အသိအမှတ်ပြုမှုကို ရအောင်ကြိုးပမ်းကြတယ် .. ဒါပေမယ့် သူတို့ရဲ့ အထူးကောင်းမွန်အောင်ကြိုးစားခြင်းက အလုပ်မဖြစ်တဲ့အခါ .. ဥပမာအားဖြင့် သူတို့ကျောင်းစာနဲ့ အားကစားမှာ အဆင်မပြေတာတွေဖြစ်လာတဲ့အခါမျိုးတွေမှာပေါ့ .. သူတို့ဟာ ဆန့်ကျင်ဖက်အရပ်ကိုမျက်နှာမူလိုက်ကြပြီး အထူးသဖြင့် ဆိုးတဲ့သူတွေဖြစ်အောင် ကြိုးပမ်းကြတော့တာပဲ

လူငယ် - သူတို့ဘာကြောင့် အဲ့သလိုလုပ်ရတာလဲ

ဒဿနပညာရှင် - သူတို့အထူးသဖြင့်ကောင်းအောင် ကြိုးစားသည်ဖြစ်စေ အထူးသဖြင့်ဆိုးအောင်ကြိုးပမ်းသည်ဖြစ်စေ ရည်ရွယ်ချက်ကတော့ အတူတူပါပဲ .. အဲ့ဒါကတော့ လူတွေရဲ့အာရုံစူးစိုက်မှုကို ရယူကြဖို့ပါပဲ .. "သာမန်" ဆိုတဲ့အခြေအနေကနေ "ထူးခြားတဲ့လူသား" တစ်ယောက်ဖြစ်လာအောင်လုပ်ဖို့ပါပဲ .. အဲ့ဒါက သူတို့ရဲ့ တစ်ခုတည်းသော ရည်ရွယ်ချက်ပါပဲ

လူငယ် - ဟမ် .. ကောင်းပါပြီ .. ဆက်ပါဦး

ဒဿနပညာရှင် - လူတစ်ယောက်ရဲ့ စာလေ့လာမှုဖြစ်စေ၊ အားကစားမှာပါဝင်လှုပ်ရှားမှုဖြစ်စေ ဘယ်ကိစ္စမှာမဆို ထူးခြားကောင်းမွန်တဲ့ရလဒ်ကိုရဖို့ဆိုရင် သူဟာအမြဲမပြတ်ကြိုးစားအားထုတ်နေမှရမယ် .. ဒါပေမယ့် အထူးသဖြင့် ဆိုးအောင်ကြိုးစားနေတဲ့ကလေး ပြောရမယ်ဆိုရင် ပြဿနာရှိတဲ့အပြုအမူတွေကိုလုပ်နေတဲ့ ကလေးပေါ့ .. အဲ့ဒီကလေးအဖို့မှာတော့ တခြားသူတွေရဲ့ အာရုံစူးစိုက်မှုကို ရယူဖို့ကြိုးပမ်းတဲ့နေရာမှာ စောစောက ပြောခဲ့သလိုမျိုး ကောင်းမွန်တဲ့ အမြဲမပြတ်ကြိုးစားအားထုတ်မှုတွေကို မလုပ်ဘဲနဲ့ကိုပဲ သူလိုချင်တဲ့ အာရုံစိုက်ခံရမှုကို ရနိုင်တယ်လေ .. အက်ဒလာစိတ်ပညာမှာ အဲ့ဒါကို "လွယ်ကူတဲ့ သာလွန်မှုကို ရယူခြင်း" လို့ခေါ်တယ် .. ဥပမာအနေနဲ့ စာသင်ခန်းထဲမှာ ခဲဖျက်နဲ့လူတကာကိုလိုက်ပေါက်၊ အသံကျယ်ကျယ်နဲ့ စကားတွေပြောပြီး စာသင်တာကိုလိုက်နှောက်ယှက်တတ်တဲ့ ကလေးတစ်ယောက်ကို ကြည့်ကြည့်ပါ .. သူဟာ ဆရာ ဆရာမတွေနဲ့ သူ့သူငယ်ချင်းတွေရဲ့ အာရုံစိုက်မှုကို သေချာပေါက်ရမှာပဲ .. အဲ့သလိုအပြုအမူတွေဟာ အဲ့ဒီနေရာမှာ တားမြစ်ထားတဲ့အပြုအမူတွေဖြစ်နေတယ်ဆိုရင်တောင်မှ သူဟာ ထူးခြားတဲ့လူသား တစ်ယောက်အဖြစ်ရောက်ရှိသွားအောင်လုပ်တဲ့နေရာမှာ အောင်မြင်မှုရသွားတယ်လို့ ပြောရမှာပဲ .. ဒါပေမယ့် အဲ့ဒါဟာ လွယ်ကူတဲ့သာလွန်မှုကို ရယူခြင်းသာဖြစ်ပြီး အဲ့သလိုအပြုအမူမျိုးဟာ ခိုင်ခံ့ကျန်းမာမှုမရှိတဲ့ စိတ်နေစိတ်ထားမျိုး သာဖြစ်တယ်

လူငယ် - ဆိုတော့ ပြစ်မှုအသေးစားလေးတွေကို ကျူးလွန်နေကြတဲ့ ကလေးတွေဟာ လွယ်ကူတဲ့သာလွန်မှုကို ရယူဖို့ကြိုးပမ်းနေကြတဲ့ သူတွေပဲလား

ဒဿနပညာရှင် - ဟုတ်တယ်.. အမှန်ပဲ.. ကျောင်းတက်ဖို့ငြင်းဆန်တာကနေ လက်ကောက်ဝတ်ကို လှီးဖြတ်တာ အသက်မပြည့်သေးဘဲ အရက်နဲ့ဆေးလိပ်သောက်ကြတာအထိ စတဲ့အပြုအမူအမျိုးအစား အားလုံးဟာ

လွယ်ကူတဲ့သာလွန်မှုကို ရယူဖို့ကြိုးပမ်းတဲ့ ပုံစံတွေချည်းပဲ .. ပြီးတော့ အစပိုင်းတုန်းက မင်းပြောခဲ့တဲ့ အခန်းထဲမှာပိတ်ပြီးနေတဲ့ မင်းရဲ့သူငယ်ချင်းဟာလည်းပဲ ဒီလိုလုပ်နေတဲ့သူတစ်ယောက်ပဲ.. ကလေးတစ်ယောက် အဲ့သလိုပြဿနာရှိတဲ့ အပြုအမူတွေလုပ်နေရင် သူ့မိဘတွေနဲ့ တခြားလူကြီးတွေက သူ့ကိုပြင်းပြင်းထန်ထန် အပြစ်တင်ကြိမ်းမောင်းကြတယ် .. အဲ့သလို ပြစ်တင်ကြိမ်းမောင်းခြင်းဟာ အခြားအကျိုးဆက်တွေဖြစ်တာထက် ကလေးအပေါ်မှာ စိတ်ဖိစီးမှုဖြစ်သွားစေတာပဲ အဖတ်တင်လိမ့်မယ် .. ဒါပေမယ့် အဲ့သလိုပြစ်တင်ကြိမ်းမောင်း ခံရတာဖြစ်နေစေဦးတော့ ကလေးဟာ အဲ့သလိုနည်းနဲ့ရတဲ့ သူ့မိဘတွေရဲ့ အာရုံစိုက်မှုကိုလည်း ခံချင်တတ်ကြ တယ် .. သူဟာ ထူးခြားတဲ့လူသားဖြစ်ချင်တယ် .. အဲ့ဒီနေရာမှာ ဘယ်လိုနည်းနဲ့ပဲရရ အာရုံစိုက်ခံရမှု ရတဲ့ ပုံစံဟာ သူတို့အတွက် အရေးမကြီးဘူး .. ဆိုတော့ သူဟာ ပြဿနာရှိတဲ့ အပြုအမူတွေလုပ်တာကို မရပ်တန့် တော့ဘူး .. ဘယ်လောက်ပဲ ဆိုးဆိုးရွားရွားပြစ်တင်ကြိမ်းမောင်းခံရသည် ဖြစ်စေပေ့ါ

လူငယ် - သူတို့ရဲ့ ပြစ်တင်ကြိမ်းမောင်းနေမှုကြောင့် ကလေးဟာ သူ့ရဲ့ ပြဿနာရှိတဲ့အပြုအမူတွေကို မရပ်တာ လား

ဒဿနပညာရှင် - လုံးဝ အသေအချာပဲ .. ဘာကြောင့်လဲဆိုတော့ မိဘတွေနဲ့ တခြားလူကြီးတွေက သူလိုချင်တဲ့ အာရုံစိုက်ခံရမှုကို ဆူပူကြိမ်းမောင်းတဲ့နည်းနဲ့ သူ့ကိုပေးနေတာကြောင့်ပဲ

လူငယ် - ဒါပေမယ့် အရင်တုန်းက ပြဿနာရှိတဲ့အပြုအမူတွေကိုလုပ်တာက မိဘတွေကို လက်စားချေချင်လို့ လုပ်တာလို့ ခင်ဗျားပြောခဲ့တယ် .. ဟုတ်တယ်နော် .. အဲ့ဒါက အခုပြောနေတာနဲ့ ချိတ်ဆက်မှုရှိနေလား

ဒဿနပညာရှင် - မှန်တယ် .. "လက်စားချေတာ" နဲ့ "လွယ်ကူတဲ့ သာလွန်မှုကို ရယူခြင်း" ဟာ အလွယ်တကူပဲ ချိတ်ဆက်နေကြပါတယ် .. လူတစ်ယောက်ဟာ "ထူးခြား" ဖို့ကြိုးစားနေတဲ့ တစ်ချိန်တည်းမှာပဲ အခြားသူ တစ်ယောက်ကို ဒုက္ခပေးနေတာပေ့ါ

## သာမန်ဖြစ်ရဲဖို့လိုအပ်တဲ့ သတ္တိ

--------------------------------

လူငယ် - ဒါပေမယ့်.. ဘယ်လို ..... လူသားအားလုံးအထူးသဖြင့်ကောင်းဖို့ရာ ဒါမှမဟုတ် အဲ့ဒါနဲ့အလားတူတာမျိုး ဖြစ်ဖို့ရာဆိုတာက ဖြစ်နိုင်တဲ့အရာမှမဟုတ်တာ .. မဟုတ်ဘူးလား .. ဘာပဲဖြစ်ဖြစ် လူတွေမှာက သူတို့ရဲ့ကိုယ်ပိုင် အားသာချက်တွေနဲ့ အားနည်းချက်တွေကိုယ်စီရှိနေကြတာပဲ .. ပြီးတော့ လူတွေဟာ တစ်ယောက်နဲ့ တစ်ယောက် အမြဲတမ်းပဲ ကွဲပြားခြားနားချက်တွေရှိနေကြမှာပဲလေ .. ပါရမီရှင်ဆိုတဲ့လူဆိုတာမျိုးက ကမ္ဘာပေါ်မှာ လက်တဆုပ်စာလောက်ပဲရှိတာ .. ကျောင်းသားတိုင်းက ဂုဏ်ထူးတန်းဝင်ကြတာမဟုတ်ဘူး .. ဆိုတော့ အရှုံး သမားအားလုံးအတွက်ဆိုရင် အထူးသဖြင့်ဆိုးဖို့ရာကလွဲလို့ တခြားဘာမှရှိမှာမဟုတ်ဘူး

ဒဿနပညာရှင် - ဟုတ်တယ် .. အဲ့ဒါက ဘယ်သူမှဆိုးသွမ်းသူမဖြစ်ချင်ဘူးဆိုတဲ့ ဆိုကရေးတီးစ်ရဲ့ ဝိရောဓိပဲ .. ဘာကြောင့်လဲဆိုတော့ ပြဿနာရှိတဲ့အပြုအမူတွေကို လုပ်နေတဲ့ကလေးတွေအဖို့မှာ ကြမ်းရမ်းတဲ့အပြုအမူတွေနဲ့ ခိုးတာတွေဟာလည်း သူတို့အောင်မြင်အောင်လုပ်နိုင်တဲ့ "ကောင်းတဲ့အရာ" ဖြစ်နေတာကိုး

လူငယ် - ဒါပေမယ့် အဲ့ဒီအမြင်က အတော်ကြောက်စရာကောင်းတာပဲ .. အဲ့ဒီအမြင်က ထွက်လမ်းမရှိတဲ့အမြင်တစ်ခုပဲ

ဒဿနပညာရှင် - ဒီကိစ္စမှာ အက်ဒလာစိတ်ပညာက အာရုံစိုက်တဲ့အချက်က "ပုံမှန်ဖြစ်ရဲဖို့လိုအပ်တဲ့သတ္တိ" ဆိုတဲ့စကားပဲ

လူငယ် - ပုံမှန်ဖြစ်ရဲဖို့လိုအပ်တဲ့သတ္တိ ဟုတ်လား

ဒဿနပညာရှင် - ဘာကြောင့်ထူးခြားတဲ့လူဖြစ်ဖို့ရာ လိုအပ်တာလဲ .. ဖြစ်နိုင်တာက ဘာကြောင့်လဲဆိုတော့ လူတစ်ယောက်ဟာသူ့ရဲ့ သာမန်ဖြစ်တဲ့အတ္တကို လက်မခံနိုင်လို့ပဲ .. ပြီးတော့ အဲ့ဒီအကြောင်းကြောင့်ပဲ လူတစ်ယောက်ဟာ အထူးသဖြင့်ကောင်းတဲ့သူတစ်ယောက် မဖြစ်နိုင်တော့တဲ့အခါ အထူးသဖြင့်ဆိုးတဲ့သူတစ်ယောက်ဖြစ်ဖို့ ကြိုးပမ်းတော့တာပဲပေါ့ .. အစွန်းတစ်ဖက်ကနေ ဆန့်ကျင်ဖက်အစွန်းတစ်ဖက်ကို ကူးပြောင်းသွားတာပေါ့ .. ဒါပေမယ့် ပုံမှန်လူဖြစ်ရတာ၊ သာမန်လူဖြစ်ရတာက တကယ်ပဲဆိုးတဲ့အရာတစ်ခု ဖြစ်နေလို့လား .. သာမန်ဖြစ်ရတာက နိမ့်ကျတဲ့အရာတစ်ခုခုဖြစ်လို့လား .. လူတိုင်းဟာ သာမန်လူတွေဟုတ်မနေကြလို့လား .. ဒါတွေကို ယုတ္တိကျကျ စဉ်းစားတွေးတောပြီး ကောက်ချက်ချနိုင်ဖို့ လိုတယ်

လူငယ် - ဆိုတော့ ကျွန်တော်ဟာ သာမန်လူဖြစ်သင့်တယ်လို့ ခင်ဗျားဆိုလိုတာလား

ဒဿနပညာရှင် - ကိုယ့်ကိုယ်ကိုယ်လက်ခံမှုဟာ အရေးကြီးတဲ့ပထမအဆင့်ပဲ .. မင်းဟာ သာမန်ဖြစ်ရဲဖို့လိုအပ်တဲ့သတ္တိကို ပိုင်ဆိုင်နိုင်စွမ်းရှိပြီဆိုရင် မင်းရဲ့ကမ္ဘာလောကကို ရှုမြင်ပုံရှုမြင်နည်းဟာ တဖြည်းဖြည်းချင်းပြောင်းလဲလာလိမ့်မယ်

လူငယ် - ဒါပေမယ့် ......

ဒဿနပညာရှင် - မင်းဟာ သာမန်ဖြစ်မှုကို ငြင်းပယ်ချင်နေပုံရတယ် .. ဘာကြောင့်လဲဆိုတော့ မင်းဟာ သာမန်ဖြစ်မှုဆိုတာကို မစွမ်းဆောင်နိုင်မှုလို့ ထင်မှတ်နေလို့ပဲ .. သာမန်ဖြစ်တာဟာ မစွမ်းဆောင်နိုင်တာ မဟုတ်ပါဘူး .. လူတစ်ယောက်ဟာ သူ့ရဲ့ကြီးမြင့်မှုကို ထုတ်ကြွားဝါနေဖို့ရာ မလိုအပ်ပါဘူး

လူငယ် - ကောင်းပါပြီ .. ထူးခြားတဲ့သူဖြစ်ဖို့ရာ ရည်ရွယ်နေတာရဲ့အန္တရာယ်ကို ကျွန်တော်နားလည်ပါပြီ .. ဒါပေမယ့် လူတစ်ယောက်ဟာ ငါသာမန်လူပဲဖြစ်ရမယ်ဆိုပြီး တမင်တကာရွေးချယ်နေထိုင်ဖို့ရာရော တကယ်ပဲလိုအပ်ရဲ့လား .. ကျွန်တော်ဟာ ဒီကမ္ဘာမြေပေါ်မှာ ကျွန်တော်နေထိုင်ခွင့်ရခဲ့တဲ့ ကာလလေးကို လုံးလုံးပြီးငွေ့ဖွယ်ကောင်းစွာနဲ့ နေထိုင်ခဲ့ရင်၊ ကျွန်တော်ဟာ ကျွန်တော့်ဖြစ်တည်မှုရဲ့ ဘာမှတ်တမ်း ဘာအမှတ်ရစရာမှ ချန်မထားနိုင်ခဲ့တဲ့ အနှစ်သာရမရှိတဲ့ဘဝကို ဖြတ်သန်းခဲ့ရရင်လည်း ငါဟာဒီလိုလူစားမျိုးပဲလေဆိုပြီး ကျွန်တော့်ဘဝကို ကျွန်တော်ကျေနပ်လိုက်ရမှာလား .. ခင်ဗျားက ရယ်စရာပြောနေတာပဲ .. အဲ့သလိုဘဝမျိုးဆိုရင်တော့ ကျွန်တော် ချက်ချင်းပဲစွန့်ပစ်လိုက်မှာပဲ

ဒဿနပညာရှင် - ဘာပဲဖြစ်နေဖြစ်နေ မင်း ထူးခြားတဲ့လူသားတစ်ယောက် ဖြစ်ချင်တယ်ပေါ့

လူငယ် - မဟုတ်ပါဘူး .. ဒီမှာ .. "သာမန်" လို့ခင်ဗျားပြောနေတဲ့အရာကို လက်ခံခြင်းက ကျွန်တော့်ရဲ့လှုပ်ရှားတက်ကြွမှုမရှိတဲ့ အတ္တကို လက်ခံလိုက်ရမလိုဖြစ်နေတယ် .. အဲ့သလိုအခြေအနေက "ငါ့လုပ်နိုင်စွမ်းက ဒါအကုန်ပဲ .. ပြီးတော့ အဲ့ဒါကလည်း အဆင်ပြေပါတယ်" ဆိုပြီးပြောနေသလိုမျိုးဖြစ်နေတယ် .. အဲ့သလိုမျိုး လှုပ်ရှားတက်ကြွမှုမရှိတဲ့ဘဝကို လက်ခံဖို့ကိုတော့ ကျွန်တော်ငြင်းပယ်ရလိမ့်မယ် .. နပိုလီယံ၊ မဟာလက်ဇန္ဒား၊ အိုင်စတိုင်း၊ မာတင်လူသာကင်း တို့ဟာ "သာမန်" ဆိုတာကို လက်ခံခဲ့ကြတယ်လို့ ခင်ဗျားထင်လို့လား .. ပြီးတော့ ဆိုကရေးတီး နဲ့ ပလေတိုတို့ကရော .. သူတို့အဲ့ဒီအနေအထားကို လုံးဝလက်ခံခဲ့ကြမှာ မဟုတ်ပါဘူး .. ဖြစ်ဖို့များတာက သူတို့အားလုံးဟာ ကြီးကျယ်တဲ့ ရည်ရွယ်ချက်ဆိုတဲ့ မီးတိုင်ကိုကိုင်ရင်း သူတို့ဘဝကို ဖြတ်သန်းခဲ့ကြမှာပါပဲ .. ခင်ဗျားရဲ့အတွေးအခေါ်တွေနဲ့ နေထိုင်မယ်ဆိုရင် နောက်ထပ်နပိုလီယံတစ်ယောက်လည်း ပေါ်လာဖို့ အကြောင်းရှိမှာမဟုတ်တော့ဘူး .. ခင်ဗျားဟာ ပါရမီရှင်တွေ ဆိတ်သုဉ်းနေတဲ့လောကကို ဖန်တီးနေတာပဲ

ဒဿနပညာရှင် - ဆိုတော့ မင်းပြောချင်တာက လူတစ်ယောက်ဟာ ဘဝမှာမြင့်မားတဲ့ရည်မှန်းချက်တွေ ထားရှိရမယ် ဆိုတာလား

လူငယ် - ဒါက သိသာထင်ရှားတဲ့ အချက်ပဲလေ

+++

*"သာမန်ဖြစ်ရဲဖို့လိုအပ်တဲ့သတ္တိ" ဆိုတာက ကြောက်မက်ဖွယ်ကောင်းတဲ့ စကားလုံးတစ်ခုပါပဲ။ အက်ဒလာနဲ့ ဒီဒဿနပညာရှင်ဟာ ငါ့ကို အဲ့သလိုလမ်းကြောင်းမျိုးကို ရွေးချယ်ဖို့ တကယ်ပဲပြောနေကြတာလား။ ငါ့ဘဝကို ဘာမှမဟုတ်တဲ့ သာမန်လူတစ်ယောက်လုံးလုံး အဖြစ်နဲ့ပဲ နေထိုင်ဖြတ်သန်းသွားရမှာလား။ ငါဟာ ပါရမီရှင်တော့ မဟုတ်ပါဘူး။ "သာမန်" ဆိုတာဟာ ငါ့အတွက် တစ်ခုတည်းသော ရွေးချယ်စရာဖြစ်ကောင်းဖြစ်နေမလား။ ငါ့ရဲ့ မထူးခြားလှတဲ့အဖြစ်ကိုလက်ခံပြီး မထူးခြားလှတဲ့ဘဝမှာပဲ လက်မြှောက်အရှုံးပေးလိုက်ရတော့မှာလား။ နေ့စဉ်*

*ဖြစ်တည်မှုထဲမှာပဲ ဒီအတိုင်းနေနေရမှာလား။ ဒါပေမယ့် အဲ့ဒီအခြေအနေကြီးကို ငါတိုက်ခိုက်တွန်းလှန်ရမယ်လေ။ ဘာပဲဖြစ်ဖြစ်ပေ့ါ။ ငါဒီလူကို ခါးသီးတဲ့အဆုံးသတ်ရောက်သည်အထိ ဆန့်ကျင်ရမယ်။ ငါတို့ဟာ ဒီဆွေးနွေးမှုရဲ့ အဓိကအချက်ဆီကိုရောက်တော့မယ့်ပုံပဲ။ လူငယ်ဟာ စိတ်လှုပ်ရှားနေပါတယ်။ ဆောင်းရာသီရဲ့လေဟာ အေးစက်နေပေမယ့်လည်း သူ့တင်းကြပ်တဲ့လက်သီးဆုပ်ထဲမှာ ချွေးတွေထွက်ပြီး ပြောင်လက်နေပါတယ်။*

**ဘဝဆိုတာ အခိုက်အတန့်လေးတွေ တွဲဆက်ထားတဲ့အရာ**

-----------------------------------------------------------

ဒဿနပညာရှင် - ကောင်းပြီ .. မြင့်မားတဲ့ရည်မှန်းချက်တွေလို့ မင်းပြောတဲ့အချိန်မှာ မင်းရဲ့စိတ်ကူးထဲမှာ တောင်ထိပ်ကိုရောက်ဖို့ ရည်မှန်းကြိုးစားနေတဲ့ တောင်တက်သမားတစ်ယောက်ရဲ့ ပုံရိပ်မျိုး ရှိနေလိမ့်မယ်လို့ ငါယူဆတယ်

လူငယ် - ဟုတ်ကဲ့ .. အမှန်ပါပဲ .. ကျွန်တော်အပါအဝင် လူတွေဟာ တောင်ထိပ်ကိုရောက်ဖို့ရာ ရည်မှန်းကြတာချည်းပါပဲ

ဒဿနပညာရှင် - ဒါပေမယ့် ဘဝဆိုတာ တောင်ထိပ်ကိုရောက်ဖို့ရာ တက်လှမ်းရတဲ့အရာမျိုးဆိုရင် ဘဝရဲ့ကြီးမားတဲ့အစိတ်အပိုင်းဟာ "လမ်းခရီး" ဆိုတာမှာပဲ ရှိနေရလိမ့်မယ် .. ဆိုလိုတာက လူတစ်ယောက်ရဲ့ "တကယ့်ဘဝ" ဟာ တောင်စောင်းလမ်းကြောင်းမှာ တက်လှမ်းနေခြင်းနဲ့ အစပြုရမှာဖြစ်ပြီး အခုလက်ရှိအချိန်အထိ သူရောက်ခဲ့တဲ့အကွာအဝေးဟာ "ယာယီငါ" ဆိုတာက လျှောက်လှမ်းခဲ့တဲ့ "ယာယီဘဝ" ဆိုတာမျိုး ဖြစ်နေလိမ့်မယ်

လူငယ် - အဲ့သလိုနည်းနဲ့လည်း တွေးလို့ရတယ်လို့ ကျွန်တော်ထင်ပါတယ် .. အခုကျွန်တော်လျှောက်လှမ်းနေတဲ့ နည်းလမ်းအရတော့ ကျွန်တော်ဟာ သေချာပေါက် "လမ်းခရီး" ပေါ်မှာရှိနေတဲ့သူတစ်ယောက်ပေ့ါ

ဒဿနပညာရှင် - အခုလက်ရှိအချိန်မှာ မင်းဟာ တောင်ထိပ်ကိုရောက်ဖို့ရာ မလုပ်နိုင်တော့ဘူးဆိုကြပါစို့ .. အဲ့ဒီအခါမှာ မင်းဘဝအတွက် အဲ့ဒါက ဘယ်လိုအဓိပ္ပာယ်မျိုးကိုဆောင်နေမလဲ .. မတော်တဆဖြစ်မှုတစ်ခုခုကြောင့်၊ ရောဂါတစ်မျိုးမျိုးခံစားရတာကြောင့် စတဲ့အကြောင်းတစ်ခုခုကြောင့် လူတွေဟာ တောင်ထိပ်ကိုအမြဲရောက်ဖို့ရာ မဖြစ်နိုင်တဲ့အခြေအနေတွေရှိတယ် .. တောင်ထိပ်ကိုတက်ဖို့ရာမှာလည်း အခက်အခဲအဟန့်အတားတွေက အများကြီးနဲ့ဆိုတော့ လူတွေဟာ မကြာခဏဆိုသလိုပဲ အရှုံးနဲ့ရင်ဆိုင်ကြရတယ် .. ဆိုတော့ လူတစ်ယောက်ရဲ့ဘဝဟာ "လမ်းခရီး" မှာပဲအနှောက်အယှက် အဟန့်အတားလုပ်ခံရတဲ့အခါ သူဟာ "ယာယီငါ" တွေပဲရှိတဲ့ "ယာယီဘဝ" မှာပဲ နေထိုင်နေရတော့တာပေ့ါ .. အဲ့သလိုဘဝမျိုးဆိုရင်ရော ဘယ်လိုနေလိမ့်မလဲ

လူငယ် - အဲ့ .. အဲ့ဒါက ...... ကောင်းပြီ .. အဲ့ဒါက လူတစ်ယောက်ရဲ့ မစွမ်းဆောင်နိုင်မှုပဲ .. ဆိုတော့ ကျွန်တော့်မှာ စွမ်းဆောင်ရည် မရှိဘူး .. ဒါမှမဟုတ် ကျွန်တော့်မှာတောင်ကိုတက်နိုင်ဖို့ ရုပ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုမရှိဘူး .. ဒါမှမဟုတ် ကျွန်တော်ကံမကောင်းဘူး .. ဒါမှမဟုတ် ကျွန်တော်မှာလိုအပ်တဲ့ကျွမ်းကျင်မှုမရှိဘူး .. ဒါပဲလေ .. ဟုတ်တယ် .. အဲ့ဒါက ကျွန်တော်လက်ခံဖို့ပြင်ဆင်ထားတဲ့ အရှိတရားပဲ

ဒဿနပညာရှင် - အက်ဒလာစိတ်ပညာမှာတော့ မတူညီတဲ့ရှုထောင့်ရှိတယ် .. ဘဝကို တောင်တစ်ခုတက်နေရသလိုမြင်တဲ့သူတွေက သူတို့ရဲ့ဖြစ်တည်မှုကို မျဉ်းကြောင်းတွေလို ဖြတ်သန်းနေကြတာပဲ .. လူတစ်ယောက်ဒီလောကထဲ စဝင်လာလာချင်းမှာပဲ မျဉ်းကြောင်းတစ်ကြောင်းစဖြစ်သွားသလို သူတို့ရှုမြင်ကြတယ် .. အဲ့ဒီမျဉ်းကြောင်းဟာ တောင်ထိပ်ကိုမရောက်မချင်း ကွေးလိုက်ကောက်လိုက်နဲ့ ပုံစံအမျိုးမျိုးဖြစ်ပြီး တိုးလာသလိုရှုမြင်ကြတယ် .. နောက်ဆုံး သေခြင်းတရားဆိုတဲ့ သူ့အဆုံးသတ်ကို ရောက်သည့်အထိပေါ့ .. ဒီအတွေးအမြင်က ဘဝကို ဇာတ်လမ်းတစ်ပုဒ်လို့ ရှုမြင်သလိုမျိုးဖြစ်နေတယ် .. ပြီးတော့ အဲ့ဒါက ဖရွိုဒ်ရဲ့ အကြောင်းကနေ အကျိုးတွေကို ပြဌာန်းတဲ့ သဘောတရားမျိုးဖြစ်နေတယ် .. အဲ့ဒီအတွေးအမြင်က ဘဝရဲ့အကြီးမားဆုံး အစိတ်အပိုင်းကို "လမ်းခရီး" အဖြစ်သာသတ်မှတ်နေတဲ့ အတွေးအမြင်မျိုးဖြစ်နေတယ်

လူငယ် - ဆိုတော့ ခင်ဗျားမြင်ထားတဲ့ ဘဝရဲ့ပုံရိပ်က ဘယ်လိုမျိုးလဲ

ဒဿနပညာရှင် - ဘဝကို မျဉ်းကြောင်းတစ်ခုလို မမြင်ပါနဲ့ .. ဘဝကို အစက်ကလေးတွေအတန်းလိုက်စီချထားတဲ့ပုံစံတစ်ခုအဖြစ် ရှုမြင်ပါ .. မင်းကျောက်သင်ပုန်းပေါ်မှာ မြေဖြူခဲနဲ့ မျဉ်းတစ်ကြောင်းဆွဲလိုက်ပြီး အဲ့ဒါကို အနကြည့်မှန်ဘီလူးနဲ့ ချဲ့ကြည့်လိုက်တဲ့အခါ မင်းမြင်ရမှာက အဲ့ဒီမျဉ်းကြောင်းဟာ တကယ်တန်းမှာ အစက်ကလေးတွေ စီတန်းပြီးချထားတဲ့ အတွဲတစ်ခုသာဖြစ်နေတယ် ဆိုတာပါပဲ .. မျဉ်းတစ်ဖြောင့်ထဲလို့ မြင်နေရတဲ့ဖြစ်တည်မှုဟာ တကယ်တန်းမှာတော့ အစက်အပြောက်လေးတွေ စီတန်းနေတာပါပဲ .. တနည်းပြောရရင် ဘဝဆိုတာ အခိုက်အတန့်လေးတွေ တွဲဆက်ထားတဲ့အရာတစ်ခုပါပဲ

လူငယ် - အခိုက်အတန့်လေးတွေတွဲဆက်ထားတဲ့အရာ ဟုတ်လား

ဒဿနပညာရှင် - ဟုတ်တယ် .. ဘဝဆိုတာ "အခု" လို့ခေါ်တဲ့ အခိုက်အတန့်လေးတွေရဲ့ အတွဲကြီးပဲ .. ငါတို့ဟာ ဒီအချိန် ဒီနေရာလေးမှာပဲ နေထိုင်လို့ရတာပါ .. ငါတို့ရဲ့ဘဝတွေဟာ အခိုက်အတန့်လေးတွေအားဖြင့်သာ တည်ရှိနေတာပါ .. ဒါကိုနားမလည်တဲ့လူကြီးတွေဟာ "မျဉ်းဖြောင့်" တစ်ကြောင်း လိုဘဝမျိုးတွေကို ကလေးတွေအပေါ်မှာ ဖွဲ့တည်ပေးချင်နေကြတာပဲ .. သူတို့ရဲ့အတွေးအမြင်ကတော့ ပုံမှန်သမားရိုးကျလမ်းကြောင်း (တက္ကသိုလ်ကောင်းကောင်းမှာတက်၊ ကုမ္ပဏီကြီးကြီးမှာ အလုပ်လုပ်၊ တည်ငြိမ်တဲ့ အိမ်ထောင်စုလေးတည်ဆောက်) ပေါ်မှာရှိနေတာကို ပျော်စရာကောင်းတဲ့ဘဝလို့ မှတ်ယူနေတာပါပဲ .. ဒါပေမယ့် ဘဝဆိုတာ မျဉ်းကြောင်းတကြောင်း ဒါမှမဟုတ် အဲ့သလိုအရာမျိုးတွေအတိုင်း တဖြောင့်တည်းသွားတဲ့အရာ ဟုတ်မနေဘူး

လူငယ် - ဆိုတော့ ဘဝစီမံကိန်းတွေ၊ အသက်မွေးဝမ်းကျောင်းစီမံကိန်းတွေ မလိုအပ်တော့ဘူးလား

ဒဿနပညာရှင် - ဘဝဟာ မျဉ်းကြောင်းတစ်ကြောင်းဆိုရင်တော့ ဘဝစီမံကိန်းတွေချတာက ဖြစ်ကောင်းဖြစ်နိုင်ပါတယ် .. ဒါပေမယ့် ငါတို့ရဲ့ဘဝတွေဟာ အစက်အပြောက်လေးတွေရဲ့ အတွဲအစပ်ကြီး ဖြစ်နေတဲ့ဟာပဲကို .. ကောင်းမွန်စွာ စီမံကိန်းချထားတဲ့ ဘဝတစ်ခုဆိုတာဟာ လိုအပ်တယ်၊ မလိုအပ်ဘူးလို့ ပြောရမယ့် အရာတစ်ခု မဟုတ်ဘူး .. ဘာကြောင့်လဲဆိုတော့ အဲ့ဒါက မဖြစ်နိုင်တဲ့အရာတစ်ခုမို့ပဲ

လူငယ် - အိုး .. အဓိပ္ပာယ်မရှိလိုက်တာ .. ဘယ်လောက်ယုတ္တိမရှိလိုက်တဲ့ အတွေးအခေါ်လဲ

**မင်း ကခုန်မြူးတူးနေသလို နေထိုင်ပါ**

---------------------------------------

ဒဿနပညာရှင် - အဲ့ဒါက ဘာများမှားနေလို့လဲ

လူငယ် - ခင်ဗျားပြောနေတာတွေက ဘဝအတွက်စီမံကိန်းရေးဆွဲဖို့တွေကို ငြင်းပယ်နေရုံသာမက ကြိုးစားအားထုတ်မှုပြုတာတွေကိုပါ ငြင်းပယ်တဲ့အထိရောက်နေပြီ .. ဥပမာအနေနဲ့ ကလေးဘဝကတည်းက တယောသမားတစ်ယောက်ဖြစ်လာဖို့ရာ စိတ်ကူးအိပ်မက်ရှိခဲ့တဲ့ ကလေးတစ်ယောက်ကို ကြည့်ကြည့် .. သူဟာ သံစုံတီးဝိုင်းကြီးတစ်ခုထဲမှာ အဖွဲ့ဝင်တစ်ယောက်အဖြစ် ပါဝင်လာနိုင်တဲ့အထိ နှစ်ပေါင်းများစွာ ပြင်းပြင်းထန်ထန် လေ့ကျင့်လာခဲ့တယ် .. ဒါမှမဟုတ် နောက်ထပ်တစ်ယောက်ကိုကြည့် .. ကလေးတစ်ယောက်ဟာ နှစ်တွေအများကြီးစာတွေလေ့လာသင်ယူပြီး ဘားစာမေးပွဲကိုအောင်မြင်လို့ ရှေ့နေတစ်ယောက်ဖြစ်လာတယ် .. အဲ့ဒီကလေးတွေဟာ ရည်မှန်းချက်တွေနဲ့ စီမံကိန်းတွေချမှတ်ထားခဲ့တာမရှိရင် သူတို့ဟာ သူတို့ဖြစ်ချင်တာတွေ ဘယ်လိုဖြစ်လာနိုင်မှာလဲ

ဒဿနပညာရှင် - ဆိုတော့ တနည်းပြောရရင် တောင်ထိပ်ဆီကိုရောက်ဖို့ရာ ရည်မှန်းထားတဲ့ တောင်တက်သမားတွေလိုမျိုး သူတို့ဟာ သူတို့ရဲ့လမ်းကြောင်းကနေ လွဲသွေမသွားအောင် ကြံ့ကြံ့ခံလျှောက်လှမ်းရမှာပေါ့

လူငယ် - ဟုတ်တာပေါ့

ဒဿနပညာရှင် - ဒါပေမယ့် အဲ့သလို တကယ်တန်းရောဖြစ်ရဲ့လား .. အဲ့ဒီလူတွေဟာ သူတို့ဘဝရဲ့ အခိုက်အတန့်လေးတွေ တစ်ခုစီတိုင်းရဲ့ အဲ့ဒီနေရာ အဲ့ဒီအချိန်လေးမှာပဲ ရှင်သန်နေထိုင်သွားကြတာ မဟုတ်ဘူးလား .. ပြောချင်တာက အဲ့ဒီလူတွေဟာ ဘဝရဲ့ "လမ်းခရီး" ဆိုတာကြီးအပေါ်မှာ နေထိုင်ရှင်သန်နေကြတာထက် သူတို့ဟာ အမြဲတမ်းဆိုသလိုပဲ ဒီနေရာ ဒီအချိန်လေးတွေမှာ နေထိုင်ရှင်သန်သွားကြတာ မဟုတ်ဘူးလား ..

ဥပမာ အားဖြင့် တယောသမားဖြစ်ချင်တဲ့ ကောင်လေးဟာ အမြဲတမ်းဆိုသလိုပဲ ဂီတသင်္ကေတလေးတွေကို ကြည့်နေရတာမဟုတ်ဘူးလား .. အဲ့ဒီဂီတသင်္ကေတလေးတွေ တစ်ခုချင်းစီအပေါ်မှာ အာရုံစူးစိုက်ပြီးမှ ဂီတသံစဉ်တွေ၊ စည်းနရီတွေ ဂီတနတ်စ်တွေ ဖြစ်လာရတာ မဟုတ်ဘူးလား

လူငယ် - သူတို့ဟာ အဲ့သလိုနည်းနဲ့ သူတို့ရဲ့ ရည်မှန်းချက်ကို ရသွားကြတာလား

ဒဿနပညာရှင် - ဒီလိုစဉ်းစားကြည့်လေ .. ဘဝဆိုတာ အခိုက်အတန့်လေးတွေ တွဲစပ်ထားတဲ့အရာဖြစ်တယ် .. အဲ့ဒီအခိုက်အတန့်လေးတွေတိုင်းမှာ လူတစ်ယောက်ဟာ ကခုန်မြူးတူးနေသလိုမျိုး ရှင်သန်နေထိုင်နေတယ် .. အခုလက်ရှိအချိန်မှာပဲ ရောက်ရောက်လာတဲ့ အခိုက်အတန့်တစ်ခုချင်းစီတိုင်းမှာ သူဟာ ကခုန်မြူးတူးနေတယ် .. သူ့ရဲ့ဝန်းကျင်ကို သူလှေ့လာရှုကြည့်လိုက်တဲ့အချိန်မှာ ငါတော့ ဒီလောက်အထိ ခရီးပေါက်လာခဲ့ပြီးပြီပဲလို့ သူသိမြင်နားလည်သွားမယ် .. တယောပညာဆိုတဲ့ ကကြိုးကကွက်တွေနဲ့ အချိန်တိုင်းကခုန်မြူးတူးနေတဲ့ သူတစ်ယောက်ဟာ တယောပညာဆိုတဲ့ လမ်းကြောင်းပေါ်မှာရှိနေပြီး ကျွမ်းကျင်ပြောင်မြောက်တဲ့ တယောပညာရှင်တွေဖြစ်လာကြတာပဲပေ့ါ .. ဘားစာမေးပွဲဆိုတဲ့ ကကြိုးကကွက်တွေနဲ့ အချိန်တိုင်းကခုန်မြူးတူးနေတဲ့ သူတစ်ယောက်ကတော့ ရှေ့နေတွေဖြစ်လာကြတာပေ့ါ .. စာပေရေးသားခြင်းဆိုတဲ့ ကကြိုးကကွက်တွေနဲ့ အချိန်ပြည့်ကခုန်မြူးတူးနေကြတဲ့သူတွေ ရှိလိမ့်မယ် .. သူတို့စာရေးဆရာတွေဖြစ်လာကြတယ် .. ဆိုတော့ လူတွေဟာ သူတို့ကခုန်တဲ့ ကကြိုးကကွက်တွေအပေါ်မူတည်ပြီး သူတို့ရောက်ရမယ့်နေရာကို ရောက်သွားကြတာပဲ .. ဒါပေမယ့် သူတို့ဘဝတွေထဲက ဘယ်တစ်ခုမှ "လမ်းခရီး" ဆိုတာမှာပဲ အဆုံးသတ်သွားကြတာ မဟုတ်ပါဘူး .. လူတစ်ယောက်ဟာ လတ်တလောအခိုက်အတန့်လေးမှာ သူကနေတဲ့ ကကြိုးကကွက်ကလေးကို ပြီးပြည့်စုံအောင် ကနိုင်တယ်ဆိုရင် သူ့အတွက်လုံလောက်နေပါပြီ

လူငယ် - အခုလက်ရှိအချိန်မှာပဲ ပြီးပြည့်စုံအောင် ကခုန်နိုင်ရင် လုံလောက်ပြီ .. ဟုတ်လား

ဒဿနပညာရှင် - ဟုတ်တယ် .. ကခုန်တဲ့နေရာမှာ ကခုန်နေခြင်းကိုယ်တိုင်ကပဲ သူ့ရဲ့ရည်မှန်းချက်ဖြစ်တယ် .. အဲ့ဒီအလုပ်ကို လုပ်ခြင်းအားဖြင့် တစ်နေရာရာကိုရောက်မှာပဲ ဆိုတဲ့စိတ်မျိုးကိုမထားဘဲ အဲ့ဒီအလုပ်ကိုပဲ ပြည့်ပြည့်ဝဝလုပ်ရမယ် .. အဲ့သလိုလုပ်နေရင်းနဲ့ပဲ အဲ့သလိုကခုန်နေခြင်းရဲ့ ရလဒ်အဖြစ် ရောက်ရမယ့်နေရာကို အလိုလိုရောက်သွားမှာပါပဲ .. လူတစ်ယောက် ကခုန်နေပြီဆိုတာနဲ့ အဲ့ဒီနေရာလေးမှာ ဘယ်လိုမှရပ်တန့်နေမှာ မဟုတ်တော့ပါဘူး .. ဒါပေမယ့် အဲ့သလို ကခုန်နေခြင်းမှာ ခရီးဆုံးပန်းတိုင်ဆိုတာ မရှိဘူး

လူငယ် - ခရီးဆုံးပန်းတိုင်မရှိတဲ့ ဘဝတစ်ခု .. အဲ့သလိုစကားမျိုး ဘယ်သူက ဘယ်တုန်းက ကြားဖူးခဲ့လို့လဲ .. အဲ့သလိုမျိုး မတည်ငြိမ်တဲ့ဘဝမျိုးကို ဘယ်သူကအသိအမှတ်ပြုမှာလဲ .. အဲ့သလိုသာဆို လေနင်ရာကို လွင့်ပါသွားတော့မှာပေ့ါ

ဒဿနပညာရှင် - မင်းပြောတဲ့ ခရီးဆုံးပန်းတိုင်ကိုရောက်ဖို့ကြိုးစားနေတဲ့ဘဝဆိုတာမျိုးကို "ရွေ့လျား (လှုပ်ရှား) ဘဝ" လို့ခေါ်ရလိမ့်မယ် .. အဲ့ဒါရဲ့ဆန့်ကျင်ဖက်ဖြစ်တဲ့ ငါပြောခဲ့တဲ့ ကခုန်နေတဲ့ဘဝမျိုးကိုတော့ "ဖြစ်စဉ်ပဓာန (အမှန်-တက်ကြွ-အခြေအနေ) ဘဝ" လို့ခေါ်ရမယ်

လူငယ် - ရွေ့လျား .. ဟုတ်လား .. ဖြစ်စဉ်ပဓာန ဟုတ်လား

ဒဿနပညာရှင် - အရစ္စတိုတယ်ရဲ့ရှင်းပြချက်တွေကို ကိုးကားကြည့်ကြရအောင် .. ပုံမှန်ရွေ့လျားမှု (ကိုင်နီးဆစ်) မှာ အစမှတ်ရှိတယ် .. အဆုံးမှတ်ရှိတယ် .. အစမှတ်ဆီကနေ အဆုံးမှတ်ဆီကို စွမ်းဆောင်ရည်အပြည့်ဝဆုံးနဲ့ မြန်နိုင်သမျှမြန်မြန်ရွေ့လျားနိုင်ရင် အဲ့ဒီအရာကို အကောင်းဆုံးအနေအထားလို့ခေါ်တယ် .. အမြန်ရထားကို စီးတယ်ဆိုရင် ဘူတာတိုင်းမှာရပ်နေတဲ့ ရိုးရိုးရထားကို စီးစရာမလိုဘူးပေါ့

လူငယ် - တနည်းအားဖြင့် လူတစ်ယောက်ရဲ့ ခရီးဆုံးပန်းတိုင်က ရှေ့နေတစ်ယောက်ဖြစ်ဖို့လို့ဆိုရင် အဲ့ဒီပန်းတိုင်ကို မြန်နိုင်သမျှမြန်မြန်နဲ့ စွမ်းရည် ပြည့်ဝနိုင်သမျှအပြည့်ဝဆုံးနည်းနဲ့ ရောက်ရင် အကောင်းဆုံးပဲလို့ ပြောရမှာပေါ့

ဒဿနပညာရှင် - ဟုတ်တယ် .. ပြီးတော့ သူ့ရည်မှန်းချက်ပန်းတိုင်ကိုရောက်ဖို့ သူရွေးချယ်ပြီးလျှောက်တဲ့လမ်းဟာတစ်ခုခုအမှားအယွင်းဖြစ်လို့ အဲ့ဒီနေရာကိုမရောက်တော့ဘူး .. သူ့လမ်းကြောင်းဟာ ပြီးပြည့်စုံမှု မရှိတော့ဘူး ဆိုရင် အဲ့ဒါဟာ ရွေ့လျားဘဝပဲ

လူငယ် - လမ်းတစ်ဝက်တစ်ပျက်နဲ့တင် တန့်သွားလို့ အဲ့သလိုခေါ်တာလား

ဒဿနပညာရှင် - အမှန်ပဲ .. တစ်ဖက်က ဖြစ်စဉ်ပဓာန ဆိုတာကတော့ "လက်ရှိဖြစ်နေတဲ့အရာ" ဟာ သူ့အတွက် "ဖြစ်တည်ပြီးသွားတဲ့အရာ" ပဲ

လူငယ် - "လက်ရှိဖြစ်နေတဲ့အရာ" ဟာ သူ့အတွက် "ဖြစ်တည်ပြီးသွားတဲ့အရာ" ဆိုတာက ဘာကိုပြောတာလဲ

ဒဿနပညာရှင် - ရွေ့လျားနေရတဲ့ ဖြစ်စဉ်ကိုပဲ ရလဒ်လို့ စဉ်းစားတာမျိုးပေါ့ .. ကခုန်မြူးတူးတယ်ဆိုတာလည်း အဲ့သလိုမျိုးပဲ .. ကခုန်နေခြင်းကိုယ်တိုင်က ရလဒ်မဟုတ်လား .. ခရီးသွားတယ်ဆိုတာကလည်း အဲ့သလိုမျိုးပါပဲ

လူငယ် - အား .. ကျွန်တော်ခေါင်းရှုပ်လာပြီ .. အဲ့ဒီခရီးဆိုတာကရော ဘာလဲ

ဒဿနပညာရှင် - ခရီးတစ်ခုကိုသွားတဲ့အခါမှာ ဘယ်လိုရည်ရွယ်ချက်မျိုး ထားရှိရသလဲ .. မင်းဟာ အီဂျစ်ကို ခရီးတစ်ခုသွားတယ်ဆိုကြပါစို့ .. ဂီဇာမဟာပိရမစ်ကြီးဆီကို မြန်နိုင်သမျှမြန်မြန်နဲ့ ထိရောက်မှုရှိနိုင်သမျှ အရှိဆုံးနည်းနဲ့ရောက်အောင်သွားပြီး ရောက်ပြီးပြီးချင်းမှာအိမ်ကိုအတိုဆုံးလမ်းကြောင်းနဲ့ ပြန်လာမယ်ဆိုတဲ့

ရည်ရွယ်ချက်မျိုးများ မင်းထားမလား .. အဲ့ဒါမျိုးကို "ခရီးသွားတယ်လို့" ဘယ်သူမှခေါ်မှာမဟုတ်ပါဘူး .. မင်းအိမ်ရဲ့အပြင်ကိုမင်းထွက်ပြီးရပ်လိုက်တာနဲ့ မင်းဟာခရီးလမ်းပေါ်ကို ရောက်နေပြီလေ .. ပြီးတော့ မင်းရည်မှန်းရာနေရာကို ရောက်အောင်သွားနေတဲ့ တလျှောက်လုံးဟာလည်း မင်းသွားနေတဲ့ ခရီးပါပဲ .. မင်းကို ပိရမစ်ဆီမရောက်အောင် အဟန့်အတားပြုနေတဲ့အရာတွေလည်း ရှိကောင်းရှိနေမှာပဲ .. ဒါပေမယ့် ဒါပေမယ့် အဲ့သလိုအဟန့်အတားတွေလို့ ရပ်တန့်လိုက်ရတာကလည်း မင်းဟာ ခရီးကိုမသွားခဲ့ဘူးဆိုတဲ့ အဓိပ္ပာယ်ရောက်မနေဘူးလေ .. ဒါဟာ "ဖြစ်စဉ်ပဓာနဘဝ" ပါပဲ

လူငယ် - ကျွန်တော် အဲ့ဒါကို နားမလည်သေးဘူးလို့ ထင်တယ် .. တောင်ထိပ်ကိုရောက်ဖို့ ရည်မှန်းချက်ထားပြီးကြိုးစားသလိုမျိုး ကြိုးစားပုံက မမှန်ကန်ဘူးလို့ ခင်ဗျားပြောချင်တာလား .. ခင်ဗျားရဲ့ ဖြစ်စဉ်ပဓာနဘဝကိုတောင်တက်တဲ့ဥပမာနဲ့ ချိတ်ဆက်ပြရင် ဘယ်လိုမျိုး ဖြစ်မလဲ

ဒဿနပညာရှင် - တောင်တစ်ခုကိုတက်နေခြင်းရဲ့ ရည်ရွယ်ချက်က တောင်ထိပ်ကိုရောက်ဖို့ဆိုတာဖြစ်နေရင်အဲ့ဒါက လှုပ်ရှားမှုကိုအခြေခံတဲ့ လုပ်ဆောင်မှုပဲ .. အဲ့ဒါကို အစွန်းတစ်ဖက်ရောက်အောင်အထိ ကြည့်မယ်ဆိုရင်မင်းတောင်ထိပ်ကို ဟယ်လီကော်ပတာနဲ့သွား၊ အဲ့ဒီမှာ ငါးမိနစ်လောက်နေ၊ ပြီးတော့ ဟယ်လီကော်ပတာနဲ့ပဲပြန်လာခဲ့ ဆိုတာမျိုးဖြစ်နေရင်လည်း အရေးမကြီးဘူးဆိုတာလိုမျိုး ဖြစ်နေလိမ့်မယ် .. တကယ်လို့ မင်းတောင်ထိပ်ကိုရောက်အောင်မတက်နိုင်ခဲ့ဘူးဆိုရင် ရောက်သလောက်အထိ တက်ခဲ့တဲ့ တောင်တလျှောက်မှာမင်းတွေ့သိခဲ့တာတွေဟာ ဘာမှအဓိပ္ပာယ်မရှိတဲ့အရာတွေ ဖြစ်သွားလိမ့်မယ် .. မင်းဟာ မအောင်မြင်ဘဲကျရှုံးသွားတဲ့သူတစ်ယောက်အဖြစ် မင်းမှတ်ယူသွားလိမ့်မယ် .. ဒါပေမယ့် ရည်ရွယ်ချက်က တောင်တက်ဖို့ပဲဖြစ်ရင် တောင်ထိပ်ကိုမရောက်ပေမယ့်လည်း တက်နိုင်ခဲ့သလောက်အထိ အောင်မြင်မှုရှိခဲ့တယ်လို့ ပြောရမှာ ပေါ့ .. တက်နိုင်ခဲ့သလောက်က သူ့အတွက် ပဓာနကျတဲ့ အရာဖြစ်နေမှာပေါ့ .. ဒီလိုအခြေအနေမှာဆိုရင်နောက်ဆုံးမှာ သူဟာ တောင်ထိပ်အထိရောက်ခဲ့သလား မရောက်ခဲ့ဘူးလားဆိုတာက ဘာမှ ရေးကြီးခွင်ကျယ်ဖြစ်စရာကိစ္စအဖြစ် ရှိနေမှာ မဟုတ်တော့ပါဘူး

လူငယ် - အဲ့သလိုအပြောမျိုးက ရယ်စရာကောင်းတာပဲ .. ခင်ဗျားက ကိုယ့်အဆိုကိုယ် ပြန်ချေဖျက်သလိုဖြစ်နေတဲ့အပြောမျိုးကိုပြောနေတာပဲ .. ခင်ဗျားကိုလေးစားနေကြတဲ့ တကမ္ဘာလုံးကလူတွေရှေ့မှာ ခင်ဗျား အရှက်မရှိပြောနေတဲ့ မဟုတ်တယုတ်တွေကို ကျွန်တော်တစ်ချက်ထဲနဲ့ ခုတ်ပိုင်းဖြတ်တောက်ပစ်မယ်

ဒဿနပညာရှင် - အိုး .. လုပ်လိုက်စမ်းပါ

**ဒီနေရာ၊ ဒီအချိန် အပေါ်မှာ မီးရောင်ထိုးကြည့်ပါ**

-----------------------------------------------

လူငယ် - အကြောင်းကနေအကျိုးတွေဖွံ့တည်လာတယ်ဆိုတဲ့ အတွေးအမြင်ကို ခင်ဗျားငြင်းဆိုတဲ့နေရာမှာ အတိတ်ကိုအာရုံစိုက်တာကို ခင်ဗျား ကန့်ကွက်ငြင်းပယ်ခဲ့တယ် .. အတိတ်ဟာမရှိတော့ဘူးလို့ ခင်ဗျားပြောခဲ့တယ် .. ပြီးတော့ အတိတ်ဟာ အဓိပ္ပာယ်မရှိဘူးလို့လည်း ပြောခဲ့တယ် .. အဲ့ဒီအချက်တွေကို ကျွန်တော်လက်ခံပါတယ် .. လူတစ်ယောက်ဟာ အတိတ်ကိုပြောင်းလဲလို့ မရဘူးဆိုတာက မှန်ပါတယ် .. ပြောင်းလဲလို့ရတဲ့အရာတစ်ခုရှိမယ်ဆိုရင် အဲ့ဒါဟာ အနာဂတ်ပဲဖြစ်လိမ့်မယ် .. ဒါပေမယ့် အခုတော့ ဖြစ်စဉ်ပဓာန ဘဝနေနည်းကို ထောက်ခံအားပေးနေခြင်းအားဖြင့် ခင်ဗျားဟာ အနာဂတ်အတွက်စီမံကိန်းချတာကိုပါ ငြင်းပယ်နေတတယ် .. ပြောချင်တာက ခင်ဗျားဟာ လူတစ်ယောက်ရဲ့ အနာဂတ်ကိုပြောင်းလဲဖို့ရာ သံန္နိဋ္ဌာန်ချမှုကိုပါ ငြင်းပယ်နေတယ် .. ဆိုတော့ ခင်ဗျားဟာ နောက်ပြန်ကြည့်တာကို ငြင်းပယ်နေသလို ရှေ့ကိုမျှော်ကြည့်တာကိုလည်းပဲ ငြင်းပယ်နေတယ် .. အဲ့ဒါက ခင်ဗျားဟာ ကျွန်တော့်ကို လမ်းကြောင်းမရှိတဲ့ လမ်းကြောင်းပေါ်မှာ မျက်လုံးတွေကိုပိတ်ပြီး လမ်းလျှောက်ဖို့ ပြောနေသလိုဖြစ်နေတာပဲ

ဒဿနပညာရှင် - မင်းဟာ မင်းရဲ့အနောက်ကိုရော အရှေ့ကိုပါ မမြင်နိုင်ပါဘူး

လူငယ် - အမှန်ပါပဲ .. ကျွန်တော်မမြင်နိုင်ပါဘူး

ဒဿနပညာရှင် - အဲ့ဒါက ပုံမှန်ပဲမဟုတ်ဘူးလား .. ဆိုတော့ အဲ့ဒီအချက်မှာ ဘယ်ဟာက ပြဿနာဖြစ်နေလို့လဲ

လူငယ် - ဘာ .. ခင်ဗျားဘာတွေပြောနေတာလဲ

ဒဿနပညာရှင် - မင်းဇာတ်ခုံပေါ်မှာ ရပ်နေတယ်လို့ မြင်ယောင်ကြည့်လိုက်ပါ .. ဇာတ်ရုံရဲ့မီးတွေဖွင့်ထားလိုက်ရင် မင်းဟာဇာတ်ရုံရဲ့ဟိုးနောက်ဆုံးအထိကို မြင်နိုင်လိမ့်မယ် .. ဒါပေမယ့် မင်းအပေါ်ကို တောက်ပတဲ့ ဆလိုက်မီးမောင်းကြီးနဲ့ထိုးထားတယ်ဆိုရင် မင်းဟာ ရှေ့ဆုံးတန်းကိုတောင် မြင်နိုင်စွမ်းရှိမှာမဟုတ်ပါဘူး .. အဲ့ဒါက ငါတို့ဘဝတွေနဲ့ တထေရာတည်းပါပဲ .. ငါတို့ဟာ ငါတို့ရဲ့ဘဝတစ်ခုလုံးအပေါ်မှာ ခပ်မှိန်မှိန်မီးလေးထွန်းထားလို့သာ ငါတို့ရဲ့အတိတ်နဲ့ အနာဂတ်တွေကို မြင်နိုင်နေကြတာပါ .. ဒါမှမဟုတ် ငါတို့မြင်နိုင်တယ်လို့ စိတ်ကူးယဉ်နေကြတာပဲရှိတာပါ .. ဒါပေမယ့် လူတစ်ယောက်ဟာ ဒီနေရာနဲ့ ဒီအချိန်အပေါ်မှာ တောက်ပတဲ့အလင်းကို ထိုးထားလိုက်ရင် သူဟာ အတိတ် ဒါမှမဟုတ် အနာဂတ်ကို မြင်နိုင်တော့မှာမဟုတ်ပါဘူး

လူငယ် - တောက်ပတဲ့အလင်း မီးဆလိုက် ဟုတ်လား

ဒဿနပညာရှင် - ဟုတ်တယ် .. ငါတို့ဟာ ဒီနေရာနဲ့ ဒီအချိန်ပေါ်မှာပဲ ပိုအလေးအနက်ထားပြီး နေထိုင်သင့်တယ် .. အတိတ်ကို မင်းမြင်နိုင်တယ်၊ အနာဂတ်ကို မင်းခန့်မှန်းနိုင်တယ်လို့ မင်းထင်နေတာက မင်းဟာ ဒီနေရာနဲ့ ဒီအချိန်မှာ အလေးအနက်နေထိုင်ရမယ့်အစား မင်းဟာ မှိန်ဖျော့တဲ့ ဆည်းဆာအလင်းရောင်အောက်မှာပဲ နေနေတာဖြစ်တယ်ဆိုတာကို သက်သေပြနေတာပဲ .. မင်းဟာ အတိတ်နဲ့အနာဂတ်ကို အာရုံစူးစိုက်ခြင်းအားဖြင့် မင်းကိုယ်မင်း စိတ်ဖြေရာတစ်ခုပေးဖို့ ကြိုးစားနေတာဖြစ်တယ် .. အတိတ်မှာဖြစ်ခဲ့တဲ့အရာတွေဟာ မင်းရဲ့ ဒီနေရာ၊ ဒီအချိန်အပေါ်မှာ ဘာအကျိုးသက်ရောက်မှုမှ မပြုနိုင်တော့ဘူး .. အနာဂတ်မှာ ဖြစ်လာမယ့်အရာတွေဟာလည်း ဒီနေရာနဲ့ ဒီအချိန်မှာ စဉ်းစားရမယ့်ကိစ္စတွေ မဟုတ်သေးဘူး .. ဒီနေရာနဲ့ ဒီအချိန်မှာသာ မင်းလေးလေးနက်နက်နေထိုင်နေမယ်ဆိုရင် အဲ့ဒီအရာတွေအပေါ်မှာ မင်းပူပန်နေစရာလိုမှာ မဟုတ်ပါဘူး

လူငယ် - ဒါပေမယ့် ........

ဒဿနပညာရှင် - လူတစ်ယောက်က ဖရွိုဒ်ရဲ့ အကြောင်းက အကျိုးကိုပြဋ္ဌာန်းနေတယ်ဆိုတဲ့ အယူအဆကို လက်ခံခဲ့ရင် သူဟာ ဘဝဆိုတာကို အကြောင်း၊ အကျိုးတွေကိုအခြေခံပြီး ဖြစ်ပေါ်လာတဲ့ ကြီးမားတဲ့ဇာတ်လမ်းကြီးတစ်ခုလို့ မြင်နေလိမ့်မယ် .. ဆိုတော့ အဲ့ဒီနောက်မှာ သူဟာ ငါမွေးတဲ့နေရာနဲ့အချိန်၊ ငါ့ကလေးဘဝက ဘယ်လိုဖြစ်ခဲ့တယ်၊ ငါတက်ခဲ့တဲ့ကျောင်းကဘယ်လိုဖြစ်တာကြောင့်၊ ငါဘယ်မှာအလုပ်လုပ်ခဲ့တာ စတာတွေက ငါ့ဘဝကိုပြဋ္ဌာန်းနေတာပဲလို့ သူမှတ်ယူလိမ့်မယ် .. ပြီးတော့ အဲ့ဒီအချက်တွေက ငါအခုဘယ်လိုလူဖြစ်နေတယ်ဆိုတာနဲ့ ငါဘယ်လိုလူဖြစ်လာလိမ့်မလဲဆိုတာတွေကို အဆုံးအဖြတ်ပေးလိမ့်မယ်လို့ သူထင်မြင်ယူဆလာလိမ့်မယ် .. ရှင်းအောင်ပြောရရင် လူတစ်ယောက်ရဲ့ဘဝကို ဇာတ်လမ်းတစ်ပုဒ်လို အစီအစဉ်တကျဖြစ်အောင် လုပ်တာက ဖျော်ဖြေရေးသမားတွေရဲ့ အလုပ်သက်သက်ပါပဲ .. အဲ့ဒါတွေရဲ့ ပြဿနာက လူတစ်ယောက်ဟာ ဇာတ်လမ်းရဲ့အဆုံးအထိမြင်သာအောင်ပြပေးနေတဲ့ မှိန်ပျပျအလင်းလေးကို မြင်နေတတ်တာမျိုး ဖြစ်နေတာပါပဲ .. ဒါ့အပြင် လူတစ်ယောက်ဟာ အဲ့ဒီဇာတ်လမ်းတလျှောက် မှိန်ပျပျအလင်းအောက်မှာ သူမြင်နေရတဲ့ ဘဝမျိုးနဲ့ ကိုက်ညီတဲ့ဘဝမျိုး မဖြစ်ဖြစ်အောင် ကြိုးစားလျှောက်လှမ်းမိတော့တာပဲ .. ပြီးတော့သူက "ငါ့ဘဝက ဒီလိုဒီလိုဘဝမျိုးပဲ .. ဆိုတော့ ငါ့မှာရွေးစရာမရှိဘဲ ဒါကိုလုပ်ကိုလုပ်ရတော့မှာ .. အဲ့သလိုဖြစ်တာ ငါ့ကြောင့်မဟုတ်ဘူး .. ငါ့အတိတ်ကြောင့် .. ငါ့ပတ်ဝန်းကျင်ကြောင့်" အစရှိတဲ့ စကားမျိုးတွေကို ပြောတော့တာပဲ .. ဒီနေရာဆီကို အတိတ်ကို ယူလာတာက တခြားဘာမှမဟုတ်တဲ့ စိတ်ဖြေရာတစ်ခု၊ ဘဝရဲ့မုသားတစ်ခုပါပဲ .. ဒါပေမယ့် ဘဝဆိုတာက အစက်ကလေးတွေရဲ့ အတွဲအဆက်ကြီးတစ်ခု၊ အခိုက်အတန့်လေးတွေရဲ့ အတွဲအဆက်ကြီးတစ်ခု ပါပဲ .. မင်းဒီသဘောတရားကို ဖမ်းဆုပ်နိုင်ပြီဆိုရင် မင်းဘဝမှာ ဇာတ်လမ်းတွေကို လိုအပ်တော့မှာ မဟုတ်ပါဘူး

လူငယ် - ခင်ဗျားအဲ့သလိုပြောတယ်ဆိုရင် အက်ဒလာ အားပေးတဲ့ဘဝနေထိုင်နည်းပုံစံကလည်း ဇာတ်လမ်းတစ်မျိုးလိုပါပဲ

ဒဿနပညာရှင် - ဘဝနေထိုင်မှုပုံစံကတော့ ဒီနေရာနဲ့ ဒီအချိန်ဆိုတာပါပဲ .. ပြီးတော့ ဘဝနေထိုင်မှုပုံစံဆိုတာက လူတစ်ယောက်သူ့ရဲ့ စိတ်ဆုံးဖြတ်ချက်အတိုင်း ပြောင်းလဲလို့ရတဲ့အရာပါ .. မျဉ်းဖြောင့်တစ်ကြောင်းပုံစံဖြစ်နေတဲ့

အတိတ်ရဲ့ဘဝက အဲ့သလိုပုံစံဖြစ်နေရတာဟာ မင်းအဆက်မပြတ်ချခဲ့တဲ့ မပြောင်းလဲဘူးဆိုတဲ့ သံန္နိဌာန်တွေရဲ့ ရလာဒ်အဖြစ်ပေါ်ထွက်လာတဲ့အရာဖြစ်နေတာကြောင့်ပါပဲ .. မင်းရဲ့ရှေ့မှာရှိနေတဲ့ ဘဝဆိုတာကတော့ လုံးဝ အလွတ်ဖြစ်နေတဲ့ စာရွက်လွတ်တစ်ရွက်လိုပါပဲ .. ပြီးတော့ မင်းရှေ့ဆက်လျှောက်ဖို့ရာအတွက် သူက ဘာလမ်းကြောင်းမှ ခင်းပေးထားတာမျိုးမရှိနေပါဘူး .. ဆိုတော့ အဲ့ဒီမှာ ဘာဇာတ်လမ်းမှ ရှိမနေပါဘူး

လူငယ် - ဒါပေမယ့် ခင်ဗျားပြောနေတာကြီးက အခိုက်အတန့်လေးတစ်ခုအတွက်ပဲ နေထိုင်နေရမလိုဖြစ်နေတယ် .. ဒါမှမဟုတ် ပိုပြီးဆိုးဆိုးရွားရွားပြောရရင် ကြောက်စရာကောင်းတဲ့ ကိုယ့်စိတ်ကြိုက်ပျော်သလိုသာနေ ဆိုတဲ့ ဝါဒကြီးဖြစ်နေတာပဲ

ဒဿနပညာရှင် - မဟုတ်ပါဘူး .. ဒီနေရာနဲ့ ဒီအချိန်အပေါ်မှာပဲ မီးမောင်းထိုးကြည့်ပါဆိုတာက လူတစ်ယောက် အခုအချိန်မှာလုပ်နိုင်တာကို လေးလေးနက်နက်၊ သိမှုအပြည့်အဝနဲ့ လုပ်ဆောင်ဖို့ကို ဆိုလိုတာပါပဲ

**အကြီးမားဆုံး ဘဝရဲ့မုသား**

----------------------------

လူငယ် - လေးလေးနက်နက်၊ သိမှုပြည့်ပြည့်ဝဝ နေထိုင်ဖို့ ဟုတ်လား

ဒဿနပညာရှင် - ဥပမာအားဖြင့် လူတစ်ယောက်ဟာ တက္ကသိုလ်တော့တက်ချင်တယ် ဒါပေမယ့် ကြိုးစား အားထုတ်ပြီးမလေ့လာဘူး .. ဒါဟာ ဘဝကို လေးလေးနက်နက်၊ သိမှုပြည့်ပြည့်ဝဝမနေထိုင်တဲ့သူတစ်ယောက်ရဲ့ စိတ်သဘောထားပဲ .. တက္ကသိုလ်ဝင်ခွင့်စာမေးပွဲက အဝေးကြီးလိုသေးတယ်ဆိုတာကတော့ ဟုတ်တာပေါ့ကွာ .. သူဘာကိုလေ့လာရမလဲဆိုတာကို မသိတာလည်း ဖြစ်ကောင်းဖြစ်မယ် .. ဒါမှမဟုတ် လေ့လာရင်းနဲ့ အခက်တွေ့နေတာလည်း ဖြစ်ကောင်းဖြစ်မယ် .. ဒါပေမယ့် တဖြည်းဖြည်းချင်း နည်းနည်း နည်းနည်းစီလုပ်နေရင် ကိုပဲ လုံလောက်နေပါပြီ .. နေ့စဉ်နေ့တိုင်း သင်္ချာပုံသေနည်းတွေလေ့လာနေမယ် .. ကျက်စရာရှိတာတွေကို ပုံမှန်လေးကျက်မှတ်နေမယ်ဆိုရင် ရပါတယ် .. တိုတိုပြောရရင်ကွာ ကိုယ် က စရာရှိတာကို ကနေဖို့လိုတယ် .. အဲ့သလိုလုပ်ခြင်းအားဖြင့် "ငါတော့ ဒီနေ့ ဒါကိုပြီးမြောက်ခဲ့တယ်" ဆိုတဲ့ခံစားချက်ကိုရမယ် .. ဒီနေ့အတွက် ဒါလေးပြီးမြောက်တယ် .. တော်ပြီ .. ဒီတစ်ရက်စာကို မင်းကောင်းကောင်းလုပ်ခဲ့ရင် တော်ပြီ .. သေချာတာက ဒီနေ့မင်းလုပ်တယ်ဆိုတဲ့ဟာက ဟိုအတော်ဝေးဝေးကျမှရောက်လာမယ့် ဝင်ခွင့်စာမေးပွဲအတွက်မဟုတ်ဘူး .. ဒီအချက်က မင်းအဖေအတွက်လည်း မှန်ကန်နေတာပဲ .. သူဟာ သူ့နေ့စဉ်လုပ်စရာရှိတာတွေကို ထက်ထက် သန်သန်နဲ့ လုပ်နေတာပဲ .. သူဟာ ဘာကြီးကျယ်ခမ်းနားတဲ့ ရည်မှန်းချက်မှ မရှိဘဲနဲ့၊ အဲ့ဒီလိုရည်မှန်းချက်တွေကို ပြည့်ဝအောင်ကြိုးစားဖို့ရာ မလိုအပ်ဘဲနဲ့ ဒီနေရာနဲ့ ဒီအချိန်မှာ လေးလေးနက်နက်နေထိုင်နေတာဖြစ်တယ် .. ပြီးတော့ သူသာ အဲ့သလိုလေးလေးနက်နက် နေထိုင်နေတဲ့သူဆိုရင် မင်းအဖေဟာ သူ့ဘဝကိုသူ ပျော်ရွှင်နေမှာပဲ ဖြစ်တယ်

လူငယ် - အဲ့သလိုဘဝမျိုးမှာနေထိုင်ဖို့ ခင်ဗျားကျွန်တော့်ကို တိုက်တွန်းနေတာလား .. ကျွန်တော့်အဖေရဲ့ အဲ့သလိုအလုပ်အဆက်မပြတ်လုပ်နေတဲ့ ဖြစ်တည်မှုကို ကျွန်တော်က လက်ခံပေးရမှာလား

ဒဿနပညာရှင် - မင်းအနေနဲ့ အဲ့သလိုမျိုးလိုက်နေဖို့မလိုပါဘူး .. အဲ့သလိုနေထိုင်ခဲ့တဲ့ သူ့ရဲ့ဘဝကို မျဉ်းကြောင်းတစ်ကြောင်းပေါ်က သူရောက်ရှိတဲ့နေရာလို့မြင်မယ့်အစားမှာ သူဘယ်လိုနေထိုင်ခဲ့သလဲဆိုတာကို ရှုမြင်တတ်ဖို့နဲ့ အဲ့ဒါကို သူ့ဘဝရဲ့အခိုက်အတန့်လေးတွေအဖြစ် ပြောင်းလဲမြင်ကြည့်ပေးနိုင်ဖို့ပဲ လိုတာပါ

လူငယ် - အခိုက်အတန့်လေးတွေ ဟုတ်လား

ဒဿနပညာရှင် - မင်းရဲ့ကိုယ်ပိုင်ဘဝနဲ့ ပတ်သက်ရင်လည်း အဲ့သလိုပဲ ပြောရမှာပဲ .. မင်းဟာ ဟိုးအဝေးက အနာဂတ်အတွက် ရည်မှန်းချက်တွေချမှတ်နေတယ် .. ပြီးတော့ လက်ရှိအချိန်ကို မင်းရဲ့ကြိုတင်ပြင်ဆင်မှုတွေ လုပ်နေတဲ့ကာလလို့ မင်းတွေးထင်နေတယ် .. မင်းတွေးခေါ်ပုံက ငါဟာဒါကိုတကယ်ပဲလုပ်ချင်တယ် .. ပြီးတော့ အချိန်ကျရောက်လာတဲ့အချိန်မှာ ငါ အဲ့ဒါကိုလုပ်မယ် ဆိုတာလိုမျိုးဖြစ်နေတယ် .. ဒါဟာ ရွှေ့ဆိုင်းနေတဲ့ဘဝမှာ နေထိုင်နေတဲ့ ဘဝနေနည်းတစ်ခုပဲ .. ရွှေ့ဆိုင်းနေတဲ့ဘဝမှာနေထိုင်နေသမျှကာလပတ်လုံးတော့ ငါတို့ဟာ ဘယ်ကိုမှရောက်နိုင်မှာမဟုတ်ဘဲ ငါတို့ရဲ့နေ့တွေဟာလည်း ပျင်းရိငြီးငွေ့ဖွယ်ရာကောင်းတဲ့ ဒါပြီးဒါ ထပ်တလဲလဲ လာနေတဲ့ နေ့ရက်တွေဖြစ်နေဦးမှာပါပဲ .. ဘာကြောင့်လဲဆိုတော့ ငါတို့က ဒီနေရာနဲ့ ဒီအချိန်ကို ပြင်ဆင်မှုလုပ်နေတဲ့ကာလလို့မှတ်ယူပြီး သည်းခံစောင့်ဆိုင်းနေရတဲ့ကာလတွေလို့ သတ်မှတ်ထားလို့ပဲ .. ဒါပေမယ့် လူတစ်ယောက်အနေနဲ့ ဟိုအဝေးကအနာဂတ်မှာရောက်လာမယ့် စာမေးပွဲအတွက် လေ့လာမှုတွေလုပ်နေတဲ့ "ဒီနေရာနဲ့ ဒီအချိန်" ဟာ အဲ့ဒီလူရဲ့ တကယ့်စစ်မှန်တဲ့ ဘဝပါပဲ ..

လူငယ် - ကောင်းပါပြီ .. အဲ့ဒါကိုကျွန်တော်လက်ခံလိုက်ပါမယ် .. ဒီနေရာနဲ့ဒီအချိန်မှာ လေးလေးနက်နက် နေထိုင်ရမယ့်ဆိုတဲ့ သဘောတရားကို ကျွန်တော်သေချာပေါက် လက်ခံနိုင်ပါတယ် .. ဘဝကို မျဉ်းကြောင်းတစ်ခု အတိုင်းသွားနေတဲ့ ဇာတ်လမ်းတစ်ခုလိုမျိုး မမှတ်ယူရဘူးဆိုတာကိုလည်း လက်ခံပါတယ် .. ဒါပေမယ့် ကျွန်တော့်ဘဝမှာ ဘာအိပ်မက်တွေ၊ ဘာရည်မှန်းချက်တွေမှ မရှိဘူးဖြစ်နေတယ် .. ကျွန်တော် ဘယ်အကကို က ရမယ်ဆိုတာ ကျွန်တော်မသိဘူး .. ကျွန်တော့်ရဲ့ ဒီနေရာနဲ့ ဒီအချိန်တွေဟာ လုံးဝအသုံးမကျတဲ့ အခိုက်အတန့်တွေဖြစ်နေတယ်

ဒဿနပညာရှင် - မင်းမှာရည်မှန်းချက်တွေနဲ့ အဲ့ဒါနဲ့အလားတူအရာမျိုးတွေ ရှိမနေတာက ပြဿနာမဟုတ်ပါဘူး .. ဒီနေရာနဲ့ ဒီအချိန်မှာ လေးလေးနက်နက် နေထိုင်နေတာ ကိုယ်တိုင်ကိုက ကကြိုးတစ်ခုဖြစ်နေတာပါပဲ .. သိပ်ကြီး အသည်းအသန်ဖြစ်နေစရာမလိုပါဘူး .. လေးလေးနက်နက်နေထိုင်ခြင်းဆိုတာနဲ့ အသည်းအသန် ဖြစ်နေခြင်းဆိုတာကို မရောထွေးပစ်လိုက်ပါနဲ့

လူငယ် - လေးလေးနက်နက်နေပါ ဒါပေမယ့် အသည်းအသန်ကြီးဖြစ်လွန်းမနေပါစေနဲ့ .. အဲ့သလိုလား

ဒဿနပညာရှင် - အမှန်ပါပဲ .. ဘဝဆိုတာ အမြဲတစေ ရိုးရှင်းနေပါတယ် .. ဘဝဆိုတာ လူတစ်ယောက် အသည်းအသန်ကြီးလုပ်ပြနေဖို့ လိုအပ်တဲ့အရာတစ်ခု မဟုတ်ပါဘူး .. လူတစ်ယောက်ဟာ အခိုက်အတန့်လေး တိုင်းမှာ လေးလေးနက်နက်နေထိုင်နေတယ်ဆိုရင် အသည်းအသန်ကြီးဖြစ်နေစရာ အကြောင်းကို မရှိပါဘူး

ပြီးတော့ မင်းစိတ်ထဲမှာ မှတ်ထားဖို့ နောက်ထပ်တစ်ချက် ရှိပါသေးတယ် .. အဲ့ဒါကတော့ လူတစ်ယောက်ဟာ ဖြစ်စဉ်ပဓာနအမြင်ကို ရပြီဆိုရင် သူ့ရဲ့ဘဝဟာ အမြဲတမ်းပဲ ပြီးပြည့်စုံနေပါတယ်

လူငယ် - အဲ့ဒါက ပြီးပြည့်စုံတယ်လား

ဒဿနပညာရှင် - မင်းရဲ့ဘဝပဲဖြစ်စေ .. ငါ့ရဲ့ဘဝပဲဖြစ်စေ .. လေးလေးနက်နက် နေထိုင်ခဲ့ပြီး ဒီနေရာနဲ့ ဒီအချိန်လေးမှာပဲ အဆုံးသတ်လိုက်မယ်ဆို ရင် အဲ့ဒီဘဝနှစ်ခုစလုံးကို မပျော်ရွှင်တဲ့ဘဝလို့ ပြောလို့မရပါဘူး .. အသက်နှစ်ဆယ်မှာ အဆုံးသတ်သွားတဲ့ဘဝပဲဖြစ်စေ .. အသက်ကိုးဆယ်မှာ အဆုံးသတ်သွားတဲ့ဘဝပဲ ဖြစ်စေ .. အဲ့ဒီဘဝနှစ်ခုစလုံးကို ပြီးပြည့်စုံတဲ့ဘဝလို့ပြောရမှာဖြစ်ပြီး ပျော်ရွှင်မှုအပြည့်ရှိတဲ့ဘဝတွေလို့ ပြောရမှာပါပဲ

လူငယ် - ဆိုတော့ ကျွန်တော်ဟာ ဒီအချိန်နဲ့ ဒီနေရာလေးမှာ လေးလေးနက်နက်နေထိုင်နေတယ်ဆိုရင် အဲ့ဒီ အခိုက်အတန့်လေးတွေဟာ အမြဲတစေ ပြည့်ဝတဲ့အခိုက်အတန့်လေးတွေ ဖြစ်နေမှာပဲပေ့ါ

ဒဿနပညာရှင် - အမှန်ပါပဲ .. အခုအချိန်အထိ ငါဟာ "ဘဝရဲ့မုသား" ဆိုတဲ့စကားကို ငါတို့ဆွေးနွေးမှု တလျှောက်လုံးမှာ ထပ်ခါတလဲလဲပြောခဲ့တယ် .. ငါအခု ငါတို့ရဲ့ဆွေးနွေးမှုကို အကြီးမားဆုံး ဘဝရဲ့မုသားတစ်ခု အကြောင်းပြောရင်းနဲ့ နိဂုံးချုပ်ချင်တယ်

လူငယ် - ကောင်းပါပြီ

ဒဿနပညာရှင် - အကြီးမားဆုံးဘဝရဲ့မုသားဆိုတာက ဒီနေရာနဲ့ ဒီအချိန်မှာ မနေထိုင်ခြင်းပါပဲ .. အဲ့ဒါဟာ အတိတ်နဲ့ အနာဂတ်ကို ပြန်ကြည့် မျှော်ကြည့်တာတွေလုပ်ပြီး ဘဝတစ်ခုလုံးအပေါ် ခပ်မှိန်မှိန်အလင်းရှိတဲ့ မီးရောင်ကိုထွန်းညှိထားပြီး တစ်ခုခုကိုမြင်နိုင်စွမ်းရှိလိမ့်မယ်လို့ထင်မှတ်ယုံကြည်နေခြင်းပါပဲ .. အခုလက်ရှိအချိန် မင်းဟာ ဒီနေရာနဲ့ ဒီအချိန်ရဲ့အဝေးကို ထွက်ပြေးနေပြီး အတိတ်တွေနဲ့ အနာဂတ်တွေဆိုတဲ့ အစိတ်အပိုင်းတွေ အပေါ်မှာပဲ အလင်းတွေထွန်းညှိထားနေတာပါ .. မင်းဟာ မင်းဘဝရဲ့ အစားထိုးမရနိုင်တဲ့အခိုက်အတန့်လေးတွေ အပေါ်ကို အကြီးမားဆုံး ဘဝရဲ့မုသားစကားကြီးကို ပြောနေခဲ့တာပါပဲ

လူငယ် - အိုး .. ကောင်းပါပြီ

ဒဿနပညာရှင် - ဒါဟာ ကျွန်တော်လုပ်နိုင်တဲ့ အရာတစ်ခုပါပဲ .. ကျွန်တော်ဟာ ဘဝရဲ့မှသားတွေကို အသုံးမပြုဘဲ ဒီအခိုက်အတန့်လေးတွေတိုင်းမှာ လေးလေးနက်နက်နေထိုင်ဖို့ရာအတွက် လိုအပ်တဲ့သတ္တိ ကျွန်တော့်ဆီမှာရှိတယ်လို့ ခင်ဗျားထင်သလား

ဒဿနပညာရှင် - အတိတ်နဲ့ အနာဂတ်ဆိုတာဟာ တကယ်မရှိတဲ့အရာတွေဖြစ်တာကြောင့် အခု အကြောင်းကိုပဲ ပြောကြရအောင် .. အဲ့ဒါကို ဆုံးဖြတ်ရမှာက မနေ့ကဆုံးဖြတ်ခဲ့ရမှာမဟုတ်သလို မနက်ဖြန်မှဆုံးဖြတ်ရမှာလဲ မဟုတ်ပါဘူး .. ဒီနေရာနဲ့ ဒီအချိန်မှာပဲ ဆုံးဖြတ်ရမှာပါ

**အဓိပ္ပာယ်မဲ့သယောင်ဖြစ်နေတဲ့ဘဝကို အဓိပ္ပာယ်တွေပေးလိုက်ပါ**

---------------------------------------------------------------------

လူငယ် - ခင်ဗျားဘာတွေပြောနေတာလဲ

ဒဿနပညာရှင် - ငါတို့ရဲ့ဆွေးနွေးမှုဟာ အခုဆိုရင် ရေကမ်းစပ်ကိုရောက်နေပြီလို့ ငါထင်တယ် .. ရေကို သောက်မှာလား မသောက်ဘူးလားဆိုတာကတော့ မင်းအပေါ်မှာပဲ လုံးဝမူတည်ပါတယ်

လူငယ် - အား .. အက်ဒလာစိတ်ပညာ .. ခင်ဗျားရဲ့ ဒဿနလည်းဖြစ်ကောင်းဖြစ်ပါလိမ့်မယ် .. အဲ့ဒါက ကျွန်တော့်ကို တကယ်တန်းပြောင်းလဲစေခဲ့ပါတယ် .. ကျွန်တော်ဆုပ်ကိုင်ထားတဲ့ ငါမပြောင်းလဲဘူးဆိုတဲ့ သံန္နိဋ္ဌာန်ကြီးကို ကျွန်တော်ဖြေလျှော့ဖို့ ကြိုးစားနေတာဖြစ်ပါလိမ့်မယ် .. ကျွန်တော် ဘဝနေနည်းအသစ်တစ်ခု၊ ဘဝနေထိုင်မှုပုံစံအသစ်တစ်ခုကို ရွေးချယ်နေတာဖြစ်ပါလိမ့်မယ် .. ဒါပေမယ့် နေပါဦး .. ကျွန်တော်မေးချင်တဲ့ နောက်ဆုံးမေးခွန်းတစ်ခု ကျန်သေးတယ်

ဒဿနပညာရှင် - ဘာများလဲ

လူငယ် - ဘဝကို အခိုက်အတန့်လေးတွေရဲ့အတွဲအဆက်ကြီးအဖြစ် ရှုမြင်လိုက်တဲ့အချိန်မှာ ဒီနေရာနဲ့ ဒီအချိန်ဆိုတာပဲ တည်ရှိနေတာဖြစ်တဲ့အတွက် အဲ့ဒီအခိုက်အတန့်လေးမှာ ဘာအနက်အဓိပ္ပာယ်တွေရှိနေနိုင်မလဲ .. ကျွန်တော်ဘာအတွက်မွေးဖွားလာတာလဲ .. ကျွန်တော့်ဘဝရဲ့နောက်ဆုံးထွက်သက်ကို ရောက်သည်အထိ အခက်အခဲ ဆင်းရဲဒုက္ခတွေကို ကျွန်တော်ကြံ့ကြံ့ခံပြီးနေနေရတာက ဘာအတွက်လဲ .. အဲ့ဒါတွေကို ကျွန်တော် နားမလည်နိုင်သေးဘူး

ဒဿနပညာရှင် - ဘဝရဲ့အဓိပ္ပာယ်က ဘာလဲ .. လူတွေဘာအတွက် ရှင်သန်နေထိုင်နေကြသလဲ .. တစ်ယောက်ယောက်က အဲ့သလို မေးခွန်းတွေ အက်ဒလာကိုမေးတဲ့အချိန်မှာ သူဖြေတဲ့အဖြေက "ယေဘုယျအားဖြင့် ဘဝမှာ အဓိပ္ပာယ်မရှိပါဘူး" ဆိုတဲ့အဖြေပါပဲ

လူငယ် - ဘဝက အဓိပ္ပာယ်မဲ့နေတယ်လား

ဒဿနပညာရှင် - ငါတို့နေထိုင်နေတဲ့ ကမ္ဘာလောကဟာ ကြောက်မက်ဖွယ်ရာဖြစ်ရပ်တွေရဲ့ အဖက်ဖက်က ထိုးနက်တိုက်ခိုက်နေမှုကို တရစပ်ခံနေကြရတယ် .. ငါတို့ဟာ စစ်ရဲ့အနိဋ္ဌာရုံတွေနဲ့ သဘာဝဘေးအန္တရာယ်တွေ ဝန်းပတ်ခံနေရတဲ့ကြားထဲမှာ တည်ရှိနေကြရတယ် .. စစ်ရဲ့ဝရုန်းသုန်းကားဖြစ်ရပ်တွေအကြားမှာ ကလေးတွေ သေဆုံးနေကြရတယ်ဆိုတဲ့အချက်အလက်တွေကို မြင်တွေ့ကြရတဲ့အချိန်မှာ လူတစ်ယောက်ဟာ ဘဝရဲ့ အဓိပ္ပာယ်ဆိုတာအကြောင်းကို ပြောလိုစိတ်ရှိမှာမဟုတ်တော့ဘူး .. တနည်းပြောရရင်တော့ ဘဝဆိုတာရဲ့ အကြောင်းကိုပြောဖို့ရာ ယေဘုယျကောက်ချက်တွေဆွဲကြည့်မယ်ဆိုရင် အဲ့ဒါက ဘာမှအဓိပ္ပာယ်ရှိမှာမဟုတ်ဘူး .. ဒါပေမယ့် အဲ့သလို နားလည်နိုင်ဖွယ်ရာမရှိတဲ့ ဝမ်းနည်းကြေကွဲစရာတွေနဲ့ ကြုံတွေ့ရတဲ့အချိန်မှာ ဘာတုန့်ပြန်မှုမှမလုပ်ဘဲနေတာက အဲ့ဒါတွေကို ထောက်ခံအားပေးနေတယ်ဆိုတဲ့ သဘောကိုသက်ရောက်နေတယ် .. ဘယ်လိုအခြေအနေမှာဖြစ်ဖြစ် ငါတို့ဟာ လုပ်နိုင်တာတစ်ခုခုကို လုပ်ကြရလိမ့်မယ် .. ဒီနေရာမှာ ငါတို့ဟာ ကန့်ပြောခဲ့တဲ့ "အထုံစိတ်" ဆိုတာကို ဆန့်ကျင်ပြီး နေထိုင်ကြဖို့လိုလိမ့်မယ်

လူငယ် - ဟုတ်ကဲ့

ဒဿနပညာရှင် - ဆိုကြပါစို့ လူတစ်ယောက်ဟာ ဆိုးရွားတဲ့ သဘာဝဘေးအန္တရာယ်တစ်ခုနဲ့ ကြုံလိုက်ရတယ် .. အဲ့ဒီအချိန်မှာ သူ့တုန့်ပြန်မှုက အတိတ်ကိုပြန်လှည့်ကြည့်ပြီး အကြောင်းက အကျိုးကိုပြဋ္ဌာန်းတယ်ဆိုတဲ့ အမြင်နဲ့ "ဒါမျိုးတွေဘာအကြောင်းကြောင့်ဖြစ်လာရတာလဲကွာ" ဆိုပြီးပြောလိုက်တယ် .. အဲ့ဒါက ဘာအဓိပ္ပာယ်ရှိလိမ့်မလဲ .. ဘေးဒုက္ခအခက်အခဲတစ်ခုနဲ့ ကြုံတွေ့ရတယ်ဆိုတာဟာ ရှေ့ဆက်သွားပြီး "ဒီဟာအတွက် ဒီအချိန်ကစပြီး ငါဘာဆက် လုပ်လို့ရနိုင်မလဲ" ဆိုပြီးတွေးတောဖို့ အခွင့်အလမ်းတစ်ခု ရတာပါပဲ

လူငယ် - ကျွန်တော်လုံးဝ သဘောတူပါတယ်

ဒဿနပညာရှင် - ပြီးတော့ အက်ဒလာကလည်း "ဘဝကိုယေဘုယျချုံကြည့်ရင် ဘာအဓိပ္ပာယ်မှမရှိဘူး" လို့ပြောခဲ့တယ် .. အဲ့ဒီနောက်မှာ သူကဆက်ပြီး "ဘဝမှာရှိတဲ့ အဓိပ္ပာယ်ဆိုတာတွေက လူတစ်ယောက်ချင်းစီက ကြိုးစားပြီး ထည့်သွင်းတည်ဆောက်ပေးထားရတာ" လို့ပြောခဲ့ပါတယ်

လူငယ် - လူတစ်ယောက်ချင်းစီက ကြိုးစားပြီး ထည့်သွင်းတည်ဆောက်ပေးထားရတာ .. ဟုတ်လား .. အဲ့ဒါက ဘာကိုဆိုလိုတာလဲ

ဒဿနပညာရှင် - စစ်ကြီးအတွင်းမှာငါ့အဖိုးဟာ မီးလောင်ပုံးနဲ့ပစ်တာခံခဲ့ရတယ် .. သူ့မျက်နှာဟာ ဆိုးဆိုးရွားရွား လောင်ကျွမ်းသွားခဲ့တယ် .. ဘယ်နည်းနဲ့ပဲကြည့်ကြည့် အဲ့ဒါက ကြောက်စရာကောင်းပြီး လူမဆန်တဲ့ဖြစ်ရပ်ပဲ .. အဲ့ဒီဖြစ်ရပ်ဟာ သူ့အဖို့ရာမှာတော့ "ကမ္ဘာလောကဟာ ကြောက်စရာကောင်းတဲ့နေရာဖြစ်တယ်" ဒါမှမဟုတ် "လူတွေဟာ ငါ့ရဲ့ရန်သူတွေဖြစ်တယ်" ဆိုတဲ့အမြင်ရှိတဲ့ ဘဝနေထိုင်မှုပုံစံတွေကို ရွေးချယ်ပစ်လိုက်လို့ရတဲ့ အနေအထားမှာ ရှိတဲ့ ဖြစ်ရပ်တစ်ခုပဲပေါ့ .. ဒါပေမယ့် ငါ့အဖိုးဆေးရုံကိုသွားဖို့ရာအတွက် ရထားစီးတဲ့အခါတိုင်း မှာ ခရီးသွားတွေဟာ သူတို့ရဲ့ထိုင်ခုံကို ငါ့အဖိုးအတွက် အမြဲဆိုသလိုပဲဖယ်ပေးကြတယ် .. ဒါဟာ ငါ့အမေဆီ ကနေတဆင့်ငါကြားခဲ့ရတဲ့ အဖြစ်အပျက်တွေပဲ .. ဆိုတော့ အဲ့ဒါဟာ တကယ်တမ်းဘယ်လိုခံစားရသလဲဆိုတာ ကိုတော့ငါမသိပါဘူး .. ဒါပေမယ့် ငါယုံကြည်တာကတော့ ငါ့အဖိုးဟာ "လူတွေဟာ ငါ့ရဲ့ ရဲဘော်ရဲဘက်တွေဖြစ်ပြီး ဘဝဆိုတာဟာ ထူးခြားဆန်းကြယ်တဲ့နေရာတစ်ခုဖြစ်တယ်" ဆိုတဲ့အမြင်ရှိတဲ့ ဘဝနေထိုင်မှုပုံစံကို ရွေးချယ်သွား ခဲ့တယ်ဆိုတဲ့ အချက်ပါပဲ .. အဲ့ဒါဟာ အက်ဒလာပြောခဲ့တဲ့ ဘဝမှာရှိတဲ့ ဘယ်အနက်အဓိပ္ပာယ်မဆို လူတစ်ယောက်ချင်းစီက ကြိုးစားပြီးထည့်သွင်းတည်ဆောက်ယူရတာပါဆိုတဲ့ စကားနဲ့ အတိအကျကို တူနေတာ ပါပဲ .. ဆိုတော့ ဘဝကိုယေဘုယျအားဖြင့်ကြည့်မယ်ဆိုရင်တော့ ဘာအနက်အဓိပ္ပာယ်မှ မရှိပါဘူး .. ဒါပေမယ့် မင်းအနေနဲ့ ဘဝမှာအနက်အဓိပ္ပာယ်တွေရှိလာအောင် ကြိုးစားတည်ဆောက်ယူလို့ရပါတယ် .. ပြီးတော့ မင်းရဲ့ ဘဝကို အနက်အဓိပ္ပာယ်တွေရှိလာအောင် ကြိုးစားတည်ဆောက်ယူဖို့ရာဆိုတာကလည်း မင်းတစ်ယောက်ထဲပဲ တတ်နိုင်တဲ့ ကိစ္စတစ်ခုပါ

လူငယ် - ဆိုတော့ .. ကျွန်တော့်ကို ပြောစမ်းပါ .. အဲ့သလို အနက်အဓိပ္ပာယ်မရှိတဲ့ဘဝကို အနာက်အဓိပ္ပာယ်ရှိ လာအောင် ကျွန်တော်ဘယ်လိုလုပ်ရမလဲ .. ကျွန်တော်အခုအထိ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှု မရှိသေးဘူး

ဒဿနပညာရှင် - မင်းဟာ မင်းဘဝမှာ လမ်းပျောက်နေတာပဲ .. ဘာလို့ မင်း လမ်းပျောက်နေတာလဲ .. ဘာကြောင့်မင်းလမ်းပျောက်နေတာလဲ ပြောရမယ်ဆိုရင် မင်းဟာ လွတ်လပ်မှုကိုရွေးချယ်ဖို့ ကြိုးစားနေလို့ပဲ .. မင်းဟာ အခြားသူတွေရဲ့ဘဝထဲမှာမနေဘဲ အခြားသူတွေရဲ့ မကြိုက်နှစ်သက်ခြင်းခံရတာကို မကြောက်တဲ့ လမ်းကြောင်းတစ်ခုကို ရွေးချယ်ဖို့ မင်းကြိုးစားနေတာကြောင့်ပဲ .. မင်းရဲ့ကိုယ်ပိုင်လမ်းကြောင်းတစ်ခုကို မင်းရွေး ချယ်ဖို့ကြိုးစားနေတာကြောင့်ပဲ

လူငယ် - အမှန်ပါပဲ .. ကျွန်တော် ပျော်ရွှင်မှုကို ရွေးချယ်ချင်တယ် .. လွတ်လပ်မှုကို ရွေးချယ်ချင်တယ်

ဒဿနပညာရှင် - လူတစ်ယောက်ဟာ လွတ်လပ်မှုကိုရွေးချယ်ဖို့ ကြိုးစားနေတဲ့အချိန်မှာ သူလမ်းပျောက်သွား တတ်တာ သဘာဝပါပဲ .. ဒီနေရာမှာ အက်ဒလာစိတ်ပညာက "လမ်းပြကြယ်" ကို လွတ်လပ်မှုရှိတဲ့ဘဝဆီကို ညွှန်ပြမယ့် မဟာသံလိုက်အိမ်မြှောင်တစ်ခုလို့ သတ်မှတ်ထားတယ်

လူငယ် - လမ်းပြကြယ် .. ဟုတ်လား

ဒဿနပညာရှင် - ခရီးသွားသူတွေ ဓူဝံကြယ်ကိုကြည့်ပြီး ခရီးသွားကြသလိုပေါ့ .. ငါတို့ဘဝမှာလည်း လမ်းပြကြယ် လိုအပ်တယ် .. ဒါက အက်ဒလာစိတ်ပညာရဲ့ စဉ်းစားပုံစဉ်းစားနည်းတစ်ရပ်ပေါ့ .. အဲ့ဒါဟာ တန်ဖိုးကြီးမားတဲ့ အတွေးအမြင်တစ်ရပ်ဖြစ်ပြီး သူ့ဆိုလိုရင်းက အဲ့ဒီ သံလိုက်အိမ်မြှောင်ကို မျက်ခြေပြတ်မသွားဘဲ ရှေ့ဆက်လျှောက်နေသမျှကာလပတ်လုံး ပျော်ရွှင်မှုက ရှိနေမှာပါပဲ .. တဲ့

လူငယ် - အဲ့ဒီကြယ်က ဘယ်မှာလဲ

ဒဿနပညာရှင် - အဲ့ဒါက အခြားသူတွေရဲ့အကျိုးကို ထမ်းရွက်ခြင်းပဲ

လူငယ် - ဟမ် .. အခြားသူတွေရဲ့အကျိုးကို ထမ်းရွက်ခြင်း ဟုတ်လား

ဒဿနပညာရှင် - ဘယ်လိုအခိုက်အတန့်တွေမှာ မင်းနေထိုင်နေသည်ဖြစ်စေ ဒါမှမဟုတ် မင်းကိုမကြိုက်တဲ့ လူတွေ ရှိနေသည်ဖြစ်စေ .. "ငါဟာ အခြားသူတွေရဲ့အကျိုးကို ထမ်းရွက်နေတယ်" ဆိုတဲ့ လမ်းပြကြယ်ကို မျက်ခြေမပြတ်သမျှ ကာလပတ်လုံး မင်းလမ်းပျောက်သွားမှာ မဟုတ်ပါဘူး .. ပြီးတော့ အဲ့ဒီလမ်းပြကြယ်ကို မြင်နေသမျှ ကာလပတ်လုံး မင်းကြိုက်တာကို မင်းလုပ်နိုင်ပါတယ် .. အဲ့သလိုလုပ်လို့ လူတွေမင်းကိုမကြိုက်ချင်နေပါစေ .. အဲ့ဒါကိုစိတ်ထဲမထားဘဲ လွတ်လွတ်လပ်လပ် ရှင်သန်နေထိုင်ပါ

လူငယ် - အခြားသူတွေရဲ့အကျိုးကို ရွက်ဆောင်မယ်ဆိုတဲ့ ကြယ်လေး ကျွန်တော့်အထက်ကောင်းကင်မှာ ထွန်းလင်းနေရင်ကျွန်တော်ဟာအမြဲပျော်ရွှင်နေပြီး ကျွန်တော့်ဘေးမှာလည်း ရဲဘော်ရဲဘက်တွေအမြဲ ရှိနေမှာပေါ့

ဒဿနပညာရှင် - အဲ့ဒီနောက်မှာ ဒီနေရာနဲ့ ဒီအချိန်ဆိုတဲ့ အခိုက်အတန့်တိုင်းမှာ မင်းရဲ့ကကြိုးကကွက်တွေကို လေးလေးနက်နက် ပြည့်ပြည့်ဝဝကခုန်နေပါ .. ပြီးတော့ ဘဝကိုလေးလေးနက်နက် ရှင်သန်နေထိုင်ပါ .. အတိတ်ကို ပြန်မကြည့်ပါနဲ့ .. အနာဂတ်ကိုမျှော်မကြည့်ပါနဲ့ .. မင်းရဲ့ပြီးပြည့်စုံတဲ့အခိုက်အတန့်လေးတွေကို ကခုန်မြူးတူးရင်းဖြတ်သန်းပါ .. ဘယ်သူနဲ့မှ ယှဉ်ပြိုင်နေစရာမလိုပါဘူး .. ဘယ်နေရာကိုရောက်ဖို့မှ မှန်းမျှော်နေစရာမလိုပါဘူး .. မင်းကခုန်နေသမျှကာလပတ်လုံး မင်းတစ်နေရာရာကို ရောက်မှာပါ

လူငယ် - တခြားဘယ်သူမှမသိတဲ့ "နေရာ" တစ်ခုပေါ့

ဒဿနပညာရှင် - ဒါဟာ ဖြစ်စဉ်ပဓာနဘဝရဲ့ သဘာဝတစ်ရပ်ပဲ .. ငါ့ဘဝကို အခုလက်ရှိအချိန်ရောက်တဲ့အထိ ငါပြန်ကြည့်ကြည့်ခဲ့ရင် ငါဘယ်လောက်ပဲကြိုးစား ကြိုးစား ငါဘာကြောင့် ဒီနေရာနဲ့ဒီအချိန်မှာ ရှိနေသလဲဆိုတဲ့ မေးခွန်းကို ကျေနပ်လောက်ဖွယ်ရာကောင်းတဲ့ ရှင်းပြချက်အထိ ရောက်အောင်မတွေးတောနိုင်ခဲ့ဖူးဘူး .. တစ်ချိန်တုန်းက ဂရိဒဿနပညာဟာ ငါအထူးပြုလေ့လာတဲ့ လေ့လာချက်တစ်ရပ်ဖြစ်ခဲ့ပေမယ့် မကြာခင်မှာပဲ

ငါဟာ အက်ဒလာစိတ်ပညာကို ဆက်တိုက်လေ့လာခဲ့ပြီး ဒီနေ့ဒီအချိန်မှာတော့ ငါ့ရဲ့အစားထိုးလို့မရနိုင်တဲ့ မိတ်ဆွေတစ်ယောက်ဖြစ်တဲ့ မင်းနဲ့ အဲ့ဒီအကြောင်းတွေကို ရှည်ရှည်လျားလျားဆွေးနွေးဖြစ်ခဲ့တယ် .. အဲ့ဒါက အခိုက်အတန့်လေးတွေမှာ ကခုန်မြူးတူးခဲ့တဲ့ ရလဒ်တစ်ခုပဲ .. ငါရှင်းပြနိုင်တာကတော့ အဲ့ဒီလောက်ပဲ .. မင်း အနေနဲ့လည်း ဒီနေရာနဲ့ ဒီအချိန်လေးတွေမှာ လေးလေးနက်နက် ပြည့်ပြည့်ဝဝနဲ့ ကခုန်မြူးတူးနိုင်ခဲ့ရင် အဲ့ဒါဟာ မင်းရဲ့ဘဝအဓိပ္ပာယ်ဟာ တဖြည်းဖြည်းရှင်းလင်းလာတော့မယ့် အချိန်ကို ရောက်လာတာပဲ

လူငယ် - ဟုတ်ပါလိမ့်မယ် .. ကျွန်တော် .. ကျွန်တော် .. ခင်ဗျားကိုယုံပါတယ်

ဒဿနပညာရှင် - အင်း .. ကျေးဇူးပြုပြီး ယုံကြည်ပေးပါ .. အက်ဒလာရဲ့ အတွေးအမြင်တွေနဲ့ နေထိုင်ခဲ့တဲ့ ငါ့ရဲ့ နှစ်တွေမှာ ငါ သတိပြုမိခဲ့တာ တစ်ခုရှိတယ်

လူငယ် - အဲ့ဒါက ဘာများလဲ

ဒဿနပညာရှင် - အဲ့ဒါကတော့ လူတစ်ယောက်ရဲ့ စွမ်းပကားဟာ ကြီးမားတယ် .. ဒါမှမဟုတ် ပြောရမယ်ဆိုရင် "ငါ့ရဲ့စွမ်းပကားဟာ တိုင်းတာလို့မရနိုင်လောက်အောင် ကြီးမားတယ်" ဆိုတဲ့အချက်ပဲ

လူငယ် - ခင်ဗျား ဘာကိုဆိုလိုတာလဲ

ဒဿနပညာရှင် - ကောင်းပြီ .. နောက်တစ်နည်းနဲ့ ပြောရမယ်ဆိုရင် တကယ်လို့ "ငါ" ပြောင်းလဲခဲ့ရင် ကမ္ဘာ လောကဟာလည်း ပြောင်းလဲသွားလိမ့်မယ် .. ဆိုလိုတာက ကမ္ဘာလောကဟာ ငါ့ကြောင့်ပဲ ပြောင်းလဲရမှာ ဖြစ်ပြီး ငါ့ရဲ့ကမ္ဘာလောကကို အခြားဘယ်သူကမှ ငါ့အတွက်ပြောင်းလဲမပေးနိုင်ဘူး .. အက်ဒလာစိတ်ပညာကို ငါ စပြီး သင်ယူလေ့လာခဲ့ကတည်းက ကမ္ဘာလောကဟာ အရင်ကငါသိခဲ့တဲ့ကမ္ဘာလောက လုံးဝမဟုတ်တော့ဘူး ဖြစ်သွားတယ်

လူငယ် - ကျွန်တော်ပြောင်းလဲရင် ကမ္ဘာလောကလည်း ပြောင်းလဲသွားမယ်လား .. ကျွန်တော့်ရဲ့ကမ္ဘာလောကကို အခြားဘယ်သူကမှ ကျွန်တော့်အတွက် ပြောင်းလဲမပေးနိုင်ဘူး ..........

ဒဿနပညာရှင် - အဲ့ဒါကဘာနဲ့တူသလဲဆိုတော့ တလျှောက်လုံးမျက်စိမှုံနေခဲ့တဲ့သူတစ်ယောက် ပထမဆုံး အကြိမ်အဖြစ် မျက်မှန်တပ်ပြီး ကမ္ဘာလောကကိုကြည့်မြင်လိုက်တာနဲ့ တူတယ် .. အရင်ကမှုံဝါးဝါးသာမြင်ခဲ့ရတဲ့ မလှမ်းမကမ်းက အရာတွေဟာ ကြည်လင်ပြတ်သားလာတယ် .. အရောင်အသွေးတွေဟာလည်း ပိုပြီး ရွှန်းစို တောက်ပလာတယ် .. ဒါ့အပြင် သူ့အမြင်အာရုံတစ်ခုတည်းပဲ ကြည်လင်ပြတ်သားလာတာ မဟုတ်ဘဲ သူဟာ ကမ္ဘာလောကတစ်ခုလုံးကိုပါ မြင်နိုင်စွမ်းရှိလာတယ် .. မင်းသာအဲ့ဒီအတွေ့အကြုံကို ခံစားရရင် မင်းဘယ်လောက်ပျော်ရွှင်သွားမလဲဆိုတာကို ငါ စိတ်ကူးကြည့်လို့ပဲ ရနိုင်လိမ့်မယ်

လူငယ် - အား .. ကျွန်တော်သိမြင်သွားပြီဆိုရင်ပေါ့ .. ကျွန်တော်ဒီအသိကို လွန်ခဲ့တဲ့ဆယ်နှစ်လောက်က ရခဲ့ရမှာ .. ဒါမှမဟုတ် လွန်ခဲ့တဲ့ငါးနှစ်လောက်ကပေါ့ .. ကျွန်တော်အလုပ်မဝင်ခင်အချိန်က ဒီအသိကို ရထားခဲ့ရင် သိပ်ကောင်းမှာပဲ

ဒဿနပညာရှင် - မဟုတ်ဘူး .. အဲ့ဒါက လုံးဝပြဿနာမရှိဘူး .. မင်းဒီအသိကို လွန်ခဲ့တဲ့ဆယ်နှစ်လောက်က ရခဲ့သင့်တာလို့ မင်းပြောခဲ့တယ်နော် .. အဲ့ဒါက ဘာကြောင့်လဲဆိုတော့ မင်းအခုစဉ်းစားတွေတောနေတဲ့အချိန်မှာ အက်ဒလာရဲ့ အတွေးအမြင်တွေဟာ မင်းရဲ့အတွင်းမှာ ပဲ့တင်ထပ်နေတာကြောင့်ပဲ .. လွန်ခဲ့တဲ့ဆယ်နှစ်လောက်တုန်းက မင်းဘယ်လိုခံစားနေခဲ့ရမလဲဆိုတာကို ဘယ်သူမှမသိပါဘူး .. ဒီဆွေးနွေးချက်ဟာ မင်းဒီအချိန်မှာ ကြားသင့်တဲ့ တစ်ခုခုပါပဲ

လူငယ် - ဟုတ်ကဲ့ .. အဲ့သလိုဖြစ်နေခဲ့တာ သေချာပါတယ်

ဒဿနပညာရှင် - နောက်တစ်ကြိမ်ထပ်ပြီးတော့ အက်ဒလာရဲ့စကားကို ငါထပ်ပြောပြချင်ပါသေးတယ် .. "ကိုယ်ကစတင်ပြီးလုပ်ရမယ် .. အခြားသူတွေပူးပေါင်းပါဝင်မှု မပြုကြရင်တောင်မှ သူတို့ရဲ့မပါဝင်မှုဟာ မင်းနဲ့မဆိုင်ပါဘူး .. ငါအကြံပေးချင်တာကတော့ မင်းက စလုပ်ပါ .. အခြားသူတွေပူးပေါင်းပါဝင်ကြသည်ဖြစ်စေ မပါဝင်ကြသည်ဖြစ်စေပေါ့"

လူငယ် - ပြောင်းလဲသွားတာက ကျွန်တော်လား .. ဒါမှမဟုတ် ကျွန်တော်ဒီကောင်းမွန်တဲ့ရှုထောင့်ကနေကြည့်လို့သာ ကမ္ဘာလောကက ပြောင်းလဲသွားတာလားဆိုတာ ကျွန်တော်အခု မပြောနိုင်သေးဘူး .. ဒါပေမယ့် ကျွန်တော်ခိုင်ခိုင်မာမာပြောနိုင်တာတစ်ခုကတော့ ဒီနေရာနဲ့ဒီအချိန်ဟာ အခု တောက်တောက်ပပကြီးကို ထွန်းလင်းနေပြီ .. ဟုတ်တယ် .. မနက်ဖြန်က ဘာကိစ္စကိုမှ ကျွန်တော်မမြင်နိုင်လောက်အောင်အထိ အဲ့ဒါက ထွန်းလင်းတောက်ပနေပါပြီ

ဒဿနပညာရှင် - မင်း ရေကိုသောက်လိုက်ပြီလို့ ငါယုံကြည်ပါတယ် .. ဆိုတော့ မိတ်ဆွေလေးရေ ရှေ့ဆက်လျှောက်ပါတော့ .. ငါတို့ အတူတကွလျှောက်ကြမလား

လူငယ် - ကျွန်တော်လည်း ခင်ဗျားကိုယုံကြည်ပါပြီ .. ဟုတ်ကဲ့ အတူလျှောက်ကြရအောင်ပါ .. ပြီးတော့ စိတ်ရှည်လက်ရှည်ဆွေးနွေးပေးခဲ့တဲ့ ခင်ဗျားရဲ့အချိန်တွေအားလုံးအတွက် ကျေးဇူးတင်ပါတယ်

ဒဿနပညာရှင် - မင်းကိုလည်း ကျေးဇူးတင်ပါတယ်

လူငယ် - တစ်ချိန်ချိန်မှာ ကျွန်တော်ခင်ဗျားဆီ နောက်တစ်ကြိမ်လာလည်ခဲ့ရင် ခင်ဗျားစိတ်မရှိဘူးလို့ ကျွန်တော် ထင်ပါတယ် .. ဟုတ်တယ် .. အစားထိုးမရတဲ့ မိတ်ဆွေတစ်ယောက်အဖြစ်ပေါ့ .. ပြီးတော့ ခင်ဗျားအယူအဆ တွေကိုစွန့်လွှတ်လိုက်ဖို့လည်း ကျွန်တော်နောက်ထပ်ပြောတော့မှာ မဟုတ်ပါဘူး

ဒဿနပညာရှင် - ဟားဟား .. နောက်ဆုံးမှာတော့ မင်း လူငယ်တစ်ယောက်ရဲ့အပြုံးကို ငါ့ကိုပြခဲ့ပြီပဲ .. ကောင်းပြီ .. အချိန်လည်းညောင်းသွားပြီဆိုတော့ ငါတို့ရဲ့ညတွေ ကုန်လွန်ပါစေတော့ .. ပြီးတော့ ငါတို့ရဲ့ နံနက်ခင်းအသစ်ကို နှုတ်ဆက်လိုက်ကြရအောင်

+++

*လူငယ်ဟာ သူ့ဖိနပ်ကြိုးကို အေးအေးဆေးဆေးချည်ပြီး ဒဿနပညာရှင်ရဲ့အိမ်ကနေ ထွက်ခွာသွားပါတယ်။ သူတံခါးကိုဖွင့်လိုက်တဲ့အချိန်မှာ သူ့ရှေ့မှာနှင်းတွေကျနေတာကို သူတွေ့လိုက်ရပါတယ်။ နှင်းမြူတွေအကြား ကနေ လပြည့်ဝန်းကြီးကလည်း သာနေပါတယ်။ လရောင်တွေက သူ့ရှေ့မှာ ဖြာဆင်းကျပြီး ထွန်းလင်းတောက်ပ နေပါတယ်။ ဘယ်လောက်လတ်ဆတ်တဲ့လေလဲ။ ဘယ်လောက်တောက်ပတဲ့အလင်းလဲ။ ငါဒီလတ်ဆတ်တဲ့ နှင်းတွေကိုနင်းပြီး ငါ့ပထမဆုံးခြေလှမ်းကို စတင်ရမယ်။ လူငယ်ဟာ အသက်ကိုနက်နက်ရှိုင်းရှိုင်းရှူသွင်းလိုက် ပါတယ်။ သူ့မျက်နှာကို အသာအယာပွတ်လိုက်ပြီး ဒီစကားတွေကို လေးလေးနက်နက်ကြီး ရေရွတ်လိုက်ပါတယ် ..*

"ကမ္ဘာလောကဟာ ရိုးရှင်းတယ် .. ဘဝဟာလည်းပဲ ရိုးရှင်းပါတယ်"

The Courage to be Disliked

Ichiro Kishimi

Fumitake Koga

**စာရေးသူတို့အကြောင်း**

------------------------

**အိချီရို ကီရှီမီ** ကို ကျိုတိုမြို့မှာမွေးဖွားခဲ့ပါတယ်။ လက်ရှိလည်း အဲ့ဒီမှာပဲ သူနေထိုင်နေပါတယ်။ သူဟာ အက်ဒလာစိတ်ပညာအကြောင်း စာရေးသားတာတွေနဲ့ သင်ကြားပို့ချတာတွေကို လုပ်နေပြီး စိတ်ရောဂါကုခန်း တွေမှာလည်း လူငယ်တွေကို ဆွေးနွေးမှုတွေပြုလုပ်ပေးနေပါတယ်။ သူဟာ ဂျပန်နိုင်ငံဆိုင်ရာ အက်ဒလာ စိတ်ပညာအဖွဲ့အစည်းရဲ့ လက်မှတ်ရ ဆွေးနွေးသူနဲ့ အတိုင်ပင်ခံတစ်ဦးဖြစ်ပါတယ်။ အဲ့ဖရက်အက်ဒလာ ရေးသားခဲ့တဲ့ "ဘဝနေထိုင်မှုသိပ္ပံပညာနှင့် နူရိုးဆစ်ပြဿနာများ" ဆိုတဲ့လက်ရွေးစင်စာစုတွေကိုလည်း သူဟာ

ဂျပန်ဘာသာကို ပြန်ဆိုခဲ့ပါတယ်။ "အက်ဒလာစိတ်ပညာနိဒါန်း" ဆိုတဲ့စာအုပ်အပါအဝင် အခြားစာအုပ်အများအပြားကို ရေးသားခဲ့သူဖြစ်ပါတယ်။

**ဖူမီတာကီ ကိုဂါ** ဟာ ဆုတံဆိပ်ရ ကျွမ်းကျင်စာရေးသူနဲ့ စာရေးဆရာတစ်ဦးဖြစ်ပါတယ်။ သူဟာ အရောင်းရဆုံးစာရင်းဝင်ဖြစ်တဲ့ စီးပွားရေးနဲ့ ဆက်နွယ်တဲ့စာအုပ်တွေနဲ့ အထွေထွေသုတစာအုပ် အမျိုးမျိုးကို ထုတ်ဝေထားပါတယ်။ သူဟာ သူ့ရဲ့ အသက်နှစ်ဆယ်နှောင်းပိုင်းကာလတွေမှာ အက်ဒလာစိတ်ပညာနဲ့ စတင်ထိတွေ့မိခဲ့ပြီး သူ့ရဲ့ရှိနှင့်ပြီးတဲ့ အတွေးအမြင်တွေအပေါ်မှာ အဲ့ဒါက နက်နက်နဲနဲကို သက်ရောက်လွှမ်းမိုးမှု ရှိသွားခဲ့ပါတယ်။ အဲ့ဒီနောက် မှာ ကိုဂါဟာ ကျိုတိုမှာနေတဲ့ အိချိရို ကီရှိမီဆီကို အခေါက်ခေါက်အခါခါ သွားခဲ့ပြီး အက်ဒလာစိတ်ပညာရဲ့ အနှစ်သာရတွေကို သူ့ဆီကနေနိုက်ထုတ်လေ့လာခဲ့ပါတယ်။ အဲ့သလိုလေ့လာပြီးတဲ့နောက်မှာ ဂရိဒဿနပညာရှင်တွေရဲ့ အပြန်အလှန်စကားပြောပုံကို မှတ်စုထုတ်ယူလေ့လာပြီး ဒီစာအုပ်ကို အဲ့သလို စကားအပြန်အလှန်ပြောဆိုတွေးနွေးတဲ့ပုံစံနဲ့ ရေးသားခဲ့ပါတယ်။